မိုးသောက်ရောင်နီ

# ရခိုင်ကဗျာများ

## (Light In The Sky)

June 28, 2006

## သူရို့ကြောင့်

ရခိုင်သမ
ကျသည့်မျက်ရည်
မြစ်ပင်လယ်သို့ မိုးရီသို့ --။

မောင်ပေါက်
(ရခိုင်ပြည်)

## အံကြိတ်သံ

မိုးကောင်းတုန်းခါ
ရွာရာရွာ။

(ဝရင်းတုတ်)

## မိုးရိပ်

မိုးရိပ်
တလိပ်လိပ် တက်လာ
ကြိုးလို့ရွာ --။

မိုးရိပ်
(ဗျာဒိတ်မြို)

## ပန္နက်

တိုက်ဆင်
စစ်ဆင်ဖို့ နောက်ဆုတ် --။

မုန်တိုင်းကြိမ်းဖို့
တိမ်းနီရေ --။

ဟိန်းလည်းဟိန်း
ကြိမ်းလည်းကြိမ်းဝါး
တနိုသောအခါ --။

(မိုးရိပ်)

## ဝဋ္ဋ

မချစ်သော်လည်း
ပေါင်းဖော်ရသည်
အိမ်ကပြီးစပ်ပါသောကြောင့်။

(မောင်မှန်)

## သန့်စင်ခြင်း

ရွှေဆိုစွာ
မကျင်ခင်အမှိုက်
ကျင်လိုက်မှ ရွှေဖြစ် --။

(ရွှေရခိုင်)
(July 16, 2005) စနီနီ။

## ကံ

မတရစ်ကဲ့
ခစ်လိမ့်မည် --။

(ဝရင်းတုတ်)
(June 30, 2005)

## ဝကန်

ရကော ချိုကျူး
မရကော ချလူး --။

(ဝရင်းတုတ်)
(June 26, 2005)

# ဝကန် (၂)

စွတ်ကောထ
သွိကောထိုင် --။

ကြမ်းပိုးကို
ဖျစ်လည်းဖျစ်
နမ်းလည်းနမ်း။

မုနိမြေအမှတ် (၅)

# ထထောင်

'ဝ' မဟိဘဲ
'ဝိ' လုပ်ချင်လျှင်
သင်သည် 'ထထောင်' ဖြစ်လိမ့်တကား --။

(ဝရင်းတုတ်)

# ခွန်အား

ဝါးတုတ် (နှင့်) နပျိုးပင်
နပျိုးပင် (နှင့်) ဝါးတုတ် --။

(သာလှဦး)

## အစ (နှင့်) အဆုံး

အစမှာ တက်ကြွ
အဆုံးမှ ကြွတက် --။

(သာလှဦး)

## အဘာအဘာ ထထ

တပျင်းအိပ်လို့
တရှီးနိုးလာ
မိုးလင်းယာ --။

(သာလှဦး)

## ၄က်က၃

၈ဟဇာ - ထ - ခါ
၃က္က၄
၈ဟဇာ - ကျ - ခါ
၄က္က၃

(ဝရင်းတုတ်)
(July 1, 2005)

## ရခိုင်သားကျွန်

ရခိုင်သားကျွန်
ကုလားကို အနိုင်ခံ
မြန်မာကျ ဖင်ခံ --။

(ရွှေရခိုင်)

## အတ္တပဂျင်း ပက်ကျိများ

ကုလားကိုလည်း အောက်ကျ
ဘုမားဆိုလည်း ယောက်ဖ --။

(ရွှေရခိုင်)

## ကြက်

ငှက်ဖြစ်ပါလျှက်
မပျံတတ်သော်
သင့်ကိုသူများ စားလိမ့်မည် --။

(သာလှဦး)

## ဘုရားဝမ်းပူ

လူကိုမြင်လျှင်
သားကောင်ထင်သည်
အကြင် ဘုရားဝမ်းပူများ --။

(သာလှဦး)

## ခွီးပုတ်

ပတုန်းလှုပ်ကာ
ကုတ်ရှုတ်လာသည်
အစာငတ်မွတ် အရိကျွတ် --။

(သာလှဦး)

## သသ်ရာ

လူ့မစင်
ဝက်အစာ ---။

(သာလှဦး)

## ခွေးပတုန်း

စွပ်လိုက်က ဖြောင့်ဖြောင့်
ချွတ်လိုက်က ကောက်ကောက် --။

(သာလှဦး)

## တော်လှန်ယင်းကျွန်ဖြစ်သူများ

ငုတ်ယင်းပေါ်
ပေါ်ယင်းငုတ် --။

မြုတ်ယင်းလျှော်
လျှော်ယင်းမြုတ်
စင်းပြုတ်ပြုတ် --။

(သာလှဦး)

## ဗခိုး (နှင့်) ယခိုး

ဗခိုး ယခိုး
လုံးထွေးထွေး --။

ဗခိုး အီးပါ

ယခ်ီးနာ --။

ဗခ်ျီး အီးပေါက်
ယခ်ီးကြောက် --။

(ကျောက်သင်ပုန်း)

## ယခ်ီး

ရခိုင်စင်စစ်
ယခ်ီးဖြစ်သည်
အနှစ်နှစ်ရာ ကျွန်သက်ကြောင့် --။

ယခ်ီးပျော်ပါး
ဝအောင်စားသည်
ဝမ်းကားဖူးရောင်လာသောကြောင့် --။

(မောင်ပေါက်)
(06/12/2004)

## အိပ်စက်ခြင်းမှ နိုးထကြလော့

ရခိုင်သားများ၊ အိပ်စက်ခြင်းမှ
နိုးထကြလော့ --။

ရွာဦးကျောင်းက၊ ခတက်ခေါက်လို့
ဖင်ကိုနီတောင်ထိုးနီဗျာယ် --။

အဂုထက်ထိ၊ မနိုးသိမ့်လား
ဝက်သားအဆီ၊ ယစ်နီသိမ့်လာ --။

ဝမ်းကြင့်နီလား
သူဌေးသားမောင်မင်း --။

ဝမ်းချေပူပူ၊ သူသည်
လူလား နတ်လား?

(ဝရင်းတုတ်)
(June 24, 2005)

## ရခိုင်သမ

ရခိုင်သမ
အလှပမှာ
မိဘဥစ္စာ
ကြွယ်ဝပါလည်း
ပညာရတနာ
ပြည့်ဝပါလည်း
ဇာတိနာကျ
ဖျောက်မရ --။

(သာလှဦး)

## ရခိုင်သား

ရခိုင်သား
ရင်ဖတ်ကားကား
အားကောင်းမောင်းသန်
လက်ဖံလက်မောင်း
သံမဏိချောင်း --။

ရခိုင်သား
မျိုးမာန်ဝင့်ကြွား
ကျားကျားယားယား
ထင်ရှားဇမ္ဗူ
နိုင်းတူမဟိ --။

(ရခိုင်ကြီးကွ)

မြှောက်ပင့်စကား၊ နားမလည်မငြား
ရခိုင်သားမှာ၊ ရပ်စောက်ရပ်လျှက်
မာနတက်သော် --။

နဖူးကျည်သင့်၊ ဝမ်းအူပွင့်၍
လွင့်ကျအကောင်၊ ဖက်ဖူးရောင်သည်
ဒူးထောင်ပက်လက် ဂွန်းထိုးတည်း --။

(သာလှဦး)

## နေမဝင်အင်ပါယာကြီးပြိုကွဲခြင်း

နေဝင်းဟာ
နေဝင်သွားပြီမို့
သာထုဘဲခေါ်လိုက်ကြပေတော့
အရပ်ကတို့ရယ် --။

(မောင်ပေါက်)
မှတ်ချက်။ ။ မြန်မာကဗျာ

## ကမ္ဘာမကျေ

ကမ္ဘာမကျေ
မသာမြေ
သူခိုးတွေနေ --။

ပြည်ကျွန်ပြု- ကို အသက်ပေးလို့
တို့ကာကွယ်မယ် --။

မီးလောင်မြေ
အကျည်းတန်နေ --။

အီးပေါက်တာနဲ့
ကွဲကြေနိုင်တဲ့

မုန့်လပွေ --။

အသက်ပေး - မရရင်
နှမပေး - လိုက်လေ --။

အနူထဲက လူချောလေးတွေ
သိပ်တော်ပါတယ် --။

မှတ်ချက်။ ။ မြန်မာကဗျာ

## (ငါး-ကျား-ဖား) အကြောင်း

ငါးသည် -
ကုန်းတွင် မရှင် --။

ကျားသည် -
ရေတွင် မဖမ်း --။

ဖားသည် -
ကုန်းတွင် - ခြသေ့်
ရေတွင် - လိပ် --။

(ဝရင်းတုတ်)
(July 7, 2005) - ကြာသားပတီးနိ။

## စိတ်လယ်နီသော ဖားတကောင်

ဖားတကောင်သည်
တိမ်တောင်ထဲမှာ၊ ပျံနေပါသော
လိပ်ပြာဇာတိ၊ သူမသိချေ
ပန်းရိမည်လား၊ မစိုင်းစားချေ
တွေးများပေါင်းစုံ၊ သူ့အာရုံဝယ်
ပုံပန်းမကျ၊ ရုပ်မလှဟု
စိတ်ကဝေဖန် နေသတည်း --။

ခိုင်စိုး (စစ်တွေ)
(09/05/06)

## ဖားအတွေး

တွင်းချောက
ဖားသူငယ်မှာ
မြင်သည်မှာ --။

ဤမိုးအာကာ
ကျယ်ပါလီ၏
ငါ့တွင်းဝနန့်
အရှိရှိ --။

(သာလှဦး)

## ခေတ်သစ်ရာဇဝင်

ပြောခါကေ ညီညွတ်ရေး
လုပ်ခါကေ ပြိုကွဲ။

(ဝရင်းတုတ်)
(July 5, 2005) -အ်ဂါနိ။

## စေတနာကောင်း ယောက်ခမန္တား အလကားကျောင်း

ကျောင်းသားတော့ ကျောင်းသား
ဘွဲ့တလုံးပါလာစွာက
(နွား) ကျောင်းသား --။

(သာလှဦး)

## မြက်ခြောက်မီး

ကောက်ရိုးမီးတောင်
တောက်သိယင့် --။

အဂုစွာက
မြက်ခြောက်မီး --။

မီးကမထွက်
မီးခိုးထွက် --။

(မောင်မှန်)

## သင်းဂြိုဟ်ခြင်း

လေးဟပ်စပ်
ပျိုင်ချပ်တေတ္တာနန့်
ပိတ်ဟပ်ချုပ်
ငါ့ကို မြီမြှုတ်လိုက်ကတ်တေ --။

ကျော်ဝင်းချေ (ချောင်းသာကြီး)
(07/07/2000)

## သူခိုး

သူခိုးဖမ်းပါ
လမ်းကြားမှာလား
ပန်ကာအောက်တွင် ထိုင်နီသည် --။

(မြန်မာစာဆိုတဦး)

## ခုလာ ခုလား

သူခိုးသူခိုး
လုံနန့်ထိုး
သူခိုးချီးပေါက်
ငါမကြောက် --။

(ဂိုးချေ)

## အမိုးနန့်သူခိုး

သူခိုးတိက
အစိုးရ
အမိုးဘဝမသက်သာ --။

အမိုးခွက်ကို
သူခိုးခိုးသောအခါ --။

အမိုးမှာ
မျက်စိမမြင်ပါ --။

ခွက်ပျောက်လို့
လိုက်လို့ရှာ --။

(သာလှဦး)
(11/12/2004)

## စနစ်ဆိုး

အနံ့မဟိရေပန်း
ဆက်ပြီးနမ်းကေ
နမ်းလူအပြစ်လား
ပန်းအပြစ်လား --။

(ဂိုးချေ)

## ရခိုင်သူရဲကောင်းများ

မိုးပွဲမှ လယ်ထွန်
သူခိုးပြန်မှ ကျင်ကွင်းပြ
ခြင်ထောင်ထဲက လက်သီးဆုတ်
ကျားကိုမြင် ပတုန်းကုတ် --။

မောင်ပေါက်
(ရခိုင်ပြည်)

## ရခိုင်ပြည်တွင်ပြုလုပ်သည်

သမိုင်းကို ပြန်ရှီးဖို့အစား
သမိုင်းကို ဖန်တီးကတ်မည် --။

(ရွှေရခိုင်)

## (၁၀၁) လတ္တံ့

အယင်လာပါ
ယောက်ဖခေါ်သည်
မပေါ်ဖပျောက်
သူလျှောက်သားလည်း များလတ္တံ့ --။

ကုလားကြောက်လို့
မြန်မာကိုး
မြန်မာလမိုး
ရခိုင်ရိုကျိုး ကြိုးလတ္တံ့ --။

## သံဝေဂ

လမ်းဖောက်သူ

ကြိမ်စူးလည်းစူး
သွီးလူးလူး --။

လမ်းလျှောက်သူ
ဘုရားလည်းဖူး
လိပ်ဥတူး --။

(သာလှဦး)

## မျောက်ကြီး (နှင့်) ရှောက်သီး

အသီးစားချင်
အပင်ကို ရီမလောင်း
မျောက်ကြီး ဖင်ဟောင်းလောင်း --။

(သာလှဦး)

## ဂြာအိုကျ

ဝါးတုတ်လည်းချိုး
သွားငုတ်ကျိုး
အဖိုးအရုပ်ဆိုး --။

(သံဝေဂ)

## ဝက်ခြံ

ပြည်ထောင်စု- ဟု
သမုဒယ သစ္စာ
ထရံကာလျှက်
ပြည်တန်းဆာမ ဝက်ခြံထဲမှာ
ငါမနီလို
ဝက်ဆိုနီကတ် ပျော်လီကတ် --။

(ကောင်းစံရွှီ)

## စောင်းကန်း

အိုးကိုကြည့်လို့
ခွက်ကိုမြင် --။

ကြမ်းပိုးကိုပင်
လိပ်ယောင်ထင် --။

မာဒြာမစင်
ခဲဝါမျက်လုံး --။

သာလှဦး
(11/06/2006)

## ဒေလူ ခေသူမဟုတ်

ရခိုင်သားမှာ
သစ်ပင်ကို ရှင်ခါမလောင်း
သီခါမှ ရီလောင်း။

အရွက်ကိုဖျင်
အပင်ကိုခွတ်
အခက်ကိုချိုး
အရိုးကိုခြွီ
(သီခါမှ)
ရီလောင်းဖို့တတ်တေ --။

ဒေလူ ခေသူမဟုတ်
သူရဲကောင်း သူရဲကောင်း
ရီလောင်း ရီလောင်း
ရီလောင်းကတတ် ရခိုင်သားရို့ --။

(မောင်ပေါက်)

## ရခိုင်သားနာရီ

ဒီဗွီဘီမှာ တပတ်မှာ (၁၅) မိနီ
ဗမာပြည်မှာ (ဗိုလ်ရှုပ်ကြီးများသတင်း)
တရက်မှာ မိနီ (၃၀)
ဘင်္ဂလားမှာ တလမှာ (၁၅) မိနီ
ပေါင်းလိုက်ကေ စုစုပေါင်း (၁) နာရီ
ကမ္ဘာမှာ ရခိုင်သားထက်တော်ရေလူမဟိ
စစ်တွေမြို့သည်
ကမ္ဘာပေါ်တွင် အကြီးဆုံး မြို့ဖြစ်ပါသည် --။

(သာလှဦး)

## နလပိန်း

လူမိုက်မှန်ကေ
လူဆိုးကိုချီကျူး
လူကောင်းကိုကဲ့ရဲ့
ပညာမဲ့ကိုဆရာတင်
လက်သုံးဆစ်ဝင်ခါမှ
ခြေမှန်းသိ --။

ချင်းစိမ်းနန့်မိဿလင်
ဘဲဥနန့်ဖရဲသီး
မြွီနန့်ဖား
ကဋ္ဌုံနန့်နဂါး
အတူထားမရ --။

သုံးကျိတ်တဆူလမ်း
ပြဒါးတလမ်း သံတလမ်း
ညီညွတ်ရေးလမ်းမှား
သတိထား --။

(ဝရင်းတုတ်)
(July 1, 2005)

## အမဲသားဖြစ်လားသော နွား

အလုပ်ကောင်း နွား
အခိုင်းကျ --။

ပျောင်းနွားက
အခိုင်းသက်သာ --။

မြက်နုစား
ကြီးထွားသန်မာ --။

များမကြာ
အလကား နွား
အိမ်မှာမထား
သားသတ်ရုံသို့
ပို့သောအခါ --။

နွားချေမှာ
အမဲသား
ဖြစ်လားလီယာ --။

သာလှဦး
(19/06/2006)

## ထလော့ရခိုင်

ဥသြရီသောက်
မုနိပျောက်
စည်ပေါက်ထီးကျိုး
မျက်ရည်မိုး --။

ဖောင်ပျက်ရခိုင်
ဆည်မနိုင်
ကစိုင်ကရောက်
လမ်းစပျောက် --။

အယင်ရခိုင်
စည်တော်မြိုင်
တုပြိုင်စံယှား
တိုင်းတပါး --။

ပင်မြင့်သဇင်
နန်းတော်ဝင်
ရှိစင်ပန်းခက်
မျိုးမပျက် --။

ငှက်မျိုးဘုရင်
လင်းယုန်သျှင်
မြီပြင်မသက်
ဝီဟင်ထက် --။

ကျော်ဝင်းချေ (ချောင်းသာကြီး)
(29/01/99)

# ညကစစ်သားသုံးယောက်

ညက မြန်မာစစ်သားသုံးယောက်
ရွာထဲရောက်လာပြီးကေ
ဝက်တောင်း ကြက်တောင်း ခွီးတောင်း
အရက်လည်းတောင်း သောက်ကြူးကတ်တေ --။

နီဝင်ကေ သူသောက်ကြူးရို့
(လက်နက်အားကိုးနန့်)
တယောက်မကျန် မိမ္မချေရို့ကို
မီးပုံဖေါ်လို့ ကခိုင်းကတ်တေ --။

ညဥ့်နက်လာကေ

(လူအရိုင်းရို့)
ညီအစ်ကို မောင်နှမကိုလည်းမမှု
အားမမွှပြုကျင့်ကတ်တေ --။

ညက မြန်မာစစ်သားသုံးယောက်
ရွာထဲရောက်လာပြီးကေ
အဘာကို 'စခန်းတခေါက်လိုက်ခဲ့ပါ' လို့
ခေါ်လားခစ္စာ
နောက်တရက်မှာ
လက်ပြန်ကြိုးတုတ် မျက်နှာလည်းချုပ်လို့
ရွာဦးက ဇရပ်ရှိမှာ
ကျားထိုးသတ်လိုက်ကတ်တေ --။

မောင်ကြီးသျှင်ကိုလည်း
ပေါ်တာဆွဲလို့
ချောင်းဖျားခေါ်လားခစ္စာ
တခါလည်း ပေါ်မလာလီဗျာယ် --။

ကျော်ဝင်းချေ (ပေါက်တော)

## မှာခပါယင့်

အီးယောင် ဘားဘာ
မှာခပါယင့်
ငါသား မောင်လုံးစိန် -
ပြောက်ကျားမလုပ်ကဲ့
ပြောက်ကျားလုပ်ကေ
ဝါးတုတ်စားပြီး
ဘဝပျက်ပနာ
ဘုန်းကြီးကျောင်းမှာ
သီလိမ့်မည် --။

(စံထွန်းချေ)

# အတ္တဝါဒီ

ငါ-မှ-ငါ ဒေါမာန်ခင်းလို့
ဖရိုဖရဲ အုပ်စုကွဲနန့်
ဂိုဏ်းခွဲဝါဒ ထူထောင်ပြကာ
အမြင်မတူ ရန်သူသတ်မှတ်
ဒူးထောက်လက်မြှောက် အောက်သားတပ်မှာ
အောက်တန်းကျရေ ရခိုင်သားရို့--။

(တောလူ)

# မိုးရွာရေ စာပဒေါင်း

မိုးရွာရေ စာပဒေါင်း
အောက်သားသီ ဖင်ဟောင်းလောင်း --။

မင်းနိုင် (အောင်ဆိပ်)

# မဟာလူသား၏အမှန်တရား

အပြောအဆိုတိကို
စကားချိုချိုတိနန့် (ဖုံး) --။

အမူအကျင့်တိကို
အဆောင်အယောင်တိနန် ့ (ဖုံး) --။

ပေါင်းသင်းဆက်ဆံမှုတိကို
ဟိတ်ဟန်တိနန့် (ဖုံး ) --။

(ယကေလို့)
ဖြုန်းခနန်း မတော်တဆ
သူ့စိတ်နန့် အထာမကျကေ
စောစောက ဖုံးထားသမျှ
ထိမ်းမရ

သိမ်းမရ
သူ့ဇာတိ ပြလို့
ဘီလူးက ကပါလီယင့် --။

မောင်တည်ငြိမ်
(16/06/2003)

## သာလာကာချေတိနန့်တူရေ ဘကြီး

လဖက်ရည်ဆိုင်က
ရခိုင်သား နိုင်ငံရေးလား --။

အရက်ဆိုင်က
ရခိုင်သား နိုင်ငံရေးလား --။

တခုကိုလည်း
မကြားချင်ပါ - ဘကြီး --။

ဘကြီးရို့နိုင်ငံရေးက
သာလာကာသျှေတိနန့်တူပါရေ --။

(စံထွန်းချေ)

## အတ္တစီးကြောင်းတလျှောက်

အပိုင်း (၁)

ရာစုနှစ် (၂) လီဖြတ်သန်း
ကန္တရခရီးကြမ်း အောက်က
ကျွန်သားပေါက် ဘဝနန့်
ခံစားနီကတ်ရ
ဖက်ဆစ်နယ်ချဲ့ ဒုက္ခကို
တွန်းလှန်ဖယ်ယှားလိုရေစိတ်
ယိုစီးမှိတ်ကျ
ဖြေသိမ့်လို့ပင် မရနိုင်

ကိုယ့်ပြည်ကိုယ့်ကြမ္မာကို
ကိုယ်ရို့ရာ ပိုင်ဆိုင်ချင်
ဘဝင်မကျနိုင်ရေ
သူ့ကျွန်ဘဝ မြင်ကွင်းထဲ
အဓမ္မပြုကျင့် လုယက်ညှင်းဆဲ သတ်ဖြတ်
အသဲကို
လှီးဖြတ်စွာပိုင် အခံရခက်လို့
ဆုံးဖြတ်ချက်ကို အတည်ကိုင်
ယိုင်လဲပြိုပျက်နီရေ
ပြည်ကြီးရခိုင်က ထွက်ခွာ
အစိတ်စိတ် အမွှာမွှာ ခြီဖျက်
ရက်စက်စော်ကား
ဖက်ဆစ် လူယမ်းကားရို့အား
လက်နက်စွဲကိုင်
တော်လှန် မောင်းထုတ်ခြင်းမှတပါး
တခြားမဟိလို့ ယုံကြည်ခ --။

အပိုင်း (၂)

စရိုက်တူရာ မိတ်ဖြစ်ရာလတ်
ယုံကြည်မှုတိတူလို့
ဦးတည်ချက်တူရာ စုဖွဲ့ပနာ
ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ဖို့အရေး
ညီညာလက်တွဲ
ပေါင်းဖက်မိခ ကတ်ကေလေ့
အသျှင်မြတ်နာဂိန္ဒ ထွင်းထုခရေ
မျိုးစောင့်မော်ကွန်းကိုမှ မထောက်ညှာ
ကိုယ်လိုရာ အတ္တချေတခု
အကြောင်းပြုရေ ပဋိပက္ခ
အမှိုက်ကစ ပြဿဒ်ထိအောင်
မီးလောင်ခံကတ်ရရေ သာဓက
တွိခကတ်ဗျာ မဟုတ်လား --။

အပိုင်း (၃)

တော်လှန်ရေးသဘော
အပြောင်းအလဲ တချို့ကြားထဲက

အတ္တမနော
ရှင်သန်ကြီးထွားလာရေခါ
တထပ်စာကို တသက်တာထင်ပနာ
ကျွန်ဇာတာကို ဖက်တွယ်ယင်း
ငါ-မှ-ငါ ဒေါမာန်ခင်းလို့
အမြင်ချင်းဖီလာ
ကိုယ်ထင်ရာခိုကိုး
အမျိုးနန့် သီလကို မျက်ကွယ်ပြု
ညီညွတ်မှုတိကင်း
အချင်းချင်း ဗိုလ်ကျသတ်ဖြတ်
ပရမတ်နန့် ဝီးကွာကတ်ရရေ --။

အတိတ်ကို
ပြန်ကြည့်ပါ ဗလင့်
၁၁၄၆ - က
ဒေကနိထက်တိုင်
အောင်လံကို မလွင့်ထူနိုင်ဘဲ
တော်လှန်ရေးလမ်းတလျှောက်
သီ-သူ-သီ ပျောက်-သူ-ပျောက်
ဇာတ်တူသားသွီးကို သောက်လို့
ပြည်ကြီးမဏ္ဍိုင်
ပြန်လည်နာလံ ထူနိုင်ဖို့ဆိုစွာ
အမှန်ပင်
ဖြစ်နိုင်ကတ်ဖို့လားယေ ---။

(အဇ္ဈနလုလင်)

# ရခိုင်ပြည်အမျိုးသားကောင်စီသို့

(ရ) တနာမြီ
ဂုဏ်သျှိန်ကျော်ကြား မျိုးစောင့်သားရို့
မျိုးခြားလက်အောက် ကျွန်သဘောက်ဘဝ
လွတ်မြောက်ရဖို့ အချိန်တန်ပါဗျာယ် --။

(ခိုင်) မြဲမဏ္ဍိုင် ပြည်ရခိုင်လည်း
ယိမ်းယိုင်ပြိုပျက် သွီးအိမ်မက်ထဲ

ကြီးကွဲဒဏ်ရာ ဝေဒနာနန့်
လုံးဖက်ခံစား ရန်သူကြားမှာ
ချောက်ချားဗျာပွီ မျက်ရည်ကြွီရ --။

(ပြည်) သူ့ရင်ဝယ် မျှော်ရည်တမ်းတ
မိဖစင်စစ် မိတ္တာရိပ်ကို
မေးမှိတ်ခိုနား နီချင်ပြားလည်း
တပါးရင်ခွင် ဖြိုပြင်နှိပ်စက်
အိပ်ပျက်ညပေါင်း ကုဋေကုဋ္ဌာ --။

(အ) တွေးတစ သက်သီပြဖို့
ဆန္ဒရည်သန် ကြွံကြွံခံလည်း
မြမြသစ္စာ ခိုင်မာစိတ်ဓါတ်
မားမားရပ်ပနာ နန်းတော်ရာလည်း
တောခြုံထဲမှာ ငိုနီဆဲ --။

(မျိုး) ဂုဏ်မထောက် သစ္စာဖောက်လို့
ပြည်ပျောက်နီရ ဒေဘဝကို
နောင်တဂုခါ မယူပါကေ
ဇာတာကျွန်တွင်း မလွတ်ကင်းနိုင် --။

(သား) သွီးမကောင်း မိဖဂေါင်းလတ်
ဖြစ်ကြောင်းစုံရာ တွေးကြည့်ပါကေ
ပြည်ရွာရေးထက် ဝမ်းရေးခက်သူ
ဗိုလ်လူတသိုက် အသိမိုက်လို့
ကျွန်ဖြစ်နီရကတ်ကေလဲ့ --။

(ကောင်) စီအဖြစ် လူ့ဘောင်သစ်နန့်
အတိတ်သမိုင်း ပြည်တံတိုင်းကို
မျှော်မှန်းတည်ဆောက် အချိန်ရောက်ပျာယ် --။

(စီ) ကာပတ်ကုံး ပြောမဆုံးလည်း
ယူကျုံးမရ ဒေဘဝကို
ရှန်းထလွတ်မြောက် သဘောက်ကျေးကျွန်
မခံစိတ်ဓါတ် အကျင့်မြတ်နန့်
မျိုးမြတ်ဂုဏ်ရောင် ထွန်းတောက်ပြောင်ဖို့
ညီနောင်သားချင်း ရိုင်းပင်းကူညီ

စုပေါင်းညီညွတ် လုပ်ဆောင်ကတ်မည် --။

(သို့) လော သို့လော
တွေးတောဝေဖန် အချိန်လွန်ကေ
မမှန်စိတ်ဓါတ် အကျင့်ချွတ်ကေ
မလွတ်ကျွန်တွင်း ကျွန်တလင်းမှာ
လမ်းခင်းဘဝ ရောက်လိမ့်မည် --။

(အဥ္စနလုလင်)
(15/03/06)

# သတိပီးချက်

ရခိုင်မျိုးသား
သတိထားလော
လိမ္မာမြင်ပျင်း
ဆင်းရဲအားရ
ကြွယ်ဝမနာလို
ကိုယ့်ထက်သာမကြိုက်
အမိုက်တရား ဤလေးပါးကြောင့်
ရခိုင်သားမှာ
တိမ်ကောလာသည်
နောင်လာနောင်သား သိစီသောဝ် --။

ရခိုင်မျိုးသား
သတိထားလော
ဗာဗူနာနုံ
ခေါ်ကျင်တုံငြား
ကုလားများကို
သနားပိုရန်
မလိုအပ်ကြောင်း
ခမောင်းပင်မှာ
ညောင်လျှင်ကပ်ရောက်
အမျိုးပျောက်လိမ့် --။

(မြောက်ဦး နတ်သျှီးသိုက်)

# ဒုတိယမွိ လွဲချော်နိုင်မှု

ရက်လနှစ်တိက
ဆယ်ရာစုကို ဖွဲ့စားကျော်လွှား
ငါရို့၏မြီ ဘုံမွိနက်သန်
ဇနက်တံ မခိုင်
ယိုင်ကျေးမှု ဘာသာစကား
စာပီအနုပညာ မှိုင်းမှိန်မှုန်ဝါး
ဖိမ်ယစ်ပျော်ပါး နယ်ချဲ့သမား --။

ရခိုင့်အောင်စည်မမြည်
စစ်ချီသံမကြား
အချင်းချင်း မုန်းမာန်ပွား
ရလာဒ်က ကျွန်ဘဝ
မဆုံးတမ်း လားကတ်ဖို့လား --။

ဘကြီးအောင်၏ပြည်ထောင်စု
တိုင်းရင်းသား ညီအစ်ကိုများ
စကားလုံးမှာ ကျွံနစ်
လွတ်လပ်ရေး လက်သစ်က
စစ်ပင်လယ်
မျက်ရည်နန့် ဒုက္ခ
ဘဝကျွန်ခရီး --။

ညီအစ်ကို ပင်လုံ
စကားဆုံကေလှ့
ပြည်မမှာ ပျော်ဝင်
အမျိုးဂုဏ်ရောင် မပေါ်လွင်
ရခိုင်ရင်မချီ --။

လိုချင်စွာက လွတ်လပ်ရေး
လုပ်နီကတ်စွာက နောက်လိုက်အငှား --။

အသွင်ပြောင်းချိန်မှာ
ရီလိုက်ငါးလိုက် မျိုးလိုက်ဖို့လား

(မဟုတ်ကေ)
ပြုံးပြဂေါင်းညိတ်ကတ်ဖို့လား --။

မြန်မာပြည်မှာ ဒီမိုကရေစီ
ငါရို့မှာ
ဇာ-ကို-မှန်း ဇာ-ကို-လှမ်း
အန္တိမ လမ်းပျောက်ကေ
မိအေးနှစ်ခေါက်နာဖို့ယေ --။

ရဲဘော် မြင့်ဇော်
(23/03/2006)

# ကျိန်စာ

ငါ၏အသွီးအသား ကိုယ်ခန္ဓာရို့သည်
ပြည်သူ့ထမင်းကိုစား၍ အသက်ရှင်နီပါ၏ --။

ပြည်သူ့ဘ၀ လွတ်မြောက်ဖို့အတွက်
အသက်နှင့်သွီးကို ပီးလှူပါ၏ --။

ပြည်သူကို အကြောင်းပြု
ပြည်သူ့ထမင်းကို စားလျှက်
အတွတ္တွင်းထဲ နှိုက်ကာ
လိပ်ကန်ဖာမ ဖြစ်နီကြသူများ
စားသည့်ထမင်း စားသည့်အစာ
သောက်သည့်အရည်
အဆိပ်ဖြစ်ပါစီ --။

ဝမ်းထဲ၌ အစိုင်အခဲအဖြစ်
အပ်သံများအဖြစ်
အသွင်ပြောင်းလျှက်
တစတစ ဝေဒနာဒါဏ်
ခံစားရပါစီ --။

ဘဝတပါး ပြောင်းလဲလားကေလဲ့
ရခိုင်ပြည်မှာ ရခိုင်သားမဖြစ်ပါစီကဲ့

လူဖြစ်လာလျှင်လည်း
ငတ်မွတ်ခေါင်းပါး ဆန်ယှားသော
တိုင်းတပါး၌ လူဖြစ်ပါစီ --။

ငါ၏မှန်သော သစ္စာစကားကြောင့်
မမှန်ကန်သူရို့ ယိုင်လဲပြိုကွဲပါစီ --။

ရန်သူရို့ တဘုံးဘုံးလဲ
ပျက်စီးဆုံးခန်းတိုင်လျှက်
မှန်ကန်သူရို့ အောင်ပွဲခံနိုင်ပါစီ
ပြည်သူရို့ လွတ်မြောက်နိုင်ပါစီ
ဖောက်ပြန်သူရို့ ကျိန်စာသင့်ပါစီ --။

ခိုင်မင်းညို
(08/07/2005)

## တော်လှန်ရေးလောင်း

ယုံကြည်နီမှ လားလို့ ရဖို့
နားလည်နိုင်မှ ရှိဆက်နိုင်ဖို့
တော်လှန်ရေးလောင်း စောင်းမလားဖို့
လောင်းမထွက်ခင် အယင်ဆုံးဖြတ်
လိုက်ရဲမှတက် ကမ်းကထွက်ဖို့ --။

လှိုင်းလီထန်ကြမ်း တဝက်လမ်းမှာ
မြုပ်ဖို့ဆဲဆဲ ရီဝဲရီစုပ်
လောင်းဝမ်းပေါက် အလားခက်လို့
အားငယ်ဖို့လား နားလည်ထားကတ် --။

တော်လှန်ရေးလောင်း ရှည်ကြာညောင်းလို့
အတွေးခေါင်ဗျာယ် သွီးမကြောင်ကဲ့
အနားတိုးကပ် လက်ချင်းစပ်ပျာယ် --။

ဒုက္ခထူပွန်း ခရီးကြမ်းဖို့
ပင်ပန်းကိုယ်လက် စိတ်မပျက်ကဲ့
စီးကျမျက်ရည် ထိန်းထားဝေ --။

ရီစီးထန်ပြင်း လီဆန်ပြင်းလည်း
အားတင်းလျော့ခတ် နင်းကျော်ဖြတ်မည် --။

လက်တကမ်းမှာ
လွတ်လပ်အောင်ပန်း
အရောင်သန်းဗျာယ် --။

မြထွန်း
(Mra Twan)
(13/5/06)

## ဆီးစပ်ပီးပါ

လွတ်မြောက်ခြင်း မဟုတ်ဘဲ
နယ်စပ်မျဉ်းတိကို ဖြတ်ကျော်
ဆန့်ကျင်ဘက် တန်းခါးကို
ဆွဲဖွင့်ဝင်လိုက်ကေလို့ မတူ
ရင်ကိုကုတ်ဖို့ ရွစိရွစိနန့်
အတွင်းလှိုက် ကမ်းပြို
ကုန်လွန်ခရေ နှစ်တိ --။

လုံးချင်းတည်း ကျင့်ကြံဖို့ပျင်ကေလို့
အဝီးက စကားလုံးတိနန့် လက်ခဲပစ်
ဂျောင်ချေမှာ ယှောင်ဖယ်ဖို့ပျင်ကေလို့ မရ
အတွင်းသွန်ကိုက ရွက်ကြွီတော
နီလုံးကို မြုံမှုန့်နန့်ဖုံး
ဆဥ်းဆာတိက ရင်ကွဲအိပ်တန်း
ညည့်အခါ တောက်ပချင်ရေ ကြယ်တိ
လမင်းကို မျှော်လင့်ယင်း
ကြယ်ကြွီခြင်းခံရသူခံ
အသံမတူဘဲ
ဆန္ဒကို ဖွဲ့စားနီကတ်ယင့် --။

ဝီးခြင်းတရားနန့်
အကျွန့်ကို ငိုခိုင်းဖို့အစား

လွမ်းနာကျ သစ်တောက
တရက်ထက်တရက် တောဖျားကိုင်လာ
အဖြေသိယင့် မတွက်တတ်
ဆီးရွက်တိ စုပုံထားပါရေ
အချိုးကျ ဖော်စပ်ပီးပါ
ရင်နာ မပျောက်ချင်နီ
အကျွန်အသက်မထွက်ခင်
ဆီးတခွက်သောက်လားချင်ယင့် --။

ပုဏ္ဏားကျွန်းဇူးဝေ
(09/12/2005)

# နှလုံးသား အပိုင်းအစများ

အမှန်တရားမြတ်နိုး
လူစွမ်းကောင်းလို့ ထင်နီရေလူတိကြားမှာ
ငါ -
တခါတလီ ရှုးချင်ရေ --။

ငါ့နန့်ငါရာ နှိုင်းစရာထင်ပနာ
လီလုံးကြီးကြီးနန့်
မဆမ - စကားထက်
အောက်တန်းကျရေ စကားကိုပြော
လူမပေါ်ခင် ချီးပေါ်ရေလူတိကြားမှာ
ငါ့နှလုံးသားမာကျောစွာ
ငါ့ကိုငါ
အံ့ဩလို့မကုန် ချီကျူးလို့မဆုံး --။

သမိုင်းဖြစ်ကျန်ခဖို့ရာလို့
နှလုံးပိတ် မျိုသိပ်နီကေလဲ့
တခါတခါ
လူသူမဟိရေ ကွင်းပြင်ထဲဆင်းပနာ
ငါတယောက်ထဲ
လွတ်လွတ်လပ်လပ်
နှလုံးသားကို ဖောက်ခွဲလိုက်တေ --။

ကျော်ဇံဝေ (လခြမ်းမြို)
(30/05/2004)

# ဂေါင်းဆောင်သို့

တခေတ်မှာ တယောက်
ပြောင်မြောက်သည့် အိုဂေါင်းဆောင်
ရခိုင်လူ့ဘောင် သာယာအေးချမ်းစီဖို့
ရဲသွီးအားမာန် အပြည့်နန့်
ချီတက်ခ ပန်းတိုင်ဆီသို့ --။

(AIO) ရခိုင့်လွတ်လပ်ရေးအဖွဲ့
စဖွဲ့သည့်အခါကပင်
ဦးဆောင်ကာ သူပါဝင်ခ --။

ခေတ်ပညာ ဉာဏ်အပြည့်နန့်
လုပသည့် သူ့ရုပ်ရည်
ပြည့်စုံသည့် ဗဟုသုတ
ရခိုင်သမ္မတလောင်းလျာအဖြစ်
ကင်းပွန်းတတ်ခံခရ --။

လူကြီးလူငယ် လူလတ်မရွီး
အမျိုးဘာသာ မရွီး
ခေတ်၏ဂေါင်းဆောင်အဖြစ်
မှတ်တမ်းတင် စင်တင်ခကတ် --။

ဘဝတမလွန် ပြောင်းလီပြန်လည်း
ခေတ်မှီဂေါင်းဆောင်
ရခိုင်ဂေါင်းဆောင်
တော်လှန်ရေးကို ဦးဆောင်သူဖြစ်
ကျန်ရစ်ယင့် သူ့မှတ်တမ်းလွှာ
နောင်လာနောက်သားသိစီသော် --။

(ခိုင်မင်းညို)
ဤကဗျာဖြင့် ကွယ်လွန်သူ (AIO) ဉက္ကဋ္ဌဟောင်း ဦးကျော်လှိုင်ကို ဂုဏ်ပြုပါ၏။

# ခရီးသည်ရာ ခရီး

တသက်စာ ခံစားမှု
မွီးကတည်းက လက်ဆောင် --။

မကြုံဖူး မဆုံဖူး
မမြင်ဖူးရေ မြင်ကွင်းအလွမ်း
တမ်းတယင်း ကျွမ်းမြိုက်
ဘဝ ရီတိမ်နစ်
အမျိုးကျွန် ခရီးနှစ်--။

ပွင့်သောပန်း မမွှီး
မွှီးသောပန်း နွမ်းကြီ
ခရီးသည်ရာ ခရီး
ဆုံးသောနှစ် မဟိသိမ့် --။

ငါကိုယ်တိုင်က ဒုက္ခတိနန့်
အာသီသရာ တတ်နိုင်ရေ
ယေပြန်ကေလဲ့
မဖောက်ပြန်ရေ ချစ်စိတ်ချေက တန်ဖိုး
တချို့ ခင်းကျင်းပြထားရေ နည်းဗျူဟာကို
ငါ - နှလုံးပျို့ဝံ့ယင့် --။

ပုဏ္ဏားကျွန်းဇူးဝေ
(23/06/2005)

# ငါ့ခရီး အဖြစ်သနစ်

မဟိစွာထဲက
ဟိသမျှကို ပုံအပ်
အဖြူထည် ကားတချပ်နန့်
ရိုးသားမှုကို အခြီခံလို့
လောကခံ ကန္တရကို ကျော်ဖြတ်
အသိမြန်ရေ လမ်းမှာ
အိုအေစစ်စွာ ငါ့တွက်မဟုတ် --။

ကမ္ဘာကြီး ကျယ်သလောက်
ငါ့ဦးနှောင့် မကျယ်စွာကို အပြစ်ပြော
ဂြိုလ်တုကပီးရေ လမ်းလောက်
ငါ့လမ်းမပြောင့်စွာကို အပြစ်ပြော
ကွန်ပျူတာလောက်
ငါအလုပ်မဖြစ်စွာကို အပြစ်ပြော
ပြောရေလူတိ
ပန်းတိုင်ကို စျီးပြတ်နီရေခါ
ငါ - မြီမြှုပ်မှိုင်းတလုံးပိုင်
ပေါက်ကွဲချင်ရေ --။

အပြောသမနန့်
လက်တွိလုပ်ဖို့ ခက်တေ
ဆရာလိုလို ဂေါင်းဆောင်လိုလို
လုပ်ကတ်မေဆို နောက်ကတောင်မပါချင်
သူရဲကောင်းစကားကို ပြောဗျာယ်
ကိုယ့်ကိုကိုယ် မတော်လှန်ဝံ့သူတိ
ထိုလူတိကြားမှာ
စေတနာဟိသူက ဝေဒနာခံစား
နယ်ကျွံခြီလှမ်းချေကို ပြန်ရုပ်
ဘဝကို အောင်မြင်စွာ တပ်ခေါက်ဖို့
မဝံ့မရဲ တွေးမိတိုင်း
မဖြစ်ပါ
အခါးကြိုက်တေ
ပျားမိုက်ဘဝကို ဂုဏ်ယူမည် --။

(မစေးမြစ်ငှက်ခါး)

## ဉာဏ်မဟိကေ

အသျှိန်ပြင်းပြင်းနန့်
ပစ်လွှတ်လိုက်တေ အဆိပ်မြှားတစင်းကို
ကိုယ့်လွတ်ယှောင်ရဖို့လား
ဒိုင်းနန့်ကာရဖို့လား
မချင့်တွက်နိုင်ခကေ

မြှားဒါဏ်ရာနန့်
အဆိပ်သင့်သီရဖို့စွာ အမှန် --။

ကလိန်ကကျစ်နန့်
ဥာဏ်နီဥာဏ်နက်ကို အရောင်တင်ဗျာယ်
ဆစ္ဆိမှင်စာရို့ကျက်စားရေ ခေတ်မှာ
ပရိတ်ဒေသနာတရားကို
မကိုင်ထားနိုင်ကေ
လက်မှိုင်ကျ
ယှုံးနိမ့်လားဖို့စွာ အမှန် --။

မမှားသော ရှိနီ
မသီသော ဆီးသမားမဟိ ဆိုကေလဲ့
အမှားဖက်က ရှိနီလိုက်နီရေ လူတိ
သီဆီးပီးနီရေ ဆီးသမားတိကို တွိခလို့
ဇာလုပ်ရဖို့လဲဆိုစွာ မသိခကေ
မတရားရေလူတိ မင်းမူ
အသုဘနန့်
ညိတိုင်းနပန်းလုံးရဖို့စွာ အမှန် --။

(ခိုင်မင်းညို)

## ထာဝရရင်ခွင်

အတိတ်က ဒါဏ်ရာတိနန့်
ပစ္စုပ္ပန်သန်းခေါင်ယံမှာ လူးလှိမ့်ခံယင်း
ယှိတ်ငိုခရ ညပေါင်းများစွာ
ရာစုနှစ်ခုကျော်ဗျာယ် အမင် --။

ဆယ့်သျှစ်ရာစု၏ညည့်တညည့်မှာ
သာယာရေ အမင့်မျက်နှာကို
ရင်နာစရာအဖြစ်တိနန့် လှည့်စား
အမင့်ရင်ထဲက ယိုကျလာရေ
မျက်ရည်စက်တိကို မမြင်ရက်လို့
လခြမ်းရင်ခွင်က ထွက်ခွာလာသူ
အမင့်သားပါ အမင် --။

သန်မာရေ လက်ချောင်းတိနန့်
လတ်ဆတ်တေ အာရုဏ်သစ်ကို ဖန်တီးယင်း
အနာဂါတ်အတွက် နီခြည်အလင်းတိဖြန်းပက် --။

ဝီးကွာခြင်း သံစဉ်ရေ
အမင်နန့်သားအကြား
လွင့်ပျောက်လားရေ တနိ
အမိရင်ခွင်မှာ
ထာဝရ ခိုနားချင်ပါရေ အမင် --။

မာရိသ
(25/01/2004)

## အသက်နှင့်ရင်းလို့ မွီးဖွားကတ်မည်

ငါရို့ရခိုင်သမိုင်း အတိတ်တိစွာ
ရှိုရောင်လွှမ်း
ယဉ်ကျေးမှုတိထွန်းကား
ကမ္ဘာ့မြေပြင်ထက်က
ဘုရင့်နိုင်ငံတခု
အဂုကြည့် ကိုလိုနီဖြစ်လို့ ဖြစ်မှန်းမသိ --။

ပစ္စုပ္ပန်အခြေအနီကို သုံးသပ်
အနာဂါတ်ကိုပုံဖော်ဖို့ လုပ်နီကတ်စွာမှာ
အတိတ်သမိုင်းကို ချပြ
စည်းရုံးသိမ်းသွင်း
ယှင်းလင်းပြကတ်စွာ
ရှိုထီးဆောင်းစွာကို လွမ်းမောခြင်းမဟုတ် --။

သမိုင်းအမွီအနှစ်တိ၏စိန်ခေါ်သံ
ရိုးမမှာ ပဲ့တင်ထပ်
ညီညွှတ်ခြင်းနန့်ပီးဆပ်
လွတ်လပ်တေနိုင်ငံတခု
ငါရို့အသက်တိနန့်ရင်းလို့ မွီးဖွားကတ်မည် --။

ခိုင်လင်း (မေဃဝတီ)
(06/03/2004)

# မျိုးစိမမှန် ပင်မသန်

ရက္ခမဏ္ဍိုင်၊ ပြည်ရခိုင်က
ညီနောင်သားချင်း၊ ဆွေမျိုးရင်းရို့
အမျိုးဘာသာ၊ သာသနာကို
မြဲစွာစောင့်ထိမ်း၊ ခေတ်ယိုင်ယိမ်းလည်း
မတိမ်းမျိုးနွယ်၊ အမြစ်တွယ်က
ရခိုင်နာမ ထွန်းတောက်ရဖို့ --။

ရက္ခမဏ္ဍိုင်၊ ပြည်ရခိုင်က
အစ်ကိုညီရင်း၊ အိမ်နီးချင်းရို့
ဥဩရီသောက်၊ မင်းဆက်ပျောက်လို့
တောက်တောက်ပြောင်ပြောင်၊ နန်းမိုးခေါင်ကို
ဆောင်ဗျာယူလား၊ သွန်းထားအရုပ်
ခေါင်းလောင်းလုပ်ပျာ
မမင်းဖြူ မှန်မှန်ပြောလို့
ကြွားဝါနီရေ သတိထား --။

ရက္ခမဏ္ဍိုင်၊ ပြည်ရခိုင်က
ညီရင်းပေါင်းသင်း၊ သူငယ်ချင်းရို့
သမိုင်းတွန့်ကြီ၊ မြို့ပိုင်ခြီလျှက်
ရောလီယောင်လီ၊ ဟောင်ကတ်လီကေ
ခြီရာလည်းပျောက်၊ ရီလည်းနောက်ဖို့
မျိုးပျောက်လိမ့်မည် သတိထား --။

ဝဒေါင်းနန့်ကြက်၊ ရောစပ်ယှက်က
ကြက်ပိုင်မတွန်၊ ဒေါင်းသံမပျောက်
အောက်ကလိအွတ်၊ အွတ်ကလိအောက်
မစစ်တွန်သံ၊ ကြက်မမှန်ဒေါင်း
အဖြစ်ပြောင်းကေ
ကောင်းကောင်းရယ်ဖို့ ကောင်းလိမ့်မည် --။

(မောင်ယု)

## ဂေါင်းဆောင်ရို့အားပန်ကြားချက်

အတ္တမျက်လုံး ပြူးထွက်ကျလို့
အနိစ္စသဘောကို မိကွန်ဆောင်နီကေလဲ့
အနိစ္စညွှံ့သည် တန်းခါးလာခေါက်ချိန်မှာ
ဒယောမရ အင်္ကျီမရ
ပရုန်းနရုန်း လိုက်ဖို့ကျရေမနား--။

မျိုးချစ်ဟန်ဆောင်နီကေလဲ့
မျိုးဖျက်သဏ္ဍာန် လုပ်ဆောင်ချက်
တန်ပြန်ရိုက်ခတ်ချက်တိက
ရင်ဝကိုနာနာ လာဆောင့်ချိန်မှာ
မှားပါရေလို့ ဝန်ခံရရေမနား --။

လောကခံတရားတိ ဒါဏ်မခတ်ခင်
အပ်သင့်ရေ တာဝန်တိကိုလွှဲပနာ
တွဲခေါ်ဆွဲခေါ် အတွေးခေါ်ဟိရေ
မျိုးချစ်ဂေါင်းဆောင်အဖြစ် ဂုဏ်ယူလိုက်ပါ --။

(ခိုင်မင်းညို)

## ကျီးကန်း (နန့်) ဒေါင်း

လောကသည်
အလိုမတူသူတိနန့် ပေါင်းဖက်
အသံမဟိ ကြိုးတိထွက်ကျ
အနှစ်မဟိရေ အကာများပြန့်ပနာ
အခေါင်မိုးစွန်းချေက ပြိုးငှက်ချေ
တတိုးချေ ကြူလိုက်စွာက --။

ဒေါင်းယောင်ဆောင်ကျီးကန်းတိ လှုပ်စိလှုပ်စိ
ဒေါင်းတိရယ်ပြ ကျီးကန်းတိ ထက
ကျီးကန်းတိ ဝင့်ပြ ဒေါင်းတိမာန်တက်

သူတော်ချင်း သတင်းလွယ်ကေ
ကျီးကန်းတိလည်း ဒေါင်းတောင်ကျွတ်
ဒေါင်းတိလည်း ကျီးကန်းတောင်ဝတ်ကတ်ဖို့လား
မသိဗျာယ်ယေ --။

(ကုလားတန်ကျောက်သီး)

## အမျိုးပျောက်ဖို့ယေ

ညီအစ်ကိုမောင်နှမ
တဝမ်းတည်းကျလည်း
တုပအားပြိုင်
သူနိုင်ငါနိုင် ထိုးသတ်တေပွဲမှာ
အစ်ကိုလည်းယှုံး
ညီလည်းယှုံး
တဘုံးဘုံးလဲဗျာယ်
အယှုံးဇာတ်ကြီးခင်းနီကတ်ယင့် --။

စည်းရုံးရေးဆိုရေ အဓိပ္ပာယ်
သူရို့နားမလည်
နားလည်ဖို့လည်း မကြိုးစား
မာနတရားတိ လွှမ်းမိုး
အဃာတတရားတိ ကြီးစိုး
ငယ်ကျိုးငယ်နာ ဖော်ပြီးကေ
ကော်နှက်နီကတ်တေ --။

ဘုရားလည်း မသိ တရားလည်း မဟိ
အလေ့ဇီ ထိုးဗျာယ်
ကိုယ့်ပေါင်ကိုယ်လှန် ထိုးနီကတ်ကေ
ရခိုင်လူမျိုးဆိုစွာ
ပြတိုက်မှာ ကြည့်လီဖိ --။

(ခိုင်မင်းညို)

## လွတ်မြောက်လမ်း

နှလုံးသား ကြီးမွညက်ကြီ
ကိုယ်ခန္ဓာ တစစီဖြစ်ပါတ်စီ
တိုင်းဓညဌာနီ
မလွတ်မြောက်လီသမျှ
ငါ့အတွက် ထွက်ပေါက်ကိုမရှာ --။

မူယာမာယာ ငါမတတ်
ပါယ်ကပ်ကပ် ငါမလုပ်
မဟုတ်စွာ ငါမခံ
သံတမန်ပရိယာယ် မဟိပါတ်စီ
ဇာတိသွီး အားမာန်အပြည့်နန့်
ရီဆန်ကို ငါလှော်ခတ်လို့
လွတ်လပ်ရေး မွတ်တေငါ --။

တူရာနန့် လက်တွဲလျှောက်
ပန်းတိုင်ရောက်မှ ကျေနပ်မည်
ငတ်ပြတ်စီ သီပါတ်စီ
တိုင်းဌာနီ ပြည်အရေးဖြစ်လို့
ဆယ်သက် ပီးဆပ်ရပါတ်စီ --။

(ခိုင်မင်းညို)

## မကောင်းသူထိပ်

ကြောရိုးမဟိရေ သတ္တဝါ
နိုင်ငံရေးလုပ်တေဆိုဝါ --။

ကရောင်ကထောင်
စည်းမကျဝါးမကျ
ကွမ်းယာ တညက်
ရီပူအိုး တဆူ
အမျိုးချစ်တေလို့
အရိုးမဟိရေ လျှာနန့်ဆို

ဘုံမဟိရေ သတ္တဝါ
မနုဿတိကို
ကြောခိုင်းရေဆိုဝါ --။

ဇာတိလည်း မပျောက်
ဒြီရာလည်း ဖျောက်ချင်ရေ --။

သွားလည်းကျွတ်
ခါးလည်းကိုင်းလားခဗျာယ် --။

မီးဇာလည်း ကုန်
ဆီလည်း ဖင်ကပ်ချေ
လူတိလည်း အမြင်ကပ်တေ --။

ဇာခါချွတ်လို့
ကျွတ်ဖို့လည်း မသိ
စိတ်တိရာ ကုန်ရေ --။

ခိုင်ချစ်ခင် (ရမ္မာဗြို)

## မီးခွန်းများကိုဖြေပါ

ဓါးဖြင့် အလှီးဖြတ်ခံပြီး
ကျွန်အဖြစ် အသီခံဖို့လား
အသက်ကို စတေးပြီး
ရန်သူကို တိုက်ယင်း
အာဇာနီအဖြစ် အသက်ရှင်ဖို့လား --။

ကျွန်လည်းဖြစ်ရ
သီလည်းသီရ
သင့်ဘဝမှာ
တန်ဖိုးဇာမှာ ဟိဖို့လဲ --။

ရန်သူမျိုးယုတ်
အညွန့်ပြုတ်အောင်
သင်လုပ်ဆောင်က

ရက္ခပြည်သူ
သင့်ပြည်သူသည်
သင်၏ရုပ်သွင်
ပြည့်သခင်ကို
ရင်ဝယ်ထုဆစ်
ရုပ်ထုအဖြစ်
ကိုးကွယ်ရစ်မည်
အာဇာနီမည်သော အိုအသျှင် --။

(ခိုင်မင်းညို)

# ခရီးတဝက် ဘဝပျက်

ဩော် -- မိခင်
စိတ် ကစို့ကလျား အတွေးတိနှိပ်စက်
အိပ်မရ နိရက်တိမှာ
အမြဲတန်း သတိရ
လွမ်းရစွာက မိခင် --။

လမ်းတကာလျှောက်
အရပ်တကာရောက်လို့
အသိတရားများ
ခရီးမဟာလားကေလဲ့
မဟိအသပြာပါ မိခင် --။

အဝီးက မိခင်ကိုလွမ်းတိုင်း
စာတကြောင်း ကဗျာတပုဒ်ရှီး
အများတကာကို အသိပီး
သတိဟိဖို့ တင်ပြ
ရင်မဆန့် ဝေဒနာ
တကိုယ်လုံးမှာ ပြည့်လို့
အပိုဆုပင် မရခပါ မိခင် --။

မိခင်လည်း မဝတဝ
သားလည်း မလှမပနန့်
အသိတရား သခ်န်းစာ

မိခင်ရွာသို့ ယူဖို့စရိတ်
အားလုံးယိုဖိတ်
လက်ဟိအဖြစ် စုပ်စုပ်မြုတ်
မဟုတ်တဟုတ် လူဖြစ်ရပါရေ မိခင် --။

ခေတ်ဆိုးခေတ်ယုတ်မှာ
အသက်တချောင်းအတွက် အလုပ်လုပ်
မိခင်နန့်သား ဝီးမြီခြား
သင်္ကြံရတရား မတွေးအား
မိခင်အနား အရောက်လားဖို့
ယောကျာ်းရာ မနားလို့
အားကိုတင်းယင်းနန့် ခေတ်တိပျက်
အခက်အလက်ကျိုး
ခရီးပက်လက်မျိုးလို့
ဘဝပျက်နီရပါရေ မိခင် --။

မောင်ယု
(21/09/2002)
(မွီးမိခင်သို့တမ်းတမှု)

## အမှားကို မျှဝီသူ

တော်လှန်ရေး သမားအိုက
မဖြူမနီရို့ကို အသဲစွဲမိဗျာယ်
ထိုးအဝီး ဘီလူးဆိုင်းတီးကနီရေ ဇာတ်ခုံက
နာကျီးမှု ဒေါသသံတိစွာ
တော်လှန်ရေးသမားအို၏ဖန်ခွက်ထဲကို
ဖောက်ထိုးကျလားရေ --။

သူ့ရှိက နှာခေါင်းရှုံ့ ထိုင်နီရေလူတိကို
ယဥ်မှုဖောက်ပြန်ရေ စကားလုံးတိနန့်လက်ခဲပစ်
ပုတ်သိုးဆွီးကျ
တိုးတက်အောင်မြင်မှုမဟိရေ အတွိအကြုံကို
ဟန်ပါပါ ကျော့မော့လို့
မျိုးဆက်သစ်တိအတွက်
လက်ဆင့်ကမ်းလှော်ခိုင်းရေ သူ့လှီက

လှီဝမ်းပေါက်နီရေဆိုစွာ
မိုက်မဲစွာ သူမသိပါယေ
ယုံလား --။

ပုဏ္ဏားကျွန်းဇူးဝေ
(26/03/03)

## အက္ခရာသစ်

သံသရာတကွေ့
မုန်တိုင်းအငွေ့မှာ
ကောင်းခင်ပြာအောက်
လမ်းဖောက်ယင်းနန့်
(NGO) နောက်
တကောက်ကောက်လိုက်ပျာယ်
ရွှေဆိုဖာထက်
ရမက်ယစ်လို့
ချစ်လှီမှောက်ကာ
လမ်းပျောက်တေမောင် --။

အသဲမခိုင်ကေ
စံရဖွေပိုင်
သမိုင်းမှတ်တိုင်မှာ
အက္ခရာဆိုးနန့်ယေ --။

(မြပန်းရံ)

## သုံးသပ်ကြည့်စွာ

အာရုံခေါ်နှိုး
ဝိုးတဝါးမြင်ကွင်း
ယှောင်မရတာဝန်
အနာကောင်းကေလှဲ့
အမာရွတ်သက်သီ --။

ဆောက်နန့်ထွင်းထည့်
ကျွန်လောင်းရိပ်ပူ
အနိုင်ကျင့်ခံ
အယုံလွယ်နောင်တ
ပြည်ထောင်စုထဲလမ်းပျောက်
ငတ်မွတ်သက်သီ --။

လွတ်လပ်ကမ္ဘာ
ကန္တာရပန်းပွင့်
မွှီးကြိုင်ဂုဏ်သတင်း
အားယော့နွမ်းကြီ --။

နယ်ချဲ့ဆန့်ကျင်
ညီညွှတ်မှုအား
စနစ်ဆိုးဖြိုဖျက်
တော်လှန်သူမဟုတ်
အားကျနီလို့အပို --။

ပုဏ္ဏားကျွန်းဇူးဝေ
(16/07/2003)

ပြည်ထောင်စုဆိုရေ စကားလုံးအောက်မှာ ရခိုင်သားအမျိုးပျောက်ဖို့ဆိုစွာကို
အားလုံးသဘောပေါက်နိုင်ကတ်ပါစီ။

## ဆီးရောင်စုံရှုခင်း

မျက်တောင်မှာသာယာရေ
ငိုခြင်းရှည်တိကို ရှီးယင်း
အချဉ်ပေါက် မှိုတက်နီရေစိတ်ကို
မှုတ်ထုတ်လို့ ဆလီခြုံအောက်က - ငါ
ဂမ်းမဂျစ်ပုံ ထိုင်ပြီး
ဒုက္ခကမ္ဘဌာန်း စီမြန်းလျှက်
သောကအိမ်မက်တိ မက်နီရရေ --။

ရင်ဘတ်ကြီး ကျန်းကျန်းခေါက်ခေါက်နန့်
တရားအားထုတ်နီရေ - ငါ

စက္ကူလောင်းချေထဲက
အမြောက်သံ တဒိန်းကြားနီရ
အိမ်မက်ကြီးကို မီးစွဲလောင်ရေညည့်တိ
များများလာ --။

ရိုးမတောင်ခြီထက်က ဝိုင်းစက်စက်လမင်း
ရာဟုကိုက်သံတိ ကြားနီရ
ရင်ညွန့်ထက်က ပီစာ
ဘောင်ချာဖြစ်လားခဗျာယ် --။

သံစည်သံတိ တဝီဝီနန့်
သာထုသာထုဟု အသံပြုလို့
လက်ခုပ်ဟပ် တလူလူနန့်
ဥပသကာတဖွဲ့
ကာလမျိုးစိတိ တောင်းခံနီကတ်ယင့် --။

အော် - လှကရင်းမှာ ဝမ်းလျှားမှောက်
ထမင်းရည်တောင် မယရရေ ခွီးနားဂူ
လူစကားမတတ်လို့
ခွီးအခွင့်ရေးမရ သူ့ဘဝ --။

ဇာတ်သိမ်းခါနီးမှ
ကမ္ဘည်းထိုး ခံချင်ကတ်သူတိ
ပြီးပါဗျာယ် စာတမ်းထိုးလို့
နောက်ပြန်နောက်ပြန်
သူ့ကိုသူ ခြသေ့်လတ် --။

နွားနှစ်ကောင် ရန်ဖြစ်စွာကိုမှ
သဘောကျ လက်ခုပ်တီးနီရေလူတိ
နားအုံပွင့် သွီးစက်စက်နန့်
အားမတန် ထွက်ပြီးနွားကို
ဂရုဏာမသင့် သရော်ကတ်ယင့် --။

ပြုတ်ဆန်မစား ရခိုင်သား
ဆန်ခွဲမစား ရခိုင်သားလို့
မြဆန်စက်ဘေးက ကုန်သည်လမ်းထက်
ကြွေးကြော်သံတိ ညံဗျာယ်

ဆတ်ရိုးကျ ချောင်းကမ်းနား
ဘူဒူဘဂ်ါထက်မှာ ဂလှိုင်ထပ်လို့ --။

မခံမရပ်နိုင်ရေ ရင်တွင်းစကားသံတိ
တအောင့်ကြာ ဝိစီသံကြား
လော်ရီကားကြီးတိနန့်
ယူနီဖောင်းဝတ် ယမမင်းကြီးရို့အဖွဲ့
မေလ်ထရီ ကွင်ထရိုး အမိန့်နန့်
တန်းသီပြတ် ပစ်သတ်
ရခိုင်သွီးစက်စက် စီးဆင်း
ဆတ်ရိုးကျချောင်းရီ တွတ်တွတ်နီလီယင့် --။

အဖိနှိပ်ခံ နောက်ကွယ်က
မစည်းရုံး မညီညာ
အသားထဲလောက်ဖြစ်
ဘီးဘီဒေါင်း လျှောက်သားရို့
ဖောက်ပြားဗျာယ် မှောက်မှားလို့
ထောက်ထားစရာ မဟိ
ငါ့ပြည် ငါ့အရေးလို့
တယောက်စကေ မသိတတ်သရိ --။

မောင်ယု
(08/02/2000)

# ဦးစိန္တာလီသံကို လွမ်းဆွတ်ခြင်း

မြင်ရရေ ပြူတင်းပေါက်ကမြင်ကွင်း
ကိုယ်ကြည့်နီရှုထောင့်
ကိုယ်ဆုပ်ကိုင်ထားရေ အမှန်တရား
အထင်ကြီး တခွဲသားနန့်
အဝေး -- ဟာလူ
ဦးစိန္တာလီသံနန့် ပြောရကေ
ဟား ---ဟား ---ဟား ---။

ငါ့ကိုငါ ကြီးကျယ်
မင်းလည်း ကိုယ့်ကိုကိုယ် ကြီးကျယ်

မုဆိုးတောင်မှ
သူ့ကိုသူ ကြီးကျယ်နိုင်ရေဆိုဝါ
သီအိုရီတိ ချပြတိုင်း
ယိမ်းယိုင်ရဖို့ဆိုကေ
အဝေး -- ဟာလူ
ဟား ---ဟား ---ဟား --။

ရှုထောင့်တခုထဲမှာ ကြည့်ယင်း
ရှုထောင့်က ဘောင်ဖြစ်
ဘောင်ထဲက အမှန်တရား
ဟား ---ဟား ---ဟား --။

ခိုင်လင်း (မေဃဝတီ)

## အထက်လီစားချေ

အောက်ခြီရွတ်ကေနန့်
အထက်လီစားချေ
ဖက်မမှီ လီလုံးကို
ဝန်းကျင်လူ အီးတုံဖြစ်အောင်
ပြောတတ်တေနန်း --။

မှန်းချက်ကို မြင့်စီမှ
တန်းတက်တေ ဘဝလို့
ဖိုးဖီးစကား တည်ဟိထားလည်း
အားနန့်မာန်
ချိုးချက်ညီမှ ပုံဖော်ရလွယ်ကူရေ --။

ဟောင်းခရေမကောင်း
ရှိပြန်မပြောင်းအောင်
စိုင်းစားဆင်ခြင် လမ်းသစ်ထွင်ဖို့
အာကာကိုမော် ခြီမဖော်ကဲ့
ရှိဆက်ခရီး လိုရာမဝီးအောင်
အထက်လီစားချေ
အောက်ခြီမရွတ်ကဲ့ --။

မျိုးခန့်
(07/10/2002)

# နှစ်ရှည်မှောင်ညည့်

မညီညွတ်ခြင်းတိ ခင်းကျင်းပနာ
ပြစ်မျိုးမှဲ့မထင်
ဆင်ခြီအစုံအလင်နန့် အနားကွပ်လို့
ပေဒင်ဆရာရို့၏နိမိတ်ပုံထက်မှာ မျိုးဗျာ
ပြောင်းလဲလာနိုး မျှော်မှန်းချက်နန့်
အနာဂါတ် ကြယ်စုံညည့်တိကို
နိခင်းကြောင်တောင် ထုဆစ်နီကတ်ကေ --။

သမိုင်းအနာရွတ်ကို နှမ်းဖြူးလို့
ဖြစ်တည်မှုကို အတိုးချခံစားဖို့ စီမံချက်နန့်
မျက်မမြင်ပုဏ္ဏား
ဗိုလ်ချုပ်ခြောက်ယောက်ကြားမှာ
ဒုက္ခရောက်နီစွာက ဆင်ရာ --။

အပြစ်တင်တတ်ခြင်းမှ
အပြစ်ကင်းပနာ
နှစ်နှစ်ရာ အမှောင်ဖုန်းနီခြင်းကို
ဖြူစင်မှုအလင်းတိနန့် ထွန်းညှိကတ်မည် --။

(အောင်ကိုဇံ)

# လွတ်လပ်ပန်းများ ပွင့်စီချင်

မိစ္ဆာလီရိုင်း၊ ရိုင်းပြတိုက်ခတ်
လွတ်လပ်ပန်းတိ ကြွီခဗျာယ် --။

နှီခေါင်ခြောက်ကွဲ၊ ကန္တာရထဲက
လွတ်လပ်ပင်ပျို စိမ်းရွက်စုံဖို့
ငါ့သွီးဖောက်လို့ လောင်းထည့်မည် --။

လွတ်လပ်ပန်းသဇင်၊ တော်နန်းဝင်ဖို့
ဇီဝင်ချုပ်ငြိမ်း၊ ငါ့ဇာတ်သိမ်းမှာ
တိုင်းဧည့်ာတွက်၊ နောက်ဘဝထိ
ဂတိချုပ်ခံ၊ ဇာတိမာန်နန့်
ဆက်တော်လှန်ဖို့ မှာခမည် --။

(ခိုင်မင်းညို)

## နီညိုးချိန်

မိတ္တာရီတိ ခမ်းခြောက်
အတ္တရီတိ သောက်အားကြီးလို့
အမျိုးသားတွက် အကြွီးတင်
ရှိနန်းသျှင် အိုခေါင်းဆောင်ကြီး --။

ဒေါသမီးတိ တဟုန်းဟုန်းတောက်
တယောက်ကိုတယောက် ရန်စောင်ဗျာယ်
ထောင်ချောက်ဆင် ဖမ်းဆီးသတ်ဖြတ်လို့
အနာဂါတ် ပျောက်ဆုံးချိန်မှာတောင်
နောင်တတရားတိ လွင့်စင်ဗျာယ်
မုသဝါဒ မိုးခါးရီသောက်နီကတ်တုန်း --။

အမျိုးသားရေးကို အကြောင်းပြ
စကားလှချေတိကို ပြောဗျာယ်
ချစ်ကွန်ဆောင်နီကေလှဲ့
မိုက်တိမိုက်ကန်း ဇာတ်လမ်းတိက
ရီမှာတောင်မက လီမှာတောင်အရုပ်ထင်
ကိုယ်ထင်ပြနီယင့် --။

(ခိုင်မင်းညို)

## ဘဝကိုယ်စီနန့် လူငယ်

အချင်းချင်းတိုက်ခိုက်စရာ ဇာလိုလို့လဲ

စဉ်းစားကြည့်ပါဗလင်
ယင်းပိုင် အပြန်အလှန်တိုက်ခိုက်နီကေ
ရန်သူလည်း ရယ်
ရန်သူလည်း ပျောက်
လူမျိုးမပျောက်စွာ ကံကောင်းရေ --။

ယေဒါလဲ့
တော်လှန်ရေးကာလမှာ
အမှိုက်တိဟိစွာကို ဖယ်ယှင်း
လမ်းကြုံလို့ဝင်လာရေ လူတိ
ဟန်ဆောင်ကောင်းရေ မျိုးချစ်တိကိုဖယ်
တတည့်ပြောရကေ
တော်လှန်ရေးသန့်ယှင်းရေး လုပ်ရဖို့ --။

ကြည့်ပါဗလင်
အမျိုးသားရေးလို့ အော်ကြီးဟစ်ကျယ်နန့်
ကိုယ့်အခြေနီကို ကိုယ်မသိ
ကိုယ်ရပ်နီရေပါတီကို ကုမ္ပဏီလို့ ထင်နီစွာ
ရင်မှာ အဂယင့် နာရေ --။

ငါရို့ လူငယ်တိရေ
နှပ်စားမဟုတ်ပါနှမ်း
နိုင်ငံရေးရိုးသားမှုနန့် ကြံ့ကြံ့ခံနီစွာ
သမိုင်းကသက်သီ ပြုလိမ့်မည် --။

ခိုင်လင်း (မေဃဝတီ)

## အဘာအတွက်

အဘာတယောက် ထွန်းပေါက်ပေါ်ထင်
အယင်အခါ ဟိခကေလဲ့
အဂုအခါ သားမောင်ရို့က
ဂုဏ်ယူ မဝင့်ကြွားဝံ့နိုင်ဗျာ --။

ပိန်းပိတ်မှောင်မိုက် မဟူရာတိုက်
အဘာဆိုက်ရောက်ရခြင်းအတွက်

ဝမ်းနည်းပက်လက်
မျက်ရည်ကျခဲ ရပါဗျာ --။

မျိုးစုတ်မျိုးယုတ်
စုန်းဖုတ်တဆီ ခြီမွအူနှုတ်
သွီးစုတ်နီခြင်းအတွက်
သွီးအသက်ကို
ပီးဆက်လှူဒါန်းလိုက်ပါသည် အဘာ --။

ပုကလု ပကလ ယောက်ကျားမိမ္မ
ဝါကြီးဝါကြီးမ ရဟန်းကမကျန်
ခဲတံကလောင် ဓါးဆောင်ဒုတ်ဆွဲ
လက်ယှက်တွဲလျှက်
နူနာဝဲယား ခွက်ပေါက်များကို
မထားကြွင်းကျန်
တိုက်တွန်းလှန်ပါ --။

အဘာမှာစကား
မိမလားပါ
တရားတလက် ဓါးတဖက်ဖြင့်
ဆက်လက် တော်လှန်ပါမည် အဘာ --။

(အဘာ့) နိုင်ငံတော်ကြီး၏လွတ်လပ်ရေး
တိုက်ပွဲဖြင့် ရယူပါမည် အဘာ --။

ရက္ခ
(May 25, 2006)

## အစိကြဲကြဲ သခွားဖရဲ

လုပ်ကတ်မည်ဆို
တုတ်တုတ် မလှုပ်
ဆီမီးခွက်ကို မီးမှုတ် --။

ကျင်ကိုင်မည်ဆို
ထိုင်နီရေ --။

ခါတ်ပုံရိုက်ကေ
ဂိုက်ချေနန့် --။

ပေါင်တံလှုပ်လှုပ်
ဇီးကွက်ရုပ် --။

အဘာ ငါ့သား
လခစား --။

ဘွဲ့လုံးထီးထီး
ပုတ်လောက်ကြီး --။

အစိကြဲကြဲ
သခွားဖရဲ --။

သာလှဦး
(06/06/06)

## တောက်ချီးကျ

ဘိမသု ဘမသု
တခုလည်း မလေ့လာ
ပြောခါ နိုင်ငံရေး
တောက်ချီးကျအောင် မုန်းရေ --။

ဘူးသီးနန့် ခရမ်း
ခွဲခြမ်းလို့ မရ
ဟလာကေ အမျိုးသားရေး
နောက်ကုန်းနှစ်ခြမ်း ကွဲမည် --။

သူ့ဖက်ကိုယ့်ဖက် လိပ်ပိုင်ယက်
စွန်လက်သဲ
ဟတ်ကျကေ ညီညွတ်ရေး
စောက်မြင်ဝဖို့ကောင်းရေ --။

တူရာတန်ရာ
သူ့အထာ
ရွာနန့်ကျောင်း
တကြောင်းတည်း --။

(စိုင်းဒြား)
(06/06/06)

## နန်းထက်ကို ဖွတ်တက်ခြင်း

လူလေးငါးခြောက်ယောက် တစင်ထောင်
တဂိုဏ်းခွဲ ဖရိုဖရဲ
ဖောင်ပျက်ဝါးပိုင် ပြိုကွဲ
အဆေူမနားယေ သူရဲကောင်း --။

ရန်သူဘားမှာ ဒူးထောက်
ကံကောင်းထောက်မလို့ အသက်ရှင်
ဘဝင်ချေ တမြမြ
ကွမ်းတယာကို ညက်ညက်မွား
အဆေူမနားရေ ရခိုင်မင်းလောင်း --။

'သဘာပတိ' ဟကရိကျ
ဤနန္ဒြေမရ လျှာရည်ကျ
ပုဂန္ဒရ ဒုံးမအောက်ပေါ်
အဆေူမနားယေ သူတော်ကောင်း --။

'ဖွတ်ကမီးကျောင်းဖြစ် ချောင်းမြစ်မခံသာ'
'ကျွန်ကသူကောင်းဖြစ် ပြည်ရွာမအီးချမ်းရာ'
မှန်ပါလီစွ
မဟာပညာကျော် လျှောက်ထုံး --။

(ကျောက်လုံး)
(05/06/2006)

## နွားလားဥဿဘ

ကောက်ရိုးမီးက
တောမီးပိုင်ယှောင်
ဟန်ရေးပြ --။

တခဏ
စျာန်ကြွ မရဏ --။

သူယင်ငါယင်
လက်နက်ချ --။

ကောက်ရိုးစား
နွားလားဥဩဘ --။

(ကြိမ်လုံး)

## ပြင်သာလိပ်များအကြောင်း

လူက ခရမ်းသီး
စကားက ပြေုတ်သီး --။

မိုးကြီးလေကြီး
ထွက်လို့ပြီး --။

ကျားရှိရောက် ခွီး
ကြောက်အားကြီး --။

ငို့ဘ ငါ့ဘို့
ညှိလို့မရ
ကဏန်းခမ --။

လက်ညှိုးတကုတ်
ကျည်တကြုတ်
ဘုရင်လုပ်ဖို့စိတ်ကူး
လိပ်ဥတူးနီကတ်တေ --။

ကိုယ့်အယူအဆရာ မှန်ရေထင်
အားလုံးကို ကားစင်တင်ဖို့ကြိုးစားယင်း
တွင်းထဲက ဖားသူငယ်ပမာ
မာန်ပါဟိန်းဟောက်
ကေသရာဇာ ခြင်္သေ့က
အဘာခေါ်လောက်တေ --။

(ဝိလာသတ်)

## အာဇာနီ

လေးရပ်ဝတီ
ရပ်ဌာနီမှ
ဇာနီအပေါင်း
သူရဲကောင်းရို့
ဇာတ်ပေါင်းဆုံကာ
ပြည်မျက်နှာကို
ထောက်ကာရှုရှု
ညီညွတ်မှုဖြင့်
ခေတ်ဦးတခေတ်
သမိုင်းသစ်ကို
မျိုးချစ်အားသန်
ဇာတိမာန်နန့်
အောင်လံကိုထမ်း
လက်ဆင့်ကမ်းလီ
အာဇာနီ --။

ကမ္ဘာတခွင်
ရာဇဝင်မှာ
ဂုဏ်အင်မြင့်မား
ရခိုင်သားဟု
ဘုရားဗျာဒိတ်
ပြည်ကြီးရိပ်၏
အတိတ်သမိုင်း
မမှုန်မှိုင်းခင်
အတိုင်းအဆ

နှိုင်းမရသော
အဖပြည်ကြီး
သမိုင်းကြီးကို
အပြီးဆပ်လီ
အာဇာနီ --။

သွီးရင်းသားချင်း
ညီညွတ်ခြင်းဖြင့်
အောင်ခြင်းနမိတ်
အောင်ဘိသိက်နန့်
အောင်ဟိတ်မင်္ဂလာ
မျိုးဝံသာ၏
မဟာအောင်ပွဲ
လွတ်လပ်ရေးလမ်း
ဗျာဒိတ်ပန်းကို
ဆင်မြန်းပါလီ
အာဇာနီ --။

အာဇာနီလောင်း
သူရဲကောင်းဟု
ဘွဲ့ဆောင်းသတ်မှတ်
ကမ္ပည်းတပ်ပျာယ်
မွန်မြတ်တန်းခွန်
မျိုးအောင်လံကို
တေးသံစုံညီ
တပ်ဦးချီလျှက်
ဝတီလေးရပ်
လက်ခေါင်းခတ်ပြီး
တိုင်းရပ်တခွင်
ဂုဏ်ပြုချင်ရေ
အယင်ဇာခါ လာဖို့လဲ --။

ဆရာတော် (နာလန္ဒာ)

## ရခိုင်စကား

ဖိုးဖိုးဇူဇာ
အစိုင်လာ၏
ဘာသာစကား
အမွှီများသည်
သွီးသားဘဏ္ဍာ
ရတနာ --။

ရတနာစစ်
အမွှီနှစ်သည်
အနှစ်ရာထောင်
များမြောင်ခရီး
ဖြတ်လာပြီးမှ
ခေတ်ကြီးမျက်မှောက်
ငှါရို့အောက်မှာ
ဂယောက်ကပါး
ပျောက်ကွယ်လားကေ
ငါးပါးမှောက်မည်
ရခိုင်ပြည် --။

ဆရာတော် (နာလန္ဒာ)

## ခုနှစ်ရက်တပတ်

တလင်္ဂနီ တလလ်ာ
အဘာ တောကလာ --။

အင်္ဂါ ဗုဒ္ဓါး
အဘာ မြောက်ဥတူး --။

ကြာသားပတီး သောက်ကြာ
ယောက်ဖချေ ပေါက်ချလာ --။

စနီလည်းရောက်
ခရချေလားလို့ ကောက် --။

(ကျောက်သင်ပုန်း)

# ရခိုင်ရင်သွေးကဗျာများ

ပန်းမြတ်သဇင် ဦးထိပ်တင်
မဟာမုနိ ရွှေပလ္လင်
မွှေးမိခင် ဆုမွန်တောင်း
ကျမ္မာစီကြောင်း
သာစီကြောင်း --။

သဇင်ပန်းခိုင် တမြိုင်မြိုင်
ဗျာဒိတ်ရရေ ပြည်ရခိုင်
သတင်းမွှေးကြိုင် ကမ္ဘာတလွား
မဟာမုနိ ပြည်ကြီးသား --။

လေးရပ်ဝတီ စုပေါင်းညီ
အာဇာနီများ ထွန်းကားလီ
မျိုးသာဂီ ဇာနီဖွား
ရခိုင်သားဝေ ရခိုင်သား --။

သူ့ကျွန်မခံ ထတော်လှန်
မင်းသားရှိဘန်း အောင်ကျော်ဇံ
စံရှိဖွေ သစ္စာဖောက်
တိုင်းပြည် ငါးပါးမှောက် --။

စိုင်းတင်မြို့စား ဗိုလ်ချင်းပြန်
တော်လှန်ရေး၏ ပြည်တန်းခွန်
အောင်ကျော်ဇံ မြို့သူကြီး
တိုင်းပြည်အတွက် အသက်ပီး --။

ဆရာတော် (နာလန္ဒာ)

# ဆရာသမား

ဆရာ --

ဆရာ အရုပ်ကလှပါ၏ --။

ဆရာ --
ဆရာ နှုတ်ကချို၏ --။

ပြီးလျှင်
ဆရာ --
ဆရာ သမုဒ်ကကျယ်၏ --။

(ဝရင်းတုတ်)

## တလင်ကွာ မဆမ

ရှီမချိုးဘဲ
သနပ်ခါးနှိမ်းထားရေ
တလင်ကွာ မဆမပိုင်
ပယ်နီစွာကို မဆီး
ဂေါင်းချေဖီးလို့
လူကြီးလုပ်ချင်သိမ့်ရေ --။

ယိုလူမရှက်
မြင်လူရှက်
ပုရစ်မျက်နှာ
ပြုတ်မနူး --။

(ဝရင်းတုတ်)

## သူငယ်တန်းဖတ်စာ

အာဏာလိုချင်
ရှီးကောက်ပွဲဝင် --။

အာဏာမရ
ထောင်ရာကျ --။

စံရပါယင့် နှစ်များစွာ
သို့သော်ထောင်နန်းပါ --။

လက်ဝဲလက်ယာ ကြင်ယာယှား
ကိုယ်ရာမိဘုရား --။

လူတချို့က ငံ့မခံ
ဆက်ဆက်၍တော်လှန် --။

မှန်ကန်သူ ဇာမကြောက်
အမောက်ကို ခမောက်နန့်ခေါက် --။

(ကျောက်သင်ပုန်း)

## ဂရင်သီး

လူသတ်သမားက
နားချသည်
သူတပါးအသက်ကို မသတ်ရ --။

ပါရာစိက
တရားပြသည်
ကာမေသုမိစ္ဆာစာရကံ
မကျူးလွန်ရ --။

အာဏာသိမ်းပါးစ
ကြားရသည်
ညီညွတ်ရေးကို တည်ဆောက်ကြ --။

ဖြိုခွဲက
အမြဲသုံးသည်
စည်းလုံးရေး --။

ဂရင်သီးနန့်
(အလွန်အလွန့်)

မှိုးပျံ့သတည်း --။

(သာလှဦး)

# ဂရင်သီး (၂)

အကုသိုလ် အယုတ်
(မပုပ်ခင်)
မှိုးမှိုးမှိုးကြိုင် --။

(ပုပ်သော်)
ခွီးခွီးချီးပိုင် --။

ဗုဒ္ဓ
(06/06/06)

# ကျိန်စာသင့်ဂေါ်င်း

ဖိနပ်နန့် မတန်လို့
ဖနောင့်ကို လှီးကေ
ဝရင်းတုတ် တောင်းစွာရာချင့် --။

ရယ်ချင်ကေရယ်
ပြုံးချင်ကေပြုံး
ခလုန့်သတ်စွာ
လောကမှာ မဆန်း --။

နတ်သမီး အလှပလှချေတိနန့်
အိမ်မက်တိကို ဆွဲဆန့်လို့
ညတာရှည် ဆောင်းညည့်တိကို
ဖျော့ဖျောင်းယင်း
မိုးမလင်းနိုင် --။

ကျိန်စာသင့်ဂေါ်င်းတလုံး
ဘုန်းဘုန်းချ အိပ်မပျော်

တရီးနိုး ထတွေးတိုင်း
ကမ္ဘာမီးလောင်
သားကောင်ချနင်း --။

ကြယ်သစ်လင်း
(Kray Thite Lunn)

# အတ္တာလွန်ရိပ်

၎င်း
ခရီးစထွက်ချိန်က ညဥ့်
ဝိသမမြိုမိုးရိပ်များ
အုံကြက်မှုကြောင့်
ရောင်ပြန်မဟပ်
သမုဒ္ဒယ လမ်းကြောင်းထက်မှာ
အနံ့မသင်း ကျုပ်အိုင်ကိုနင်း
စူးဝင်ခလုန့်တိုက်
ယီးတီးယိုင်တိုင်ဖြစ်ပျာယ်
ခရီးဆက်နီတုန်း။

ကျော်မြ
(25/09/2000)

# ရလာဒ်

ဟင်းလင်းပြင်ထဲ၊ မြူမှုန့်ကွဲပြား
ဖြူမဲရောင်စုံ၊ သန္တန်စုံနန့်
မဖြိုဟန်ထား၊ စွမ်းအားများကို
လှိုင်းအားတခု၊ တိုက်ဆိုင်ပြုက
အံတုရင်ဆိုင်၊ မကျော်နိုင်လို့
ထိုစိုင်ဒေရောက်၊ ထပ်ကြီလှောက်ပျာယ်
လွင့်မြောက်ခရီး၊ ဆက်တိုးမွီးယင်း --။

ကမ္ဘာကြီးထဲ၊ ရုပ်ဒြပ်ခဲများ
ကွဲလွဲရောင်စုံ၊ အသွင်စုံနန့်

မတုန်ဟန်ထား၊ စွမ်းအားများကို
လှိုင်းအားများစု၊ တိုက်ခိုက်ပြုလည်း
ဖက်တုပြိုင်ဆိုင်၊ ဖြိုခွင်းနိုင်ယင့်
တည်နိုင်စွမ်းနိုင်၊ ဂုဏ်ရောင်ယှဉ်လျှက်
မတ္တကြိုင်ထည်ရှိုး၊ ဆက်တိုးပျိုးယင်း --။

ကျော်မြ
(27/06/2000)

## အားမငယ်ကဲ့

အရှိဖက်ရောက်
ရိုးတလျှောက်ရောက်
ပြောက်ပြောက်ဆူညံ
သေနတ်သံနန့်
ရဲမာန်ဝင့်ကြွား
ဇာနီများသည်
စွန့်စားတမန်
ဖက်ဆစ်ရန်ကို
တွန်းလှန်တိုက်ခိုက်
လုံးလအားစိုက်
အမြစ်မကျန်
တော်လှန်လျှက် --။

အနောက်ကမ်းခြီ
ဂေါ်ယာမြီက
ဇာနီစိတ်ထား
သူရဲကောင်းများလည်း
ကြိုးစားရုန်းကန်
နယ်ချဲ့ရန်ကို
ခုခံတိုက်ခိုက်
ဇွဲစိုက်စိုက်ဖြင့်
နှိမ်နှင်းပစ်ရန်
နည်းသစ်ကြံလျှက်
ထက်ထက်မြမြ
ဝိရိယနန့်

တိုက်ခိုက်နီကတ်လီဗျာယ်တကား --။

(မင်းခေသ)

## အံ့ဖတ်

ခရမ်းသီးစကား
နားခါးလားခပါယာ --။

(ဝရင်းတုတ်)

## အင်းပေါက်ဝ

ငှက်ဖြစ်ပါလျှက်
ငှက်စကားထာ
မိနီပါကေ
အသင် ဇာတ်ပျက်နီဗျာယ်ယေ --။

(အမည်မသိ စာဆို)

## ဂြင်း

သံထဲကိုယ်၌
သံကဖြစ်သည်
သံချီးကိုက်ခြင်း
အကြောင်းရင်း --။

(သာလှဦး)

## ကျွန်မျိုးယုတ်

ရခိုင်သားမှာ

ကိုယ်၏စာကို
ကိုယ့်စကားဖြင့်
မရှိုးတတ်ပါ --။

သူ့စကားဖြင့်
ရှိုးတတ်ပါသည်
ခြိုပါသည် --။

သို့ပါသော်ကြောင့်
ကျွန်မျိုးယုတ်မှာ
နှစ်ပေါင်းရှည်ကြာ
ကျွန်ဖြစ်မည်မှာ
အသေချာ --။

(သာလှဦး)

## ဆရာပြော ဝမ်းရီဆာ

တခါလာလည်း
ဖတ်ဖို့မြန်မာ --။

နှစ်ခါလာလည်း
ဖတ်ဖို့မြန်မာ --။

သုံးခါလာလည်း
ဖတ်ဖို့မြန်မာ --။

ဖတ်ဖို့ရခိုင်
မဟိပါ --။

ဆရာပြော
မသိပါ --။

ပြည်မြန်မာက
လူများမှာ
သူရှိုးသောစာ

မဖတ်ပါ --။

(ထိုသောအခါ)
ဆရာ ပြော
ဝမ်းရီဆာမှာ
စားပါလီယင့်
'သကာ'

(သာလှဦး)

## မျက်နှာငယ်ပန်းခင်း

သူ့ပန်းခြံမှာ
ဖြူပြာနီဝါ
တင့်တယ်ပါ၏ --။

ငါ့ပန်းခြံမှာ
ပြာပြာဟောက်ဟောက်
သို့ခြောက်၏ --။

ဆလိမ်နွယ်အုပ်
ထွီးယှုတ်ခြာခြူ သပွတ်အူလိုက်
ငါ၏စိုက်ခင်း
ကြည့်ယင်း စိတ်ညစ်ရပါသည် --။

ထုပ်ပိုးသယ်ကူ
သျှင်လူနောက်လိုက်
ပန်းကမစိုက်
ပေါင်းရာစိုက် --။

မောင်ပေါက်
(ရခိုင်ပြည်)

## ကန်တော့ဆွမ်း

ရခိုင်ဖြစ်ပါလျှက်
မြန်မာစကား တခွန်းစ နှစ်ခွန်းစ

(ပဲလှော်ကြား
ဆားညှပ်
ဂြားဂျီ ဂြားဂျပ်)

ပြောရမှ ကျေနပ်ပါသည်
မပီပါ၏
ပီပါ၏ --။

ရခိုင်ဖြစ်ပါလျှက်
မြန်မာပိုင် ရွှီးရ မှတ်ရ

(ယောက်ဖကျော်
ဗွေတော်ကိုတမ်း
ယောင်ကာယမ်း)

လွမ်းရမှ ကျေနပ်ပါသည်
အာခြီပါ၏
လျှာခြီ၏ --။

ဝိညာဉ်ကျွန်ဖြစ်
ချွတ်ရမလွယ်
သင်သရာရှည်သည်
အောက်ပြည်ငရဲ လားသတည်း --။

(သာလှဦး)

## ဉာဏ်ကောင်းသူများ

ရန်ကုန်ရောက်စွာ
တပတ်တောင်မပြည့်သိမ့် -

'လက်ခုတ်သီး' လားဝယ်လူက

'သော့ခလောက်' ဖြစ်။

'ဂယိုင်သီး' ကြိုက်တေလူက
'မလကာသီး' ဖြစ်လာ။

'ဆရာ' ကို 'ဆယာ' လို့ခေါ်။

'ယကေလှဲ့' ကို
'ဒါပေမဲ့' ပြော။

'အဖ' ကိုပင်
'အမိလင်' လို့ခေါ်ချင်သူတိ။

'ကောက်စရီ' ကိုမိလို့
'ဗေဒါ' ကိုချစ်တတ်လာ။

'လွှ' ကို 'သွှ' လို့ထွက်ခါထွက်။

ခလုန့်သတ်စွာ
'အမလေး' လို့ယောင်။

ပြောရကေ
နားရှက်တေ။

(ဝရင်းတုတ်)
(July 4, 2005) တလလ်ာနိ။

## သုတေသီ

သုတေသီဟု
ပညတ်ပြုသော
ဗဟုသုတ
လွှန်ကြွယ်ဝသော ဆရာ --။

ကမ္ဘာ့သမိုင်း
ဖြစ်စဉ်တိုင်းကို

ပိုင်းခြားဝေဖန်
တိကျမှန်သော ဆရာ --။

မြန်မာရာဇဝင်
ကျမ်းစုံလင်ကို
ရင်သတ်မိမော
ဟောပြောနိုင်သော ဆရာ --၊

ပိဋကတ်သုံးဖုံ
အလုံးစုံကို
အာဂုံ ဆောင်လျှက်
နှုတ်ကျက်ရသော ဆရာ --။

ရခိုင်သမိုင်း ရခိုင်စာကျ
လေ့လာကြိုးကုတ်
ဖော်ထုတ်ဖို့ရန်
သူက မိကွန်ဆောင်နီ၏ --။

မောင်ပေါက် (ရခိုင်ပြည်)
(11/07/2006)

## ခေါက်ရမ်းပွင့်သော သဇင်

မျိုးချစ်တေဟု၊ ဆိုပေလာသော
ရာဇဝင်ခဏ်း၊ တော်ဝင်နန်းက
ပန်းလှသဇင်
သင်ပွင့်သောပန်း၊ အဆန်းအကွန့်
လိမ်အတွန့်ဖြင့်၊ အညွန့်အနု
ဝတ်ရည်စုလျှက်၊ နုနုပျိုပျို
စိုစို့ရွှန်းရွှန်း၊ လွန်ထူးဆန်းလည်း
ခွဲခြမ်းသေချာ၊ စီးစစ်ပါသော်
ညာတံအရိုး၊ တမျိုးတမည်
ပင်စည်ကားကား၊ ဝမ်းဖားဖားဖြင့်
အနားလိပ်ပြာ၊ သန်းမလာသော
ဗလာအနံ့၊ မွှီးပျံ့မဟိ
ပကတိလျှင်။ ပီပြင်ထင်ရှား

ကားကားပွင့်လန်း၊ ထိုသည်ပန်းမှာ
ခေါက်ရမ်းပန်းကြီးဖြစ်နိုးသတည်း --။

(သာလှဦး)
ရခိုင်သမ မြန်မာကဗျာစာဆိုသျှင်ကြီး (စစ်တွေပွင့်လွှာ) သို့ လွမ်းခြင်း။

## တပ်လှန့်သံ

သီမထူး
နီမထူး
ခွီးရှူးဝဲစား
လျှောက်သား နရန်းလန်
ရိုင်သောက်
မြက်ခြောက်တွယ်
စုက္ကတီးနွယ်ဖွား
ဖားပြုတ်များကို
ချောင်းမြောင်မကြွင်း
ကြွက်တွင်းမချန်
တွန်းလှန်မျိုးဖြုတ်
နိဂုဏ်းချုပ် --။

ယောက်ဖခေါ်ချင်
ကားစင်တင် --။

အဝင်လည်းပီး
နရင်းတီး --။

လူကြီးတင်မြှောက်
ဂေါင်းကိုခေါက် --။

ဒူးထောက်အောက်ခံ
သဘောက်ကျွန် --။

(ဆော်ဩသူ)

# တိုင်တည်ပါသည်

တိုင်တည်ပါသည်၊ မြတ်သျှင်ဆီသို့
တူညီဆန္ဒ ဟိသည်ကို --။

အို -- အသျှင်ဥတ္တမ
မြန်မာ့တခွင်၊ ငြိမ်းစီချင်၍
အသျှင်ကြိုးပန်း၊ လွတ်လပ်လမ်းကို
ဖွင့်စွမ်းနိုင်ခပါသော်လည်း --။

ယမန်နိုညာ၊ သျှင့်အိမ်အတွင်း
တဝင်းဝင်းညံ၊ သေနတ်သံရို့
ကျည်ဆံရို့က
သွီးခင်းခကတ် လီဗျာယ်တည်း --။

အို -- အသျှင်ဥတ္တမ
သျှင့်ခြီရင်းကို၊ ငုံ့ယင်းကြည့်ပါ --။

လူသတ်သမား
သင်သတ်ထားသော၊ အလောင်းများကို
လား၍ကြည့်ပါ --။

မြင်ကြည့်လိုက်ပါ
ထောင်ရာချီမျှ၊ သီကြသည်အတွင်း
ပြစ်မဲ့ကင်းသော သူငယ်များ --။

လက်နက်ဆို၊ အပ်တိုမျှလည်း
မပါခပါ --။

ကျူးကျော်မှုကို၊ ဇာဆိုဇာမျှ
မလုပ်ခပါ --။

လက်နက်အားကိုး၊ ခွီးသူခိုးရို့
ယုတ်ဆိုးလွန်ညစ်၊ ရန်သူစစ်သို့
စစ်တလင်းဆင်၊ သည်ကျွန်းပြင်ကို
မကြင်နာတမ်း၊ သွီးစိမ်းလွှမ်းစီ
လောင်ကျွမ်းလီခ ပါဗျာယ်တည်း --။

သွီးညှိနံ့လှိုင်၊ သွီးအိုင်ခံလျှက်
မကန်လူသား၊ အလောင်းများသည်
ထိုနားတစု၊ ဒေတစုဖြင့်
စုပေါင်းမြောက်များ၊ အနှံ့ပြားတည့် --။

ယမ်းငွေ့မပြယ်၊ ဤသည်နယ်ကို
မိဖွယ်မဟိ၊ ဘီလူးသွီးသောက်
ခွီးသဘောက်ရို့၊ သီပျောက်ပါစီ
ငါမကျီနိုင် --။

သျှင့်ခြီရင်းကို၊ ဦးခိုက်ဆိုသည်
အလိုပြည့်ဝ ပါစီသတည်း --။

ကန်တော့လက်ဆောင်၊ ကျွန့်လက်ဆောင်သည်
မပြောင်ဆီမီး၊ သစ်သီးမဟုတ်
ပန်းမဟုတ်ပါ၊ သွီးခွက်သာလျှင်
ကျွန့်မှာလက်ဆောင် ပါပါသည် --။

သည်လက်ဆောင်မွန်၊ မှုတ်ခွံသွီးခွက်
တင်ဆက်သည်ကို၊ ခွင့်ပြုလိုသည်
သွီးကိုသွီးဖြင့် ဆပ်ရစီ --။

နိုင်နိုင် (စစ်တွေ)

# အလှည့်ဆွမ်း

ချင်ဆီ
လုပ်ချင်တိုင်းလုပ်
ယုတ်ချင်တိုင်းယုတ်
နှမဖောင်းတိကို
ဆီသုတ်သွတ်ဖို့
အလွတ်မပီးကဲ့ဖိ --။

တယောက်တဇွန်း
သပိတ်ဆွမ်းကို ဖြည့်ကတ်မည် --။

စေတနာကောင်း
သဒ္ဓါဆွမ်းကို လောင်းကတ်မည် --။

ပုဇွန်တုတ်ကြီး ဆီပြန်ကျော်
မြင်စွာနန့် လျှာရည်ယို
သကြားမလို
ဆားမလို
ပျားချိုချိုသည်
နီညိုညို ညဇာသား
မထင်းကို ဝအောင်စားထား
ဖက်ခွက်များ အားလုံး --။

(ရွှေရခိုင်)

## ဇာသူလျှောက်လှမ်းချင်ဖို့လဲ

ခက်ထန်ကြမ်းတမ်း
ခရီးလမ်းကို
ဇာသူလျှောက်လှမ်းချင်ဖို့လည်း --။

လူ့အခွင့်အရေး
အလေးမမူ
သွီးစုတ်ယူပြီး
လူကိုစော်ကား
မတရားမှု
ထင်တိုင်းပြု၍
အန်တုဖြိုခွင်း
တော်လှန်ခြင်းများ
ဖြစ်ပွားပေါ်လာ
သမိုင်းလွှာသစ်
အဖြစ်ကတော့
ရှိုးရှိုးရာ --။

လူကိုလူထင်
လူဟုမြင်သော်

လူလျှင်လူချင်း
စစ်ခင်းတော်လှန်
ခက်ထန်ကြမ်းတမ်း
ခရီးလမ်းကို
ဖြတ်သန်းလျှောက်လိမ့်မည်မဟုတ်ပါ --။

(ခိုင်ချစ်သွီး )

## ဧရမ သူရဲကောင်း

မြက်ထွင်သောခါ
သူမပါ --။

ပေါင်းယှင်းသောခါ
သူမပါ --။

ရိလောင်းသောခါ
သူမပါ --။

အပင်ကြီးလို့
အသီးသီးလာ
သူမပါ --။

အသီးကြီးလို့
စားဖို့ခါကျ
သူပထမ --။

အေဆူလျှင်
လူတော် --။

အေဆူလျှင်
သူရဲကောင်း --။

အေဆူလျှင်
ပညာဟိ --။

အေဆူလျှင်
ကဝိ --။

(သာလှဦး)

## လက်နက်ကိုင် ရခိုင်သူရဲကောင်းကြီးများ

ကိုယ်ကိုင်လို့ ကိုယ်ကျ
ရေမ ကျင်သန်
နောက်ဂွမ်းပြန်သည်
မင်းလောင်းချေတိ
စားလီဖိ --။

နောက်တန်းဆိုလျှင်
တားလို့ပင်မရ
ရှိတန်းထွက်ဖို့ --။

ရှိတန်းဆိုလျှင်
ခွန်အားထက်
ဉာဏ်သွားထက်
ကဗျာ ကဗျာ
ရွှီးစရာသည်
ငါ့မှာ တပုံတခေါင်း
အလစ်ချောင်းကာ
ထွက်တုတ်လာသည်
ကဗျာဆရာကြီး
စာမရွှီး --။

ရွှီးသည့်ကဗျာ
မြန်မာယှောင်
ဆီပုလင်းကို ဆောင် --။

(သာလှဦး)

## ပစ္စုပ္ပန်ရက္ခပြည်

အကျွန်ုပ်ရို့၏ရက္ခပြည်
အဖြစ်မှာဖြင့်၊ ရင်လီးစရာ
မီးရောင်လည်းပျောက်
လမ်းမပေါက်၍၊ ရီမရောက်စားစရာ
သားငါးမှာလည်း
မမီးဝဲ့စရာ
ခက်ပါရေလေး --။

တနိတလုပ်၊ ကောင်းကောင်းစားဖို့
မနည်းအားနန့်လုပ်မှ
ဝဝချေစားရရေ
အကယ်အမှန်
အကျွန်ုပ်ရို့၏ရက္ခပြည် --။

ညေဝတီ၊ ဗျာဒိတ်ရလည်း
ကျွန်သပေါက်ဘဝ၊ ငါရို့ရောက်၍
ပေါများဟိရေ၊ ဆန်ရီစပါး
ငါးပုစွန်နှင့်၊ ဟင်းကမကျန်
ရခိုင်သားရို့ မစားရကုန် --။

စားစရာ ချိုင်ပေါင်
ဝတ်စရာ အဆိုးထုပ်
နီစရာ တဲစုတ်
ထွန်းစရာ မီးဖယောင်းနှင့်
ပျော်ဖို့ကောင်းရေ
ကျွန်ဘဝနှင့်ရခိုင်ပြည် --။

(ကျွန်မဟုတ်တေ ကျွန်ချေယောက်)

## ရခိုင်တော်လှန်ရေး

ဖက်ခွက်စားတိ အဖိနှိပ်
မခံချင်ရေစိတ်

အံကိုကြိတ်လို့
မိပစ်ဖပစ်
ပြည်ချစ်စိတ်နှင့်
မွီးရပ်ကိုခွာ
ထွက်လို့လာရေ
ရခိုင်မသား
တော်လှန်ရေးသမားချေတိ --။

လာရေအခါ အဖြူထည်
ဘက်မသိ ဘောင်မလို
တိုက်ရကေကျေနပ်
ဇာလောက်တက်ကြွကတ်တေလဲ --။

ယေကေလို့
လက်တွိဘဝ တော်လှန်ရေးမှာ
အရောင်ဆိုးခံကတ်ရ
လူကြာကြီးတိဘားမှာ --။

နောက်ဆုံးခါ
နှစ်တိကြာလို့
လူကြာကြီးတိ
သင်ပီးရေ နည်းပညာ
ဝါးတုတ်ကိုရာ
သိုက်နှင့်ခြင်ဖို့
တတ်လို့လာ --။

ပြောရေအခါ မျိုးချစ်
အနစ်နာခံကတ်ရဖို့လတ် --။

လုပ်တေအခါ ကိုယ့်စိတ်တချင်
တယောက်ကိုလည်း မတိုင်ပင် --။

ပြောရေအခါ ညီညွတ်ရေး
လုပ်တေအခါ နီရာရရေး --။

ပြောရေအခါ တမျိုးသားလုံးကောင်းစားရေး
လုပ်တေအခါ ဆွေမျိုးကောင်းစားရေး --။

ပြောရေအခါ ဒီမိုကရေစီ
လုပ်တေအခါ လီမိုကရေစီ။

ပြောရေအခါ လူ့အခွင့်အရေး
လုပ်တေအခါ ကိုယ်ထိန်းချုပ်ရေး --။

အေပိုင် အေပိုင်
သပ္ပတ်အူ တော်လှန်ရေး
ပဇောင်ပျင်လို့ အောင်ဖို့လဲ --။

စိုင်းစားကေ ရင်ကျပ်
ပြန်ထွက်ကေ အမ္ဘီးကျွတ် --။

ခွီးဖျာလိပ် ဝင်ရေပိုင်
ပြည်ကိုလည်း မပြန်နိုင် --။

သူများပြည်မှာ ဒုက္ခ
တော်လှန်ရေးသမားချေတိဘဝ --။

(ရင်ခတ္တီကျွန်းသား)

# ချစ်လီညီလီ စည်းလုံးလီ

လေးဝတီဖွား၊ ညီကိုများရို့
ခံစားကြည့်လိုက်၊ နှောင်းအတိတ်က
ဓညဝတီ၊ ဝေသာလီ
ပုရိန်ပဥ္စာ၊ နေရဥ္စရာနှင့်
လောင်းကြက်လေးမြို့၊ ဖွံ့ဖြိုးသာစွ
လှပတင့်တယ်၊ ရခိုင်ပြည် --။

လေးဝတီဖွား၊ ညီကိုများရို့
သားငါးပုဇွန်၊ စပါးဆန်နှင့်
ပေါလျှံကြွယ်ဝ၊ ပြည်ရကၡိုင်
အတိတ်ခန့်ငြား၊ ဆန်းပြားလက်ရာ
ဗိသုကာရို့၊ အမြင့်မှာဆန်း

အုံ့မခန်းသည့်၊ ရွှေပြည်မြောက်ဦး
ညွှန့်ဖူးမဏ္ဍိုင်၊ ပြည်ရခိုင် --။

လေးဝတီးဖွား၊ ညီအကိုများရို့
စိုင်းစားကြည့်ပါ၊ တွေးကြည့်ပါ
အဂုချိန်ခါ၊ ငါရို့မှာကား
ပြည်ရွာမြို့ပြ၊ သာစွမဟိ
အတိဆင်းရဲ၊ အမှောင်ထဲ၌
ဒေးမောမနီ၊ အားမာန်ချီ၍
ချစ်လီညီလီ စည်းလုံးလီ --။

လေးဝတီဖွား၊ ညီကိုများရို့
စကားကွဲပြား၊ လီသံခြားလည်း
မိကားရခိုင်၊ ဖရခိုင်နန့်
အတူမွီးဖွား၊ ရခိုင်သားရာ
သွီးခြားစကား၊ မပြောကြားဖို့
ချစ်လီညီလီ စည်းလုံးလီ --။

သြော် --
လေးဝတီဖွား၊ ညီကိုများရို့
ဒေါသမထား၊ စည်းမခြားပဲ
အားဖြည့်ကြပါ၊ စည်းလုံးပါ
ကြိုးစားကြပါ၊ နိုးထပါ
ချစ်လီညီလီ၊ စည်းလုံးလီမှ
သာစွရခိုင်၊ ပြည်မဏ္ဍိုင်၌
သဇင်ကြိုင်သင်း၊ လခြမ်းလင်း၍
ငါရို့မိဌာန်၊ အောင်ပွဲခံမည် --။

(ခိုင်ချစ်သွီး)

# ဘောလုံးပွဲ

ပြိုင်ဖက်က
အထိနာ လိပ်ပြာမလုံဖြစ်နီတုန်း
ရသည့်အလုံး
အလှဆုံး တင်ပီးကေလဲ့

ကိုယ့်ဖက်သားတိက ခြီမသွက်
ပြိုင်လူမဖျက်ဘဲ ပျက်ကျ
အားပီးလူတိ ဒေါသထွက်
စိတ်ပျက်လက်ပျက်ဖြစ်ကတ်ရ --။

သတိနန့်စစ်ဆင်
မကြာခင် လျှပ်စိမ်းပြ
ဂျက်ကျမည် အယင် --။

ပြိုင်ဖက် အက်ခိုက်
(ထုရိုက်)
အငိုက်မိကေ အပီကိုင်
(အပိုင်လျှိုး)
လက်ဦးသူနိုင် --။

ဟိန်းနိုင် (မန္တလေး)
(29/11/2005)

## မင်းကိုနိုင်ကဗျာ

ဆန္ဒနန့်ဘဝ
တထပ်တည်းကျဖို့ဆိုစွာ
ကူပွန်ချေတစောင်ကိုင်ဗျာ
ကံစမ်းမဲ ပထမဆုကို
မျှော်နီစွာနန့် အတူတူ --။

ငါရို့တိကိုယ်က
တိုက်ဆင်တိပိုင်
အရီထူဖို့ ကြိုးစားနီရစွာ
တိုက်ပွဲကြမ်းကဒါဏ်ရာ
အောင်ပွဲရခါမှ ပြဖို့ --။

ဓါတ်စာအမျိုးမျိုးကို
အိပ်ရာထဲက ပူဆာနီရေ
လူနာသည်နန့်
တူနီမှန်းလည်းသိပါရေ --။

အမိခွဲ့ကျွေးသမျှ
(တကျာကျာအော်ဗျာယ်)
ပစလိုက်ဟ
ငှက်ပေါက်စချေ ဘ၀က
လွန်မြောက်ချင်စွာ ကြာဗျာယ် --။

လောင်ဂျီကျူ မျဉ်းတကြောင်းတည်းထက်
အတူမနီနိုင်ကတ်လို့
နိုညလည်း မတူ
အိမ်မက်ကို ပြောပြဖို့
မိုးထက်စောစောမှာ
နင်ကအိပ်မောကျခါစ --။

- နှင်း - တေးခြင်းထဲကပိုင်ပ
အဂုက ပင်လယ်ပြင်ရာဟိဗျာယ် - ဆိုရေ အပိုဒ်
တကျော့ပြန်ပြန် ဆိုလိုက်မည်
တနိုနို
ငါကောက်ထားသမျှ ခရုခွံတိနန့်
အရုပ်ချေတိ လုပ်ပြမည်
မျောက်သန်းရှာရေ
အရုပ်ချေလည်း ပါဖို့ပ --။

(မင်းကိုနိုင်)
စစ်တွေထောင်တွင် ရှီးစပ်သည်။
(ရခိုင်ဘာသာသို့ ဘာသာပြန်ဆိုထားပါသည်)

## ကာရံမဲ့ ကဗျာတပုဒ်

ဆင်ပေါင်ကြီးမှန်ကေလဲ့
နွံနစ်သောခါ
ရုန်းရမလွယ်ပါ --။

ကျွံနီလူက
မရုန်းကြွကေ
အသူလာလို့ ရုန်းဖို့လဲ --။

(TV) ထဲက
ဟက်လီကော်ပတာ
စောင့်မျှော်နီလား --။

ရခိုင်ပြည်မှာ
ဟက်လီကော်ပတာ
မဟိပါ --။

ကိုယ်ကျွံနီစွာ
ကိုယ်မရုန်းကြွ
ပရံလူကြွလို့ လွတ်ဖို့လား --။

နဖူးလက်တင်
နီမဝင်ခင်
စိုင်းစားပါ ငါ့သျှင် --။

ဆင်ပေါင်ကြီးအား
ဇာနားထားလဲ
စကေ့ချေလောက် ရှန်းကြည့်စီချင် --။

သို့မဟုတ်လျှင်
အသင်
(ဆင်) ဆိုကေလှဲ့
ကျုပ်ထဲမှာ
မြုတ်လားနိုင်ရေ --။

(သာလှဦး)

## မျောက်မ

ငါရို့က သူ့ကို မလိုပါ
ယေကေလှဲ့ သူ့ခင်မျှာ
မျက်နှာ ပြာပြာ ရောက်လို့လာ --။

ငါရို့က သူ့ကို မခင်ပါ

ယေကေလဲ့ သူ့ခင်မျှာ
မျက်စိပျတ ပေါက်ချလာ --။

သူရောက်က
လက်မအားပါ
အကုန်သူကို ပြဿနာရှာ --။

မုဒိမ်းကျင့် လူသတ်
ခိုးဝှက်လိမ်ဝါ
ယုတ်ညံ့အောက်တန်းကျ
နိမ့်ကျလွန်းပါရေကာ --။

မျောက်မဗီဇ
ဖျောက်ရမလွယ်ပါ
ပေါက်ကတည်းက ပါလာစွာ
ရောဂါ --။

(ရွှေရခိုင်)
မြန်မာ့တပ်မတော်ကို ရည်ညွှန်းသည်။

# မတတ်သာလို့ရာ

ခွီးသူတောင်းစားတိက
ငါရို့ပြည်ကို လာအုပ်ချုပ်
လူလုပ်နီကတ်တေ --။

သူရို့က
အနူလက်နန့်
ရွှေခွက် ကိုင်ချင်နီကတ်တေ --။

စောက်ပုံမလာရေ မျက်နှာနန့်
ဖက်ခွက်စားတိ --။

အကုသိုလ်အလုပ်နန့်
အယုတ်တမာတိ --။

အဂုမှ
သူ့ရို့အလှည့်ကျ
ငိုပြတတ်ကတ်တေပင် --။

ကကောင်း
သနားဖို့ ကောင်းလှပါ၏ --။

ဖင်တကွကွ
မျောက်မ အိုနာတိ --။

အားနာပါယင့်
သူ့ရို့ ပစပေါက်ကို
ဂွမ်းဆို့ထားလိုက်ချင်ရေ --။

(ဝရင်းတုတ်)
မေလ (၂၅) ရက်နိ၊ ၂၀၀၂ - ခုနှစ်။

## ဇာလုပ်သင့်ဗျာလဲ

ဆန်ဆီဆီးဆား၊ သီးနှံများကို
ငါရို့ စိုက်ယူနိုင်ကတ်တေ --။

မြီပေါ်မြီအောက်၊ ရီအောက်မကျန်
သယံဇာတ၊ ရတနာအလှကို
ငါရို့ ရှာဖွေနိုင်ကတ်တေ --။

သိပင်သိထား၊ လီသော်ငြားလည်း
ခံစားကျိုးငှာ၊ မစွမ်းသာစွာ
ငါရို့ ဇာကြောင့်ကြုံရလေ --။

နယ်ချဲ့လက်အောက်၊ ကျွန်သဘောက်ဘဝမှာ
နှစ်ပေါင်းရာချီ၊ ပိတ်လှောင်နီရ
လမိုက်ညတိ၊ မဆုံးနိုင် --။

သောကတွိကြုံ၊ ငရဲဘုံကို
မဖြိုနိုင်ဘဲ၊ တွေငိုင်ငေးဗျာ

ကြမ္မာအပြစ်၊ ခံနီကတ်တေ
ရခိုင်ချေရို့ အချိန်တန်ဗျာယ် --။

(ခိုင်ကျော်ခေါင်)

# လှော်ငအိမ်စံ သံယောဇဉ်

လှော်ငအိမ်ဆိုစွာ
ဖိနှိပ်မှုတိ ဆုံစည်းရာ
လွတ်လပ်မှုမှန်သမျှ ဆိပ်သုန်းရာ
အနိဋ္ဌာရုံရို့ စည်ပင်ရာ
ပျော်ရွှင်မှုတိ ချုပ်ငြိမ်းရာ --။

သာမန်လူတယောက်အတွေးနန့်
ရိုးရိုးစင်းစင်းချေ
သိနိုင်ပါရေ --။

ယေကေလဲ့
ဒေလှော်ငအိမ်ထဲမှာ
မဝရေစာ ထမင်းတဆုတ်
ရီတမုတ်ကို ခင်မင်ဗျာယ်
အရာရာကို မျက်စိမှိတ်
ကြိတ်မှိတ်ခံစားဗျာယ် --။

အဆုံးမဟိရေ ကောင်းခင်ပြင်ကို
စိတ်ကူးယိုင်လို့
အကြိမ်ကြိမ်ပျံဖို့ ကြိုးစားခကေလဲ့
အရာမထင် ရီပြင်အရုပ်ဆွဲ
ကကြိုးပြုတ်ကျ
ပင်ပန်းရရေ --။

ယေကေလဲ့
ရုန်းထွက်ရ ခက်နီစွာက
ဒေလှော်ငအိမ် မာကြောလို့လား
ငါ့အတောင်ဖံ ကျိုးနီလို့လား
ဒေလှော်ငအိမ်ညို့အား

ငါ့ကို ဖမ်းစားထားလို့လား --။

ခိုင်မျိုးထွန်း
(နိုဝင်ဘာလ (၁၀) ရက်၊ ၂၀၀၅-ခုနှစ်)

## မွီးရာပါဗီဇ

သဲတပွင့်ကို အမှီပြုလို့
အုပ်တချပ် တန်ဖိုးကို
နှလုံးအတွက် ရင်ဝယ်ပိုးရင်း
ဘဝမလှခြင်းကို ခွင့်လွှတ်နိုင်စီဖို့
ရက္ခမြီအတွက် သားစတေးခံမည် - အမင် --။

ရုပ်ဆင်းနတ္တိ
နှလုံးစင်စစ်နန့်
တော်လှန်စစ်တွက်
သားရုပ်လောင်းခန္ဓာ
လှူဒါန်းချင်စိတ်ကို
သားအတွက် ဝမ်းမြောက်ပါ -အမင် --။

အမင်သားသွီး
ပြည်ကြီးရှင်သန်ဖို့
တခွက်သောက်ရီ
ပီးစွန့်နိုင်ရေး
သားတယောက် အဖွဲ့ဝင်ဖို့
တွန်းအားပီးပါ -အမင်- ။

အမိုင်းဟိရေ အရက္ခတော
အဖိုးပြောရေ ရက္ခမြီ
ဗျာဒိတ်ပန်းမြီ
လက်ာမြောက်ရေး
သားကို အားဆီးတိုက်ကျွေးပါ -အမင်- ။

စွန့်လွှတ်မှုများကို ကြောပိုးရင်း
ဗျူဟာထိပ်ရောက် ကြိုးပမ်းမည်
မပြီးမြောက်သိမ့်ရေ တာဝန်အတွက်

နောက်ပြန် မမျှော်ခြင်းကို
ကျေနပ်စွာ ခွင့်လွှတ်ပါ - အို -အမင်- ။

(မျိုးဆက်သစ်လူငယ်များသို့ မိတ်ဆက်ခြင်း)

(အောင်သန်း)
နိုဝင်ဘာ (၈) ရက်နိ၊ ၂၀၀၅-ခုနှစ်

# ညက တော်လှန်ရေးကိုရောက်

ညက တော်လှန်ရေးကိုရောက်
သွားပေါက်စ ခွီးချေတိ
ညီညွတ်ရေးဆို
ပုသင်ညို
ဂေါင်းကိုလည်းညှိတ်
ခလိမ်ကျိတ် --။

ညက တော်လှန်ရေးကိုရောက်
သွားပေါက်စ ခွီးချေတိ
တော်လှန်ရေးဆို
တောထဲခို
ဂြာအိုလည်းကျ
လက်နက်ချ --။

ညက တော်လှန်ရေးကိုရောက်
သွားပေါက်စ ခွီးချေတိ
ရဖျူဂျီကို မလိုဆို
မလိုဘဲလျှောက်
နတ်ပြည်ရောက် --။

ညက တော်လှန်ရေးကိုရောက်
သွားပေါက်စ ခွီးချေတိ
တုံးပိုင်းကိုကိုင်
ဆောင့်ခြောင်ထိုင်
တုံးပိုင်းလည်းကျိုး
ဂွမ်းလည်းထိုး --။

မောင်ပေါက်
(ရခိုင်ပြည်)

# ဆရာတော် ဆွမ်းစားပါ ဘုရား

ဆီများဆီနိုင်
ဆားများဆားနိုင် ဘဝမှာ
လူဖြစ်ရစွာ မသက်သာ --။

အယင်ကခါ
ဗာရာဏသီပြည်မှာ

ဆွမ်း - ကို
ကွမ်း - လို့ခေါ် --။

ဆရာတော် - ကို
ယောက်ဖ - လို့ခေါ် --။

ဘုရား - ကို
နွား - လို့ခေါ် --။

ဆွမ်းတကာ မောင်ယောက်ကျား
ဆွမ်းပို့ဇောင်လား --။

ဆရာတော်ကို
လျှောက်ဆိုသော စကား --။

ယောက်ဖ
ကွမ်းစားပါ - နွား --။

သူ့အိုး သူ့ဆန်
အတန်တန် --။

မောင်ပေါက်
(ရခိုင်ပြည်)

## လိုအပ်ချက်

အမျိုးချစ်စွာ ကောင်းပါရေ
(ယေကေလဲ့)
အဖိုးထိုက်ဖို့တော့ လိုမည် --။

တော်လှန်ရေးလုပ်စွာ ကောင်းပါရေ
(ယေကေလဲ့)
လျှော်ကန်သင့်မြတ်ဖို့တော့ လိုမည် --။

မျိုးပျောက်ဖို့
စိုးကြောက်ကောင်းပါရေ
(ယေကေလဲ့)
သူခိုးနောက်လိုက်
မဖြစ်ဖို့ လိုမည် --။

(မောင်မှန်)

## မဆန်းလား

အသွီးအသားထဲကလောက်
အမျိုးသားသစ္စာဖောက်တိက
အောက်ခွက်စကား
ဝအောင် ပြောပြီးကေ
အောက်ခွက်ကဗျာ
ဝအောင် ရှီးနီကတ်စွာ
ဆန်းလာ --။

(ယေကေလဲ့)
အမျိုးချစ်တေ ပြောပြီးကေ
မျိုးပျောက်ဖို့ စိုးကြောက်သူတိက
အောက်ခွက်စကား
ဝအောင် ပြောပြီးကေ

အောက်ခွက်ကဗျာ
ဝအောင် ရှိုးနီကတ်စွာ
မဆန်းလား --။

(မိုးရိပ်)

## ဇစ်မြစ်

နီဝန်း - ထဲက လာရေလူတိ
ရဲရဲတောက်သတ္တိ
မဆုတ်မနစ်ဖွဲ့လုံ့လတိနန့်
တတိတိကြိုးစား
လိုချင်စွာကို ရအောင်ယူဗျာယ်
နီဝန်း - ထဲကိုပြန်လားကတ် --။

ရီစမ်း - ထဲက လာရေလူတိ
ချမ်းမြေ့သောမနော
အေးငြိမ်းသောသဖောကိုဆောင်ဗျာယ်
တည်ကြည်ခိုင်ခံ့ရေ စိတ်နီသဘာဝ တိနန့်
အားလုံးကို စွန့်ခွါပနာ
ရီစမ်း - ထဲကို ပြန်လားကတ် --။

လီသရမ်း - ထဲက လာရေလူတိ
မခိုင်မာရေစိတ်ဓါတ်
ယိုင်တိုင်တိုင်ခြီလှမ်းတိနန့်
ကျားဖမ်းဖို့၊ ဆင်ဖမ်းဖို့
ကောင်းခင်ကို မီးနန့်တိုက်ဖို့ ဆိုဗျာယ်
လီ လာပမ်းပနာ
လီ နန့်အတူ ပျောက်လားကတ် --။

အို အာရီယန်နွယ်ဖွား ရခိုင်သားရို့
နီဝန်း - ထဲက လာကတ်တေလား?
ရီစမ်း - ထဲက လာကတ်တေလား?
လီသရမ်း - ထဲက လာကတ်တေလား?
ဇာက လာလို့
ဇာကို လားကတ်ပါဖို့လဲ --။

(မောင်ကြီး)

# ဟာသ

ဟိ - ဟိ - ဟိ -
ရခိုင်သား - လတ်
အမျိုးသီလ နှစ်ဌာနကို
စောင့်ထိမ်းမှုအား
ဆုတ်ယုတ်လားကေ
သွီးနှောချင်လူ ရယ်ဗျာမနား --။

ညီညွတ်ရေး - လတ်
ပစကပြောဗျာယ်
သဲအိမ်လောက်တောင်
မတည်ဆောက်နိုင်
ဖြို့ခွဲချင်သူ ရယ်ဗျာမနား --။

အမျိုးသားတော်လှန်ရေး - လတ်
နှစ်နှစ်ရာကျော် အစကိုမိ
ရန်သူလည်းပျောက်
လမ်းလည်းမှောက်
အကောက်ကြံသူ ရယ်ဗျာမနား --။

လွတ်လပ်ရေး - လတ်
တယောက် တပေါက်
ကရောက် ကထောက်
ပြောက်သောက်
တောင်တယောက် မြောက်တယောက်
ကွက်ကျားမိုးလောက် မထိရောက်
အောက်ခွက်ဖက်ခွက် ရယ်ဗျာမနား --။
(ဟား - ဟား - ဟား - ဟား)

ပုဏ္ဏားကျွန်း ဇူးဝေ
(07/06/03)

## လမင်းကို လှမ်းဆွတ်ခြင်း

အတောင်ပါကေလဲ့
ပျံခွင့်မရ
ကောင်းခင်ကြီးက ကျယ်ပါယင့် --။

လူတိ
လွတ်လပ်ခြင်းလက်နန့်
တိမ်ပန်းတိကို ဆွတ်လို့ပန်လို့ --။

ဝိုင်းစက်စက်
ကမ္ဘာမြီမျက်နှာပြင်က
မီးမိုတ်မိုးမှောင်
ဂျောင်ချောတနီရာမှာ
(ငါ)
မရုန်းသာ မရွှန့်သာ --။

အလျှူတရာ နက်ကေလဲ့
အတွင်းအားနန့်ရုန်းထွက်
ဝံလက်တောင်ဖံခတ်ပျာယ်
အရောက်ပျံလာလတ်မေ
စောင့်နီ --။

(ပုဏ္ဏားကျွန်း ဇူးဝေ)
(12/09/02)

## ကြီကွဲစရာမြင်ကွင်းများ

လမိုက်ညဉ့်
ရခိုင့်တော်လှန်ရီးကြမ်းပြင်မှာ
ပြောက်ကျားတစု
ဆီမဟိရေ မီးတခွက်နန့်
အနာဂါတ် အလင်းရောင်ကို
အဖန်ရည်သောက်ပျာယ်
ရှာဖွေစောင့်စားလို့ နီကတ်လီယင့် --။

ထိုင်နီရေကြမ်းခင်းက
တကြိုကြိုမြည်ပနာ
ဆွီးကျလို့ ထွက်လာရေ
မှိုစကေ့ချေကိုလည်း
သသဲမမဲ
သွားဖြဲ ရန်စောင်ယင်းနန့်ပ --။

ကြမ်းခင်းနန့်မီးဇာ
ဇာလောက်ခံဖို့လဲ
မစိုင်းစား မဆင်ခြင်
အသစ်မပျင်နိုင်ကတ်ကေ
အေ တော်လှန်ရီး
ခရီးဆုံးလီဖို့ မဟုတ်ပျာယ် --။

(ခိုင်နောင်ဂျိန်)
(30/10/2005)

# ပြောပြချင်ရေ

တစိကေသျှေ၊ ပြောချင်ရေ
မျိုးချစ်စိတ်တိ၊ မွီးကတ်မည် --။

မင်းလေဇာမျိုး၊ ရခိုင်မျိုး
မင်းလေဇာသွီး၊ ရခိုင်သွီး
အမျိုးချင်းတူ၊ သွီးချင်းလျှုဖို့
အမှာစကား ပါးချင်ရေ --။

ဒေပိုင်မဟုတ်၊ ခဝါစုတ်ပိုင်
မိုးလင်းခါမှ၊ တောမရဘဲ
ရှိုကိုမကြည့်၊ နောက်ပြန်လှည့်လို့
လားရခက်မည် ပြောချင်ရေ --။

အမျိုးလည်းတူ၊ သွီးလည်းတူ
တူရာတူချင်း၊ မပေါင်းသင်းကေ
မျိုးပျောက်လားဖို့၊ စိုးရိမ်ရေ

စည်းရုံးကတ်ဖို့ ပြောချင်ရေ --။

(လေးဝတီ ခိုင်နီ)
(ရခိုင့်လွတ်လပ်ရေးစာစောင်မှ)

## တာဝန်

အမှားက အမှန်ကို
မှုဒိန်းကျင့်ချိန် --။

အမဲက အဖြူကို
အရောင်ဆိုးချိန် --။

ငရဲက နိဗာန်ကို
စိန်ခေါ်ချိန် --။

အမှောင်က အလင်းကို
တရားဟောချိန် --။

ပညာမဲ့တိ တက်နင်းလို့
ပညာဟိတိ ဝပ်စင်းချိန် --။

ကျောင်းတက္ကသိုလ် ပြိုမှောက်လို့
ကာရာအိုကေ မှိုပေါက်ချိန် --။

အယုတ်တမာ အုပ်စိုးလို့
ဖုတ်ပြိတ္တာ လှုပ်နှိုးချိန် --။

ကုန်စျေးနှုန်း ခေါင်ခိုက်လို့
ပြည်လုံးကျွတ် မှောင်မိုက်ချိန် --။

ဗုဒ္ဓကို အောက်ချလို့
ဖက်ခွက်ကို ကြောက်ရချိန် --။

ဒါဏ်ရာ အထစ်ထစ်နန့်
သန်ကိုက်နီရေ

လူမမယ် တိုင်းပြည်ကို
ကယ်ဖို့

(မိတ်ဆွေ)
ပြောနိုင်ကြ ကြာရေ
ယှင်းပစ်လိုက်စွာ အကောင်းဆုံး --။

ပုဏ္ဏားကျွန်း ဇူဝေ
(21/02/02)

# ဆုလာဒ်

ကံဇာတာတိ ပြောင်းပြန်ဆန်ခတ်လို့
ရင်ဝကိုဝင်အဆောင့်မှာ
ကြက်သီသီနီရေလူတိ
သတိလွတ် သွီးခုန်ရပ်တန့်နီရေလူတိ
ပြုံးရွှင်မျက်နှာတိနန့်
အာရုဏ်ဦးကိုမျက်နှာသစ်ပနာ
အာကာကကြယ်ကို ဆွတ်ခူးဖို့
အားယူနီသူတိကိုတွိရရေ --။

အာရုဏ်ဦးက
ပြည်သူကို
ကြက်သီးမွှီးညှင်းထစီရေ
တော်လှန်စိတ်တိ မွှီးဖွားစီရေ --။

မပျင်မဆင်
မဆင်မခြင်နန့်ဖြတ်သန်းလာရေ
တော်လှန်သူမျိုးချစ်ရို့ကို
အံ့သြမှု၊ အော့အံမှု
ရသတိနန့်တတူ
လမ်းကြောင်းမှန်ကို
ညွှန်ပြပီးနီရေ --။

အတိတ်စွာ အတိတ်မှာကျန်ခကေလဲ့
အတိတ်ကဖြစ်ရပ် အတိတ်ကလုပ်ရပ်တိက

တချို့ကို ကျွန်အဖြစ်ရိုက်သွင်းလိုက်တေ။
တချို့ကို သူရဲကောင်းအဖြစ်မြှောက်စားလိုက်တေ။
တချို့ကို သစ္စာဖောက် မျိုးဖျက်စာရင်းသွင်းလိုက်တေ။
တချို့ကို တော်လှန်သူမျိုးချစ်အဖြစ် မှီးဖွားလိုက်တေ။

ပစ္စက္ခကိုအရင်းတည်
အနာဂါတ် အဖရခိုင်ပြည်အတွက်
လွတ်လပ်ခြင်းဆိုရေဆုလာဒ်
မရကေ ငတ်မွတ်လို့ငါသီမည်။
ရကေ အပျော်မျက်ရည်ကိုသွန်းလောင်းလို့
လူ့အခွင့်အရေးသစ်ပင်တိကို ရှင်သန်စီမည် --။

ကျွန်ဆိုရေဝေါဟာရ
ငါရို့တွက်မဖြစ်စီရ။
တော်လှန်သူရို့ကို ကျွန်ပြုလို့မရ။
ဒဿနစကား ပြည်သူရို့ကြားသိစီ
ကျွန်ဘဝက လွတ်မြောက်နိုင်ကတ်စီ --။

ခိုင်မင်းညို
(Fighter Arakan)
(04/07/2005)

# မိုးခါးရီသောက်သူတယောက်၏ခါးသက်မှုသံစဉ်

ယင်းပိုင်ဗျာယ်--
ကောင်းခင်ကို ဖြိုဖျက်ဖို့ပျင်ဆင်ခရေ
ငါအချေကပင် အိမ်မက်စွာ
ပင်လယ်ထက် အငွေ့ပျံလား
တံလျှပ်အပါးမှာ အနားကွပ်ဆင်
နောက်လူတိကိုပင် လှည့်စားလို့
အသံမဲ့မှုသားတိကိုပင် ရှီးခြစ်လို့ --။

ယင်းပိုင်ဗျာယ် --
အမိရင်ကိုလည်း နာကျင်စီခ
ချစ်သူအကြင်နာမှာလည်း ကျိန်စာသင့်ခ
အရာရာ အဆင်သင့်မဖြစ်တတ်တေ

အလွန်တရာ အချိန်လင့်မှ
ဖြစ်သင့်စွာကို အမှန်ခြစ်တတ်တေငါ
ဇာလဲ မဖြစ်ထွန်းစွာ
ယတြာချေလို့တော့
မဟုတ်တန်ကောင်းပါ --။

ယင်းပိုင်ဗျာယ်--
နာရီကို ပြောင်းပြန်လှည့်
ယုံကြည်ရေမာန်ကို ပက်ခုံးထက်တင်
ခေတ်ကြီးကို ရင်နန့်တား
မိုးခါးရီကို သန့်စင်ဖို့အားထုတ်ယင်း
ငုတ်တုတ်မိ နိရက်တိမှာ
အခက်အခဲ များများလာခ
အသက်တိစွာ
ငွေရောင်ဆံပင်နန့် ထုံးဖွဲ့လာခ --။

ယေကေလဲ့
ညဥ့်ဆိုးတိနန့် မြို့အိုကြီးကို
ရင်ခုန်သံအသစ်တိ စီးဆင်းဖို့
အရာရာကိုရင်းဗျာယ်
ခေတ်ကြီးနန့် စီးချင်းထိုးခစွာ
သမိုင်းစက်ဝန်းကို တက်လှည့်စွာရေ
နက်ဖန်ခါတိကို လှစီချင်လို့ --။

(ဘစောတင် )
ရခိုင့်လွတ်လပ်ရေးစာစောင်

## မိစ္ဆာပူးသူများခရီး

ငါ့၏အတောင်းတဆုံးအရာသည်
ပျောက်ဆုံးစာရင်းဝင်နီဗျာယ်လား?
နာကျိန်းခံပြင်း စိုးရိမ်ခြင်းများစွာနန့်
အသံတိတ် ငါအော်လိုက်သည် --။

မှိုင်းပျပျ ဖိုးခေါင်တောင်မှာ ပဲ့တင်ထပ်စီ။
မြီသျှင်ရီသျှင်ဖြစ်လျှက် မဆိုင်သူကို

မကျားတက် (ဖြတ်ဖြတ်လူး) နီရသူတိကြားစီ။
နွှံဦးမှာ သွီးသစ်လောင်းပါ။
မိုးဦးမှာ ဝမ်းစာဖြည့်ပါ။
ဆောင်းဝင်ကေ အဟောင်းအတိတ်
လွမ်းအတိတ်ကို ပြန်ဆက်မည်။

ယင်းခါ
ဂန္ဓဝင်နန့် ပုံပြင်ကို ခြားသိစီ။
သမိုင်းနန့် ဝတ္ထုကို ခြားသိစီ။
ရန်သူနန့် အဆွီကို ခြားသိစီ။

ရသမဲ့ ကဗျာဖက်နန့်
မုန့်ဖက်ထုပ် လုပ်ချင်သူကိုမလို
သုတမဲ့ ကလောင်တချောင်းနန့်
ဉပဒေ ရွီးချင်သူကိုမလို --
ကန်ရီကို သောက်သုံးပြီး
ဆီမီးခွက်အောက် ထမင်းစားချင်သူကိုမလို
အဟောဒါစနစ် ကျဆုံးလို့
သင့်ကို ရွီးချယ်ပါ --။

ယေခါ - ငါသည်လည်း
ပျောက်ဆုံးစာရင်းဝင်နီဗျာယ်လားမသိ --။

(ပုဏ္ဏားကျွန်းဇူးဝေ)
(22/01/2005)
(ရခိုင့်လွတ်လပ်ရေးစာစောင်)

## ကိုယ်လူသီသင့်ရေ

သက္ကရာဇ်တိကိုမွားမျို
သိက္ခာတိကိုရောင်းစား
အနှစ်မဲ့စကားတိနန့်တည်ဆောက်
ကိုယ့်ရိပ်ကိုတောင် ကြောက်နီရေကိုယ့်လူ
အခြားလူတိကိုဒူးထောက်အောင်
စွမ်းဆောင်နိုင်စွာကအဆန်းလား --။

အလုပ်မလုပ်ဘဲနန့်
အယှုပ်ကိုဒေါ်ခါ
ယှုပ်သထက်ယှုပ်အောင်လုပ်ပြီး
မဟုတ်စွာတိနန့်နှောင်ဖွဲ့
ကဲ့ရဲ့မှုတိနန့်ခင်းကျင်း
အမုန်းပြတင်းဝမှာ
ရန်မူဖို့ရာချောင်းမြောင်းနီ --။

ကိုယ့်လူ၏ မသေချာမှုက
တပါးသူတိကိုဝေဝါးစီရေ
တခြားလူတိကို မရေမရာဖြစ်စီရေ
အဂင့်ဆန်းစစ်ကြည့်ကေ
အမှန်ဗျာယ်--ကိုယ်လူသီသင့်ရေ --။

ဘစောတင်
(ရခိုင့်လွတ်လပ်ရေးစာစောင်)

## တော်လှန်ရေးထဲမှာ

တော်လှန်ရေးထဲမှာ--
အခက်အခဲ ဒါဏ်ရာဒါဏ်ချက်တိက
ငါ့နှလုံးသားကို သံကွပ်လို့
ဖွဲမာန်မလျှော့ဖို့
အားဆီးတိ တိုက်ကျွေးနီရေ --။

တော်လှန်ရေးထဲမှာ--
ဖောက်ပြန်သူရို့က
ထောက်ခံသူမဟိ ယိုင်လဲဗျာယ်
မဟုတ်မခံသူရို့ကို
သူရဲကောင်းဖြစ်အောင်
စွမ်းဆောင်ပီးနီရေ --။

တော်လှန်ရေးထဲမှာ--
မသမာရေသူရို့က
ချိုသာရေစကားတိနန့်
အကြိမ်ကြိမ် လှည့်စားနီကေလှဲ့

မတည်ငြိမ်ရေ သူ့စိတ်အသွင်စွာ
ပြည်သူ့အမြင်မှာ
ဟာသဖြစ်လားခရေ --။

တော်လှန်ရေးထဲမှာ--
ဘနဖူး သိုက်တူးနီရေလူတိ
နီရာရှူး စည်းစိမ်ယစ်မူးနီသူတိက
တော်လှန်ရေး အခွန့်ရှည်ပါစီလို့
နတ်ဆိုးတိကို ယစ်ပူဇော်နီကေလဲ့
အမှန်တရားအောက်မှာ
ပြားပြားမှောက်ပျာယ်
ကြောက်ပါရေလို့
ဟောရကိန်းဆိုက်လိမ့်မည် --။

(ခိုင်မင်းညို)
(ရခိုင့်လွတ်လပ်ရေးစာစောင်)

## တောမရောက်ပြောက်ကျား

သွီးခဲအောင်ချမ်းရေညည့်မှာ
အင်းကျီပပါးချေနန့်
ပုဆိုးမဲ့ငါ့ကို
ဆောင်းလီက
နှင်းကမ္ဗလာမှာသိပ်လိုက်တေ --။

မိတ်ဂိုက်ဂိုက်တုန်လို့
ဆောင်းညည့်ကိုစစ်ဆင်
အပူစွမ်းအင်ရအောင်
ရဲဘော်ဝေထွန်း
နောက်ကုန်းချင်းကတ်ထားကတ်မည် --။

ညည့်အမှောင်ကိုကျော်ဖြတ်
မိုးလင်းလတ်ကေ
လက်ထိပ်ခပ်လို့
တောမောင်းယုန်းကိုပို့လိုက်တေ --။

(၃၁) ဒီဇင်ဘာ
အချုပ်အချာကျဆုံးနိမှာ
ဘန်ကောက်ကို အခန်းအနားတက်ဖို့အလာ
ဘာ့ (စ်) ကားထက်ကိုတက်လာရေ
သနတ်တကားကားနန့်ရဲတိက
မှတ်ပုံတင်ထုတ်ကတ်လတ် --။

မှတ်ပုံတင်မပါ
ဗလာအထောက်အထားနန့်
တောမရောက်ပြောက်ကျားနှစ်ယောက်ကို
ထိုင်းရဲက
အချုပ်နန့်မိတ်ဆက်ပီးလိုက်တေ --။

(ခိုင်မင်းညို)
(ရခိုင့်လွတ်လပ်ရေးစာစောင်)

## ငွင်းတအက

ဒေါင်းအစစ်က
ဒေါင်းပိုင်ယှော်က
လှပ --။

ငွင်းတက
ဒေါင်းယောင်ဆောင်ပနာ
ငွင်းတပိုင်ယှော်မက
ဒေါင်းပိုင်ယှော်က
ကြည့်လို့မလှ --။

ဝံလက်က
ဒေါင်းပိုင်ယှော်ကနီရေ ငွင်းတကို
ခြီနန့်ကုပ်
အတောင်နန့်သတ်
နသွီးနန့်ထိုးကေ
ငွင်းတဆိုစွာ
ဒေါင်းပိုင်ယှော်လေ့မကနိုင်
ငွင်းတပိုင်ယှော်လေ့ မကနိုင်

ငွေင်းတမှိုင် မှိုင်ဖို့ကျရေ --။

(ပေါ်ထွန်းလူ)

# နိမိတ်

နှစ်ပေါင်းနှစ်ရာကျော်
အဆိပ်သင့်နီရေ လူထုကြီးက
ဖြေဆီးတခွက်ကို မျှော်ယင်းညောင်း
တောကိုအားကိုး မြို့ကိုအားကိုး
ကိုယ့်ဖက်ကိုယက်တေ လိပ်ခြီသဲကြားမှာ
အငတ်ငတ်အမွတ်မွတ် နာကျိန်းခံပြင်း
ဒေါသထွက်နီရေ လူအုပ်ကြီးက
ပြုန်းကနန်းဆို
ဗဟိုစည်ကိုတီးပလိုက်တေ --။

ယေခါ - တောကလူတိရောက်လာ
မြို့ကလူတိ ရောက်လာ
အဝီးရောက်လူတိ ရောက်လာ
တဒိုင်က ဗုဒ္ဓပုဇေနိယျအက
တဒိုင်က အငြိမ့်အက
တဒိုင်က အနောက်တိုင်းအက
တယောက်တပေါက် တေးသခြင်းတိဆိုလို့
တကျွတ်ကျွတ် ဆူနီတုန်း
ပြုန်းဆို ဗဟိုစည်ကြီးပေါက်လားခရေ --။

လူထုကြီးလေ့ လက်ပန်းကျ
တောလူ မြို့လူ အဝီးလူတိလေ့
ဗုံမရ နှဲမရ
ကောက်ကျစ်တေ လိပ်တကျိုင်က
အောင်နိုင်ပြုံးတိပြုံးလို့
ယေဝါယေ
ဒေတကြိမ်
လူမျိုးပျောက်ဖို့ - ကိန်း - ။

(ပုဏ္ဏားကျွန်း ဇူးဝေ)

## တော်လှန်ရေးသန့်ယှင်းရေး

အတ္တကိုဖက်တွယ်
အမြင်ချင်းဖလှယ်လို့မရ
ငါ့ဝါဒသမားတိ --။

အသိဟိကေလဲ့
ယုတ်ကန်းမှုတိ ဖောက်နက်
ဖောက်ပြန်မှုတိက အနန္တ
ပျင်လို့လည်းမရ --။

တပည့်မှီးအားတည်
တော်လှန်ရေးလမ်းက သွယ်ဖီ
ပင့်သကူရသမျှ အချောင်နှက်
အရှက်မဟိရေ မျက်နှာနန့်
ကြက်ကန်းဆန်အိုးတိုးဖို့
စောင့်နီသိမ့်ရေ --။

ပြောစွာစကားက
မိုးလားကဲလား
နားထောင်လိုက်ကေ
အမှန်တရားလို့အောက်မိရ
ရှိနောက်မညီ
တော်လှန်ရေးလမ်းကလည်း သွယ်ဖီ
စောင့်ကြည့်နီကေ ပြည်ပျက်ဖို့
နီခြည်မတိတ်ခင်
စီရင်ချက်ချမှတ်လို့
တော်လှန်ရေးသန့်ယှင်းရေး လုပ်ရဖို့ --။

(ခိုင်မင်းညို)

## ခြသေ့်အာခေါင်တွင်းထဲက ညများ

ကောင်းခင်တခု၏မျက်နှာစာမှာ
ဒဏ်ရာဒဏ်ချက်တိနန့်
တိမ်စိုင်များစွာ ခရီးဆက်
လောကခံ၏ညှို့စားမှုအောက်
ကြမ္မာငင်နီခရဗျာယ် --။

ဇာမှာလဲ - - ဇာမှာလဲ
အဟာရပြတ်နီရေ မျက်လုံးနန့်
ကောင်းခင်ကို မော်ကြည့်
ငါ့ သက်ပြင်းတချို့စွာ
ဟင်းလင်းပြင်ထဲ တိုးထွက်ဖို့
လွတ်လပ်စွာပြီးလားနိုင်ခွင့်တောင်
မဟိလိုက်ပျာယ် --။

ငါ့ ဝိညာဉ်သည်
မိစ္ဆာတကောင်၏စူးစူးရဲရဲ အကြည့်များနန့်
မျက်တောင်ဖျားတိအောက်
အိမ်မက်တိလည်း သုသာန်တစပြင်ပိုင်
ငါ လွမ်းနာကျ ခံစားနီရဗျာယ် --။

(ရဲပန်ဇင်း)
(၁၉၈၈) ခုနှစ်။ နိုဝင်ဘာလ (၉) ရက် (စစ်တွေ)

## ကမ္ဘာမကြီးသမျှ နိုးကြားတုန်ခိုက်ဆဲ

ငါရို့ရေလူပါ
လူဆိုစွာ အင်ဆက်ပိုးသဘာဝနန့်
ဗီဇမျိုးရိုးကိုက မတူ
လူသည်လူပင်ဖြစ်လို့
ငါရို့ကို လူအဖြစ်ဆက်ဆံပါ --။

အဂု တို-ထိ-သိ မြင်ကတ်ရ
ငါရို့အဖြစ်တိက
ဘဝမဟုတ် ဇာမဟုတ်တေ
ပိုးဟပ်စုတ်တမျှ
လုံးဝနီးပါး တန်ဖိုးထားမခံရ

ဖြစ်သမျှအကြောင်း
အဆိုးပေါင်းကို
အကောင်းမြင်ရမည်
မထင်နိုင်ရ --။

ဖက်ခွက်လှံစွပ်က
တချက်လွတ် အမိန့်
သွီးမပဟိအောင် ကြောက်ရ
ကမ္ဘာမကြီးသမျှ
ရခိုင်ပြည်က
မြန်မာပြည်မဖြစ်အောင်
အာခေါင်ကို
ခြစ်ဖျစ်ညှစ်အော်ရ --။

ပထစ၊ တစည၊ အခအခနန့်
ကျွန်ဝါဒမှိုင်း အရိုင်းသစ္စာ
ဒေကမ္ဘာမှာ မဟာလိမ်လည်မှု
စံပြုလောက်တေ မျက်လှည့်
မကြည့်ချင်အဆုံး
မကြားချင်ညာလုံး
အေအမုန်းကို
မျိုးမပြုန်းသိမ့်သမျှ
ကာလယန္တရား မောင်းနှင်အားနန့်
နိုးကြားတုန်ခိုက် မျိုးဆက်သစ်တိရင်ထဲ
စွဲမြဲတည်ထွန်း
လွတ်မြောက်လမ်းကို ညွှန်းစီ
ဘဝပန်းတိ
လန်းဆန်းဝီအုံ့သတည်း --။

ရန်မီးပွင့်
(လခြမ်းမြီမှလှိုင်းခတ်သံ)
(15/10/97)

# ငါရို့၏တော်လှန်ရေးနှင့် အိုဗုဒ္ဓ

ငါရို့က ဓမ္မကိုရှိသေ

လွတ်လပ်မှုကို ရှာဖွေကြသူများ --။

သူရို့က အဓမ္မကိုပန်ဆင်
ချုပ်ချယ်မှုကို ဖန်းဆင်းကြသူများ --။

ငါရို့၏လက်ကိုင်ထားမှုကား
မိတ္တာနှင့် ဆင်ခြင်တုံတရားများ --။

သူရို့၏ကျင့်သုံးမှုကား
ရန်လိုမုန်းတီးမှုနှင့် အတ္တအစွယ်များ --။

ငါရို့၏မဇ္ဈိမဒေသ
မိစ္ဆာများတိုက်ခိုက်ကြ
ဝိုင်းဖွဲ့စားသောက်ကြလို့
ကမ္ဘာဖျက်မိုး အာကာမှာကြိုးနှင့်လို့
ရခိုင့်ရင်ပြင် မီးဟုန်းဟုန်းတောက်လောင်ရ
ဘင်္ဂလားရေ သွီးနီထပ်နှင့်
ရိုးမတောင်မှာ အရိုးသုန်းခရ --။

သာသနာကို ဖျားယောင်း
ဗုဒ္ဓကို မုသားပြော
ဂန္ဓဝင်ကိုမီးလျှို့
မျိုးနွယ်ကိုသင်းသပ်လို့
ရာထောင်ချီကျောင်းအဆောင်တိနန့်
ဩော် ဂန္ဓဝင်မှီ
မျိုးနွယ်ဆက်ရို့မှာ
ပြာပုံနန့်မီးသွီး ဖြစ်ခရ --။

ငါရို့နန့်ထပ်တူစွပ်စွဲ
အတင်းဆွဲလို့
ကိုယ်တော် မုနိမဟာ
မန္တလာမှာ
အနှစ် - ၂၀၀ -
အကျဥ်းစံနီရပါဗျာယ်ကား --။

ကိုယ်တော်ပြုံးကေ
သိပါယင့်လား --။

တော်လှန်ရေးသံ
ဟိန်းဟိန်းညံလို့
ငါရို့အဆက်ဆက်
ဆန့်ကျင်ခကတ်
အသက်နန့်ဆက်လို့
သံသရာ ဆပ်ခကတ်
လက်ချင်းဆက်လို့
အောက်မိသတိရကတ် --။

လွတ်လပ်မှုမှာ
သစ္စာတည်၏
ကိုယ်တော်ဟောကြား
ဓမ္မစကားများ
ငါရို့မိမလားပါ --။

တာဝန်မကျီ
ငါရို့မြီက
ကိုယ်တော်ခွင့်လွှတ်အပြီး
ဂရုဏာမျက်လုံးကို
ငါရို့အောက်မိသတိရလျှက်ပါ --။

(ကရဇ)
(ရခိုင်ဝပ်ဆိုက်မှ)

## ကိုရွှေဘန်းသို့အလွမ်းဖွဲ့ကဗျာ

ချစ်ဇနီးနန့်
သမီးလေးယောက်၊ ရွယ်မရောက်ခင်
ထောက်ကူဖွယ်ရာ၊ သမ္မာအာဇီဝ
စာသင်ပြယင်း၊ ပင်ပန်းခြင်းကို
ရဲတင်းမာန်ဝင်၊ မငြိုငြင်ဘဲ
ရင်ဆိုင်ခသော ငါ့မိတ်ဆွေ။

ပကာသန၊ ပြင်ပမူဟန်
သူဟန်မဟုတ်၊ ရိုးကုတ်စကား

ရိုးရိုးလားလာ၊ ခင်စရာလေ
ငါချစ်ခသော ရိုးရိုးလူ --။

သူ့အကြောင်းကို
ကောင်းကောင်းငါသိ၊ ငါမှတ်မိရေ
ဦးဥတ္တမနိ၊ နိသူမြတ်မှာ
လှုပ်လှျားစွာလေ
အိမ်မှာတချက်၊ အနားမဟိ
ဘုရားကြီးအေးစေတီ၊ သန့်ယှင်းစီရေး
ဘာသာရေးအသင်း၊ အတွင်းရေးမှူး
ဆရာဆရာမ၊ သမဂ္ဂမှာ
တက်ကြွဆောင်ရွက်၊ တဖက်တလမ်း
ဝင်ရောက်ထမ်းပိုး၊ ကောင်းကျိုးတရား
လူသားပီသ၊ ဝင်ဆန့်ခသူ --။

ငါ့မိတ်ဆွေကား၊ အင်အားမသုံး
နှလုံးသမား၊ စာသမားလေ
စကားမကြမ်း၊ မသရမ်းပါ
အကြမ်းမဖက်၊ တရားဖက်ရာ
သက်ဝင်ဘာသာရေး၊ လူမှုရေးနန့်
ရပ်ရေးရွာရေး၊ ကုသိုလ်ရေးကို
တွေးတောကြံဆ၊ လူပီသသူ --။

စက်တင်ဘာလ၊ (၁၈) ရက်ကျခါ
ရွာကကင်းမှာ၊ ကင်းစောင့်ပါယင်း
နားမှာကြားရ၊ မြို့လမ်းမဝယ်
မိုးဝဆူညံ၊ သေနပ်သံတည့်
ငြိမ်းရန်စကား၊ သူပြောကြားဖို့
လမ်းနားကိုလာ၊ ထိုအခါဌှ
ရင်မှာကျည်စူး၊ သွီးနန့်လူးလို့
မူးမိုက်ထိုးလဲ၊ လမ်းမထဲမှာ
သီပွဲဝင်ခရလီရေ --။

အော် - မိတ်ဆွေသီလို့
ရီမြီအားလုံး၊ ယူကျုံးမရ
ဝမ်းနည်းရ၏။
လောကကောင်းစီ၊ လူသားပီသူ

သီဆုံးလီခ၊ နှမြောရ၏
သူကအသက် (၃၄) --။

ဇာဘဲဖြစ်ဖြစ်
လူချစ်နတ်ခင်၊ မိတ်ဆွေလျှင်က
သီပင်သီငြား၊ ကောင်းရာလားဖို့
ငါကားမငိုခလီဗျာယ် --။

(19/08/88) နိ စျာပနတွင် ဖြန့်ဝီခသောကဗျာ။

# ဆရာကြီး ဦးသာထွန်းသို့ ဂုဏ်ပြုကဗျာ

ရခိုင်လူမျိုး၊ တိုးတက်ခကြောင်း
မီးမောင်းထိုးပြ၊ ဟောပြောခရေ
အာဂသမိုင်းဆရာကြီး --။

ရခိုင်လူမျိုး၊ တိုးတက်စီကြောင်း
မီးမောင်းထိုးပြ၊ လမ်းညွှန်ခရေ
အာဂသမိုင်းဆရာကြီး --။

ဆရာကြီးရေ
ဒီမိုကရေစီ၊ တန်းတူညီရေး
အရေးတော်တွက်၊ ရှိကတက်၍
ဆောင်ရွက်ကြိုးပမ်းလီခရေ --။

ဆောင်ရွက်လီယင်း၊ ကြိုးပမ်းယင်းပင်
ထောင်တွင်းစံရ၊ ကွယ်လွန်ခဗျာယ်
စီးကျမျက်ရည်၊ ဖြေမဆည်နိုင်
ရခိုင်သားရို့အားလုံးတည်း --။

ဆရာကြီးအား
ဒြီဖျားဦးတိုက်၊ ရှိခိုးလိုက်၏
ဖြစ်ရာဘဝ၊ ဘဝဆက်ဆက်
အမျိုးတွက်ကို၊ ဆောင်ရွက်ဦးဆောင်
အောင်မြင်ပါစီ၊ သာဂီမျိုးကောင်း
သူတော်ကောင်းကြီး ဆရာကြီးရေ

မငိုးနိဗ္ဗာန်၊ စံဝင်နိုင်စီ
ဆုပန်ခြွေယင့်၊ ဇီတင်ယင့် --။

(ဆရာကြီး၏အသုဘတွင် ဖြန့်ဝီခွင့်မရခသော ကဗျာ)

# သူရဲကောင်းရို့၏ဝိညာဉ်

တောင်ကိုဖြိုရေဆိုမှ
ဆောက်နန့်ထွင်းလို့
ဇာဖြစ်ဖို့လဲ --။

ဘူဒိုဇာနန့်တိုက်
ဒိုင်းနမိုင်းနန့်
ဖောက်ခွဲပလိုက်ရဖို့ --။

ရန်သူကို အထင်ကြီးနီကေ
ဇာပိုင်လုပ်
(ရန် - ငါ) ဒါးကို
ခြားနိုင်ခန့်သိမ့်လဲ --။

ရန်သူကို ချီကျူးနီကေ
ဇာပိုင်လုပ် သူ့ကို
မိတ်ဆွေလို့သတ်မှတ်
ပိုင်းဖြတ်နိုင်ဖို့လဲ --။

ရန်သူစွာ
ငါရို့ကျောင်းသားတိ၏
သွီးနန့်ချယ်မှုန်း
သီကုံးပန်းကို
ဘုရားတင် ပူဇော်နီလီယင့် --။

ရန်သူစွာ
ပြည်သူရို့၏မျက်ရည်စကို
မသထာရည်စာ သောက်သုံး
ရွှင်ပြုံးနီလီယင့် --။

ရန်သူစွာ
ဆယ်နှစ်ကြိုးပိုင်
ဂဝေစုန်းမတကောင်ပိုင်
ငါရို့၏ဝိညာဉ်တိကို ယူနှုတ်လို့
တဖြုတ်ဖြုတ် ကျဆုံးလားခရရေ
သူရဲကောင်းတိ
မရှိတွက်နိုင်ဗျာယ်လေ --။

(မောင်မှန်)

## ဘဝဒဿန

ငြိမ်းချမ်းရေ
ရွာချေတရွာကြား
စီးဆင်းလားရေ
ချောင်းကမ်းထောင့်မှာ
ငါးမျှားနီရေ ကုလချေတယောက်၏
ကိုင်းတံပိုင်
ကျွန်တော်ရေ
ကောက်လည်းကောက်
ဖြောင့်လည်းဖြောင့်ရေ လူတယောက်ပါ --။

ဝမ်းရေးအတွက်
တနပ်ထမင်းကို
ရှာကြံစားသောက်ယင်း
ဘဝပယိုင့်ကို ဇလွယ်သိုင်းလို့
အရိုင်းတောနက်မှာ
ကျက်စားခရေ လူတယောက်ပါ --။

ဗုဒ္ဓဘာသာဆိုကေလို့
သူတပါးအသက်ကိုသတ်လို့
ပါဏာတိပါဏာ ကံကိုလည်း
ကျူးလွန်ဖူးပါရေ --။

မုသာဝါဒါကို
အမိပွါယ် မဖွင့်တတ်ကေလို့

လိမ်ဝါရေဆိုစွာ
ကျွန်တော်သိပါရေ --။

အချစ်မှာ ခြိုက်ျွဲလို့
အပြစ်တခါးပိုက်နန့်
ဓမ္မသစ်ကျမ်းကိုလည်း
ဖတ်ဖူးပါရေ --။

နားလည်၏
နားမလည်၏
ကျွန်တော်မသိပါ --။

ဝိပဿနာ ရှုစားစွာမဟုတ်ကေလဲ့
ဥပေက္ခာပွားများလို့
ကျွန်တော်အိမ်က
ထွက်ခွာလားသူပါ --။

နီမကောင်းလို့
စွပ်ပြုတ်ရည်ပူပူ တခွက်သောက်ချင်မှ
အိမ်က အမိကို
သတိရရေ --။

တော်လှန်ရေးဆိုရေ
အကွေ့အကောက်များရေ
မက္ခရာနယ်မြေထဲသို့ဝင်ရောက်
လမ်းစလည်း ပျောက်ဖူးပါရေ --။

အမှန်တရားအတွက် တိုက်ပွဲဝင်ယင်း
တရားအမှန်ကို ကျနော်မသိခပါ --။

ပျောက်ယင်းရှာ
ရှာယင်းပျောက်
အမှောက်မှောက် အမှားမှား
ပြောက်ကျားတယောက်လည်းဖြစ်ဖူးပါရေ --။

(Non-Violence) ကို
ကျင့်သုံးရေဆိုခါမှ

ပေါက်ခါနီး
မီးတောင် (Volcano) တခုပိုင်
ကျွန်တော့်ရင်ထဲ
ဒေါသပိုများလာရေ --။

တိုက်ရဖို့ရန်သူစွာ
အင်အားကောင်းလို့
ကျွန်တော့်မှာ
အပ်တချောင်းတောင်မဟိပါ --။

နိုင်ငံရေးပုစ္ဆာကို
အဖြေရှာဖို့ကြိုးစားယင်း
ဝမ်းရေးပြဿနာကို
မယှဉ်းနိုင်သူ တယောက်ပါ --။

ပဋိပက္ခနန့် ဝိရောဓိ
အဂုထက်ထိ မကွဲ
ဘွဲ့လည်းရဖူးပါရေ --။

သူများကိုအခြင်းပြော
အချင်းချင်း စကားများသူပါ --။

သူများကို ဝေဖန်လို့
ကိုယ့်ကျမခံ
တန်ပြန် လျှာလုံ့နန့်ထိုးသူပါ --။

သတ္တဝါရို့သည်
သူတပါး၏ - နှမ်းစိလောက် - အပြစ်ကို
မြင်လွယ်၏ --။
မိမိ၏ - ထန်းသီးလောက်- အပြစ်ကို
မြင်ခဲ၏ - ဆိုရေ
ဓမ္မပဒ ဂါထာကို
အဖန်တရာ ရွတ်ကေလေ့
အဂုထက်ထိ နှုတ်ကျက်
မရသိမ့်ရေလူပါ --။

ယကေလေ့ ကျနော်

ဖွဲ့မလျှော့ပါသိမ့်
ဆက်တိုက်ရဖို့တိုက်ပွဲအတွက်
အားသစ်တဖန် ပြန်မွီး
ခါးသွီးလျှက်ပါ --။

(မောင်မှန် )
(23/02/99)

## ဇာတ်လမ်းကိုအဆုံးသတ်ခန်း

သမာပတိများကြွလာကေ
ရပ်စောက်ရပ် အလေးပြုရ
ကျွန်တော့်မှာ တော်လှန်ရေးအတွက်
ပင်ပန်းလှပါဗျာယ် --။

သက်တန်းကုန် ဝန်ကြီးတိနန့်တွိတိုင်း
ခါးကိုင်းဦးညွတ် အရိုအသေပီးရ
ကျွန်တော့်မှာ တော်လှန်ရေးအတွက်
ပင်ပန်းလှပါဗျာယ် --။

ပြက္ခဒိန်မှာ ဆီးမှင်အနီကွက်ကျား
ရက်တိကများလှပါသပ
ညိတိုင်းညိတိုင်း ဆန္ဒပြရဖို့အတိုင်း
အခန်းအနားတိကလည်းများ
ကျွန်တော့်မှာ တော်လှန်ရေးအတွက်
ပင်ပန်းလှပါဗျာယ် --။

အစည်းအဝေးတက်တိုင်း
ငွေရေကြေးရေးနန့်ပတ်သက်ပြီး စကားများရ
ကျွန်တော့်မှာ တော်လှန်ရေးအတွက်
ပင်ပန်းလှပါဗျာယ် --။

ကျိုင်းမြောင်းရေ အမျိုးသားရေးဝါဒကို
ဖောင်းပီးရှီးသား ဆောင်းပါးများကို
ဂေါင်းညီးအောင်ဖတ်ရ
ကျွန်တော့်မှာ တော်လှန်ရေးအတွက်

ပင်ပန်းလှပါဗျာယ် --။

အချိန်တန်ကေ အချိန်မှန်ထုတ်ပြန်ရေ
လံကြွတ်သတင်းတိကို
ရေဒီယိုဖွင့်တိုင်းကြားနာရ
ကျွန်တော့်မှာ တော်လှန်ရေးအတွက်
ပင်ပန်းလှပါဗျာယ် --။

မမြင်ချင် မကြည့်ချင်အဆုံး
မျက်နှာတိကို
မြင်ရပြို့ပြရ ဘဝဒုက္ခများစွာနန့်
ကျွန်တော့်မှာ တော်လှန်ရေးအတွက်
ပင်ပန်းလှပါဗျာယ် --။

စေတနာမမှန်ရေ လူတိက
ပြည်ထောင်စုနိပ္ပဲ ထထိန့်ကြိုးကျင့်ပ
ကျွန်တော့်မှာ တော်လှန်ရေးအတွက်
ပင်ပန်းလှပါဗျာယ် --။

ရန်သူကို တော်လှန်ဖို့အချိန်မရ
ရွှေလဒများကိုကျည်း တိုက်ခိုက်နီရ
ကျွန်တော့်မှာ တော်လှန်ရေးအတွက်
ပင်ပန်းလှပါဗျာယ် --။

(ငပေါက် )
(27/06/2000)

# မိုးမျှော်တမ်းလွမ်းခြင်း

(၁)
တက်သီးတချက်
ပြင်းပြင်းခေါက်လိုက်မိသည်။

ရင်ထဲမှာ မကျေနပ်ချက်တိ မွန်းကျပ်
အသက်လျှူမဝ။

လက်သီးကို နနောင်းဆုပ်
(အကြောင်းမဲ့) ကြမ်းပြင်ကို ထုလိုက်မိရေ။

ပါးစိကို တင်းတင်းကိုက်ထား
မိတ်ရိုးများ ကားထွက်လာ၏။

ဂေါင်းထဲမှာ ထိုအတွေး ဒေအတွေး
အတွေးပေါင်းများစွာ ယောက်ယက်ခတ်
ချုပ်ထွီးလျှက်ဟိရေ။

မျက်စိကို စစိမှိတ်
ထွက်သက်ကို နခေါင်းထဲက
မှုတ်ထုတ်ပစ်လိုက်တေ။

ဒေါသအငွေ့ကြောင့်
ထွက်လီ၏အပူရသ
ကြောင်းလို့ ခံစားလိုက်ရရေ။

နားဂျီနှစ်ဖက်က
စမုတ်ကြောများ ထောင်တက်တင်းမာ
သံချောင်းများပမာ။

ကုတ်ထားသည့် မျက်မှုန်
ရှုန့်တက်လာရေ တွန့်ကြောင်း
အပေါင်းများစွာ။

ခံစားချက်များ ပြင်းထန်
အောင့်အည်းသည်းမခံနိုင်ရေအဆုံး
မချိုပြုံ့ ပြုံ့လိုက်မိရေ။

(၂)
နီရာတကာ မသမာမှုတိက ကြီးစိုး
ကကောင်း အရုပ်ဆိုး၏။

ဒုက္ခကို ဖြင့်ခါးသီးပိုင်
ချိုမြိန်စွာ စွဲလမ်း
တမ်းတမ်းတတ လောဘရမက်

သက်ပြင်းချရ အခါခါ။

မကောင်းမှုကို ချိုမြိန်စွာ သောက်သုံး
ယစ်မူးနီကတ်သူများ
ဝင့်ကြွားမင်းမူ
အောင်လံထူလျှက်။

အဆိုးအညှက် အမှိုက်သရိုက်တိကို
တိုက်စားပစ်ဖို့
တော်လှန်ရေးမြစ်ရီခမ်းခြောက်
မျက်တွင်းဟောက်ပက် လူမမာ။

နာရီစက်ဝန်း၏ မိနစ်စက္ကန့်ရို့သည်
အခိုက်အတန့်လိုက်ကုန်ဆုံး
နီလုံးညိုညို ညရိပ်ခို။

အတ္တအတ္တ
အတ္တအမှောင်ထု တွင်းနက်အောက်
တယောက်ပြီးတယောက်
ဒိုးယိုပေါက် တောက်လျှောက်ကြီးဆင်း
ခွာသံပြင်းပြင်း။

(၃)
နောက်ကျိုကျို အမှောင်အတိပြီးသော
ငရဲအိုင်ကြီးထဲက
လွတ်လမ်းမဲ့ ငါးချေတိပိုင်
ကျုပ်ပုပ်ရည် ညစ်ညမ်းသည်ရာ
အသက်ရှင်ရာလား လွတ်မြောက်ရာလား။

အရောင်နှမ်းနှမ်း မွဲခြောက်ခြောက်
လိုင်တံတို ဖျိုင်းအိုတချို့ကလည်း
ပွက်သည့်ငါးကို အလိုက်ချောင်း
အကြောင်းအားလျှော်စွာ။

ဘုရားသခင် ဖန်တီးထားသည့်
ဤကမ္ဘာမြေကြီးသည်ကား
ဒုက္ခအတိမှွန်း ဆိုးသွန်းလှပါတကား။

ပူလောင်ထန်ပြင်း ဆင်းရဲလှပါတကား။

အပူမီးများချုပ်ငြိမ်း
အီးချမ်းသော အနာဂါတ် မိုးထက်ကောင်းခင်
စကြာဝဠာတခွင်လုံး
လှပသာယာ ကြည်လင်လာဖို့
ရတနာမိုး ပေါက္ခရဝဿမိုး
ထိန့်ကြိုးရွာသွန်း လောင်းဖြန်းပီးပါဖိလော့။

ခိုင်ကျော်ကျော်
(29/05/2000)

## လွတ်လပ်ရေးနိ

ရကေရ မရကေတိုက်
တိုက်ယင်းနန့်သီ
အာဇာနီ --။

အေတခါ
နောက်ဆုံးတိုက်ပွဲ
ရဲဝန့်စွန့်စား
ပိုင်းခြားစီရင်
ငါရို့သည်ဘုရင် --။

သွီးပွက်ပွက်ဆူ
နီပူရဲရဲ
ချွေးတပြစ်ပြစ်
လွတ်လပ်ရေး တေးခြင်းသစ်ကို
သံပြိုင်ဟစ်သီဆို
အောင်လံကိုထမ်း
တလှမ်းချင်းချီတက် --။

မိစ္ဆာဖွတ်ပြောက်
လောင်းမှောက်တိကို
တယောက်မလွတ်
သံခြီချင်းခတ်

ပူးပြွတ်ချိုင်နှောင် --။

ဘုရားရှိ ဒုန်းပေါက်ဆောက်
ကြောက်ကောင်းထမန်း
ဂယောင်ဂယန်း
ပုတီးစိတ်
ပုရိတ်ရွတ်လက်များ
တဇတ်ဇတ်
တဖြတ်ဖြတ် တုန်ယင်
အသင်လူသား
ဘဝနောက်ဆုံး
နိဂုံးမဟုတ်
လွန်ကျူးအပြစ်
ဦးခိုက်ကန်တော့
ခွင့်လွှတ်ပါယင့် --။

လူတိုင်းကိုယ်စီ
ကြိုးတပင်စီယူခ
သူ့ရို့အတွက်
နောက်ဆုံးလက်ဆောင်
ပို့ဆောင်နှုတ်ဆက်
ကြွမြန်းရာလမ်း --။

ငါရို့အတွက်
နောက်ဆုံးတိုက်ပွဲ
လွတ်လပ်ရေးလမ်း
လျှောက်လှမ်းခရီး
မဝီးရောက်ပျာယ်
ဂေါင်းဝင့်ဝါလိုက်
ကျင်ကွင်းကလိုက် --။

အာရုဏ်မိုးထက်
ကောင်းရက်မင်္ဂလာ
ချမ်းအီးသာစွ --။

နီခြည်အလင်းတန်း
လန်းဆန်းဝီဆာ

လှုပပါယင့် --။

ခိုင်ကျော်ကျော်
(02/01/2000)

# နိုင်ငံရေးကြိုးဝိုင်း

(၁)
ဗမာကိုလိုနီ ခေတ်ယုတ်မှာ
ရခိုင်ပြည်က ထွက်ကုန်ဆိုလို့
ပျက်မတိနန့်
ဖားတပိုင်းငါးတပိုင်း
သွီးရောခံလိုက်ရရေ
ဒုဗလကမ်းတင်
ကပျက် ကလေကချေတိရာဖြစ်တေ။

မယုံနိုင်စရာ
ပုံပြင်ဝတ္ထုချေတပုဒ်ပိုင်
ရခိုင်ပြည်သူတိရေ
စစ်တွေပင်လယ်ဆိပ်ကမ်းဝက
တရှိရှိနန့် ဆင်ပေါင်ကြီးတိပိုင်
ထွက်ခွာလားခကတ်တေ
နိုင်ငံခြားဆန်တင်သင်္ဘောတိကို ငေးယင်း
ထမင်းငတ်နီကတ်လီယင့်။

ယင်းချင့်အတွက်နန့်
အကျိုးဆက်ပြဿနာ
ဩဂုတ် (၁၃) အရေးအခင်းမှာ
ရခိုင်ပြည်သူတိ
အတုံးအရုန်း ကျဆုံးခကတ်တေ။

အေရာဇဝင်
ကမ္ဘာတည်သရိ
ပျောက်ပျက်မလားအောင်
ရခိုင်ပြည်သူရို့
နှလုံးသားမှာ

ကျောက်ထက်အက္ခရာတင်ပြီး
သားစိုင်မြီးဆက်
လက်ဆင့်ကမ်း ဆောင်ယူလားကတ်။

ကမ္ဘာအဆက်ဆက်
Generation အဆက်ဆက်တိုင်အောင်
ဆက်လက် သယ်ဆောင်လားကတ်။

(၂)
စိုင်းတင်ရီအား
အားကောင်းမောင်းသန်
စီးဆင်းနီချိန်
ရခိုင်ပြည်က
ညစ်နွမ်းနွမ်း ကျောင်းစိမ်းဖြူချေရို့
ဆီမီးခွက် မလင်းတလင်းနန့်
အမှောင်ခန်းထဲ
ငိုက်မဲနီကတ်လီယင့်။

ကျောက်ကြမ်းလမ်းထက်မှာ
တွားလားနီရေ
လူခရုတကောင်စွာ
ပေတရာလမ်းမထက်မှာ
ဒုန်းစိုင်းနီရေ
မာရှူးတီးမြင်းကို
ဇာပိုင်လုပ်
အပြီးပြိုင်နိုင်ဖို့လဲ။

ရခိုင်လူငယ်ချေတိ
ထိုင်းဝလက်မှာ
ကူလီလုပ်နီကတ်ရရေဘဝ
ကျောင်းဆရာမချေတယောက်
တလဝင်ငွေ
ထပိန်တထည်ဝယ်ဖို့ မလောက်တေဘဝ
ယင်းချင့်အတွက်နန့်
Self-determination ဆိုရေ ဝေါဟာရ
ပေါ်ပေါက်လာရရေ။

(၃)
အခြားတဖက်မှာ
မုတ်ဆိတ်ဖွားဖွားနှန့်
ရှိဟင်ဂျာ မိစ္ဆာကုလားတိကလည်း
ရခိုင်ပြည်ကို အသျှင်ခံ
တန်ပြန်လက်မ ထောင်နီကတ်တေ။

လူ့အခွင့်အရေးဆိုစွာ ဇာလဲ
ပျော့စိစိနန့်
ပေါင်မုန့်တုန်းကြီးလား။

ကိုယ့်နိုင်ငံမှာ
ကိုယ်ကျွန်ဖြစ်ရဖို့ဘဝ
တွေးကြည့်တိုင်း
ရင်နာစရာကောင်းရေ။

“မီးများမီးနိုင်
ရီများရီနိုင်” ဆိုရေစကား
နှစ်ဆယ်ရာစု
လူ့ယိုင်ကျေးမှုသမိုင်း၏
မှတ်တိုင်တိလား။

အရှိတီမောပိုင်
ငါရို့နိုင်ငံ
အဖြစ်မခံနိုင်။

ချစ်ကြည်ရေးကို
လူတိုင်းလိုချင်ပါရေ
ယေဖူးနန့်
တို့တာဝန်အရေးသုံးပါး
တချက်ဘေးချိတ်ထား
သတ္တိဟိကေ
ယှဉ်းကတ်မည်။

(ဝရင်းတုတ်)
(01/02/99)

# လူပျက်မင်းသား

မျက်လှည့်ဆရာ၏လိမ်ကွက်ကို
သူများသိလားဗျာယ်ဆိုကေ
မျက်လှည့်ဆရာရေ
ဟာသဖြစ်လားပါရေ --။

မျက်လှည့်ဆရာစွာ
တခါတလီမှာ
မျောက်ကိုလည်း ကခိုင်းပါရေ --။

တခါတလီမှာ
ဘဲရုပ်က
ကြက်ဉ ဉခိုင်းပါရေ --။

ဖဲကို သုံးခေါက်ချိုးဗျာယ်
ကုလားဖန်ထိုးလိုက်တိုင်း
အားလုံး ကုလားရုပ်တိထွက်လာရေ --။

တခါတလီမှာ
သူစွာ
ပုလီကိုမှုတ်
ဂါထာတိလည်း မန်းမှုတ်ပါရေ --။

အရာဝတ္ထုတခုကို
လက်ကိုင်ပုဝါချုပ်ပျာယ်
ပြန်ရုတ်လိုက်ကေ
ငှက်ရုပ်ချေ ဖြစ်လားပါရေ --။

ပုဝါကို ပြန်အုပ်ပြီးကေ
ပြန်ရုတ်လိုက်ခါ
ငှက်ရုပ်ချေ ပျောက်လားပါရေ --။

တဖန် ပုဝါကို
ပြန်ချုပ် ပြန်ရုတ်လိုက်ခါ
လိပ်ရုပ်ချေ ထွက်လာပါရေ --။

ယခေါ ပုရိသတ်က
တအံ့တသြ သဖောကျဗျာယ်
လက်ခုပ်တီး
ဆုချကတ်ပါရေ --။

(ယကေလှဲ့)
မျက်လှည့်ဆရာ၏လိမ်ကွက်ကို
သူများသိလားဗျာယ်ဆိုကေ
မျက်လှည့်ဆရာရေ
ဟာသဖြစ်လားပါရေ --။

ပုရိသတ်က ကျောက်ခဲပစ်လို့
ထန်းခေါက်ဖာကို
အသာပိုက်ပျာယ်
နောက်ဖေးပေါက်က
ထွက်ပြီးရလီပါရေ --။

သာလှဦး
(11/01/99)

## စောင့်မျှော်ခြင်း

လူ့ဦးနှောက်ကို
ရီရောခံလိုက်ရရေအခါ
သကြားမပါရေ
လဖက်ရည်တခွက်ပိုင်
အရသာပေါ့ပျက်လားရေ --။

အသားကျနီရေ
ပန်းဖော်ဒယောတထည်စွာ
စျီးကြီးကြီးပီးဝယ်ရရေ
ပိုးသားထည် အသစ်တစုံထက်
ပိုကောင်းရေ --။

အဝီးက ရှုမျှော်ခင်းကို

ပျောကြည့်လိုက်တေအခါ
သူ့တဲအို
ယွင်းယိုလားရေ --။

သွားမဟိရေ
ခါးကုန်းကုန်းမိခင်၏မျက်နှာက
ယော့ရိရိ
အပြုံးလှလှတပွင့်စွာ
သူ့ဘဝကို
မအီးမြနိုင်ဗျာယ် --။

ငါးမဟိဘဲ
ငရုပ်သီး ငပိထောင်းစွာလည်း
သူ့အာသီသ အဟာရကို
မဖြည့်စွက်နိုင်ဗျာယ် --။

သူ့အိမ်မက်တိစွာ
ကြွီလွင့်နီရေ
နွီရွက်ဝါချေတရွက်ပိုင်
တွားလားနီရေ
မြွီတကောင်ပိုင်
တဖြတ်ဖြတ် တဆတ်ဆတ်
ကွန့်မြူးလို့
တွန့်လူးနီလီယင့် --။

သူဖတ်နီကျ
ဓမ္မသစ်ကျမ်း - လည်း
နွမ်းယိကြွီမွ
စုတ်ပြတ်လားဗျာယ် --။

နောက်ဆုံးမှာ သူစွာ
မိခင်အိုကို နောက်ခိုင်း
နှုတ်မဆက်ဘဲ ရုတ်တရက်
ထွက်လားခရေ --။

အေနိထက်ထိ မိခင်အို
သူပြန်လမ်းကို မျှော်မှန်း

တမ်းတ လွမ်းလျှက်ပါ --။

ခိုင်ကျော်ကျော်
(20/05/99)

# မငိုပါကွဲ့

မငိုပါကွဲ့ ညီမချေ
မျက်ရည်ကို အသာသုတ်လိုက်ပါ --။

အမိကိုလည်း သူရို့ကြိုးတုတ်
ဒုတ်နန့်လည်း သတ်သိမ့်ရေ --။

အဖကိုလည်း ဝရမ်းပြီးလတ်
သူရို့စွပ်စွဲကတ်တေလေ --။

ရွာကိုလည်း သူရို့မီးလျှို့
နွားဝက်တိကိုလည်း ယူ
(သူရို့ရေ)
တိရိစ္ဆာန်ထက် ညှက်တေလူ --။

ရွာကသက်ကြီးရို့ကိုလည်း
အမေ - အမေ - လို့
သူရို့ခေါ်ကတ်တေ --။
ပြီးကေ
(အမိပစ္စည်း)
သူရို့ခိုးရေ --။

မယိုင်ကျေးရေ
လူရိုင်းတိက
ငရို့တိကို
ဝန်သယ်ခိုင်းကတ်တေ --။

သူရို့စွာ
အင်တော်တိုင်းပြည်က
လာကတ်တေလူ --။

ငရဲ့ယာကို ဝင်ရေဆိုကေယင့်
ထိုချင့်ခူး ဒေချင့်ခူး
အသားငါးကိုလည်း မမြင်ဖူး
အစားလည်း ကြူးကတ်တေ --။

ငရို့ပြည်ကို
ကျူးကျော်လာရေ လူတိက
ငရို့ကို
သူပုန်ကို အားပီးရေ - လတ် --။

ဆန်ပြာဖို့ဆိုပြီး ခေါ်လားရေ
နင့်သူငယ်ချင်း (-----) လည်း
နောက်နိမိုးလင်းမှ
ရွာပြန်ရောက်တေ --။

သက်ကြီးရွာသူကြီး
အဖိုးသျှင်ကိုလည်း
သူရို့နှိပ်စက်
နောက်ဆုံးကျ
ပစ်သတ်လိုက်ကတ်တေ --။

ခါးကုန်းကုန်းနန့်
အဘောင်မ - ဂေါက်မ - ကိုလည်း
သူရို့စခန်းအတွက်
ရီခပ်ခိုင်း
ပယိုင့်တောင်းတိရက်ခိုင်း
လုပ်ချင်တိုင်းလုပ်
အမှန်သူရို့ ယုတ်မာရေ --။

နင့်ကိုလည်း
နောက်ဆုံးမှာတော့
အားမမွ ပြုကျင့်ခကတ်တေ --။

မငိုပါကဲ့ ညီမချေ
မျက်ရည်ကို အသာသုတ်လိုက်ပါ --။

ကလက်ချောင်း - ကို ဆန်တက်
ခရီးဆက်ရခန့်သိမ့်လေ --။

တနိနိ တချိန်ချိန်ကျ
ငရို့ပြည်
လွတ်မြောက်ဖို့စွာရာ --။

(ခိုင်ကျော်ကျော်)
UNDC Magazine No. (2)

# မြန်မာမ

အနာပြည်ပုတ်တိကို
ဖုန်းအုပ်ထားမရ
ရဲရဲကြီးခွဲထုတ်
မြီမြုတ်ပစ်ရမည် --။

ချစ်ကြည်ရေးဆိုရေ
မလာဉ - စကားတိနန့်
အတွင်းပြည်နာ လှိုက်စား
တရိရိ ဝေဒနာ
ခံနီရစွာက ပြည်သူ --။

တနိကျ
အောင့်မရလို့
ပြည်ပုတ်တိ မီးတောင်ပိုင်ပေါက်ကွဲ
(၈၈၈၈)
အရေးအခင်းဖြစ်တေ --။

အဂုလည်း
ကျန်သိမ့်ရေ အပုတ်တိကို
နှုတ်ပစ်ဖို့
ပြည်မြန်မာမှာ
ဆရာဝန်တိ လိုရေ --။

အေနီရာမှာ

(ကြောင်ချီး) တိ မပါ --။

ပြည်ထောင်စု - လတ်
သကာလူးထားရေ
အာလူးဂါထာနန့်မန်းမှုတ်
ဆီသုတ်ဖို့
ကြိုးစားအားထုတ်သူများစွာ
လက်တွိမှာ
စိန်နားကပ်နန့်ပါးပြောင်
အယောင်ဆောင်တိရာဖြစ်တေ --။
သူငယ်နာ နှပ်စားတိရာဖြစ်တေ --။

ယင်းပိုင်နန့်
တလင်ကွာ မဆမ
မိခင်မြန်မာမသည်
ဝမ်းတွင်းပါ
မာဒရာ - ရောဂါကို ဖျောက်မရ
အနိစ္စဖြင့် ဈာန်ကြွ
မရဏ
ဘဝပြောင်းရလီသတည်း --။

(မောင်ပေါက်)
(July 23, 2005)
စနီနီ။

## ဝက်ထီး

ဝက်ကိုအစာကျွေးစွာ
ချစ်လို့မဟုတ်ပါ --။

ခြံုင့်ထဲကဝက်ကို
ပိုးပိုင်မွီးစပ်
နိစိုင်အစာကျွေးကတ်တေ --။

ဝက်ကြီးက
ထီးထီးလာရေ --။

ရီချိုးဗျာယ်
ခါးသပ်ပီးကေ
(ဝက်ထီး) က
ကျေနပ်နီရေ --။

သံဝေဂရစရာ
အများမကြာ
(ဝက်ထီး) ကို လုံနန့်ထိုးခါ
ကျွီးလိုက်တေ ဝက်
ကမ္ဘာပျက်ယှော်င် --။

ယေပြီးကေ
အသွီးကိုထုတ်
အရီကိုဆုတ်
မီးဖုတ်ကြပ်တိုက်
(ဝက်ထီး)
မျက်ဖြူဆိုက်ရပါဗျာယ် --။

နောက်ဆုံးမှာ လူတိက
ဝက်သားကို ချက်စားဗျာယ်
ဝက်ဂေါင်းကို
စွပ်ပြုတ်လုပ်ပစ်လိုက်တေ။

ဝက်ထီးဘဝ
ပျက်စီးရပါဗျာယ် --။

မောင်ပေါက်
(17/03/99)

## လူ

နွားကို
သနားစွာလည်းလူ
စားစွာလည်းလူ --။

လူရေ

ကောင်းမှုကို ပြုသူ
မကောင်းမှုကို ကျူးလွန်သူ --။

ဆင်ခြီဆင်လက်တိ ပီးဗျာယ်
အမှန်ကိုအမှား
အမှားကို အမှန်
လုပ်ကြံသူ --။

ငြိမ်းချမ်းရေးတရားကို
ဝေ့ါဗျာယ်
စစ်တိုက်တေလူ --။

လူရေ
အညမည - သဘောတရားကို
လက်ကိုင်ထားဗျာယ်
ပဋိပက္ခ- နန့်မိတ်ဖွဲ့သူ --။

လူရေ
သူများကို - တရားပြ - ဗျာယ်
ကိုယ်တိုင်ကျ - ဘုရားတ - သူ --။

လူရေ
ရယူပိုင်ဆိုင်လိုခြင်း - ကို
ချစ်မြတ်နိုးဗျာယ်
စွန့်လွှတ်အနစ်နာခံခြင်း - ကို
မုန်းတီးသူ --။

လူရေ
တရားသူကြီး - ဖြစ်ပျာယ်
လာဘ် - စားသူ --။

လူရေ
ငရဲနန့် - ခြောက် - ပျာယ်
ငရဲသို့ - ရောက်- သူ --။

လူရေ
အဏာသျှင်- ဖြစ်ပျာယ်

အာဏာသျှင်ကို ပုန်ကန်သူ --။

လူရေ
အဟိတ်တိရစ္ဆာန်မဟုတ်
ကဗျာလည်းဖွဲ့စပ်
စာလည်းရှိးတတ်
မြင့်မြတ်သောသူ --။

ထို - လူယိုင်ကျေးတိက
ပိုရိုင်းပြီးကေ
လူရိုင်းတိက
ပိုယိုင်ကျေးရေဆိုစွာ
အေနိ ကမ္ဘာကြီးက
လက်မခံနိုင်သိမ့်ကေလဲ့
နက်ဖန်ခါ
လက်ခံလာလိမ့်မည် --။

အမှန်မှာ လူ
သူစွာ
ဘာသာစကားတတ်တေ
သတ္တဝါတမျိုး
ဆိုရိုးစကားဟိရေ --။

(မောင်ပေါက်)
(31/12/98)

## ငရဲခန်းဆုတောင်း

အောင့်သက်သက်နန့်
ခံလိုက်ရရေ --။

မင်းလက်ဝါး
အတွင်းအားနန့်
င့ါရင်ကိုရိုက်ခတ်
အဆိတ်ငွေ့လွှတ်ပျာယ်
ကျိန်စက်တို့လိုက်လို့

အချုပ်ကွန်ယက်ထဲမှာ
ဖျာလိပ်ခေါင်းဝင် ခွေးထက်ဆိုး
ရှိတိုးရ နောက်ဆုတ်ရခက်
ရုန်းမရ ရွှန့်မရ
ဆောင့်ခြောင်ထိုင်ဖို့ကျရေ --။

ဖြေဆီးပီးပါ
ငါ့ရင်မှာပူလောင်လွန်းလို့
ရီငတ်လွန်းလို့ပါ --။

အာခေါင်တိသွိခြောက်
ကန္တာရရောက် ဖွတ်ပြောက်တကောင်ပိုင်
ငါ့နောက်ကုန်းတိကလည်း ပြာဟောက်ဟောက်
ငါ့အရိုးအရီတိကလည်း ပိန်ခြောက်ခြောက်
လိပ်ကျောက်ရီထလို့
သွင်ကျောက်ခဲ လမ်းပိုင်ယှောင်ကြမ်း
ဆိုးသွမ်းလွန်းပါရေ --။

အရီကိုခွာနီလှမ်းလို့
အသားကိုကြပ်တင်
အစားခံရရေဘဝမှာ
အရိုးတောင်မကျန် --။

ငါ့ဝိညာဉ်က တဆီဖြစ်လို့
ရောရှုဝငရဲမှာ
မီးမြိုက်ခံနီရပါရေ --။

ကျွတ်ရက်စိလို့
လွတ်ဖို့ရက်ကိုရှိတွက်
ဘဝအသစ်တဖန်
ပြန်ဖြစ်ဖို့စွာစောင့်မျှော်
အမှုဝီသံကိုမျှော်
သာခုခေါ်သံကို မျှော်ယင်း
ကျောင်းလှကရင်းက ဖုတ်ပြိတ္တာ
တရားဘာဝနာ နာကြားခွင့်မသာ --။

အိုအသျှင် အယင်ကယ်ပါ။

သာစုသုံးကြိမ်ခေါ်ပါ။
အမျှသုံးကြိမ်ဝေပါ။
သံစည်သုံးချက်တီးပါ။

အကျွန်ုပ်ဆုတောင်းပါသည်
ဖြစ်လေရာရာဘဝမှာ
စိတ်ချမ်းသာရပါလို၏ --။

စကြ္ကာဝဠာအပြင်ပ
နဂါးငွေ့တန်းထက်လမ်းလျှောက်လို့
လွတ်လွှပ်ခွင့်အရသာကို
ခံစားရလိုပါ၏ --။

ပထဝီအဝီစိငရဲက
ပြိတ္တာတကောင်
ဆုတောင်းပါသည်
သောင်းထိုက်ကမ္ဘာလုံးသား
နာစီကြားစီသောဝ် --။

(မောင်ပေါက်)
(July 21, 2005)

## မျောက်နှောင်

မျောက်နှောင်ဝင်ကေ
ရှာပျက်တေစကား
မှတ်သားကြားဖူး
အထူးအဆန်းမဟုတ်ပါ --။

အမျိုးဖွားဖွား
လက်ခြီကားကား
တောဖွားမျောက်အစစ် မဟုတ်ပါ --။

လူဖြစ်ပါလျှက်
မျောက်စိတ်ခိုဝင်
ထိုသူပင်လျှင်

လူပင်ဖြစ်ငြား
တောဖွားမျောက်အစစ်
မျောက်နှောင်ဖြစ်၏ --။

မျောက်နှောင်ရောက်လျှင်
ရွာလုံးအစ
ပျောက်ကတ်ရ၏ --။

မျောက်နှောင်ခြောက်လျှင်
တရွာလုံးကျွတ်
ကြောက်ကတ်ရ၏ --။

မျောက်နှောင်သွားကြဲ
မဲမဲတုံးတုံး
အိုးဖင်ယှုံး၏ --။

မျောက်နှောင်စကား
ထိုတရားကား
အများကောင်းကျိုးမဖြစ်နိုင် --။

မျောက်နှောင်ဒရဇတ်
ဂါထာရွတ်လည်း
ညီညွတ်ရေးတွက်မဖြစ်နိုင် --။

မျောက်နှောင်ဝင်စား
ထိုသူများကို
ဝီးစွာယျောင်ယှားကတ်ကုန်ရာ၏ --။

မျောက်နှောင်လာသော
ထိုခါများလျှင်
မောင်းနှင်ပါယ်ထုတ်ကုန်ရာ၏ --။

ဤသည်ကြောင်းလျှား
မှာစကားကို
နောင်ဖွားနောင်လာ
မှတ်သားရာတွက်
ပညာဟိများ၊ မှာထားခ၏ --။

ရှိလူကြီးများ၊ ဆိုထားခ၏ --။
စဉ်းစားဆင်ခြင်ကတ်ပါလီ --။

(ဝရင်းတုတ်)
(June 24, 2005)

# ထောင်တည်မော်ကွန်းသူရဲ

အဖွဲ့အစည်းတခု၏နယက
အကြံပီးအရာဟိကြီးပ
ရတ်တရ သီဆုံး
သျှင်လူအားလုံး
ယူကျုံးမရ
နှမြိုးတသ
အဖရခိုင်ပြည်၏
သားကောင်းရတနာကြွယ်မွန်
အချိန်မတန်ခင်
ကွယ်လွန်စွာစော
အကျွန်ုပ်ရို့အား
ကြောခိုင်းလားဗျာယ်
ဘစောင်ပျင်လို့
ရက်စက်စွာလဲ
ခေါ်ကေလည်းမထူး
ငိုကေလည်းမကြား
ဥပက္ခေတရားနန့်
မရဏရထားစီးလို့
ကျွတ်လားခဗျာယ် --။

အလေးပြုကတ်
ရပ်စောက်ရပ်ကတ်
ဂေါင်းညွတ်ဂုဏ်ပြု
(၃) မိနိလောက်
ကောင်းရာသုဂတိ လားစီဖို့ --။

ဆရာကြီးရေ
စာသမား ပီသမား

ဘာသာရေးသမား
စာဟောဆရာကြီး
ဘိန္ဓောယမ်းကု
စွယ်စုံရ ပါရမီသျှင်
မျိုးချစ်ပုဂ္ဂိုလ်
နိုင်ငံရေးသမား တော်လှန်ရေးသမား
လူအများက
နာမကင်းပွန်း
အမွမ်းတင်ခေါ်
ဒေါ်လာသန်း (၅၀၀)
(Project) ဆရာကြီး --။

ဆရာကြီးချန်ခဲ
ဂျောင်ထဲက
အညတရ
တေတ္တာတလုံး
ပုလဲကုံးရတနာ
အဿပြာသိန်းသန်း
နီမြန်းသော ပတ္တမြား --။

ဖွင့်ကြည့်သောအခါ
နှမ်းရိုကြီမွ
မှိုတက်လျှက်
အဝတ်စနန့်ထုတ်ပိုး
ပိုးထိုးကွက်ကိုက်
လက်နှိပ်စက်မူ
ဆောင်းပါးတပုဒ်
မဂ္ဂဇိန်းတအုပ်က
ကော်ပီကူးထားစွာ
ကိုယင်ကြီး ဝိမလဗုဒ္ဓိ
ပီးထားခစွာ --။

ငှင်းအပြင်
စာလုံးမပေါ်တပေါ်
(Type) ရိုက်ထားသော
ဘာသာပြန် တမူ --။

ဆရာကြီးသည်
စာပီကို အသက်ထက်မြတ်နိုး
တန်ဖိုးထား၏ --။

ကျောင်ထိုးသိမ်းထား
ကြွက်ကိုက်စား၏ --။

မည်သူမည်ဝါ
အသူလာတောင်း
မပီး --။

အာဂပုဂ္ဂိုလ်
ခေသူမဟုတ်
သို့အတွက်ကြောင့်
- အကြံပီးကြီး - နယကကြီး -
ကောင်းချီးကင်းပွန်း
အမွှမ်းတင်ကျူး
ရှာဦးနတ်ပိုင်ယှောင်
ပူဇော်ပသ
ကိုးကွယ်ရစွာ --။

ဆရာကြီးမြတ်နိုး
တန်ဖိုးထားသော
ပြည်တန်ပတ္တမြား
- ထောင်တည်မော်ကွန်း - ကို
ဆရာကြီးစီးရာ
သသ်ရာ ရထားလားရာ
တဖဝါးမကွာ
ကပ်လျှက်ပါဖို့
အလောင်းနန့်ခေါင်း
ကျမ်းဟောင်းမော်ကွန်း
ဇတ်လမ်းသုံးပွင့်ဆိုင် --။

နောက်နိုည၌
ရက်လည်ဆွမ်းမကျွေးခင်
သက်ဆိုင်ရာ
အဖွဲ့အစည်း (၂) ခု၏ယုန်းခန်း၌

ထောင်တည်မော်ကွန်းသူရဲ
ခြောက်သည်ဟူ၏ --။

(မယုံကေ ပုံပြင်လို့မှတ်)

(ဝရင်းတုတ်)

## ဆရာသို့

လေးစားပါရေဆရာ
ဆရာလုပ်လာစွာ
တော်လှန်ရေးသက်တမ်း
အနှစ် (၆၀) ကြာလားဗျာယ်။

ချင်းချင်းပြောရကေ
မုဆိတ်တောင်ဖြူလားဗျာယ်။

ယကေလဲ့ ပေါက်သံတချက်မကြားရ
ဆရာ့တပည့်တိက
ရပြတ် အမှောင်ခို
ရှုတ်ဆို ဝင်လားခဗျာယ်။

ဆရာပြောလာကေ
'သေနင်္ဂဗျူဟာ - နည်းဗျူဟာ'
'နည်းဗျူဟာသည် သေနင်္ဂဗျူဟာကို မထိခိုက်စီရ'
ဆရာ ဇာစာအုပ်က
နှုတ်ကျက်ကျက်ထားစွာလဲ။

ယင်းစာအုပ်က
ဟိပါသိမ့်လား။

ရှီးသူနာမည်ကား
ဇာပါလဲ။

ဆရာပြောရေ
'ပညာတတ်မှန်

ဖောက်ပြန်ရေ’ လတ်။

ရခိုင်ပြည်မှာ
ဇာမျှယောက်များ
‘ပညာတတ်’ ဟိပါလဲဆရာ။

ဆရာ့တပည့်
လက်နက်ချ အမှောင်ဝင်
မောင်တောစံပြရွာက လူတိထဲမှာ
ပညာတတ် ဇာမျှယောက်
ပါပါလဲဆရာ။

အဂုအခါ ဆရာမှာ
ဇရာထုထောင်း
ကျောက်ကပ်လည်းမကောင်း
ခြောင်းတဆိုးဆိုး
အရိုးတီဘီ
ဟိနီပြန်ရေ။

တောထဲမှာနီခါ
မရွှန်မကန်
အဖန်ဆီကျက်ကျက်
သောက်ခရေ
အကျိုးဆက်ထင်ရေ။

(Project) တင်လို့ ကျလာငွေလည်း
ယုန်းခန်းဖွင့်ဖို့တောင်မလောက်
ဆရာ့တပည့်တိကလည်း
မယားတွဲလွဲ သားတွဲလွဲ
ပစကိုကျည်း ဖြဲထားရေ။

ဆရာနီမကောင်းစွာ
တယောက်လဲ့ လာမကြည့်
ဟက်ကျကေ
ဖြောက်ခနန့် ရောက်
နဖူးမောက်မောက်

ဒူးငေါက်ငေါက်နန့်
ပေါက်ချပါလတ်ကတ်တေ။
ဖွေသာတောင်းဖို့လောက်ရာသိရေ။

ဟုတ်ပါဗျာယ်ဆရာ
အေပိုင်အတိုင်းဆို
ဘဝဖြိုကျိုးလို့
နီမညိုးခင်
အရာ အစွာလုပ်ခန့်လဲ။

(ဝရင်းတုတ်)
(July 6, 2005) ဗုဒ္ဓဟူးနီ။

# တဒေသက တကြက်တွန်

(တေးခြင်း)
ဘင်္ဂလာဒေ့ချ် တိုးတောင်စခန်းမှာ
ကျက်စားလားသော ဗိုလ်အောင်ဖေပါ
ဗမာကို တိုလှန်ခစွာ
သေနပ်တောင်က သံချီးကိတ်လားယာ --။

(ညီညွတ်ရေး )၂

ညီညွတ်ရေးလို့ ကြွေးကြော်ရေ
လုပ်လိုက်ပြန်ကေ စောက်တလွဲကြီး --။

တိုင်းပြည်ဦးစီး တက်မကိုင်
ထိမ်းသိမ်းမနိုင် ကရားငါးပါး --။
(ထိမ်းသိမ်းမနိုင် ကားရီကားရား)

ပါတီအများ ကွဲလို့ပြို
တရုတ်မျက်နှာကို ဝက်ကြည့်မရ --။
(တယောက်လုပ်စွာ တယောက်ကဖျက်)

တဒေသက တကြက်တွန်
သူရို့အမှန် တကွဲတပြား --။

သေနပ်အများ ကိုင်ထားစွာ
မျောက်လက်ထဲမှာ သပြာရလို့ --။

မာနမိုးသို့ ကော့လို့ထောင်
တယောက်တကောင် တတောင်တမင်း --။

ကိုယ်ရို့အချင်းချင်း သတ်လို့ပင်
အားလုံးကားစင် တင်ကတ်ရဖို့ --။

မောင်မင်းကြီးရို့ ထုတ်ကာပြန်
စကားလွန် သီဒါဏ်အပြစ် --။

စကားလုံး ဆို့မနိုင်
တိုက်တိုက်ဆိုင်ဆိုင် ထန်းသီးလုံးလောက် --။
(တိုက်တိုက်ဆိုင်ဆိုင် ဖြုတ်သီးလောက်)

အမှောက်မှောက် မှားပြီးသကာ
ပြောရေအခါ ပစ်သားမဟိ --။
(လုပ်ခီကေ တနီသတ်ခချိး)

လွတ်လပ်ရေးသို့ ခရီးနှင်
သူ့ထက်ငါယင် လက်မြှောက်ဒူးထောက် --။

လူတချို့ ပြောကတ်တေ
ပညာတတ်ကေ ဖောက်ပြန်ရေလတ် --။
(ပညာမတတ်ကေ တော်ရေလတ်)

အောက်ဆီအောက်ဆတ် ဆိုလာသူ
ပညာမတတ်စွာ ဂုဏ်ကိုယူလို့ --။
(ပညာမတတ်သူ အာဏာယူလို့)

ဗဟုသုတ လေ့လာပါ
များများဖတ်ပါ စာအုပ်အများ --။

ဝါးတုတ်ကိုစား အမြဲနီ
အချိန်ကိုလေ မဖြုန်းကတ်ကဲ့ --။

စေတနာနန့် မှာလိုက်တေ
မာန်ပါရေဆို လဲလို့သိလိုက် --။

(ဝရင်းတုတ်)

## မီးခွက်လည်းမှုတ် မိုးလည်းချုပ်

သက္ကရာဇ်မှာ (၂၀၀၀) ပြု
စွန်းဝယ်ခြောက်ခု မေလတွင်
ဒေလီခေါ်တွင် မြို့တော်ကြီးမှာ
ရခိုင်ထိပ်သီး အစည်းအဝေးထိုင်။

(၆) ရက်တိုင်တိုင် ကြံနှီးနှော
သြဘာလက်ခုပ် သောင်းသောင်းညံ။

ပါတီမကျန် အကုန်တက်
စုပေါင်းရှိတွက် (၃၀) ကျော်။

နာမည်ထွန်းပေါ် သတင်းဆိုး
သူခိုးလူမိုက် ဦးသိန်းဖေ။

(DPA) ကို တည်ထောင်ပြု
အစုစု ကွဲပြီးသကာ။

အရာတခါ ညီညွတ်ရေး
အာခေါင်ပြဲနန့် ကြွေးကြော်ရေ။

သိနားမလည် မောင်လူကြီးမှာ
ဝက်ထီးအားကိုး ထောက်ကာခံ။

နောက်ထပ်မံ ကျော်ကာတက်
ဘုန်းကြီးလူထွက် ဦးဗိုလ်အောင်။

တစင်ကိုထောင် တမိုးကြိုး
(ANC) ကောင်းကျိုး အရသာ

စန္ဒာဝရလည်းပါ။

တချို့ကခေါ် လူဇောက်ထိုး
လင်းဆွဲအမျိုး ပြောင်းပြန်မြင်။

နိခြင်းမှာတွင် သူကအိပ်
လူသူတိတ်မှ စားကွက်ရှာ။

အမှောင်မှာ ပျံကာလွှား
ကျားသားငပါး ဝအောင်ကြံ
ကျီးအာသီးအမှန်။

တော်ရုံတန်ရုံ လူမသိ
ထရိပ္ပူရ ရခိုင်ရွာ။

ယင်းမှာလားခါ ကျောင်းတော်ဆောက်
ဒုက္ခလောင်းမှောက် ပြောဂျတ်ငွေ။

ဒေလီနယ်ကို နောက်ချန်ထား
ယင်းမှာလားလို့ ကျောင်းထိုင်မည်။

အကောက်ကြံစည် ရှယ်ကာစူး
ရှိခိုးဦးချ သထော်ဦးတင်
အကုန်သူငါမြင်။

ညီလာခံတွင် တောင်ဖံဖြန့်
တလူအညွန့် တက်ပြန်လာ
(Women Welfare)

ဖားကိုတုပနာ ခုန်ကာဆွ
ရွရိရွရွ လွလီလွလွ
ပွစီပွစွ ကွလီကွလွ။

လက်သဲဝှက်ဖဲ ကကွက်မှာ
(NUPA) ကို ချန်ကာထား
နောက်လိုက်ကုလား စွဲချက်တင်။

တထွာအမြင် သီအောင်မိုက်
ဌက်ကဥကြီး မဖြစ်ဆို။

အဖွဲ့ကို ဖြိုကာခွဲ
ဖရဲသီးကြီးပြ။

ရခိုင်အမျိုးသား ညီညွတ်ရေး
သုံး (နှင့်) လေး။

တပ်ပေါင်းစုတည်ဆောက်
ငါး (နှင့်) ခြောက်။

လူထုထောက်ခံ
ကျောက်လို့ကန်။

ထပ်မံထပ်မံ တောင်းပန်ကတ်လို့
ပြန်ထပ်စီကုံး ပြောအုံးမည်။

နာမကြီးကျယ် စစ်တွေရပ်က
ဆတ်ရှိုးကျမြို့ ရပ်ကွက်မှာ။

အိမ်ကြီးသဟာ သံဖြူမိုးလို့
ဦးသာနိုးကြီး စည်းစိမ်ခံ။

(Election) မှာ အမတ်ဖြစ်
စစ်အစိုးရ လက်ထက်တွင်။

အရိပ်ယောင်ပင် မမြင်ရ
ပြည်သူ့ဆန္ဒ လွှဲအာဏာ။

အမတ်များစွာ ထောင်ကိုရောက်
ဒူးထောက်လက်မြှောက် အယုံးမခံ။

ပြည်ပနိုင်ငံ ထွက်ပျောယ်ပြီး
ဒေလီမြို့ကြီး ရောက်လို့လာ။

ယင်းမှာတခါ ရာထူးတိုး

ညွှန့်ပေါင်းအစိုးရ ကောင်းစားစဉ်။

ထိုင်းနိုင်ငံ လည်ကာလား
အလုပ်သမား အရေးအရာ။

ပညာရေးပါ သူ့ကိုအပ်
ကျမ္မာမချွတ် သူ့တာဝန်။

တိုင်းနိုင်ငံ အုပ်ကာစိုး
ဖောက်ထိုးသာနိုး တွင်လို့လာ။

များမကြာ ရာထူးပြုတ်
စစုန်းမြုတ်လို့ ငုတ်တုတ်မှိုင်။

အဖောက်အတိုင် လွန်ညီညွတ်
ကျားကန်ပီးကတ် သူများမှာ။

ပုဏ္ဏားကျွန်းရှာ ဌက္ကဉ
ပြည်သူလူထု ကျော်သိန်းမောင်။

ကြိုးစားလုပ်ဆောင် ညာဏ်မတိုး
နာခေါင်ရိုးကြီးကျိုး။

အလွန်ဆိုးဝါး ဇာတ်လမ်းမှာ
မာကရက် သက်ချာ။

ကိုအောင်ဝါနှင့် ခိုးရှာလိုက်
ဝန်ကြီးမျက်ဖြူဆိုက်။

တစ်နှစ်သုံးလေး စလို့ရှိ
တယောက်တယောက်ချင်းစီ
တခု တခုချင်းစီ
ကာရံကုံးစီ သံကျပ်ထိုး
အားလုံး ဘုရားကိုး။

အမဲရိုးကို ခွက်စောင်းတင်
သူ့ထက်ငါအယင်။

သူယင်ငါယင် ဖြိုလုယက်
(DVB) စားကွက်။

နံနက်မိုးထက် တလလ်ာ
(၁၅) မိနိကြာ။

ကဗျာတပုဒ် စာတပုဒ်
မီးခွက်လည်းမှုတ်
မိုးလည်းချုပ်။

ထုတ်ဖော်ထုတ်ဖော် ပြောခီမှားလို့
အားလုံးမျက်စောင်း အထိုးခံ။

တခုမကျန် မှန်သမျှကို
အကျွန်ဖွင့်ချ ပြလိုက်တေ။

အများပြည်သူ သျှင်လူပေါင်းမှာ
သောင်းသောင်းသာထု ခေါ်ကတ်လီ။

(သာထု သာထု သာထု)

မောင်ဘ (ရခိုင်ပြည်)
(May 8, 2006)

(၃၀) ဆိုသည်မှာ စုစုပေါင်းတက်ရောက်သူဦးရေ ဖြစ်ပါသည်။

## (လူမျိုးငယ်) အတ္တဝါဒီများကျဆုံးခန်း

ထိုအယင်တခေတ်ကပိုင်
ကချင်ဝတ်စုံဝတ်လိုက်
သျှမ်းဘောင်းဖီဝတ်လိုက်နန့်
တိုင်းရင်းသားတိကို
လိမ်ဖို့မကြိုးစားကဲ့ဖိ --။

အဂုခေတ်ရေ

သျှစ်လေးလုံးတော်လှန်ရေးခေတ်ဖြစ်တေ --။

မတော်မတရားရေစနစ်ဆိုးကို
တော်လှန်နီရေ ခေတ်ဖြစ်တေ --။

အမှန်တရားကို လမ်းခင်း
တရားမျှတမှု မြက်ခင်းထက်မှာ
လျှောက်လှမ်းနီရေ ခေတ်ဖြစ်တေ --။

မှန်ကန်ရေ နှလုံးသားနန့်
သစ္စာတရားကို အောက်ခြီပြု
သမိုင်းသစ်ကို
ထုဆစ်နီစွာဖြစ်တေ --။

ဤအရာသည်ကား
ကျိုင်းမြောင်းရေ
လူမျိုးရေးဝါဒီများ၏
(မြက်ခင်းသစ်) မဟုတ် --။
(နွားစားကွက်) လည်းမဟုတ် --။

ရတနာသိုက်တူးရေ
(ရာဇဝင်ပျက်) လည်းမဟုတ် --။

(ပေါက်တူး) နန့် (လိပ်) ခေတ်စားဗျာယ်
(စောက်ရှူး) နန့် (ငပေါ) တိ အုပ်ချုပ်ဖို့
ခေတ်လည်းမဟုတ် --။

မတရားရေ လောက်ကောင်တိ
ဘေးကိုဖယ်ပါ --။

လူမျိုးရေးဝါဒီတိ
နောက်ပြန်ဆုတ်ပါ --။

မသထာရည်စာအားလုံး
ပုတ်လားခဗျာယ် --။

အမှိုက်ပုံထဲ

ဝေးပစ်လိုက်ပါ --။

ရဲရဲဝန့်ဝန့်
စွန့်ကြလိုက်ပါ
(မနှမြိုးကဲ့)

ဤအရာသည်ကား
တော်လှန်ရေးဖြစ်တေ --။

အနံ့မကောင်း
လောက်တသောင်းသောင်း
နို့ချဉ်ဟောင်းကို
စောင်းမကြည့်ကဲ့ --။

၄င်းအရာသည်ကား
အဆိပ်အတောက်ဖြစ်တေ --။

မတရားရေ မျိုးစိကို
ပျိုးကြနီရေ သင်ရို့အားလုံး
အသွီးအသားထဲက လောက်
သစ္စာဖောက်တိဖြစ်တေ --။

သူခိုးဇာတ်ကို
မကကတ်ကဲ့ --။

စောရဇတ်ကို
မရှီးကတ်ကဲ့ --။

ဘဝကျွန်အမွီယုတ်ကို
ဖွဲ့ထုတ်လိုက်ပါ --။

သဘုံမှုန့်အများကြီးနန့်
ကင်းပွန်းလျှော်လိုက်ပါ --။

မီးကိုက်ပြားပြားတိုက်ပျာယ်
ဝတ်ဆင်လိုက်ပါ --။

ရှိမိုးချိုးဗျာယ်
သန့်ယှင်းလိုက်ပါ --။

အုန်းဆီယွှဲ့ယွှဲ့လှိမ်းဗျာယ်
အာရုဏ်မိုးထက်ကို
ကြိုဆိုလိုက်ပါ --။

မင်္ဂလာအခါသမယမှာ
မင်္ဂလာတေးခြင်းကို
အော်ဆိုလိုက်ပါ --။

ဤအရာသည်ကား
တော်လှန်ရေးဖြစ်တေ --။

တော်လှန်ရေးရေ
တမိုးလင်းလားဗျာယ် --။

ယေကေလဲ့
တော်လှန်ရေးမုန်တိုင်းက
တိုက်ခိုက်နီတုန်းဖြစ်တေ --။

မယိမ်းယိုင်ရေ
ခိုင်မာသံခဲဌာန်နန့်
နက်ဖန်ရက်ကို
ကြိုဆိုလိုက်ပါ --။

ကိုယ့်မကောင်းမှုကို
ကိုယ်ရှက်ပါ --။

အသင်ရှို့တိရေ
လွလီလွလွ
(ဖာသယ်မ) တိ ဖြစ်တေ --။

တိုင်းပြည်၏ရတနာတိကို
ရောင်းစားနီရေ
(ရာဇဝင်သူခိုး) တိ ဖြစ်တေ --။

ဥပဒေမဲ့
သောင်းကျန်းသူတိဖြစ်တေ --။

ပြည်သူ့ရှိမှောက်
ကားစင်တင်ရဖို့
(ဘုစုခရု)
(ဖားပြုတ်ကြွက်စုတ်) ဖြစ်တေ --။

ကုရာနတ္တိ
ဆီးမဟိဖြစ်တေ --။

ကူးစက်ပြန့်ပွား
ဗိုင်ရပ်စ်ပိုးမွှားဖြစ်တေ --။

ကောက်သစ်ခင်းကိုဖျက်ဆီး
(ရာသီပေါ်ကျီး) တိ ဖြစ်တေ --။

လိမ်ဝါရေအတတ်ကို
တဖက်ကမ်းခတ်တတ်တေ
ရာဇဝတ်သား (လူသတ်သမား) တိ ဖြစ်တေ --။

ဆန်ကုန်မြီလီး
(ဘောက်သာဆွီး) တိ ဖြစ်တေ --။

အေကမ္ဘာမှာ
လီထုညစ်ညမ်းနီစွာ
အသင့်ရို့တိကြောင့်
မှတပါးအခြားမဟိ --။

ယေဇုနန့်
မီးဆိုက်တေသစ်ပင်တိကို
ပြန်စိုက်ပါ --။

စိုက်တေသစ်ပင်တိ ရှင်အောင်
ပျိုးထောင်ပါ --။

ရာသီဥတု

ဖောက်ပြန်လာရစွာ
အသင်ရို့တိကြောင့် --။

မိုးခေါင်ရီယှားဖြစ်နီရစွာ
အသင်ရို့တိကြောင့် --။

ကမ္ဘာကြီးကိုဖျက်ဆီး
ညှူကလီးယားဗုံးထက်
ကြောက်ဖို့ကောင်းရေ --။

ဆိတ်ဆီသူရဲထက်
ရွံ့ဖို့ကောင်းရေ --။

ခွီးပုတ်လောက်ကျ
အံ့ဖို့ကောင်းရေ --။

အပုပ်နံ့ကို
မခံနိုင်ပါ --။

အကျင့်ဆိုးကို
သင်းထုံးလိုက်ပါ --။

အကျိတ်အခဲကို
ကြိတ်ခွဲလိုက်ပါ --။

ဤအရာသည်ကား
တော်လှန်ရေးဖြစ်တေ --။

ဤရာသည်ကား
အိမ်ထောင်ရေးမဟုတ် --။
ဗစ္စကုတ်မဟုတ် --။
ဝတ္ထုမဟုတ် --။
အပြာဇာတ်မဟုတ် --။
ပဂျီကားမဟုတ် --။
ကျောက်ဖြစ်ရုပ်ကြွင်းမဟုတ် --။
ကဗျာအရွဲ့မဟုတ် --။
သာခြင်းသံကျပ်မဟုတ် --။

တေးခြင်းမဟုတ် --။
ဂီတာမဟုတ် --။
နှဲမဟုတ် --။
ဗုံမဟုတ် --။
လင်းခွင်းမဟုတ် --။
တယောမဟုတ် --။

အမှန်တရားနန့် (သွီးခင်း)
အမှန်တရားနန့် (ရွှီးထွင်း) ထားရေ
တော်လှန်ရေးစင်စစ်ဖြစ်တေ --။

နတ်သမီးချေတယောက်ပိုင်
လှပရေ
အာရုဏ်မိုးထက်ကို
ကြိုဆိုလိုက်ပါ --။

မိုးကောင်းခင်ပိုင်
ကမ္ဘာကြီးကို
ကျက်သရေတင့်စီပါ --။

ပန်းပွင့်ချေတိပိုင်
ကမ္ဘာကြီးကို
အလှဆင်လိုက်ပါ --။

ကြယ်ပွင့်ချေတိတောင်က
မှိတ်တုံလင်းတုံ
အမှောင်ခွင်းဖို့
နိုးနိုကတ်ဗျာယ်လေ --။

အို အသျှင်လမင်း
သင် ပုန်းမနီပါကဲ့ဖိ --။

အသင်ရေ
ကမ္ဘာကြီး၏
ကွမ်းတောင်ကိုင်ဖြစ်တေ --။

အသင်ရေ

စည်းကျဝါးကျ
နွဲ့ပျောင်းကတတ်တေ
လုလင်ပျိုမဖြစ်တေ --။

အသင်ရေ
ပန်းနုရောင်
ပန်းသီးပိုင်သျှင်ဖြစ်တေ --။

အသင်ရေ
နှုခွမ်းနီနီ
ရွှေနှင်းဇီဖြစ်တေ --။

အသင်ရေ
တခါတရီ
ရှက်ကွန့်တကို့
ပါးမို့မို့
စိတ်ညှို့တတ်သူဖြစ်တေ --။

အသင်ရေ
စကြာဝဠာလောကဓါတ်တခွင်လုံး၏
တပင်တိုင် မင်းသမီးတဆူဖြစ်တေ --။

ဒဏ္ဍာရီပုံပြင်ထဲက
ဂန္ဓဝင်မြောက်
မင်းသားတပါးလည်းဖြစ်တေ --။

ဇာခါမဆို အသင်ရေ
ကမ္ဘာကြီးကို လွှမ်းမိုးအုပ်စိုးသူ
ဘုရင်ဧကရာဇ်တဆူဖြစ်တေ --။

အမှန်တရား
ဘာသာတရားလည်းဖြစ်တေ --။

အခြားတဖက်မှာ အသင်ရေ
ဒြီသံပြင်းပြင်း
လမ်းလျှောက်တတ်သူ
လူယောက်ဖြစ်တေ --။

တခါတခါ အသင်ရေ
မကျေနပ်ချက်တိနန့်အံကြိတ်
တက်သီးခေါက်တတ်တေ --။

တခါတခါ အသင်ရေ
နာနာကျိန်းကျိန်း
ငိုကြွေးတတ်တေ --။

တခါတခါ အသင်ရေ
အရာရာကို
ဥပေက္ခာပြုနိုင်ရေ။

တခါတခါ အသင်ရေ
ရင်နာစရာကောင်းရေ
သမိုင်းကြောင်းကို
ပြန်ပြောင်းပြောပြသူလည်းဖြစ်တေ --။

တခါတခါ အသင်ရေ
စိတ်နာနာနန့်
ဒဏ်ရာရ
ခြသေ့်တကောင်ဖြစ်တေ --။

ယေကေလို့ ဇာခါမဆို
အသင်ရေ
ကမ္ဘာကြီး၏ဒဏ်ရာဒဏ်ချက်တိကို
ကုစားတတ်တေ
သမားတော်ကြီးတဆူဖြစ်တေဆိုစွာ
ဇာသူလာ ငြင်းချက်ထုတ်ဖို့လဲ --။

လူသူအားလုံး
ကောင်းခြင်းမင်္ဂလာနန့်
သာယာရေ မိုးထက်မှာ
ပြိုင်တူခေါင်းလောင်းတီးလိုက်ပါ --။

အဖြူရောင်
ဆင်တူဝတ်ပျာယ်

သံပြိုင်တေးခြင်းတပုဒ်
ဆိုလိုက်ပါ --။

ကောင်းခင်ပြင်ကို
နောက်ခံပြု
သန့်ယှင်းရေ
စုံလီညှင်းညှင်းကို
တဝတပိုက်
လှျူလှိုက်လိုက်ပါ --။

အတောင်ဖံပါရေ
ငှက်ချေတိပိုင်
လွတ်လပ်တေ
အပြာရောင်ကောင်းခင်မှာ
ကျူးယင့်ပျံသန်းလိုက်ပါ --။

ဤအခါသမယသည်
တော်လှန်ရေး
မိုးထက်မင်္ဂလာဖြစ်သည် --။

တော်လှန်ရေးအောင်ပွဲ
ခြိမ့်ခြိမ့်သဲ
ဆင်နွဲချိန်လည်းဖြစ်သည် --။

အမှန်တရား၏လျှောက်လှမ်းရာ
ရောက်ခါအနီး
အခါသမယဖြစ်သည် --။

အကျဉ်းချုပ်အနှောင်ဖွဲ့ခံ
ပြည်သူအပေါင်း၏
အောင်စည်အောင်မောင်း
ဆော်သြသံလည်းဖြစ်သည် --။

အခြားတဖက်မှာ
မိစ္ဆာကောင်တိ၏
ကျဆုံးခန်းဖြစ်သည် --။

ဖောက်ပြန်သူအပေါင်း၏
နိဂုံးချုပ်ဖြစ်သည် --။

အတ္တဝါဒီများ၏
တစသုဿန်ဖြစ်သည် --။

ဇာကြာဖို့လဲ
တယောက်တချက်
ဝိုင်းသမလိုက်ကေ --။

ဇာခံနိုင်ဖို့လဲ
တယောက်တချိန်း
ဝိုင်းဖိန်းလိုက်ကေ --။

(မောင်မှန်)

# ဖြုတ်စိတ်ကေကိုက်တေ ရဲဘော်ချေ

ဖြုတ်စိတ်ကေကိုက်တေ ရဲဘော်ချေ
ခြင်ထောင်မဟိ
မိုးကာချုံဗျာ အိပ်လိုက်ဖိ။

ဖြုတ်စိတ်ကေကိုက်တေ ရဲဘော်ချေ
ပုဆိုးမဟိ
ဒယောချုံဗျာ အိပ်လိုက်ဖိ။

ဖြုတ်စိတ်ကေကိုက်တေ ရဲဘော်ချေ
ဂေါင်းအုံးမဟိ
ကြောပိုးအိပ်ကို ဂေါင်းအုံးလုပ်ပျာ
အိပ်လိုက်ဖိ။

ဖြုတ်စိတ်ကေကိုက်တေ ရဲဘော်ချေ
ရည်းစားမဟိ
ရွာကအပျိုချေကို လွမ်းလို့
အိပ်လိုက်ဖိ။

ဖြုတ်စိတ်ကေကိုက်တေ ရဲဘော်ချေ
ထမင်းစားကေ ငါးမဟိ
ဝမ်းဆာဆာနန့် အိပ်လိုက်ဖိ။

ဖြုတ်စိတ်ကေကိုက်တေ ရဲဘော်ချေ
ရှိတန်းထွက်ကေ ဖိနပ်မဟိ
ခြီဆာဆာနန့် အိပ်လိုက်ဖိ။

ဖြုတ်စိတ်ကေကိုက်တေ ရဲဘော်ချေ
ရှိတန်းထွက်ကေ၊ နောက်ကိုမတွန့်
ရဲရဲဝန့်ဝန့်၊ ရန်သူတပ်ကို
တိုက်ပစ်လီဖိ တိုက်လီဖိ။

အညတြရဲဘော်မောင် (AA)

# မိုးကြိုးစစ်ဆင်ရေး

(၁)

ပြောက်ကျားလို့ခေါ်ရေ တော်လှန်စစ်သားသုံးယောက်
တယောက်တလက် လက်နက်ကိုယ်စီကိုင်လျှက်
တယောက်က AK47 တယောက်က M16
တယောက်က ရန်သူ့သေနပ် G3
ကြောပိုးအိပ်ကိုယ်စီလွယ်
Equipment ကို ခါးပတ်
ရီပူးကိုခါးချိတ်၊ ဒါးကိုခါးထိုး
ကျားပြောက်အင်းကျီနန့်
သတင်းအရ ရန်သူ့စခန်းသို့ချီတက်
ညဥ့်နက်သန်းခေါင် မှောင်မှောင်မဲမဲ
မိုးရိပ်ခဲခဲ
ဖြောက်စိပ်ကြယ်ချေတချို့ မလင်းတလင်း
မှိတ်တုံလင်းတုံ
(ဘုရားဝါ) စခန်းကထွက်ခွါ
ညတိုက်ပွဲဆင်ဖို့ခရီးနှင်
မြောင်ကိုကျော် တောင်ကိုပတ်
ချောင်းကိုကွေ့ယှောင် ခြုံကိုဖောက်
တောက်လျှောက်ချီတက်လားကတ်တေ။

ခြင်ကကိုက် ဖြုတ်ကလည်းကိုက်
ကြွတ်ကလည်းတွယ်
ဂရုမစိုက်နိုင်အား စကားမပြောနိုင်အား
အချက်ပြသင်္ကေတသဖောနန့်
အရေးပေါ်လမ်းကွဲခသော်
စုရပ်ကို (သမင်တောင်ထိပ်) ကိုသတ်မှတ်တေ။

စစ်ဆင်ရေးနာမည်က (မိုးကြိုး)
တဟုန်ထိုးစစ်ခင်းလို့
ရန်သူကို ဖြိုခွင်းဖို့ ပြင်းပြင်းကြီးချီတက်
စကားဝှက်ကို (ကြောင်နက်) လို့သုံးရေ။

ရိက္ခာအတွက် မသိုးထမင်း မသိုးဟင်း
ထမင်းခြောက်ကို ပျားနန့်နှယ်လို့
ဂျီသားခြောက်ကို
တယောက်တသိုက်ခွဲလောက်
တပတ်စာအတွက် ထည့်ပီးလိုက်ကတ်တေ။

(၂)
ညဥ့်အမှောင်မှာ ရန်သူမမြင်ရအောင်
လကွယ်ညကို အဖော်ပြု
ဝတ္ထုထဲက ဇတ်ကောင်များသဖွယ်။

လမ်းခုလတ်မှာ ရည်းစားကိုလွမ်း ရွာကိုတမ်း
တေးခြင်းတပုဒ်ကို လီသသွတ်ချေနန့်
ရွာလည်ရေအခါမျိုးပိုင် တောင်ကုန်းထက်က
ဇကုန်အော်လို့ ဆိုလိုက်ချင်ရေ။

အချစ်နန့်စစ်မှာ အပြစ်ကအသူလဲ။
ကြားလူဖျက်လို့ ပျက်ရရေအချစ်
မချစ်မနှစ်သက်သောသူနန့်
ပေါင်းသင်းရရေအချစ်
ချစ်ယင့်သားနန့် သီကွဲကွဲရရေအချစ်
ချစ်ယင့်သားနန့် ရှင်ကွဲကွဲရရေအချစ်
အချစ်အဘိဓမ္မာ မဖွင့်ချင်ပါ
အပြစ်ပြုသူကိုရှာ

ချစ်ကတ်သူတိုင်း ပေါင်းရဖို့ရာ
မိတ္တာပန်းခင်း ပေါင်းယှင်းပီးချင်သူက
စူး အစူးခံကာ အနစ်နာခံကာ ကြိတ်မှိတ်ခံကာ
တခါတခါ အံကြိတ်ပနာ
(အချစ်နန့်စစ်) စစ်နှစ်ပွဲကို
တပြိုင်တည်း တိုက်ခိုက်နီရသူပါ။

(မောင်းမောင်ပြန်လာလတ်ပါပလင်) ဆိုရေ
တေးခြင်းသံကို ကြားတိုင်းမျက်ရည်ကျ
ပျော့ညံ့ရေလို့ ဆိုချင်ဆို
ယောကျာ်းလည်း ငိုတတ်ပါရေ
တော်လှန်နှလုံးသားတိုင်း မမာပါ။

(၃)
ခုနှစ်စဉ်ကြယ် ခြီထောင်လို့ မိုးလင်းစပြုချိန်
တောင်ကုန်းချေတခုထက်မှာ
သုံးယောက်သား ကင်းစောင့်မနီအား
ညောင်းညောင်းနန့် အိပ်ချလိုက်ကတ်တေ။

ဝါးတောနန့် ပြိုင်းတောကိုကွယ်
ဖင်ကိုနီထိုးမှ နိုးရေ။

မိုးလင်းချိန်ခါ ရောင်နီလာလို့
အဝီးတနေရာ ခမောင်းပင်ထိပ်ချေက
ပြိုးချေကြူ ငှက်ဝါချေတွန်မြည်လတ်က
ရွာကအချစ်ကို အတွက်ရရေ။

စမ်းချောင်းချေက
တောင်စောင်းနားက စီးဆင်းလို့
ခြီမျက်စိလောက်ရာ နက်တေရီမှာ
မိုးထက်မျက်နှာသစ်လိုက်ကတ်တေ။

ကြိုင်အီးရေရီကို လက်ခုပ်ချေနန့်ယူသောက်
တယောက်က ကင်းစောင့်တာဝန်ယူရေ။

တတောကိုကျော် တမော်ကိုသန်း
တစခန်းရောက်ဖို့ တထောက်ခရီးမနား

နိုခြင်းထမင်းမစားသိမ့်ခင် အပြင်းနှင်
တက်နီကစူး ဂေါင်းကမူး ချွေးကပြစ်ပြစ်
နောက်ကုန်းချောင်းဖြစ်လားရေ။

ထမင်းကညင် ဝမ်းကညင် လွင်ပြင်ခရီး
အပြီးတခါ အမှောက်တလှည့် အထောက်တဖန်
ရန်သူကို သတိမူလို့
ရှိကကင်းထောက် နောက်လှည့်လို့ခေါ်ခါ
အရောက်အမြန် ချီတက်ရပြန်ပါရေ။

ကြောပိုးအိပ်ထဲက အိပ်ရာခင်းပါးပါး
တာလပတ်ချာပါးပါး ခါးမှာချိတ်ထားရေဒါး
အသေးအမွှားတိက
လားယင်းလားယင်း တအိအိ
ပိယင်းနန့်ပိ ကြားဖူးနားဝဟိအောင်
ပြောပြလိုက်ချင်ရေ
စက္ကန့်နန့်အမျှ ကမ္ဘာထက်လီးရေ။

(၄)
ယင်းပိုင်နန့် နှစ်ရက်ခရီးအပြင်းနှင်လို့
သုံးရက်မြောက်ည
(ပီချောင်းရွာ) ကို ရောက်တေ။

ဗမာစစ်တပ်က ရွာ၏မြောက်ဖက်
ဗျူဟာကျရေ တောင်ကုန်းအမြင့်မှာ
နီရာယူထားရေ။

ကျောက်ပေါက်မြှာနန့် အရုပ်ဆိုးဆိုး
အသားမဲမဲ အညာသားစစ်ဗိုလ်က
ရှိတန်းကိုဦးစီး
မြောက်ကြွမြောက်ကြွ
မျောက်မှာသပြာရရေအတိုင်း
ရိုင်းစိုင်းယုတ်မာ
ထမင်းတောင်းစား ဟင်းတောင်းစား
မစားဖူးမသောက်ဖူး အစားကြူးအသောက်ကြူး
မူးရူးယမ်းကားပေတေ
ယုတ်မာလွန်းလှရေ။

ရွာက အလုပလုပ မိမ္မချေတိကို
ထိုအကြောင်းပြ ဒေအကြောင်းပြ
နိမအား ညမအား အလုပ်ခိုင်း
ရိုင်းစိုင်းယုတ်ညံ့ အောက်တန်းကျလွန်းရေ။

ညကျကေ မတော်မတရား ခြီတော်တင်လို့
အပျိုရည်ပျက်လို့
မျက်ရည်စက်လက်နန့် ရွာပြန်အဝင်
မောင်ကြီးမြင်ယောင်ပါသိမ့်ရေ။

ရွာသားတိကိုလည်း
နောက်ပြန်ကြိုးတုတ် နီပူလှန်း
ကျောက်ခါကျောက် ဆောင့်ခါဆောင့်
မှောက်ခါမှောက် လှန်ခါလှန်
သေနပ်ပေါင်နန့် ထောင်းခါထောင်း
ဝါးရင်းဒုတ်နန့် သတ်ခါသတ်
ရက်စက်နည်းပေါင်းမျိုးစုံ
ယုတ်မာမှုပေါင်းမျိုးစုံ
လက်နက်အားကိုးနန့် အနိုင်ကျင့်
ခွီးထက်ညှက်တေအမျိုး
ကျားထိုးလို့သတ် ဂေါင်းဖြတ်လို့သတ်
အရှင်လတ်လတ် ထူးခတ်လို့သတ်
မီးမြုတ်လို့သတ် ခြီတွဲလက်တွဲလို့သတ်
သွီးရဲသံရဲ ရွာလုံးပြတ်တန်းစီပစ်သတ်
အမိတကွဲ အဖတကွဲ သားတကွဲ မယားတကွဲ
ကြီကွဲစရာ မြင်ကွင်း
ခံစားချက် ပြင်းထန်လွန်းလို့
တော်လှန်ရေးထဲ ရောက်လာရစွာပါ။

ခခတ်ဝါးလောက်
အပေါက်ကြီးရေ
ကျိုင်းမြောင်းရေ အမျိုးသားရေးအမြင်နန့်
မီလှန်မျိုးဖျောက် စစ်ခင်းနီကတ်လို့
ကိုယ့်ပြည်ကိုယ့်ရွာအလှ မပျက်ရလီအောင်
ဆောင်ရွက်ဖို့
မောင်ကြီးမှာ တာဝန်ဟိရေ။

(၅)
ရွာသားများအကူအညီနှင့် ပြောက်ကျားသုံးယောက်
တန်းဆောင်ဘုန်း လဆုတ် (၁၄) ရက်
တလင်းဂုနီနိုညဉ့် သုံးချက်တီးကျော်လောက်မှာ
ရွာကိုဝိုင်းထားလိုက်ကတ်တေ။
ခွီးဟောင်သံတချက်နှစ်ချက်ကြားရရေ။

တယောက်ကကင်းစောင့် တယောက်ကတန်းခါးခေါက်
သတင်းအရ တက်အိပ်နီရေအိမ်၏
အရှိဖက်တန်းပျင်းထက်မှာ
ဗမာစစ်တပ်က အညာသားစစ်ဗိုလ်ကို
နဖူးတည့်တည့် ပစ်သတ်လိုက်ကတ်တေ။

(အယုတ်တမာရို့၏အဆုံးစွန်လမ်းသည်ကား
ကျဆုံးခန်းသာတည်း)

x x x x x

နောက်တနိ ပီချောင်းရွာက
တလိပ်လိပ်တက်နီရေ မီးခိုးရို့ရေ
တစုံတခုသော ရင်ဆို့နင့်ဖွယ် ဝတ္ထုတပုဒ်ကို
ပြောပြလျှက်ဟိရေ။

ဗမာစစ်တပ်က
ရွာသူကြီးနန့် အိမ်သျှင်ဝါဂျီးကိုခေါ်လို့
စစ်တပ်စခန်းနား ပီချောင်းကမ်းထောင့်မှာ
နိခြင်းကြောင်တောင် ပစ်သတ်လိုက်ကတ်တေ။

နှစ်ယောက်စလုံး ဒူးထောက်လဲမှောက်
ရုပ်ပျက်ဆင်းပျက်။

ရီစီးပြင်းရေ ပီချောင်းတရိုး
သွီးအတိ စီးဆင်းလျှက်။

(ခိုင်ကျော်ကျော်)

(4/6/2000)
(ဖြစ်ရပ်မှန်ဇာတ်လမ်းကို ကဗျာဝတ္ထုအဖြစ် ခံစားရှိုးဖွဲ့ပါသည်။)

'ဖက်ခွက်များကို - ချောင်းမြောင်မကြွင်း ကြွက်တွင်းမချန် - တော်လှန်ကြ'

## သိုက်မြို့

စာပဒေါင်းသည်
အဟောင်းမမင်၊ အသစ်မြင်၏
နွယ်မျှင်သွယ်တန်း၊ သူ၏နန်းတွက်
ရက်ကန်းတတ်မြောက်
သူတည်ဆောက်၏ --။

မိုးရောက်သည်နှင့်၊ အဆင်သင့်ပင်
လီနှင့်အတူ၊ တလူလူလွင့်
အောင်သူဝင့်ဗျာယ် --။

တွေးချင့်ထောက်ရှု
ဤကောင်းမှုလျှင်၊ ကုသိုလ်ပြုရာ
ကောင်းကန်သာမှ၊ ကဗျာတပုဒ်
ပုံပြယုဂ်တည့် --။

(နရသီဟ)

## မိုးထက်မင်္ဂလာ

အိုပြည်သူရို့၊ ထကတ်ထကတ်
အရှိဖက်မှာ
ရောင်ဖြူလာဗျာယ်လေ --။

ရှောက်ပနီငှက်ချေ၊ နီဆာလှုံလို့
အကိုင်းဖျားမှာ၊ နားနီဗျာယ် --။

စာချေတရှို၊ ညီညီညွတ်ညွတ်
တသုတ်ပြီးတသုတ်၊ တအုပ်ပြီးတအုပ်

လှည့်ပျံလားခဗျာယ် --။

အလယ်တရိုး၊ ဝက်မတိုးရအောင်
ခြံထိုးလို့ကာကွယ်ရဖို့ --။

ကျီးကျလို့မပျက်ရအောင်
မီးထလို့ဖော်ကတ်ရဖို့ --။

ရွာဦးကျောင်းက၊ ခတက်ခေါက်ပျာယ်
မချေလားလို့ဆွမ်းပို့ခီ --။

မောင်ချေပျိုးကြဲ၊ အကိုကြီးလယ်ထွန်
အကိုလတ်ငါးရှာ လားကတ်လီ --။

မကြီးဆန်ဖွတ်၊ အမိဆန်ပြာ
အဘာတောသို့လားပတ်စီ --။

တက်ညီလက်ညီ၊ ရီကြိုင်မြမြ
ဂစ္ဆပနဒီ၊ နှင်းဝီဝီမှာ --။

(မောင်မှန်)

# ရခိုင်သွီး

ရက္ခပူရီ၊ တိုင်းဌာနီကား
ရီကြိုင်မြမြ၊ ဂစ္ဆပနှင့်
စိမ်းမြည့်ိုရောင်၊ ရိုးမတောင်နှင့်
ကမ်းမြောင်ရှည်စွာ၊ ပင်လယ်ပြာနှင့်
ရောင်ဝါသွယ်ဖြာ၊ သာသနာနှင့်
စိုင်လာသမိုင်း၊ ဤတိုင်းနိုင်ငံ
နက်သန်ဘုမ္မိ၊ ရာဇဝင်ဟိ၏ --။

ရက္ခပူရီ၊ ဤသည်နိုင်ငံ
အောင်လံဝင့်ဝင့်၊ ထီးဖွင့်နန်းတည်
ပိတောက်စည်နှင့်၊ နယ်ပြည်သမုဒ်
အချုပ်အချာ၊ အာဏာပိုင်စိုး

မြင်းမျိုးသိန္ဓဝ၊ ကေသရာဇာ
ဗျာလပဥ္စရူ၊ ဆင်ဖြူဆင်နီ
သက်သီသာဓက၊ သင်္ကေတနှင့် --။

ရက္ခပူရီ၊ ဤမြို့ဇာတိ
သီရိမဟာ၊ ရာဇာသွီးရင်း
မြတ်ခြင်းသီလ၊ စောင့်ထမျိုးရိုး
ထိန်ကြိုးငလျှင်၊ ပွဲတင့်ဟိန်းဟိန်း
ဖြိန်းစောင်းသံပြိုင်၊ စည်တော်မြိုင်နှင့်
ရခိုင်သားသွီး၊ ထိန်ထိန်ညီးသည်
ဘုန်းမီးနီလတောက်ထွန်းတည်း --။

(နရသီဟ)

# မှန်ကင်းတလှည့် ထင်းတလှည့်

မင်းလွင်ဆိုင်း၍၊ တိုင်းသျှစ်ဌာနီ
ပြာရီမှိုင်းညို့၊ မြသို့အသွင်
လှရိပ်ဆင်လျှက်၊ ပင်ထက်လျှိုမြောင်
တောတောင်ယံကြော၊ သံလျှိုနှောသည့်
ဥဩရီသောက်၊ နှိုကိုရောက်တိုင်း
ရင်လှိုင်းခက်ထန်၊ မျက်ရည်သွန်မိ
ပြန်လည်နှိုးဆွ၊ ပူသောကနှင့်
နွမ်းရဘဝင်၊ စိတ်အမြင်ဝယ်
အယင်အတိတ်၊ ပုံနမိတ်ရို့
တရိပ်ရိပ်လျှင်၊ စွဲဟပ်ထင်သည်
မရွှင်တမ်းတရလီဗျာယ် --။

မျှော်ကြည့်တိုင်းလျှင်၊ သျှစ်ခွင်အနှံ့
တေးဝီဖြန့်ရာ၊ စေတီသာလည်း
မြို့မှာပြိုယွင်း၊ အလှကင်းလျှက်
ကျိုးပျက်တံတိုင်း၊ အပိုင်းပိုင်းလည်း
ခြံဝိုင်းနွယ်ရံ၊ အထီးကျန်စွာ
စရှာမရ၊ အန္တတည့် --။

သြော် - ရခိုင်ရို့၏

မိမ္မိဘမ္မိ၊ စာပီလက်ရာ
နုပညာလျှင်၊ တခါမှန်ကင်း
တလှည့်ထင်းသို့၊ ပျက်ယွင်းမြီခ
ဖြစ်လီရငြား၊ ရခိုင်သားရို့
စိတ်ထားမှန်ကန်၊ မျိုးမာန်တိုးမြင့်
သင့်တင့်ညီညာ၊ တွဲလက်ဖြာသော်
ရင်မှာခွန်အား၊ အားမာန်ပွားသည်
မိုးသားရောင်နီသို့ နှယ်တကား --။

(ခိုင်လူခြသေ့်)

# သဇင်သတ္တိ

နယ်ပယ်တခု၊ ကိုယ်စားပြုလျှက်
နှိုင်းထူပုံထင်၊ မြတ်သဇင်သို့
ပင်ယံမြင့်မြင့်၊ မာန်ချီဝင့်ပြီး
ဖူးဝင့်ဝီဆာ၊ မွှီးကြိုင်စွာလျှင်
မြလွှာတမူ၊ ပန်းမိဋ္ဌူတည်း --။

လူမျိုးရခိုင်၊ ပြည်မဏ္ဍိုင်တွင်
သာကီနွယ်မြတ်၊ တိုင်းလေးရပ်၏
ပြုမှတ်တံဆိပ်၊ အောင်နိမိတ်ဖြင့်
ရက္ခိတမည်၊ မျိုးဂုဏ်ရည်ဖြင့်
စည်ပင်သာယာ၊ သာသနာနှင့်
ကမ္ဘာလယ်တွင်
ထည်ဝါရပ်တည် ဟိလတ်၏ --။

ရပ်တည်ထည်ဝါ၊ မျိုးမဟာကို
မိစ္ဆာဝင်ရောက်၊ သစ္စာဖောက်ကြောင့်
နန်းပျောက်ထီးပျက်၊ စစ်ဒဏ်ချက်နှင့်
သက်ပေါင်းလည်းခ၊ ကျွန်ဖြစ်ရ၏
ဘဝယှုံးနစ်
သက္ကရာဇ်နှောင်း၊ သမိုင်းကြောင်းကို
သွန်းလောင်းထုဆစ်၊ အားမာန်သစ်ဖြင့်
ဖက်ဆစ်၏ရန်၊ တိုက်တွန်းလှန်မည်
တာဝန်အသိ၊ အားလုံးဟိ၏

ကတိခိုင်မြဲ၊ လက်ချင်းတွဲ၍
အောင်ပွဲတဖန်၊ ကိုယ်ပြန်ရယူ
ပြိုင်တူရှိသို့ လှမ်းချီတက် --။

အို -- ရက္ခတိုင်းသား၊ မျိုးချစ်များရို့
ရှိသို့တူပြိုင်၊ လှမ်းတက်နိုင်ရေး
ငိုင်ငေးတွေဝေ၊ ထိုင်နီရေလား
နောက်ထားကျန်လိုက်၊ ထိုစနစ်မှ
ကူးပြောင်းသည့်ခေတ်၊ အမှီလိုက်လို့
နည်းသစ်ပညာ၊ ဆည်းပူးကာလျှင်
ပြည်ရွာကောင်းကျိုး၊ ထမ်းပိုးရွက်ဆောင်
မုက္ခအောင်မည်
ရွှေရောင်ဝင်းပ အနာဂါတ် --။

ဝီဆာခန့်ငြား၊ မာန်ဝင့်ကြွားလျှက်
ထင်ရှားမျိုးမှန်၊ ဇာတိမာန်ဖြင့်
ညာတံမကျိုး၊ ကြွမည့်ိုးအောင်
ပျိုးထောင်ကာလျှင်၊ ခိုင်သဇင်ကား
ရှိတွင်မားမတ်၊ ဦးတည်ရပ်လျှက်
သတ္တိစွမ်းရည် ပြတော့မည် --။

မောင်သာလောင်းဖြူ (ရမ်းဗြဲ)

## ဘူမိရက္ခိတ ပုတ္တရ

သမိုင်းစာမျက်နှာသစ်
ဖွင့်လှစ်ပြရန်
ဝံလက်ငှက်များ ပျံလာပြီ --။

ဝံလက်ငှက်များ၊ အင်အားနှင့်ပျံ
ကောင်းခင်ယံဝယ်၊ ငြာသံဟိန့်ကြိုး
ပြည်ကျိုးအတွက်၊ သက်စွန့်ဆံဖျား
တိုက်ခိုက်လားရန်၊ တောင်ဖံပြင်းပြင်း
သွီးနှင့်ရင်းတည်၊ ရခိုင်ပြည်အား
ပြန်လည်တည်ဆောက်ကြတော့မည် --။

ဝံလက်ငှက်များ
ဇာနီဖွားရို့
အင်အားအဖြစ်
ထုဆစ်လိုက်ကြ
ရိုးမတောင်ထက်
တောင်ဖံယှက်၍
ချီတက်ဖြောင်းဖြောင်း
လက်ခမောင်းခတ်
ပျံတက်လာကြ
ဘူမိရက္ခိတ ပုတ္တရများ --။

သမိုင်းစာမျက်နှာသစ်
ဖွင့်လှစ်ကြရန်
ဝံလက်ငှက်များ ပျံလာပြီ --။

ခိုင်လင်း (မေဃဝတီ)

## ဥဒါန်းကျီအဲ့လော့အိုပြည်သူ

ထလော့ပြည်သူ
ပြည်သူထလော့၊ နိုးထလော့
ထလော့ပြည်သူ၊ နယ်ချဲ့ဟူသမျှ
ဆန့်ကျင်ကြရန်၊ မောင်းထုတ်ရန်နှင့်
တွင်းရန်ပြင်ရန်၊ ရန်ဟူသမျှ
တိုက်ကြဖျက်ကြ --။

ကျွန်သက်နှစ်ရာ၊ ဘဝတာ၌
တိုင်းပျက်ပြည်ပျက်၊ လူမျိုးပျက်၍
အကျင့်သိက္ခာ၊ ဖျက်ဆီးလာလည်း
သီလမဏ္ဍိုင်၊ ရက္ခိုင်ရက္ခ
စောင့်ယှောက်ကြလော့ --။

မျိုးဖျက်ရန်သူ၊ အကြံဟူသမျှ
ဆန့်ကျင်ကြ --။

နဖူးလက်တင်၊ မစဉ်းစားခင်က

ငါပြောပြမည်၊ အိုပြည်သူ
လက်ဝါးတွင်းဖောက်၊ ကြိမ်ကြိုးလျှောက်သီ
တစီတတန်း၊ လူသိန်းသန်းနှင့်
သျှင်ပင်မုနိ တုမဟိကို
ဆောင်ယူဘိသည်၊ မြန်မာပြည်သို့
ထိုစဉ်ခါက၊ နန်းအမရ
ပြည်ဌာနဟုဆိုလတ်၏ --။

နန်းအမ္ဘရ၊ ဘဝသျှင်ပင်
မောင်ဝိုင်းတွင်၏ --။

မောင်ဝိုင်းဆိုတိုင်း
ရခိုင်တိုင်းတွင်၊ မယွင်း္ခမှာ
နီရာထိုထို၊ ရခိုင်ဆိုလျှင်
အရှင်လတ်လတ်၊ ဂေါင်းကိုဖြတ်၍
ကွပ်ညှပ်သုတ်သင်၊ ဒါးစီရင်၏ --။

ကုန်စင်အောင်သတ်၊ မလွတ်ပြီးယှောင်
ကောင်ပုတ်တောင်နှယ်ပုံလီ၏ --။

သီလီမကြွင်း၊ လူခပင်းရို့
ချင်းချင်းနွှီးနွှီး၊ ကနိမွှီးသား
သားထွီးသားငယ်၊ နုနုငယ်ရို့
ပြုံးရယ်ရွှင်ဘိ၊ မေမသိကို
မွှီးမိထံက၊ ယူပြီးမှလျှင်
လက်နှင့်ကိုင်မြှောက်၊ ကောင်းခင်ရောက်မှ
အောက်ကတဖန်၊ ဒါးကိုလှံ၍
ခံပြန်ပြီးခါ၊ ပြုသည်မှာကြောင့်
ကျကာမလွဲ၊ ရဲရဲသွီးစက်
အအူထွက်၏ --။

တချက်မြို၌၊ လှံကိုစိုက်၍
ခံလိုက်တံကျင်၊ ဖင်ကဝင်၏ --။

ပုံဘိတောင်နှယ်၊ ကောင်ပုတ်ဝယ်ကား
လူငယ်တသောင်း၊ လူကြီးပေါင်းလျှင်
သျှစ်သောင်းအစွန်း၊ တသိန်းမွှန်း၏ --။

နှစ်လိုပျော်ပါး၊ လင်မယားကို
ပေါင်းကြအတူ၊ မထားမူဘဲ
ဆွဲယူရိုက်သတ်၊ နားကြိုးတပ်လျှက်
ပူးပြွတ်ချိုင်နှောင်၊ ကြက်ကိုလှောင်သို့
ပုံဆောင်ပမာ၊ ယူကြပါ၏ --။

များစွာခွတ်ထစ်၊ သတ်၍ပစ်လျှက်
အချစ်ဝါသနာ၊ မဟိပါပြား
ပျူအောက်သားသည်
စကားမုသားဝါဒီတည်း --။

ဤသောစာဟောင်း၊ သမိုင်းကြောင်းဟိ
ဟိကြောင်းဤသည်၊ ထိုသည်သာမကေ
မမိကြနှင့်၊ သတိဟိကြ
နာကျိန်းကြလော့ --။
အမျိုးမာန၊ နိုးထကြလော့။

နာလော့ပြည်သူ၊ အိုပြည်သူရို့
နားကိုစွင့်လော့၊ နားစွင့်လော့
ရိုးမတဝှန်း၊ မြစ်ကမ်းပင်လယ်
လယ်ကွင်းမြို့ပြ၊ တောကအုံက
ဇနပုဒ်က၊ ငိုသံသဲ့သဲ့
အင်အားမဲ့စွာ၊ ပင်ပန်းစွာဖြင့်
ရခိုင်သူမ၊ ငိုချိုက်ရ၏ --။

အောက်သားမြန်မာ၊ ရိုင်းပြစွာနှင့်
ဗလက္ကာယ၊ ပြုကျင့်ကြပြီ
ကနိဆီထိ --။

ချောင်းနွယ်မြစ်မ၊ ရီလျှံကျသို့
ရခိုင်သူမ၊ ကျသည့်မျက်ရည်
ထိုမျက်ရည်တွက်
သမိုင်းကြွီးလျှင်ဟိသိမ့်၏ --။

မှတ်လော့ပြည်သူ၊ ရခိုင်ဟူသမျှ
နာကျိန်းခံခက်၊ ဟိကြလော့ --။

သူနာသူအို၊ ကျိုးကန်းကိုကား
မလိုပိတ်ထား၊ တိုက်လုပ်ပြား၍
သွင်းထားအပြည့်၊ ယမ်းဆီးထည့်လျှက်
မြိမြိညက်ကြိ၊ မီးတိုက်စီ၏ --။

အဆိပ်ငွေ့လွှတ်၊ သတ်သည့်ပညာ
ဂျာမန်ဖက်ဆစ်၊ နောက်မှဖြစ်သည်
စစ်ရှိသမိုင်း၊ အရိုင်းမြန်မာ
ကျင့်ခဲပါ၏ --။

ပင်လယ်ကမ်းစ၊ သဲသောင်လွှမှာ
ဖြားရီကျခါ၊ ဝါးခြံကာ၍
ချိုင်ကာနှောင်ထား၊ လူအများမှာ
ဖြားရီတက်ခါ၊ မြုပ်လို့သီရ
ကယ်ပါယူပါ၊ တစာစာ
အော်မြည်ဟစ်ကျွီး၊ ရင်တီးလက်တင်
အသက်ငင်၍၊ ထိုတွင်ခဏ
ခန္ဓာကြွ၏ --။

ရင်ကိုခွဲ၍၊ အသဲကိုကင်
အအူကိုထုတ်၊ အရီဆုတ်နီလှန်း
ယုံတမ်းစကားမဟုတ်
အယုတ်တမာ၊ မိစ္ဆာကောင်ရို့
မယုံအောင်ရက်စက်၊ ခွီးဝက်လင်းဒ
ဝဝကျွေး၏ --။

နာလေ့ပြည်သူ၊ အိုပြည်သူ
ဗဟိုစည်နှင့်၊ နန်းမနန်းဆောင်
ကျောင်းကန်ဇာတီ၊ သိမ်ကြီးဇရပ်
ပြဿဒ်တန်းဆောင်၊ မောင်းခေါက်နာရီစင်
တော်ဝင်ခန်းနား၊ သပ်ယပ်ရွှာရို့
မြို့ရိုးတံတိုင်း၊ တုနှိုင်းမဟိ
ပိဋကတ်တော်၊ ကျမ်းတော်အစုံ
အကုန်မီးတိုက်၊ မပြီးမကျန်
မြီလှန်ဖျက်ဆီး၊ ဆင်ကြီးမြင်းကြီး
သမီးကညာ၊ ဥစ္စာရွှေငွေ

ရန်ကာပြောင်းအမြောက်
အောက်သားလုယူ၊ လူသျှင်ပညာဟိ
ဗေဒင်တတ်ဝှရား၊ ဆီးသမားပန်းထိမ်သည်
ယိုင်စင်သျှင်နှင့်၊ ပန်းချီနှင့်
ကြီးသွန်းတတ်နှင့်၊ ဆောက်ခတ်နှင့်
ဗိသုကာတတ်၊ အတတ်သည်မျိုးစုံ
မတ်မျိုးမှူးမျိုး၊ စစ်ထိုးအတတ်
နပမ်းသတ် လက်ပန်းသည်
သူကြွယ်သူဌေး၊ သူရဲခြီသည်
ကြီးရိဇ္ဇန္ဒာတတ်၊ ခြီချင်းခတ်၍
သုံးပန်းကွပ်ညှပ်၊ ယူဆောင်လတ်သည်
ပြည်ကြီးဧည၊ သုဉ်းသုံးဝ --။

ရှုလော့ပြည်သူ
ပြည်သူရှုလော့၊ နာခံလော့ --။

လှိုင်းသံလီသံ၊ သောသောညံ၍
ရိပြင်လှိုင်းကြား၊ ဆံဖျားသက်စွန့်
လူးလွန့်မှောက်တုံ၊ လွတ်မြောက်တုံ့နှင့်
တပြည်ဘင်္ဂလား၊ ပြီးလွှားယှောင်ပုန်း
အုံးကြွက်ဆူညံ၊ ဟေဝန္တာခရီး
တောကြီးမျက်သျှင်၊ လိပ်ပြာစင်မျှ
ကျားဆင်သားရဲ၊ ဘေးကိုခဲ၍
ခဲဖွယ်ထမင်း၊ ကင်း၍မင
ငတ်ကြပြတ်ကြ၊ သီကြိကြနှင့်
ကျားဟောက်လောင်းမှောက်
သက်ပျောက်ကတ်လီ
သီကတ်လီ --။

ထိုစဉ်ခါက
ရခိုင်စစ်ပြီး၊ ဘေးကင်းဝီးရာ
ပုန်းခွာယှောင်ပြီး
စာရင်းရှိုးသူမဟိပါ။
နိုင်ငံတကာ မသိခပါ --။

သိန်းသန်းလူခပင်း
ကယ်သူကင်း၍၊ ချင်းချင်းကြိကြိ

အသီအပျောက်
ထောင်သောင်းမြောက်၏ --။

အိုပြည်သူရို့၊ နာခံကြလော့
နာကြလော့ --။

နားကိုစွင့်၍၊ သတိဝင်လျှက်
အမျိုးမာန၊ နိုးထကြ --။

ပန်းငေါ်သဇင်၊ တော်ဝင်ပန်းမျိုး
တမျိုးတသီး၊ သားကြီးငါးကြီး
ကျောက်ကြောမချန်၊ ဘဏ္ဍာဆက်သွင်း
မယွင်းမပျက်၊ ပီးဆက်ရတုံ
ကမ်းရတုံနှင့်၊ ကုံလုံပြည့်ဝ
ပြည်ဧည၏၊ စပါးဆန်ရီ
ကျီလှောင်အပြည့်၊ ဖြည့်ဆီးယူငင်
ပြည်မြန်မာသို့ --။

မောင်ရစ်လျှင်ဗန္ဓုလ၊ လူ့ဗာလသား
ကုလားဖြူကို၊ စစ်ယှုံးသည်နှင့်
မုန်းသည်နှင့် --။

အပြီးဆုတ်လှမ်း၊ စစ်ဦးလမ်းမှာ
ထောင်းထောင်းကြီညက်၊ ပြည်ကိုဖျက်၏ --။

သက်ဟိသက်မဲ့၊ အကြောင်းမင့်စွာ
စုပုံသတ်ဖြတ်၊ စာရင်းမှတ်ယူ
သန်းကျော်ဟူ၏ --။

ကုလားမနိုင်၊ ရခိုင်ကိုမဲ
တရားမဲ့လုပ်ရပ်
ကိုပင်ရှိ့မိကတ်ဖို့လား --။

မှတ်လော့ပြည်သူ
ပြည်သူနာလော့၊ နားခံလော့ --။

စစ်ကိုင်းဖက်ကမ်း၊ မင်းကွန်းဇာတီ

မိတ္တီလာကန်တော်၊ မြို့တော်လမ်းခင်း
တွင်းတူးမြီပေါက်၊ တာရိုးဆောက်ဖို့
ထင်းခွတ်အုတ်ဖုတ်၊ အလုပ်ကြမ်းမျိုး
လွှထိုးမောင်းငင်၊ တစင်တသီး
မူးကြီးမတ်ပေါင်း၊ အိမ်ကောင်းအိမ်ကြီး
ကျွန်သီးသဘောက်၊ အောက်ကျဝပ်စင်း
ခြီနင်းမြက်ပင် --။

စစ်ဆင်စစ်တက်၊ အသီခံထွက်
ယိုးဒယားချီ၊ စစ်သည်အဖြစ်
မလိုက်မဟိ၊ လိုက်ရဘိသည်
ချွေးတပ်သားနှင့်၊ ကူလီနှင့်
ကျွန်သဘောက်နှင့်၊ ဓါးမောက်နှင့်
ရခိုင်သားနှင့်၊ သင်းချိုင်းနှင့်--။

စပါးဆန်ရိ၊ ဘဏ္ဍာမကြွင်း
ခပင်းလူသူ၊ တောင်းယူကြိမ်ဖန်
မြို့တည်ပြန်ဟု၊ တဖန်လူငယ်
ယောက်ကျားငယ်မျိုး၊ ဓါးမိုးယူငင်
အမျိုးကိုဖြတ်၊ မြန်မာဇာတ်သွင်း
အလျှင်းမရောက်၊ အောက်သားဖြစ်ခြင်း
လူနှောခြင်း။

မြို့ရွာတည်ပြန်၊ အင်းလေးကန်တော်
လောင်းလှော်ရပ်စောက်
တချောင်းထောက်ခြီ
အံ့လောက်သည်လော့
မှတ်လော့ပြည်သူ၊ စဉ်းစားလော့ --။

ရွာတည်ချပြန်၊ ကန်တော်အင်းလေး
သျှမ်းပြည်ထဲ၌၊ ယွှအင်းသား
ဆင်းသက်ပေါ်ပေါက်၊ ဇာကရောက်အံ့
အကြောက်အလန့်၊ မဝံ့မစား
အောက်သားမင်းလျှင်၊ ဆင်တတ်မြင်းတတ်
စစ်တတ်ပညာ၊ ဇုန္ဒာဇုန္ဒာတ်
စစ်ကွပ်စစ်ကဲ၊ အမြဲကျော်သီး
ပြည်စိုးကြီးများ၊ ပုန်ကန်မည့်အရေး

ကြောက်သောအားဖြင့်၊ အနှောက်အယှက်
ချုပ်ချက်ခတ်ထွေး၊ ပြည်တွင်းမီးတွက်
ဘယ်လက်ကိုဖြတ်၊ သျှမ်းရပ်သို့နှင်
အင်းလေးခွင်ဒေသ၊ ရွာတည်ချသည်
အစဉ်မှန်စွ၊ မျိုးရက္ခ --။

ဘယ်လက်ဖြတ်တောက်၊ ကန်ထောက်ဘယ်ခြေ
လောင်းလှော်အားစိုက်၊ စိုက်လိုက်မတ်တပ်
တက်ခပ်ရသည်၊ အမြင်မှာဆန်း
တန်းရပ်ခြေထောက်၊ အံ့လောက်စဖွယ်
ဉာဏ်ရေးကြွယ်၏ --။

ယင်းကတဖန်၊ မြို့တည်ပြန်သည်
မင်းတုန်း၊ ပန်းတောင်း (ပဒေါင်း)
လောင်းရှည်၊ ယော၊ ဆော၊ စိမ့်တောမြိုင်ယံ
နိုင်ငံရပ်ထီး၊ အနီးအဝေး၊ သတင်းပီးရန်
တပ်တည်ရန်နှင့်၊ ရိက္ခာထောက်ဖြန့်
စစ်လမ်းငင်၍၊ ခရီးဆန့်၏ --။

ကန့်ဘလူ၊ စစ်ကိုင်း၊ ဖအိုင်း၊ ငဖဲ
ယောသား၊ ဆောသား၊ စကားရခိုင်
ယိုင်စင်ဟိ၏၊ ကျောင်းဟိ၏
ပန်းထိမ်သည်နှင့်၊ ကြီးသွန်းဟိ၏ --။

စစ်ကိုင်းအနား၊ ရွှေကြက်နှစ်ဆူ
အမရပူရ၊ အိမ်မခြံဝင်း
တသင်းယိုင်စင်၊ ထဲဝင်နာမ
အမည်တည်ဟိတ်၊ ကြိုးချိတ်ပုဆိုး
လွန်းမျိုးတရာ၊ ခေါ်အပ်စွာသည်
ပညာရခိုင် ယိုင်သျှင်တည်း --။

မှတ်လော့ပြည်သူ၊ မြန်မာဟူသည်
ဂျပ်ခုတ်ယက်ကန်း၊ ခါးကြိုးလောက်မှ
တတ်ကျွမ်းလှ၏ --။

ရခိုင်ရောက်မှ၊ အစဆင်၍
ယိုင်စင်တတ်မျိုး၊ ကြိုးချိတ်ဒယော

တတ်အပ်သော်တည့် --။

မှတ်လော့ပြည်သူ၊ မြန်မာဟူသည်
ငွေသွန်းကြီးသွန်း၊ ဒင်္ဂါးသွန်းမှု
အနုလက်မှု၊ သွန်းမှုပညာ
ချို့တဲ့ပါ၏ --။

မြန်မာဒင်္ဂါး၊ ဆိုစကားမဟိ
မူးစိမတ်စိ၊ ကျပ်ခွဲသပြာ
သုံးလိုပါမူ
ဖာလာချိန်ခွင်၊ အလီးတင်၍
ငွေစင်အတုံး၊ ညှပ်ဖြတ်သုံး၏ --။

ဓလေ့ဤရွာ၊ ပြည်မြန်မာ၌
ပုံတော်ဒင်္ဂါး၊ သွန်းသည်များမှာ
ဒင်္ဂါးပညာ၊ ဆရာအစစ်
ရခိုင်ဖြစ်၏ --။

ထလော့ပြည်သူ၊ အိုပြည်သူ
ပြည်သူရှုလော့၊ စဉ်းစားလော့
ပြည်ကြီးသမိုင်း၊ ရက္ခတိုင်းနိုင်ငံ
အမှန်ကျွန်ဖြစ်၊ ကျွန်တွင်းနစ်ကာ
ဟိလီပါလည်း၊ ပြန်လှန်တိုက်ခိုက်
မျိုးချစ်သူရဲ၊ ချီဝှဲအံ့ဖွယ်
ကယ်တင်ဖူး၏၊ ကယ်ဖူး၏ --။

တောင်မင်းကျော်ထွီး၊ စစ်ကဲအိမ်ရှိ
ရဲဘော်သည်နှင့်၊ ကျော်ဇံနှင့်
ဘားရှီမုဇုန္ဒာတ်၊ သာမကောင်းစံရှီ
ကောင်းညွှန့်ရန်ဒိုင်၊ ရန်ချင်းပြိုင်၍
အနိုင်စစ်ခင်း၊ လူခပင်းလျှင်
ပါဝင်သည်လော့၊ တိုက်ပြီလော့ --။

သွီးကြီးဆပ်မည်၊ ကြံစည်သည်တည့်
မြရောင်ပင်လော့၊ ထွန်းရောင်လော့ --။
ဒါးပြန်စီးခေါ်၊ စဖိုဝေလျှင်
စစ်ဆင်သည်ကား၊ တိုက်ပြီလား

အိမ်ရှိမင်းဟု၊ သက်စံ့ရှိနှင့်
မင်းချစ်လှရှိ၊ ဇာနီသားကောင်း
မျိုးချစ်ပေါင်းရို့၊ သောင်းသောင်းညံလျှက်
သွီးလောင်းသံမြောက်၊ အောက်သားကိုသတ်
သတ်ယင်းနှင့်သီ၊ တပ်ဦးမြီမှာ
သက်စွန့်ခပါ၏ --။

ထိုကတဆစ်
သက္ကရာဇ်တွက်၊ တထောင့်ခုနှစ်ရာ
ကိုးဆယ့်လေးဟု၊ သမိုင်းစဉ်တင်
သခင်ပေါလုံး၊ အားစုရုံး၍
တကာင်နိုင်၊ အပြိုင်ခွက်ပေါက်
ရင်ဆိုင်မြောက်၍၊ ထွင်းဖောက်တော်လှန်
ဝိညာဉ်အသက်၊ ကားစင်ထက်မှာ
သွီးစက်လက်နှင့်၊ ရက်စက်စွန့်ခွာ
ခန္ဓာပြောင်းလည်း၊ ဦးမညွတ် --။

မှတ်လိုက်ပြည်သူ၊ နှလုံးမူလော့
ချင်းပုံချင်းချီ၊ အစ်ကိုညီနှင့်
စုံညီမယွင်း၊ ခပင်းလူဗိုလ်
သတင်းဆို၍၊ တိမ်ကြားဗိုလ်မင်း
ယောက်ဖတော်ဟု၊ လက်ရုန်းတော်ဗိုလ်ချုပ်
ကြိုးကုတ်အားဖြင့်၊ တိုက်၍ဆိုင်ပြိုင်
နိုင်လိုက်ယှုံးလိုက်၊ ပြည်သိမ်းလိုက်နှင့်
တဗိုလ်တက်ဆင်း၊ တပ်မင်းဒိုးအောင်ကျော်
အသက်နှံ့စစ်ကွပ်မင်း၊ သွီးချင်းရဲရဲ
မီးခဲတမျှ၊ တောက်ဆဲတောက်လောင်
အလှျံပြောင်သည်၊ အောင်စစ်သည်နှင့်
ချင်းပုံနှင့် --။

မြဝတီဦးစ၊ အမည်သညာ မြန်မာဝန်မင်း
အလုံဝန်ဗန္ဓုလ၊ စသည်တပ်မှူး
စစ်ကျူးတက်ဆုတ်၊ အနှုတ်အသိမ်း
တိမ်းစောင်းသည်နှင့်၊ မှောက်သည်နှင့် --။

ချင်းပုံလက်အောက်၊ မြောက်ဦးရောက်၏၊
ရောက်ပြီးလွတ်ပြန်၊ စဉ်ဆက်ကြံသည်

အောင်လံမလဲ၊ ချီဝဲအံ့ဖွယ်
အစိုင်နွယ်ထွန်း၊ စွမ်းစွမ်းတဖန်
တိုက်ခိုက်ပြန်သည်၊ သတင်းကျော်သီး
မင်းသားကြီးဟု၊ ရှိဘန်းသားကောင်း
ဇာနီဂေါင်းဆောင်၊ အောင်ကျော်ဇံနှင့်
ဒေးဝန်းကြီးရို့၊ တချို့တခါ
ညိုးငယ်မဟိ၊ ကယ်တင်ဘိသည်
ရခိုင်လွတ်လပ်ပြန်တကား --။

နာလော့ပြည်သူ၊ အိုပြည်သူ
ဦးညွတ်ထိုက်တန်၊ ဇာနီမွန်ရို့
သွီးဝိညာဉ်နှင့်၊ အမှန်လုပ်ရပ်
မနှိုင်းအပ်အောင်၊ ဘိုးထိုက်အနဂ္ဃ
မြင့်မားလှ၏ --။

ထိုအဇူအဇာ၊ တိုင်းချစ်ပြည်ချစ်
ဇာနီစစ်များ၊ ပြည်များဦးကင်း
မင်းထက်မင်းကို၊ စစ်ခင်းဆိုင်ပြိုင်
အနိုင်ယူဝံ့၊ စွန့်လွှတ်စွန့်စား
ဂေါင်းဆောင်များကို၊ ဦးညွတ်ဝပ်စင်း
လေးစားခြင်းလျှင်၊ မယွင်းသစ္စာ
အမိန့်မှာတမ်း၊ လွမ်းဆွတ်ခြင်းနှင့်
ခံပြင်းဒေါသ၊ အမျိုးမာန
နိုးထကြလော့ --။

မမိမလျှော့
ကြိုးစားကြလော့ --။

ဥဒါန်းမကျီ
ဤမြီသစ္စာ
ကျိမ်ဆိုပါအံ့
ကျိမ်ဆိုအံ့
ကျိမ်ဆိုအံ့။

(နိဂုံး)

နာလော့ပြည်သူ၊ နှလုံးမူလော့

အိမ်တိုင်နွယ်ရစ်၊ နှစ်ပေါင်းလေးဆယ်
ခြုံနွယ်ပိတ်ပေါင်း၊ ချောင်းမြစ်ပိတ်ဆို့
ညို့ညို့ဆိုင်းဆိုင်း၊ ရစ်ခွီသိုင်း၍
အရိုင်းမျက်ရှင်၊ တောကြီးဝင်သို့
သမင်ကျားရဲ၊ ကျွဲရိုင်းစိုင်ကောင်
အထောင်အသောင်း၊ မီးကျောင်းရဲခြင်း
မြွေကင်းမှက်သန်း၊ တောခြုံဝန်း၍
ပြည်ပျက်မြို့ပျက်၊ အနီခက်သည်
အမှောင်ခေတ်ဆိုး၊ လူမျိုးပြုန်းတီး
ထီးထီးကျန်နီ၊ ဦးရေရှိတွက်စစ်
နှစ်သိန်းဖြစ်၏ --။

တခေတ်တခါ၊ ပြည်ရွာအပ
ရပ်ခြားနိုင်ငံ၊ အတန်တန်က
စုန်ဆန်ဝင်ထွက်၊ အရွယ်အသီး
သင်္ဘောကြီးငယ်၊ ဝယ်ကုန်ရောင်းကုန်
ကုံလုံပြည့်ဝ၊ တိုင်းညသည်
ဖွံ့ခွံ့ပြာစု
ထောင်းထုကြိမ်ခွ၊ ပျက်ခရသည်
အောက်သားမြန်မာလက်ချက်ကြောင့် --။

(ဦးစစ်နိုင် ရွီးဖွဲ့သည်)

# မိုးသောက်ရောင်နီ
(ကြောင်ရီခွတ်လင်္ကာ)

(၁)
ပြောခါရခိုင်၊ ရွီးခါမြန်မာ
မပီကလာ၊ ပီကလာသည်
ကိုယ့်ဘာသာမိ၊ စာကိုမိလျှက်
မသိတရား၊ လွန်ပွားများ၍
အသိတရား၊ လွန်ခေါင်းပါးသည်
ဖားတပိုင်း ငါးတပိုင်း
ပုံနှိုင်းရမူ၊ ခွီးတူဝက်တူ
ထိုသည်လူလျှင်၊ အယူမှောက်မှား
ပေါက်ကရားတည့်၊ လားလီရာမှာ

မျက်နှာမလှ၊ ဗီဇမပီ
ပဒရီစွပ်၊ ကြောင်ရီဝတ်လို့
အမှတ်သညာ၊ ကိုယ့်စာစကား
ဟိုသော်ငြားလည်း၊ အောက်နွားနောက်လိုက်
သူလျှင်ဖြစ်ရ၊ ဘဝကျွန်ယုတ်
စစုန်းမြုတ်ကာ၊ ဒုတ်ပိုင်းနောက်ကုန်း
ဘုံးဘုံးကျမှ၊ (အဘာ) ထအော်
ယောက်ဖခေါ်သည်
မပေါ်ဖပျောက်သူလျှောက်တည်း --။

(၂)
ဖပျောက်မပေါ်၊ ယောက်ဖခေါ်သား
သူဖုန်းစားလျှင်၊ စကားပရိယာယ်
အလွန်ကြွယ်ဝ၊ ပြောကတဖုံ
လုပ်တုံတမျိုး၊ သူခိုး၏ညာဏ်
အကောက်ကြံတတ်၊ ဘောက်ကတတ်လျှင်
ပြောလတ်ပါသည်၊ ရခိုင်ပြည်မှာ
ဇာတာမကောင်း၊ မင်းလောင်းကိုမျှော်
ပင့်ဖိတ်ခေါ်ကတ်၊ ဆွီမျိုးစပ်ပါ
ပီးအပ်နှမ၊ အလှပကို
ရောင်းကြစားကြ၊ ဝမ်းဝမှရာ
ပြည်သာယာမည်၊ လာရာလာလတ်
ပြန်မလွှတ်ပါ၊ ဖြတ်ဖြတ်လူးလူး
စုန်းနတ်ပူးသို့၊ ဦးဖျားထိပ်တင်
လျှောက်ခန်းဝင်သည်
အယင်ဒုန်းပေါက်ဆောက်၏တည်း --။

(၃)
ဒုန်းပေါက်အယင်၊ လျှောက်ခန်းဝင်သည်
ထိပ်တင်လက်မိုး၊ ရှိတော်ခိုးလို့
ငါကျိုးကိုမျှော်၊ ပူဇော်ပသ
ပြည်ဧည့်မှာ၊ ဖြစ်ကြပါသည်
ငါ့မည်နာမ၊ မာနတက်လျှက်
ငါထက်လည်းသာ၊ မနာဝန်တို
စိတ်ငြင်ငြိုလို့၊ မလိုမုန်းပွား
ရန်ငြိုးထားကာ၊ ခိုက်ရန်ရှာသည်
ဗာလာလူမိုက်၊ နောက်လိုက်အငှား

သူတောင်းစားလျှင်၊ ကောင်းစားပါကြ
ခုကာလ၌၊ ဖြစ်ရဖုံဖုံ
အလုံးစုံကို၊ ပုံတိုပုဒ်စ
ထုတ်ကာပြမည်
ဟုတ်ကမနာကြစီသတည်း --။

(၄)
မနာဟုတ်က၊ ထုတ်ကာပြမည်
ပုဒ်စပုံတို၊ နားထောင်လိုက
လာလတ်ကြပါ၊ ရောဂအနာ
ပျောက်ချမ်းသာအောင်၊ ဆရာသမား
ကုစားသည်သို့၊ ရခိုင်ရိုး့ကို
ပြောဖို့ဥပမာ၊ လက်ာစီကုံး
ကာရံသုံးလို့၊ နှလုံးသာယာ
ဟိစိမ့်ငှာလျှင်၊ ရှိုးကာလည်းပြ
ဆိုကာပြမည်၊ ကြောင့်ကြစိတ်ပူ
မငြူစူကဲ့၊ သျှင်လူတကာ
စိတ်ချမ်းသာမှု၊ ညောရွှေပြည်
ရပ်ကြီးစည်လိမ့်၊ တေဇာဘုန်းမိုး
ကျက်သရေတိုးလိမ့်၊ အမျိုးသာသနာ
ထွန်းလင်းဖြာလိမ့်၊ ဝေနေယျသတ္တဝါ
ဖီးကင်းကွာလိမ့်၊ ဖြစ်စိမ့်သောငှာ
စေတနာသည်
ပြည်ရွာလွတ်မြောက်ရကြောင်းတည်း --။

(၅)
လွတ်မြောက်ပြည်ရွာ၊ စေတနာနှင့်
ပြောခါနားထောင်၊ လက်မထောင်ကဲ့
ထောင်ရေလက်မ၊ အောက်သို့ချလိုက်
မာနတန်းခွန်၊ မိုးထက်ပျံလို့
ဖောက်ပြန်သမှု၊ မပြုကတ်ကဲ့
ပြုသည့်မာန၊ ဖြုတ်လို့ချလိုက်
ဝါဒယှဉ်ပြိုင်၊ ကြီးနိုင်ငယ်ညှင်း
အချင်းချင်းကို၊ လုပ်ခြင်းရက်စက်
အစွယ်ထက်လို့၊ တောဝက်ပိုင်ယှောင်
မာန်မစောင်ကဲ့၊ စောင်သည့်စွယ်မာန်
နောက်ပြန်လှန်လိုက်၊ အပြစ်ကိုမြင်

အယင်ပျင်ကတ်၊ စာမတတ်ကဲ့
ဆိပ်ကျပ်ဆင်ချောင်၊ လူ့ဘောင်လောက
မမျှတလို့၊ ပွပွပူပူ
ကျွက်ကျွက်ဆူရ၊ ပုန်ကန်ကြသည်
ဒုက္ခကြွက်တွင်း နက်ရသတည်း --။

(၆)
ကြွက်တွင်းဒုက္ခ၊ နက်ပါရသည်
စောရငဖျင်း၊ လက်ကြောတင်းနှင့်
မင်းဆိုးမင်းညစ်၊ မှိုက်သရိုက်လျှင်
ဖြစ်ကြတဖုံ၊ မှိုတုံယမ်းကား
ထွားထွားညက်ကြီ၊ စစန့်သီရ
ကာလနာလျှင်၊ ဆိုက်ကြပါကြောင်း
အလောင်းတောင်ပုံ၊ ပုပ်ပွကုန်ကြ
ခွဆုံလမ်းကြား၊ ဝမ်းလျှားမှောက်လဲ
ကွဲပြဲသွီးယို၊ ဗဖြန်းပြို၏
ငိုယိုပြီးလွှား၊ ကျောင်းသားသူငယ်
အရွယ်နုနု၊ သက်ကိုလု၍
ဥပမာမူ၊ ဖုတ်ပူမီးတိုက်
ကုလားတိုက်ကို၊ ကျားဝင်ကိုက်သို့
မိုက်မိုက်မှောင်မှောင်၊ လောင်လောင်ကျွမ်းကျွမ်း
သောင်းကျန်းပြည်ရွာ၊ ပျက်ရပါသည်
မြန်မာမင်းညစ်ဆိုးသောကြောင့် --။

(၇)
မင်းညစ်မြန်မာ၊ ဆိုးသွမ်းပါ၍
ပြည်ရွာမအီး၊ ဒုက္ခဖီးနှင့်
ကပ်ကြီးလည်းဖြစ်၊ ကာလနာလျှင်
ဆိုက်ကြတဖန်၊ ရာဇဒါဏ်ကြောင့်
မှန်ကန်ဖြောင့်မတ်၊ သင့်မြတ်သောသူ
ထိုသည်လူကို၊ ဖမ်းယူသတ်ပုတ်
ချိုင်နှောင်ချုပ်၏၊ မဟုတ်မမှန်
လုပ်ကြံစွပ်စွဲ၊ တရားစွဲ၏
ငရဲမီးတောင်၊ ပေါက်ကွဲယောင်သို့
လျောင်တိုက်ကိုသွင်း၊ နှိပ်စက်ခြင်းကြောင့်
ခြီချင်းတွဲလွဲ၊ ဆင်းရဲမလှ
ခံရထိုထို၊ တချို့ကိုလျှင်

အရှင်လတ်လတ်၊ ကြိုးကွင်းစွပ်၍
သတ်ဖြတ်ယုတ်မာ၊ လုပ်ကြပါသည်
ကြမ်းကြုတ်ဖရုဿာ ဝါသနာတည်း --။

(၈)
ကြမ်းကြုတ်ဖရုဿာ၊ ဝါသနာကြောင့်
ပြည်ရွာပျက်ကျ၊ ပုန်ကန်ကြ၏ --။

ထကြသူပုန်၊ အလုံးစုံတည့်
အကုန်သူငါ၊ တော်လှန်ပါ၏ --။

ပြည်ရွာအတွင်း၊ မကြွင်းသျှင်လူ
ဆူပူအုံကြွ၊ ဆန္ဒပြ၏ --။

မျောက်မဝင်စား၊ ဗိုလ်ချုပ်များလျှင်
ဘုရားပလ္လင်၊ တက်လျှင်းပင်တည့်
ဖင်ကိုကွကွ၊ လှန်ကာပြ၏ --။

အသရေယုတ်၊ အရုပ်ဆိုးဆိုး
ပုတ်သိုးနံစော်၊ ရွံစရာတည့် --။

(သို့ပါသော်ကြောင့်)
ယှောင်ခွာဝီးဝီး --
ဖီးလွတ်ရာကို၊ ခိုကာပြီးလို့
ရှီးသားလင်္ကာ၊ စီကုံးပါသည်
မှန်စွာ ကြောင်ရီကျွတ်အံ့သတည်း --။

(၉)
ကြောင်ရီမှန်စွာ၊ ကျွတ်အံ့ရာတွက်
ရာဇဝင်မှာ၊ ဖြစ်ပါလာသော
အရာများကို၊ တိုတိုတုတ်တုတ်
ဆိုကာနုတ်လို့၊ အကျနုပ်လျှင်
တင်ပြပါမည်၊ ရှိဝယ်အယင်
လောင်းကြက်တွင်ထ၊ ထိုပြည်မကို
ရလိုချင်ဇော၊ လောဘအားဖြင့်
စော်ကားရန်မူ၊ မြန်ဟူခေါ်ထ
အင်းဝသမုဒ်၊ ဇနပုဒ်က

အယုတ်မင်းခေါင်၊ လက်မထောင်လို့
ခေါင်ပုတ်ပမာ၊ ခိုးကာလာလျှက်
ပြည်ရွာသိမ်းဖျက်၊ ဖြိုလုယက်၍
မြို့ပျက်တခါ၊ ကြုံခပါ၏ --။

အရာတခေါက်၊ မြို့မြောက်ဦးမှာ
ငကောက်ငကိုင်း၊ ငလဝိုင်းက
ရိုင်းစိုင်းသမှု၊ ပြည်ကိုလုလို့
တုပယှဉ်ပြိုင်၊ အနိုင်လိုငြား
ပိုင်လိုအားဖြင့်၊ ပိုင်းခြားပုန်ကန်
တိုက်ဖျက်ပြန်သည်
အကြံယုတ်စွ ပုပ်ပွသတည်း --။

(၁၀)
ယုတ်စွအကြံ၊ ရခိုင်မှန်လျှင်
အရှင်လတ်လတ်၊ ထူးခတ်သုတ်သင်
ကားစင်တင်၏ --။

နီဝင်မိုးချုပ်၊ အမျိုးပြုတ်အောင်
ကြိုးတုတ်နှောင်၍၊ လက်ပေါင်ကိုခွတ်
ဂေါင်းကိုဖြတ်လျှက်၊ သတ်ကြတသွယ်
မြစ်ပင်လယ်မှာ၊ ပစ်ချပေ၏ --။

အချေသူငယ်၊ အစိတ်ကေဆို
ခြီကိုကိုင်မြှောက်၊ ထုတ်ချင်းပေါက်အောင်
ဒါးထောက်ဝါးချွန်၊ ထိုးသတ်ပြန်၏ --။

ကျန်လူမိမ္မ၊ အလှပကို
ကျင့်ကြမုဒိန်း၊ သွီးစိမ်းရှင်ရှင်
အမြင်မကောင်း၊ ဖင်ဟောင်းလောင်းနှင့်
အလောင်းကိုလျှင်၊ ရင်ကိုလည်းခွဲ
အထဲကိုယ်ဝန်၊ မှောက်ကာသွန်လျှက်
မကျန်အငုတ်၊ နိဂုဏ်းချုပ်သည်
မျိုးပြုတ်အစိုင်တုံးအံ့သတည်း --။

(၁၁)
အစိုင်မျိုးပြုတ်၊ အချုပ်နိဂုဏ်း

မဆုံးသိမ့်ပါ၊ တောရွာပန်ဇင်း
လာခြင်းမကောင်း၊ ဖင်ခေါင်းဦးနု
စိုးပြုမှောင်မိုက်၊ ဖဆပလခေတ်တွင်
စစ်တပ်မြန်မာ၊ ပစ်ခတ်ပါသည်
တရွာလုံးကျွတ်၊ အပုတ်ပြတ်တည့် --။

နောက်ထပ်စစ်တွေ၊ ဆယ်သုံးသြဂုတ်
ဖားပြုတ်နေဝင်း၊ စီမံခြင်းကြောင့်
ထမင်းငတ်ရ၊ ဝမ်းမဝသော
ညေဝတီ၊ ဝေသာလီဖွား
ရခိုင်သားကို၊ ကျားထိုးသေနပ်
လက်စသပ်၏ --။

မှတ်ကြရခိုင်၊ ကုလားထိုင်မွတ်
အောက်ခြီလွတ်သည်
သီကတ်အကောင် ရောင်ရောင်တည်း --။

(၁၂)
အကောင်သီကတ်၊ ခြီကိုခွတ်၍
မပြတ်တော်လှန်၊ ပုန်ကန်ပါသည်
ဦးစွာမိုးလင်း၊ စယင်းလူစု
အံကိုတုလို့၊ လူထုထောက်ခံ
လက်ခုပ်သံနှင့်၊ တဖန်စံကျော်ထွန်း
စခန်းထူထောင်၊ အောင်လံလွှင့်လွှင့်
ရွက်ကိုဖွင့်၏ --။

သို့ဖြင့်ချီတက်၊ အသက်ရာသီ
မကျီအခဲ၊ ရဲရဲတောက်လောင်
သွီးမီးတောင်နှင့်၊ အကောင်တီဖြစ်
ရိုးတွန်ရစ်၏ --။

အသစ်ရာဇာ၊ ဆက်ခံလာသည်
လူရာသီလား၊ သူကားမသိ
အာဇာနီတည့် --။

ဤမြီဤသို့၊ လွတ်ဖို့ကြံစဉ်
သံယောဇဉ်ကြောင့်၊ မယိုင်မလဲ

(ခိုင်ခိုင်မြဲ) သည်
အောင်ပွဲဆက်ကာ ခံလိမ့်သတည်း --။

(၁၃)
ဆက်ကာအောင်ပွဲ၊ ခြိမ့်ခြိမ့်သဲလိမ့်
အမြဲမစံ၊ လောကခံကြောင့်
အမှန်မုက္ခ၊ သူရို့ကျအံ့၊

ဓညဝတီ၊ သိင်ဂီရွှေပြည်
အောင်စည်အောင်မောင်း၊ သောင်းသောင်းညံ့ညံ့
သံပြိုင်အမြောက် ပေါက်လတ္တံ့ --။

ဝံလက်ဓိဌာန်၊ တောင်ဖံညီညာ၊ အောင်လံချီလာ ရောက်လတ္တံ့ --။
ပျံတက်ဗိမာန်၊ တောင်ယံတိမ်သာ၊ ရောင်လျှံထိန်ဝါ တောက်လတ္တံ့--။

## (Light in the Sky)

(ကြောင်ရီချွတ်လက်ာ)
ခရစ်သက္ကရာဇ် (၂၀၀၅) ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်၊ ဗုဒ္ဓဟူးနိ ရှီးပြည့်စုံသည်။
နိဗ္ဗာန ပစ္စယော ဟောတု။

မောင်ပေါက်
(ရခိုင်ပြည်)

ပဒရီစွပ်၊ ကြောင်ရီဝတ်လျှင်
သီကတ်အယင်ထိုခါတည်း --။

## ဇာတ်ပျက်ခန်း

တည်ကျင်နန့်ဒုံးကြက် - ရောစပ်ယှက်ကေ
ဇာတ်ပျက်ဗန္ဓတ်ဖြစ်ဖို့ယေ။

ဗန္ဓတ်ဆိုကေ - နောက်ကာလမှာ
တည်ကျင်မဟုတ် - ဒုံးမဟုတ်ပဲ
မျိုးငုတ်ဗီဇ -ရှာမရနန့်

ဘဝပီပြင်ဖို့သိလား။

'တည်ကျင်မ' ဖြစ်က
တည်ကျင်သမီးသား - မွီးပြလားလေ
တည်ကျင်မျိုးရိုး တည်လိမ့်မည်။

'ဒုံးမ' ဖြစ်က
ဒုံးစစ်သွီးမြတ် - မွီးပြကတ်လေ
ဒုံးဇာတ်မျိုးရိုး ရှည်လိမ့်မည်။

အို -- ညီမချစ်
မိစစ်ဖစစ် - မျိုးရိုးစစ်လျှက်
ခွဲပစ်ခြားနား - ကိုယ့်သွီးသားကို
မျိုးခြားနန့်စပ်- သွီးနှောကတ်ကေ
ဗန္ဓတ်မိလို့ခေါ်ဖို့ကား။

သာတင်မြ (မင်းပြား)

# မျောက်ခြောက်

နီရောင်ခြည် ကြောက်ပုံထောက်
မျက်ခမ်းစပ်ရောဂါသည်မှန်းသိသာ --။

လီသလပ်စွာနန့်
နှာစီးခြောင်းဆိုးစွာက
ကိုယ်ခံအားကျနီမှန်း ပြောဖို့မလို --။

အညှိဂြိုးကပ်နီကေလှဲ့
ရီမချိုးဝံစွာက
ဇာကြောင့်လဲ --။

ဂေါင်းထက်ကနီပနာ
(Challenger) ပျံလားစွာကို
ဘာဒလီ တကောင်လတ် --။

လက်ခုဟပ် အလံတော်အောက်မှာ

ပိုလီယိုရောဂါသည်က
(Mike Tyson) ဟန်နန့်
စိန်ခေါ်နီစွာ
ဝီရရသလား
ဟာသရသလား
သိပြီသားရာ။

ခိုင်လူ (ရိုးမ)

## ကိုယ်တိုင်ရှိုး အတ္တုပ္ပတ္တိ

ချစ်လိုက်တေ ဒေမြီပြင်
မြင်သူအံ့လားစီချင်
စိုက်ပြလိုက်မည် ဇကုန်
သီးပင်စားပင်အစုံ
အရိပ်ရပင် ပန်းပင်
အင်ကရားပင် ကသစ်ပင်
စံကားပင် အဝေယာပင်
ငုံးပင် ပိတောက်ပင်
သစ်မျိုးစုံလင် ပန်းမျိုးစုံလင် --။

တနှစ်စိလာ
ပိုးသတ်ဆီးကို အမယ်ရှာ
ဓါတ်မြီဩဇာကို အကြောင်းပြ
ရီလောင်းဖို့ကိစ္စ ပူပင်
စျီးကွက်အမြင်နန့်
ဆင်ခြင်သုံးသပ်ယင်း
ရောဂါအန္တရာယ်ပြတ်ကပ်လို့
စစန့်သီဖို့ကျခါမှ
တခုအပင်လေ့ မစိုက်နိုင်ခ --။

(ဝိးနီရ)

## ဒုတ်ထောက်တောင်ကို ကျော်ခန့်သိမ့်

ငါ၏အသက်
ထက်ဝက်ထက် သုံးပွာ
ကျော်လာဗျာယ်။

ငါမျှော်သည့်ပန်း
မှန်းလို့မကျ
လမ်းမရသိမ့်။

ရွက်နုရွယ်ရင့်
ရွက်ခြောက်ဆင့်ပနာ
ပန်းပွင့်ဝတ်မှုံ
လီမြုံကြွီကျ
မသင်းမြဗျာယ်။

နှင်းမှုံလွဲ့ပျောက်
ပန်းလွဲ့ခြောက်ပျာယ်။

နီညိုတထောက်
တောင်တန်းရောက်ပျာယ်။

(ယေကေလွဲ့)
ဒုတ်ထောက် တောင်ကိုကျော်ခန့်သိမ့်။

(သျှင်အုန်း)

## ရခိုင်သားလေ ရင်လီးရေ

ရခိုင်ဟူသည်၊ မျိုးသီလကို
စောင့်လှပိုင်ပိုင်၊ ထိန်းသိမ်းနိုင်လို့
မွိုးကြိုင်သတင်း၊ ကမ္ဘာ့ခွင်မှာ
ဂုဏ်ရောင်လင်းခ ကျော်ဇောခယင့် --။

ဒေနိရခိုင်၊ မခိုင်ကျင့်ပျက်
အမျိုးဖျက်ကာ၊ သွီးရောလာကေ
ရခိုင်သားလေ ရင်လီးရေ --။

ဒေနိရခိုင်၊ နိုင်ရာဖိနင်း
အချင်းချင်းပင်၊ ကြင်နာကင်းပြတ်
ညီညွတ်မှုဝီး၊ အမြင်ဆိုးကေ
ရခိုင်သားလေ ရင်လီးရေ --။

ဒေနိရခိုင်၊ ကိုယ်ပိုင်စီးပွား
ဝမ်းခါးလုံမှျ၊ မကြွယ်ဝဘဲ
မာနတန်းခွန်၊ မိုးယံကိုထိ
မျိုးလည်းမသိ၊ ဆို့မသိယာ
ဇာသူပင်သီ၊ ငါမထီဗျာ
တနပ်စာကို၊ တသက်ထင်ကေ
ရခိုင်သားလေ ရင်လီးရေ --။

ဒေနိရခိုင်၊ ယိမ်းယိုင်စီးပွား
ကျင့်ဖောက်ပြားကာ၊ ဇာတိပုထိုး
အမျိုးမျိုးကို၊ ရိုက်ချိုးမြီလှန်
မကျန်ပါကေ
ရခိုင်သားလေ ရင်လီးရေ --။

ဒေနိရခိုင်၊ မျိုးစိုင်သွီးအု
နုနုနယ်နယ်၊ လူငယ်အများ
တတ်ထားပညာ၊ ဟိကတ်ပါလည်း
လိမ္မာနှို့စပ်၊ ကိုယ့်သမိုင်းရပ်ကို
မသိကတ်ပြန်၊ မျိုးမာန်ကင်းဝီး
မဆိုင်ရာမှာ၊ အပြိုင်လုပ်ကေ
ယစ်ထုပ်ကြီးတိ၊ ဒေနိချိန်ခါ
ဖြစ်များလာကေ
ရခိုင်သားလေ ရင်လီးရေ --။

(ဓညဦး)

## ရွက်နုပြန်ချိန်

အိမ်လှည်းခက်တချောင်းနန့်
ကောင်းခင်ကြီးကိုလှည်းကျင်း

မိုက်တွင်းနက်ပစ်လိုက်ကတ်မည် --။

ခြီမဦးမှာ သွီးအလူးလူး
ကြည်နူးဖို့ကောင်းမည် သေချာရေ --။

ဆာမွတ်နီရေ ရီပြင်ထဲ
ဝတ်မှုံချေတိကြဲချ
ဒါနမြောက်ပစ်လိုက်ကတ်မည် --။

ကဲ့ရှဲလီပတ်စီ အခါတရာ
ကိုယ့်ဖာသာကိုယ် သာဓုခေါ်ဖို့ --။

(ရွှက်နုပြန်ချိန် ကဗျာစာအုပ်မှ)

## ဘုရားကိုကျားကိုက်ခြင်း

အယင်ကခါ ဗလာရွာမှာ
အသေဝနာဗိုလ်
အုပ်ချုပ်တေ။

တရက်နိ နဂါးငမိုက်
အသေဝနာခါးပိုက်က
မရွှေဥကို ကျားကိုက်တေဇာတ်
ကပြလတ်။

တေမိယဇာတ် ကဖို့စွာ
ချက်ချင်းပြန်ပျင်လိုက်ရရေ။

ကျားကဖို့လူ
ကျားရီယူဝတ်
ကျားဂေါင်းစွပ်ပျာယ်
အလှည့်ကိုစောင့်
ဇာတ်စင်ဒေါင့်မှာအိပ်နီရေ။

ယလောက်စွာမှာ တယောက်က
ဇာတ်စင်ကိုခါးနန့်ခွတ်လို့

သိဒ္ဓတ္ထမင်းသား
တောထွက်ခန်း က’ဆိုခါ-

ခန္တိကကို ပရုန်းနရုန်းကြိုးတုတ်
တယောက်က မောင်စံလုပ်ပျာယ်
ဇာတ်ခန်းပျင်လို့
မာရ်နတ်တောင်မတားရသိမ့်
ကျားသမား
ပတ်သံကြားစွာနန့်ယူထည့်လိုက်စွာ -

သိဒ္ဓတ္ထ
ကျားကိုက်ခံလိုက်ရရေ။

ပန် (စစ်တွေ)
ရိုးမမဂ္ဂဇိန်း အမှတ် (၃)

## ဝီရ

ကျားကို ရှိခိုး
နတ်ဆိုးပသ
ပစဟောင်းလောင်း
မီးကျောင်းရဲရာ
ကြမ္မာကိုယိုး
ဒေပိုင်မျိုးနန့်
စူးခြံတိုးလို့ ဖြစ်ဖို့လား။

မိုးမှောင်ကျလီ
လီပြင်းခြီလို့
ကမ်းခြီမမြင်
ပင်လယ်ပြင်ထဲ
လှိုင်းကြားဝဲမှာ
နတ်သိကြားမ
ဘုရားတဗျာယ်
လှော်တက်ကိုတင်
ရွက်မပျင်ကေ

လောင်းသျှင် ကမ်းတွဲလီဖို့မဟုတ်။

ဘဝသမုဒ်
ဝဲမစုပ်ခင်
ရွက်တင်လှော်ခတ်
ကျော်ဖြတ်လှိုင်းလီ
ကမ်းခြီမမြင်၊ တက်မတင်ကဲ့
ကမ်းခြီမရောက်၊ လက်မမြှောက်ကဲ့
မသီအသက်၊ ဖွဲ့မပျက်ကဲ့
တရက်ကမ်းခြီ တွဲလီဖို့။

အထွီးသျှေ (ဘဲငါးရာ)

## စွမ်းအားသျှင်

အကိုင်းချိုးလည်း၊ မညှိုးပင်ပျို
စိမ်းစိုစိုနှင့်၊ နဂိုအသွင်
စိမ်းရောင်ဆင်၏။

အပွင့်ခူးလည်း၊ အဖူးဝင့်ပျို
ရွှမ်းတင့်စိုလျှက်၊ နဂိုအသွင်
ရောင်စုံဆင်၏။

အရွက်ခြွီလည်း၊ မကြွီကိုင်းပျို
မိုးကိုမျှော်လျှက်၊ နဂိုအသွင်
လှရိပ်ထင်၏။

အကိုင်းအပွင့်၊ အရွက်လွင့်လည်း
တင့်ခိုင်ပေစွ၊ ပင်စည်လှသည်
လောကအလယ်၊ အလှကြွယ်ဖို့
အံ့ဖွယ်စွမ်းဆောင်၊ ဂုဏ်ဝင့်ပြောင်၏
အောင်နိုင်သူရို့စိတ်ဓါတ်တည်း။

စောသျှင်ကျော် (မြေပုံ)

## လီပျံငှက်နန့် မြီထက်တီ

တီဖြစ်ချင်ဖြစ်
မြီကိုချစ်တေ။

မြီချစ်တေတီ
မြီမှာသီလည်း
မြီဆီမြီလွှာ
မြီဩဇာစား
မြီချစ်မျိုးဆက် ဖွားပီးရေ။

ကားရီကားရား
တောင်ဖံကားလို့
မြောင်ချောင်တောင်ကြား
တိမ်စွန်ဖျားမှာ
လှုပ်လျှားရုန်းကျန်
မူမမှန်ငှက်
လီပျံတက်လည်း
မြီထက်ပျော်နီ
မြီချက်တီလောက် မမြတ်ယေ။

မိုးပြို (မင်းပြား)

## မကြွီပန်း

ရင်ထဲမှာ
ပန်းတပွင့် ဟိရေ
နာမည်က ရကွီတ။

ရီမြီ ဇာသို့ပြောင်းစီ
နှလုံးသွီးနန့် ဖြန်းလို့လန်းရေ။

ယေဇုနန့်
ကမ္ဘာ ဇာဒေါင့်မှာပင် တွိတွိ
ရင်ဖတ်ထဲထိ

လှမ်းကြည့်မိကတ်တေ ဆိုဖိ။

မင်းရင်ထဲမှာ ပန်းတပွင့်
ငါ့ရင်ထဲမှာ ပန်းတပွင့်
ဇာခါမညှိုး ပွင့်လီယင့်။

အသွင်မကွဲ တရောင်တည်း
ရဲရဲနီနီ ဖူးပွင့်ဝီလို့
လီချေသွတ်သွတ် တိုက်ပါလတ်ကေ
မင်းလည်းကျေနပ် ငါလည်းဝမ်းသာ
ရာဇဝင်လည်း မင်္ဂလာ။

ရခိုင်ရိုးမ ဂစ္ဆပနန့်
လေးရပ်ဝတီ မြဲဆီအနှစ်
အမျိုးစစ်လို့
နှစ်ထောင်သိန်းသန်း
မညှိုးနွမ်းခ ရက္ခိတ။
ကမ္ဘာတည်ထိ ထာဝရ။
ငါရို့ရင်မှာ မွှီးမြမြလေ မွှီးမြမြ။

(ကျီးဖြူ)

## မိုးသထ အာရုဏ်

ညဥ့်သန်းခေါင်လေ၊ အမှောင်လွန်မြောက်
အာရုဏ်ရောက်လို့၊ ကတက်ခေါက်ကေ
စိတ်ရောက်ရည်မှန်း၊ သဒ္ဓါဆွမ်းကို
လူဒါန်းဖို့လေ ချက်လတ်တေ --။

ငြိုးငှက်လူပျို၊ တေးခြင်းဆိုလို့
စိမ်းညို့ရွက်နု၊ နှင်းထုဝီဝီ
လီချေသွတ်သွတ်၊ တိုက်ကာခတ်ကေ
ရင်ဖတ်အီးရေ ချမ်းလတ်တေ --။

အာရုဏ်ပျိုးလို့၊ မိုးသထမှာ
နိုးထအားမာန်၊ ဖြိန်းစောင်းသံလေ

တောင်ယံကိုဟပ်၊ ဂလိုင်ထပ်ပျာယ်
ရိုက်ခတ်မြည်ဟိန်း၊ စည်တော်ကြိမ်းကေ
ကြက်သိန်းထရေ အားရရေ --။

ရောင်နီသန်းကေ၊ ဆွမ်းပန်းရီချမ်း
လှူဒါန်းမျှဝီ၊ မိတ္တာမြီမှာ
ပီတိနှိုးဆော်၊ သာထုခေါ်မိ
မှန်းမျှော်နိဗ္ဗာန်၊ သံစည်သံလည်း
မာန်စွယ်နှိမ့်ချ၊ ငြိမ်းချမ်းစွ --။

မောင်နန်းလှ (မြောက်ဦး)
ရခိုင်မဂ္ဂဇိန်း အမှတ် (၂၅)
(အချေသူငယ်များအတွက် ပြန်လည်ဆန်းသစ်ထားပါသည်)

# ခရီးသည်

'နှစ်ဆယ့်ငါး'
လားလီမြောက် ကျောက်မှတ်တိုင်
ကြွကြွခိုင် --။

တခါတရီ လီချေသွတ်သွတ်
ပန်းပွင့်တိကို ခူးလို့ဆွတ် --။

တခါတရီ လီဆင်နှမောင်း
ထုထောင်းသတ်ပုတ်
မတုန်လှုပ် --။

ငါ့လမ်းငါလျှောက်
မဖောက်မပြန်
အားမာန်သတ္တိ
ဖွဲ့လည်းဟိ၏ --။

ဇာတိမျိုးဂုဏ်
အဟုန်ကြီးမား
ငါလေးစား၏ --။

အမျိုးသားတွက်
အသက်ပီးဆပ်
ငါကျေနပ်၏ --။

'နှစ်ဆယ့်ငါး'
လားလီမြောက် လွန်လီမြောက်
ကျောက်မှတ်တိုင်
ကြွံကြွံခိုင် --။

မင်းနိုင် (မောင်တော)
ရခိုင်မဂ္ဂဇိန်း အမှတ် (၂၅) ငွေရတုအထူး

## သမိုင်း (နှင့်) လူ

လောကမှာ
ကဗျာရှိုးဖို့
အမင် မှီးပီးခရေ ငါ --။

ယုံကြည်ချက်
ခံယူချက်တွက်
အသက်သီဖို့ မကြောက်တေငါ --။

ကာလသန်းခေါင်
အမှောင်ထုအောက်
ထိုးဖောက်ရုန်းကန်
ရှင်သန်ထမြောက်
ပန်းတိုင်ရောက်အောင် လားဖို့ ငါ --။

ကဗျာတပုဒ်
စာတအုပ်
ကိုင်ဆုပ်ဖက်လျှက်၊ သွီးအသက်လေ
'ချီငွေဗားရား'၊ 'ဖူးချစ်' အားပ
တရားတဖက်၊ ဒါးတလက်နန့်
နက်ဖန်များစွာ၊ မဟာအနာဂါတ်
မြင့်မြတ်သည့်လမ်း၊ ခရီးကြမ်းကို
ဖြတ်သန်းဝံ့ရဲ လျှောက်မြဲငါ --။

မင်းပြားမောင်ယုနွယ်
ရခိုင်မဂ္ဂဇိန်း အမှတ် (၂၅)

## ငွေသောင်ယံခံစားမှု

ကမ်းရိုးတန်းကို
လွမ်းရေ --။

လှိုင်းကျောက်ဆောင်
ငွေကမ်းသောင်ပြင်က
သဲဖြူစင်တိကို --။

မျက်စိထဲစွဲ
ချစ်ဖို့ကောင်းစွာတိကျည်း
တမ်းတဝမ်းနည်းယင်း
လွမ်းယပင်း ငေးယပင်း --။

ကြည့်မဆုံး
လှိုင်းတိ တလုံးပြီး တလုံး
တဝုန်းဝုန်းရိုက်
မုန်တိုင်းတိုက်သောခါ
ငွေလွှာဖြူစ
သဲရွှရွ
ဖုန်မထဘဲ
ကမ်းကလွင့်ပျောက်စဉ်
ကျောက်ဆိုင်တောင်ကြီး
လီဟုန်စီး
ထီးမားတည်ရပ်
ဟားတိုက်ရယ်ကတ်တေ --။

ပင်လယ်တိမ်တင်းခွန်
လီချွန်သံတိုးတိုး
လှုပ်ခတ်နိုးခါမှ
ဘဝအထောင်းအထု
အဖုအထစ်တိက

အစစ်အမှန်တရားကို
မိကျန်လိုက်ပျာယ်လား
ကဗျာဆရာ
စိုင်းစားယင်း စိုင်းစားယင်း --။

နွယ် (စစ်တွေ)

## ငွေရတုမှသည်

ယဉ်ကျေးမှုစု၊ အနုရသ
ဒဿနကို၊ သူကတစ
ငါတစဖြင့်၊ စုကြစည်းကြ
ဖော်ထုတ်ကြဖြင့်၊ ကာလများစွာ
ပြုစုလာသည်
ရခိုင်မည်သော မဂ္ဂဇိန်း --။

ခက်ခဲသမှု၊ အစုစုကို
မှုလောက်စရာ၊ မထင်ပါဘဲ
သစ္စာလမ်းပေါ်၊ တွဲလက်ပျော်၍
စာသော်တူဖတ်၊ စာရွီးစပ်ဆို
စာကိုတူချစ်၊ ငါရို့ခေတ်ဟု
အနှစ်ရသ၊ အလှရခိုင်
မယိုင်ဖို့တွက်၊ ထမ်းရွက်တာဝန်
ကိုယ်ကျိုပွန်ခ၊ နှစ်မွန်တွက်စစ်
နှစ်ဆယ့်ငါးနှစ်တည်း --။

ဆယ်စုနှစ်လီ၊ ရသီအိုညစ်
ဘဝနှစ်ကာ၊ မြုပ်နစ်တိမ်ကော
ဖုန်းဆိုးတောက၊ လှသောအမွှိ
စိန်စီရတနာ၊ ဖွေရှာမြတ်နိုး
ပန်းနှယ်ပျိုးလျှက်
ငွေရတု အိုးတွင် ဖြည့်ခဲ့ပြီ --။

အို -- ရခိုင်၏
ခိုင်သည့်စိတ်ဓါတ်၊ မြင့်မြတ်မျိုးဂုဏ်
စဉ်ခိုလုံလျှက်၊ ယုံကြည်ညီညွတ်

လက်ယှက်ထပ်ကာ၊ ပန်းမြတ်တော်ဝင်
ရခိုင်သဇင်ကို၊ သင်မှမြီးမြစ်
မှီဖြစ်ဆင့်ပြု၊ ငွေရတုမှသည်
ရွှေစိန်ပတ္တမြား၊ လီလီပွားအောင်
ကမ်းဆောင်လက်ဆင့်၊ ဖူးပွင့်ပါစီ
နှစ်ပေါင်းကုဋေကုဋီ --။

(စစ်တွေပွင့်လွှာ)
ရခိုင်မဂ္ဂဇိန်း အမှတ် (၂၅)

## ဆရာတော်ဦးဥတ္တမ

သူ့ကျွန်သဘောက်၊ နယ်ချဲ့အောက်မှ
လွတ်မြောက်ဖို့ရန်၊ စိတ်အကြံဖြင့်
နိုင်ငံမြောက်များ၊ ခက်ခဲကြားက
လားရောက်လေ့လာ၊ ကြိုးပမ်းပါသည်
အာဂမျိုးချစ်ဆရာတော် --။

သူ့လူမျိုးခြား၊ စာစကားကို
သင်ကြားတတ်လွယ်၊ သိနားလည်မှ
နယ်ချဲ့အကြံ၊ စိတ်ထားမှန်ကို
အမြန်ဆုံးသိ၊ ခံယူမိ၍
ရောက်ဟိနီရာ၊ ဘာသာစကား
မြောက်အမြားကို၊ သင်ကြားလေ့လာ
တတ်မြောက်ပါသည်၊ အာဂမျိုးချစ် ဆရာတော် --။

ရောက်သည့်နိုင်ငံ၊ ဝီးရပ်ဌာန်မှ
ဝံသာနုစိတ်၊ မျိုးချစ်စိတ်ကို
ယိုဖိတ်စီရန်၊ စိတ်ထက်သန်လျှက်
မြန်မာပြည်အား၊ စာရှီးသား၍
ကြီးမားစေတနာ၊ သွန်းဖြိုးရွာသည်
အာဂမျိုးချစ်ဖြစ်ပေသတည်း --။

ကျွန်စိတ်ကင်းပျောက်၊ မမှုကြောက်ပဲ
လွတ်မြောက်ခရီး၊ လမ်းညွှန်ပီး၍
ဖမ်းဆီးပြစ်ဒါဏ်၊ များစွာခံလည်း

နိုင်ငံအတွက်၊ ယုံကြည်ချက်ဖြင့်
ထက်မြက်စွမ်းဆောင်၊ ထွန်းလင်းပြောင်သည်
ဂုဏ်ရောင်နီသို့တောက်၏တည်း --။

မင်းရွှေမင်း (အင်းစိန်)
ရခိုင်မဂ္ဂဇင်း အမှတ် (၂၅)

## ရိုးမတဖက်က ငါ

ရခိုင်ရိုးမ၊ ဟိမဝန္တာ
တောင်မဟာမှ၊ ခက်ဖြာသွယ်တန်း
ပင်လယ်ကမ်းတိုင် --။

နွယ်ချိုရိုးမ၊ မြောက်မှတောင်သို့
ညိုမှောင်မှိုင်းမှိုင်း၊ အလှိုင်းလှိုင်းဖြင့်
တံတိုင်းထီးထီး၊ မြင့်မားကြီး၏
ဆီးကာရံတား၊ နဂါးတောင်နွယ်
တောင်ငယ်တောင်ထိပ်၊ မြူခိုးလိပ်နှင့်
အရိပ်မြင့်မိုရ်၊ ကောင်းခင်ညိုဖြင့်
မအိုရုပ်ဆင်း၊ နုပျိုခြင်းဖြင့်
မာန်တင်းရိုးမ၊ ကြည့်မဝတည်း --။

ပင်လယ်ကမ်းနား၊ ရခိုင်သားရို့
အားသစ်ခွန်သစ်၊ သမိုင်းသစ်ဖြင့်
ဖွင့်လှစ်ကဏ္ဍ၊ နိုးကြားကြမြဲ
ရက္ခိုင်နာမ၊ ထိန်းသိမ်းကြမြဲ
ဘဝမမိ၊ မျိုးမမိဘဲ
အမိဘာသာ၊ သာသနာကို
တွယ်တာမြတ်နိုး၊ အမျိုးချစ်စိတ်
အရိပ်မထိုး၊ ဂုဏ်မညှိုးအောင်
ပန်းပျိုးလက်များ၊ နှလုံးသားမှာ
လှုပ်လျှားသွီးနီ၊ စည်းလုံးညီ၏ --။

ရခိုင်ရိုးမ၊ တဖက်ကလူ
ငါရို့မူလျှင်၊ ပင်လယ်မမြင်
လှိုင်းမမြင်ဘဲ၊ သဲပြင်ငွေသောင်

ကျောက်ဆောင်ကျောက်တန်း၊ သန္တာကမ်းနှင့်
လခြင်းဒေသ၊ မိနီကြယင့်
အဝအသိ၊ အမျိုးသိလော့
အမိမွေးမြီ၊ အခြီမချ
အနီကျသော်၊ ကိုယ်ကရခိုင်
မျိုးစောင့်နိုင်လား၊ ရက္ခိုင်နာမ
ထိန်းနိုင်ကြလား
ရိုးမက တောင်နှင့်မြောက်
အနောက်နှင့်အရှိက ငါရို့
အမျိုးခင်ဖို့ လိုသည် --။

မောင်ကြင်နွယ်
ရခိုင်မဂ္ဂဇိန်း အမှတ် (၂၅)

# ကျွန့်ရပ်ဌာနီ မုနိမြီ

ကျွန့်ရပ်ဌာနီ၊ မုနိမြီကား
ဆန်ရီစပါး၊ လွန်ပေါများကြောင်း
ဘုရားဗုဒ္ဓ၊ ဗျာဒိတ်ဟသည်
ဓညဝတီ၊ တိုင်းသိင်ဂီတွင်
အတီရှိက ပါဝင်ခ --။

ကျွန့်ရပ်ဌာနီ၊ မုနိမြီမှာ
ဇာတိဘုရား၊ ညီကိုယ်စားနန့်
တည်ထားမွိတော်၊ ကိန်းဝပ်ပျော်လျှက်
ပူဇော်ဦးချ၊ ဖူးမဝဘဲ
ခေတ်စဆုံးစိုင်၊ ကြည်ညိုနိုင်သည်
မွီးကြိုင်စုစု၊ သဗ္ဗညု၏
ဓါတုစေတီ မွိသရီများ --။

ကျွန့်ရပ်ဌာနီ၊ မုနိမြီမှာ
နဒီဂစ္ဆပ၊ စိမ်းညိုမြလျှင်
မောရပဗ္ဗတာ၊ တောင်သေလာနား
အသာသျှေဆင်း၊ တောင်ခြီရင်းက
ဝပ်စင်းတန်းထား ဖြတ်လို့လား --။

ကျွန်ုပ်ဌာနီ၊ မွေးရပ်မြေက
နဒီမြစ်ပြင်၊ ကကြိုးဆင်ရေ
ဇင်ယော်မောင်နှံ၊ လှိုင်းသမွှာန်နန့်
ပိုက်ကွန်သမ၊ ကြည့်မဝသည့်
နှမညိုပြာ၊ ကမ်းနားမှာလျှင်
ယူလာအိုးခွက်၊ နှစ်လုံးရွက်လို့ --။

ကျွန်ုပ်ဌာနီ၊ မုနိမြေကို
ပန်းချီဆီးချက်၊ အရောင်ထက်နန့်
နက်နက်ပြာပြာ၊ ဝါဝါဖြူဖြူ
ဆီးကာကူလည်း၊ အသူကပင်
မစွမ်းထင်ရ၊ မယုံခကေ
လမ်းစရှာပနာ၊ တခါတခေါက်
အရောက်ပါလတ်
ကျွန်ုပ်ဌာနီ မုနိမြေ --။

ခိုင်အောင်စိုး
(ကျောက်တော်)
မုနိမြေမဂ္ဂဇိန်း အမှတ် (၅)

## မုနိမြေအလှ သာလီစွ

သာစွဌာနီ၊ ငါရို့မြေကား
ဆန်ရိစပါး၊ ပုဇွန်ငါးနှင့်
သစ်ဝါးကြိမ်နွယ်၊ မြစ်ပင်လယ်နှင့်
ပေါကြွယ်ဇာတ၊ ပြည့်စုံလှပြီး
စိမ်းမြသစ်တော၊ သဇင်နှောလျှက်
ပေါများမွှီးကြိုင်၊ သင်းပျံ့လှိုင်ကာ
အပြိုင်ကြိုးစား၊ လမ်းတန်းတားနှင့်
ကိုယ့်အားကိုယ်ကိုး၊ ပြည့်ဝဖြိုးဖို့
နိုးကြားအသိ၊ လူတိုင်းဟိလို့
မုနိမြေအလှ၊ သာလီစွလေ --။

သာစွာဌာနီ၊ ငါရို့မြေကား
ခမီးမြို့ချင်း၊ ညီကိုရင်းနှင့်
ရိုင်းပင်းဒိုင်းနက်၊ လက်ချင်းဆက်ပြီး

အဖျက်ဟူသမျှ၊ တိုက်ထုတ်ကြလို့
သွေးမခွဲတူ၊ ချစ်ကြည်ဖြူကာ
ညီတူလက်တွဲ၊ အမြဲစွဲလျှက်
အောင်ပွဲများစွာ၊ ရခဲ့ပါသည်
နောင်လာနောက်သား၊ ညီကိုများလည်း
တင်ထားသမိုင်း၊ အရိုင်းမခံ
အမှန်အစစ်၊ အမျိုးချစ်က
အသစ်မခင်၊ သွေးသန့်စင်မှ
ထင်ပေါ်လူမျိုး၊ များရိုကျိုးလို့
ဝဖြိုးအတိ၊ ကမ္ဘာသိလျှက်
မှုနိမြိုအလှ၊ သာလီစွလေ --။

သာစွဌာနီ၊ ငါရို့မြိုကား
နီရောင်သာသနာ၊ ထွန်းလင်းဖြာလို့
မြတ်စွာရုပ်ရှင်၊ ဗုဒ္ဓဝင်နှင့်
ဆင်ယင်ထုံးဖွဲ့၊ ကဟန်နွဲ့လျှက်
ရှီးဖွဲ့ပီစာ၊ ရှိလက်ရာနှင့်
ကျောက်စာပုရပိုက်၊ ကျန်ဟိလိုက်လို့
ဦးတိုက်ပူဇော်၊ တွေးတိုင်းပျော်မိ
သျှင်တော်ကိုယ်စား၊ သွန်းလောင်းထားလို့
ရုပ်ပွားမုနိ၊ ခုတိုင်ဟိသည်
ပျော်မိရင်တွင်း၊ မြင်ချင်ခြင်း --။

မင်းအေးစိန်
(ကျိန်းရိပ်မြို)

# မင်းသားကြီးရှိဘန်း သီတန်းစာရတု

မင်းသားအမှန်၊ ငါလျှင်ကြံက
နိုင်ငံအတွက်၊ ကိုယ့်အသက်ကို
ရက်ရက်စွန့်ခွာ၊ ကုလားရွာ၌
ခန္ဓာရုပ်ဟောင်း၊ ဘဝပြောင်းလိမ့် --။

ဖြစ်ကြောင်းသံသရာ၊ သတ္တဝါရို့
မှန်စွာမချွတ်၊ သူမသတ်လည်း
မလွတ်တခါ၊ သီအံ့ရာတည်း --။

ကမ္ဘာတာရှည်၊ သူရို့သည်လည်း
အတည်မစိုး၊ ငါမြို့တိုးသော်
အရိုးတခါ၊ တွန်လိမ့်ရာ၏ --။

နောင်လာနောက်လူ၊ ရခိုင်သူရို့
အယူမစောင်း၊ ငါ့လမ်းကြောင်းကို
ကောင်းကောင်းလိုက်နာ၊ တိုင်းညောကို
တခါမုက္ခ၊ ငါရို့ရအံ့ --။

လုံ့လရှိခံ၊ လိုလျှင်ကြံက
နိဗ္ဗာန်မချွတ်၊ လက်ဝါးခတ်သည်
စွဲမှတ်ဤစာသီတမ်းတည်း --။ ၊

(မင်းသားကြီးရွှီဘန်း)
ဒက္ကားထောင်၌ ရွီးဖွဲ့သည်၊

# ဒေးဝန်းကြီး အောင်ကျော်ရွှီရတု

နောက်သားနောင်လာ၊ နောက်ထပ်ပါရို့
ဆရာသုံးလက်၊ ရှိကံဖက်၍
အသက်ခန္ဓာ၊ လူရို့မှာကား
တခါတရံ၊ အဘိုးတန်၏ --။

တရံတခါ၊ ဆိုတုံပါလည်း
သူသာလာလျှက်၊ ဖိနှိပ်စက်က
အသက်ထိုခါ၊ ဆုံးတတ်ရာ၏ --။

ပြည်ရွာတိုင်းဖွား၊ မျိုးလေးပါးရို့
တရားလမ်းမှန်၊ ကျင့်ကြောင်းကြံလျှက်
အမှန်မုက္ခ၊ သက်စွန့်ကြလော့ --။

ဓမ္မတာလမ်းမမှန်၊ ဆိုးကြောင်းကြံလျှက်
တန်စိုးကိုစား၊ လိမ်လှည့်ဖျားသော်
နောင်သားတဖန်၊ သည်းမခံနှင့် --။

နိုင်ငံတကာ၊ ဟူရာရာ၌
ပညာနှင့်ညာဏ်၊ သင့်စွာဖန်၍
တာဝန်မပျက်၊ သစ္စာရွက်လျှက်
အသက်ကိုလှီး၊ သွီးချောင်းစီးမှ
အပြီးကြံ့ခိုင်၊ နိုင်ငံတိုင်းမြို့
အစို့စို့နှင့်၊ ကိုယ့်ရို့ရပ်စည်
ကိုယ့်တိုင်းပြည်ကို၊ ရမည်မုက္ခ
ဤလောကသည်
အောက်ကျမခံချင်သောကြောင့် --။

(ဒေးဝန်းကြီးအောင်ကျော်ရှို)

# မြို့သူကြီး အောင်ကျော်ဇံရတု

ဥဒါန်းမကျီ၊ ဖြစ်ရလီခြင်း
ဇာနီအမှန်၊ အောင်ကျော်ဇံကို
ကြံကာမှီနှောက်၊ တကျိပ်ခြောက်ရို့
ယွင်းဖောက်သစ္စာ၊ သူရို့မှာလျှင်
ဝမ်းစာစားခွက်၊ တထပ်တွက်ကို
တသက်စာထင်၊ ခွီးအမြင်ကြောင့်
တိုင်းခွင်သာစည်၊ ငါရို့ပြည်လည်း
သူ့ပြည်ဖြစ်ရ၊ ဝမ်းနည်းစွတည်း --။

မိဘဆရာ၊ ပေါရဏာရို့
ဝေါဟာထုံးဟောင်း၊ လူပွးတောင်းကို
မပေါင်းဖော်ရာ၊ ဆိုတုံပါလည်း
ယွင်းကာသတိ၊ ပေါင်းဖော်မိ၍
လက်ဟိဒုက္ခ ငါကြုံရ၏ --။

ဘဝတဇစ်၊ လူပြန်ဖြစ်က
အသစ်ဂုပင်၊ ကြံစည်ချင်သည်
ဇာတွင်မမိနိုင်သောကြောင့် --။

(မြို့သူကြီး အောင်ကျော်ဇံ)

# သမိုင်းသခ်ိန်းစာ
# (သို့မဟုတ်)
# အဖိုးရုပ်ဆိုးကဗျာ

ရခိုင်မှာ မင်းအစ
မာရယုက ဆင်းသက်လာ
မင်းဆက်များစွာ စိုးအုပ်ချုပ်
မင်းကျင့်မယုတ် ဟုတ်မှန်စွာ
ညောဝေသာ ပရိန်ခြိတ်
အတီအတိတ် ခေတ်များစွာ
စည်ပင်သာယာ ဂုဏ်မညှိုး
ကိုယ့်အမျိုး စောင့်ယှောက်ကာ
ရခိုင်တေဇာ ဟုန်းဟုန်းတောက်
ဘင်္ဂါအနောက် (၁၂) မြို့မှာ
ဘဏ္ဍာဖူးမျှော် ပူဇော်ရ
ရခိုင်ရို့က စိုးအုပ်ပိုင်
ပြည်ကြီးမဏ္ဍိုင် ကမ္ဘာသိ
သမိုင်းအဟိ ဂုထိတိုင် --။

ဗုဒ္ဓခေါတ်မှီဇာတီများ
သျှင်တော်ကိုယ်စား ထားဟိကာ
နောက်ထပ်စဉ်လာ ယိုင်ကျေးမှု
ပန်းရုံပန်းပု စုံအညီ
ကျောက်ဆစ်ပန်းချီ ဇာမယှား
အထောက်အထား စုံအလင်
ဂုဏ်အင်လက္ခဏာ ဝီဆာပြွန်း
ဆီးကျမ်းခေါတ်ကျမ်း စုံညီညာ
မော်ကွန်းကျောက်စာ ထင်အရှား
စည်စည်ကားကား ဟိလီရာ
တထောင်တရာ လေးဆယ်ခြောက်
ထီးနန်းပျောက်လို့ ကျွန်ဖြစ်တေ --။

သို့သော်ကျွန်ဖြစ် လုံးဝမခံ
ရခိုင်အမျိုး ဇာတိမာန်
ဗိုလ်ချင်းပြန် တပ်ကိုစီး
ရခိုင်သွီးဖြင့် တော်လှန်ရာ

ညီညာကင်းကွာ မစည်းလုံး
ပျက်စီးဆုံးပါး လားခရေ --။

တထောင်တရာ သျှစ်ဆယ်ကိုးမှာ
အင်္ဂလိပ် အစိုးရကို
ရခိုင်ဧည့ာ ဇာနီဖွား
မင်းသားရှိဘန်း အောင်ကျော်ရှိ
စသည်ထိုထို ရခိုင်များ
ရဲဝန့်စွန့်စား တော်လှန်ရာ
လျှောက်သားလင်းပြန် စံရဖွေက
ဖောက်ပြန်ခလို့ ပျက်ရပြန် --။

တထောင်သုံးရာ ပြည့်သည်နှစ်
ရခိုင်ကုလား စစ်ဖြစ်ကာ
ဂျပန်မာစတာ ဝင်လာရောက်
ပြည်သူနောက်ကုန်း အရှီခွာ
ပြည်သူများမှာ မခံမရပ်
ညီညွတ်ညွတ်ညွတ် တော်လှန်ရာ
ဂျပန်ယုတ်မာ ခွီးပြီးဝက်ပြီး --။

လွတ်လပ်ရေးကြီး ရသောအခါ
ရခိုင်ပါတီ ရတည
ပြည်နယ်ရဖို့ အလှုခံ
တချို့ထောက်ခံ ဖဆပလ
စားကြဖားက အတန်တန်
သို့သော် ကြာကြာမခံခ
နေဝင်းအစိုးရ တက်လို့လာ
ဥာဏ်သစ်ကြံဖန်ကာ
မြန်မာလမ်းစဉ် ဆိုရှယ်လစ်
ပြည်သူမကြိုက် ခြစ်ခြစ်ပူ
ငရဲမီးသို့ဆူ --။

ခွီးရူးကောင်းစား တမိုးထ
ဝဲယား မဆလ
တခဏနှင့် ပျက်ကျရေ
အဖတ်ဆည်
အရည်မရ --။

တခါမှား မှားကတ်လီ
အမှားနှစ်ခါ ပြည်သူအပြစ်
ဉာဏ်မျက်စိနှင့် ကြည့်ကတ်ပါ
စကားချိုသာ မယုံပါကဲ့
ကောက်ကွေ့လိမ်ညာ
မယုံပါကဲ့ --။

ပရိယာယ်နှင့် အကွန်ဆောင်
သုံးဖန်လှကို ယှောင်
အိုအောင်မဆင်းရဲ --။

(၈၈) နောက်ပိုင်းမှာ
ဆန္ဒမဲက ထပ်ပေါ်လာ
နိုင်သောပါတီ အာဏာမလွှဲ
ပြည်ထောင်စု မပြိုကွဲရေး
တပ်မတော် မပြိုကွဲရေး
လူမျိုးရေး ရှိတန်းတင်
စောင်းကန်းမျက်မမြင်
ဘုရားပလ္လင်စင်ထက်က
မျက်လုံးပြူးပြ လျှာထုတ်ပြ --။

ဒီပဲယင်း အရေးအခင်းမှာ
ကံကောင်းထောက်မစွာ
အောင်ဆန်းစုကြီ မသီမပျောက်
ချက်ချင်းထောင်ထဲရောက် --။

တွင်းချုပ်ခင်ညွန့် သူ့ခမျာ
အလိုတော်လည်း မပြည့်နိုင်ဗျာ
ထောင်နန်းမှာ စံကာညောင်း
မြန်မာ့ရွှေထီးဆောင်း --။

မိုးကောင်းတုန်း ရွာထားပါ
ရာသီဥတု သာသာယာ
များမကြာ မီးတောင်ပေါက်
သန်းရွှေ ဒုန်းပေါက်ဆောက် --။

လွတ်လပ်ရေးကို တိုက်သောခါ
ညာဏ်ပညာနှင့် တိုက်ကတ်ပါ
ဗလကိုးကာ တောထဲတိုး
ဝါးတုတ်လည်းချိုး
သွားငုတ်ကျိုး
အဖိုးအရုပ်ဆိုး --။

(ပုဂ္ဂိုလ်တဦး)

# ပန်းမြတ်သဇင်

ပန်းမြတ်သဇင် ပန်းသဇင်
သဇင်ပေါ်စ
နှင်းဝီဝီကေ နတ်တော်လ --။

ပြိုင်းတောင်ကျော်လမ်း
ခမောင်းပင်မှာ သဇင်ပန်း --။

ဆွတ်ခီဆွတ်ခီ
မယ်နှမမှာ သဇင်ပန်းကို
ပန်ရစီ --။

နှမပန်ချင်
ပျိုတိုင်းကြိုက်တေ ပန်းသဇင်
မယ်ကြင်မောင်ဝေ တက်လို့ဆွတ်ကေ
ရခရေ --။

ပန်းပွင့်သဇင်
မယ့်ဂေါင်းထက်မှာ လှလို့ပင် --။

တဝက်ကိုပန် တတန်နောင်ကျိုး
မြတ်စိန္တေလေ ညောင်ရည်အိုးမှာ
အပြည့်ထိုး --။

မောင်နှင့်နှမ
သဇင်ပန်းကို အရင်းတည်

မောင်မယ်နှစ်ဝ
အခါတန် သကြန်လမှာ
ပေါင်းရပါစီ

ဆံတော်ရှင်လေ - စေတီရင်းမှာ
ဆုတောင်းလီလေ - ဆုတောင်းလီ --။

ရခိုင်ကျွန်းရွာကဗျာ
(ရှာဖွေတင်ပြသူ ခိုင်ဇေယျ)
(ရှင်) ကို (Rhun) ဟုဖတ်ပါ။

## ပန်ချင်သူ

ရက်ပြတ်
လှည့်မကြည့်ပါကဲ့။

မျှော်သူရင်ကျိုးအောင်
သရော်စွာလာ။

မင်းမျက်ဝန်းက
ရင်ကိုလန်းစီလို့
တော်ဝင်ပန်းကိုမှ
လက်လှမ်းဆွတ်ချင်။

ပန်းမြတ်သဇင်
အာကာတွင် ယိုင်ယိမ်းလို့
ကြိုင်မွှီးရေ အသျှင်။

ရွှေတူငွေတူ သရဖူဖြစ်လို့
ချစ်လွန်းရကြင်။

(မောင်မှန်)

## အချစ်ရတု

သာကြည်ယုယ
မပျော်ရသည်ကြာလှပြီ အသျှင့်သား
အန္တိသည်ပန်းနှင့်တူစွ
စန္ဒာဖြူသည်
ကြိုးကြာမယ်ထက်ပူ၍
တကြုုကြုုလွမ်းရုတ
မောင်ကြောင့်ပူဆာ
မခံသာသည်
များစွာဝဋ္ဋဒုက္ခတည်း --။

ပူခြင်းလှသည်ကြီး၍ပေ
ဦးဂေါင်းထိပ်ပြင်
လက်စုံတင်ကေ
ကျွန်လျှင်ကန်တော့ပေ၏ --။

ကြောင်းခြင်းစစ် မှာလိုက်မည်
စက္ကာပိုင်သား
မေ့သက်ထားသည်
ရှိနားတဖန်တည်လော့ --။

ရှိကဝယ်ကုသိုလ်ဟောင်း
ဘုရားစိန္တေ
မြတ်ဗုဒ္ဓေမှာ
ညောင်ရည်ပန်းသာလောင်း၍
ဆုပန်တောင်းပြုခမည်
ကြမ္မာကျိုးစက်
ဒါနဖက်ကေ
မပျက်သစ္စာလွယ်၍
ဤလူ့ပြည်ဤဌာန
မောင်နှင့်အတူ
တောင်းဆုယူကေ
နှစ်ဆူပေါင်းဖော်ကြ၍
အော် - တူတကွသည် နီစိုင်တွင်
အလှယင့်ယူ
ချစ်သူသားဖခင်လည်း
ဝီးရပ်ခွင်သည်တိုင်းတပါး

သူ့တိုင်းပြည်ကို
လားသည်ဤကြောင်းလျှားကြောင့်
အို ဝမ်းနည်းသည် စားသောက်မခြိ
ညည့်နှင့်နီသည်
ခြောက်ဆယ်ပေါင်းနာရီတွင်
လွမ်းသက်ဝီညှိုးနှမ
ကမ်ဖာခိုးထူ
မှိုင်းမှိုင်းလူသည်
နှစ်ဆူနီနှင့်လကို
တောင့်တဘိ နီစိုင်တွင်
အချစ်မပြီ
မောင့်သက်ဝီကေ
ဒါလီမောင်ပန်းပင်ကို
လွန်ကြည်ညိုသည်
လူကိုမပြော
ချစ်တေအားကို
မေလျှင်ဝမ်းတွင်ထား၏ --။

ဂြိုးလုညို ရှိင့်ကျက်မ
နီညမဆို
တောမြိုင်ညိုမှာ
ဖိုကိုလွမ်းရို့တ၍
နီညဝယ်အပြန်ပြန်
နာရီခတ်တွင်
မောင့်ကိုတွက်ကျပြန်ကာ
ကေသာဆံ သျှောင်အုံးလုံး
ပန်းကုံးမဆင်
ဆီမပျင်ကေ
မေလျှင်ဖြစ်နီပါ၏ --။

နှလုံးသည် စိတ်ဝီဆာ
နံသာဆီကြိုင်
ကတိုးရိုင်လည်း
နှမကိုယ်နှင့်ကွာ၍
မောင်ကြောင့်သာ စိတ်ဆိုးညစ်
ပတင်းညိုကေ
လီချိုသလွန်သာက

ငိုစိတ်ဖြစ် နီစိုင်ခါ
ဥသြဖိုးခေါင်
ကုက္ကလောင်ကေ
ဝါရောင်ကျူးမြည်လာလည်း --။

တသကြ်န်လွန်လီမြောက်
အို - ရတုတဖန်
ရာသီပြန်ကေ
ဝဿန်မိုးဦးရောက်၍
တောင်မြောက်ရပ်သျှစ်မျက်နှာ
စိမ်းမြညိုဝိ
ကမ်ဖာမြီမှာ
ရီလျှင်အီးမြမြနှင့်
အင်းအိုင်ထဲဖားများစွာ
မစဲအသံ
တကြံကြံသည်
ဝဿန်မိုးကိုခေါ်၍
ထက်အာကာဘုံတရိုး
ကြီးလှအသံ
တညံညံကေ
ရုံလျှင်ဟစ်ကာကြိုး၍
တဖြိုးဖြိုးသွန်းကျလာ
ဝဿန်ရာသီ
မိုးဦးချိသော်
တောင်လီဖျူးကာကာနှင့်
မေလျှင်ရင်လုံးအီး
နဂရစ်တောင်ယောင်
ဝင်းလင်းပြောင်သည်
မယ်ကမပျော်ဘီလည်း --။

တယောက်တည်း မေ့တကိုယ်
ဟီလတ်မနော်
စက်တော်ခေါ်ကေ
မေကမပျော်လိုလည်း --။

တယောက်တည်း လုံးချင်းသာ
ခန်းမဆယ်တောင်

တိုက်ခန်းဆောင်မှာ
မောင့်ကိုယ်ကိုမှီ၍စမ်း
မောင်ကိုယ်ငွေ့
မတွေ့သောခါ
မေရို့မှာကေ
တုံစွာတချမ်းချမ်းနှင့်
တယနိုးနိုးကြက်သီးဝှန်
ပူပန်ပျောင်းပျ
မောင့်ကိုတကေ
အလှရင်လုံးနွမ်း၍
မိုးသောက်ပြန်ထတုံသောခါ
ဗိမှာန်အိမ်နား
ပန်းစံကားသည်
သစ်ဖျားအခက်မှာကား
ငှက်ရွှေဝါကေ တတွတ်တွတ်
'ရောက်ပျာ ရောက်ပျာ'
တြင်းပြောကေ
ကျူးကာနမိတ်ဖတ်၍
မြည်တမ်းရွတ်သည် ငှက်ရွှေဝါ
နိညမဟူ
မောင့်ချစ်သူလေ
မေဖြူကြားလီပါက
အဂယင့်သာ ဟုတ်စနိုး
ချစ်မိုးစုံလင်
ရာသက်ကြင်သည်
အယင်မောင်ရောက်ဖို့ဟု
လွမ်းစိတ်ဖြစ် နီစိုင်တွင်
ပဍွင်တူရိယာ
နှဲခရာကေ
ညီညာတီးမှုတ်ကျင်၍
လွန်ပျော်ရွှင် လူအများ
ဇကြော့ကခြီ
ရုပ်မျိုးစီကေ
အညီယိုးဒယားနှင့်
သဘင်များပွဲရံရာ
လက်ဖျားကိုချီ
သူ့သက်ဝီသည်

ကိုယ်စီသားနှင့်လာ၍
မိပျော်ငြား ဖသက်နှံ့
မောင်ဖုံပူဆာ
ဖကိုရှာကေ
မြို့မှာလှူးကာပြန်၍
တကြိုကြိ ငိုလိုက်လတ်က
အလှယင့်ယူ
မေဖြူစိတ်ပူဆာလည်း --။

ပြောစရာ ဆိုမတတ်
မွီးမိခင်မှာ
ရင်ကိုထုထောင်းသတ်၍
ဖခင်တွက်မည်ကြောင့်
မွီးမေအသက်ပင်
သီလျှင်တော့မည်ဟူ၍
အူသဲခြီ တုံလို့ချိ
ဆီးဝါးဂါထာ
မရသာသော်
ပြင်းစွာလောင်သည့်မီးကို
စောင့်ထိမ်းသည် ငြိမ်းသက်အောင်
စေတနာကေ
မိတ္တာဆွမ်းဖြင့်လောင်း၍
(ပီပျောက် )

တိုင်းရပ်မြို့ မစ္ဆိမ
မိဘဌာန
ရောက်လတ်သောခါ
နှစ်ပါးမောင်နှံ့
ဆရာ့ထံမှာ
ဝပ်စင်းလျှောက်တောင်းပန်၍
ဇေတဝန်မြတ်ကျောင်းတော်
လုတ်လပ်ပြီးခါ
တိုင်းသူပြည်သား
ကောင်းမှုဖက်ကေ
မိတ္တာရီစက်ချ၍
မသုမ်ဒရီမြို့စောင့်နတ်
ဘော်သျှင်မနတ်လူပြဟ္မာ

ကောင်းချိမ့်ပြုကေ
နတ်လူသာထု ခေါ်စီသောင်လည်း --။

(ရှိဟောင်းပီပရပိုဒ်မူ)

## ကျွဲဂုတ်ပီ

လည်လားကျွဲရို့
ကျွဲမရာလည်း "ဂုတ်ပီ"
ပင်လယ်နားမှာ သားတရှိနန့်
"ဂုတ်ပီဂုတ်ပေါင်း" အလုပ်ကောင်းကို
မြက်ကောင်းပီးမည်
ဒေတလယ်ကို ညက်အောင်လားကေ
လည်လားကျွဲရို့ လားကျွဲရို့။

## လယ်တောထဲမှကောက်နင်းသံ

ခုံးတိုင်ခုံးတိုင် တလုံးတိုင်လေ
ခုံးတိုင်အကြား "ထိပ်ကွက်မေ" ကို
အလယ်ထားလို့
လားရာက လည်လည်
လည်ရာကလေ လားလား
အေတလယ်ကို ညက်အောင်လားကေ
လည်လားကျွဲရို့ လားကျွဲရို့။

(ကိုယ်တော်သီလဝံသ ကျေးဇူးပြုသည်။)

## ဂုပ္ပိမသား

ကျွဲမရာလေဂုပ္ပိ
ခုံးတိုင်ရင်းမာ သားတရှိနန့်
ဂုပ္ပိမသား
နပိုင်းမောင်ကို

အတိုင်းထားကေ
လားလေးကွဲရို့
လည်လေးကွဲရို့။

## မြက်ကောင်းပီးမည်

ပဒုန်းရာလေသွယ်သွယ်
ခွါချေရာလေပုပု
နင့်ထိပ်ပြင်လေ
ထိပ်ပြင်လှမာ
ငြိနှစ်ခုနန့်
အလုပ်ကောင်းကေ
မြက်ကောင်းပီးမည်
ရီကောင်းရာမှာ
ရှာပျာတိုက်မည်
သို့သို့ဖုံဖုံ
မြီတလင်းမှာ
အိပ်ရမည်။

ကျုပ်များကွဲ
အင်းဒင်လှမာ
လူးရစီမည်
တလင်းလည်ကေ
လည်ရာလေး ကွဲရို့
လားလား။

ရိုးမမဂ္ဂဇိန်း အမှတ် (၄)

## ပူဆိပူဆာ

ကိုင်းလီကိုင်းလိုင်း
သစ်ကိုင်းထက်မှာ ဖျိုင်း
ဖျိုင်းကားဇာဖို့နားရုံ
ငါးမြင်လို့ နားရေရာ --။

ငါးကဇာဖို့ ပေါ်ရုံ
ရီနောက်လို့ ပေါ်ရေရာ --။

ရီကဇာဖို့ နောက်ရုံ
ကျွဲစိမ်လို့ နောက်တေရာ --။

ကျွဲကဇာဖို့ စိမ်ရုံ
ပိုးကိုက်လို့ စိမ်ရေရာ --။

ပိုးကဇာဖို့ ကိုက်ရုံ
မိုးရွာလို့ ကိုက်တေရာ --။

မိုးကဇာဖို့ ရွာရုံ
ဖားအော်လို့ ရွာရေရာ --။

ဖားကဇာဖို့ အော်ရုံ
မြွေမျိုလို့ အော်ရေရာ --။

မြွေကဇာဖို့ မျိုရုံ
ပူဆိပူဆာ မနီသာလို့ မျိုရေရာ --။

(ဗိုလ်မင်းထောင်မှ ဇမ်းကဗျာ)

## ရီလောင်းကတ်မည်
(ခွန်းတောက်)

တနှစ်တခါ သင်္ကြန်ကျ
ရိုးရာမပျက် ပျော်ကတ်ပါရေ
ကလို့ခုန်လို့ ပျော်ကတ်ပါမည်။

တန်းခူးမှာ သင်္ကြန်ကျကေ
ပိတောက်ရွှေဝါ ဖူးလို့ပွင့်ရေ။

ပန်းပိတောက်က တလှိုင်လှိုင်
မဏ္ဍပ်တိက အပြိုင်အဆိုင်။

အပြိုင်အဆိုင် လှရေပရေ
ရခိုင်သူကို တွိပြန်လတ်တေ။

(ရခိုင်သူ) ၃ တမူထူးရေ။

တမူထူးလို့ မောင်ရို့ကြင်ရေ
နှစ်ယောက်တူပြိုင် ရီလောင်းကတ်မည်။

(လောင်းကတ်မည်) ၂
အလို လောင်းကတ်ပါမည်လေး။

(စာဆိုတဦး)

# တသက်လုံးပေါင်းမည်

(ရခိုင်ခွန်းတောက်တမျိုး)

ပန်းပိတောက် တဝီဝီ
ဖူးပွင့်စီရီ ဟိပြန်လတ်
အတာသကြ်န်ပွဲကိုလ
ဆင်နွဲကတ်မည် တူပျော်ပျော်။

မဏ္ဍာပ်ထဲက အပျိုစင်
မိတ္တာရီစင် လောင်းပါလို့
ဒေနှစ်အတာ ပွဲမှာလ
အသဲနစ်အောင် လောင်းမည်။

ချစ်သူအလှ ရခိုင့်တန်ဆောင်ကို
မောင်မောင်ရီစင် လောင်းချင်လို့
မဏ္ဍာပ်တကာက လိုက်ရှာရ
ချွေးပြစ်ပြစ် ကျရေ။

အဂုမှ တွိရစွာကို
မိတ္တာစေတနာ ထားပါလို့
ချစ်ရီစင်တပေါက်ကိုလ
သွန်းလောင်းလိုက်ပါ။

ချစ်သူလောင်းရေ မြရီစင်
အသဲဘဝင် အီးပါယင့်
အယင့်အယင် ပေါင်းရစီကြောင်း
ဆုတောင်းလို့ လောင်းပါ။

ချစ်သူအလှ ပျိုကညာ
မာစီသာစီကြောင်းကိုလ
အကိုမောင်မောင်ကြီးမှာလည်း
ဆုတောင်းလို့ လောင်းရေ။

မဏ္ဍပ်က ကိုယ့်ချစ်သူကို
ပျိုမောင်အမှန် မှာခပါယင့်
ကိုယ့်ရိုးရာ ယိုင်ကျေးမှုကို
အသက်ပီးလို့ ထိမ်းပါ။

အမျိုးသီလ စောင့်သူကိုရာ
မိတ္တာစေတနာ ထားပါလို့
အကြင်နာဖက်ကာမျှ
တသက်လုံးလည်း ပေါင်းမည်။

စာဆိုတဦး
(15/03/74)

## အဖရခိုင်ပြည်
(ခွန်းတောက်)

အနောက်မှာ ဘင်္ဂလား
(အရှိမှာကား ရိုးမတောင်) ၂

ဘင်္ဂလားအော် ကျယ်ပြန့်ပါရေ
ရိုးမတောင်ကြီး မိုးထိမြင့်ရေ။

ရိုးမတောင်နှင့် ပင်လယ်ဆီး
ရခိုင်ပြည်ကြီး လွှန်ကြီးကျယ်ရေ။

ရိုးမတောင် ကာလို့ဆီးကေ
မိုးသီးမိုးပေါက် ရွာသွန်းဖြိုးရေ။

ပင်လယ်ပြင် မခမ်းသိမ့်ကေ
ရခိုင်ဆိုစွာ ဟိပါလိမ့်မည်။

ရိုးမတောင်ကြီး ဟိသိမ့်ကေ
ရခိုင်အမျိုး မပျောက်သိမ့်လေ။

အထက်ထက်က ရခိုင်ပြည်
ဝပြောလို့ လွန်ကြီးကျယ်ရေ။

ဘုရင်များစွာ အုပ်စိုးလို့လေ
ခေတ်ပေါင်းများစွာ ထွန်းကားခရေ။

စာပီဂီတ ထွန်းခရေ
သမိုင်းသက်သီ အားလုံးဟိရေ။

ပန်းရံပန်းပု စုံအလင်
လက်တွိမျက်မြင် ဟိပါသိမ့်ရေ။

ရခိုင်ပြည် ရခိုင်ပြည်
အဖက်ဖက်က တိုးတက်ခရေ။

ရခိုင်ပြည်ကို ငရို့ပိုင်ရေ
ရခိုင်မြီကို ငရို့ဆိုင်ရေ။

ရခိုင်ပြည် သာယာအောင်
ငရို့ဦးဆောင် ကြိုးစားကတ်မည်။

ရခိုင်ပြည် သာယာဖို့လေ
ငရို့ညီညာ ကြိုးစားရမည်။

ညီညာအောင် သာယာအောင်
(အလို) ကြိုးစားကတ်ပါမည်လေး။

(စာဆိုတဦး)

(11/3/75)

# စိတ်ရှူးရေ

မိုးမင်းညို
မရွာတချက် ရွာတချက်
ကြောင်းပျက်တေလေ။

မောင်လူပျို
မလာတရက် လာတရက်
စိတ်ပျက်တေလေ။

ချောင်းဖြားရို ချောင်းရီတထူး
အညာခွင်ကို မဝင်ဖူးကေ
ဖြားရှူးရေလေ။

ညရီတလီ ည၌ရီတထူး
မောင်လူပျိုလေ
မေ့အိမ်ကြောက်ကို မဝင်ဖူးကေ
စိတ်ရှူးရေလေ။

# ကောက်ကလီ ကောက်ကလောက်

ကောက်ကလီ ကောက်ကလောက်
ကြာဖြူအင်းနှင့် ကြာညိုအင်းမှာ
ငါးသုံးကောင်ကို ဗုံးထောင်ယူခီ
ခွတ်ဖို့ဝီကေ မညီပါဘဲ
အဖြာဖြာလေ သုံးဖြာကွဲလို့
လိုင်ရွှဲမောင်လှ
မေ့ဆင်ခြီကို မဖြီဘဲနှင့်
မထွက်ရ။

ကောက်ကလီ ကောက်ကလောက်
ကြာဖြူအင်းနှင့် ကြာညိုအင်းမှာ
ငါးသုံးကောင်ကို ဗုံးထောင်ယူခီ

ခွတ်ဖို့ဝီကေ မညီပါဘဲ
အဖြာဖြာလေ သုံးဖြာကွဲလို့
လိုင်ရွှဲနှမ
အာကာပြည်မှာ နီနှင့်လလေ။

(နာမည်မသိ စာဆိုများ)

## မေတပြည် မောင်တကျွန်း

အယင်ကခါ
ဗာရာနသီလေမင်းကြီး။

ရွှေသမင်
အားတင်လိုက်ကေ
တောနက်ကလွန်
လူဝံလေမနှင့်
အကြောင်းဆုံ
ငြင်းခုံရာလည်းမလွတ်
နဖူးစာ
ပါသည့်ဝတ်ကို
ချွတ်မကျွတ်ယာ။

မေကားတပြည်
မောင်ကားတကျွန်း
မြစ်အလယ်
ပိုးခြည်တန်းယောင်
စာကမ်းကတ်မည်။

(ရမ်းပြဲနယ်မှ ဇမ်းကဗျာ)

## တမ်းလွှဲဇမ်း

တရီးရာတပျော် စက်တော်ခေါ်ကေ
မောင်တော်လာနိုး

ကညာပျို ညိုမေရို့မှာ
စိတ်ဆိုးရေလား။

တခွန်းခေါ်ကေ အော်အော်ရှိနား
နှစ်ခွန်းခေါ်ကေ အော်အော်ရှိနား
မောင်ခေါ်သံလေ ထရံနားမှာ
မကြားလို့လား။

ညဥ့်နက်သိုင်ခေါင် တိုင်မှာမျှောင်
အမောင်ဇာကရောင်။

သရက်ပင်ညို ရွက်ရိပ်ခို
လူပျိုပေါက်စ တန်းလွှဲက။

နပျိုးရာလေတပင် ဂရင်ရာလေတပုတ်
နှင်းမိုးရွာ လီမသုတ်ကေ
ဆင်ပုတ်ရပ်က အိုနှမ။

ကျောက်စရစ်ကေ တန်းတင်
လီရှင်ကေသွတ်သွတ်
ပျိုမေရီ ပြင်စိုင်ဖြတ်လို့
ရီခပ်ကေ ထွက်လာ
ဘူးပွင့်ရံ ကြာတံဘက်ကို တွဲလို့ပါ။

ခွါလေမောင်ယေ
လူမြင်ကေ ရှက်တေမချို
ဘူးပွင့်ရံ
ကြာတံဘက်ကို ရွှတ်ပါဖိ။

ကျောက်စရစ်ကေ ကုန်ဘုတ်
ကင်းမွန်ထောင်လေ နီရောင်မထိုး
ချစ်တေမောင် လာမည်လမ်းကို
ရှိထီးမိုးမည်။

ခယင်ဝါးရှည် ခယင်ဝါးဖျား
အဆစ်ချေကို ဖြီလို့ထွင်း
စံညှင်းကေ ပုလီ

လက်ဆယ်ချောင်းနန့် ခြောက်ချောင်းချီ
ပုလီစံကျော်
မေရှို့နီ အိမ်တောင်ဖက်က
မှုတ်ပျာခေါ် နာပျော်ရေလား
မေ့အသံကို တပ်တပ်ကေ ကြားရေ။

မေရှို့အိမ် မီးလုံးလင်းလို့
ချစ်တေမောင်မှာ မဝင်ဝံ့ဘဲ
ခြံနားကေ ယောင်လို့။

ပုလီကျော် အသံကြားကေ
ပျို့သက်နှံ့မှာ နီလို့မဖြစ်
ချစ်တေမောင်ကို လာချင်လတ်တေ
မပြောခီကဲ့။

မောင်သက်နှံ့မှာ လာချင်ပါယင့်
မေရှို့အိမ် လူတိများလို့
မလာဝံ့ဒေ။

ယင်းပိုင်ဆိုကေ မောင်သက်နှံ့ကို
မြင်ချင်ကေလဲ့
ပျို့သက်လှယ်မှာ မမြင်ရကေ
နီလို့မဖြစ်
ပဇောင်ပျင်ကေ ကောင်းလိမ့်မည်လဲ။

မောင်သက်နှံ့မှာ ဒုက္ခတွိရေ
မေ့အဖော် တယောက်ယောက်ကို
စာနှင့်ရွီးလို့ ပီးဖို့ထည့်လိုက်။

ဂုပိုင်ဆို မောင်သက်နှံ့ကို
မမြင်ရယာ။

ကြောင့်ကြစိုးရိမ် မဖြစ်လီကဲ့
နီမင်းဝင် ညဇာစောင်းမှာ
ပုလီသံ တကြော်ကြော်နှင့်
မေရှို့အိမ် တောင်ဖက်နားမှာ
မောင်ဟိနီမည်။

မှတ်လီပေရာ။

(ရမ်းပြဲနယ်မှ ဇမ်းကဗျာ)

## ဆန်မောင်းနင်းရေ

မေရို့မှာလေ ပျော်ပါးကတ်မည်
လုံပျိုမေလေ။

အရွယ်ချင်းချင်း၊ ရွဲ့သာခြင်းနှင့်
လမင်းစန္ဒာ၊ လောင်းရိပ်သာတွင်
ပျော်ရာတကြောင်း
မေရို့မှာလေ ဖော်အပေါင်းနှင့်
ဆန်မောင်းနင်းရေ။

## သည်းခြီစိမ့်ရေ

ဇာတ်ရွဲ့ကေညံ ပျော်ပါးသံကို
ကြားပြန်လတ်ကေ
မောင်လူပျိုမှာ သည်းခြီစိမ့်ကေ
ငြိမ့်ရေလေ။

## ပြန်မရွတ်

တခွန်းခေါ် အိုလေရှိနား
နှစ်ခွန်းခေါ် အိုလေရှိနား
သုံးခွန်းတက်မှာ
မောင်ခေါ်သံ
ညံ့ညံ့ကြားလို့
ဘုရားထူးရေ။

ဘုရားဆို အလိုမဟိ
တရားဆို အလိုမဟိ

ပုချေဆို အလိုပဲ
ခေါ်မိစွာရာ။

လပကောင်းယာ တောက်လီယာ
လာရာလာလတ်
ပြန်မရွှတ်ပါ မောင်းမောင်။

(ရမ်းပြနယ်မှ ဇမ်းကဗျာ)

## ရောက်လာလိမ့်မည်

ခမောင်းသုံးကြိမ် ကျေးသုံးကြိမ်
သံဂလိမ်သုံးဆင့်
တောမှာဝီကေ ဆင်ဝေပွင့်
ငုံးပန်းပွင့်ယာ။

ယင်းပိုင်ချိန်ခါ
ထီးကိုကိုင်
ရွာစိုင်လျှောက်လို့
ရောက်လာလိမ့်မည်။

(ရမ်းပြနယ်မှ ဇမ်းကဗျာ)

## အဆုံးစွန်

ဝဲလီပျံလီ သံဂလီ
ပျံလီငှက်ခါး
ကိုင်းဟောင်းကျိုးလို့
ကိုင်းသစ်ရှာ ရပါဖို့လား
မေစိုင်းစား။

အဆုံးစွန်ကေ
လက်ပံယေကိုင်းမှာ
နားဖို့ကျရေ။

(ရမ်းပြနယ်မှ ဇမ်းကဗျာ)

## ကျမျက်ရည်

လပြာသို
ခွာညိုပွင့်သစ်
မောင်လူပျို
မေမချစ်ကေ
ဝေးပစ်ဖို့လား။

မောင်လူပျို
မေမချစ်
ဝေးပစ်သောခါ
တဇာဇာ ငိုခါမျက်ရည်
ကျမျက်ရည်
ဆည်မရလို့
မောင်လှသက်နှံ့
ပျိုမောင်စံ
ဝေယံနန်းမှာ -

ဘယ်ကိုကိုလေ ဘယ်ကိုစောင်းလို့
ဘယ်စောင်းမျက်ရည်။

ညာကိုကိုလေ ညာကိုစောင်းလို့
ညာစောင်းမျက်ရည်။

သပေ့ါဖျာ - မွိရာထက်မှာ
တံဘက်ဖြူ - ယူကာအုပ်လို့
ကိုယ်သုတ်ရရေ။

(ရမ်းပြနယ်မှ ဇမ်းကဗျာ)

## ဆုတောင်းရေ

ရမ်းပြဲမာန်အောင်
ကျောက်ဖြူသံတွဲ
စနဲ့ရွာ ခေါ်သည့်ရပ်မှာ
စောမဲကျီ တည့်ရေခါတ်ကို
ဖူးကတ်ခီမည်။

ဆီမီးတတိုင် - နှစ်ယောက်ကိုင်
ပျိုင်တပေါက်မှာ - နှစ်ယောက်ထိုင်
တူပြိုင်ညီလို့ - ဆုတောင်းကတ်မည်။

ဆုမကောင်း
ဖျက်တောင်းကတ်မည်။

ပန်းမစင်
ဖျက်တင်ကတ်မည်။

မကောင်းကြံ
ဖီးရန်မှုကို ပြုခလို့လား။

ပန်းမစင်
တင်ခလို့လား။

ဆုမကောင်း
တောင်းခလို့လား။

ငှက်မောင်နှံ
ပျံကာဝဲ
ကျိမ်ဆဲလို့လား။

သူ့ရည်းစား
ခွဲခလို့လား။

သနားဖွယ် ပုချေမေနှင့်
ဒေဘဝေ
ဒေဘဝမှာ မပေါင်းရကေ
နောင်ဘဝေ

နောင်ဘဝမှာ ပေါင်းရလီယောင်
မြတ်စိန္တေ ထံတော်ပါးမှာ
ဆုတောင်းရေ။

(ရမ်းပြဲနယ်မှ ဇမ်းကဗျာ)

## ရှိုခိုင်ပြည်အလွမ်း

နှီရာသီ
ဂိမ္ဟာန်ရာလည်းပြောင်းလို့
တပေါင်းရာလေချိန်ကူး
ရွက်ဟောင်းညှာကြွီ
ရွက်သစ်ဝီကေ
နှီရတုမှာ
ပျိုနုလည်းသာယာ
ဟေမဝါမှာ
ဝဲကာရာလည်းကျိုးငှက်
သီးချက်ပွင့်ချက် တကြိုင်ကြိုင်နန့်
ဂနိုင်ရာစုံစမ်း
နီညိုညိုကေ ညနီချမ်းမှာ
ပျံသန်းကျိုးငှက်
တကြော်ကြော်ကေ
ခေါ်နှုတ်ဆက်လို့
ဇရွက်ကေလေတမန်
တညံညံကေ ခေါ်သံရာလည်းမစဲ
ဒိုးဒိုးလေဒုန်ဒုန်
နိုးနိုးနုန်ကေ ဖိုးခေါင်ရာလည်းကျူးကျော်
မောင်ရို့ပျော်ကေ
ရှိုခိုင်နန်းကို
လွမ်းမစဲဖွယ် ပုယေ။

(ရမ်းပြဲနယ်မှ ဇမ်းကဗျာ)

# မယ်နန့်မောင်

အထက်မှာရာလေ သံဖြူ
အောက်မှာရာလေ ပျိုင်ချပ်
အလယ်ဂေါင်မှာ မှန်ဘောင်သပ်လို့
ဗောဓပေ်ကျောင်းမှာ
အပွင့်မှာရာလေ ဝါဝါ
အညှာမှာရာလည်း မဲမဲ
ပန်းမစင်ကို တင်သီခလို့
မယ်နန့်မောင်မှာ မပေါင်းရဘဲ
ကွဲရရေလား ပုယေ။

ဒေဘဝီ ဒေဘဝမှာ
မပေါင်းရသော်လည်း
နောင်ဘဝီ နောင်ဘဝမှာ
ပေါင်းရလီအောင်
တရိစ္ဆာန် အမှန်ရာလည်းစင်စစ်
ငှက်လီလီလေ ငှက်ပင်လည်းဖြစ်ငြား
မောင်ကားဂြိုးဘို
မယ်ကားဂြိုးမ
တလင်းရာမှာ ဝဲကာကျကေ
စားရပါစီ ပုယေ။

တရိစ္ဆာန် အမှန်ရာလည်းစင်စစ်
နွားလီလီလေ နွားပင်လည်းဖြစ်ငြား
တသျှိုင်းတည်းထွန် တခြံတည်းနွား
တခုံးတိုင်မှာ ချိုင်ကာထားကေ
စားရပါစီ ပုယေ။

ဘုရားပေါ်ကေ ကံ့ကော်တောသို့
မယ်ယင်ယင် မယ်ယင်သော်လည်း မယ်စောင့်နီဝေ၊
မောင်ယင်ယင် မောင်ယင်သော်လည်း မောင်စောင့်နီမည်။

ဆီမီးရာလေ တတိုင်
ပန်းတခိုင်နန့် ပျိုင်တချပ်မှာ
နှစ်ယောက်ထိုင်ကေ တူပြိုင်လောင်းလို့
ဆုတောင်းကတ်မယ် ပုယေ။

(ကျောက်ဖြူနယ်မှ ဇမ်းကဗျာ)

# ဇမ်းဖွဲ့ကတ်မည်

အသက်ရှည် လှမေရို့နှင့်
နားမလည် မချေရို့နှင့်
ဒေရက်ဆုံ ဒေပြင်ဝန်းမှာ
ဇမ်းဖွဲ့ကတ်မည်။

ကျောင်းပါးကတောင် ရွှေကျောင်းတောင်
ဖိုးခေါင်ကြိမ်လုံး
တစိတ်ကာ လူမသုံးကေ
အမြုံမလေ။

လီယင်ယင် ဆားပြင်စမှာ
ယက်သဲ့ဘောင် ကိုင်ကာထိုးလို့
ငါးယိုးရေလား။

တရက်ရှာ နပ်စာမပြည့်
ထိုးရေကွန်ချာ
ပုဇွန်ဖြူ မေမစားလို့
ငြိုးသားရှာခီ။

ညွှန့်ဆယ်ပင် တပင်ပြတ်
မောင်လက်ချယာ ပုယေ။

သစ်ခဝပ်ရာလည်း ပွင့်ဖြူ
မအူရာလည်း ပင်ဖျား
အကိုင်းချေမှာ
ငှက်ဝါနားကေ
ရည်းစားဟိလား ပုယေ။

ကြက်သွန်ပင် အညှင်မဲ့
ငှက်ဟသ်ာ ပျံကာဝဲ
ရည်းစားမဟိ။

သဲသောင်သဲသောင် ရွှေသဲသောင်
သဲသောင်ထိပ်မှာ
ဗျိုင်းဟောက်ကေပိုင် ငိုက်လို့
တမန်းပြင် ငါးကိုချောင်း
ရကြောင်းမမြင် ချောလေ။

ချောင်းဖျားပုစွန်
လိမ္မာခံ
ပုဇွန်လိမ္မာ
ဗျိုင်းအစာ။

မောင်နှင့်မေ
အတူတူ
လူချင်းကွဲလို့
စိမ်းကားရေလား ချောလေ။

ပင်နန်းရိပ်ခို လှမေပျိုကေ
ရယ်ချိုပြုံးပြုံး
သွားသန္တာကို ပုဝါဖုံးလို့
မျက်လုံးပရိယာယ်
ချစ်ဖွယ်ပြောလို့
စကားချိုရေ ပုယေ။

(ရမ်းဗြဲနယ်မှ ဇမ်းကဗျာ)

## မောင်ပြန်ဖို့ယာ

မိုးလင်းကြယ်ကြီး
ရောင်ဖြူလာ ထွက်ခါနီးလို့
ကြက်ကြီးလည်းတွန်
မိုးသောက်ယံ
မောင်ပြန်ဖို့ယာ။

မောင်လားရေခါ
ဆံကေသာ ဖြီကာလျှော့လို့

ကန်တော့လိုက်ပါ။

ကတိုးတိမ် စိုးရိမ်နှောင်းလို့
မကြောင်းကြကဲ့။

ငြိုးချေကြူ
မပူလီကဲ့။

ငှက်တော်ထိုး
မညှိုးလီကဲ့။

ကျီးကန်အာ
မရှာလီကဲ့။

ဥသြမောင်
ဖိုးခေါင်တယောင် မတလီကဲ့။

ချစ်တေဆို ပျိုနှမကို
မှာခရေနှောင်း။

နှစ်ချောင်းချီ ဗွီချေယှက်လို့
ရက်သပေ့ါမှာ
ရွှီမျက်တောင် အသာမှိတ်ကေ
အိပ်ဟိလိုက်ပါ။

အိမ်နောက်ဆို မောင်းကာအောက်က
မေအိပ်ရာကို မျှော်ကာကြည့်လို့
ပြန်လှည့်လားယာ။

နှစ်ချောင်းချီ ဗွီလီယှက်
ရက်သပေ့ါမှာ
ရွှီမျက်တောင် အသာမှိတ်
မအိပ်နိုင်ပါ။

မတွိလီရ မမြင်ရလို့
ကားရှပ်ပုံ ဆယ်စုံချ
ရှုပဒေဝါ နတ်ထံထံလေ

တူပြန်ခကေ
ငယ်ကချစ်တေ ချစ်မောင်မောင်ကို
ကြိုက်မဝပါ။

(ရမ်းပြနယ်မှာ ဇမ်းကဗျာ)

## မှာလိုက်ရစီ

မေ့သခင်မှာ ကြင်ရာသက်ထား
ချစ်တေသူ ဖြူချောချောလို့
ကိုယ့်ရည်းစားကို
မချစ်ဆို မလိုလို့လား
မခင်ပုံ မယုံစားလို့
မအပ်ဝံ့လား။

မချစ်ဆို မလိုမဟုတ်
ပျိုမေယေမှာ ရွှေကိုလို
ဂုဏ်ကိုမက်လို့ ချစ်ပါရေလား
ရွှေမလို လူကိုမက်လို့
ချစ်ပါရေလား။

ရွှေကိုမလို ဂုဏ်ကိုမမက်
မေအပျိုမှာ လူကိုမက်လို့
မောင်လူပျိုကို ယုံလိုကြောင်းနှင့်
တောင်းထားဖို့ယာ။

မယုံရရေ ယုံရရေ
စကားကြွယ်ကေ ဟုတ်မည်နှမ
မိမ္မဥာဏ် ဝက်နွှကို
ကြောက်ရပါရေ။

လှလူပြောင် မောင်ကုသနှင့်
ရူပဝတီ ဦးဒဏ္ဍီမှာ
ပုံသီတချက်
ချစ်ကျွမ်းဝင် ကြင်သူလက်ကို
ကျောက်မျက်စိန်ပျံ

ရွှေပြည်တန်ကို အပ်နှံဖူးကြောင်း
ရှိထုံးပုံ နိဂုဏ်းဟောင်းကို
ထောက်ဆယေကြည့်ပါ။

ပုံပြရေ ယုံဖွယ်စကား
ရူပမယ်လေ သူ့လက်ကြားက
ပုဏ္ဏားဦးယူ အသဲဆူဗျာ
စိတ်ပူမဆုံး
ကိုယ်လိုရာ ရတနာကုံးကို
အဆုံးယေချလို့
ကုသမောင်မှာ ဖြစ်ပုံကြောင်းက
ကောင်းယင့်လားယေ။

မကောင်းရာ ဖယ်ကာယေထားပါ။
ဘေးကယေပါးလို့
ကိုယ့်ရည်းစားကို အပ်ထားခပါ။

ဂရုဏာ မိတ္တာသက်ပါ
စုံမက်သော်လည်း
ရှက်စဖွယ် ရွှေငွေအပ်လို့
တယောက်မေ ပျိုမေစစ်မှာ
မဖြစ်နိုင်ပါ။

ချစ်တေယောင်ယောင် ကြိုက်ယောင်ယောင်နှင့်
အဂယောင့်မှန် ဇကန်ကျုက
နောက်ကိုယေဆုတ်လို့
မဟုတ်မမှန်
အကောက်ဉာဏ် ဝက်ဋ္ဌမှာ
ပျိုမေယေ အကယ်မှတ်လို့
တပတ်ကေကျရေ။

အလှမဥ္စူ သရဖူ
မြင်သူသဲစွဲ
မက်မပြေ သက်ရွှေခဲကို
မခွဲဝန့်ပါ။

မြှောက်ရေပင့်ရေ ပြောတတ်တေ

လူလည်လူနောက်
လူကျွမ်းဝင် လူပင်ပေါက်လို့
အကောက်ကိုကြံ
ခဲမှန်ဖူးရေ စာသူငယ်
ရှယ်ရိုးနှင့်လန့်
လှမယ်ပျို နောက်ကိုတွန့်လို့
မချစ်ဝန့်ယာ မရယာ
လက်သာချဖိ
သူများယူ လက်ပူတိုက်ပျာ
ကျန်လိုက်ပတ်စီ။

အသက်ထပ်တူ မငြူစူ
ကြည်ဖြူသဲစွဲ
ချစ်တေသူ ဖြူပုလဲကို
ပီးပါလတ်မည်
သနားချစ်ခင်
မိတ္တာဝင် ကြင်နှမကို
စိတ်ချရစီ။

စကားဆက်ဆံ လက်မခံ
ဖီဆန်ငြင်းလို့ ချစ်ယင့်နှင့်ပင်
မေအပျို ရလိုရေးနှင့်
ပြောမိစွာရာ
မေ့သခင်မှာ မှန်ကိုကိုးလို့
စိတ်မဆိုးကဲ့။

သိုင်ခေါင်လည်းလွန် ကြက်လည်းတွန်
မောင်ပြန်ဖို့ယာ
မေစိတ်ကေသာအောင်
ပဒုန်းကျော် လီခေါ်ပေါက်က
မောင်မျက်နှာ ထွက်ခါငုံ့လို့
ပြုံ့ပြခမည်။

ပုဆိုးယေကွက်ပြာ ကွက်တရာ
ခြုံခြာသတ်လို့
နပျိုးပင်ကို စုန်လီသတ်ကေ
မိုးလင်းပတ်စီ။

အာရုဏ်တက်လာ ရောင်နီလာလို့
လူရာလေ ထစ
ချစ်တေမောင်မှာ အသရေရအောင်
ပြန်ရဖို့ယာ။

ပြန်မည်ဆို ပျိုယေနှမ
ချစ်တေမောင်လေ
ဆံစည်ို ပျိုယေမက
မှာလိုက်ရစီ
ညနီရီ နီဆီရောက်အောင်
လားပါလီ။

(ရမ်းပြီနယ်မှ ဇမ်းကဗျာ)

## ကျွဲကျောင်းသား

မကွာလာယေရိုင်ရိုင်
ကြိမ်သားတုတ်ကို၊ နနောင်းကိုင်
ကယိုင်ကပါး
နှင်းမြိုင်မြိုင်၊ တောင်ကျိုင်ကြားမှာ
ကျွဲကျောင်းလားရေ
(ဟူး ရေ ရေ ဟူး)

အစ်ကိုမပါ၊ ညီမပါ
ကြိမ်သားဒုတ်ကို၊ နနောင်းကိုင်
ကယိုင်ကပါး၊ နှင်းမြိုင်မြိုင်
တောင်ကျိုင်ကြားမှာ
ကျွဲကျောင်းလားရေ။

ထွေတောင်ဒေတောင်၊ ချောင်မြောင်တလွှား
ပိုးပစိုင်းသံ၊ ညံသွားသွား
တောသံလီသံ၊ မဆူညံ
နှင်းသံဖြောက်ဖြောက်၊ ပပေါက်ဖောက်သို့
ကြားရရေ။

ကြောင်တောင်ကြောင်
နက်ပြောင်ခလောင်း
တောဘယ်မှာ၊ သာငြိမ့်ညောင်းဗျာယ်
ကြားရရေလေ ကြားရရေ။

(နာမည်မသိ စာဆို)

## ဗိုလ်မင်းထောင်မှ ရပ်ဓလေ့ ရွာဓလေ့ ဇမ်းကဗျာများ

## ဖော်ကွဲငှက်

ဥဒေါင်းကြိုးကြာ
ဟသ်ာဖော်ကွဲ
မြစ်လယ်ဂေါင်မှာ
တကောင်တည်း။

## ရီဟင်းခနီပင်ပျို

ရီဟင်းခနီပင်ပျို
ရီဟိရာမှာ ရှင်ဖို့လို
မောင်လည်းလူပျို
မေဟိရာကို လားဖို့လို။

## ကောက်လီကောက်လောက်

ဖက်သရော်ငန်းချေ
ကောက်လီကောက်လောက်
တယောက်မေကို
လိုက်၍တောက်။

စစုံစစိ
အမောင်ဇာခါ မြင်ခီရုံ။

## စကားချစ်

နပျိုးရွက်မှာ
နီရောင်လည်းထိုး
မေရို့ပြောကေ
စကားရိုး။

နပျိုးရွက်မှာ
ကွမ်းချိုနွယ်ရစ်
မောင်ရို့ပြောကေ
စကားချစ်။

## မဒေးရင်းထူ

မဒေးရင်းထူ
တရကူခွံပါး
တောမှာပေါက်တေ
ခယင်ဝါး။

ခယင်ဝါးမှာ ရီမျှားရေ
တယောက်မေမှာ
ဇမ်းမျှားရေ။

## ခရုချေဇင်းကလိန်

ခရုချေဇင်းကလိမ်
အိုင်နားနီ
အိုင်နီအိုင်နား
ခရုချေကို
လူကောက်မျှား။

မေလည်းဇင်းကလိမ်
လမ်းနားနိမ်

လမ်းနိမ်လမ်းနား
မေတယောက်ကို
လူဖျက်များ။

## မောင်ရို့နှံ့ရာ

ချောင်းတချောင်းမှာ
သလဲကပူ
ရီလည်းဆူ
ငါးပိုးငါးသား
ငါးများဇာတေ နီမလဲ။

ငါးပိုးငါးသား
ငါးများနီရာ အိုင်ဝန်းမှာ။

ရတ်ဖောက်လိုင်ရှယ်
ခါးချေခါးထိုး
ရီကြိုင်ချောင်းမှာ
ထထိန့်ကြိုး။

မောင်ရို့သက်လုံး
ဇာတေတေရာ နှံ့မလဲ။
မောင်ရို့နှံ့ရာ
မေဘားမှာ။

(ရတ်ဖောက် - သေနပ်)

## ညောခါမခါး ကြီးမာခါး

နှနွှင်းမများ
ရီးသျှင်ယာမှာ
ရာပြန့်ခါး။

ညောခါမခါး

ကြီးမာခါး
အခါးရိသီ တွင်မည်လား။

အရိုးသျှင်မှာ
မြင်ရေရင်သွီး
ပန်းနှင့်တူကေ
ညိုမေထွီး။

ညေခါမချစ်
ကြီးမာချစ်
အချစ်ရာသီ တွင်မေလား။

## ကိုယ်ချင်းစာ

ပြိုးကိုမိတ္တာ
မဟိပါ။

စာကိုမသနား
ခြံပင်ထက်မှာ
နှဲတံထား။

ပြိုးဘိုမကျ
ပြိုးမကျ
လှွတ်ခီလှွတ်ခီ
ဂုလှွတ်ခီ။

လှွတ်ခီဇာဖို့
အဆစ်လည်းတို
ရာပြိုးညိုကို
ကိုယ်ချင်းစာ
မိတ္တာထားကေ
သနားလို့။

## မောင်လုံးချင်း

မိုးမဟိကေ
အာကာဟင်းလင်း
ထက်တခွင်မှာ
တိမ်ညိုချင်း။

မေမဟိကေ
ရင်ခွင်ဟင်းလင်း
ရပ်ကြီးလည်းသာ
ရွာလည်ထဲမှာ
မောင်လုံးချင်း။

## ချောင်းဖျားမိုး

မိုးရိပ်မမြင်
မိုးသဇင်
ရွာရေတချို့
ချောင်းဖျားမိုးရာ
ဟိလီဖို့။

ဝတ်သစ်မဆင်
ကိုယ်မပျင်
လှရေတချို့
သူ့ရည်းစားရာ
ဟိလီဖို့။

## မေကံဆိုး

ဂြိုးမချေ ပေါင်ကျိုး
မီးလောင်ပြင်မှာ
ဥစရိုး။

မေရို့ကံဆိုး
မုဆဘိုနှင့်

ငြားစရိုး။ ။

## ပြုံးပဇာ

သစ်ပုပ်ပတကာ
လယ်မှာပေါက်ကေ
ပြုံးပဇာ။

ပြုံးပဇာငုတ်ကောင်း
အလယ်လောက်မှာ
ခေါက်ယာခေါင်း။

ခေါက်ယာခေါင်းတွင်း
ကျီးမင်းလည်းဥ
ရာဖိုးခေါင်နန့်
ကျီးကန်းလု။

မေလည်းအချေ
နှုတ်ကပြောကေ
မိတ္တာပါရေ။

## ပေါက်ဆိန်လည်းပဲ့ ဒါးလည်းယွဲ့

တပြုံ့ပြုံ့
စည်သံတကြား
နှမနှင့်မောင်
ရပ်ဝီးထား။

မေအကြားနှင့်
မောင့်အကြားမှာ
တောကြီးဆီး။

ဒါးနှင့်ပေါက်ဆိန်
ဂုယူခီ။

ယင်းတောတန်းကို
ဖြိုရစီ။

ပေါက်ဆိန်လည်းပဲ့
ဒါးလည်းယွဲ့
လက်ဖျားသတ်ကာ
တသက်လုံးမှာ
ကိုယ်ရာနာ။

## ဒေတနှစ်

ကျောက်သလင်းဖြူ
ကျောက်တံဖြူ
မြီဖြူဘုရား
မြပလ္လင်မှာ တင်လို့ထား။

ဖူးပါချင်သူ ဖူးပါခလိုက်
ကျောက်ဖြူဘုရား ဒေတဖြစ်။

ကြင်ပါချင်သူ ကြင်ပါခလိုက်
ကျီးစားရွာမှာ နင့်မောင်ရင်းကား
ဒေတနှစ်။

## ကံသာလမ်း

ဗောထိရွက်သွင်သွင်
ညောင်ရွက်ဝန်းဝန်း
မောင်ရို့လာကေ
ကံသာလမ်း။

ကံသာလမ်းမှာ
ဖြားရီပြတ်စပ်
တယောက်မေကို
ရီယောင်မွတ်။

## တတံပန်းပွင့်

ပန်းတပင်မှာ
တတံပန်းပွင့်
ခုန်ကာဆွဲလည်း
ရကြောင်းမမြင်
ပင်ပန်းစရာ
တယောက်မေမှာ
ထင်မိဗျာ။

တစိုင်လုံးမှာ
တယောက်ထွန်းလည်း
ကြင်ပါချင်ယင့်
ရကြောင်းမမြင်
ပင်ပန်းစရာ
တယောက်မေမှာ
ထင်မိဗျာ။

## လက်ခွဲတင်ယာ့ ချောဆင်းယာ့

ကျောက်စရစ်ချေ သွင်သွင်
သဲဖြူစင်ကို
လက်ခွဲတင်ယာ့
ချောဆင်းယာ့။

တယောက်မေကို
ချစ်လည်းချစ်ချင်
မိဖအိမ်က တစအင်။

ဒေဘဝမှာ မချစ်ပါရ
ဘုရားရှိမှာ ဆုတောင်းယာ့။

ထိုဘဝခါ ဘုရားရှိမှာ

ဆုအတူပင် မတောင်းခရို့
မေနှင့်မောင်မှာ
ဒေဘဝမှာ ကွဲရစွာ။

## ခွါသျှင်မလွှတ်

မှိုင်းစရီ သုံးပင်
ခွါသုံးစင်
ခွါစင်ပပြိ
ယာခင်းထဲမှာ
ခွါများဟိ။

ခွါကြီးသခင်
ခွါသျှင်မလွှတ်
တောင်ခပျင်းမှာ
မပျံတတ်။

မေကြီးတသျှင်
မေသျှင်တယောက်
မိဘအိမ်က မလွှတ်ပါတတ်
ချစ်သူဟိရာ မရောက်တတ်။

ပပြိ - ပပြည့်၊ အပြည့်။

## ပီတောင်ကျော်လမ်း

ကင်းသရက်တောင်
ပီတောင်ကျော်လမ်း
ခမောင်းပင်မှာ
သဇင်ပန်း။

ဆွတ်လည်းဆွတ်ချင်
တယောက်မောင်က
တစအင်။

ဝါးနန့်ချိုးလို့
မရသိမ့်ပါ။

သဇင်ပန်းကား
ထက်အာကာမှာ
စျာန်နန့်များရှုံ။

နှင်းဖြူလည်းမှုန်
နီရောင်လည်းထိုး
သဇင်ပန်းမှာ
တအားညှိုး။

ယေလည်းတခါ
တယောက်မောင်မှာ
ပန်မယ်လည်းမှတ်
ကမ်ဖာမကြီး ထိအောင်ကေရ
ကြွီလို့လည်းကျ
ယင်းခါတချက်
တယောက်မောင်မှာ
ပန်ရဖို့ဝေ။

## နှုတ်မှာသစ္စာ လျှာမှာကတိ

တက်စူးတလှာ
စျိုးမှာချကေ
ကြက်ဖဝါ။

ကြက်ဖဝါကို
မီးကျောင်းစွယ်နန့်
သစ်ခွါခွက်မှာ
ကျားစွယ်ချီမြှောက်
ထက်အာကာမှာ
မိုးကြိုးကျောက်။

သွီးတခွက်ကို နှစ်ခွက်ပျင်ရို့

နှုတ်မှာသစ္စာ လျှာမှာကတိ
ဒေသစ္စာ အမြဲပဲ။

သံခုံးတိုင်
ကျောက်တိုင်ကျိုးလည်း
ကျိုးပါပတ်စီ
ဒေသစ္စာ လုံးဝမဖြီ။

## လုံးတော်ကြီး

ရင်ဝလေးတောင်
ဇောက်သျှစ်တောင်
ရောင်တော်ဖွီးဖွီး
သျှစ်သောင်းသိမ်မှာ
လုံးတော်ကြီး။

တနှစ်တခါ
တလတခေါက်
နှမနှင့်မောင်
ဖူးဇောင်ရောက်။

## ဘားဇီမေထွီး

သောင်းဒရားဝယိုင်
ဇမ္ဗူသရက်
မောင့်ဥယိုင်မှာ
ခက်ချင်းယှက်။

မစားလိုကေ
ကျီးချေဇာဖို့
မောင့်ဥယိုင်မှာ
ဝဲလာရို့။

အရီးသျှင်မှာ

မြင်ရေရင်သွီး
ပန်းနန့်တူကေ
မရီးထွီး။

မကြင်လိုကေ
မောင်ကိုဇာဖို့
ဘားဇီမေထွီး
ဆင်လာရို့။

## လောင်းကောင်းဇာတေ သျှိုင်းမေလဲ

ဘားစရီလိုင်ကျင်
ငှက်ဆင်ပြိုင်လောင်း
မောင်ရို့ခွတ်ကေ
သပြီလောင်း။

တက်လည်းတက်သစ်
မောင်ရို့ခွတ်ကေ
ပနှဲနှစ်။

လက်သမားပျော်တော်
မောင်ရို့လောင်းမှာ
တကျိုပ်ကျော်။

တကွေ့ကိုလျော်
တမော်ကိုသန်း
မေ့ဆိပ်နားကို
ရအောင်ဖမ်း။

လောင်းကောင်းဇာတေ သျှိုင်းမည်လဲ
လောင်းကောင်းသျှိုင်းရာ
ရီလျှင်ကောင်းကေ
အိုင်ဝန်းမှာ။

ဘားစရီ - ငှက်တမျိုးနာမည်။
လိုင်ကျင် - လိုင်မှာအမွှီးမဟိ။

# ဂြိုးမချေလိုင်ပြီ

ဂြိုးမချေလိုင်ပြီ
သစ်ကိုင်းထက်မှာ
ကြူရို့နီ။

ကြူရေဇာဖို့
ရီသောက်ငတ်ရို့
ကြူရေလော်။

အစာငတ်ရို့
ကြူရေလော်။

ရီသောက်ငတ်ရို့
ကြူပြန်ရေကား
ကျောက်ဆစ်တန်းတင်
ချောင်းငယ်အိုင်ဝန်း
မေ့ယာခြီနှင့် မောင့်ယာခြီမှာ
တတုတ်သောက်ကေ
ရင်လုံးချမ်း။

ယင်းမှာလားလို့
ဝအောင်စားခီ
မောင်ကလှတ်တေ
ရာဂြိုးပြီလေ။

အစာမွတ်လို့
ကြူပြန်ရေကား
ကောက်ပြောက်ဆရီ
ဆလီစပါး
တောင်တန်းပျင်းမှာ
တင်လို့ထား
ယင်းမှာလားလို့
တတောက်စားခီ
မောင်ကလှတ်တေ

ရာဂြိုးပြီလေ။

# မေနန့်မောင်

မောင်လည်းအချေ
တဆယ့်ငါးနှစ်
ဆရာကျောင်းမှာ
စာသင်ဆိုက်။

စာတန်းနန့်ချိုင်
စာတန်နန့်သတ်
တပေါက်မျက်ရည်
မောင့်ခန္ဓာမှာ စီးလွန်းရေ။

မေလည်းအချေ
တဆယ့်ငါးနှစ်
မိအိမ်ထဲနန့် ဖအိမ်ထဲမှာ
ယိုင်သင်ဆိုက်။

ယိုင်ကြိုးနန့်ချိုင်
ယိုင်စင်နန့်သတ်
တပေါက်မျက်ရည်
မေ့ခန္ဓာမှာ စီးလွန်းရေ။

ပိုးပဝါ
လိုင်မှာရစ်ပတ်
မေ့မျက်ရည်နန့် မောင့်မျက်ရည်ကို
သုတ်ကာပွတ်။

မျက်ရည်နှစ်ကြောင်း
အတူပေါင်း
သျှစ်သောင်းကုဋေ
တကမ်ဖာမှာ တည်ရစီ။

ယိုင် - ယက်ကန်း။
ကမ်ဖာ - ကမ္ဘာ။

## ပျော်ပီပျော်ပါး

ဗျိုင်းဖြူတစ်ရှိ
ပျော်ပီပျော်ပါး
ချောင်းသာယာမှာ
ငါးရှာစား။

ငါးကိုလည်းမြင်
မစားပါရ
ဗျိုင်းသူညောက
ဖော်ကိုတ။

မေလည်းတစ်ရှိ
ပျော်ပီပျော်ပါး
ဇေတဝန်ကေ
မြတ်မွန်ကျောင်းမှာ
အသျှင်မြတ်ကို
ဖူးဇောင်လား။

ဘုရားကိုလည်းမြင်
မဖူးပါရ
ဇေတဝန်ကေ
မြတ်မွန်ကျောင်းက
မောင့်ကိုတ။

## မေ့လက်ရာ

အဝဟင်းရာ
အဖျားပြီလောင်း
နဂါးဖောင်ကေ
ရီကြိုင်ချောင်း။

ရီကြိုင်ချောင်း တဒါလာ

ကောင်းစားခါက
နှမနှင့်မောင်
စည်းတပေါက်မှာ
အတူထိုင်ရို့။

ရီကြိုင်ချောင်း တဒါလာ
မကောင်းစားခါ
နှမတပြည်
မောင်ကတကျွန်း
ခုနှစ်ကျွန်းနှင့်
လေးကျွန်းစကြာ
လားလီရပ်နှင့် လာလီရပ်မှာ
မေ့လက်ရာ။

လက်ရာကိုမြင်
မေ့ယောင်ထင်
မောင်ပင်စိတ်တို
မေ့လက်စကို ကိုင်လို့ငို။

မေမဟိလည်း
မေဟိတက်စား
မေ့လက်ရာကို
ဘဏ္ဍာထား။

တဒါလာ - တရိုး။
ဘဏ္ဍာထား - အပေါင်ထား၊ အစားထိုးထားသည်။

## ဇမ်းမတိုက်

ငခုံးငပြီ
ကုန်းချင်းစီ
ငပြီတက်တေ
မမြင်လား။

ကွန်သီးမပါ
ကွန်သားရာ

ကွန်သားယင်လည်း
ကျောက်ငပြီကို
ချုပ်မမြဲ။

မစားလိုကေ
စားမေစင်စစ်
ငခုံးခါးကို
ချီးမပစ်။

အရီးသျှင်မှာ
မြင်ရေရင်သွီး
ပန်းနန့်တူကေ
မရီးထွီး။

မကြင်လိုကေ
ကြင်မေစင်စစ်
အချေချင်းမှာ
ဇမ်းမတိုက်။

## မောင်မျက်ရစ်

ရက္ကန်းကားရှို
ရွှမ်းကားမှို
စိန်ယင်ယိုင်သွား
ပတ္တမြားကို ငွေကွပ်ထား။

နှပ်ကိုလည်းချီ
ညေကချစ်ကို တွက်ရခီ။

ဝါကိုလည်းချ
ညေကချစ်ကို ခွမ်းတိုင်းတ။

ရွှမ်းသီးခံကေ
တပေါက်မျက်ရည်
မေ့ရင်ပြင်မှာ
စီးကျရေ။

ပိုးပုဝါနန့်
သုတ်ကာခဏ
ပွတ်ပါခလိုက်
အညောကပင်
မောင်မျက်ရစ်။

## စွန်ရဲညို

မျက်စိခနီ
အခြီစင်းယင်း
သစ်ကိုင်းထက်မှာ
ဂြိုးသားပြင်း။

မီးကင်းတင်းတို
စွန်ရဲညို
အာကာတလပ်
တိမ်တထပ်က
ဂြိုးကိုမျက်စိ
ကျခီမိရို့
တောင်ဖျားရုတ်ကာ
ဂြိုးလင်းပြာကို
ထိုးဇောင်လာ။

အဘိုတကိုင်း သန်းခရေ။
အမတတောင် ကျော်ခရေ။

အရာတခါ
အရာတခေါက်
ဂြိုးလင်းပြာကို
ပေါင်းရဖို့ပင်
မောင်မထင်။

## မြွတ်မွန်ကျောင်း

ကောက်ရိုးရိုးဖြီ
ကောက်ရိုးနီ
ကောက်ရုံလည်းပြတ်
အပြည်ပြည်နှင့် အရွာရွာမှာ
ဝါလည်းကျွတ်။

ရက်မဒေါင်းလိုင်ချိုင်
ကြက်ခရင်းကို ဘယ်ကကိုင်။

မောင်ကအောင်သွယ်
လွှတ်လိုက်မည်။
မေကပွဲတင် ခံမည်လား။

မေကပွဲတင်
မခံငြားလည်း
ပုတ်ကြီးတထောင်
ပိုင်ရေဘုန်းကြီး
ဇေတဝန်
မြတ်မွန်ကျောင်းမှာ
ဂိုဏ်းအုပ်ကြီး။

သျှင်မနီမောင်သျှင်
ပန်းဇင်းလုပ်လို့
ဇေတဝန်
မြတ်မွန်ကျောင်းမှာ
နီလီဖို့။

သျှင်မနီမောင်သျှင် - ခုနှစ်ရက်သျှင်။

## နတ်ဆင်ပေါက်

အနုမောင်းသုံးတောင်
ကုန်းခြောက်တောင်
ကုန်းတော်ဆင်မွန်
ဟေလဝဏ်။

နှမောင်းတန်ကို
မြီမှာလည်းထောက်
ကိုယ်ကိုမြှောက်ရို့
လွမ်းဟောင်းကိုယ့်ပြည်
ကိုယ့်ရပ်ထံကို
ပြန်လိမ့်မည်။

သနားသူကေ
သျှင်သူပင်ဖြစ်
နတ်ဆင်ပေါက်ကို
ချန်ထားလိုက်။

မိမ္မချေကို နတ်ဆင်ပေါက်နန့် ပုံနှိုင်းထားပါသည်။

## မေညိုထွီး

စွယ်တော်ခေါက်ရမ်း
နာရီပန်း
ဒန်းပန်းဖြူစင်
ပန်းပင်ထက်မှာ
ပွင့်မုံဆင်။

ပွင့်ဟောင်းကိုပစ်
ပွင့်သစ်ယူမည်
ပန်းပင်အောက်ကို
မောင်ရောက်တေ။

အရီးသျှင်မှာ
မြင်ရေရင်သွီး
နှုတ်သံချိုကေ
ညိုမေထွီး။

အရုပ်ဆိုးလည်း
ဆိုးပါပတ်စီ။

လက်ဖျားယူငင်
တသက်ရင်ခွင်
တင်လိုက်ချင်ရေ။

မောင့်ရင်ခွင်မှာ
ထိုင်ပါခလိုက်
အညောကပင်
မောင်စိတ်ကြိုက်။

မထိုင်လို
မေသျှင်လည်းကျိုး
မောင့်ရင်ခွင်က
ထလို့ပြီးရေ။

မေ့မှာချစ်သူ
ကြင်သူမဟိ
တယောက်မေမှာ
လာဖို့ရာဝေ။

## မွှီးရေဇာဖို့

ပန်းပွင့်ထောင်သောင်း
ဥယျာဉ်သာမှာ
ပန်းအပေါင်း။

ပန်းပွင့်ပွင့်ရေ
ဥယျာဉ်သာမှာ မွှီးကြိုင်ရေ။

ဇီသဝါ ကျက်ရုံး
ပန်းဂမုံး
ရာမချတ္တရာ
ပွင့်ပြန်လာကေ
ဥယျာဉ်သာမှာ ဇီသဝါ။

ဇီသဝါ ကျက်ရုံး
ပန်းဂမုံး

သဇင်ပွင့်ဖြူ
ပင်တိုင်းလုံးမှာ
မွှီးလို့ကြူ။

ပန်းများပွင့်ရေ
ဥယိုင်သာမှာ မွှီးကြိုင်ရေ။

မွှီးရေဇာဖို့ ပန်းအနံ့
မွှီးရေဇာဖို့ လီညင်းဆောင်လို့။

## မွှီးရေဇာဖို့

ပန်းပွင့်ကေမှာရာ ထောင်သောင်း
ဥယိုင်သာမှာ ပန်းအပေါင်း။

ပန်းပွင့်ကေမှာရာ ပွင့်ရေ
ဥယိုင်သာမှာ မွှီးကြိုင်ရေ။

ဇီသဝါကေမှာရာ ကျက်ရုံး
ပန်းဂမုံး
ရာမကေမှာရာ ချတ္တရာ
ပွင့်ပြန်လာကေ
ဥယိုင်သာမှာ ဇီသဝါ။

ဇီသဝါကေမှာရာ ကျက်ရုံး
ပန်းဂမုံး
သဇင်ကေမှာရာ ပွင့်ဖြူ
ပင်တိုင်းလုံးမှာ မွှီးလို့ကြူ။

ပန်းများပွင့်ရေ
ဥယိုင်သာမှာ မွှီးကြိုင်ရေ။
မွှီးရေဇာဖို့ ပန်းအနံ့
မွှီးရေဇာဖို့ လီညင်းဆောင်လို့။

မှတ်ချက်။ ။ ဆိုပုံဆိုနည်းဖြစ်ပါသည်။

## ကျိန္တရီ

လက်ဖျားချောင်းချေ
ပွတ်တတ်တော။

ညိုရေသျှင်မ
လူ့ဇာခွင်မှာ
နတ်ထက်လှ။

အရှိကြည့်လည်း
အရှိတဖုံ
အရှိဖက်က ထွက်တေနီနန့်
ယောဆွတ်တူ။

နောက်ပြင်ကြည့်လည်း
နောက်ပြင်တဖုံ
အနောက်ဖက်မှာ လဝင်ပုံ။

နောက်ပြင်ရှိပြင်
ကိုယ်ပြင်ခလုံး
နောက်ဆံထုံးမှာ
မြပန်းကုံး။

မနော်ဟရီ
တုသီတာမှာ ကျိန္တရီ။

ဈာန်ကိုရရို့ ပျံလတ်စွာရာ
လူ့ပြည်ရပ်မှာ
မောင့်ချစ်သူပိုင်
မဟိပါ။

## မေရို့အိမ်

မဒည်းသငယ်

တရကူ ကန်ထောက်
လက်ချက် ကုန်းဖြီ
မေရို့နီကေ
သုံးထပ်အိမ်။

စင်းပုန်းလည်းတင်
အခြင်လည်းချိုး
ထန်းဖြူလှနန့်
ပီဖြူလှကို နှင်းကာမိုး။

အောက်တရိုးကို
ပျိုင်စီထိုး။

အလယ်တရစ်
ဇမ္ဗူတ်သစ်။

နီကောင်းသာဖွယ်
မေရို့အိမ်ကို
အဝီးကပင် မြင်လတ်တေ။

အိမ်ကိုမြင်လည်း
မဝင်ပါရ
နင့်မောင်ရင်းမှာ
ဇာဝိဘက်။

## ညဥ့်လေးပိုရ်

ဇူးဝေပေါင်တင်
လက်ပျိုင်ရဟာတ်
အတောင်ဖျားမှာ
သံစူးတပ်။

တပတ်ကိုပင်
မမွှိလိုက်ခင်
အသားခညို
မောင်ပျိုလှကို

ရပ်စောက်မြင်။

ဘယ်ကစမ်းလည်း
တွဲလုလု။

ညာကစမ်းလည်း
တွဲလုလု။

သပေ့ါစွန်ကေ
ကြမ်းစွန်အိမ်မြတ်
တယောက်မောင်ကို
စမ်းလို့သပ်။

ဒေါက်ခြူဒေါက်ခြူ
ဂြိုးယောင်လည်းကြူ
ကျီးကန်းယောင်အာ
တယောက်မောင်ကို
မျက်စိရှာ။

ညဥ့်လေးပိုရ်ကေ
တပိုရ်မျက်စိ
တယောက်မေမှာ
မအိပ်မိ။

## ပန်းညှာဖော်ကေ ရအုံ့မည်

လက်စွပ်ခဗျာ
ဘယ်ကဝတ်ကေ
စိန်ယောင်းယာ။

ငါးခါနှင့်ပင်
ဆယ်ခါပျောက်လည်း
ပျောက်ပါပတ်စီ။

ခဗျာဆိုးကို
မစိုးရိမ်။

မေရို့ရှာကေ
ခဗျာဆိုးကို
ပန်ညှာဖော်ကေ
ရအုံ့မည်။

အရီးသျှင်မှာ
မြင်ရေရင်သွီး
ကကွပ်ကြည့်ကေ
ညိုမောင်ထွီး။

ငါးခါနှင့်ပင်
ဆယ်ခါပြုတ်လည်း
ပြုတ်ပါပတ်စီ။

မောင်တယောက်ကို
မစိုးရိမ်။

ယင်းထက်ရုပ်နီ
ယင်းထက်ရုပ်လှ
မေရို့ရှာကေ
ရခိုင်တိုင်းက ရအုံးမည်။

ခဗျာ - ကြီးသတ္တု။
ပန်းညှာဖော် - ပန်းကွက်ဖော်သည်။

## ညဥ့်သိုင်ခေါင်

တောနက်ကေ မြိုင်လယ်
ဂျီချေလည်းဟောက်။

တယောက်မောင်မှာ
မေ့ကိုရာလွမ်း။

ညဥ့်သိုင်ခေါင်မှာ
ယောင်ကာယမ်း။

(မောင်မှန်)

# ပြိုင်လောင်းသံကျပ်ကြီး

ကိုးစိတ်ကိုးလံ ကိုးပင်းကန်
ကျင်သန်တိရာ တက်ပျာစီးလို့
မဟာလောင်းကြီးထွက်လို့လာ။

ဇမ္ဗူဒိပါလက်ယာကျွန်းမှာ
ထွန်းရေနီလ ပုံပမာ။

သတင်းကြေညာ နာမည်ကြီးလို့
ပြိုင်လောင်းဦးစီး ဆရာအောင်။

သူကရှိဆောင် လမ်းညွှန်ပြလို့
ပြိုင်လောင်းဝမ်းမ ပင်းကန်မှာ။

ရှိနောက်ညီညာ နီရာစိအောင်
လူစိတက်စိ ထိုင်ပြီးကော။

ဦးစီးဆရာ ချရေတက်နန့်
မပျက်မကွက် ညီညီညာ။

ရီပန်းဖွာအောင် တက်ကိုဆွဲလို့
တဟုန်တည်းနန့် ထွက်လီခါ။

ပြိုင်လောင်းပွဲမှာ ဆရာထွန်းက
ရပ်စောက်ထလို့ ရှိကိုမျှော်။

သူ့လက်စွဲတော် ထိုတက်မကို
မြာဒင်ထက်က နနောင်းကိုင်။

မယိမ်းမယိုင် လှီမစောင်းအောင်
ဖြဖြောင့်တတန်း ကိုင်လို့လာ
ဇာသူတခါ ပြိုင်ဝံ့ဖို့လဲ။

အပွဲပွဲ နွဲလို့လာ
ယှုံးရေဆိုစွာ ငါရို့မသိ။

နိုင်ဖို့ဖက်က သေအချာ
အလံယူကာ ပြန်ဖို့ပြိုင်လောင်း။

(တန်းခိုးဆရာထွန်း)

# ရခိုင်အမျိုးစောင့်ကတ်လီ

မြစ်မရိသံ တညံညံ
ဖခင်ခေါ်သံ ပုံသို့မယွင်း။

မေယု နတ်မြစ် ကုလားတန်
လေးမြို့ရိသံ ဒူရိယာအလား။

မာန်ဟုန်ပြင်းသည့် မြစ်ညီနောင်
ညီနောင်နှစ်ဖော် ခေါ်သံမစဲ။

ရာမောင်မြစ်ကြီး ရိစီးသံ
ရခိုင်သားမှန် ကြားသင့်ပါယင့်။

လေးမြို့လေးမြစ် လေးဝတီ
နိမိတ်အညီ သိင်ဂီရွှေနန်း။

ပန်းတောင်သုံးမြို့ ခွင်ခလောက်ဆိုင်
ဝေသာနီလာ ကျောက်ပန်းတောင်မြို့။

ဝေသာလီနှင့် ဓညဝတီ
မြောက်ဦးပုရိန် အထင်အရှား။

ကျောက်လှကားမြို့ သောင်းထိုက်ကျော်
လောင်းကြက်မောက်သူဇာ ဘ်ဂါဆယ့်နှစ်မြို့။

အမ်းနှင့်ဒလ များအိမ်ခြီ

ကိုးကုဋေ သမိုင်းအဟိ။

အာကာပျံ့ဝဲ မြို့သံတွဲ
လေးတောင်ရမ်းဖြဲ ညံမစဲ။

လေးမြို့ကမ်းတဝက် မင်းဌာနီ
စည်ကားလီရေ ကြက်ပျံမကျ။

မြို့ကျောက်တော်နှင့် မြို့မာန်အောင်
ထင်ရှားပြည်ထောင် အဂုထက်ထိ။

မင်းကောင်းမင်းမြတ် မင်းဌာနီ
ဓညဝတီ သောင်းထိုက်ကျော်ကြား။

မာရယုစန္ဒ ကံရာဇာ
သီရိသုဓမ္မာ မင်းရာဇာကြီး။

မင်းဒီဃနှင့် အလောမာဖြူ
စောမွန်မင်းပါ ထင်ရှားပါယင့်။

မင်းဖလောင်း ဝိဇယ ဒသရာဇာ
သတိုးမင်းဗာ မင်းခမောင်းစိုးမိုး။

ရခိုင်ပြည်ကြီး လွန်သာယာ
စာဆိုအကျော် မွီးရာဌာန။

ဝိမလနှင့်အဓူမင်းညို
မိညိုဥက္ကာ သုဝဏ္ဏထင်ရှား။

ပညာကျော်နှင့် ကဝိအခေါင်
မီးရှူးတန်းဆောင် ပုံသို့အလား။

ဇအံသာခြင်း အရွဲ့မှာ
ဝီဝီဆာဆာ ရွတ်လို့မဆုံး။

သာခြင်းတေးခြင်း ရတုရကန်
ဆရာထွန်းဇကန် စပ်ခပါယင့်။

သကြင်္န်ရက်မြတ် ရောက်လတ်ကေ
ဘုရားရီသပွါယ် တီးကတ်မှုတ်ကတ်။

အဆိုအက ဆဆူညံ
အရွာရွာမှာ လှုသံမစဲ။

ကျောင်းဝိဟာမှ ပြန်လတ်ကေ
မဏ္ဍပ်များစွာ တည်ကတ်ဆောက်ကတ်။

မဏ္ဍပ်ထဲမှာ ပြိုင်လောင်းတင်
ရခိုင်ရီသဘင် တမူထူးခြား။

နှစ်ယောက်ချင်းပင် ရီကဇတ်နိုင်
ရခိုင့်သင်္ကြန် ထုံးစံဓလေ့။

ကိုယ့်ဓလေ့နှင့် ကိုယ့်ရိုးရာ
စောင့်ယှောက်ကတ်ပါ ရခိုင်သားရို့။

ရိုးရာထုံးတမ်း မထိမ်းကေ
ရခိုင်မျိုးနွယ် ပျောက်ကွယ်မလွဲ။

ရခိုင်နွယ်ဖွား မပျောက်အောင်
ဝိုင်းဝန်းရွက်ဆောင် ရခိုင်သားရို့။

ရခိုင်ပြည်ကြီး စည်ပင်အောင်
စုပေါင်းရွက်ဆောင် ရခိုင်သားရို့။

ရခိုင်ပြည်ကြီး တိုးတက်အောင်
အကျွန်ရို့မှာ တာဝန်အပြည့်။

လေးဝတီဖွား မျိုးရခိုင်
လက်တွဲခိုင်ခိုင် စုကတ်ဝေးကတ်။

လေးဝတီသား စုစည်းကာ
ညီညီညာညာ စုပေါင်းဆောင်ရွက်။

စုပေါင်းဆောင်ရွက် ဟိမ့ရာ
အဖရခိုင် သာစွသာစွ။

ရခိုင်ပြည်ကြီး သာပါစီ
ပန်းသပြီ ညောင်ရီသွန်းလောင်း။

အတာရီနန့် လောင်းပြီးကေ
ကျန်းမာပါစီ ဆုတောင်းဆုတောင်း။

ဆရာကြီး ဦးသာထွန်း
၁၉၇၂ - ၇၃ တွင် ရွီးစပ်စီကုံးသည်။
မှတ်ချက်။ ။ သံကျပ်ငယ်အမျိုးအစား ဖြစ်ပါသည်။

## သျှစ်သောင်းဘုရားသံထီးတင် ရခိုင်သံကျပ်ကြီး

မောရပဗ္ဗတာ သေလာကျောက်
ဘဂဝါဇိန ရောက်သောခါ။

ပြဟ္မာနတ်လူ ပူဇော်ကပ်
မြတ်စွာဗုဒ္ဓ ပြုံ့တော်မူ။

စွယ်တော်လေးဆူ သွားတော်ပေါင်းမှ
နီမောင်းညိုမြ ရောင်ခြောက်သွယ်။

တိုင်းမြတ်အလယ် ပြည်ဓညမှာ
ထိန်လင်းတောက်ပ ကူးယှက်လာ။

ရာဇာသူရိယာ စန္ဒာမင်းမှာ
သဒ္ဓါပြင်းပြ ပီတိဟုန်။

လက်တော်စုံကို ထိပ်မှာမိုးလို့
ရှိခိုးဝန္ဒန လျှောက်လီခါ။

ဗုဒ္ဓမြတ်စွာ ဗျာဒိတ်ပန်းကို
ဆင်မြန်းစုံမက် ဦးတင်ချီ။

ဧည့ဝတီ ဌာနီတိုင်းဟု
သမိုင်းနာမ ဗျာဒိတ်ဟာ။

မျိုးမြတ်ရက္ခာ စိုင်လာထွန်း
ကြင့်နှန်းတည်ဆောက် စိုးစံလာ။

ပြည်ဧညာ တေဇာထူး
မြောက်ဦးရွှိနန်း ရောက်သောခါ။

မင်းမြတ်ရာဇာ ကျော်သတင်းနန့်
မင်းဘာမင်းမြတ် စိုးတော်မူ။

ထီးအဆူဆူ ပိုင်ကာချုပ်
ချွန်းနှယ်အုပ်လို့ ကတုတ်ခံ။

ဉာဏ်မြတ်အမွန် ပညာဟိ
ကဝိနာမ မြတ်ဆရာ။

ဦးမြဝါ ညွှန်ကာပြ
ဌာနသီရိ ဘုမ္မိမြီ။

များဗိုလ်ခြီ သျှင်လူပေါင်းရို့
ကောင်းမှုဒါန ပြုသောခါ။

ရန်အောင်ဇေယျာ ဘွဲ့မည်ပီး
ပုထိုးတော်ကြီး မြတ်မွိတော်။

သျှစ်သောင်းသျှင်တော် ကျော်သတင်း
ဇမ္ဗူသောင်းတွင်း ထွတ်မဏ္ဍိုင်။

မယိမ်းမယိုင် တည်ကာဟိ
ဗုဒ္ဓါဓိပတိ ငါရို့ပြည်။

ခြောက်ပါးရောင်ခြည် ဖြိုးကြွယ်တောက်
ထက်အောက်အနန္တ စက္ကဝါ။

ဖီးမျိုးယှင်းကွာ ကင်းစင်ဘိ

မုနိဗုဒ္ဓ အာရဟံ။

သကျဇိနံ ဥဒိဿကို
ပူဇော်ရဟာ ထီးတော်လှူ။

တိုင်းသားပြည်သူ သျှင်လူပေါင်းရို့
သောင်းသောင်းသာစု ဟစ်အော်ကာ။

ပူဇပူဇာ ဂါဝရ
ဝန္ဒနာမ ဦးထက်တင်။

ဗုဒ္ဓအသျှင် ကိုယ်တော်မြတ်
ထီးတော်ကပ်လို့ လွန်သပွါယ်။

တိုင်းမြတ်အလယ် ပြည်ဧညမှာ
သဂါဝရ ကုသိုလ်ဟုန်။

ပွားများပြည့်စုံ ထပ်ကာလောင်း
အန္တရာယ်ပေါင်း ကင်းဝီးကွာ။

ကိုးဆယ့်ခြောက်ဖြာ နာမဟိ
နတ်ရွာအတိ လွန်စည်ပင်။

ရဟန်းသျှင်လူ ဝေနေယျ
များစွာသတ္တ အီးချမ်းစီ။

လေးရပ်ဝတီ မာစီကြောင်းကို
ကျမ်းဟောင်းမော်ကွန်း စာအဆို။

မူလနဂိုရ် ပိုမယွင်း
များလူခပင်း သိလီအောင်။

ရက္ခတိုင်းဘောင် ဧညာထွန်းက
စာညွှန်းစီကုံး ပီးလိုက်တေ။

များပြည်သူ သျှင်လူအပေါင်း
သောင်းသောင်းသာစု ခေါ်ကတ်လီ။

သာဓုသာဓု ခေါ်ကတ်လီ။
သာဓု သာဓု သာဓု။

၁၉၅၆-၅၇ ခုနှစ် သျှစ်သောင်းဘုရားသံထီးတင်ရာတွင်
သံထီးကို သင်္ဘောဆိပ်မှကြို၍လာစဉ်ဆိုသော သံကျပ်ကြီး။
ဆရာကြီး ဦးသာထွန်း ရှီးစပ်စီကုံးသည်။

## ရခိုင်ဘုရားသံကျပ်ကြီး

(အစပျောက်)

တောင်းဆုပန်ယူ ရှိသူဟောင်းရို့
သဒ္ဓါညွတ်ပျောင်း စေတနာ။

လူနတ်တကာ ကိုးကွယ်မှုကို
စေတီဓါတု တည်၍ပေ။

ကာလကြာရှည် ဟိချေလတ်က
အင်္ဂတေဇမ္ဗတ် မခိုင်ပါ။

အုပ်ချပ်များစွာ ယိုကာထွက်လို့
ပြိုကာကွဲအက် ဟိခါဝယ်။

ဆက်ဆက်ကြံစည် ကိုယ့်ပြည်ရပ်မှာ
ကိုယ်သာမချွတ် ပြုသင့်ပေ။

ဂါမကြီးကျယ် “နတွင်” ရပ်က
သဒ္ဓါထက်မြက် နိဗ္ဗာန်ဆော်။

“ဦးမြတိုး” ခေါ် လူပဏ္ဍိတ်မှာ
ဘရာနာပီတိ စေတနာ။

ညွတ်ပျောင်းသဒ္ဓါ ကြည်ရွှင်ပ၍
မဟာကုသလ ဇောစိတ်သန်။

ရွှေပြည်နိဗ္ဗာန် ကြံရွယ်ညှောင်းလို့
သဒ္ဓါငွေမောင်း တီးခေတ်ဆော်။

ရပ် "သောင်းခေါင်မော်" ရွာဂါမတွင်
လျှူဒါပုည ကုသလ်။

နိညမကျန် ကြံရည်ဆလို့
သဒ္ဓါရှင်ပစေတနာ။

"ဦးလှထွန်းဘော်" တိုက်စာရေးနှင့်
ပေါင်းဖော်ဖက်တွဲ ပြုပြီးသခါ။

"ခေါင်းလောင်းတိုက်" ခေါ် မြီအဝှမ်းမှာ
"နရမ်း" ဂါမ ရပ်ဌာနေ။

ဓနရွှေငွေ အလွန်ပွား
လယ်ယာကျွဲနွား စပါးဆန်။

ဂါယဗိမှာန် စံမညီးအောင်
ပြိုင်းသေတိုင်ကြီး မြိတ်မြိတ်ထောင်။

ဖြူပျိုင်ထောင် မှန်ပတင်းနန့်
ခြီရံသင်းပင်း ပြည့်စုံစွာ။

ကံဒါယကာ အမည်ရ
ထင်ပေါ်နာမ "ကျော်ထွန်းဖြူ"။

ပေါင်းဖော်အတူ ကျန်လူများနန့်
တိုင်ပင်နှီးနှော ပြုပြီးသကာ။

ဓါတုဌာပနာ စေတီမြတ်ကို
အင်္ဂတေဇမ္ဗာတ် သရွတ်မံ။

ရွှေဘိမ်းလိမ်းကျံ ရောင်လျှံညီး
ထက်ယံကြီးပန်း ဆင်ပြီးသော်။

ထိုမှတခါ သိမ်တော်ကြီးကို

မိုးယံနိဦး ဆောက်လတ်မည်။

တိုင်ပင်ကြံစည် ပြိုင်းသေများကို
ဝယ်ကာစုထား ပြီးသောအခါ။

ပျက်ပြားစေတနာ သဒ္ဓါဆုတ်လို့
ခွေခွာပယ်ဖြုတ် ထွက်လားရေ။

ခေါင်းလောင်းတိုက်နယ် ကျန်လူများရို့
ညီညာကြိုးစား ပြုစီမံ။

ပြဿဒ်ဘုံပျံ သိမ်တဇောင်း (တန်ဆောင်း) ကို
ကြံစည်စုပေါင်း ဆောက်သောခါ။

“စပါးထား” ခေါ် ရွာဂါမတွင်
ခေါ်တွင်နာမ “ဦးပေါက်ဆိန်” ။

ဥစ္စာစည်းစိမ် ဂုဏ်သတင်းနန့်
နိုင်ငံအတွင်း လွန်ကျော်ညာ။

ကျောင်းဒါယကာ ရွာသူကြီးမှာ
ခေမာခရီး ပြည်နိဗ္ဗူ။

တောင်းဆုပန်ယူ ကြံရေဆလို့။
ဥစ္စာခနဲ သဟဆောင်။

သပြာများမြောင် တထောင်ကျပ်ကို
သိမ်တော်ပြဿဒ် ဆောက်လုပ်ရန်။

လှူဒါန်းကောက်ခံ သံဖြူမိုးလို့
ပန်းစုံရုပ်မျိုး စီချယ်ကာ။

ဆောက်လုပ်ပြီးသော် ခြီတော်ရင်းမှာ
သမဏ္ဍာလင်း ခင်း၍ပေ။

ဇောင်းတန်းသသွယ် အုပ်လျှေကနန့်
အံဖွယ်ဆန်းပြား တံတိုင်းရံ။

နီရပ်သာလယံ ရီကန်များနန့်
ထူထောင်ကြိုးစား ပြီးအောင်မြင်။

ပွဲလမ်းသဘင် ခြီတော်ရင်းမှာ
စီမံခင်းကျင်း ပြုပြီးသကာ။

ကောင်းချိမ်းမင်္ဂလာ ဩဘာပြု
နတ်လူသာထု သောင်းသောင်းခေါ်။

ဆယ်ချောင်းဟတ္ထာ ပန်ထွာမိုး
ရှိခိုးလို့ပါ။

ရက္ခပူရေ ရွှေခိုင်တိုင်းမှာ
သမိုင်းမော်ကွန်း ထွန်းလင်းဖြာ။

ခြောက်သွယ်ရောင်ဝါ -----။

(နောက်တရွက်မှာ)

(------)
ရယ်ရွှင်ပေါ်ပါး ဆိုစရာ၊

စီးကုံးပီးပါ တောင်းပန်-ပလို့
ဆင်ခြီဝတ္ထု အမိပွါယ်။

ဤပွဲတော်လယ် ရောက်လာကြ
ယောက်ျားမိမ္မ အပေါင်းလူ။

သောတနှစ်ဆူ နာသာမူကို
ကျွန်တော်ယခု ဆိုပြမည်။

ရှိကတီတေ လွန်လီရှိက
စိန္တေဗုဒ္ဓ လက်ထက်တော်။

အဝန်းကိုးရာ မဏ္ဍလတွင်

တိုင်းကြီးနဂရ ဝပြောစည်။

ကုသဒိန္နမေ ပြည်ဌာနမှာ
နိဇမင်းဂါမ နီပျော်ရာ။

ဝင်္ဂမေခေါ် ဇနပုဒ်မှာ
အသက်မွီးမှု ကြွမ်းကြုတ်စွာ။

စန္ဒမီခေါ် အမည်ရ
မျိုးလုတ္တက မုတ်ဆိုးကျော်။

ဇနီးကြင်ရာ မေဇာကနန့်
ချစ်စဖွယ်တူကွ အိမ်ထောင်တည်။

ကာလမြင့်ရှည် ဟိချေလတ်က
အိမ်သူဇာက ဘရိယံမှာ။

ဂဗ္ဘာကိုယ်ဝန် သန္ဓေရလို့
နိရက်ဆယ်လ စိသောအခါ။

သမီးသဲချာ စီတရကို
လူရို့ဘာဝ ဖွားသန့်စင်။

အထက်ကောင်းခင် တိမ်စင်လသို့
ရုပ်ရည်ရူပ လက္ခဏာ။

ငါးပါးအင်္ဂါ ပြည့်စုံလှ
ဒေဝစ္ဆရ ပုံအနှယ်။

နတ်၏မျိုးနွယ် ပမာလားသို့
မိဘနှစ်ပါး လွန်ချစ်ခင်။

ပုခက်ဇယင် တင်လီကြ
အမည်နာမ မိဆာဝါ။

မိဘနှစ်ဖော် ဘွဲ့တော်ပီးလို့
ကောင်းစွာလုပ်ကျွေး မွီးမြူလေ။

(နောက်တရွက်မှာ)

(--------)
ဥဒေါင်းမောရ ဖြစ်ခဲ့ယ့်ပေ။

သက်တော်သျှစ်ဆယ် ပြည့်ပြန်လတ်က
အသင်္ခတ မြို့သိဝှန်။

ရွှေပြည်မြို့တော် စံလွန်ပြုသော်
လိုင်ရိုးခါတု တည်လိမ့်မည်။

သုံးလုစိန္ဒေ ရွှေဂမုတ်ဖြင့်
အာလုတ်မြွက်ဟ မိန့်ခဲ့ယ့်မှာ။

သမိုင်းအလာ ဟုတ်မှန်တိုင်းကို
မကျယ်မကျိုင်း ထုံးပုံသွယ်။

ဝတ္ထုခိပ္ပါယ် နိဒေသနန့်
ညွှန်းကာဖော်ပြ စာလင်္ကာ။

ရတုကဗျာ စီကာကုံး
ဆင်ခြင်နိဂုံး ချုပ်ပြီးသကာ။

နှစ်ပေါင်းမြင့်ကြာ ရှိသူဟောင်းရို့
မွဲပျော်စံညောင်း ဤခါတ်တော်။

ကွန့်မြူးရောင်ဝါ ဖူးမျှော်တွိ၍
မနောပျော်မွှဲ ပီတိဝင်။

ဂွမ်းဆီထိသွင် ပဏာမသို့
သဒ္ဓါရှင်ပ စေတနာ။

စုပေါင်းညီညာ အုပ်ဂူကျောင်းရို့
ကြံစည်ဆုတောင်း ပြုပြီးသကာ။

ခါတုဌာပနာ စေတီမြတ်ကို
သဒ္ဓါရှိညွတ် ဆည်းကပ်ပေ။

နိဗ္ဗာန်ရွှေပြည် ကြံရည်ညောင်းလို့
ဆုတောင်းကတ်လီ။

## လက်ပံစိုင်

လက်ပံစိုင်မှာ
ဇရက်ချေ ရီစွတ်
အတောင်ချေကို
ဘုန်းဘုန်းခတ်။

သီးတံကိုချိ
ပွင့်တံခြီချ
လက်ပံစိုင်မှာ
မကို ယလေ မကို ယ။

(နာမည်မသိစာဆို)

## ရောက်မမောင်

ကံ့ကော်ဝတ်ဆံ
ရွာတောင်ဦးမှာ ပွင့်လှာပြန်
ရောက်မမောင် မလာယာလား။

မောက်သူဇာ ဒါဂါတရိုး
စစ်ထိုးခီမည် ပြောခရေက
ကန့်ကော်ပန်းလှ မယ့်ဆံစမှာ
သူစိုက်ခလေ
သူစိုက်ခ။

(နာမည်မသိစာဆို)

# ပွင့်ချေသိုက်

အဘကြီးဝါဝါ
တောင်ရင်းကျွန်းက
မြင်းစီးလို့လာ။

အဘသီတာ
ငါးကြီးဖော်
မင်းရို့ဖမ်းလို့ရမည်လား။

ရွှေကျောက်ဖျိုင်မှာလည်း
ပတ္တမြား။

ငွေကျောက်ဖျိုင်မှာလည်း
ပတ္တမြား။

ပတ္တမြားသုံးဆယ်
မျက်ရည်သုံးခွက်
သားကိုလိုချင်
ရင်ခွင်တင်
သားချေဇာလောက်
ကြီးပျာလည်း။

ကျောက်သားလုံးလောက်
ကြီးလီယင့်။

ဂလီဂလီ
ကျောင်းကန်ဘောင်တွင်း
အင်းအနားမှာ
ခတ်၍နီ။

ဂလီလည်းခတ်
ငါလည်းတတ်
ပန်းစိကေချေမောင်သျှင်
မောင်ကျော်ရှင်က
ဝါးကိုမထိ

ဝါးစိတ်ကိုထီ
နွဲ့လီနွဲ့လင့်
ရလီယင့်။

ဆရာတော်ဦးစန္ဒာဝရ (ကွယ်လွန်) ကျေးဇူးပြုပါသည်။

## စိုင်းတင်နတ်သာခြင်း

မိုးသောက်ရာလည်း စုန်လီ
နှင်းမိုးစီကေ
ညနီရာလည်း ရမ်းပေါက်
လီချိုဝင်ကေ စိုင်းတင်ချောင်းမှာ
နှင်းပြပြောက်။

စိုင်းတင်မမောင် "ရာမျိုးအောင်"
စိုင်းတင်မမောင် "ကြာထွန်းအောင်" လေ
နတ်မောင်ယောက်ျား
လီချိုဝင်ကေ စိုင်းတင်ချောင်းမှာ
နွားကျောင်းလားရေ။

(မဆုံးပါသိမ့်)

ဘင်္ဂလားဒေချ် ရခိုင်မဟားစိုးဒေသကရသော နတ်သာခြင်းတပိုင်းတစဖြစ်ပါသည်။
ဆုံးခန်းတိုင်အောင် ရှာဖွေဖော်ထုတ်ကတ်ပါ။
ကိုယ်တော်သီလဝံသ (မာလဖုံဆရာတော်) ကျေးဇူးပြုပါသည်၊

## သတိုးအောင်နတ်သာခြင်း

သတိုးအောင်လေ
နတ်မောင်ယောက်ျား
ကေသလာလေ
ကြပ်စင်ကျွန်းမှာ
မွီးလို့ဖွားရေ။

သကြားမြီးဖြူ
စိတ်လည်းတူ
မယူမြီးချစ်
ရှိကျောင်းတော်မှာ
အလိုလိုက်ကေ
ပန်းမုန် မြအောင်
ဘောင်မချစ်ကေ
သတိုးအောင်လေ
နတ်မောင်ယောက်ျား
ရွက်အုပ်မြညို
ဖားပြိုကျွန်းမှာ
မွီးစပ်ထားရေ။

ကြီးသျှင်တောင်
ရာမောင်နတ်ကား
ရင်နို့မတိုက်
လွမ်းလို့ကြင်ကေ
ဘောင်သျှင်မမှာ
လက်နို့တိုက်တေ။

လက်သန်းလက်ကြွယ်
လက်စမွယ်
လက်လယ်မကြွင်း
မြီးလှမောင်လေ
ဒိုးအောင်စို့ကေ
လက်နို့ထွက်တေ။

ရွက်ရိပ်ခို
ဖားပြိုကျွန်းမှာ
မွီးစပ်တေ။

တဝင်းဝင်းကေ
ပလို့လာကေ
စန္ဒာလမင်း
ထက်ကောင်းခင်မှာ
ရာဟုကင်း
အလင်းလည်းရောက်

မြီးလှမောင်လေ
ဒိုးအောင်နတ်ကို
ကျောင်းကိုရောက်ဖို့
မြကြိုးသွယ်
စိန်ပုခက်မှာ
အိပ်ပါမြီးချေ
ကြီးသျှင်တောင်
ရာမောင်မမှာ
မြီးချော့ရေ။

ထိုင်တတ်ကေရာ တွားတတ်
တန်းကိုင်တတ်
ရပ်တတ်ဖြစ်ယာ
မြီးလှမောင်လေ
ဒိုးအောင်ကိုကား
ရှိစမွယ်
မိယေမှာကား
တောတန်းဆိုကေ
ထိုသည်ကျွန်းမှာ
ဝါးတန်းလည်းတင်
တောတန်းခွင်
ရှင်သည်ရပ်မှာ
အလားသင်ရေ။

ထိုင်တတ်တွားတတ်
တန်းကိုင်တတ်ကေ
ရပ်တတ်ဖြစ်ယာ
ဘောင်မမောင်လေ
ဒိုးအောင်မှာကား
လားတတ်ပျာ။

ဒိုးအောင်ဂျင်ပေါက်
အရွယ်ရောက်
ကြီးမြောက်လီခါ
သုံးလှိုင်ဆို
ဝါဆိုကျောင်းမှာ
ကျောင်းထားရေ။

စာမတတ်ကေ
သတ်လို့သင်ပါ
သုံးလှိုင်ဆိုကေ
ဝါဆိုကျောင်းမှာ
နမောဗုဒ္ဓယ
အယင်ပြ
သုံးဆယ့်သုံးလုံး
သုံးသင်ပုန်း
တလုံးမကျန်
ဇေတဝန်လေ
မြတ်မွန်ကျောင်းမှာ
စာအံရေ။

ဒိုးထိုးသံနန့်
ဂျင်ပေါက်သံလေ
ညံသံမစဲ
သုံးလှိုင်ဆိုလေ
ဝါဆိုကျောင်းမှာ
မဒီးမောင်လေ
ဒိုးအောင်ထွက်ကေ
တသဲသဲ။

ကျိန်းတောင်ခြီရင်း
မောင်ရို့ထွက်ခါ
အံတလင်း။
ကျိန်းတောင်ခြီရင်း
မောင်ရို့ထွက်ခါ
ကြက်တလင်း။

ကြက်ဖက်ပါးနီ
စွန်သဲခြီ
ခွပ်လီကြက်ဖ
ရှီပြောင်ပြောင်ကေ
ကျိန်းတောင်အောက်မှာ
တန်းထက်က။

တန်းအောက်မတွန်
တန်းထက်ထွန်
ဒိုးအောင်ကြက်ဖ
ရှိပြောင်ပြောင်လေ
ကျိန်းတရိုးမှာ
တည်တိုင်းရ။

မြင်းမအီ ခွါတောင်
ဒေါင်းခံထဲမှာ
လာပါမောင်။

လှအောင်စာလေ
တကောင်ခွါဖြူ
မဒီးမောင်လေ
ဒိုးအောင်မောင့်မှာ
လှအောင်ဆင်ကေ
ယယိုင်ပပါး
ဘောင်မမောင်လေ
မြင်းနန့်လားဖို့
ဖိုးခေါင်ဖိုးခေါင်
ဖိုးခေါင်ကြိမ်လုံး
အဖျားချေမှာ
ရှိခြည်ထုံးကေ
ကြိမ်လုံးကိုထောက်
ဘောင်မမောင်လေ
ဒိုးအောင်နတ်မှာ
မြင်းကိုငေါက်တေ။

ကြိမ်လုံးကိုကိုင်
မြင်းမှာထိုင်
ယယိုင်ပပါး
ချစ်တေမောင်လေ
ဝတီနန်းမှာ
ပန်းကပ်လားဖို့
သိုင်းကိုမကျော်
မြီကိုမနင်း
ပန်းဆက်ညှာကို

မြီနန့်နင်းကေ
နတ်မင်းကျော်ခေါင်
ဘောင်မချစ်လို့
သတိုးအောင်လေ
နတ်မောင်မှာကား
ကျိန်းတောင်ကျော်လမ်း
ကြက်ရိုးပင်မှာ
သဇင်ပန်းကို
လက်လှမ်းဆွတ်ကာ
ကြီးဆင်းတောင်လေ
ရာမောင်နတ်နန့်
လှကျွန်းသူလေ
မိဖြူဦးကို
ရှီစမှယ်လေ
ဘောင်သျှင်မကို
ပန်းဆက်တေ။

(နာမည်မသိ စာဆို)

## သမင်ရတု

သခင်လူများ
ကျွန့်စကားကို
ရှီနားခံလော့။

ရှိလွန်အခါ
တောမြိုင်ခွီး
ချီသမင်သည်
သစ်ပင်ကြီးအောက်ကနီလေး။

မြင့်ထိပ်ဗွီ
ခေါင်ထိပ်ဖျား
ကျီးတခုသည်
ခေါ်မှုမြည်သံကြားက
အချစ်ရှီသမင်
ငယ်ခါခင်ပွန်း

မြို့စွာမှွမ်းသည်
ကောင်းလွန်းမယ် မထင်လေး။

မြို့တွင်ရာ လားရလျှင်
ကိုနှင့်ငါပင်
ချစ်ခင်ရမည်
အဆွေ နှလုံးသွင်းလေး။

ခွီးလှည့်ပတ်ဆိုရတ်မှာ
ကောင်းယောင်ထင်၍
သမင်လိုက်လာရလေး။

လယ်သည်စပါး
ပန်းနုဖျားကို
အဂုစားရမည် မှတ်လော့။

လိုတိုင်းဝမ်းဝ
စားရမည်မချွတ်လေး။

ခွီးလှည့်ပတ်ဆိုရတ်မှာ
ကောင်းယောင်ထင်၍
သမင်ထွက်စားပြန်လေး။

ထိုယောက်ျားလယ်သခင်
ပြီးခုံပင် လာတုံလတ်
သရီကျော့ကွင်း
ထောင်လျှက် လမ်းတွင်ထားလေး။

ခါတပါးသည် လားချီမိ
သရီကျော့ကွင်း
လိုင်ဝယ်ယင်ဆောငြိလေး။

မချိရုန်းရင်းဆာ
အဆွီလျှင်တောမြိုင်ခွီး
သီမည်ဖီးကို
ယင်ဆောကယ်တင်ဖိလေး။

ဒွန်းစန္ဒာ ဟိန္ဒူမျိုး
နွားသရီကို
မကိုက်ဖူးပါတည့်လေး။

မချိပူပြင်းဆာ
အဆွိလျှင် နောင်ကျီးကန်း
ယင်ရဲမကို
မြဲစွာခင်ပွန်းမွမ်း၍
မျက်စိရစ်ဝန်းလည်
ယင်မလာ၍
ဖြူစွာ ဥလာသည်တည်း။

အဆွိလျှင် နောင်ကျီးကန်း
ဦးဂေါင်းမြီတွင်
နသွီးတောက်ဟန်ပြု၍
ထိုခန လယ်သခင်
ပြီးခုံပင် လာတုံလတ်
သရီကြိုးကို
လိုင်ဝယ် ယင်ဆောချွတ်လေး။

ထိုယောက်ျား လယ်သခင်
ကြံလတ်ကေလျှင်
စောစွာ ခြုံထဲဝင်၍
နွယ်ပင် ဖြတ်လှီးငြားလေး။

အာအာသည် ကျူးမြည်လျှက်
ချီသမင်သည်
ဖြုန်းဖြုန်း ပြီးသည်ဖြစ်လေး။

ထိုယောက်ျား လယ်သခင်
လက်တွင် ဒါးနှင်ပစ်
ခြုံထဲဝှက် ပုန်းမြိုင်ခွီး
ဂေါင်းတွင်မှန်လျှင်
သီချိုပြီလေး။

အေနည်းလျှင် တမုံဟိ
မေလတ်ဖြူမှာ

ဖျက်သူနှင့်ရာ တွိလေး။

မချိသည် လွမ်းလောင်သဲ
မေချစ်အပူဝင်သည်
သမင်ပမာ နည်းတည့်လေး။

(မြို့ပြည် ကော်လောချီး မဟာမုနိဆရာတော်ပါးက ရသောမှုဖြစ်ပါသည်။)

## မဟာမုနိရတု

အောင်မြီအထွတ်
ဘဒ္ဒကပ်သည် မြတ်မဟာ
ဤကမ်ဖာပေါ် လုမှာ
သက္ကျမြဟ္မာ
ငါးပွင့်ကြာကို
ဆွတ်ကာနမိတ်ပြ၍
မြသေချာဗောဓိဝယ်
စိုင်တလျှောက်သည်
ရှိနောက်ဆက်ကာတည့်လည်း။

ထူးဆန်းဖွယ် အမ့်ဖွယ်ပင်
ကျော်ထင်ရှားသည်
ဘုရားငါးဆူပွင့်၏။

ရှိဦးတင်သည် ကက္ကုသံ
ဂေါနာဂံကား
ကဿပ အမှန်ပင်တည်း။

ညီနောင်သည် မိတ္တေယျ
နောင်တော်ကြီးသည်
မည်တွင်ဂေါတမတည်း။

ရပ်ဌာနအလှည်လှည်
လည်သာသာနှင့်
ပတ်ကာဆွမ်းသပိတ်ဖြင့်
ထိုရပ်ဝယ်ရက္ခိုင်မှာ

ရက္ခပူရ
တိုင်းခေည ရှိပြည်သာ၌
ကိုယ်တော်စားသည် မြတ်မုနိ
ငါးထောင့်ငါးရာ
သာသနာသည်
ညီတော်စားအကြီးတည်း။

ပုံသွမ်းပြုထားတော်မူ
သာသနာသည်
ရောင်ဝါမီးနှယ်ပူ၍
သောင်းရပ်လူဇမ္ဗူပြည်
ဘုရားဂူကျောင်း
သင်္ဃာပေါင်းနှင့်
မြင့်ညောင်းစိုင်ဆက်နီသည်
ခေညရပ်မြီတည့်လည်း။

ခေညရပ်မြီ
သိင်ဂီမည်ရ
ဝဒရသည်မြောက်ရပ်ချာ
သီရိမာနဒီဖျား
ကိုယ်စားသျှင်တော်
မဟာမုနိထား၍
သီရိဂုတ်တောင်ထိပ်ဖျား
ရှိကျောင်းဗိမှာန်
ဇေတဝန်၌
ပန်းဆိုင်ပန်းကာထား၍
ဖြောက်ဆိပ်ဝယ်ကြယ်များရံ
သော်တာလသည်
ထွတ်ဖျားမနော်စံ၍
ဟင်္သာကျုံ သည်ဆိပ်လှ
ပြောင်ပြောင်ဝင်းသည်
ညီးထွိရောင်တော်များရို့
နတ်သိကြားဖန်ဆင်းလျှင်
ဝိသကြုံနတ်၊ ရက္ခနတ်သည်
လွတ်လွတ်မြီကထွက်သို့
ပြိုးပြိုးပြက်မျက်များစီ
ရှိဂူကြီးထက်

ငါးလုံးဇေတီမှီလျှက်
ခေါင်ထိပ်ဗွီသည်အလယ်ဖျား
ဆောင်းတော်မူပါ
လိုင်တိုင်ငှက်မနား။
သိမ်တော်မှာပတ်ဝန်းရံ
တရာ့သျှစ်လုံး
ရွှီဒုံကြာခွက်ခံ၍
ကျွန်နိုင်ငံပြည်လုံးသား
ယူကျုံးငါ့ညီတော်ကို
မြဲစွာစောင့်ယှောက်ပါလည်း။

(မဟာမုနိရတုပြီးပြည့်စုံ၏)
သက္ကရာဇ် ၁၂၇၇ ခု၊ ကဆုန်လဆုတ် တဆယ့်လေးရက်
ကူးပြီးပရပိုဒ်မူအတိုင်း (ခေါ်၊ခံ) (၂) ရွက်မှ ကူးယူဖေါ်ပြသည်။

မူရင်းရှိဟောင်းအရွီးအသားကို
အဂုခေတ်အရွီးအသားနှင့်ပြောင်းလဲ၍ ရွီးထားပါသည်။
ပုရပိုက်လျှား (၁၂) လက်မ၊ အနံ (၄၈) လက်မ။
မဟာမုနိဘုရားသမိုင်း (ထွန်းရွှေခိုင်)

# သီတွဲဆွဲကဗျာ

ငယ်ကပေါင်းဖော်၊ ဖသထော်လေ၊ ငယ်ကဖွားချင်း၊ အချေကပင်၊ မျောက်သားရင်းလေ၊ မေ့မှာချစ်သူ၊ မျက်ရစ်ဖြူလေ၊ ညှိုးသူကေရာမောင်ကား၊ မေ့ကိုရာချစ်ကေ၊ ပန်းတတံကို၊ ပီးခမည်လေ။ ယလောက်တကွ၊ ငယ်ကကြင်ရေ၊ ချစ်နှမမှာ၊ မောင့်မှာပါရေ၊ တတံပန်းကို၊ နှမဘားမှာ၊ ပီးခမှာရေ။

မြင့်မိုရ်တတောင်၊ လွန်အောင်ကြီးခြင်း၊ မိခင်မောင်ကြီး၊ ဝရီးအရင်းက၊ ယိုင်ကြိုးနန့်နှောင်၊ ယိုင်ဘောင်နန့်သတ်၊ ခေါက်ရမ်းဖြူလေ၊ ညိုသူမေကား၊ ရက်ကန်းစင်မှာ၊ ဖစောင်းဝပ်တေ။ နောက်ကုန်းကသွီး၊ ခေါက်ရမ်းဖြူလေ၊ ညိုသူမေမှာ၊ ကန်ကောက်စီးရေ။

ခေါက်ရမ်းဖြူလေ၊ ညိုသူမေကား၊ ဖောက်ဖီးသုံးပင်၊ ဆံသုံးပင်လေ၊ ခြောက်ပင်ရာလုံးရစ်၊ ခေါက်ရမ်းဖြူ ညိုသူမေမှာ၊ တောင်တန်းပျင်းက၊ သီကြိုးကျစ်တေ။ မြင်းမိုရ်တတောင်၊ လွန်အောင်ကြီးခြင်း၊ မိခင်ရင်း၊ မိရင်းရှာလည်း၊ မရလီကဲ့၊ မေသီကြိုးမှာ၊ ကျိန်ဆိပ်ထည့်ရေ။ မြင့်မိုရ်တတောင်၊ လွန်အောင်ကြီးခြင်း၊ ဖခင်ရင်း၊ ဖရင်းရှာလည်း၊ မရလီကဲ့၊ မေသီကြိုးမှာ၊

ကျိန်ဆိပ်ထည့်ရေ။ ရပ်သူပြည်သား၊ သျှင်လူများ၊ လူများရှာလည်း၊ မရလီကဲ့၊ မေသီကြိုးမှာ၊ ကျိန်ဆိပ်ထည့်ရေ။ မိခင်မောင်ကြီး၊ ဝရီးရှာလည်း၊ မရလီကဲ့၊ မေသီကြိုးမှာ၊ ကျိန်ဆိပ်ထည့်ရေ။

ငယ်ကပေါင်းဖော်၊ ဖသထော်လေ၊ ကြီးမှာတော်ခြင်း၊ အချေကပင်၊ မျောက်သားရင်း၊ သားရင်းရှာခါ၊ ရပါလီဟု၊ မေသီကြိုးမှာ၊ ကျိန်ဆိပ်ထည့်ရေ။

(ဗိုလ်မင်းထောင်မှရသော ကဗျာဖြစ်ပါသည်၊ အဆက်ဟိပါသိမ့်သည်။)

# ပန်းတံမင်းသားနှင့် သံတွဲသူမင်းသမီးခြင်း

ရခိုင်ရိုးရာ၊ ဖြစ်ခြင်းရာကို၊ ကျွန်ဆရာမှာ၊ ပြောပြမည်။ ထီးကခရိုင်၊ မင်းထိုင်ပြည့်ဖြိုး၊ ပြည်ပဂိုး။ ပဂိုးမင်းသမီး၊ ပြည်ကိုခွဲခါ၊ နှမကားတောင်၊ မောင်ကားမြောက်ဦး၊ မြစ်မင်းဂင်္ဂါ၊ သီတာတရိုး၊ နှမနီကေ၊ သံတွဲမြို့၊ မောင်ရှိနီကေ၊ ရခိုင်မြို့။ ရခိုင်မင်းသား၊ နန်းထက်ဖွား၊ လှငြားတင့်တယ်၊ မိခင်ဝမ်းမှာ၊ သန္ဓေတည်။ ကိုးလကပင်၊ ကိုယ်ဝန်ကြင်၊ ခမည်းလွန်းတင်၊ ဖဘုရင်၊ ဘုရင်လွတ်လွတ်၊ ရခိုင်မြို့မှာ၊ မကြံတတ်။ ကျွန်မပြည့်ကူ၊ ကိုယ်ယူကိုယ်မ၊ သနားစဖွယ်၊ သျှင်မဝမ်းကို၊ စမ်းကြည့်ရေခါ၊ ချစ်သျှင်မမှာ၊ မိမ္မမဖြစ်၊ ယောကျ်ားဖြစ်မည်။ ယောကျ်ားဖြစ်လည်း၊ အရှင်မမွီး၊ ချစ်သျှင်မမှာ၊ အသီရာမွီးမည်၊ ဖောင်လည်းလေ၊ ဖောင်လည်းအလို၊ ပြည့်ကျွန်မမှာ၊ ဇမ်းတိုက်ဆိုရေ။

ဖောင်စကားကို၊ ကြားရေနိုက၊ ရခိုင်မင်းပင်၊ အသျှင်တရီး၊ နန်းတောင်ညာမှာ၊ ကြောင်းကြကြီးရေ။ ငါ့မှာဟိငြား၊ ရွှီကလောင်ကိုင်၊ ဇကိုင်ကြီး၊ မတ်ကြီးမနီ၊ ငါ့အနားတွင်၊ ဂုရောက်စီ။ ငွေကလောင်ကိုင်၊ ဇကိုင်ကြီး၊ မှူးကြီးမနီ၊ ငါအနားတွင်၊ ဂုရောက်စီ။ ရွှီကလောင်ကိုင်၊ ဇကိုင်ကြီး၊ မတ်ကြီးလေးသွယ်၊ နန်းတောင်ညာမှာ၊ ရောက်လာရေ။ ငွေကလောင်ကိုင်၊ ဇကိုင်ကြီး၊ မှူးကြီးလေးသွယ်၊ နန်းတောင်ညာမှာ၊ ရောက်လာရေ။ ရွှီကလောင်ကိုင်၊ ဇကိုင်ကြီး၊ မတ်ကြီးမနီ၊ ကံ့ကူသည်နန့်၊ ဝလံသည်ကို၊ ရခိုင်မြို့မှာ၊ ဂုရှာခီ။ ငွေကလောင်ကိုင်၊ ဇကိုင်ကြီး၊ မှူးကြီးမနီ၊ ကံ့ကူသည်နန့်၊ ဝလံသည်ကို၊ ရခိုင်မြို့မှာ၊ ဂုရှာခီ။

ရွှီကလောင်ကိုင်၊ ဇကိုင်ကြီး၊ မတ်ကြီးမနီ၊ ကံ့ကူသည်နန့်၊ ဝလံသည်ကို၊ ရှာခီရေ။ ငွေကလောင်ကိုင်၊ မှူးကြီးမနီ၊ ကံ့ကူသည်နန့်၊ ဝလံသည်ကို၊ ရှာခီရေ။ ရွှီကလောင်ကိုင်၊ ဇကိုင်ကြီး၊ ငွေကလောင်ကိုင်၊ ဇကိုင်ကြီး၊ မှူးမတ်လေးသွယ်၊ ကံ့ကူသည်နန့်၊ ဝလံသည်ကို၊ ရှာခီရေ။ ကံ့ကူသည်နန့်၊ ဝလံသည်၊ မောင်ဖွားလေးသွယ်၊ နန်းတောင်ညာမှာ၊ ရောက်လာရေ။ ကံ့ကူသည်နန့်၊ ဝလံသည်၊ တချက်နှစ်ချက်၊ ပျိုင်သင်ပုန်းမှာ၊ ခေါက်လို့တွက်ခါ၊ မိမ္မမဖြစ်၊ ချစ်သျှင်မမှာ၊ ယောက်ကျားဖြစ်မည်။ ယောက်ကျားဖြစ်လည်း၊ အရှင်မမွီး၊ ချစ်သျှင်မမှာ၊ အသီရာမွီးမည်။ ဖောင်လည်းလေ၊ ဖောင်လည်းအလို၊ ကံ့ကူသည်နန့်၊ ဝလံသည်မှာ၊ တွက်တိုင်းဆိုရေ။ ဖောင်စကားကို၊ ကြားရေနိုက၊ ရခိုင်မင်းပင်၊ အသျှင်တရီး၊ နန်းတောင်ညာမှာ၊ ကြောင့်ကြကြီးရေ။ ကြက်ဖကြိမ်သီး၊ မောင်လုံးကြီး၊ ရှောက်ရှောက်လဲဖမ်း၊

စုန်းမင်းလယ်ကို၊ ရှီမိုးသန်း။ ဂေါင်းရင်းကနီ၊ မဟာကျိုကို၊ မောင်ကိုးရေ။ ခြီရင်းကစောင့်၊ သျှင်မဂေါက်ကို၊ မောင်ကိုးရေ။ ဇောင်ပင်တရီး၊ ရခိုင်မင်းမှာ၊ မကျိုသီး၊ ကိုးလကပင်၊ ဆယ်လစိမြောက်၊ သားပန်းပင်ကို၊ ဖွားလာရေခါ၊ သားပန်းပင်ကို၊ နန်းတောင်ညာမှာ၊ အရှင်မမွီး၊ အသီရာမွီးရေ။

ဇောင်စကားကို၊ ကြားရေနိုက၊ ရခိုင်မင်းပင်၊ အသျှင်တရီး၊ နန်းတောင်ညာမှာ၊ ကြောင့်ကြကြီးရေ။ နဖူးကိုခတ်၊ ရင်ကိုသတ်၊ ရပ်ပတ်ကြိုကြို၊ ရခိုင်မင်းမှာ၊ နန်းတောင်ညာမှာ၊ လူးလို့ငိုခါ၊ အထက်ဒေဝါ၊ အသျှင်သိကြား၊ ခင်းထားကမ္ဗလာ၊ နီရာသင်းဖုန်း၊ တင့်ကြော့လုံးစုံ၊ သိကြားဖုံမှာ၊ မနီနိုင်ဘဲ၊ နတ်မျက်တထောင်၊ အဟန်ဆောင်၊ နတ်ပြည်ယဉ်မှာ၊ ကြည့်လိုက်မူကား၊ မည်သည်မျှပင်၊ နတ်ပြည်ယာဉ်မှာ၊ မမြင်ကျင်။ လူ့မျက်တထောင်၊ အဟန်ဆောင်၊ ကြည့်လိုက်မူကား၊ ရခိုင်မင်းပင်၊ အသျှင်တရီး၊ သားပန်းပင်နန့်၊ ကြောင့်ကြကြီး။ ငါတာခုဝေ၊ ရခိုင်မင်းကို၊ မခီမည်။ ရှီကြိုးခုနှစ်ပင်၊ သျှင်သိကြားမှာ၊ စလွယ်တင်။ လက်မှာပြောင်ဝင်း၊ ခရုသင်း။ သျှင်မင်းမနီ၊ ရခိုင်မြို့ကို၊ ဆင်းလီရေ။ သိကြားရီစင်၊ ဖြန်းလီရေခါ၊ သားပန်းပင်မှာ၊ အသက်ကေဝင်ပြီး၊ ဝွါးဝွါးဝွါးလို့ ငိုလီရေ။

အသက်ကေဝင်ပြီး၊ ရခိုင်မင်းပင်၊ အသျှင်တရီး၊ နို့ကောင်းသူကို၊ ကောင်းရာရွီးလို့၊ သားကောင်းသားဖြူ၊ နို့ကောင်းသူ၊ ကောက်ယူစို့ငြား၊ အသားဖြူကေ၊ မိမ္မနို့သယ်၊ ရှိကပယ်၊ အငယ်အကြီး၊ နို့ကောင်းရာမှာ၊ ကောင်းရာရွီးလို့၊ အသားဖြူကေ၊ ပူသယ်နို့ရည်၊ ထိုသည်မိမ္မ၊ က္ကထိယ၊ ရာဇပုတ္တာ၊ နို့ကောင်းရာမှာ၊ ရွီးကာမသွင်း။ နို့အုန်းသီးလျှင်၊ နို့လာပြင်းလျှက်၊ သူငယ်စို့ကေ၊ ခံတွင်းမကန်၊ မှောက်ကာလန်၊ နို့အံတတ်တေ။ ထိုသည်မိမ္မ၊ က္ကထိယ၊ ရာဇပုတ္တာ၊ နို့ကောင်းရာမှာ၊ ရွီးကာမသွင်း။ နို့ဖရုံလျှင်၊ သူငယ်စို့လျှက်၊ တအောင့်လောက်မှ၊ တပေါက်ရလို့၊ မဝခင်ပင်၊ သူငယ်ရို့မှာ၊ ပျင်းစိတ်ဝင်လို့၊ မစို့ချင်၊ ထိုသည်မိမ္မ၊ က္ကထိယ၊ ရာဇပုတ္တာ၊ နို့ကောင်းရာမှာ၊ ရွီးကာမသွင်း။ မမဲမဖြူ၊ မဆူမကြုံ၊ နို့အုံညီညွတ်၊ စနီနံ၊ ရှီရင်ဖတ်မှာ၊ သားမြတ်မကျ၊ ဘေးတဖက်က၊ တနာရီမှာ၊ လေးယောက်ထလို့၊ မင်းသားညီမောင်၊ လှသားမောင်၊ ဘုန်းခေါင်နန်းလယ်၊ မြဇယိုင်မှာ၊ တင်ကာလွှဲကေ၊ မွီးစားရေလေ။

တညဉ့်သားနန့်၊ တရက်သားမတူ၊ ပန်းတံမောင်မှာ၊ ကြီးတော့မူ။ တရက်သားနန့်၊ တလသားမတူ၊ ပန်းတံမောင်မှာ၊ လှတော့မူ။ ခုနှစ်နှစ်သား၊ ရွယ်ရောက်သောခါ၊ တရပိုဒ်တဆူ၊ ကံ့ကူတခဲ၊ ဒေါ်လွန်းကြင်၊ နို့သျှင်မိနန့်၊ နို့သျှင်ဖမှာ၊ ဆွမ်းတပွဲနန့်၊ ကျောင်းခြီတထောင်၊ ပိုင်ရေဘုန်းကြီး၊ မြတ်လေးလွမ်းကြင်၊ ကူတော်တိုက်မှာ၊ ရှီကျောင်းသျှင်၊ အသျှင်ဘုန်းကြီး၊ သံစည်ကြောင်၊ ညောင်ညောင်တီး။ ဘုန်းကြီးမြတ်မွန်၊ နာမည်ကောင်းကေ၊ ဝိဟာစံ။ ဆရာတော်၊ သျှင်ဖော်ကျောင်းမှာ၊ သားရင်သွီးကို၊ လက်ထက်အပ်တေ။ ကကြီးခငယ်၊ အရင်းသွယ်၊ သုံးဆယ်သုံးလုံး၊ သုံးသင်ပုန်း၊ တလုံးမကျန်၊ ဆရာတော်၊ သျှင်ဖော်ကျောင်းမှာ၊ ရွီးကာပြန်။ ရှီကျောင်းသခင်၊ အသျှင်တစ၊ ပန်းတံမင်းသား၊ တပည့်မောင်ကို၊ စာလုံးပြ။ ပန်းဇင်းပျို၊ မောင်တိုတစ၊ ပန်းတံမင်းသား၊ လူလှမောင်ကို၊ စာကြောင်းပြ။ ပန်းတံမင်းသား၊ မောင်တာလွှတ်လွှတ်၊ ရှီကျောင်းသခင်၊ အသျှင်ဘားမှာ၊ စာမဖတ်။ ရှီကျောင်းသခင်၊ အသျှင်မာန်ပေါက်၊ နဖူးစမှာ၊ ရှီရောင်တောက်။ စာကြိုးနန့်နှောင်၊ စာပေါင်နန့်သတ်၊

ပန်းတံမောင်ကို၊ ကျောင်းလက်ခင်းမှာ၊ လူးပျာသတ်တေ။ မျက်ခမ်းထဲမှာ၊ မျက်ရည်ဖျင်ဖျင်၊ စာလုံးကိုပင်၊ ကြည့်မမြင်။ တဆယ့်ငါးနှစ်၊ ပန်းတံမင်းသား၊ လူလှမောင်၊ ဆရာတော်၊ သျှင်ဖော်ကျောင်းမှာ၊ လူသျှင်ဖြစ်တေ။

ကိုးလကပင်၊ သံတွဲသူကို၊ ကိုယ်ဝန်ကြင်။ ကျွန်မပြည့်ကူ၊ ကိုယ်ယူကိုယ်မ၊ သနားစဖွယ်၊ သျှင်မဝမ်းကို၊ စမ်းကြည့်ရေခါ၊ ယောကျ်ားမဖြစ်၊ ချစ်သျှင်မမှာ၊ မိမ္မဖြစ်မည်။ မိမ္မဖြစ်လဲ၊ အရှင်မမွီး၊ ချစ်သျှင်မမှာ၊ အသီမွီးဖို့၊ ဇောင်လဲအလို၊ ပြည့်ကျွန်မမှာ၊ ဇမ်းတိုက်ဆို။ ဇောင်စကားကို၊ ကြားရေနိုက၊ ရခိုင်မင်းပင်၊ အသျှင်တရီး၊ နန်းတောင်ယာမှာ၊ ကြောင်းကြကြီး။ ငါ့မှာဟိငြား၊ ရွှီကလောင်ကိုင်၊ ဇကိုင်ကြီး၊ မတ်ကြီးမနီ၊ ငါအနားတွင်၊ ဂုရောက်စီ။ ငွေကလောင်ကိုင်၊ ဇကိုင်ကြီး၊ မှူးကြီးမနီ၊ ငါအနားတွင်၊ ဂုရောက်စီ။ ရွှီကလောင်ကိုင်၊ ဇကိုင်ကြီး၊ မတ်ကြီးလေးသွယ်၊ နန်းတောင်ညာမှာ၊ ရောက်လာရေ။ ငွေကလောင်ကိုင်၊ ဇကိုင်ကြီး၊ မှူးကြီးလေးသွယ်၊ နန်းတောင်ညာမှာ၊ ရောက်လာရေ။ ရွှီကလောင်ကိုင်၊ ဇကိုင်ကြီး၊ မတ်ကြီးမနီ၊ ကံ့ကူသည်နန့်၊ ဝလံသည်ကို၊ ရခိုင်မြို့မှာ၊ ဂုရှာခီ။ ငွေကလောင်ကိုင်၊ ဇကိုင်ကြီး၊ မှူးကြီးမနီ၊ ကံ့ကူသည်နန့်၊ ဝလံသည်ကို၊ ရခိုင်မြို့မှာ၊ ဂုရှာခီ။ ကံ့ကူသည်နန့်၊ ဝလံသည်၊ မောင်ဖွားလေးသွယ်၊ နန်းတောင်ညာမှာ၊ ရောက်လာရေ။ တချက်နှစ်ချက်၊ ပျိုင်သင်ပုန်းကို၊ ခေါက်၍တွက်သော်၊ ချစ်သျှင်မမှာ၊ ယောကျ်ားမဖြစ်၊ မိမ္မဖြစ်မည်။ မိမ္မဖြစ်လည်း၊ အရှင်မမွီး၊ ချစ်သျှင်မမှာ၊ အသီရာမွီးမည်။ ဇောင်လဲလေ၊ ဇောင်လဲအလို၊ ကံ့ကူသည်နန့် ဝလံသည်မှာ၊ တွက်တိုင်းဆိုရေ။

ကိုးလကပင်၊ ဆယ်လစိမြောက်၊ သမီးတော်ကို၊ ဖွားလာရေခါ၊ သမီးတော်ကို၊ အရှင်မမွီး၊ နန်းတောင်ညာမှာ၊ အသီရာမွီးရေ။ ဇောင်စကားကို၊ ကြားရေနိုက၊ နဖူးကိုခတ်၊ ရင်ကိုသတ်၊ ရပ်ပတ်ကြိုကြို၊ နို့သျှင်မိနန့်၊ နို့သျှင်ဖမှာ၊ လျူးလို့ငိုခါ၊ အထက်ဒေဝါ၊ အသျှင်သိကြား၊ ခင်းထားကမ္ဘလာ၊ နီရာသင်းဖုန်း၊ တင့်ကြော့လုံးစုံ၊ သိကြားဖုံမှာ၊ မနီနိုင်ဘဲ၊ နတ်မျက်စိတထောင်၊ အဟန်ဆောင်၊ နတ်ပြည်ယာဉ်ကို၊ ကြည့်လိုက်မူကား၊ မည်သည်မှုပင်၊ မမြင်ကျင်။ လူ့မျက်တထောင်၊ အဟန်ဆောင်၊ ကြည့်လိုက်မူကား၊ ရခိုင်ဘုရင်၊ အသျှင်တရီး၊ သမီးကညာနန့်၊ ကြောင့်ကြကြီး။ ငါတာခုဝေ၊ ရခိုင်မင်းကို၊ မခီမည်။ ရွှီကြိုးခုနှစ်ပင်၊ သျှင်သိကြားမှာ၊ စလွယ်တင်၊ လက်မှာပြောင်းဝင်း၊ ခရုသင်း၊ သိကြားမနီ၊ သံတွဲသူကို၊ သိကြားရီစင်၊ ဖြန်းလီရေခါ၊ အသက်ကေဝင်ပြီး၊ ဝွါးဝွါးဝွါးလို့ ငိုလီရေ။

အသက်ကေဝင်ပြီး၊ ရခိုင်မင်းပင်၊ အသျှင်တရီး၊ နို့ကောင်းသူကို၊ ကောင်းရာရွီးလို့၊ သားကောင်းသားဖြူ၊ နို့ကောင်းသူကို၊ ကောက်ယူစို့ငြား၊ အသားဖြူကေ၊ မိမ္မနို့သယ်၊ ပူသယ်နို့ရည်၊ ထိုသည်မိမ္မ၊ ဣထိယ၊ ရာဇပုတ္တာ၊ နို့ကောင်းရာမှာ၊ ရွီးကာမသွင်း။ နို့အုန်းသီးလျှင်၊ နို့လာပြင်းလျှက်၊ သူငယ်စို့ကေ၊ ခံတွင်းမကန်၊ မှောက်ကာလန်၊ နို့အံတတ်တေ။ ထိုသည်မိမ္မ၊ ဣထိယ၊ ရာဇပုတ္တာ၊ နို့ကောင်းရာမှာ၊ ရွီးကာမသွင်း။ နို့ဖရုံလျှင်၊ သူငယ်စို့လျှက်၊ တအောင့်လောက်မှ၊ တပေါက်ရလို့၊ မဝခင်ပင်၊ သူငယ်ရို့မှာ၊ ပျင်းစိတ်ဝင်လို့၊ မစို့ချင်။ ထိုသည်မိမ္မ၊ ဣထိယ၊ ရာဇပုတ္တာ၊ နို့ကောင်းရာမှာ၊ ရွီးကာမသွင်း။ မမဲမဖြူ

မဆူမကြုံ၊ နို့အုံညီညွတ်၊ စနီနံ၊ ရွှီရင်ဖတ်မှာ၊ သားမြတ်မကျ၊ ဘေးတဖက်က၊ တနာရီမှာ၊ လေးယောက်ထလို့၊ သံတွဲသူ၊ ဖြူမယ်လှကို၊ မြဇယိုင်မှာ၊ တင်ကာထားကော၊ မွီးစားရေလေ။

ခုနှစ်နှစ်သမီး၊ အရွယ်ရောက်သောအခါ၊ ဆံထုံးထုံးတတ်၊ ပန်းပန်တတ်၊ ရပ်တတ်ကပင်၊ သံတွဲကို၊ ယိုင်ခတ်သင်။ ဦးစံတင်၊ အယင်မွီးကော၊ မယ်ကြီးတစ၊ သံတွဲသူကို၊ ယိုင်ကြောင်းပြ။ လွမ်းလို့ကြင်၊ နို့သျှင်တစ၊ သံတွဲသူ၊ ချစ်သမီးကို၊ ရွှမ်းကြောင်းပြ။ သံတွဲသူ၊ ချစ်ဖြူလွှတ်လွှတ်၊ မြယိုင်စင်မှာ၊ မခတ်တတ်။ လွမ်းလို့ကြင်၊ နို့သျှင်မာန်ပေါက်၊ နဖူးစမှာ၊ ရွှီရောင်တောက်။ ယိုင်ကြိုးနန့်နှောင်၊ ယိုင်ပေါင်နန့်သတ်၊ သံတွဲသူကို၊ မြယိုင်စင်မှာ၊ ကြင်းပျာသတ်ခါ၊ မျက်ခမ်းထဲမှာ၊ မျက်ရည်ဖျင်ဖျင်၊ သံတွဲသူမှာ၊ ခြည်လုံးကိုပင်၊ ကြည့်မမြင်။ တဆယ့်ငါးနှစ်၊ သံတွဲသူမှာ၊ မိခင်အိမ်နန့်၊ ဖခင်အိမ်မှာ၊ လူသျှင်ဖြစ်တေ။ တလင်္ဂနီ၊ စနီရန်ဖက်၊ သံတွဲသူနန့်၊ ပန်းတံမောင်မှာ၊ တဂြက်ဂြက်။ ရက်ကမသင့်၊ အရီးကေအသျှင်၊ အခင်ပင် မသနား၊ သံတွဲသူနန့်၊ ပန်းတံမောင်ကို၊ သံတွဲမြို့နန့်၊ ရခိုင်မြို့မှာ၊ ခွဲလို့ထားရေ။ တဆယ့်ငါးနှစ်၊ အရွယ်ရောက်ခါ၊ သံတွဲသူမှာ၊ လူသျှင်ဖြစ်တေ။ တဖက်ကေတချက်၊ သံတွဲသူမှာ၊ မြယိုင်စင်မှာ၊ နွဲ့ပျာရက်တေ။ အဖြူရွှန်းကို၊ နှိပ်ပျာထိုးလို့၊ ချောင်းမှာနီရေ၊ ပုဇွန်စိတ်ကော၊ ငါးချေမကြွင်း၊ မယ်လက်ရာမှာ။ ပေါ်ပျာလတ်ကော၊ ဆင်မျက်ကွင်း။ အနီရွှန်းကို၊ နှိပ်ပျာထိုးလို့၊ တောမှာနီရေ၊ ပုရွက်စိတ်ကော၊ နံ့ချေမကြွင်း၊ မယ်လက်ရာမှာ၊ ပေါ်ဗျာလတ်ကော၊ အံကိုးကွင်း။ တဖက်တချက်၊ သံတွဲသူမှာ၊ မြယိုင်စင်မှာ၊ နွဲ့ပျာရက်ခါ၊ ညှိုးညှိုးငယ်ငယ်၊ သံတွဲသူမှာ၊ အိမ်သာယာကို၊ တက်ခရေ။ မိနံဘားနန့်၊ ဖနံဘားမှာ၊ ထိုင်လာရေ။

လက်ခြီဆယ်ချောင်း၊ စုံစွာပေါင်း၊ လက်ကောက်ရုံ့တုံ၊ ကြာမုံအဆင်၊ လက်ဆယ်ချောင်းကို၊ ဦးထိပ်တင်။ ကိုယ်ပင်ပင်၊ ကိုယ်ပင်ရိုကျိုး၊ မိနန့်ဖကို၊ ရှိမိုးခိုးရေ။ မြင်းမိုရ်ကြီးခြင်း၊ ငါ့ကိုကြင်ကော၊ မွီးဖရင်း။ ဖခင်ပဒေ၊ ပီးလိုက်လီ။ မြင်းမိုရ်ကြီးခြင်း၊ ငါ့ကိုကြင်ကော၊ မွီးမိရင်း။ မိခင်ပဒေ၊ ပီးလိုက်လေ။ အချေကပင်၊ တခါရုံထူး၊ ရွှီစလောင်းနန့်၊ ဆွမ်းကောင်းမယ်ထွီး၊ ပန်းဇင်းပျိုကို၊ မလောင်းဖူး။ ရင်ဝလေးတောင်၊ ဇောက်သျှစ်တောင်၊ ရောင်တော်ညီးညီး၊ ဂူတော်တိုက်မှာ၊ ဘုရားကြီး။ တခါရုံပင်၊ မြတ်သျှင်ပင်ကို၊ မဖူးဖူး။ မယ်ဒါဒါ၊ မယ်ဒါခုဝယ်၊ နို့သျှင်မိနန့်၊ နို့သျှင်ဖယောင်၊ ကူတော်တိုက်မှာ၊ ရွှီကျောင်းသခင်၊ အသျှင်မြတ်ကို၊ ရွှီစလောင်းနန့်၊ ဆွမ်းကောင်းမယ်ထွီး၊ လောင်းခီမည်။ ငွေစလောင်းနန့်၊ ဆွမ်းကောင်းမယ်ထွီး၊ လောင်းခီမည်။ ရင်ဝလေးတောင်၊ ဇောက်သျှစ်တောင်၊ ရောင်တော်ညီးညီး၊ ကူတော်တိုက်မှာ၊ ဘုရားကြီး။ ဒေါ်လဲလေ၊ ဒေါ်လဲခုဝယ်၊ မြတ်သျှင်ပင်ကို၊ ဖူးခီမည်။ ဖခင်ပဒေ၊ ပီးလိုက်လီ။ မိခင်ပဒေ၊ ပီးလိုက်လီ။ ပဒေတောင်းလီရေ။

လားကားလားခီ၊ ချစ်သမီးလေ၊ တံဆီးတပေါက်၊ ယင်မသောက်ခင်၊ မိခင်ထံနန့်၊ ဖခင်ထံမှာ၊ ဂုရောက်စီ။ ဇောင်ပိုင်ပိုင်၊ ဇောင်ပိုင်လည်းဆို၊ သံတွဲသူ၊ ချစ်သူဆွမ်းပန်း၊ ချက်လတ်တေ။ ဆွမ်းပန်းချက်ပြီး၊ မြသပိတ်မှာ၊ ခူးပျာထည့်ခါ၊ လေးတောင်ကျော်၊ ငါးတောင်တိုက်ကို၊ ဝင်ခရေ။ တပင်တပင်၊ မယ့်ဆံပင်ကို၊ ဆီနန့်ပျင်၊ တပင်ထက်မှာ၊ နှစ်ပင်ပျံ့ပျူး၊ မယ့်ဆံပင်ကို၊ ပန်းဆီလူးရေ။ ဆင်စွယ်အဖီး၊ ဆိုင်သာယာမှာ၊ အဖဝယ်ကော၊ ငါးဆယ်ပီး။ မဖြီးစလို၊ မကိုင်စလောက်၊ ဝက်ခေါက်မျမျ၊ နဖူးပြင်မှာ၊ တင်ပျာထားကော၊

မိမျက်တွက်။ မိမ္ဗဆံထုံး၊ ကျောက်သားလုံး၊ ရွှန်းလုံးဆံကျင်၊ စမ်းမမြင်။ သီသီသပ်သပ်၊ သံတွဲသူ၊ မယ်ထွီးဂေါင်းမှာ၊ မြဆံထုံးကို၊ ထုံးပြန်လတ်ကော၊ ချောမွတ်မွတ်နန့်၊ ဥဒေါင်းကေအတောင်၊ ကျီးတောင်ဆံဆပ်၊ မယ်ရို့ဂေါင်းမှာ ပန်းမွှီးမွှီးနန့်။ နားမှာကြည့်လည်း၊ ကလုတ်ကယင်၊ စီရင်တဖက်၊ သံတွဲသူ၊ မယ်ထွီးနားမှာ၊ မြနားဘက်နန့်။ လက်မှာကြည့်လည်း၊ ဖောက်ဖီးပွင့်နွယ်လိမ်၊ ကျောက်မျက်စီ၊ မှန်စီတဖက်၊ ဘယ်ဖက်လက်နန့်။ ညာဖက်လက်မှာ၊ ပြောင်ပြောင်လက်တေ။ ကိုယ်မှာကြည့်လည်း၊ သရက်ကေအကျ၊ မယူပန်းခက်၊ ဥဒေါင်းကြိုးကြာ၊ ကိန္နရာ၊ ရုပ်ပုံများစွာ၊ မယ်ဘာဇူမှာ၊ ရုပ်ပုံချလို့၊ သံတွဲသူ၊ ချစ်သမီးမှာ၊ ဝတ်လတ်တေ။ ခါးမှာကြည့်လည်း၊ မှင်းကျိုးပွင့်ထပိန်၊ အခြီသုံးဆင့်၊ မှင်းကျိုးပွင့်ကို၊ ဝတ်လတ်တေ။ ဒွါဒရာ၊ မောက်ကာခါးကြိုး အဖျားစိုင်မှာ၊ ရွှီခြည်ထိုး။ ခါးကြိုးတရပတ်၊ ပန်းပုံချပ်။ မြဲပါစီချင်၊ ခယောက်ငင်။ ဒေါ်ပင်ပင်၊ ဒေါ်ပင်သီသပ်၊ ခါးကြိုးမွှီးကို၊ အောက်ကချပ်တေ။ သံတွဲသူ၊ ချစ်သမီးမှာ၊ ဝတ်လတ်တေ။

ဟော့ဟန်းမရယ်၊ သံတွဲသူ၊ ချစ်သူရယ်ကော၊ ခပြုံးရယ်။ တခါရယ်၊ ငါးဆယ်တန်ယင့်။ ကုလားမရမာ၊ လူတာတသီး၊ သံတွဲသူကို၊ သတင်းမီးရေ။ ကုလားမရမာ၊ မြင်သမျှလူ၊ သံတွဲသူ၊ မယ်ကိုမြင်ကော၊ နှလုံးပူ။ ညှိုးညှိုးငယ်ငယ်၊ သံတွဲသူကား၊ သံတွဲမြို့ကို၊ အိမ်သာယာက၊ ထွက်ခရေ။ အိမ်သာယာက၊ ဆင်းခရေ။ မချီချင်၊ ချီချင်ဖဝါး၊ ကမ်ဖာမြီမှာ၊ ကင်းနှယ်တွား။ တို့တီတီ၊ တို့တီတို့တွတ်၊ ကြက်တည်ကျင်လေ၊ မြီမှာယက်ယောင်။ အယွေ့ရောက်မ၊ ဘုရားဖူးဇောင်၊ မလားလား။ ရောက်မအယွေ့၊ ဘုရားဖူးဇောင်၊ လားကတ်မည်။ လာလဲလေ၊ လာလဲမယ်ယေ၊ ဂူတော်တိုက်ကို၊ လားကတ်မည်။ ရင်ဝလေးတောင်၊ ဇောက်သျှစ်တောင်၊ ရောင်တော်ညီးညီး၊ ဂူတော်တိုက်မှာ၊ မြတ်သျှင်ပင်လေ၊ ဘုရားကြီး။ လာလဲလေ၊ လာလဲမယ်ယေ၊ မြတ်သျှင်ပင်ကို၊ ဖူးကတ်မည်။ သံတွဲသူ၊ ချစ်သူမြူးပျော်၊ သံတွဲမြို့မှာ၊ ကျူးလို့ခေါ်ရေ။ ရှိကကြည့်လည်း၊ ရှိကဗိုလ်ကျိုင်၊ သံတွဲသူမှာ။ ရှိမနိုင်။ နောက်ကကြည့်လည်း၊ နောက်ကဗိုလ်ကျိုင်၊ သံတွဲသူမှာ၊ ရှိမနိုင်။ ဗိုလ်ကျိုင်ကျိုင်၊ ဗိုလ်ကျိုင်အကြား၊ မချီချင်၊ ချီချင်ဖဝါး၊ သံတွဲသူ၊ ချစ်သူဖဝါး၊ ကမ်ဖာမြီမှာ၊ ကင်းယောင်တွား။ တို့တီတီ၊ တို့တီတို့တွတ်၊ ကြက်တည်ကျင်လေ၊ မြီမှာယက်ယောင်။ ဗိုလ်ကျိုင်ကျိုင်၊ ဗိုလ်ကျိုင်အကြား၊ ဇကြိန်လမ်းကို၊ လျှောက်လှမ်းလားရေ။ လားတုံလားတုံ၊ လားငြားတုံ၊ လားစိုင်လားစိုင်၊ လားငြားစိုင်၊ လားစိုင်တုံမြောက်၊ ဂူတော်တိုက်မှာ၊ ဇီတေ့ရောက်တေ။

ပန်းတံမင်းသား၊ လူလှမောင်မှာ၊ ကျောင်းခြီတထောင်၊ ပိုင်ရေဘုန်းကြီး၊ မြတ်လေးလွမ်းကြင်၊ ဂူတော်တိုက်မှာ၊ ရွှီကျောင်းသျှင်၊ အသျှင်ဘုန်းကြီး၊ သံစည်ကြောင်၊ ညောင်ညောင်တီး။ ဘုန်းကြီးမြတ်မွန်၊ နာမည်ကောင်းကော၊ ဝိဟာစံ။ အသျှင်နောက်က၊ ပန်းတံမင်းသား၊ လူလှမောင်မှာ၊ ကိုယ်ကြပ်မကွာ၊ ပါလီရေ။ ကျောင်းတလင်းမှာ၊ ပန်းတံမင်းသား၊ လူလှမောင်၊ မောင်တာညှိုးငယ်၊ သူငယ်ချင်းနန့်၊ ဒိုးတလင်းမှာ၊ ဒိုးထိုးရေ။ ကျောင်းတလင်းမှာ၊ အံလူးရေ။ နှမမယ်၊ မယ်လေလာဆိုက်၊ မောင်လာခိုက်၊ မျက်ရစ်လုံးဆုံ၊ ကျောင်းတလင်းမှာ၊ ဇိတေ့ကြုံ။ မောင်ကိုကို၊ မောင်ကိုမြင်လို့၊ ကျီးကန်းရှိမှာ၊ ငှက်ဝါတကောင်၊ ကျသို့ယောင်။ ခပြီခပြုံး၊ သံတွဲသူမှာ၊ မြပဝါကို၊ သွားမှာဖုံး။ ခပြုံးရယ်သွင်၊ မောင်ကိုမြင်ကော၊ ရယ်မူဆင်။

အသူ့ရင်သွီး၊ ပါးတံရင်းမှာ၊ ညှင်းယင်ပြီးကော၊ မယ့်မောင်ကြီး။ မောင်တာဒါ၊ မောင်ဒါလွှတ်လွှတ်၊ မိစိုင်လာနန့်၊ ဖစိုင်လာကို၊ ပြောပြလတ်။ ပန်းတံမင်းသား၊ လူလှမောင်က၊ ဇောင်စကားကို၊ ကြားရေနိက၊ ခပြီခပြုံး၊ ပန်းတံမင်းသား၊ လူလှမောင်မှာ၊ ပုဝါချေကို၊ သွားမှာဖုံး။ ခပြုံးရယ်သွင်၊ သူ့ကိုမြင်ကော၊ ရယ်မူဆင်။ ငါတာတာ၊ ငါတာကိုယ်တိုင်၊ မိစိုင်လာနန့်၊ ဖစိုင်လာကို၊ မပြောနိုင်။ မိစိုင်လာနန့်၊ ဖစိုင်လာကို၊ သိချင်ကေလေ၊ သိချင်သို့သော်၊ ကျောင်းခြီတထောင်၊ ပိုင်ရေဘုန်းကြီး၊ မြတ်လေးလွမ်းကြင်၊ ဂူတော်တိုက်မှာ၊ ရှီကျောင်းသျှင်။ အသျှင်ဘုန်းကြီး၊ သံစည်ကြောင်၊ ညောင်ညောင်တီး။ ဘုန်းကြီးမြတ်မွန်၊ နာမည်ကောင်းကော၊ ဝိဟာစံ။ မိစိုင်လာနန့်၊ ဖစိုင်လာကို၊ သိချင်ကေလေ၊ ရှီကျောင်းသခင်၊ အသျှင်မြတ်ကို၊ မီးကြည့်လီ။ ငါတာတာ၊ ငါတာကိုယ်တိုင်၊ မိစိုင်လာနန့်၊ ဖစိုင်လာကို၊ မပြောနိုင်။

ရယ်ပြုံးရယ်ပြုံး၊ သံတွဲသူ၊ ငယ်မျောက်သားက၊ ကျောင်းသာယာကို၊ တက်ခရေ။ ရှီစလောင်းနန့်၊ အသျှင်မြတ်ကို၊ ဆွမ်းကောင်းမယ်ထွီး၊ လောင်းလီရေ။ ငွေစလောင်းနန့်၊ ဆွမ်းကောင်းမယ်ထွီး၊ ပန်းဇင်းပျိုကို၊ လောင်းလီရေ။ ရှီစလောင်းနန့်၊ ဆွမ်းကောင်းလောင်းပြီး၊ ရင်ဝလေးတောင်၊ ဇောက်သျှစ်တောင်၊ ရောင်တော်ညီးညီး၊ ဂူတော်တိုက်မှာ၊ ဘုရားကြီး။ ပန်းမကောင်းလည်း၊ ပန်းကောင်မယ်မှာ၊ တင်လတ်တေ။ ဆုမကောင်းလည်း၊ ဆုကောင်းမယ်မှာ၊ တောင်းလတ်တေ။ ဆုကောင်းတောင်းပြီး၊ ပန်းတင်ပြီးခါ၊ နီလဲခညို၊ ညချမ်းနီမှာ၊ တောင်ရိပ်ခို၊ ငြိုးညိုအိပ်ဆိုက်၊ ကူတော်တိုက်မှာ၊ ညလည်းမိုက်။ မယ်ထွီးလားချိန်၊ ညချမ်းနီမှာ၊ ပိုးပွင့်ချိန်။ လားချိန်တန်၊ လားစိုင်မယ်ရို့၊ လွမ်းလို့ကြင်၊ နို့သျှင်မိနန့်၊ နို့သျှင်ဖက၊ ဒေါ်လာပျာလို့၊ တန်းကိုလက်ကိုင်၊ တိုင်ကိုလက်ဆွဲ၊ နွဲ့ကောင်းသာဖွယ်၊ သံတွဲမြို့က၊ မျှော်ယင့်မည်။

လက်ခြီဆယ်ချောင်း၊ သံတွဲသူမှာ၊ ဆုံစွာပေါင်း၊ လက်ကောက်ရုံ့တုံ၊ ကြာမုံအဆင်၊ ဆယ်ချောင်းလက်ကို၊ ဦးထိပ်တင်။ ကိုယ်ပင်ပင်၊ ကိုယ်ပင်ရိုကျိုး၊ ရှီကျောင်းသခင်၊ အသျှင်မြတ်ကို၊ ရှိမိုးခိုး။ ရှီကျောင်းသခင်၊ အသျှင်လွှတ်လွှတ်၊ မိစိုင်လာနန့်၊ ဖစိုင်လာကို၊ ပြောပြလတ်။ ရှီကျောင်းသခင်၊ အသျှင်ခုဝေ၊ မိစိုင်လာနန့်၊ ဖစိုင်လာကို၊ ပြောပြရေ။ အရှိမဏ္ဍိုင်၊ ကိုးမြို့ပိုင်၊ ရခိုင်ခိုင်၊ ရခိုင်မြို့စား၊ နန်းတောင်ညာမှာ၊ စံကာဖွားကော၊ ဘုရင်သား။ ဆံထုံးကွင်းချွတ်၊ နဘီဝတ်၊ ချောမွတ်ရှီရောင်။ ရခိုင်ကျွန်းမှာ၊ ပန်းတံမောင်ချင့်၊ နင့်မျောက်သားချင့်၊ နင်မသိလား။ ဇောင်စကားကို၊ ကြားရေနိက၊ သံတွဲသူ၊ မယ်တာ အားပါးရလီရေ။

နှမမယ်၊ မယ်လေလာခိုက်၊ မောင်လာဆိုက်။ မျက်ရစ်လုံးဆုံ၊ ကျောင်းတလင်းမှာ၊ ဇီတွေ့ကြုံခါ၊ ပန်းတံမင်းသား၊ လူလှမောင်၊ ကျောင်းတလင်းမှာ၊ ဒိုးထိုးရေ။ ကျောင်းတလင်းမှာ၊ အံလျှုံးရေ။ သံတွဲသူမှာ၊ မောင်ကိုယ်ကို၊ မောင်ကိုမြင်လို့၊ ကပြီကပြုံး၊ မြပုဝါကို၊ သွားမှာဖုံး။ ကပြုံးရယ်သွင်၊ မောင်ကိုမြင်ကော၊ ရယ်မှုဆင်။ အရှိမဏ္ဍိုင်၊ ကိုးမြို့ပိုင်၊ ရခိုင်ခိုင်၊ ရခိုင်မြို့စား၊ နန်းတောင်ညာမှာ၊ စံကာဖွားကော၊ ဘုရင့်သား။ ဆံထုံးကွင်းချွတ်၊ နဘီဝတ်၊ ချောမွတ်ရှီရောင်၊ ရခိုင်ကျွန်းမှာ၊ မျောက်သားမောင်၊ မယားလျှာ၊ သားလျှာမောင့်မှာ၊ ဟိရေလား။ မယားလျှာ၊ သားလျှာစမ်းလည်း၊ သံတွဲမြို့မှာ၊ စမ်းခလေ့။ ဇောင်စကားကို၊ ကြားရေအခါ၊ ပန်းတံမင်းသား၊ လူလှမောင်မှာ၊

ကပြီကပြုံး၊ ပုဝါချေကို၊ သွားမှာဖုံး။ ကပြုံးရယ်သွင်၊ မယ်ကိုမြင်ကော၊ ရယ်မှုဆင်။ သံတွဲသူ၊ ငယ်မျောက်သားဝေ၊ ချစ်လိပ်ပြာစင်၊ မောင်စကားကို၊ ရှိနားတင်။ တလင်္ကာ၊ စနီရန်ဖက်၊ ဒေါ်နှင့်မောင်မှာ၊ တဂြက်ဂြက်။ ရက်ကမသင့်။ အရီးကေအသျှင်၊ အခင်ပင် မသနား၊ ဒေါ်နှင့်မောင်ကို၊ သံတွဲမြို့နှင့်၊ ရခိုင်မြို့မှာ၊ ခွဲလို့ထားရေ။ ဘဇောင်ကြံကော၊ ဝါးတလုံးမှာ၊ ကုန်းချင်းနံပြိုင်၊ အတူထိုင်၊ ရှိလိုင်ကိုဆွဲ၊ သံတွဲမြို့နှင့်၊ ရခိုင်မြို့မှာ၊ ပျော်ရမည်။ ပန်းတံမင်းသား၊ လူလှမောင်၊ မောင်တာစကား၊ ပြောလိုက်တေခါ၊ သံတွဲသူ၊ ငယ်မျောက်သားက၊ အမိမကြိုက်၊ ဟိလိပတ်စီ၊ အဖမကြိုက်၊ ဟိလိပတ်စီ၊ နှစ်ပါးကြိုက်သူ၊ သဘောတူကော၊ ယူလီဖို့ရာ။ လာရာလာလတ်၊ မောင်တယောက်ကို၊ လက်မလွှတ်။ ဇောင်ပိုင်ပိုင်၊ ဇောင်ပိုင်ခုဝေ၊ ဇောင်စကားကို၊ သံတွဲသူမှာ၊ ပြောလီရေ။ ယင်းပိုင်ဆိုပြီး၊ သံတွဲသူ၊ ငယ်မျောက်သားကား၊ သံတွဲမြို့ကို၊ ပြန်လီရေ။

အခြီဝင်းဝင်း၊ ကြက်မင်းလည်းတွန်၊ သံတွဲမြို့မှာ၊ မိုးလင်းပြန်ခါ၊ ပန်းတံမင်းသား၊ လူလှမောင်မှာ၊ သံတွဲသူ၊ ငယ်မျောက်သားထံ၊ လားလီရေ။ အသီးတိုတောင်း၊ ဗိုင်းဝင့်ရာနှင့်၊ ခြည်ဖြတ်ရာမှာ၊ သံခြည်ခေါင်း၊ နှစ်ပါးစံပါယ်၊ ဒေါ်နှင့်မောင်မှာ၊ ခြည်ခေါင်း မောင်နှင့်မှုတ်ကတ်တေ။ ခနဲစကား၊ ဘားဇီစကား၊ ပြောလီရေ။ ခုနှစ်ကယ်ရက်၊ သျှစ်ရက်စိလို့၊ ဥဒရာဇ်စံပါယ်၊ မြို့ပြည်ရပ်က၊ ဇရပ်ကျိုးနှင့်၊ သီကျိုးနာမည်၊ မြို့ပြည်ရပ်က၊ ပင့်ဆိုင်းရေ။ ခုနှစ်ကယ်ရက်၊ သျှစ်ရက်စိကော၊ ပန်းတံမင်းသား၊ လူလှမောင်မှာ၊ ရှိကျောင်းသခင်၊ အသျှင်နောက်က၊ ကိုယ်ကြပ်မကွာ၊ မြို့ပြည်ရပ်ကို၊ လားရမည်။ ဇောင်စကားကို၊ ပန်းတံမင်းသား၊ လူလှမောင်မှာ၊ သံတွဲသူ၊ ချစ်မျောက်သားကို၊ ပြောလီရေ။ သံတွဲသူ၊ ချစ်မျောက်သားဝေ၊ ဇရပ်ကျိုးနှင့်၊ သီကျိုးနာမည်၊ ဥဒရာဇ်စံပါယ်၊ မြို့ပြည်ရပ်က၊ ပင့်ဆိုင်းရေ။ ကျောက်ဂူဘုရား၊ ခုနှစ်ပါးလည်း၊ တည်လိမ့်မည်။ သဲဇာတီလည်း၊ တည်လိမ့်မည်။ အကောက်တထောင်၊ ဝဂ်ပါလည်း၊ တည်လိမ့်မည်။ ချောင်းကြီးလဟာ၊ မကူးသာ၊ ချောင်းငယ်ပျက်လက်၊ တန်းထားပျက်ကို၊ ဆင်လိမ့်မည်။ အတောင်သုံးဆယ်၊ တင်းခွန်ရှည်ကို၊ လွှင့်လိမ့်မည်။ မြို့ပြည်အရပ်က၊ ပင့်ထားရေ။ များများမကြာ၊ မြို့ပြည်အရပ်မှာ၊ သုံးနှစ်တာ၊ ငါတာခုဝယ်၊ ရှိကျောင်းသခင်၊ အသျှင်နောက်က၊ ကိုယ်ကြပ်မကွာ၊ မြို့ပြည်အရပ်ကို၊ လားရဖို့ယာ။ ဇောင်စကားကို၊ ကြားရေနိက၊ မယ်တာတရီး၊ သံတွဲသူမှာ၊ ကြောင်းကြကြီးရေ။ ဘဇောင်ကြံကော၊ မြို့ပြည်ရပ်ကို၊ လားနိုင်မည်။ လားပြန်ကေလည်း၊ မြို့မင်းသမီး၊ အထွီးလှစွာ၊ နာမည်ထားကော၊ ပန်းနီလာ။ အသက်သုံးဆယ်၊ အရွယ်တိုင်ပြီး၊ ပန်းနီလာကို၊ လင်မပီး။ သူ့လင်မြင်ကော၊ ဖျက်တတ်တေ။ သူ့သားမြင်ကော၊ ဖျက်တတ်တေ။ ဖျက်တေအစစ်၊ ပန်းနီလာမှာ၊ မြို့ပြည်စျီးမှာ၊ ကွမ်းမျက်ချစ်နှင့်၊ မောင်ကိုမြင်လီ၊ ကပြီကပြုံး၊ မြပဝါကို၊ သွားမှာဖုံး။ ကပြုံးရယ်သွင်၊ မောင်ကိုမြင်ကော၊ ရယ်မှုဆင်ဖို့။ ရယ်မှုလည်းဆင်၊ ယင်းခါမချို့၊ မြို့ပြည်ရပ်မှာ၊ ပန်းနီလာနှင့်၊ ပျော်လီဖို့။ သူ့ခါးကိုကိုင်၊ သူ့အပိုင်။ သူရီကိုသောက်၊ သူ့လက်အောက်။ အရာတဖန်၊ သံထန်ပြန်လို့၊ မယ်ထံပါးသို့၊ ရောက်ခဲဖို့။ ဇောင်ပိုင်လည်းဆို၊ သံတွဲသူမှာ၊ ငိုလည်းငို။ သံတွဲသူ၊ ချစ်မျောက်သားဝေ၊ တပြည်ပြည်၊ တပြည်ကားကွဲ၊ မောင်တယောက်ကို၊ မကြောင့်ကြကဲ့။ ထပိန်တိုတောင်း၊ ရိုင်းသူမမှာ၊ ဝါးနဒေါင်းနှင့်၊ စကားကိုထက်၊ ဘားဇီကိုပင်၊ ပန်းနီလာကို၊ မပြောချင်။ တဖွဲ့ကော၊ တဖွဲ့ကိုမျှ၊ သံတွဲသူ၊ ငယ်မျောက်သားဝေ၊ မကြောင့်ကြကဲ့။ များများမကြာ၊ မြို့ပြည်ရပ်မှာ၊ သုံးနှစ်တာ။ ဒန်းစိထိုက်ထံ၊ သံတွဲသူ၊ ငယ်မျောက်သားမှာ၊ ရှိဖျာထက်မှာ၊ ပျိုးထားပြန်။ ဒန်းစိလည်းပေါက်၊ သံတွဲမြို့မှာ၊

မောင်လည်းရောက်ဖို့။ ဇောင်ပင်တရီး၊ သံတွဲသူ၊ ချစ်မျောက်သားမှာ၊ မယုံသီး။ မဟုတ်ကေလှဲ၊ သံတွဲသူ၊ ချစ်မျောက်သားဝေ၊ နှစ်ပါးစံပါယ်၊ ဒေါ်နှင့်မောင်မှာ၊ သစ္စာခွင်ကို၊ တက်ကတ်မည်။ ဒါးရှည်လုံ့ရှည်၊ မညောင်းရှည်၊ ဒါးရှည်စုံမြောက်၊ ဒေါ်နှင့်မောင်၊ သစ္စာခွင်မှာ၊ မိုးကြိုးကျောက်နှင့်၊ ကျောက်ခုံးတိုင်၊ သံတိုင်အကြား၊ ဒေါ်နှင့်မောင်မှာ၊ သစ္စာထား၊ ကျောက်ခုံးတိုင်၊ သံတိုင်ကျိုးလည်း၊ ကျိုးလီပတ်စီ၊ မောင်ထွီးသစ္စာ၊ မြို့ပြည်ရပ်မှာ၊ ပန်းနီလာနှင့်၊ မယွင်းပါ။ ဇောင်ပိုင်ပိုင်၊ ဇောင်ပိုင်လည်းဆို၊ ဒေါ်နှင့်မောင်၊ သစ္စာမောင်နှင့်၊ ထားလီရေ။ ဒန်းစိထိုက်တန်၊ ရွှီကျေက်ဖျာမှာ၊ သံတွဲသူမှာ၊ ပျိုးထားပြန်။ ခုနှစ်ကေရက်၊ သျှစ်ရက်စိလို့၊ ရွှီကျောင်းသခင်၊ အသျှင်နောက်က၊ တောင်မွိခြင်းခြင်း၊ ပန်းတံမင်းသား၊ လူလှမောင်မှာ၊ ယပ်တစင်းနှင့်၊ သပိတ်အိုးလိုင်လွယ်၊ ရွှီကျောင်းသခင်၊ အသျှင်နောက်က၊ မြို့ပြည်အရပ်ကို၊ လိုက်ခရေ။ လားစိုင်လားစိုင်၊ လားငြားစိုင်၊ လားစိုင်တုံမြောက်၊ မြို့ပြည်ရပ်မှာ၊ ဇီတေ့ရောက်တေ။ မြို့ပြည်ရပ်မှာ၊ ဇီတေ့ရောက်ခါ၊ အကောက်တထောင်၊ ဝင်္ကပါ၊ သျှစ်သောင်းလေးထောင်၊ တည်လီရေ။ သဲဇာတီလည်း၊ တည်လီရေ။ ကျောက်ဂူဘုရား။ ခုနှစ်ပါးလည်း၊ တည်လီရေ။ ချောင်းကြီးလဟာ၊ မကူးသာ၊ ချောင်းငယ်ပျက်လက်၊ တန်းထားပျက်ကို၊ ဆင်လီရေ။ အတောင်သုံးဆယ်၊ တင်းခွန်ရှည်ကို၊ လွှင့်လီရေ။ များများမကြာ၊ ပန်းတံမင်းသား၊ ရွှီကျောင်းသခင်၊ အသျှင်နောက်က၊ မြို့ပြည်ရပ်မှာ၊ သုံးနှစ်ကြာရေ။ သုံးနှစ်ကြာခါ၊ မြို့မင်းသမီး၊ အထွီးလှစွာ၊ နာမည်ထားကေ၊ ပန်းနီလာ။ နှမမယ်၊ မယ်လေလာခိုက်၊ မောင်လာဆိုက်၊ မျက်ရစ်လုံးဆုံ၊ ပန်းနီလာနှင့်၊ ပန်းတံမင်းသား၊ လူလှမောင်မှာ၊ မြို့ပြည်စျီးမှာ၊ ဇီတေ့ကြုံ။ မောင်ကိုယ်ကို၊ မောင်ကိုမြင်လို့၊ ကပြီကပြုံး၊ မြပဝါကို၊ သွားမှာဖုံး၊ ကပြုံးရယ်သွင်၊ မောင်ကိုမြင်၊ ပန်းနီလာမှာ၊ ရယ်မူဆင်။ ကျီးကန်းရွှီမှာ၊ တုတ်ကျာတကောင်၊ ကျသို့ယောင်၊ အသူ့ရင်သွီး၊ ပါးတံရင်းမှာ၊ ညှင်းယင်ပြီးကေ၊ အသူ့သွီးလဲ။ မောင်တာဒါ၊ မောင်တာလွတ်လွတ်၊ မယ်ကိုချစ်ကေ၊ မိစိုင်လာနှင့်၊ ဖစိုင်လာကို၊ ပြောပြလတ်။ ဇောင်ပိုင်ပိုင်၊ ဇောင်ပိုင်လည်းဆို၊ ပန်းနီလာမှာ၊ မီးလီရေ။ ဇောင်စကားကို၊ ကြားရေခါက၊ ပန်းတံမင်းသား၊ လူလှမောင်မှာ၊ ကပြီကပြုံး၊ မြပဝါကို၊ သွားမှာဖုံး။ ကပြုံးရယ်သွင်၊ မယ်ကိုမြင်ကေ၊ ရယ်မူဆင်။ ငါပင်ကိုယ်တိုင်၊ မိစိုင်လာနှင့်၊ ဖစိုင်လာကို၊ မပြောနိုင်။ မိစိုင်လာနှင့်၊ ဖစိုင်လာကို၊ သိချင်ကေလည်း၊ ကျောင်းခြီတထောင်၊ ပိုင်ရေဘုန်းကြီး၊ မြတ်လေးလွန်းကြင်၊ ဂူတော်တိုက်မှာ၊ ရွှီကျောင်းသျှင်၊ အသျှင်ဘုန်းကြီး၊ သံစည်ကြောင်၊ ညောင်ညောင်တီး။ ဘုန်းကြီးမြတ်မွန်၊ နာမည်ကောင်းကေ၊ ဝိဟာစံ။ ပန်းနီလာ၊ ချစ်သူမယ်ဝေ၊ ရွှီကျောင်းသခင်၊ အသျှင်မြတ်ကို၊ မိစိုင်လာနှင့်၊ ဖစိုင်လာကို၊ မီးကြည့်လီ။ ပန်းနီလာ၊ ချစ်သူမနီ၊ ရွှီကျောင်းသခင်၊ အသျှင်ထံကို၊ တက်ခရေ။ လက်ခြီဆယ်ချောင်း၊ ပန်းနီလာမှာ၊ ဆုံစွာပေါင်း။ လက်ကောက်ရုံ့တုံ၊ ကြာမုံအဆင်၊ ဆယ်ချောင်းလက်ကို၊ ဦးထိပ်တင်။ ကိုယ်ပင်ပင်၊ ကိုယ်ပင်ရိုကျိုး၊ ပန်းနီလာမှာ၊ အသျှင်မြတ်ကို၊ ရှိမိုးခိုးရေ။ ရွှီကျောင်းသခင်၊ အသျှင်လွတ်လွတ်၊ တပည့်မောင်၊ မိစိုင်လာနှင့်၊ ဖစိုင်လာကို၊ ပြောပြလတ်။ ရွှီကျောင်းသခင်၊ အသျှင်ခုဝေ၊ တပည့်မောင်၊ မိစိုင်လာနှင့်၊ ဖစိုင်လာကို၊ ပြောလီရေ။ အရှိမဏ္ဍိုင်၊ ကိုးမြို့ပိုင်၊ ရခိုင်ခိုင်၊ ရခိုင်မြို့စား၊ နန်းတောင်ညာမှာ၊ စံကာဖွားကေ၊ ဘုရင်သား။ ဆံထုံးကွင်းချွတ်၊ နဘီဝတ်၊ ချောမွတ်ရွှီရောင်၊ ရခိုင်မြို့မှာ၊ ပန်းတံမောင်ချင့်။ ဇောင်စကားကို၊ ကြားရေခါက၊ ပန်းနီလာကား၊ မောင်ဟိရာကို၊ လားလီရေ။ နဘေးဖြူ ချစ်သူမောင်ဝေ၊ မယားလျှာ၊ သားလျှာမောင့်မှာ၊ ဟိရေလား။ မယားလျှာ၊ သားလျှာစမ်းလည်း၊ မြို့ပြည်ရပ်မှာ၊ စမ်းခလေ့။ ဇောင်ပိုင်ပိုင်၊ ဇောင်ပိုင်စကား၊ ပန်းနီလာမှာ၊ ပြောလီရေ။

စကားကိုထား၊ ဘားဇီကိုပင်၊ ပန်းနီလာကို၊ မပြောချင်။ မပြောချင်လည်း၊ သူ့ဒါးကိုကိုင်၊ သူ့အပိုင်။ သူ့ရီကိုသောက်။ သူ့လက်အောက်။ မချစ်ကေလည်း၊ အောင့်ကာနမ်းရေ။ ဇောင်ပိုင်ပိုင်၊ ဇောင်ပိုင်ဆိုလည်း၊ ယခုတိုင်တိုင်၊ ပန်းနီလာ၊ ချစ်မျောက်သားဝေ။ မြို့ပြည်ရပ်မှာ၊ မနီနိုင်။ ငါတာခုဝယ်၊ ရခိုင်မြို့ကို၊ ပြန်ရမည်။ ရခိုင်မြို့ကို၊ ပြန်ပြန်ကေလဲ့၊ နောက်နောင်တခါ၊ မြို့ပြည်ရပ်ကို၊ ရောက်သောခါ၊ ပန်းနီလာ၊ ချစ်မျောက်သားကို၊ ထိမ်းမြားမည်ရာ။ ဇောင်စကားကို၊ ကြားရေခါ၊ ဇောင်ပိုင်တရီး၊ ပန်းနီလာမှာ၊ မယုံသီး။ ဥဒေါင်းတကောင်၊ အတောင်သတ်လို့၊ ငါရောက်ပြန်ကော၊ မြို့ပြည်ရပ်မှာ၊ တွန်လိမ့်မည်။ ဥဒေါင်းတကောင်၊ ထိုက်ထံပြီးကော၊ ပန်းနီလာကို၊ အပ်လီရေ။ ဇောင်ပိုင်ပိုင်၊ ဇောင်ပိုင်တရီး၊ ပန်းတံမင်းသား၊ လူလှမောင်မှာ၊ ရှိကျောင်းသခင်၊ အသျှင်မြတ်နှင့်၊ သုံးနှစ်စိကော၊ တောင်မွိခြင်းခြင်း၊ ယပ်တစင်းနှင့်၊ သပိတ်လိုင်လွယ်၊ ရခိုင်မြို့ကို၊ ပြန်ခရေ။

သုံးနှစ်စိလည်း၊ သံတွဲသူမှာ၊ တနိတခါ၊ တလတခေါက်၊ ဒန်းစိပေါက်ကို၊ ကြည့်လီရေ။ ဒန်းစိလည်းပေါက်၊ သံတွဲမြို့ကို၊ မောင်လည်းရောက်မည်။ အသူလာရေ၊ သံတွဲမြို့က၊ ခွီးဟောင်ရေ။ ပန်းတံမင်းသား၊ လူလှမောင်၊ မောင်တာလာရေ၊ သံတွဲမြို့မှာ၊ ခွီးဟောင်ရေ။ သံတွဲသူ၊ မယ်တာမျက်စိ၊ ပန်းတံမင်းသား၊ မျောက်သားမောင်ကို၊ မြင်ခီမိ။ ဇောင်ပိုင်ပိုင်၊ ဇောင်ပိုင်ဆိုလို့၊ နှစ်ပါးစံပါယ်၊ ဒေါ်နှင့်မောင်၊ သံတွဲမြို့နှင့်၊ ရခိုင်မြို့မှာ၊ ဝါးတလုံးမှာ၊ ကုန်းချင်းနံပြိုင်၊ အတူထိုင်၊ ရှိလိုင်ကိုဆွဲ၊ ဒေါ်နှင့်မောင်ရို့၊ ပျော်ရမည်။ ပန်းတံမင်းသား၊ လူလှမောင်ဝေ၊ မိသအိုနှင့်၊ ဖသအိုကို၊ ခေါ်ပြီးကေလေ့၊ သံတွဲသူ၊ ချစ်မျောက်သားကို၊ ဆိုခေလေ့။

(ပဒေ) = အခွင့်

(အဆက်ဟိပါသိမ့်သည်။)

မှတ်ချက်။ ။ ဗိုလ်မင်းထောင်မှရသော ဧခြင်းတမျိုးဖြစ်ပါသည်။ အစောပိုင်း ရခိုင်ဝတ္ထုအရှီးအသားဖြစ်ပါသည်။ ကိုဦးကျော်ခိုင် ရှာဖွေစုဆောင်းပီးပါသည်။

## ပန်းဆပ်သွားဧ

တီတလိလေ၊ တီတလိဝန်းကျင်၊ ဆပ်သွားသုံးပင်၊ မယ့်အိမ်ရှိမှာ၊ ပွင့်မုံဆင်။ တပင်ထက်လျှင်၊ တပင်မမြင့်၊ ပန်းဆပ်သွားမှာ၊ အဆင့်ဆင့်။ တပင်နှင့်ပင်၊ တပင်တိတိ၊ ပန်းဆပ်သွားမှာ၊ အရှိရှိ။ တတံမုံပတန်၊ နှစ်တံကြိုင်အီး၊ ပန်းဆပ်သွားမှာ၊ ရွာလုံးမွှီး။ နှစ်တံမုံပတန်၊ သုံးတံကြိုင်အီး၊ ပန်းဆပ်သွားမှာ၊ မြို့လုံးမွှီး။ သုံးတံမုံပတန်၊ လေးတံကြိုင်အီး၊ ပန်းဆပ်သွားမှာ၊ ပြည်လုံးမွှီး။

ပြည်ကြီးသခင်၊ ပြည်သျှင်မင်းမှာ၊ ကြားလတ်ပါသော်၊ ခွတ်ခီခွတ်ခီ၊ ပြည်သျှင်မင်းမှာ၊ အာဏာစီရေ၊ ဗောင်းဝန်ထီးထီး၊ လက်တော်ရွှီး၊ မောင်ကြီးခွတ်မည်၊ ပန်းဆပ်သွားကို၊ ခါးမြှင့်ရေ၊ မပွင့်ပါသိမ့်၊ ပန်းဆပ်သွားမှာ၊ မုံရေသိမ့်။

ပွင့်ရေတတာ၊ ပွင့်ရေစကား၊ ပြည်သျှင်မင်းမှာ၊ ကြားလတ်ပါသော်၊ ခွတ်ခီခီ၊ ပြည်သျှင်မင်းမှာ၊ အာဏာစီရေ၊ ဗောင်းဝန်ထီးထီး၊ လက်တော်ရွှီး၊ မောင်ကြီးခွတ်မည်၊ ပန်းဆပ်သွားကို၊ ခါးမြှင့်ရေ၊ အခက်ကိုကိုင်၊ အခိုင်ကိုညွတ်၊ ပန်းဆပ်သွားကို၊ ညှာရင်းဖြတ်တေ၊ တွတ်တွတ်လည်းမြည်၊ တိမ်ကိုခွဲလို့၊ ပျံခဒေရာ၊ ထက်အာကာမှာ၊ ပန်းတခဲလေ။

ထက်ခွင်တတာ၊ ထက်ခွင်လားလည်း၊ ဤသို့ မွှီးကြိုင်၊ ပန်းအနံ့ရာ၊ မပျောက်နိုင်လေ။ ထက်ခြောက်ဘုံကို၊ စိုးတုံပိုင်ခြင်း၊ သိကြားမင်း၏၊ ရင်တွင်းသမီး၊ မထွီးလှစွာ၊ ပန်းနီလာမှာ၊ ကမ္ဘလာနိုနှောင်း၊ ပန်းဆပ်သွားကို၊ ငိုလို့တောင်းရေ၊ တော်မ္ဘိတစင်း၊ ပန်းခရင်းနှင့်၊ သီတင်းသုံးဟန်၊ သိကြားမင်းလျှင်၊ သိမ်တော်ပြင်မှာ၊ ပန်းလှူခံရေ၊ မပီးမည်လော၊ ပီးမည်လော။ စီသားမြင်တိုင်း၊ မရှုန်လောဘ၊ ကြီးလွှန်းဒေရာ၊ ဆိုလိမ့်မည်သော်၊ ယင်းမှာတတန်၊ ပန်းဆပ်သွားကို၊ လှူခပြန်ရေ၊ နတ်များသာထု၊ ခေါ်လီဒေရာ၊ သိကြားပြည်မှာ၊ မယ်ကောင်းမှုလေ။

ယင်းကမနီ၊ အောက်ခွင်တဒါ၊ အောက်ခွင်လားလည်း၊ ထိုသို့ မွှီးကြိုင်၊ ပန်းအနံ့ရာ၊ မပျောက်နိုင်လေ။ အောက်ခြောက်ဘုံကို၊ စိုးတုံပိုင်ခြင်း၊ နဂါးမင်း၏၊ ရင်တွင်းသမီး၊ အထွီးလှစွာ၊ ပန်းနီလာမှာ၊ ကမ္ဘလာနိုနှောင်း၊ ပန်းဆပ်သွားကို၊ ငိုလို့တောင်းရေ၊ တော်မ္ဘိတစင်း၊ ပန်းခရင်းနှင့်၊ သီတင်းသုံးဟန်၊ နဂါးမင်းလျှင်၊ သိမ်တော်ပြင်မှာ၊ ပန်းလှူခံရေ၊ မပီးမည်လော၊ ပီးမည်လော။ စီသားမြင်တိုင်း၊ မရှုန်လောဘ၊ ကြီးလွှန်းဒေရာ၊ ဆိုလိမ့်မည်သော်၊ ယင်းမှာတတန်၊ ပန်းဆပ်သွားကို၊ လှူခပြန်ရေ၊ နတ်များသာထု၊ ခေါ်လီဒေရာ၊ နဂါးပြည်မှာ၊ မယ်ကောင်းမှုလေ။

ယင်းကမနီ၊ လူ့ပြည်တတာ၊ လူ့ပြည်လားလည်း၊ ဤသို့ မွှီးကြိုင်၊ ပန်းအနံ့ရာ၊ မပျောက်နိုင်လေ။ ငွေနှင့်တတာ၊ ငွေနှင့်ဖကေ၊ ပန်းဆပ်သွားကို၊ ရောင်းမည်လားလေ။ ငွေနှင့်တတာ၊ ငွေနှင့်ဖလည်း၊ ပန်းဆပ်သွားကို၊ မယ်မရောင်းလေ။ ကိုယ့်မှာစီကျွန်၊ ကိုယ်တော်ရုံ၊ တမန်စီချက်၊ အနောက်ပြည်မှာ၊ စီလိုက်တေရာ၊ လူသျှစ်သောင်းလေ။

မဟူတ်တမူ၊ ဟုတ်တမူ၊ ရွှေနှင့်တတာ၊ ရွှေနှင့်ဖကေ၊ ပန်းဆပ်သွားကို၊ ရောင်းမည်လားလေ။ ရွှေနှင့်တတာ၊ ရွှေနှင့်ဖလည်း၊ ပန်းဆပ်သွားကို၊ မယ်မရောင်းလေ။ ကိုယ့်မှာစီကျွန်၊ ကိုယ်တော်ရုံ၊ တမန်စီချက်၊ အရှိုပြည်မှာ၊ စီလိုက်တေရာ၊ လူကိုးသောင်းလေ။

မဟူတ်တမူ၊ ဟုတ်တမူ၊ ဆင်နှင့်တတာ၊ ဆင်နှင့်ဖကေ၊ ပန်းဆပ်သွားကို၊ ရောင်းမည်လားလေ။ ဆင်နှင့်တတာ၊ ဆင်နှင့်ဖလည်း၊ ပန်းဆပ်သွားကို၊ မယ်မရောင်းလေ။ ကိုယ့်မှာစီကျွန်၊ ကိုယ်တော်ရုံ၊ တမန်ဆင်ဖမ်း၊ ပိုးရှိကျွန်းမှာ၊ စီလိုက်တေရာ၊ လူကိုးသိန်းလေ။

မဟူတ်တမူ၊ ဟုတ်တမူ၊ မြင်းနှင့်တတာ၊ မြင်းနှင့်ဖကော၊ ပန်းဆပ်သွားကို၊ ရောင်းမည်လားလေ။ မြင်းနှင့်တတာ၊ မြင်းနှင့်ဖလည်း၊ ပန်းဆပ်သွားကို၊ မယ်မရောင်းလေ။ ကိုယ့်မှာစီကျွန်၊ ကိုယ်တော်ရှံ၊ တမန်မြင်းဖမ်း၊ ပဂိုးပြည်မှာ၊ စီလိုက်တေရာ၊ လူဆယ်သိန်းလေ။

ကျွန်သားတခါ၊ စစ်ကလာ၊ ငယ်လင်တခေါက်၊ စစ်ကရောက်ကော၊ တင်ပါစီမည်၊ ပန်းဆပ်သွားကို၊ မယ်မရောင်းလေ။ (ဟိန်း - စိုက် - စိုက် - ဟိန်း)

(ထရိပူရမှရသော ချေင်းတမျိုးဖြစ်ပါသည်။ ကိုယ်တော်ပညာစာရဆုဆောင်းသည်။)

# ဓညဝတီနိဂုံးရွာများသမိုင်းသာချင်း (အစ/အဆုံး)

မြောက်ဦးမြို့ ကျောက်ရစ်ကေဆရာ မောင်စံလှ စပ်ဆိုသည်။
ရခိုင်သက္ကရာဇ် (၁၁၁၆)၊ ခရစ်သက္ကရာဇ် (၁၇၅၄) ခုနှစ် ရှီးကူးပီမူ

## အခန်း (၁)

(၁) အောင်ကြောင်းမယေမင်္ဂလံ၊ အောင်ဆုပန်ကော၊ အောင်သံညောင်းညောင်း၊ အောင်ပါစီဟု၊ ညောင်ရီလောင်းလို့၊ ဆုတောင်းပဌနာ၊ အဖန်ဖန်လေ၊ မှန်ယှ္ခုလျှင်၊ ပြုပြီးခါဝယ်၊ မြတ်စွာဗုဒ္ဓ၊ အတုလံကော၊ သမ္ဗုဒ္ဓနှင့်၊ ဓမ္မသံဃာ၊ မြတ်ဆရာလေ၊ မာတာပီတ၊ ဂုဏ်ကဲလွန်ကော၊ အနန္တကို၊ ကာယဝဇီ၊ မနောချီကော၊ သုံးလီဒွါရ၊ ကံသုံးဖြာလေ၊ ပဏာမဖြင့်၊ ညွှတ်ခရိုကျိူး၊ လက်ဆယ်ဖြာကို၊ ထိပ်မှာမိုးလို့၊ ရှိခိုးဦးချ၊ ကြိမ်ဖန်ဖန်ဖြင့်၊ ကျွန်ယှ္ခုကော၊ ပြုပြီးမှလျှင်၊ သူရဿတီ၊ လှဆင်းညီကော၊ ဒေဝီရတနာ၊ ကျွန်ုပ်မှာတွင်၊ တည်ပါစီကြောင်း၊ အဓိဋ္ဌာန်နှင့်၊ ဆုမွန်တောင်းမှ၊ ရှိဟောင်းပီစာ၊ ကျမ်းအလာကို၊ ယူကာညှိနှိုင်း၊ မြို့ညောကို၊ ပတ်ခါဝိုင်းသည်၊ သမိုင်းစဉ်လာ၊ နိဂုဏ်းရွာကို၊ ပြရာအခဏ်း၊ နောက်တဖြာ၌၊ ထပ်ခါညွှန်းသော်၊ ရွှေနန်းတည်ရာ၊ မြို့ညောဝယ်၊ စန္ဒာသူရိယ၊ ဘုန်းတောက်ထိန်ကော၊ ရာဇိန္ဒနှင့်၊ ဗုဒ္ဓမြတ်စွာ၊ ဘဂဝါရို့၊ မဟာမုနိ၊ ခြောက်သွယ်ရောင်ဖြင့်၊ ပြောင်ပြောင်ညီး၍၊ သောင်းထီးကျော်လှန်း၊ မြတ်ဘုန်းမော်လေ၊ ကိုယ်တော်ရုပ်ကို၊ သွန်းလုပ်ခန်းနှင့်၊ မြို့နန်းဖြာဖြာ၊ တည်ထောင်ရာတွင်၊ ရှည်ကြာသက်တမ်း၊ အတန်တန်ကို၊ ကာရန်ဆန်းနှင့်၊ ညွှန်းကာခုဝယ်၊ နောက်နောင်လာကို၊ သိပါရအောင်၊ ပြလိုက်မည်လေး။

(၂) တောင်ကျွန်းမယေဒီပါ၊ မဟီချာမှာ၊ စီကာလှပ၊ မြရိပ်မြိုင်နှင့်၊ တောင်စဉ်ဝိုင်းကော၊ တိုင်းရက္ခတွင်၊ စန္ဒသုဓမ္မ၊ မည်တွင်ခေါ်၍၊ ဘွဲ့တော်ရကော၊ မင်းလှဘုန်းကြွယ်၊ နတ်မြို့ဟန်သို့၊ အလွန်ထူးကော၊ မြောက်ဦးပြည်တွင်၊ ဂုဏ်ရည်မညိုး၊ လက်ရုံးထောင်ကော၊ အခေါင်မိုးလို့၊ စိုးသည့်အခါ၊ များစည်းစိမ်နှင့်၊ ပြည့်ညီလတ်ကော၊ ဘောင်းဒွတ်ရွာက၊ သညာနာမ၊ ပန်းဖြူအောင်နှင့်၊ မောင်ထွန်းမြဟု၊ လှပတင့်တယ်၊ သက်နှစ်ဆယ်ကော၊ အရွယ်တူမြောက်၊ လုလင်ပျိုလေ၊ ထိုနှစ်ယောက်မှာ၊ ဘုန်းတောက်ပေါ်ထင်၊ မုနိသျှင်ကို၊ ဖူးမြင်လိုလှ၊ တိုင်ပင်ခံကော၊ အကြံမျှလို့၊ မိဘအထံ၊ လားချင်လိုသည်၊ ထိုအကြောင်းကို၊ ခွင့်တောင်းပန်၍၊ ယင်မြန်ဆွဆွ၊

ဝတ်စားယင်၍၊ ဆင်ပြီးမှလျှင်၊ မိုးထမ့်ရှိ၊ နှင်းဝိဝိနှင့်၊ စုံလီဖျူးဖျူး၊ တကျော်ကျော်နှင့်၊ ငှက်တော်ကျူးကော၊ ရက်ဦးမင်္လာ၊ ချိန်အခါတွင်၊ နှစ်ဖြာတူကွ၊ မိမာတာနှင့်၊ ပီတာဖကို၊ ဦးချပြီးသော်၊ ညေမည်ကော၊ မြို့ဒေသကို၊ မှန်းဆမျှော်လို့၊ ပျော်ပျော်ပါးပါး၊ ရွှေဇာ်ါလေ၊ မဂ္ဂါလမ်းကို၊ လှမ်းလို့လားသော်၊ များပြားလှစွာ၊ ကျေးလက်ရွာကို၊ လွန်ကာကျော်မြောက်၊ ရိပ်မြိုင်မြိုင်နှင့်၊ ဂနိုင်တန်းမှာ၊ စခန်းထောက်လို့၊ ရှိနောက်ဘယ်ညာ၊ ကြည့်သောခါတွင်၊ စီကာညွှတ်ပျောင်း၊ များစုံလင်ကော၊ သစ်ပင်ပေါင်းမှာ၊ ရွက်ဟောင်းလည်းကြွေ၊ ညွန့်ရိုးတံမှာ၊ ပတ်ရံစုကော၊ ရွက်နုဝီလို့၊ အနီအဝါ၊ ပန်းများစွာလည်း၊ မုံကာပွင့်ဖူး၊ သင်းပျံ့ကြိုင်ကော၊ ဂနိုင်ဦးမှာ၊ ပျော်မြူးဝဲပျံ၊ ကျီးငှက်သံဖြင့်၊ ညိုးညံချိုမြ၊ တောဂနိုင်လေ၊ မြိုင်အလှကို၊ ဝဝရှုကာ၊ တတောဝင်ကော၊ တပြင်သန်းလို့၊ လှမ်းလတ်ပါသော်၊ သာယာလှပ၊ ဇီးချောင်းရွာလေ၊ ရပ်ဂါမကို၊ ရောက်ကြတုံလျက်၊ မြပြိုင်ညောင်နှင့်၊ ကံဘောင်ထက်မှာ၊ တန့်လျှက်တူညီ၊ ထိုင်လို့နီကော၊ ထိုသည်အခါ၊ သာမောစည်၍၊ ပျော်ဘွယ်ကောင်းကော၊ ဇီးချောင်းရွာက၊ ကလျာရူပ၊ သိန်းကျော့ဝေနှင့်၊ မငွေလှရို့၊ ယင်ဆွမကြာ၊ ရီကန်သာကို၊ လှမ်းလာဆတ်ဆတ်၊ ညချမ်းနီမှာ၊ သောက်ရီခပ်၍၊ တက်လတ်ကာလ၊ ပန်းဖြူအောင်လေ၊ ပျိုမောင်ထွားမှာ၊ စကားစလို့၊ မြွက်ဟာခြင်းရာ၊ မောင်ရို့မှာကော၊ ပြည်ရွာညွှန့်ဖူး၊ ထီးနန်းဆောင်ဖြင့်၊ ထွန်းပြောင်တောက်ကော၊ မြို့မြောက်ဦးက၊ သုံးလူ့ထိပ်ပန်၊ ကိုယ်စားမွန်ကို၊ ဖူးရန်စိတ်ဟိ၊ ဒေရပ်ရွာကို ၊ ရောက်လာဘိလည်း၊ အသိမိတ်ဆွေ၊ မဟိပေကော၊ နှမအိမ်မှာ၊ တည့်ညဲ့တာကို၊ တည်းပါစီရန်၊ လှတင့်တယ်လေ၊ ပျိုမေနှောင်းကို၊ မောင်တောင်းပန်ဟု၊ ဆိုပြန်တုံငြား၊ သိန်းကျော့ဝေလေ၊ ပျိုမေကြားက၊ စကားသာယာ၊ မောင်လူပျိုကို၊ နှုတ်ချိုပျားနှင့်၊ ပြောကြားရာကား၊ မဟာမုနိ၊ မြတ်ဘုန်းမိုကို၊ ဖူးလိုဘိ၍၊ ခရီးထွက်ခါ၊ မေရို့ရွာသို့၊ ရောက်လာတုံရ၊ သိမိတ်ဆွေလေ၊ ကေတန္ဒီလျှင်၊ မဟိကြသော်၊ ချမ်းမြရိပ်ငြိမ်၊ မေရို့အိမ်မှာ၊ တည်းမှီဖို့ရာ၊ ယခုပင်လျှင်၊ မှန်စင်စစ်ကော၊ လိုက်လတ်ပါဟု၊ ခေါ်ကာသူထ၊ တူမကွာဘဲ၊ လိုက်လာကြသော်၊ မွီးဖမိခင်၊ ဝီးကပင်လျှင်၊ ရှုမြင်တုံငြား၊ သားပမာကော၊ မိတ္တာပွား၍၊ သနားတုံပြီး၊ ကြောင်းထိုထိုကို၊ သိလိုခြင်းနှင့်၊ သတင်းမီးလို့၊ သိပြီးတုံမြောက်၊ ရွယ်နုပျိုကော၊ ထိုနှစ်ယောက်အား၊ စားသောက်စရာ၊ ဟင်းမိစ္ဆာနှင့်၊ ညစာထမင်း၊ မေလျှင်နီကော၊ အိမ်အတွင်းမှာ၊ တည်ခင်းပြီးသော်၊ ရှိပြုပွဲလေ၊ ဥဒေစွန်းက၊ လဝန်းပေါ်ရေ။

(၃) လဝန်းပေါ်ကော၊ ထိုရော်ကာလ၊ သိန်းကျော့ဝေနှင့်၊ မငွေလှရို့၊ တူကွမကွာ၊ဆီးကွမ်းယာကို၊ လှမ်းကာပြီးမြောက်၊ မောင်လူပျိုလေ၊ ထိုနှစ်ယောက်မှာ၊ စားသောက်ပြီးကော၊ ကြောင်းများဖျင်ကို၊ သိချင်ရီးနှင့်၊ မီးလတ်တေကား၊ ရွှေပြည်အောင်နန်း၊ ကြငှန်းထူကော၊ ထီးဖြူရွှန်းလို့၊ မင်းခဏ်းတန်တန်၊ စည်တော်သံဖြင့်၊ ဆူညံဟိလတ်၊ ညေခေါ်ကော၊ မြို့တော်မြတ်ကို၊ ရံပတ်ဝိုင်းကာ၊ နိဂုဏ်းရွာ၏၊ သညာနာမ၊ တွင်ခေါ်ပုံလျှင်၊ ဟူသမျှကို၊ နှမကညာ၊ သိတုံပြန်သော်၊ မကျန်ရယောင်၊ ပြောပြပါဟု၊ ထိုခါကာလ၊ သိန်းကျော့ဝေကော၊ မေအလှက၊ မောင်လှတင့်တယ်၊ မေပြောဆိုကော၊ ထိုစကားကို၊ ထောင်နားတည်ပါ၊ ပြန့်ကျယ်စွာလှ၊ ကျွန်းဦးမြီမှာ၊ သပြီခလို့၊ ရောင်မြဝီဝီ၊ အောင်ခြင်းညံ၍၊ အောင်သံကျူးလို့၊ ဇမ္ဗူဒီမှာ၊ သညီဝေါဟာ၊ ထောပနာနှင့်၊ ဩဘာသောင်းသောင်း၊ သတင်းပေါ်၍၊ နင်းကျော်ဘိကော၊ သီရိချောင်းတွင်၊ မင်းကောင်းကြိမ်ဖန်၊ ဗဟိုညံ၍၊ စည်သံရိုက်ဟီး၊ ရွှေနန်းဆောင်ဖြင့်၊ ပြောင်ပြောင်ညီးကော၊ မြို့ကြီးညော၊ အောင်ချာချက်မှာ၊ ဒိသာနောက်ယွန်း၊ ကျီးငှက်သံဖြင့်၊ ညိုးညံညောင်းကော၊ ဇီးချောင်းကမ်းတွင်၊

ပထွန်းကျက်သရီ၊ လှဆန်းညီကော၊ အိမ်ခြံများစွာ၊ လီညင်းသွန်၍၊ ပျော်ရန်ကောင်းကော၊ ဇီးချောင်းရွာက၊ မကွာဝီးမြောက်၊ သံကျော်ကျော်ဖြင့်၊ တခေါ်လောက်တွင်၊ ရှိနောက်တည့်ခါ၊ သီရိမာ၏၊ ဒိသာနောက်ကမ်း၊ နတ်ရိုရွှာနှင့်၊ ပမာညွှန်းကော၊ ကြောင်းလမ်းဇဩ်၊ ဘယ်နှင့်ညာမှာ၊ သွယ်ကာစီတန်း၊ အဝေယာလေ၊ နော်ဇာပန်းကော၊ ဒန်းထပ်တရာ၊ ဇီသဝါရို၊ အခါမလပ်၊ ပွင့်ဟောင်းလွန်၍၊ ပုံဟန်ရင့်ကော၊ ပွင့်သစ်ထပ်လို့၊ ခိုင်ညွှတ်ဖြူဝါ၊ ပန်းနံ့ကြိုင်၍၊ ရိပ်မြိုင်ကောင်းကော၊ ပုန်းချောင်းရွာကို၊ မကြာထုတ်ချောက်၊ မောင်သက်ဝီမှာ၊ လှမ်းချိန်ရောက်က၊ တယောက်နားကာ၊ ထိုသည့်ရွာမှ၊ အရာတဖန်၊ နောက်ရပ်ထံသို့၊ ခေါ်သံတကြား၊ သိချင်လို၍၊ ရှိကိုလားသော်၊ ထူးခြားသာလွန်၊ ဥယျာဉ်ခြံနှင့်၊ သီးနှံမျိုးမျိုး၊ တူးဆွလှန်ကော၊ ပေါက်ထွန်တိုးလို့၊ စိုက်ပျိုးကြအင်၊ ပွင့်ဖူးဆင်၍၊ အောင်မြင်ဖြစ်ထွန်း၊ ကွင်းပြင်ကျယ်မှာ၊ မြထည့်ရွှန်းသို့၊ စိမ်းလမ်းစိုပြေ၊ ကျက်သရေနှင့်၊ တင့်ပေတုံလတ်၊ လုပ်တိုင်းအောင်ကော၊ ဒေါင်းဒေါင်ရပ်ကို၊ မချွတ်မသွေ၊ မပန်းခင်ပင်၊ မြင်ကာတွိကော၊ ရောက်လိမ့်မည်လေး။

(၄) ရောက်လတ်ပြန်ကော၊ ပျော်ရန်ကောင်းခြင်း၊ လောကခံမှာ၊ ပြိုင်စံကင်းအောင်၊ သန့်ယှင်းသာယာ၊ ဒေါင်းဒေါင်ရွာကို၊ လှည့်ကာပတ်ဝန်း၊ ကြည့်ပြီးကေလျှင်၊ ရှယ်လယ်လမ်းက၊ ဖြောင့်တန်းမှန်စွာ၊ တောင်ဒိသာသို့၊ လှမ်းလာပြန်က၊ ဥဿပကော၊ နွားလှနှစ်ထွန်၊ ခရီးစွန်တွင်၊ ဝင်းခြံပြိုင်းပြိုင်း၊ တဆိုင်းဆိုင်းနှင့်၊ တံတိုင်းပမာ၊ ရံဝိုင်းကာ၍၊ များစွာအိမ်ခြံ၊ ပြည်ဝှန်းစီကော၊ ဆံရီစပါး၊ ဝတ်အထည်ကော၊ ရွှေငွေများနှင့်၊ ကျော်ကြားလူ့ခွင်၊ လွန်စည်ပင်၍၊ လိုအင်ပြည့်ငြား၊ ကြီးငယ်ဟူကော၊ လူအများမှာ၊ ရိုးသားဖြောင့်မှန်၊ လုပ်အကြံကို၊ အားသွန်ကြိုးပန်း၊ လုံလသန်၍၊ ဖွဲ့မာန်ကြွကော၊ မယော့တန်းဖြင့်၊ လုပ်ငန်းဆောင်တာ၊ အရာရာတွင်၊ ညီညာစည်းလုံး၊ ကိုယ်ချင်းစာကော၊ သမ္မာထုံးကို၊ နှလုံးပိုက်ခါ၊ မကောင်းရာကို၊ ပယ်ခါစွန့်ထား၊ ကောင်းစီရန်လေ၊ ညွှန်စကားကို၊ နားထောင်နာယူ၊ တယောက်လူတွင်၊ အပူရောက်က၊ တရွာသူမှာ၊ ဝိုင်းကူကြလို့၊ ဖေးမကယ်တင်၊ လူတိုင်းပင်လျှင်၊ ကြည်လင်နှလုံး၊ ရှိအဟော်က၊ သူတော်ထုံးကြောင့်၊ ရွာလုံးစုံစွာ၊ ရတနာဖြင့်၊ ချမ်းသာကြွယ်ဝ၊ သာသနာမှာ၊ ရောင်ဝါပလို့၊ ဖက်မျှမမြင်၊ ဖော်သဟာရို့၊ ပျော်ရာကောင်းကော၊ အဒေါင်းပြင်ဟု၊ သောင်းခွင်ကျော်ညာ၊ ထိုသည်ရွာကို၊ ရောက်ပါလတ်သော်၊ ကုန်းထိပ်ပေါ်တွင်၊ ရောင်တော်ထိန်လျှပ်၊ မွေသရီလေ၊ စေတီမြတ်သို့၊ ချည်းကပ်ပြီးလျှင်၊ လက်နှစ်ပြင်ကို၊ ထိပ်တွင်ချီမိုး၊ ခါသုံးကြိမ်ဖြင့်၊ ဦးနှိမ်ကျိုးလို့၊ ရှိခိုးပြီးခါ၊ ရပ်ပြုပ္ပါသို့၊ ဖြောင့်စွာတန်းတန်း၊ ဝါးပြန်တာဖြင့်၊ သျှစ်ရာခန်းကို၊ ချီလှမ်းတုံပြန်၊ စည်မောင်းညံ၍၊ ပျော်သံမတိတ်၊ လူ့ရပ်ဘုံမှာ၊ ဂုဏ်တံဆိပ်နှင့်၊ ပုဏ္ဏာရိပ်ရွာမ၊ ခေါ်တွင်ပေကော၊ ရပ်ဒေသကို၊ ရောက်ပါလိမ့်မည်၊ ရှိမြောက်ယံကို၊ တဖန်ထပ်လို့၊ ရှုလတ်ချေသော်၊ မသွေခြားကွာ၊ တာငါးရာတွင်၊ လွန်စွာစည်ကား၊ ရောင်းအဝယ်ဖြင့်၊ ကုန်သည်များရို့၊ ကမ်းပါးတခွင်၊ လောင်းစပ်တင်နှင့်၊ လွှမ်းကြင်ထောင်ပေါင်း၊ နားခိုပြန်ကော၊ ကုန်ဝယ်ရောင်းလို့၊ သောင်းသောင်းလည်းဆူ၊ များသျှင်လူရို့၊ ဝယ်သူမပြတ်၊ မြစ်ကမ်းပြင်မှာ၊ ထွက်ဝင်ငြားကော၊ ပျားပန်းခပ်သို့၊ လှည့်ပတ်လူးလာ၊ ဤရပ်ရွာကား၊ သာယာတင့်တယ်၊ ရခိုင်ပြည်မှာ၊ ကျော်သည်ဂုဏ်ဟိတ်၊ လိုရာစုံကော၊ ပုံဏ္ဏာရိပ်ဟု၊ တံဆိပ်နာမည်၊ တပ်ဝင်းခြံနှင့်၊ ပတ်ရံလစ်ကော၊ ရွာသစ်တည်ဟု၊ နုမေပျိုလှ၊ သိချင်လိုကော၊ လူပျိုချောကို၊ ပြောလို့ပြရေ။

(၅) ပြောလို့ပြကော၊ ထိုမှတဖန်၊ တောင်ရပ်ထံသို့၊ ဝါးပြန်ခြောက်ရာ၊ လှမ်းသောခါတွင်၊
ငါးရာအိမ်ခြီ၊ ရိပ်ဝီဝီနှင့်၊ နီလည်းမထိုး၊ ပန်းသစ်ပင်ရို့၊ ရွာတွင်မိုးလို့၊ ကျော်ဟိုးလူခွင်၊ ရတနာနှင့်၊
ဥစ္စာပေါကော၊ ပန်းတောပြင်ကို၊ အယင်အမြန်၊ ရောက်လတ်ပြန်သော်၊ တဖန်ထိုမှ၊ ဒက္ခိဏာသို့၊
မျှော်ကာလှည့်လျှင်၊ ကြည့်လတ်ကကော၊ မြမြမို့မို့၊ စိမ်းစို့စို့ နှင့်၊ မှိုင်းညို့မှုံပြာ၊ ရွာတရွာကို၊
မြင်ပါလိမ့်မည်၊ ထိုသည်ရွာ၏၊ မည်နာမကို၊ သိရပေအောင်၊ နှမပြောကြား၊ မှတ်သားရန်ကော၊
ညွှန်စကားကို၊ ထောင်နားလည်းနာ၊ ဤသည်ရွာတွင်၊ ရှည်ကြာမြင့်လစ်၊ စည်ပင်ရွာကော၊
ဝေသာခေတ်က၊ ပြေပြစ်လှစွာ၊ ပိသုကာရို့၊ ကောင်းစွာထုလုပ်၊ လက်ရာမွန်၍၊
လွန်ချောညက်ကော၊ ကျားနက်ရုပ်ကို၊ ရွက်အုပ်ညိုမှောင်၊ မြပြိုင်ညောင်နှင့်၊ ကံဘောင်ထက်မှာ၊
ဝတ်လျက်အမှန်၊ လွဲမဖယ်ဘဲ၊ မြဲတည်ဘိကော၊ ဟိခြင်းဟန်ကြောင့်၊ ရိကန်ကျားနက်၊
ပေါင်းစပ်ပြန်၍၊ နံနှစ်ချက်ကို၊ တွဲဖက်ပြီးခါ၊ ယင်းရပ်ရွာကို၊ သညာနာမ၊ ကျားနက်ကန်လေ၊
တွင်ပြန်ရဟု၊ မောင်လှကောင်းစွာ၊ မှတ်ပြီးခါဝယ်၊ ပြုပွါစူးစူး၊ လှိုင်းကြက်ခုန်ကော၊ ယမုန်မြစ်ကို၊
စစ်စစ်ကူးလျှင်၊ ကြည်နူးစပွါယ်၊ လွန်သပွါယ်၍၊ တင့်တယ်ယောက်ပတ်၊ ခြောက်ရောင်ညီးကော၊
စေတီမြတ်ကို၊ မြင်လတ်လိမ့်မည်၊ သမိုင်းမှန်နှင့်၊ တည်ဟန်များကို၊ ပြောကြားမည်ကား၊
လွန်သည်ရှိက၊ လောင်းကြက်မည်ကော၊ ရွှေပြည်မတွင်၊ ဗလပညာ၊ ဘုန်းအာဏာနှင့်၊
ရာဇာမင်းထီး၊ နန်းရိပ်ခိုကော၊ ထိုမင်းကြီးမှာ၊ သတ္တိပြည့်စုံ၊ ရဲစွမ်းဂုဏ်နှင့်၊ ကိုယ်ယုံမတ်လှ၊
အရာရာတွင်၊ လိမ္မာသိကော၊ ဝိမလလျှင်၊ မိစ္ဆဥာနေ၊ သက်တိုင်းပြည်က၊ ပြန်သည်ကာလ၊
စေတီရာတွင်၊ ဗိုလ်တာဝန်းကော၊ စခန်းချလို့၊ ခတ္တာဒီဝါ၊ နားပြီးခါလျှင်၊ အောင်ချာကနက်၊
ရွှေနန်းဘုံဖြင့်၊ ဂုဏ်မချို့ကော၊ မြို့လောင်းကြက်သို့၊ ချီတက်ပြီးခါ၊ များမကြာပင်၊ ပြန်လာတုံလတ်၊
အုတ်ချပ်စီကော၊ စေတီမြတ်ကို၊ ယောက်ပတ်တင့်တယ်၊ တည်ထားပေ၍၊ မြင့်ရှည်လွန်ညောင်း၊
အလီလီကော၊ ရာသီပြောင်းလို့၊ နှစ်ပေါင်းများစွာ၊ ကြာသောခါတွင်၊ သေနာပတိ၊ ရဲစွန်းဂုဏ်ဖြင့်၊
ပြည့်စုံလတ်ကော၊ မတ်ကဝိနှင့်၊ မင်းထီးဘုရင်၊ နတ်နန်းဝင်သော်၊ တဆယ်ကျော်၍၊ စွန်းပေါ်ခုနစ်၊
မင်းစောမွန်လျှင်၊ နန်းစံခေတ်တွင်၊ သက္ကရာဇ်ကောဇာ၊ ခုနစ်ရာနှင့်၊ စွန်းလာခြောက်ဆယ်၊
သျှစ်ခုဝယ်တွင် နှိပ်စက်များစွာ၊ သို့တွက်တာကြောင့်၊ ပြည်ရွာပျက်စီး၊ (-----)၊ အိုးအိမ်ခွာ၍၊
ထွက်ခွါပြီးသော်၊ ပြည်ကြီးမဏ္ဍိုင်၊ ရွှေရခိုင်မှာ၊ အိမ်တိုင်နွယ်ရစ်၊ မြက်သစ်အုံ၍၊ ရှက်ခြုံနှောကော၊
လယ်တောဖြစ်လို့၊ အနှစ်နှစ်ဆယ်၊ ကာလရှည်အောင်၊ ကြာပေသောခါ၊ မစ္ဆိမာက၊ ရာဇဘုန်းသန်၊
သူရတန်လျှင်၊ ထောက်ကန်ပြီးငြား၊ သောင်းထိဝီအောင်၊ ဗိုလ်ခြီများနှင့်၊ မင်းသားစောမွန်၊
ပြည်တော်ပြန်၍၊ ရန်ကိုနှိမ်ပြီး၊ လောင်းကြက်ခေါ်ကော၊ မြို့တော်ကြီးမှာ၊ နန်းထီးထပ်မံ၊
စိုးမိုးစံလျှင်၊ နိုင်ငံအဝှန်း၊ ရီနှင့်ကြာကော၊ ပမာညွှန်းသို့၊ အီးချမ်းသာယာ၊ ဟိလတ်ခါတွင်၊
ပြန်လာမစဲ၊ ကိုယ့်ရပ်နယ်လေ၊ ရွာပြည်ထဲမှာ၊ စုစည်းဝိုင်းအုံ၊ သစ်နွယ်ခြုံကို၊ အကုန်ယှင်းမြောက်၊
ညီအညာဖြင့်၊ အိမ်ယာဆောက်လို့၊ ဝမ်းမြောက်ဝမ်းသာ၊ များလူသျှင်မှာ၊ သာရွှင်ပျလို့၊
ပြန်ကြခါဝယ်၊ မည်သာလွှမ်းကျော်၊ တောင်ဦးမော်ဟု၊ တွင်ခေါ်တုံငြား၊ များပြားစွာကော၊
ထိုရွာသားမှာ၊ ပေါက်ဖွားဇာတိ၊ မိမိရွာကို၊ စွန့်ခွာဘိ၍၊ ဘုန်းဟိထင်ပေါ်၊ စေတီတော်နှင့်၊
တခေါ်လောက်ဝယ်၊ တူမကွာဘဲ၊ စုလာလတ်ကော၊ ရွာရပ်တည်လို့၊ အမည်နာမ၊ မြတ်စေတီကို၊
မှီသဟဲကော၊ စွဲပြီးမှလျှင်၊ များလှလူသျှင်၊ စေတီပြင်ဟု၊ ခေါ်တွင်မည်ီး၊ ဓေမည်ကော၊
ပြည်တော်ဝှမ်းမှာ၊ ပန်းသို့မွှီးလို့၊ ရပ်ကြီးသာယာ၊ ဤသည်ရွာလည်း၊ ဓညာနိဂုဏ်း၊
ပတ်ဝိုင်းကျင်ကော၊ ဆင်ခြီဖုန်းဟု၊ ရွှေဘုန်းသက်ဝီ၊ မြဲမကွာဘဲ၊ စွဲကာထားကော၊ မှတ်သားလီလေး။

(၆) မှတ်သားမယေကောင်းစွာ၊ ဤရပ်ရွာက၊ အရာတထောက်၊ ဝါးပြန်တာဖြင့်၊ ငါးရာဟိကေ၊ အရှိမြောက်သို့၊ အရောက်တခါ၊ ကြိုးအားဆောင်၍၊ ချစ်မောင်မြတ်မှာ၊ လှမ်းလတ်ပါသော်၊ သာယာသန့်ယှင်း၊ ပန်းနံ့လှိုင်၍၊ မွှီးကြိုင်သင်းလို့၊ ခပင်းလူသျှင်၊ အိမ်တိုင်းတွင်ဝယ်၊ ခြည်ငင်ဗိုင်းဝင့်၊ တန်းခါလှည်ကေ၊ အထည်ဆန်းအောင်၊ ရက္ကန်းရက်လို့၊ အသက်မွီးရာ၊ ယဉ်သယ်ရွာကို၊ မကြာခဏ၊ ရောက်ပြန်သော်လျှင်၊ မောင်တော်လှမှာ၊ မြင်ရလိမ့်မည်၊ ယိုင်သယ်ရွာက၊ တခါထပ်လို့၊ ကြည့်လတ်ခီသော်၊ ဌာနီဒိသ၊ ဥတ္တရတွင်၊ နွားလှတထွန်၊ မြစ်ကမ်းယံတွင်၊ လီသွန်ချိုမြ၊ ရိပ်ဝီဝီနှင့်၊ နီမခဘဲ၊ လှပသာယာ၊ ရွာတရွာကို၊ မြင်ပါလိမ့်မည်၊ သိစီရန်လျှင်၊ မှန်သမျှကို၊ ပြောပြမည်ကား၊ ရှိဝယ်အစ၊ ဤဂါမ၏၊ မူလသညာ၊ မျှားလူသျှင်ရို့၊ ခေါ်တွင်လတ်ကေ၊ ဂေါက်ပတ်ရွာတည်း၊ အရာတဖန်၊ ဤသည်ရွာကို၊ သညာထပ်လို့၊ ခေါ်လတ်ဟန်ကား၊ ဘုန်းကံကြီးလှ၊ လက်ရုံးရောင်ဖြင့်၊ ပြောင်ပြောင်ပကေ၊ ဒဿရာဇာ၊ မင်းမြတ်စွာလျှင်၊ အာဏာဖြန့်မိုး၊ တိုင်းရက္ခာကို၊ အုပ်ကာစိုးသော်၊ ဖီးဖိုးစဉ်လာ၊ ကိုးကွယ်ပါခ၊ မဟာမုနိ၊ ခြောက်ရောင်ညီးကေ၊ မြတ်သီရိကို၊ ခရီးဝီးကွာ၊ မြစ်သိင်္ဂါ၌၊ သညာကျော်ဟိုး၊ သေလာတောင်လေ၊ မြင့်ခေါင်ထက်ကေ၊ ဝက်သတိုးက၊ ရှိခိုးပန်ထွာ၊ ပင့်ဆောင်လာ၍၊ စန္ဒသူရိယ၊ မင်းရာဇိန်နှင့်၊ မုနိန္ဒရို့၊ မူလသွန်းရာ၊ မြို့ညောဝယ်၊ တောင်သာပုလု၊ မြရိပ်မြိုင်လေ၊ ကတည့တွင်၊ ပြုစုထပ်မံ၊ တည်ထားပြန်၍၊ ကာရံတံတိုင်း၊ မင်းရာဇာမှာ၊ သဒ္ဒါလှိုင်း၍၊ မဆိုင်းယင်စွာ၊ ပြုလုပ်ခါတွင်၊ ဤရွာ၌ဝယ်၊ ကျောက်များစွာကို၊ ညီညာဖြတ်၍၊ ဆတ်လတ်တေစု၊ ထိုသည်ကစ၊ ဤဂါမကို၊ မျှားလှသူငါ၊ နောက်တဖန်ဝယ်၊ တွင်ပြန်လတ်ကေ၊ ကျောက်ဆတ်ရွာဟု၊ သညာလွှမ်းကျော်၊ ယခုတိုင်လေ၊ စဉ်အဆက်ကေ၊ မြွက်လို့ခေါ်ရေ၊ မောင်တော်မှတ်သား၊ ဤရပ်ရွာမှ၊ တခါလားသော်၊ အမျှားမကွာ၊ မြောက်ရပ်သာတွင်၊ စဉ်လာသက်ဆင်း၊ မြို့ညောက၊ ရာဇာမင်းရို့၊ မယွင်းစုံညီ၊ အောင်မောင်းစီ၍၊ ရာသီမိဿ၊ စိတ္တာရံလေ၊ သင်္ကြန်လမှာ၊ ထူးစွသဘင်၊ လောင်းပွဲတင်၍၊ ပျော်ရွှင်တုံကြ၊ ကျဉ်းမကျယ်ကေ၊ ချောင်းငယ်ဝတွင်၊ စိုက်ထပန်းတိုင်၊ ယှုံးအနိုင်ကို၊ ပွဲထိုင်ရှုရာ၊ ဤသည်ရွာကို၊ မျှားစွာလူပေါင်း၊ တွင်အစဉ်ကေ၊ ပန်းတိုင်ချောင်းဟု၊ နှစ်ပေါင်းမြင့်ရှည်၊ မျှားသူငါလျှင်၊ ဤရပ်ရွာကို၊ ခေါ်လတ်တေလေး။

(၇) ခေါ်လတ်မယေသူငါ၊ ပန်းတိုင်ရွာက၊ တခါနှစ်ထပ်၊ တာငါးရာလျှင်၊ ပြန်ကာထောက်ကေ၊ မြောက်အရပ်သို့၊ တည့်မတ်ဖြောင့်စွာ၊ မောင်သက်နှံမှာ၊ တဖန်လှည့်လို့၊ ကြည့်သောခါတွင်၊ ညိုပြာမှိုင်းမှိုင်း၊ တဆိုင်းဆိုင်းနှင့်၊ ရှုတိုင်းသာယာ၊ ရခိုင်ပြည်မှာ၊ နာမည်ကောင်းကေ၊ ညောင်ချောင်းရွာကို၊ သေချာကျန၊ မောင်ပန်းတန်မှာ၊ မှန်မုချလျှင်၊ မြင်ရလိမ့်မည်၊ ရောက်ဖူးယောင်လေ၊ မောင်သက်ထားမှာ၊ လားလို့လည်ပါ၊ ပျော်ဖွယ်စုံခြင်း၊ ကောင်းသတင်းနှင့်၊ သောင်းတွင်းကျော်ညာ၊ ဤသည်ရွာကို၊ ရှည်ကြာရှိက၊ မျှားလူဗိုလ်ပါ၊ ခေါ်ဆိုကြကေ၊ နာမသညာ၊ လောကစံမှာ၊ စံမညီးကေ၊ ကံကြီးရွာတည်း၊ တခါနောက်ထပ်၊ ညောင်းချောင်းရွာဟု၊ သညာတပ်လို့၊ ခေါ်လတ်ခြင်းရာ၊ သမိုင်းလာကို၊ ထုတ်ခါပြသ၊ သိလောက်ပေအောင်၊ သံခေပဖြင့်၊ အစအဆုံး၊ ရာဇဝင်မှာ၊ စာတင်ထုံးကို၊ ရွှေဘုန်းချစ်မောင်၊ အမြဲပင်လျှင်၊ စိတ်ဝင်စား၍၊ မောင်နားထောင်လေ၊ ယခေါင်ကာလ၊ တိုင်းအောင်မြီလေ၊ ရွှေရက္ခတွင်၊ မြို့ပြအင်္ဂါ၊ စုံလင်စွာနှင့်၊ အောင်ချာကနက်၊ ထီးနန်းတည်ကေ၊ စမ္ပဝှက်မှာ၊ နန်းတက်စိုးစံ၊ ကုသလံလေ၊ ရှိကံလည်းထူး၊ ဘုန်းသဖောနှင့်၊ တေဇာပြင်းကေ၊ မင်းဘီလူးကို၊ ဥာဏ်ထူးစီမံ၊ မင်းဘယလျှင်၊ နန်းမရိပ်ခို၊ မြပေါက်ညိုနှင့်၊ နှစ်ကိုယ်တူလှ၊ ဖီးလွတ်ရာသို့၊ ပုန်းကာဝှက်လို့၊ ထွက်ပြီးကြသော်၊ တမ္ပဝတီ၊

တွင်မည်ချီကော၊ ဌာနီမြတ်မွန်၊ ပြည်ပုဂံကို၊ ရောက်ပြန်သည်ဖြစ်၊ ထီးနန်းစံကော၊ မင်းကျန်စစ်သို့၊ ဦးတိုက်ခိုဝင်၊ မြင့်ကြာတင်၍၊ ဘုရင်ကျန်စစ်၊ ဇီဝိကွာ၍၊ နတ်ရွာလိုက်က၊ မြေးချစ်သဲအူ၊ အထက်ရိုက၊ ပြည်ရခိုင်ကို၊ ပိုင်ဆိုင်ခြင်းကော၊ မင်းဘယ၏၊ ပုတ္တစီတာ၊ ရွှေဂူသာနှင့်၊ လက်ျာမင်းနန်၊ မျိုးရိုးမှန်ကို၊ မင်းမွန်ခေါင်ဖျား၊ သောင်းထိဝီအောင်၊ ဗိုလ်ခြီများကို၊ သနားပြီးခါ၊ တိုင်းရက္ခာသို့၊ မကြာမဆိုင်း၊ လောင်းမင်းနန်ကို၊ အပြန်ခိုင်း၍၊ မြို့တိုင်းပြည်ရွာ၊ ဘိုးရိပ်ရာကို၊ ပြန်ကာသိမ်းမြောက်၊ မြို့ပရိန်မှာ၊ ရောင်ထိန်လွှမ်းအောင်၊ ရွှေနန်းဆောက်လို့၊ ဘုန်းတောက်ရှိန်ဝါ၊ စိုးစဉ်ခါတွင်၊ တမ္ပဒီပ၊ မြို့ပုဂံမှာ၊ ဘုန်းလျှံပကော၊ ရာဇမှန်ကူ၊ ကြီးပညာနှင့်၊ တေဇာပြင်းကော၊ မင်းစဉ်သူက၊ နတ်လူရိုညွတ်၊ မုနိတွင်ကော၊ အသျှင်မြတ်ကို၊ ပီးအပ်လာရန်၊ စာသဝန်ဖြင့်၊ တောင်းခံလတ်ရာ၊ ထိုအခါတွင်၊ လက်ျာမင်းနန်၊ မယ်တော်ဝန်နှင့်၊ ကြိမ်ဖန်များလှ၊ ညီလာခွင်မှာ၊ တိုင်ပင်ကြလို့၊ ဗုဒ္ဓဆင်းလျှော်၊ ရုပ်ပွားတော်ကို၊ ထင်ပေါ်ကျော်ဟိုး၊ တောင်ထိပ်ချွန်လေ၊ မြင့်ချွန်တက်ကော၊ ဝက်သတိုး၌၊ ပုန်းလျှိုးဝှက်ထွေ၊ တိတ်တိတ်ကေဖြင့်၊ ထားပေပြီးမှ၊ စာသဝန်ကို၊ ပုဂံမြို့မှာ၊ ဆက်ပို့ကြလို့၊ ရှီးထခြင်းရာ၊ အကြောင်းမှာကား၊ ရာဇာတုလွတ်၊ ဘုန်းတေဇာဖြင့်၊ အာဏာပြင်းကော၊ သျှင်မင်းမြတ်လေ၊ လူ့ရပ်ပေါ်ထင်၊ မုနိသျှင်က၊ ယခင်ရှိများ၊ တလိုင်းဟူကော၊ ပြုအများနှင့်၊ စစ်သားဆိုးသွန်း၊ အသျှင့်ကျွန်ရို့၊ ပေါင်တံကြောသား၊ ဖြတ်ယူပါကော၊ ခြင်းရာများကြောင့်၊ ခြောက်ပါးရောင်လွင်၊ မုနိသျှင်မှာ၊ ခုလျှင်တလီ၊ စံမြန်းပျော်ကော၊ သိမ်တော်အောက်မှ၊ ကွယ်ပျောက်ပြီဟု၊ စာပီရှီးလျက်၊ မြို့ပုဂံမှာ၊ တမန်ဆက်၍၊ လရက်နှစ်တာ၊ အချိန်ကြာသော်၊ ပက္ခဒိန်မှာ၊ ရက်ချိန်ညောင်းလို့၊ ပြောင်းလတ်ကလျှင်၊ ဒသရာဇာ၊ နန်းတက်ခါဝယ်၊ မဟာမုနိ၊ တန်းခိုးတော်ဖြင့်၊ လွှမ်းကျော်လတ်ကော၊ မြတ်ဗောဓိကို၊ မည်ဟိကျော်ဟိုး၊ ခါတဖန်တွင်၊ မင်းနန်ဝှက်ကော၊ ဝက်သတိုးက၊ ရှိခိုးပန်ထွာ၊ ပင့်ဆောင်လာ၍၊ ဤရွာဌဝယ်၊ ရွှေပန်းမြိုင်ကော၊ ယာဉ်ရထားကို၊ ရပ်နားပေ၍၊ ပန်းဖြေညောင်းညာ၊ တန့်နားပါ၍၊ ထိုခါကစ၊ သာမောစည်ကော၊ ဤဒေသကို၊ ညောင်ချောင်းတွင်ရေ။

(၈) ညောင်ချောင်းမယေရပ်ရွာ၊ ထိုနီရာက၊ တခါမျှော်ထောက်၊ ပြန်ကိုးရာလျှင်၊ တိုင်းတာဟိကော၊ အရှိမြောက်တွင်၊ ဘုန်းတောက်ပေါ်ထင်၊ မုနိသျှင်၏၊ စံရှင်ပျော်မီး၊ ကုန်းထိပ်ပေါ်မှာ၊ သိမ်တော်ကြီးကို၊ ထိန်ညီးတင့်တယ်၊ ကြည်နူးဖွယ်နှင့်၊ မြင်မည်မလွဲ၊ တပြောင်ပြောင်နှင့်၊ သိမ်ဆောင်ထဲမှာ၊ အမြဲမှန်စွာ၊ စဉ်အလာဖြင့်၊ အခါမိဿ၊ စိတ္တရံကော၊ ဝင်းရံပလို့၊ မာသတန်းခူး၊ နှစ်ဟောင်းလွန်၍၊ သင်္ကြန်ကျူးသော်၊ ပျော်မြူးသာရွှင်၊ များလူသျှင်ရို့၊ ဖြူစင်ဝတ်စား၊ ပန်းနံ့သာလေ၊ ကြက်သျှာများကော၊ ကုက္ကားတင်းခွန်၊ လက်ဆောင်မွန်နှင့်၊ လာပြန်တုံပြီး၊ မြတ်ဘုန်းမော်၏၊ သိမ်တော်ကြီးမှာ၊ ဆီမီးပြောင်ပြောင်၊ ညှိထွန်းထောင်၍၊ အရောင်ထိန်လက်၊ လင်းအာရုံတွင်၊ သံစုံကျူးကော၊ ဖူးဝတ်တက်လို့၊ နှုတ်မြွက်ချိုမြ၊ များသတ္တောလေ၊ ဝေနေယျကို၊ အမျှအညီ၊ ရကြစီဟု၊ ပီးဝီတုံပြီး၊ ခေါင်းလောင်းသံဖြင့်၊ ဆူညံဟီးလို့၊ ကောင်းချီးနုမော်၊ သာခုခေါ်၍၊ ပူဇော်ပြီးလျှင်၊ ပတ်ဝန်းကျင်မှ၊ ပျော်ရွှင်မဆုံး၊ စည်ပင်သာကော၊ ရွာအားလုံးက၊ ရွှင်ပြုံးကြည်လင်၊ အလှူသျှင်ရို့၊ စီရင်ပြုစု၊ ပျားရည်သွန်ကော၊ သင်္ကြန်မုံ့ကို၊ ရှိဦးအယင်၊ မုနိသျှင်အား၊ ဆွမ်းတင်ပြီးလတ်၊ များသံဃာကို၊ သဒ္ဓါလွှမ်းကော၊ မုန့်ဆွမ်းကပ်လို့၊ နောက်ထပ်တသွယ်၊ ဥပုသ်သယ်နှင့်၊ ကြီးငယ်မဟူ၊ ရောက်လာသူကို၊ ပီးလှူတုံမြောက်၊ မွန်းတည့်နီကော၊ ဆွမ်းချိန်ရောက်လျှင်၊ ဝမ်းမြောက်သာရွှင်၊ မုနိသျှင်၌၊ ဆွမ်းတင်ပြီးခါ၊ မြတ်သံဃာအား၊ ရွယ်ကာလှူဒါန်း၊ သဒ္ဓါဖြူ၍၊ ကပ်လှူခဲ့ကော၊ မွန်းတည့်ဆွမ်းကို၊ ရဟန်းဘုန်းဟိ၊

လွန်စင်ကြယ်ကော၊ ထေရ်မုနိရို့၊ ပဋ္ဌိကုလ၊ အဟာရဟု၊ ပစ္စဝက္ခဏာ၊ အခါခါပင်၊ တင်ကာလည်းရှု၊ ဆွမ်းဘောဇဉ်ကို၊ မတ္တညုဖြင့်၊ ခွာတ်စုလေးဖြာ၊ မျှရုံသာဖြင့်၊ ချိန်ကာချင့်ထောက်၊ ဝိနည်းလာကော၊ ကျမ်းအထုံးနှင့်၊ သုံးပြီးနောက်တွင်၊ စားသောက်ဖွယ်ရာ၊ ဆွမ်းရသာကို၊ သျှစ်ဖြာသီလ၊ ဆောက်တည်သူကော၊ ဟူသမျှကို၊ ကျွေးကြပြီးလျှင်၊ သိမ်တော်ပြင်မှာ၊ လူသျှင်စုရုံး၊ ထေရ်မဟာလေ၊ ဆရာဘုန်းထံ၊ လက်ဦးဆယ်စုံ၊ ထိပ်ထက်ရုံ၍၊ ရွှေဘုံအမတ်၊ ပြည်နိဗ္ဗာန်သို့၊ လမ်းညွှန်ပြကော၊ ဓမ္မထူးချွန်၊ တရားမွန်ကို၊ နာခံပြီးမှ၊ သုန္ဒရီကို၊ သက်သီမြွက်ကော၊ ရီစက်ချလို့၊ ကိစ္စကုန်စင်၊ ပြီးစုံလင်သော်၊ ရောင်လွင်တောက်ထွန်း၊ ဖာလ်စကြာမှာ၊ ဂေါယာကျွန်းသို့၊ စောင်းယွန်းခါမှီ၊ မွန်းလွဲနီမှာ၊ စုံညီလှငြား၊ ရွာထိုထိုမှ၊ လူပျိုများနှင့်၊ နုထွားပျိုရွယ်၊ ကညာမေရို့၊ တင့်တယ်လျှောက်ပတ်၊ မုနိတွင်ကော၊ အသျှင်မြွတ်ကို၊ ရိသပ္ပါယ်ရန်၊ လာကြဟန်ကို၊ တဖန်မေက၊ ကြောင်းအရာကို၊ ပေါင်းကာနှောကော၊ ပြောလို့ပြမည်၊ နတ်ဆင်းယောင်လေ၊ မောင်သက်ထားမှာ၊ ထောင်နားတည်လေး။

(၉) ထောင်နားတည်ကော၊ ကွလယ်ရို့က၊ ကုန်းထိပ်ပေါ်မှာ၊ သိမ်တော်လှသို့၊ အားရစိတ်ရွှင်၊ လားဖို့ပျင်ကော၊ ဆင်ယင်ဝတ်စား၊ ဆယ့်နှစ်တောင်လေ၊ တောက်ပြောင်ရွှန်းကော၊ ပန်းဒွယားကို၊ ဆန်းပြားအောင်ပင်၊ ခါး၌ဆင်၍၊ ညိုလွင်ရောင်ဟပ်၊ မြကြိုးနွယ်ဟု၊ အမည်ထိုးကော၊ ပိုးခါးပတ်နှင့်၊ စည်းလတ်ပြီးထွေ၊ လှဆန်းကြယ်ကော၊ ခါးကျယ်လက်ကျပ်၊ ပိုးအင်္ကျီမှာ၊ ဘော်စီကပ်လို့၊ ဆင်ဝတ်ပြီးခါ၊ ဆံကေသာကို၊ ညီညာစုရုံး၊ ရစ်ပတ်နှောင်၍၊ ပျိုမောင်ဂေါင်းမှာ၊ တစောင်းထုံးလို့၊ ပွတ်လုံးဖော်ကာ၊ ပိုးအချာကော၊ အဝါဂေါင်းပေါင်း၊ လူပျိုမောင်ရို့၊ လှယောင်ပေါင်းလို့၊ နွဲ့နှောင်းတင့်တယ်၊ ရုပ်ပိုင်းပြင်ကို၊ မြင်မညီးအောင်၊ ဆင်ပြီးကေလျှင်၊ တသွေထို့နောက်၊ လှပြုံးချိုကော၊ ပျိုဆဒေါက်ရို့၊ ဝမ်းမြောက်ဝမ်းသာ၊ သူ့ထက်ငါလျှင်၊ လှပါစီငြား၊ ကြီးမှန်ပြင်ကို၊ ရှိတွင်ထားလို့၊ မြသားအဟန်၊ ဂေါင်းကေဆံကို၊ ဆီကျံသိမ်းရုံး၊ ဖြီးပြီးပြန်သော်၊ ကောင်းမွန်ထုံးကော၊ နားကပ်ရတနာ၊ ဆင်တန်းဆာနှင့်၊ ယဉ်စွာနွဲ့နှောင်း၊ ကညာမေ၏၊ လက်ဆယ်ချောင်းမှာ၊ နှစ်ချောင်းကိုလွှတ်၊ သျှစ်ချောင်းတွင်၌၊ ဆင်ကာဝတ်ကော၊ လက်စွပ်များစွာ၊ မေဟတ္တာကော၊ ဘယ်ညာနှစ်ရပ်၊ ရွှေသိင်္ဂီကို၊ ထိန်ထိန်တောက်အောင်၊ လက်ကောက်ဝတ်လို့၊ ချောမွတ်တင့်တယ်၊ မယ်လိုင်တွင်၌၊ မြင်မညီးကော၊ ပတီးသွယ်လေး၊ ရင်ကျယ်ခါးတွန့်၊ ပမာဆောင်ကော၊ စွန်တောင်ဖြန့်ယောင်၊ ပိုးညွှန့်အင်္ကျီ၊ မယ်သညာလျှင်၊ လွန်စွာဆန်းကော၊ နန်းလုံးဝီနှင့်၊ ထမီပိုးသား၊ စိမ်းညိုရောင်နှင့်၊ တောက်ပြောင်ငြားကော၊ ခနားနှစ်ဆင့်၊ နီအဝါဖြင့်၊ စီကာတွဲကော၊ မကျည်းပွင့်ကို၊ လှတင့်ညီစွာ၊ မြိုကမ္ဘာနှင့်၊ ပွတ်ခါလည်းဝတ်၊ မြိတ်တထွာနှင့်၊ ရစ်ခါပိုးကော၊ ခါးကြိုးပတ်လို့၊ ဆန်းလတ်တဖုံ၊ လွှမ်းထပ်ခြုံကော၊ ရောင်စုံပြုံးပြက်၊ အမျိုးမှန်ကော၊ ပိုးတံပါက်နှင့်၊ တင့်တင့်တယ်တယ်၊ ခင်ကညာရို့၊ တင်ကာဝတ်၍၊ ပြီးလတ်ချေသော်၊ သက်ရွယ်ကြီးငြား၊ အဘိုးအိုနှင့်၊ ဒါအိုများလည်း၊ ဝတ်စားဖြူစင်၊ ကိုယ်ရုံတင်၍၊ ယူငင်ကုက္ကား၊ မလေးပွားကော၊ ဘုရားလက်ဆောင်၊ ပန်းများမြောင်ကို၊ ကိုင်ဆောင်ပြီးငြား၊ မုနိသျှင်ကို၊ ဖူးမြင်ရအောင်၊ ရှိကလားလို့၊ ဖိုးဖွားနောက်မှာ၊ ပျိုကညာရို့၊ ယဉ်စွာနွဲ့ပါး၊ နံ့သာရည်ကို၊ ငွေဖလားနှင့်၊ ထည့်ထားပြီးလျှင်၊ လွန်ရိုသေကော၊ ပျိုမေပေါင်းမှာ၊ ဂေါင်း၌တင်လို့၊ နောက်တွင်တချို့၊ ညွှန့်ဝီဝီနှင့်၊ သပြီထိုး၍၊ ရီအိုးကိုယ်စီ၊ ရွက်ထမ်းချီလျှက်၊ အညီတူရာ၊ ထိုနောက်တွင်ကော၊ ဆင်ယင်သကော၊ မျက်စပြုံးချို၊ မောင်လူပျိုရို့၊ သံချိုအီးအီး၊ အံခြင်းဆို၍၊ စည်ကိုတီးလျှက်၊ သံကြီးသံလတ်၊ ဘုံမောင်းစီ၍၊ ပွိုကိုမှုတ်ကော၊ လက်ခုပ်ခတ်လို့၊ ထက်ရပ်နဘံ၊

မိုးတိမ်စွန်သို့၊ အသံဟီးကာ၊ ကြောင်းဇ၀ါက၊ ညီညာတူကွ၊ မုနိသျှင်၏၊ ရင်ပြင်စသို့၊ လှမ်းကြပြီးသော်၊ ထိုသိမ်တော်ကို ၊ ကော်ရော်လေးမြတ်၊ ရိုသေစွာဖြင့်၊ သုံးခါပတ်လို့၊ ရှိရပ်ပြုပွါ၊ ဥပစာက၊ အသာလှမ်းလျက်၊ မုနိသျှင်လေ၊ စံရွှင်မြန်းကော၊ ကုန်းတန်းထက်သို့၊ တက်ကြပြီးခါ၊ လက်ဆယ်ဖြာကို၊ ထိပ်မှာတင်မိုး၊ သုံးခါကြိမ်ကော၊ ဦးနှိမ်ကျိုးလို့၊ ရှိခိုးပြီးလျှင်၊ ရောင်ခြောက်သွယ်နှင့်၊ တင့်တယ်ဘိကော၊ မုနိသျှင်ကို၊ ကြည်လင်စီကြောင်း၊ သာခုသံကော၊ ညံသောင်းသောင်းဖြင့်၊ မွှီးကောင်းနံ့သာ၊ ရီကြိုင်စွာဖြင့်၊ သွန်းခါလောင်းထွေ၊ ခါသကြ်န်မှာ၊ ထိမ်ညံလတ်အောင်၊ ရီသပ္ပါယ်ရေ။

# မဟာမုနိရုပ်ပွားတော်သွန်းလုပ်ခန်း

## အခန်း (၂)

(၁၀) ဤသို့ယေဖြာဖြာ၊ မြို့ဉေညာကို၊ ရံကာပတ်ရုံး၊ လွန်သာယာကော၊ ရွာအားလုံးကော၊ သိမ်းကျုံးပြီးခါ၊ မေပြောဆိုကော၊ ထိုစကားကို၊ မှတ်သားပါဟု၊ သံသာချိုမြ၊ သိန်းကျော့ဝေမှာ၊ ဆိုပေကြလျှင်၊ လှပဝင်းပြောင်၊ ပန်းဖြူအောင်မှာ၊ ဇောင်လည်းတခါ၊ ပျိုပန်းတန်ကော၊ လှစံသီးကို၊ မိန့်လတ်ရာကား၊ မဟာမုနိ၊ ရုပ်ပွားသျှင်ကို၊ အယင်ရှိက၊ သွန်းဖိခြင်းရာ၊ သမိုင်းလာကို၊ သေချာကျန၊ လှမယ်ခေါင်မှာ၊ ရုပ်ပွားသျှင်ကို၊ အယင်ရို့ကို၊ ပြောလို့ပြပါ၊ ဆိုသောခါတွင်၊ ရယ်ကာပြုံးပြုံး၊ သိန်းကျော့ဝေလေ၊ စပါယ်ကုံးမှာ၊ နန်းသုံးပီစာ၊ သမိုင်းလာနှင့်၊ နှိုင်းကာတသွယ်၊ မောင်လူပျိုကို၊ သံချိုနှောလို့၊ ပြောလတ်သည်ကား၊ ရှိဝယ်ကာလ၊ ပြည်ရခိုင်မှာ၊ မြို့ဉေတွင်၊ သက်ကျသာဂီ၊ မဟာဆွိကော၊ ဇာနီဘုန်းတု၊ မြတ်ရာဇာလေ၊ မာရယုလျှင်၊ ပြုစုတည်ထောင်၊ နန်းထီးဖြူနှင့်၊ ခွန်ယူမိုးလို့၊ စိုးပြီးနောင်တွင်၊ များမြောင်နန်းတက်၊ သာဂိဝင်ကော၊ ဘုရင်ဆက်ကို၊ တွက်စစ်ရှိထား၊ များသွယ်သွယ်နှင့်၊ ငါးဆယ့်ငါးလျှင်၊ စံစားပျော်မှီ၊ နှစ်လီလီကို၊ တွက်ရှိသောခါ၊ ဆဧကောနှင့်၊ အဌာဧကော၊ မျိုးခြားနိုင်၍၊ စိုးပိုင်သကော၊ ရာဇဘုရင်၊ ခြောက်ဆက်တွင်ဝယ်၊ စံရွှင်နှစ်နှစ်၊ ဧညမည်ကော၊ ပြည်အသက်ကို၊ ပေါင်းတက်လိုက်သော်၊ တွက်စစ်များမြောင်၊ နှစ်တထောင်နှင့်၊ ထိုနောင်သျှစ်ရာ၊ တဆယ်မှာတွင်၊ ကျော်ကာသျှစ်နှစ်၊ သက္ကရာဇ်ကို၊ တွက်စစ်ပြန်ရာ၊ တိဧကောနှင့်၊ အဌာသတ္တ၊ ထိုခါဝယ်လေ၊ ပြည်ဧညလျှင်၊ ဖြစ်ကပျက်ပြန်၊ လောကဓံကို၊ မလွန်နိုင်ပြီး၊ နန်းထီးဖြူကို၊ ပိုင်သူကင်းကော၊ ယင်းပျက်စီးလို့၊ တသီးနောက်မှာ၊ ကံရာဇာဟု၊ သညာနာမ၊ သတင်းကျော်၍၊ ဘွဲ့တော်ရကော၊ မင်းလှဘုန်းကြွယ်၊ တိုင်းရက္ခာမှာ၊ ဉေညာမြို့ကို၊ ထပ်လို့တည်လျှက်၊ ဆက်နွယ်မပျက်၊ ထီးနန်းထိုင်၍၊ စိုးပိုင်ပြီးကော၊ သားမြီးဆက်လို့၊ နန်းတက်တုံမြဲ၊ မြို့ဉေညာမှာ၊ စဥ်ကာဖြစ်ကော၊ နှစ်ဆယ့်လေးတွင်၊ ထူးကဲတေဇ၊ နှုံးမတန်အောင်၊ ဘုန်းကံပကော၊ ရာလမာယု၊ ဘွဲ့မည်တော်ဖြင့်၊ တွင်ခေါ်ကျူးကော၊ နှိုင်းတုမရ၊ ပြင်းအာဏာနှင့်၊ မင်းရာဇလျှင်၊ ဏာဝစန္ဒီ၊ ခန်းကြံုလီကော၊ ကောဇာနှစ်ကို၊ ဖျက်ပစ်ခြီ၍၊ တလီအသစ်၊ စန်းသချ်ာဖြင့်၊ တည်ကာခင်းကော၊ အကြွင်းနှစ်က၊ တွက်စစ်မှတ်ရာ၊ ထိုသချ်ာကို၊ စဥ်ကာသုံးလျက်၊ ဧညမည်ကော၊ ရွှေပြည်တွင်းမှာ၊ မင်းလေးဆက်လျှင်၊ နန်းတက်စံဘိ၊ အဆုံးစွန်မှာ၊ ဘုန်းကံဟိကော၊ သီရိရာဇာ၊ ဘွဲ့မည်တော်ဖြင့်၊ တွင်ခေါ်လတ်ကော၊ မင်းမြတ်စွာမှာ၊ တောင်ညာနန်းစံ၊ ကုမ္မာရံဟု၊ အလွန်ကျော်ကြား၊ လှတင့်တယ်၍၊ အသရေဟိကော၊ မိဖုရားတွင်၊ တက်ပွားကောဇာ၊ ဒွေးသတ္တာနှင့်၊ မှုံဝါရီမြ၊ ဆီးနှင်းယိုကော၊ ပြာသိုလ်လ၏၊ ပြည့်ထရက်တွင်၊

အာကာပြင်မှာ၊ နီဝင်လုခါ၊ လစန္ဒာလျှင်၊ ပေါ်ကာထွက်စ၊ လနှင့်နီကို၊ နှစ်လီပလို့၊ မြင်ရချိန်မှာ၊ သားပုတ္တာကို၊ တောင်ညာနန်းမ၊ မွီးသန့်စင်၍၊ ဖွားမြင်ရသော်၊ နီလနှစ်ဆူ၊ ပေါင်းဖက်ထူ၍၊ ကောက်ယူပြီးခါ၊ နန်းလောင်းလျာကို၊ စန္ဒသူရိယ၊ သောင်းလုံးကျော်အောင်၊ ဘွဲ့တော်သ၍၊ ထိမ်းယမျှားစွာ၊ နွယ်မဟာအား၊ ဘယ်ညာရံပတ်၊ စံမြန်းပျော်ကော၊ နန်းတော်တွင်းမှာ၊ ကြီးပြင်းလတ်လို့၊ မျိုးမြတ်သာဂီ၊ ပါရမီနှင့်၊ ဇာနီယောကျ်ား၊ သက်အရွယ်လျှင်၊ နှစ်ဆယ့်ငါးတွင်၊ ဖဖွားပီတာ၊ မင်းရာဇာက၊ ပြည်ရွာနန်းရပ်၊ အလုံးစုံကို၊ အကုန်အပ်သော်၊ မိုးနတ်တမျှ ရုပ်ပိုင်းပြင်နှင့်၊ အသွင်လှကော၊ စန္ဒမာလာ၊ ဒေဝီချာကို၊ တောင်ညာနှင်းအပ်၊ ကြင့်နန်းလယ်ကော၊ ရဝေမြတ်မှာ၊ လက်ထပ်ပြီးခါ၊ ဖရိပ်ရာကို၊ ယူကာသိမ်းမြန်း၊ နန်းဘုံဆောင်မှာ၊ အောင်အတိတ်နှင့်၊ ဘိသိတ်သွန်းလို့၊ ရွှေနန်းစိုက်တည်၊ တိုင်းမြို့ပြည်ကို၊ ပြန်လည်မွန်းမံ၊ ကျုံးလေးတန်နှင့်၊ ကာရံတံတိုင်း၊ မြို့ညောကို၊ ပတ်ခါဝိုင်းလျှက်၊ ရံဆိုင်းတန်းခါး၊ လေးမျက်နှာတွင်၊ ခိုင်စွာပြုကော၊ လေးခုထားလို့၊ လေးပါးမျိုးနွယ်၊ ရပ်လေးသွယ်နှင့်၊ လမ်းငယ်လမ်းကြီး၊ ပြည့်ဖြိုးဝှန်ကော၊ ရိကန်ကြီးနှင့်၊ မြို့ကြီးကျယ်ဝန်း၊ ပြဿဒ်ရုံကော၊ စံရွှေနန်းပါ၊ အဆန်းတကြည်၊ ပြုစုတည်သော်၊ ထိုသည်ကစ၊ တတိယကော၊ ဓညဝတီ၊ တွင်မည်ချီ၍၊ ရောက်သည်ကောဇာ၊ သတ်နဝါတွင်၊ ရာဇာဘုန်းကြွယ်၊ အသစ်ဖန်၍၊ ရွှေဌာန်နန်းမှာ၊ စံမြန်းရေလေး။

(၁၁) စံမြန်းမယေကောင်းစွာ၊ မြို့ဓညာမှာ၊ ရှည်ကြာနှစ်ရောက်၊ တွက်စစ်ပေသော်၊ နှစ်ဆယ့်ခြောက်သို့၊ ကျရောက်သောခါ၊ နှစ်ကောဇာကို၊ ရှီကာတွက်စစ်၊ ကိန်းသချ်ာမှာ၊ မှန်မလွဲကော၊ တိနောအစ်တွင်၊ ရောင်မြစ်ဝင်းထိန်၊ အသူရိန်ကော၊ ပူဟိန်ပြင်းပြ၊ မြုံခိုးချုံကော၊ ကဆုံလ၌၊ အဋ္ဌဒီဝါ၊ နိဗ္ဗုဒ္ဓါတွင်၊ မြတ်စွာသုံးလူ့ ဂုဏ်ပေါင်းလှိုင်ကော၊ သဗ္ဗုညုလျှင်၊ ပေါင်းစုများစွာ၊ ထေရ်ငါးရာနှင့်၊ အာကာခရီး၊ တန်းခိုးဖန်ကော၊ ယာဉ်ပျံစီးလို့၊ တိုင်းကြီးပူရ၊ ပြဿဒ်ဘုံဖြင့်၊ ဂုဏ်မချို့ကော၊ မြို့ဓညသို့၊ မြန်းကြွချီလာ၊ ရောက်တုံပါကော၊ သေလာဂီရိ မည်ဟိတံဆိပ်၊ မှိုင်းညိုမှောင်ကော၊ ကျောက်တောင်ထိပ်မှာ၊ ကတ္တိပါဒါ၊ ရဟန္တာနှင့်၊ မြတ်စွာဘုန်းဟိ၊ တန်းခိုးဖန်ကော၊ ယာဉ်ပျံထက်က၊ ဆင်းသက်ပြီး၍၊ အရှိမျက်နှာ၊ မြို့ဓညာသို့၊ လှည့်ကာပြုလတ်၊ ရောင်ခြောက်ဆိုင်ကို၊ ပြိုင်မနှုံးအောင်၊ ကွန့်မြူးလွှတ်သော်၊ တိုင်းရပ်ပြည်ခွင်၊ များလူသျှင်နှင့်၊ ဘုရင်ဘုန်းကြွယ်၊ မြတ်ရောင်ခြည်ကို၊ မြင်သည်ကာလ၊ ယခုတုံ၌၊ ဖြစ်ပုံများမှာ၊ ထူးခြားလှဟု၊ ရာဇာဘုရင်၊ မတ်စုံလင်ကို၊ ခေါ်ငင်နှိုးနှော၊ ညီလာခွင်မှာ၊ တိုင်ပင်ပြောသော်၊ သဘောမှန်စွာ၊ ကြောင်းခြင်းရာကို၊ မဟာဝိမလ၊ မင်းဘုရင်ကို ၊ ဦးတင်သလို့၊ လျှောက်ထားသည်မှာ၊ ဇမ္ဗူချာကော၊ ဒီပါကျွန်းလုံး၊ ရောင်ခြောက်ဆိုင်ရို့၊ ပြိုင်မနှုံးဘဲ၊ ကွန့်မြူးပြီးကော၊ နီလရောင်ထက်၊ တောက်ပြောင်ဝင်းကော၊ လင်းလတ်တေဇ၊ အံ့ဖွယ်ကောင်းစွာ၊ ရောင်ခြောက်ဖြာမှာ၊ မုန်စွာမုချ မာရဇိန်လေ၊ မုနိန္ဒလျှင်၊ မောရဂိဝါ၊ ပဗ္ဗတာကော၊ သေလာဂီရိ၊ တောင်ထိပ်ဗွီမှာ၊ ရောက်နီခြင်းကို၊ သျှင်မင်းသိယောင်၊ လွှတ်သည့်ရောင်ခြည်၊ မှန်စင်စစ်လျှင်၊ ဖြစ်လိမ့်မည်ဟု၊ လျှောက်သည့်စကား၊ မင်းဘုရင်လေ၊ နားတွင်ကြားက၊ စိတ်ထားကြည်လင်၊ မြူးပျော်ရွှင်ကော၊ ဖူးချင်အားကြီး၊ လင်းရောင်ပေါ်၍၊ စည်တော်တီးသော်၊ မူးကြီးမတ်ရာ၊ စစ်သေနာဖြင့်၊ ဝိုင်းကာရံပတ်၊ မြတ်ဗုဒ္ဓါလေ၊ ဟိရာရပ်ကို၊ ဦးညွှတ်ပြီးခါ၊ ရိုသေစွာဖြင့်၊ ယာဉ်သာမစီး၊ သဒ္ဓါပိုကော၊ ထိုမင်းကြီးမှာ၊ ရွှေထီးမပါ၊ ခြီကျင်သာဖြင့်၊ လွန်စွာကြမ်းတမ်း၊ ဆူးခြောင့်ပုံ၍၊ ရှက်ခြုံထီးကော၊ ခရီးလမ်းကို၊ ဖြတ်သန်းကျော်ကာ၊ လားပြီးခါဝယ်၊ သေလာဂီရိ၊ စိမ်းညိုမှောင်ကော၊

ကျောက်တောင်ထက်ကို၊ လှမ်းတက်ပြီးသော်၊ စောထီးဗုဒ္ဓါ၊ ရွှေမျက်နှာကို၊ သဒ္ဓါကြည်နူး၊ ကြိမ်များမြောင်လျှင်၊ ဝယောင်ဖူးလို့၊ လက်ဦးချီထွေ၊ ခါသုံးကြိမ်လေ၊ ဦးနှိမ်ကျိုးကော၊ ရှိခိုးရေလေး။

(၁၂) ရှိခိုးမယေလီလီ၊ လက်ဦးချီကော၊ စုံညီရိုညွှတ်၊ ရှိတော်ပြင်မှာ၊ ခိုဝင်ဖူးကော၊ မင်းမျိုးမတ်ကို၊ ယောက်ပတ်သင့်လျှော်၊ တရားတော်ဖြင့်၊ ထုတ်ဖော်ဟောငြား၊ ကြားနာသူလေ၊ လူအများမှာ၊ သုံးပါးသရဏာ၊ ပဥ္စင်္ဂါဟု၊ ငါးဖြာသီလ၊ မြဲအမှန်လျှင်၊ တည်ပြန်ကြသော်၊ စန္ဒသူရိယာ၊ မင်းရာဇာသည်၊ ဘဂဝါဗုဒ္ဓ၊ နဝဂုဏ်နှင့်၊ ပြည့်စုံလတ်ကော၊ မြတ်လှဘနှင့်၊ သံဃာများစွာ၊ ထေရ်ငါးရာကို၊ ညောအောင်ခန်း၊ ရွှေအရောင်ဖြင့်၊ တောက်ပြောင်လျှပ်ကော၊ ပြဿဒ်နန်းသို့၊ ကြွမြန်းပြီးခါ၊ ဆွမ်းရသာကို၊ သုံးကြပါရန်၊ လက်ဦးချီ၍၊ ဝစီညောင်းကော၊ လျှောက်တောင်းပန်က၊ ပြန်လှန်မပြော၊ လျှောက်ခြင်းဟန်ကို၊ လက်ခံပြီးကော၊ တုဏှိဘောဖြင့်၊ သျှင်စောမြတ်စွာ၊ နီသောခါတွင်၊ ရာဇာမင်းလှ၊ စိတ်ကြည်လင်ကော၊ ရွှင်အားရလို့၊ များစွာဗိုလ်ပါ၊ ခြံရံကာဖြင့်၊ ပြန်လာတုံမြောက်၊ ရွှေနန်းယံကို၊ တဖန်ရောက်လျှင်၊ ထံမှောက်ဝင်ပြန်၊ နန်းတွင်းဝန်နှင့်၊ အလွန်ထူးဆန်း၊ နို့ဂဏ္ဍာလေ၊ ရသာဆွမ်းကို၊ လုံးပန်းစီမံ၊ ပြတုံပြန်၍၊ ဗိမန်နန်းတွင်း၊ တုသီတာမှာ၊ နီရာခင်းလို့၊ ခဝင်းဥသုံ၊ ပြီးပြည့်စုံသော်၊ ဆယ်စုံလက်မြှောက်၊ ဆွမ်းသုံးရန်ကော၊ ချိန်တန်ရောက်ဟု၊ ပင့်လျှောက်သောခါ၊ ထေရ်ငါးရာနှင့်၊ မြတ်စွာဗုဒ္ဓ၊ ထက်ဝဠာကော၊ အာကာသက၊ ပါဒဘိညာဏ်၊ တန်းခိုးဖန်၍၊ ယင်မြန်ကြွမြန်း၊ မြို့ညောလေ၊ ရာဇာနန်းသို့၊ ထူးဆန်းက္ကန္ဒြေ၊ ကြည်ညိုဖွယ်ဖြင့်၊ ရောင်ခြည်ဝင်းဝင်း၊ ပန်းစုံရံကော၊ နန်းခြံတွင်းမှာ၊ သက်ဆင်းသောခါ၊ မင်းရာဇာလျှင်၊ တရာ့သျှစ်ကွက်၊ ပြိုးပြက်ပေကော၊ ပါဒေစက်ကို၊ ဦးချတိုက်ကာ၊ ကြိုဆိုလာ၍၊ မဟာကနက်၊ ဆန်းအမော်နှင့်၊ နန်းတော်ထက်သို့၊ ရွှေစက်ဖြန့်ကာ၊ တက်ကြွပါ၍၊ ကောင်းစွာခင်းအပ်၊ တင့်လျှောက်ပတ်ကော၊ နီရာမြတ်၌၊ လူနတ်သရဖူ၊ ထိုင်တော်မူသော်၊ ကြည်ဖြူလေးမြတ်၊ မင်းဘုန်းမော်က၊ ဆွမ်းတော်ကပ်လို့၊ သင့်မြတ်တော်ယောင်၊ ဆွမ်းများမြောင်ကို၊ သုံးဆောင်ပြီးမှ၊ ရွှေနန်းသူလေ၊ ဟူသမျှအား၊ ဓမ္မကထာ၊ ဒေသနာကို၊ သေချာကောင်းမြတ်၊ မောနောဖြင့်၊ ဟောကာချွတ်သော်၊ သုံးရပ်သရဏာ၊ တည်ကြပါ၍၊ ငါးဖြာသီလ၊ နန်းတွင်းသူလေ၊ ဟူသမျှမှာ၊ နိစ္စမြဲထွေ၊ ခါမကျန်ကော၊ လွန်မယိမ်းအောင်၊ စောင့်ထိန်းရေလေး။

(၁၃) စောင့်ထိန်းမယေမြဲစွာ၊ ထိုအခါတွင်၊ သဒ္ဓါပြင်းပြ၊ ပါရမီနှင့်၊ ရာဇိန္ဒမှာ၊ များလှသံဃာ၊ ထေရ်ငါးရာနှင့်၊ မြတ်စွာဗုဒ္ဓ၊ ကျိန်းအံ့ငှါလေ၊ ဝိဟာရကို၊ ယင်စွမကြာ၊ သစ်ဝါးရှာ၍၊ တောင်သာပုလု၊ မြရိပ်မြိုင်နှင့်၊ ကတုညာတွင်၊ ရှုံးစုညီညာ၊ များပြည်သူနှင့်၊ အားကူလှော်ကလို့၊ ဆောက်ပြီးခါတွင်၊ ကျယ်စွာမဏ္ဍပ်၊ လွန်တင့်တယ်အောင်၊ ပြုပေလတ်၍၊ ရံပတ်သံဃာ၊ စောဗုဒ္ဓါကို၊ ပင့်ကာလှူငြား၊ ကျောင်းဝိဟာမှာ၊ ကောင်းစွာထားလို့၊ တရားဓမ္မ၊ ရက်မခြားအောင်၊ ကြားနာရ၍၊ သုံးဝသရဏာဂုံ၊ ပြည့်ဖြိုးထုံ၍၊ ငါးစုံသီလ၊ အဋ္ဌဂီဖြင့်၊ ကျင့်ညီမျှလျှက်၊ စန္ဒသူရိယာ၊ မင်းမြတ်စွာနှင့်၊ ပြည်ရွာတိုင်းသား၊ ခသိမ်းသူလေ၊ လူအများမှာ၊ စိတ်ထားကြည်ဖြူ၊ ပီးအလှူနှင့်၊ အယူဖြောင်တန်း၊ သာသနာမှာ၊ ရောင်ဝါထွန်းလို့၊ ပွင့်လမ်းခါစ၊ ကျင့်ဆယ်ဖြာနှင့်၊ မင်းရာဇာလျှင်၊ ဗုဒ္ဓစံရာ၊ ကျောင်းဝိဟာသို့၊ လှမ်းကာချီကြွ၊ မာရဇိန်လေ၊ မုနိန္ဒကို၊ ဦးချပြီးခါ၊ ကြောင်းစုံလင်ကို၊ ဘုရင်မင်းမှာ၊ လျှောက်ခြင်းရာကား၊ သုံးဖြာလောက၊ တုမရကော၊ ညာဏထွတ်ချာ၊ စောဗုဒ္ဓါလျှင်၊ ပြည်ရွာတမည်၊ သို့ဖြစ်ပေ၍၊ စိန္တေမြတ်စွာ၊ ဘဂဝါနှင့်၊ တူစွာမခြား၊ ရတနာနှင့်၊

သွန်းကာလုပ်ကော၊ မြတ်ရုပ်ပွားကို၊ သနားမိတ္တာ၊ ကိုးကွယ်ရန်လေ၊ မှန်ယခုလျှင်၊ ခွင့်ပြုပါဟု၊ ရာဇာမင်းကောင်း၊ နှုတ်ဝါစာက၊ မြွက်ခါတောင်းသော်၊ ကျိုးကြောင်းထောက်ကာ၊ မင်းရာဇာကို၊ မြတ်စွာသုံးလူ့၊ ရွှေကျောင်းပေါ်မှာ၊ ခွင့်တော်ပြုသော်၊ ရှိဦးတင်ကာ၊ နန်းဘုံသာသို့၊ ပြန်လာပြီးမှ၊ မှူးမတ်ဝန်လေ၊ ပန်ရံခလို့၊ သီဟဥဂ္ဂင်၊ ညီလာခွင်မှာ၊ တိုင်ပင်ပြီးထွေ၊ မတ်တန်တန်ကို၊ တာဝန်ခွဲလို့၊ လွှဲပြီးချေသော်၊ ရွှေငွေကြီးသံ၊ တင်မကျန်ဘဲ၊ ငါးတန်လောဟာ၊ ရတနာလေ၊ သပြာချပ်ရှို၊ ငါးမျိုးစီကို၊ စုပုံပြီးကော၊ တကုဋ္ဌိအား၊ ကြံညီဖြူဆွ၊ ငါးစီးဆင်မှာ၊ တင်ပြီးမှလျှင်၊ သတ္တရတနာ၊ ညီးလူလူကော၊ ထီးဖြူမြတ်ကို၊ ဆောင်းလတ်ပါ၍၊ ရာဇာဘုန်းတု၊ လွန်မြိုင်ဆိုင်ကော၊ ကတညုသို့၊ ရုံးစုညီညာ၊ အောင်မောင်းညံလို့၊ အောင်လံရွှန်းကော၊ ချီလှမ်းခါဖြင့်၊ လွန်စွာကြီးကျယ်၊ မဏ္ဍပ်လယ်မှာ၊ ရောက်သည်ကာလ၊ ငါးစီးဆင်၏၊ ဥဂ္ဂင်မှလျှင်၊ ချကြပြီးငြား၊ ရတနာကို၊ ပုံကာထားမှ၊ ထင်ရှားကျော်လတ်၊ ပိသုကာလေ၊ ဆရာမြတ်နှင့်၊ လူနတ်များစွာ၊ ကိုးစားရာလေ၊ မဟာမုနိ၊ ရုပ်ပွားတော်လေ၊ သောင်းကျော်လတ်ကော၊ မြတ်ဗောဓိကို၊ သွန်းသည့်အခါ၊ နှစ်ကောဇာလျှင်၊ တရာ့နှစ်ဆယ်၊ သုံးခုကယ်တွင်၊ ရောင်ခြည်ဝင်းပ၊ ပူပြင်းတုံကော၊ ကဆုံလ၏၊ ပြည့်ထရက်မှာ၊ နိဗ္ဗုဒ္ဓါတွင်၊ စကာသွန်းဘိ၊ ဆုတ်ပက္ခာသို့၊ လွန်လာပြုကော၊ ဂုရုနိတွင်၊ ထိန်ညီးရှူပ၊ လျှပ်စစ်ရောင်သို့၊ ပြောင်ပြောင်လင်းကော၊ ဆင်းဗုဒ္ဓကို၊ ပဥ္စလောဟာ၊ ရတနာဖြင့်၊ သွန်းကာလုပ်ကော၊ ခြောက်ရောင်ထင်၍၊ မြင်မညီးအောင်၊ သွန်းပြီးရေလေး။

(၁၄) သွန်းလို့မယေပြီးခါ၊ မြို့ဧညာက၊ မြတ်စွာဗုဒ္ဓ၊ ထေရ်ငါးရပ်နှင့်၊ ပြန်ကာကြွသော်၊ စန္ဒသူရိယာ၊ မင်းရာဇာမှာ၊ ရောင်ဝါထွန်းညီး၊ လွန်သပ္ပါယ်၍၊ တင့်တယ်လတ်ကော၊ မြတ်မုနိကို၊ ဦးထိပ်ရိုသေ၊ ဂါရဝေဖြင့်၊ တာရှည်စိတ်ညွတ်၊ သတိုးနွယ်မှာ၊ ကိုးကွယ်လတ်လို့၊ ထပ်ထပ်လီလီ၊ ချိန်နာရီကော၊ ရာသီရွှေပြောင်း၊ နှစ်လတာလေ၊ လွန်ကြာညောင်းအောင်၊ မင်းကောင်းရာဇာ၊ ဆည်းကပ်လာ၍၊ ကောဇာသက္ကရာဇ်၊ တရာကယ်၍၊ လေးဆယ့်သျှစ်သို့၊ ရောက်လတ်သောခါ၊ မဇ္ဈိမာတွင်၊ မြတ်စွာဗုဒ္ဓ၊ ပြည်နိဗ္ဗာန်သို့၊ ဝင်စံကြသော်၊ လောကလူ့ဘောင်၊ ကျိုးများယောင်ဟု၊ ငါးထောင်သာသနာ၊ ထားလတ်ပါကော၊ ထိုခါကာလ၊ မြို့ဧညာက၊ မင်းရာဇာလျှင်၊ အဌစတ္တာ၊ အစ်သချ်ာကို၊ ဖြိုကာခွင်းထ၊ သာသနာနှင့်၊ ညီစွာမျှအောင်၊ တစ်မှစ၍၊ သက္ကကောဇာ၊ ပြုတုံပါကော၊ စန္ဒာသူရိယ၊ သဒ္ဓါဖြူကော၊ (----)၊ ရောက်ထကောဇာ၊ တခုမှာတွင်၊ ခန္ဓာရုပ်နာမ်၊ ပျက်ချုပ်ပြန်သော်၊ တဖန်နန်းတက်၊ မင်းလီလီကို၊ တွက်ရှိမြောက်ကော၊ တဆယ့်ခြောက်သို့၊ မပျက်ရောက်ခါ၊ သူရိယာကော၊ နွယ်လာဝံသ၊ တန်းခိုးပြောင်၍၊ ဘုန်းရောင်ဟိတ်နှင့်၊ စိတြဟု၊ နာမတွင်ခြင်း၊ မြို့ဧညာက၊ ရာဇာမင်းလျှင်၊ ခန်းကြွင်းကြုံလာ၊ ကိန်းသချ်ာကော၊ နဝါခဆ၊ နှစ်ကောဇာကို၊ ဖြိုကာချလို့၊ ထိုမှစဉ်လျှက်၊ နောက်ထပ်မံ၍၊ စိုးစံခြင်းကော၊ မင်းကိုးဆက်ထိ၊ နန်းတက်ကြရာ၊ ကောဇာနှစ်ကို၊ တွက်စစ်ပါသော်၊ နှစ်ရာကျော်လစ်၊ စွန်းကာကယ်၍၊ လေးဆယ့်သျှစ်တည်း၊ နောက်၌တဖြာ၊ မှတ်စရာကော၊ ဧညာကနက်၊ ထီးနန်းဘုံဖြင့်၊ ဂုဏ်မချို့ကော၊ မြို့အသက်ကို၊ ရှိတွက်ပြန်ရာ၊ သတ်သုံညာနှင့်၊ နဝါရောက်အောင်၊ နန်းဘုံဆောင်မှာ၊ ဘုန်းရောင်တောက်ပ၊ ရှိရာဇာရို့၊ ကျင့်ရာထုံးကို၊ သုံးနှုံးကြလျှက်၊ စန္ဒသူရိယာ၊ မြတ်ရာဇာ၏၊ နွယ်လာဝံသ၊ မျိုးအနွယ်နှင့်၊ စိုးသည်မင်းကို၊ ယှင်းလင်းပြသော်၊ ပဥ္စဝိသာ၊ ထိုရာဇာရို့၊ မဟာမုနိ၊ အမည်တွင်ကော၊ သျှင်ဗောဓိကို၊ နိညိမသွယ်၊ သိမ်တော်ပြင်မှာ၊ ဦးတင်ညွတ်ကော၊ ဆည်းကပ်တေလေး။

(၁၅) ဤလေလေကော၊ ဤလေကျော်ရွှန်း၊ ဤသို့စီကော၊ ဤနှစ်ခန်းတွင်၊ ပြည့်ထွန်းသေချာ၊ နိဂုဏ်းရွာ၌၊ ဓညာရဌ၊ ရွှေနန်းယံမှာ၊ စိုးစံကြကော၊ ရာဇဖြာဖြာ၊ ပေါင်းများစွာနှင့်၊ မဟာမုနိ၊ ခြောက်ရောင်ပေါ်ကော၊ ကိုယ်တော်မြတ်၏၊ ထုပ္ပတ္တိကို၊ စိစိစပ်စပ်၊ နောင်အစဉ်လေ၊ ရခိုင်သားရို့၊ သိထားကတ်အောင်၊ လေးရပ်တိုင်းခွင်၊ ဂါမဝင်နှင့်၊ ရာဇဝင်ခန်း၊ မြဒိုးဝေ၏၊ ရှီးသည်ကျမ်းကို၊ မှီငြမ်းပြုကာ၊ ဤကဗျာကို၊ ပြည်ရွာညွှန့်ဖူး၊ နန်းဘုံဆောင်ဖြင့်၊ ပြောင်ပြောင်တောက်ကော၊ မြို့မြောက်ဦး၌၊ ပျော်မြူးစဖွယ်၊ ကျောက်ရစ်ကေဟု၊ အမည်သာယာ၊ ရပ်မဟာတွင်၊ ပညာပြည့်ဝ၊ ဟာသဉာဏ်နှင့်၊ မောင်စံလှဟု၊ နာမသညာ၊ ငါဆရာလျှင်၊ ကဗျာစီတန်း၊ သာခြင်းသံကို၊ ကာရံဆန်းနှင့်၊ နှစ်ခန်းမြောက်စွာ၊ ကုံးပြီးပါ၍၊ ဖတ်နာသူများ၊ ဆီးလိပ်ချိုနှင့်၊ ကွမ်းကိုစား၍၊ တန့်နားကြပေ၊ မြို့ဝေသာ၏၊ ကြောင်းရာထုံးကို၊ (ပျောက်)

# မြို့တည်နန်းတည်ခန်း

## အခန်း(၃)

(၁၆) တခန်းမယေရပ်ခို၊ နောက်ထပ်မံ၍၊ ကာရန်ဆန်းနှင့်၊ တခန်းဆိုမည်၊ မောင်ပျိုသက်ထား၊ ပန်းစံပယ်မှာ၊ မောင်စကားကို၊ ထောင်နားဆင်ပါ၊ မြို့ဓညာကို၊ ပိုင်ကာစိုးငြား၊ မင်းဆက်နွယ်လေ၊ နှစ်ဆယ့်ငါးတွင်၊ နောက်ဖျားဆုံးစွန်၊ အုပ်စိုးစံကော၊ နိုင်ငံမျက်ရှု၊ မဟာနွယ်လေ၊ မင်းကေတုမှာ၊ သားဦးပတ္တမြား၊ လက်ရုံးရောင်ဖြင့်၊ ပြောင်ပြောင်ထွန်းကော၊ စန္ဒြားကို၊ မင်းဖျားရာဇာ၊ တရံခါဝယ်၊ အင်္ဂါလေးရပ်၊ စစ်သေနာဖြင့်၊ ရံကာပတ်လို့၊ မှူးမတ်စုံစွာ၊ မြို့ဓညာက၊ ထွက်ခါသုတ်သုတ်၊ ခရီးတာကို၊ သင်္ချာထုတ်သော်၊ ဂါဝုတ်နှစ်ပြန်၊ ရပ်မျက်နှာကို၊ မှန်းကာထောက်သော်၊ နောက်မြောက်ယံတွင်၊ ရောက်ပြန်ကာလ၊ ကုန်းကမ်းမြီမှာ၊ ဗိုလ်ခြီဝန်းကော၊ စခန်းချလို့၊ မြို့ပြအင်္ဂါ၊ လက္ခဏာနှင့်၊ ညီစွာတင့်တယ်၊ ကျုံးပတ်ရံ၍၊ တပ်ခြံဆီးကော၊ မြို့ကြီးတည်လို့၊ ဂုဏ်ရည်ထူးမြင့်၊ နန်းဝေယံဖြင့်၊ စံမန္ဒူးကော၊ ကံသုံးဆင့်ဟု၊ နန်းမြင့်သညာ၊ ထိုမြို့ရွာမှာ၊ ရာဇာစန္ဒြား၊ မတ်တော်ဝန်နှင့်၊ ခြံရံငြားလို့၊ စံစားပျော်ရာ၊ ထိုအခါတွင်၊ ဗိုလ်ပါဆင်မြင်း၊ မိုးတွင်းခါဝယ်၊ ယင်နာရောက်ကော၊ သီပျောက်ခြင်းကြောင့်၊ နန်းတွင်းဘုံသာ၊ ဆောင်သီဟာတွင်၊ ရာဇာမင်းလှ၊ မတ်များစွာနှင့်၊ တိုင်ပင်ကြသော်၊ ဗေဒကျွမ်းကျင်၊ ကျမ်းစုံသင်၍၊ မြော်မြင်နှမ့်သိ၊ တိုင်းနိုင်ငံမှာ၊ လွန်ကျော်ဇောကော၊ ပရောဟိတ၊ ကဝိမတ်ဝန်၊ လျှောက်တင်ဟန်ကား၊ အလွန်ကျော်ကြား၊ မင်းရာဇိန်လေ၊ စနီသားမှာ၊ ထွက်လားခီဘိ၊ ဆန်းစကြံ၍၊ ကဆုန်ကူးကော၊ ဗုဒ္ဓဟူးနိတွင်၊ သိမ့်သိမ့်ကျော်ညာ၊ နောက်မျက်နှာတွင်၊ သိင်္ဂါနန်းမြင့်၊ ဆောက်စိုက်သွယ်၍၊ မြို့ပြည်ပြောင်းကော၊ ကြောင်းပသင့်၍၊ နန်းမြင့်တည်ရာ၊ ပြည်အောင်ချာတွင်၊ နာနာဘာဝါ၊ ဖုတ်ပြိတ္တာရို့၊ ဝင်ကာရောက်ကော၊ ပယောဂကြောင့်၊ မုချအမှန်၊ လူများစွာ၏၊ ခန္ဓာသက်လျှင်၊ ပျက်ရပြန်ဟု၊ ထိပ်စွန်လက်ထား၊ လျှောက်တင်ပုံကို၊ မယုံငြား၍၊ ပယ်ထားပြီးလျှင်၊ နောက်ထပ်မံ၍၊ မတ်ဝန်များကို၊ ပြောကြားအင်ကား၊ မြော်မြင်ဉာဏ်ဟိ၊ အဖြာဖြာကို၊ လိမ္မာတတ်ကော၊ မတ်ကဝိရို့၊ သဖောလက္ခဏာ၊ ရင်းအချာဖြင့်၊ ရောဂါကင်းကြောင်း၊ တတ်ကြည်ပွန်၍၊ လွန်ထင်ရှားကော၊ သမားကောင်းနှင့်၊ ဆီးကောင်းနည်းနာ၊ အဖြာဖြာကို၊ ယင်စွာခဏ၊ သိဟိပြန်သော်၊ ငါ့ထံမှောက်မှာ၊ လျှောက်ထားကြဟု၊ ချသည့်အာဏာ၊ ထိုအခါတွင်၊ သက်ဝါကြီးမြောက်၊

ပညာရှင်၍၊ ကျော်ထင်လတ်ကော၊ မတ်တယောက်က၊ တင်လျှောက်တုံကျင်၊ နန်းကြီးသျှင်ကော၊ ဘုရင်ဘုန်းခေါင်၊ ကြွင်းမကျန်အောင်၊ ကျွန်ုပ်စကားကို၊ ရွှေနားထောင်ပါ၊ များမြောင်လူသား၊ ဖြစ်ပွားပါကော၊ ရောဂါများကြောင့်၊ ပျက်ပြားတုံပါ၊ ဤကြောင်းရာကား၊ မိစ္ဆာစုံးဖုတ်၊ နတ်ပြိတ္တာလေ၊ နာနာရုပ်ရို့၊ ပြုလုပ်တုံကြ၊ ပရောဂလေ၊ ဒေါသမဟုတ်၊ ကျမ်းအညွှန်နှင့်၊ မှန်သရုပ်ကို၊ ဖော်ထုတ်လျှောက်သာ၊ ပြရပါမူ၊ ရာဇာစံမြန်း၊ မြို့တခိုကို၊ ရီညိုဝန်းလို့၊ ညစ်ညမ်းရှုံ့နှံ့၊ အင်းအိုင်ရံကော၊ ပုဇွန်လိပ်ငါး၊ ပျော်မြူးအင်ကော၊ မှတ်ခြင်များ၍၊ တွင်ငြားနာမ၊ များလူဗိုလ်ရို့၊ ခေါ်ဆိုပြောကော၊ နောပကဟု၊ ဒေသဤမှာ၊ မိုးချိန်ခါတွင်၊ မရွာမသွန်၊ မိုးခေါင်ပြန်သော်၊ ပူလွန်ပြင်းပြ၊ လူများစွာရို့၊ ရောဂါရ၍၊ ဝါတပုတိ၊ မည်ဟိတွင်ပြီ၊ ခေတ်နှစ်လီမှာ၊ ကဲလွန်တုံထ၊ ငုတ်တုံပါကော၊ အာကာသကြောင့်၊ ဥဏှတေဇော၊ တွင်းသဏ္ဍာန်မှာ၊ လွန်ပြန့်ပြော၍၊ ပျက်ချော်တလီ၊ ပထဝီကြောင့်၊ အမှီမရ၊ ဝါယောကန်၍၊ ဝမ်းသွန်ခြင်းမှာ၊ ထန်ပြင်းလှ၏၊ ထိုကတဖန်၊ ကူးစက်ဟန်မှာ၊ ညီနံပုတ်ငြား၊ ယိုစီးကျင်ကော၊ မစင်အားကို၊ ယင်းများအုံကာ၊ စားသောက်ပါ၍၊ ပျံကာတခြား၊ လူများစွာ၏၊ အစာများမှာ၊ နားလတ်တုံဘိ၊ ထိုအစာကို၊ ယူကာပွားကော၊ စားသောက်မိ၍၊ ဖြစ်သည့်ရောဂါ၊ ထိုအနာမှာ၊ မြန်စွာကူးစက်၊ ဤပုံစံသို့၊ ပြန်ကာပြောင်းကော၊ ထောင်သောင်းဆက်၏၊ တချက်နောက်မှာ၊ ဤရောဂါ၏၊ ဖြစ်ရာမူလ၊ သောက်သုံးနီကော၊ ရီကစဟု၊ ရှိကမိန့်မှာ၊ စကားလာကြောင့်၊ ခုခါထင်လင်း၊ ဤပြည်ရွာမှာ၊ ရောဂါကင်းအောင်၊ ရီတွင်းရီကန်၊ သန့်ယှင်းရန်ကို၊ ကောင်းမွန်ပြုငြား၊ နောင်တလီတွင်၊ သောက်ရီများကို၊ ကြိုထားတုံပြန်၊ ယင်နားလာကော၊ အစာများကို၊ မစားရန်တည်း၊ တဖန်သိအပ်၊ စွတ်စိုစိုနှင့်၊ ထိုအဝတ်ကို၊ မကပ်ယှောင်ခွာ၊ အိမ်တခွင်လေ၊ ပြင်အတွင်းပါ၊ သန့်ယှင်းရာဟု၊ ကျမ်းလာစကား၊ ဤနည်းလာကို၊ ဆောင်ကာထားလျှင်၊ ကြီးထွားလှစွာ၊ ဤရောဂါလျှင်၊ ကင်းကွာလိမ့်မည်၊ မင်းဘုရင်ကို၊ ဦးတင်မြှောက်လို့၊ လျှောက်လတ်ပေသော်၊ ဘုန်းကြွယ်မင်းလှ၊ မတ်တော်ဝန်၏၊ တင်ဟန်များကို၊ ရှင်အားရ၍၊ များစွပြည်သူ၊ ခဿိန်းသူရို့၊ ထပ်တူထပ်မျှ၊ နည်းယူသင်၍၊ အားအင်ထုတ်ကော၊ ပြုလုပ်ကြဟု၊ ချသည့်အာဏာ၊ ထိုအခါတွင်၊ ပြည်ရွာအတွင်း၊ ထိုနမူကို၊ စံယူထုတ်ကော၊ ပြုလုပ်ခြင်းကြောင့်၊ မြို့တွင်းပြည်ရွာ၊ ထိုယင်နာမှာ၊ မြန်စွာကင်းပျောက်၊ ပြည်ကြီးသျှင်မှာ၊ ရှင်ဝမ်းမြောက်လို့၊ တင်လျှောက်နည်းညွှန်၊ မတ်တော်ဝန်ကို၊ ဆုမွန်ချထွေ၊ သီဟာပျံနှင့်၊ ဝေယျံနန်းမှာ၊ ချီမွမ်းရေလေး။

(၁၇) ချီမွန်းမယေသြဘာ၊ ပြတုံပါကော၊ ရာဇာထွတ်ထား၊ တအေကာမှာ၊ တေဇာလွှမ်းကော၊ စန္ဒားလျှင်၊ တည်ထားစံလင့်၊ များဗိုလ်တာရို့၊ ပျက်ကာဆုံးကော၊ ကံသုံးဆင့်၍၊ ထီးဖွင့်မကြာ၊ တနှစ်တာတွင်၊ စွန့်ခွာပြီးလစ်၊ သက္ကရာဇ်လျှင်၊ နှစ်ရာ့လေးဆယ်၊ ကိုးခုဝယ်တွင်၊ ဌာနေသီရိ၊ သေအချာဖြင့်၊ ဝေသာလိကို၊ ပြောင်းရွှိတည်ထောင်၊ မတ်များမြောင်နှင့်၊ ရှင်မညီးအောင်၊ စံပြီးနောင်တွင်၊ ပြည်ဘောင်တရိုး၊ ရွှေပြည်သူလေ၊ လူအများရို့၊ စီးပွားတိုးအောင်၊ ပန့်ပိုးကောင်းစွာ၊ ဆယ်မြောင်းတာနှင့်၊ လယ်ယာများပြား၊ တိုးချဲ့ပြန်ကော၊ စီမံထားလို့၊ တပါးနောက်တွင်၊ တိုင်းပြည်ခွင်၌၊ လူသျှင်အများ၊ သီရောဂါရို့၊ ကင်းကွာငြားအောင်၊ ဆီးဝါးပညာ၊ သင်အံ့ငှါလျှင်၊ တရွာတယောက်၊ မင်းရာဇာကော၊ ဘဏ္ဍာထောက်လို့၊ တတ်မြောက်အောင်ပင်၊ မြတ်ဆရာနှင့်၊ ဝေသာမြို့မှာ၊ ခေါ်လို့သင်၍၊ လူသျှင်သီးသီး၊ တိုင်းမြို့ရွာမှာ၊ ကျမ္မာရီးကို၊ အားပီးကူညီ၊ တတ်လိမ္မာကော၊ ဆရာများနှင့်၊ ကုစားစီလို့၊ တလီထိုမှ၊ ရောင်းအဝယ်ကို၊ တွင်ကျယ်လှအောင်၊ မောင်းကရာဇူ၊ ဟောင်းသစ်ဟူ၍၊ ညီတူပြုငြား၊

ရွှေပြည်သူရို့၊ သုံးတုံငြားကော၊ သွန်းထားသေချာ၊ လွန်ကြည်လင်၍၊ ငွေစင်ပြားကော၊ ဒဂ်ါးမှာလျှင်၊ မဟာစန္ဒြား၊ မြတ်ဘုန်းမိုကော၊ ထိုမင်းများ၏၊ မွီးဖွားတုံပြန်၊ စနီနံကို၊ အမှန်ခပ်နှိပ်၊ ကြံစုံပြန်ကော၊ နွှားတံဆိပ်နှင့်၊ ရောင်ဖိတ်ဝင်းဖြာ၊ တဖက်မှာတွင်၊ ရာဇာဆောင်းထိုက်၊ နာရဏီလေ၊ သိင်ဂီစစ်ကော၊ မကိုဋ်မှုပုံစံ၊ နောက်တဖန်ကား၊ ကြာလွန်ရှိုက၊ မြို့ဧညာမှာ၊ တေဇာပကော၊ သူရိယရာဇာ၊ ဆက်နွှယ်လာဟု၊ ပေါ်ကာညွှန်ပြ၊ စုံအညီကော၊ နီနှင့်လကို၊ ပီသကောင်းမွန်၊ မကိုဋ်တော်၏၊ အပေါ်ထိပ်မှာ၊ ခပ်နှိပ်ပြန်၍၊ ပုံစံနှစ်ရပ်၊ ငါးမူးဟူ၍၊ သုံးယူစွဲကော၊ မူခွဲခတ်နှင့်၊ တချပ်သုံးရန်၊ နှစ်ပုံစံကို၊ သွန်းပြန်များပြား၊ ရခိုင်ပြည်လေ၊ နယ်အနှံ့မှာ၊ ဖြန့်လပ်ငြားသော်၊ ဖောက်ကားရောင်းဝယ်၊ အသွယ်သွယ်မှာ၊ တွင်ကျယ်ပြန့်ပြော၊ မြစ်နဒီလေ၊ ရီတကြောမှာ၊ သဘော်လှီယင်၊ လောင်းလွန်းကြင်ရို့၊ ထွက်ဝင်သောင်းသောင်း၊ တခြားပြည်က၊ ကုန်သည်ပေါင်းလည်း၊ ရောင်းရန်ဝယ်ရန်၊ လာကြပြန်သော်၊ ကုန်ဝန်တင်ချ၊ သွယ်အယူကော၊ လွယ်ကူလှအောင်၊ လှပခိုင်မာ၊ ကျောက်များစွာဖြင့်၊ စီကာလုပ်ထား၊ ဆိပ်ကမ်းခြီမှာ၊ ကျောက်လှီကားကို၊ စန္ဒြားမင်းမွန်၊ ပြုလုပ်ပြန်၍၊ ငွေခွန်တိုးပွား၊ ဝေသာလီမှာ၊ လွန်စည်ကားလို့၊ ဘုရားမြတ်စွာ၊ သာသနာကို၊ ပမာနီလ၊ ထိန်ထိန်ဖြာကော၊ ရောင်ဝါပအောင်၊ မစကောင်းစွာ၊ ဆောင်ရွက်ကာဖြင့်၊ ဝေသာကြင့်နှ်း၊ ရွှေနန်းဆောင်မှာ၊ ဘုန်းရောင်ထွန်းလို့၊ စံမြန်းပျော်ရာ၊ နန်းသက်မှာကို၊ ရှိကာတွက်သော်၊ ငါးဆယ်ကျော်၍၊ စွန်းပေါ်ခုနစ်၊ ပွားတက်လာကော၊ ကောဇာနှစ်ကို၊ တွက်စစ်ပြန်မြောက်၊ ကိန်းသင်္ချာလေ၊ သုံးရာခြောက်တွင်၊ ဘုန်းတောက်ပါရမီ၊ မဟာဆီွကော၊ သာဂီမင်းမျိုး၊ သက်အရွယ်လျှင်၊ သျှစ်ဆယ့်ကိုးမှာ၊ ပျက်ညှိုးဇာတာ၊ မြို့ဝေသာကို၊ စွန့်ကာတဖန်၊ ရုပ်ခန္ဓာလေ၊ ပျက်ကာယွင်းကော၊ နတ်နန်းစံလို့၊ တဖန်နောက်မှ၊ သူရိယဟု၊ ရာဇစန္ဒြား၊ မတ်ပေါင်းရံ၍၊ စိုးစံငြားကော၊ ထင်ရှားကျော်ဟိုး၊ နှင်းသက်ဝေလျှင်၊ လေးဆယ်ကိုးတည်း၊ နွှယ်ရိုးဝံသ၊ ဆက်နွှယ်ပြန်၍၊ ဘုန်းကံပကော၊ မောလရာဇာ၊ နန်းစံမှာကား၊ အဌာစာရ၊ မင်းပေါလလျှင်၊ ရက္ခပူရီ၊ ဝေသာလီကို၊ ခွန်စီစိုးမြောက်၊ မြဲမသွယ်ကော၊ လေးဆယ်ခြောက်နှင့်၊ ထိုနောက်တဝ၊ ပြင်းအာဏာနှင့်၊ မင်းကာလလျှင်၊ နဝစတ္တာ၊ မြို့ဝေသာကို၊ စံလာပြီးမြောက်၊ မင်းပြည်ပိုင်လေ၊ စဉ်မပျက်ကော၊ ငါးဆက်ရောက်သော်၊ ထက်အောက်လွှမ်းကျော်၊ တုမပေါ်အောင်၊ ဘုန်းတော်ကြီးလှ၊ တိုင်းနိုင်ငံကို၊ စိုးပြန်ရကော၊ ထူလစန္ဒြား၊ တွင်ငြားတဖြာ၊ အာနန္ဒာဟု၊ သညာဘွဲ့ရ၊ ထိုဘုရင်မှာ၊ ကြင်မဝကော၊ အလှကြံညီ၊ ရူပိနီဟု၊ ဒေဝီရတနာ၊ ဘွဲ့သညာမှာ၊ ကုမ္မာမိဖုရား၊ လှအောင်ချာကို၊ တောင်ညာထားလို့၊ စံစားတုံလစ်၊ မှတ်သင်္ချာလေ၊ ကောဇာနှစ်လျှင်၊ တွက်စစ်ငါးရာ၊ ရောက်သောခါတွင်၊ သုံးဖြာပိဋကတ်၊ မြတ်ဇိနော်လေ၊ ဟောဖော်ဘိကော၊ ပရိယာတ်ကို၊ ကြီးချပ်၌မှာ၊ ရွှီးထိုးကာဖြင့်၊ သံဃာယနံ၊ ပဥ္စနံကို၊ မင်းမွန်စောထီး၊ မြို့ဝေသာမှာ၊ သံဃာများနှင့်၊ တင်ထားပြီးသော်၊ ပျက်စီးပြန်ခါ၊ နောက်ရာဇာရို့၊ ထပ်ခါပြုစု၊ လုပ်နိုင်ရန်ကို၊ စိတ်ကြံပြုလို့၊ ကောင်းမှုဒါန၊ တာသုံးထောင်နှင့်၊ ဂေါင်အချုပ်ကော၊ သင်္ဂုတ္တဟု၊ နာမတွင်ခြင်း၊ သရက်ရွာနှင့်၊ လက်ကာတွင်းကို၊ စိတ်ရင်းဖြူစွာ၊ လှူလတ်ပါ၍၊ အက္ခရာရွီးမှတ်၊ ကြီးချပ်လွှာမှာ၊ ကောင်းစွာနှိပ်ကော၊ တံဆိပ်ခတ်လို့၊ မင်းမြတ်ဘုန်းကြွယ်၊ သေအချာဖြင့်၊ ရှည်ကြာမှတ်အောင်၊ ထားလတ်တေလေး။

(၁၈) ထားလတ်ငြားကော၊ စန္ဒြားရာဇာ၊ အာနန္ဒာလျှင်၊ ဘာသာကောင်းကျိုး၊ စည်ပင်သာအောင်၊ ပြည်ရွာကျိုးကို၊ အားကြိုးစိတ်ကြံ၊ လုလသန်၍၊ စီမံပြုလိုက်၊ ရှိဘုန်းကံကြောင့်၊ နန်းစံစိုးကော၊ ဆယ့်ကိုးနှစ်တွင်၊ သက္ကရာဇ်ကောဇာ၊ တွက်စစ်ခါဝယ်၊ ငါးရာတဆယ်၊ ခုနှစ်ကယ်တွင်၊

ကံခေဆိုးလှ၊ မြတ်ရာဇာမှာ၊ နတ်ရွာကြွသော်၊ သားလှသက်နှံ၊ တိုင်းနိုင်ငံကို၊ ပိုင်စံစိုးဘိ၊ ထူးကဲလွန်၍၊ ဘုန်းကံဟိကော၊ သီရိစန္ဒြား၊ တသာဂီတ၊ ဇာနီဖွားမှာ၊ သက်ထားကြင်ယာ၊ သာဝိတာဟု၊ တောင်ညာနှမ၊ နတ်ဆင်းညီကော၊ ဒေဝီလှကို၊ ကဥ္စနမာလာ၊ ဘွဲ့သညာဖြင့်၊ တင်ကာမြှောက်ထား၊ အတန်တန်လေ၊ မတ်ဝန်များနှင့်၊ ခစားရံပတ်၊ ညီးလူလူဖြင့်၊ ထီးဖြူမိုးကော၊ အုပ်စိုးလတ်လို့၊ လွှမ်းပတ်ကျော်လစ်၊ နန်းဘုံပျံမှာ၊ စံသည်နှစ်ကို၊ ရှိစစ်တွက်ကျုံး၊ နှစ်လေးဆယ်နှင့်၊ စွန်းကေသုံးတွင်၊ ရှိတုံးစဉ်လာ၊ နှစ်ကောဇာလျှင်၊ ငါးရာခြောက်ဆယ်၊ ရောက်ခါဝယ်တွင်၊ သုံးသွယ်ပိဋကတ်၊ စောဗုဒ္ဓါ၏၊ မြွက်ခါထုတ်ကော၊ မုက္ခပါတ်ကို၊ ပြီးပြတ်စုံစွာ၊ ကြီးချပ်မှာ၍၊ သံဃာများမြောင်၊ ပေါင်းနှစ်ထောင်နှင့်၊ ရွက်ဆောင်ကျန၊ မြောက်အချိန်ခါဝယ်၊ ငါးရာခြောက်ဆယ်၊ ရောက်လတ်ပေကော၊ ထိုသည်သက္ကရာဇ်၊ ခန့်ကြုံပါကော၊ ကောဇာနှစ်ကို၊ ဖြိုပစ်ပြီးခါ၊ တစ်သင်္ချာမှ၊ စကာရှိလစ်၊ တက်ပွားပါကော၊ ကောဇာသစ်လျှင်၊ တွက်စစ်နှစ်ဆယ်၊ ကိုးခုကေတွင်၊ ဘုန်းကြွယ်ရာဇာ၊ စုတိပြန်၍၊ နတ်ထံကြွသော်၊ သိင်္ဂစန္ဒြား၊ သားသက်နှံလျှင်၊ နန်းစံငြားလို့၊ ညာထားနှမ၊ သွန်းရုပ်ဟန်သို့၊ သုဝဏ္ဏနှင့်၊ တူကွမကွာ၊ တိုင်းရက္ခာကို၊ အာဏာဖြန့်မိုး၊ ချုပ်အချာဖြင့်၊ အုပ်ခါစိုးလို့၊ အမျိုးဘာသာ၊ သာသနာကို၊ လွန်စွာမြှောက်စား၊ မြို့ပြည်ရွာလျှင်၊ သာယာငြားအောင်၊ ဆယ်ပါးဓမ္မ၊ ရှိစဉ်လာကော၊ ရာဇထုံးကို၊ နှလုံးမှု၍၊ သင်္ဂဟလေးတန်၊ ဒါနဝှန်၍၊ နန်းစံစိုးမြောက်၊ နှစ်ကြာရှည်ကော၊ ခြောက်ဆယ်ခြောက်တည်း၊ ထိုနောက်တဖြာ၊ နှစ်ကောဇာကား၊ ပဥ္စာနဝ၊ ရောက်သောချိန်၌၊ ဇရာကျလို့၊ ရာဇဘုရင်၊ ကုသိုလ်ဟုန်လျှင်၊ ကုန်ကာခန်းကော၊ နတ်နန်းဝင်လို့၊ ထိုပြင်နောက်မှ၊ နှုံးမတန်အောင်၊ ဘုန်းကံပကော၊ စူဠစန္ဒြား၊ တွင်မည်ဆိုကော၊ ထိုမင်းသားမှာ၊ ညာထားနှမ၊ တိုက်လေးတောင်မှာ၊ ကိုယ်ရောင်ပကော၊ စန္ဒဒေဝီ၊ မဟေသီနှင့်၊ ရွှေစံဘုံနန်း၊ မှူးမတ်ဝန်ရို့၊ ပတ်ရံဝန်းကော၊ စံမြန်းပျော်ရာ၊ တရံခါတွင်၊ ရာဇာမင်းဖျား၊ ဦးရစ်နာလျှင်၊ ဖြစ်လာငြား၍၊ ဆီးဝါးစုံစွာ၊ အဖြာဖြာနှင့်၊ ဆရာအများ၊ အတန်တန်လျှင်၊ ကုပြန်ငြားလည်း၊ ဖြစ်ပွားရောဂါ၊ မချမ်းသာသော်၊ ရာဇာဘုန်းဟိ၊ မတ်စုံလင်နှင့်၊ တိုင်ပင်ညှိလို့၊ ကဝိဉာဏ၊ ရွှေတိုင်းတောင်မှာ၊ ဂုဏ်ရောင်ပ၍၊ သာမယဇ္ဈ၊ ဣသျှတွင်ထား၊ ကျမ်းသုံးဘုံကို၊ တတ်တုံငြားကော၊ ဟူးရားအကျော်၊ ပုဏ္ဏားတော်ကို၊ ပင့်ခေါ်ယူလျှက်၊ မင်းရာဇာ၏၊ ဇာတကြွက်ကို၊ တွက်ချက်သောခါ၊ ဖြဟ္မဏာကော၊ ဆရာမြတ်မှာ၊ ဟောလတ်ရာကား၊ မဟာတေဇ၊ ဘုန်းတော်ဟိန်နှင့်၊ ထိန်ထိန်ပကော၊ မင်းလှဘုန်းကြွယ်၊ လွန်စည်ပင်၍၊ ရှင်မညီးကော၊ သင်းထွီးပြည်တွင်၊ ရှိဝေတဝ၊ အကုသိုလ်လေ၊ ပိုမိုကြီးကော၊ ခွီးဖြစ်ခလို့၊ သီသတွင်ပြန်၊ ဦးဝေါင်းခွံကို၊ ပင်သန်ရိပ်ဝန်း၊ မြညောင်ညိုလျှင်၊ မျိုကာလွှမ်းလို့၊ ကုန်ခမ်းဆောင်းလ၊ ရွက်ကျင်ပြန်၍၊ ဂိမှန်တွင်းမှာ၊ လီပြင်းထသော်၊ ကိုင်းမခက်သံ၊ ဘယ်ညာလန်၍၊ လှုပ်ပြန်တုံကြ၊ သို့တွက်တာကြောင့်၊ ရောဂါရလို့၊ လျှင်ဆွမကြာ၊ ဦးရစ်နာလေ၊ ရောဂါကောင်းရီး၊ ပင်ညောင်ညိုကို၊ ဖျက်ဖြိုလှီး၍၊ မီးနှင့်လည်းတိုက်၊ ဖွီးဖွီးဖြူ၍၊ ပြာပုံဖြစ်လျှင်၊ စင်စစ်မှန်စွာ၊ ဤအနာမှာ၊ ကောင်းပါလိမ့်မည်၊ မင်းဘုရင်ကို၊ ဦးတင်မြှောက်လို့၊ လျှောက်လတ်ပေသော်၊ ဌာနေသီရိ၊ သင်းထွီးပြည်ဟု၊ အမတ်ဟိကော၊ ဘုမ္မိသုဝံ၊ ရွှေတိုင်းဖောင်မှာ၊ မြရောင်လွှမ်းကော၊ ညောင်နန်းထံသို့၊ လျှင်မြန်မကြာ၊ မြတ်ဗိုလ်တာဖြင့်၊ ရံကာပတ်ဝန်း၊ လှီနာဝါဖြင့်၊ ချီကာလှမ်းလို့၊ ထူးဆန်းတင့်တယ်၊ များလူသျှင်ရို့၊ ရှင်မညီးကော၊ သင်ထွီးပြည်တွင်၊ ရောက်ပေတုံလစ်၊ ပင်ညောင်ညိုကို၊ လှဲဖြိုပစ်လို့၊ မီးတိုက်ပြီးထွေ၊ မိမိပြည်ကို၊ ပြန်သည်ကာလ၊ သမုဒ်ကျယ်ကော၊ ပင်လယ်ဝတွင်၊ ပြင်းပြလီဟုန်၊ တိုက်လတ်တုံသော်၊ ဗလုံထိုးကြွ၊ ကျွတ်ကျွတ်ဆူ၍၊ ယက်ဖြူဆိုင်းကော၊ လှိုင်းကြီးထလို့၊ များလှရာထောင်၊ လှီများမြောင်နှင့်၊

ဘုန်းခေါင်စောထီး၊ စီးကာပျော်ရေ၊ လှီတော်ကြီးမှာ၊ ပျက်စီးမြုတ်နစ်၊ သမုဒ်ကျယ်ကော၊ ပင်လယ်မြစ်မှာ၊ ဧကရာဇ်ဘုန်းကြွယ်၊ သက်ခန္ဓာလေ၊ ရှိမှာတုံးကော၊ ဆုံးလီရေလေး။

(၁၉) ဆုံးပျက်ပါကော၊ ရာဇမင်းလှ၊ နန်းစံလီကော၊ သတ္တိသနှင့်၊ သက်ကားငါးဆယ်၊ ခြောက်နှစ်ကေတွင်၊ ရောက်သည်ကောဇာ၊ သက္ကရာဇ်ကို၊ တွက်စစ်ပါသော်၊ ဧကောတိအစ်၊ ကိန်းသင်္ချာလျှင်၊ မှန်စွာဖြစ်လို့၊ မြနှစ်ပုံချီ၊ မဟာဆွိကော၊ ဇာနီမှန်ငြား၊ ဘုန်းတော်ဖြာ၍၊ အာဏာလွှမ်းကော၊ စန္ဒြားဟု၊ ထင်ရှားကျော်မြောက်၊ ပြည်ရခိုင်မှာ၊ မည်မပျက်ဘဲ၊ ကိုးဆက်မြောက်တွင်၊ ပြတ်တောက်ပြီးထွေ၊ မြို့ဝေသာမှာ၊ ထိုခါတုံးကော၊ ဆုံးလီရေဟု၊ ကျော့မေနှမ၊ ပန်းဖြူအောင်လေ၊ ပျိုမောင်ချောကို၊ ပြောလတ်ကလျှင်၊ လှပဝင်းပြောင်၊ ပန်းဖြူအောင်က၊ ဇောင်လည်းတသွယ်၊ သိလိုရာကို၊ ခွဲကာခြမ်း၍၊ မီးမြန်းရေကား၊ တင့်တယ်သန့်ယှင်း၊ လှမယ်ပျို၏၊ ပြောဆိုခြင်းနှင့်၊ မိုးတွင်းအခါ၊ မောင်ရို့ရွာက၊ ကျမ်းစာတတ်လှ၊ သက်ကြီးအိုကော၊ မောင်ညိုဘ၏၊ ပြောပြခြင်းရာ၊ ဝတ္ထုပုံမှာ၊ မူလျှင်ကွဲကော၊ နဲနဲကွာဟု၊ ထိုခါကာလ၊ ကွဲခြင်းရာကို၊ ထောက်ခါပြလျှင်၊ ယှင်းပါရစီ၊ ရွှေရုပ်သွင်သို့၊ သဇင်ခက်ကော၊ မောင်သက်ဝီဟု၊ မယ်ရှိန်နှမ၊ နှုတ်သံချိုနှင့်၊ ပြောဆိုပြလျှင်၊ မေလှပြောကျင်၊ ရာဇဝင်၌၊ ဘုရင်မင်းဖျား၊ ဘုန်းတော်ရောင်ဖြင့်၊ တောက်ပြောင်လှမ်းကော၊ စန္ဒြားလျှင်၊ ကြီးများကျယ်စွာ၊ မြစ်သီတာတွင်၊ နာဝါကွဲအက်၊ သက်ခန္ဓာလျှင်၊ ရှိမှာပျက်ဟု၊ ဆိုချက်တဝ၊ သက်ကြီးအိုကော၊ မောင်ညိုဘကား၊ တေဇလျှံကြွား၊ စန္ဒြားကို၊ နဂါးရာဇာ၊ နှစ်ယူကာဖြင့်၊ သီးချာသက်မျှ၊ ယဉ်နုနယ်၍၊ ရွယ်မကြီးကော၊ သမီးလှနှင့်၊ တူကွနှစ်ဖြာ၊ ဘောဂပြည်လေ၊ ဌာနေရပ်မှာ၊ လက်ထပ်ခါဖြင့်၊ ဟိပါလီရေ၊ သက်ကြီးအိုကော၊ မောင်ညိုဘက၊ ပြောပြပေလို့၊ ဤသည်နှစ်ဝ၊ စကားလာမှာ၊ ခြားကွာကြဟု၊ မောင်ကပြောခါ၊ သိန်းကျော့ဝေလေ၊ မေအလှမှာ၊ ယှင်းပြရာကား၊ ကမ္ဘာလောက၊ တိုင်းနိုင်ငံလေ၊ အနန္တတွင်၊ များစွာဖြာဖြာ၊ ခပ်သိမ်းသူလေ၊ လူအများ၏၊ စကားမှာ၌၊ စဉ်လာတန်း၊ ပြောကြပေကော၊ မြို့ပြည်လုံးနှင့်၊ ရပ်သုံးရွာသုံး၊ နန်းလယ်တွင်မှာ၊ ဘုရင်သုံးဟု၊ ဆိုထုံးဟိရာ၊ ယခုမှာ၌၊ ဆိုကာထားကော၊ စကားလာလျှင်၊ ရာဇာမင်းသုံး၊ ဆန်းအယဉ်ကော၊ နန်းစဉ်ထုံးဖြင့်၊ ရွှေဘုန်းထင်ရှား၊ စန္ဒြားကော၊ မင်းဖျားဘုရင်၊ ဘောဂပြည်လေ၊ ဌာနေနန်းမှာ၊ စံမြန်းသျှင်ဟု၊ စာတင်ထားလို့၊ ရှည်လျားနှစ်တာ၊ ခေတ်များစွာလျှင်၊ ကြာကာပြောင်းရွှေ့၊ နောက်နောင်လာကော၊ ပညာဟိဟု၊ ကဝိဆရာ၊ အဖြာဖြာရို့၊ ကဗျာရတု၊ အဲအံ့ဆို၍၊ ထိုဝတ္ထုကို၊ ပြုစုသောခါ၊ စာနဂိုမှာ၊ အပိုသွင်းလို့၊ ရှိုးခြင်းရာကြောင့်၊ ပမာတင်အပ်၊ ရွှေသိင်္ဂီကို၊ ဖိုမှာနှောကော၊ ကြီးရောစပ်ယောင်၊ နောက်ထပ်တဖြာ၊ ဥပမာနှင့်၊ တူစွာသဘော၊ မုယောတန်လေ၊ ဆွမ်းဆံဖွီးမှာ၊ ကြွက်ချီးရောယောင်၊ အဟောရှိလွန်၊ သမိုင်းမှန်မှာ၊ ပိုချန်မုသား၊ လူများစွာရို့၊ နာသာငြားအောင်၊ နဂါးနန်းဘုံ၊ ယခုဆိုကော၊ ထိုမင်းဖျားမှာ၊ စံစားလှုံ့ဟု၊ တဖုံတနည်း၊ ရာဇဝင်မှာ၊ စာတင်ကွဲလို့၊ မှားလွဲပိုလွန်၊ ရှိုးထားဟန်ကို၊ ပန်းတန်ယဉ်နွဲ့၊ မောင်ပျိုဖြူမှာ၊ မယုံကဲ့နှောင့်၊ ထိုသည့်ထုံးမူ၊ အလုံးစုံကို၊ ယုံသူတချို့၊ မယုံသူလေ၊ လူတချို့နှင့်၊ နှစ်မျိုးကွဲပြား၊ ပြည်ရခိုင်လေ၊ မဏ္ဍိုင်တွင်းမှာ၊ အငြင်းပွားရေ၊ အမှားအမှန်၊ သိစီရန်ကို၊ တဖန်နည်းငယ်၊ နတ်ဆင်းယောင်သို့၊ မောင်ပန်းကုံးကို၊ ယှင်းအုံးမေလေ၊ ကြာရှည်နှစ်တာ၊ ဟိသောခါတွင်၊ မဟာစောထီး၊ ပြင်းအာဏာနှင့်၊ မင်းဘာကြီးလျှင်၊ ထိန်ညီးတေဇာ၊ တိုင်းနိုင်ငံကို၊ ပိုင်စံမိုးလို့၊ အုပ်စိုးခါတွင်၊ ရာဇာမင်းဘုန်း၊ နန်းရိပ်မြိုင်မှာ၊ လက်ကိုင်သုံးကော၊ တိုင်းလုံးကျော်စွာ၊ ဆီးဆရာဟု၊ ကြီးစွာဂုဏ်ဟိတ်၊ သီတင်းဝှန်းကော၊ နန်းတံဆိပ်နှင့်၊ ပဏ္ဍိတ်ကျော်ခေါင်၊

ခာတ်များစွာကို၊ ခွဲကာစမ်းကော၊ ပေါ်ထွန်းအောင်လျှင်၊ နောက်နောင်ရှည်လျား၊ ရခိုင်ပြည်မှာ၊ လူငယ်များရို့၊ သိကြိုးစားမှု၊ ဆန်းတဖန်လေ၊ ကျမ်းဂန်ပြုကော၊ ခာတုစိန္တာ၊ အမည်ဆိုကော၊ ထိုသည်ကျမ်းက၊ ညွှန်းပြရာတွင်၊ ကမ္ဘာမဟီ၊ ကုန်းထက်မြီမှာ၊ တူညီကျက်စား၊ သတ္တဝါလေ၊ ထောင်ရာများနှင့်၊ လူသားတတန်၊ တိရိစ္ဆာန်ရို့၊ ရုပ်နာမ်နှစ်ရပ်၊ တည်မြဲပြန်၍၊ ရှင်သန်လတ်အောင်၊ နှမ့်စပ်များစွာ၊ ဤကမ္ဘာတွင်၊ ဇီဝါခာတု၊ ငွေ့ရည်ပျိုကော၊ ထိုခာတ်စုလျှင်၊ ရီထုအောက်ဆိုင်၊ လီဝါယာနှင့်၊ သွင်းကာဖောက်ကော၊ မရောက်နိုင်၍၊ တောမြိုင်ကျက်စား၊ တိရိစ္ဆာန်ကော၊ ပိုးနှံများနှင့်၊ လူသားရို့သည်၊ ရီအောက်မှာလျှင်၊ ခန္ဓာသက်ကော၊ ဆုံးပျက်တေဟု၊ အတည်တကျ၊ ခာတ်ကျမ်းမှာလျှင်၊ ရှီးကာပြလို့၊ ဘောဂဒ္ဒာနေ၊ ရီအောက်မှာ၌၊ တည်ကာထားကော၊ နဂါးပြည်တွင်၊ ဘုန်းကြွယ်မင်းဖျား၊ တအေကာမှာ၊ တေဇာလွှမ်းကော၊ စန္ဒြားလျှင်၊ နဂါးသမီး၊ နန်းဘုံပျံမှာ၊ လှစံသီးနှင့်၊ ပျော်မွီးစပ္ပါယ်၊ ဟိပါရေဟု၊ ဆိုပေတုံငြား၊ ယုတ္တိယုတ္တာ၊ မဟိပါဘဲ၊ ဆိုရာများကို၊ ပျို့ထွားပန်းဖြူ၊ ကြားပြန်တုံလည်း၊ မယုံပါကဲ့၊ ရှိစာရို့တို့၊ အပိုချဲ့လို့၊ ရှီးခဲ့သည်သာ၊ သိန်းကျော့ဝေလေ၊ ပျိုမေချောက၊ ပြောသောခါတွင်၊ ဝမ်းသာရွှင်ပြုံ၊ ပန်းဖြူအောင်လေ၊ ပျိုမောင်ချောမှာ၊ သဘောကျလို့၊ နှမကျော့ဝေ၊ ယုတ္တိဖြာ၍၊ ရှည်ကြာလှအောင်၊ ယှင်းပြပေ၍၊ မောင်ဝေထင်လင်း၊ ဤပုစ္ဆာကို၊ သက်ာကင်းလို့၊ ယှင်းလတ်ပါပြီ၊ နောက်ဆက်ခါဖြင့်၊ ကြောင်းရာများကို၊ ကြားရစီဟု၊ ဆိုလီပြန်ကော၊ သိန်းကျော့ဝေလေ၊ မေအလှမှာ၊ မျက်စချိုမော၊ သမိုင်းစဉ်ကို၊ စဉ်မပျက်အောင်၊ ဆက်လို့ပြောရေ။

(၂၀) ဆက်ပြောပြန်ကော၊ လှီမြန်စီးကာ၊ ဖီးရန်စွယ်ကို၊ ကကြွယ်ပြုဖို့၊ ရှိဦးလာကော၊ သေနာမတ်စစ်၊ စွမ်းရည်သန်ကော၊ ထမ္မရာဇ်လျှင်၊ လျှပ်စစ်လီယောင်၊ မီးခိုးမှောင်သို့၊ တိမ်တောင်ညိုမြ၊ သမုဒ်ကျယ်ကော၊ ပင်လယ်ဝတွင်၊ မြင်ရတုံပြန်၊ သံကျော်ကျော်နှင့်၊ အော်ကာဟစ်လို့၊ ပြောလိုက်ဟန်ကား၊ လှီမြန်တော်သား၊ ရှိတပ်ချီကော၊ ဗိုလ်ခြီများရို့၊ ကြီးမားလှစွာ၊ အဏ္ဏဝါလေ၊ သီဒါတွင်းမှာ၊ လီပြင်းလာမည်၊ သို့ဖြစ်ပေ၍၊ ခုဝယ်ယင်ယား၊ စီးလာပြန်ကော၊ လှီမြန်များကို၊ တအားခတ်ကာ၊ မြစ်ကမ်းယံကို၊ အမြန်ကပ်အောင်၊ ကူးခတ်ပါဟု၊ သေနာဦးစီး၊ ဟစ်အော်ကာဖြင့်၊ အာဏာပီးသော်၊ လှီကြီးလှီငယ်၊ စီးကြပေကော၊ စစ်သည်စစ်မှုး၊ မြစ်ကမ်းယံသို့၊ အားမာန်တင်းကော၊ အပြင်းကူးလို့၊ အားလုံးစုံစွာ၊ ရောက်သောခါတွင်၊ လွန်စွာပြင်းလစ်၊ သမုဒ်ကျယ်ကော၊ ပင်လယ်တွင်းမှာ၊ လီပြင်းတိုက်လို့၊ မဖြစ်အန္တရာယ်၊ ရဲမက်တော်လေ၊ ဖော်တသင်းမှာ၊ လွတ်ကင်းချေ၍၊ ထိုသည်ကာလ၊ လီပြင်းဟုန်လေ၊ ရပ်တုံကလျှင်၊ သေနမဟာ၊ မင်းရာဇာကို၊ မျှော်ကာစောင့်လျှက်၊ ထိုနီရာတွင်၊ ထွက်ခါစစ်ကော၊ ခုနစ်ရက်ထိ၊ ကုန်းနှင့်ရီစပ်၊ မြစ်ကမ်းသာမှာ၊ ခြီရာထပ်အောင်၊ ရှာလတ်သောခါ၊ ဘုန်းရောင်ဖြာကော၊ ရာဇာတုလွတ်၊ စီးကာပျော်ကော၊ လှီတော်မြတ်လျှင်၊ ကွဲပြတ်ပိုင်းကာ၊ သမုဒ်ရီလေ၊ ကမ်းခြီစပ်မှာ၊ တွိလတ်ပါသော်၊ ထိုခါပြီးမှ၊ ပြည်ကြီးသျှင်လေ၊ သဇင်ကုန်းကို၊ အဆုံးချလို့၊ တိုင်းမအောင်ချာ၊ မြို့ဝေသာကို၊ ပြန်လာတုံကြ၊ အာဂိျတ်ဆိုကော၊ ထိုသည်ကျွန်းက၊ စခန်းချလျှက်၊ စန္ဒဒေဝီ၊ မဟေသီဟု၊ ကျော်ညီထင်ရှား၊ ရွှေနန်းတော်မှာ၊ စံပျော်ဟိကော၊ မိဖုရားကို၊ ယင်ယားတလီ၊ ကြောင်းခြင်းဟန်ကို၊ တမန်များနှင့်၊ လျှောက်ကြားခီသော်၊ ဒေဝီအလှ၊ ဆွဆွခုန်၍၊ ယမ်းပုံထဲမှာ၊ မီးခဲကျသို့၊ ဒေါသဖြစ်ကာ၊ အကောက်ကြံ၍၊ စိတ်မာန်ပြင်းနှင့်၊ ပြောခြင်းရာကား၊ ရာဇာဘုန်းကြွယ်၊ သင်းထွီးပြည်သို့၊ လားမည်ပြုခါ၊ စကားဆိုလျှင်၊ မေကိုညွှန်းကော၊ သုံးခွန်းမှာရေ၊ ပြည်ရွာထံမှောက်၊ မောင့်သက်နှံလျှင်၊ ပြန်မရောက်က၊

မင်းမြောက်အံ့ငှာ၊ အလောင်းရှာသော်၊ မောင်သာဆင်လတ်၊ နဝရတ်ကော၊ လက်စွပ်နှင့်မူ၊ တန်သောသူကို၊ မင်းမူစီအပ်၊ နောက်တဖန်လျှင်၊ ပြောပြန်လတ်ကော၊ လက်စွပ်တန်သူ၊ အဖန်ဖန်လျှင်၊ ရှာကြံကြ၍၊ မရမူလျှင်၊ ရှိတုံနန်းထဲ၊ မောင်လျှင်ကိုင်ကော၊ နန်းစဉ်လှဲ့ကို၊ ဆွဲကာလွယ်ကူ၊ တင်နိုင်သူကို၊ မင်းပြုပါစီ၊ နောက်တလီလျှင်၊ မှာသည်စကား၊ ညာနန်းစံမှာ၊ သန္ဓေသားကို၊ မြင်ဖွားတုံပြန်၊ အရွယ်တန်ကော၊ နိုင်ငံတိုင်းမ၊ ဘအမွီလေ၊ ရွှေကြငှန်းကို၊ စံမြန်းရယောင်၊ လှမေခေါင်မှာ၊ ကြံဆောင်မစ၊ သားသက်ဝီကို၊ ပီးလီရမည်၊ နန်းဘုံသာမှာ၊ အာဏာမှတ်လို့၊ မိန့်လတ်တေခါ၊ အမစွာလေ၊ သေနာပတိ၊ မတ်မဟာလျှင်၊ ရာဇာပါးမှာ၊ ခစားဟိလို့၊ ကြားသိလတ်ရာ၊ မင်းမြတ်စွာနှင့်၊ ငါရာစင်စစ်၊ လုံးရပ်ညီကော၊ တူသည်ဖြစ်၍၊ ရွှေနှစ်သိင်္ဂါ၊ ရတနာလေ၊ ရာဇာလက်စွပ်၊ သူ့လက်ကြွယ်မှာ၊ တန်မည်မှတ်လို့၊ မင်းမြတ်ကိုသာ၊ အဏ္ဏဝါတွင်၊ လွန်စွာရက်စက်၊ ရုပ်ခန္ဓာကို၊ ဖျောက်ခါဖျက်လို့၊ အရှက်မဟိ၊ မင်းပြုရန်ဟု၊ စိတ်ကြံဟိကော၊ ဆိုးဘိယုတ်မာ၊ မတ်မိစ္ဆာလျှင်၊ လိမ်ကာလှည့်လျှက်၊ အကောက်ညာဏ်နှင့်၊ တမန်ဆက်ဟု၊ သွက်သွက်လည်းခါ၊ စိတ်မန်ပါ၍၊ ကမ္ဘာမကြီ၊ ငါမသီကော၊ မနီစီရ၊ မြို့တိုင်းပြည်က၊ နှင်မည်ပဟု၊ မေလှတောင်ညာ၊ ကြိမ်းဝါးရာကို၊ သေနာထွတ်ထား၊ မတ်တော်ဝန်မှာ၊ နာခံပြင်းအောင်၊ သတင်းကြားလို့၊ ရှက်အားလည်းကြီး၊ တိုင်းမြို့ခွင်က၊ ကြင်မယားနှင့်၊ သားသမီးကို၊ ခေါ်ပြီးယူလျှက်၊ စစ်သေနာနှင့်၊ မြစ်ညာထက်ကို၊ ဆန်တက်ဝီးစွာ၊ သင့်မြတ်ရာမှာ၊ မြို့ရွာတည်ချ၊ များဗိုလ်ခြီနှင့်၊ နီလီကြသော်၊ တိုင်းမအောင်ချာ၊ မြို့ဝေသာမှာ၊ ရာဇာကင်းဘိ၊ ဆောင်ချက်လယ်ကော၊ ရဝေတွင်းမှာ၊ မင်းမဟိသော်၊ မူးကြီးမတ်ရာ၊ အဖြာဖြာနှင့်၊ တောင်ညာထွတ်ထား၊ ညီလာဝင်၍၊ တိုင်းပင်ပြောလို့၊ စန္ဒြားမင်းမွန်၊ အပ်ခဲ့ပြန်ကော၊ ပြည်တန်ဖိုးမြတ်၊ ရောင်ဝင်းစိုကော၊ ထိုလက်စွပ်နှင့်၊ စမ်းသပ်ပြီးခါ၊ မြို့ဝေသာတွင်၊ ပတ်ကာလည်းလှည့်၊ အကြိမ်ကြိမ်လျှင်၊ အိမ်မလွတ်အောင်၊ စွပ်လို့ကြည့်လည်း၊ ဝင်းလဲ့ထိန်လျှံ၊ လက်စွပ်ပျံနှင့်၊ တန်သူမဟိ၊ ရက်လကြာအောင်၊ ရှာမတွိသော်၊ မြို့ကြီးကခွာ၊ တောရပ်ရွာတွင်၊ လည်ကာပတ်ထွေ၊ မင်းလောင်းလျှာကို၊ ခါမပြတ်ကော၊ ရှာလတ်တေလေး။

(၂၁) ရှာလတ်မယေတုံကြ၊ မြရောင်ဝီ၍၊ နဒီမြစ်ကော၊ ဂစ္ဆပဟု၊ နာမတွင်စွာ၊ ထက်အညာသို့၊ တက်ကာချီလှမ်း၊ ရက်မခြာဘဲ၊ လက်ယာကမ်းတွင်၊ စုံစမ်းပြီးခါ၊ အရွာရွာမှာ၊ ခါခါပတ်လှည့်၊ လူများစွာ၏၊ လက်မှာစွပ်ကော၊ ဝတ်လို့ကြည့်လည်း၊ ဝင်းလဲ့ရောင်လျှံ၊ လက်စွပ်ပျံနှင့်၊ တန်သူမရ၊ မတ်ထိုထိုမှာ၊ ရှိကိုမှန်းကော၊ လှမ်းလို့ကြွသော်၊ ညိုမြရီမျှောင်၊ မီးချောင်းခေါင်ကော၊ ကြယ်သောင်ဖျားက၊ ဝါးများစွာကို၊ ထမ်းခေါ်ယူ (---) လတ်၍၊ စွပ်ကြည့်တုံပြန်၊ သုံးယောက်ဝယ်၏၊ လက်ကြွယ်များမှာ၊ အားလုံးတန်လို့၊ မြင်ပြန်တုံကြ၊ မတ်များစွာနှင့်၊ လာသူများမှာ၊ လွန်အားရ၍၊ တိုင်းမချက်ချာ၊ မြို့ဝေသာကို၊ ခေါ်လာပြီးမှ၊ အမရတူကို၊ ထီးဖြူအောက်မှာ၊ မင်းမြောက်ကြလို့၊ ညီလှဖြစ်သူ၊ အမရကူကို၊ ဆောင်ယူခြားသီး၊ အိမ်ရှိစံကော၊ နန်းရံပီး၍၊ အိမ်ရှိရာဇာ၊ မင်းညီစင်မှာ၊ မြင်မဝကော၊ သားလှပဲဖြူ ချစ်သဲအူကို၊ ခေါ်ယူတထပ်၊ မြောက်ဦးရွာမှာ၊ ကောင်းစွာထားကော၊ ပိုင်စားအပ်လို့၊ နန်းမြတ်စံကာ၊ သုံးနှစ်ကြာသော်၊ ရာဇာထိုမင်း၊ အမရကူလေ၊ ညီဖြူရင်းကို၊ စိတ်တွင်းတမူ၊ နန်းထီးဖြူကို၊ လုယူမည်မှတ်၊ ဝဂ်ဉာဏ်နှင့်၊ အကြံများကော၊ လှည့်ဖျားသတ်လို့၊ စံလတ်သည်ဖြစ်၊ ခုနစ်နှစ်တွင်၊ ပြောင်းလိုက်ခန္ဓာ၊ စုတေ့ပါ၍၊ နောက်မှာတမူ၊ နန်းမွီယူကော၊ ပဲဖြူစံပေ၊ နန်းသက်ဝေကား၊ တဆယ့်ခုနစ်၊ စံပြီးခါတွင်၊ ခန္ဓာတုံးကော၊ ဆုံးသည်ဖြစ်၍၊ တနှစ်ကြာဘိ၊ မြို့ဝေသာလေ၊

ပြည်ရွာတွင်းမှာ၊ မင်းမဟိကော၊ ကြွင်းဘိတုံထ၊ ဝေသာပြည်၏၊ ကြာသည်နှစ်ကို၊ တွက်စစ်ပြသော်၊ လေးရာခြောက်ဆယ်၊ ခုနစ်ကေ၍၊ တသွေမှတ်ပါ၊ နှစ်ကောဇာကား၊ တရာ့ငါးဆယ်၊ ခြောက်ခုကယ်တွင်၊ ရွှေပြည်အောင်ချာ၊ မြို့ဝေသာကို၊ ရှိခါပိုင်ငြား၊ မင်းဘုရင်လေ၊ ဘုန်းအင်ထွန်းကော၊ စန္ဒြား၏၊ သားလှသက်နှင်း၊ (ပြိုင်တိုင်းဘုံက)၊ ငတုံမင်းလျှင်၊ များခြင်းလီလီ၊ သောင်းထိဝီအောင်၊ ဗိုလ်ခြီစုပေါင်း၊ ဘအမွှိကို၊ ရစီကြောင်းနှင့်၊ လာတောင်းသောခါ၊ မတ်များစွာနှင့်၊ မာတာလှနတ်၊ နန်းထီးဖြူကို၊ အကုန်အပ်သော်၊ သားမြတ်သဲချာ၊ မင်းရာဇာလျှင်၊ ဝေသာကြွင့်နန်း၊ ဘမင်းစံကော၊ ဘုံပျံနန်းမှာ၊ စံမြန်းတုံရာ၊ တရံခါတွင်၊ ရာဇာဘုရင်၊ စိတ်မရွှင်ကော၊ အယင်ချီကာ၊ ထွက်ကြွလာ၍၊ သိင်္ဂါနဒီ၊ မြစ်ကမ်းခြီသို့၊ ရောက်လီကြပေ၊ စမ္ဗဝေဟု၊ အမည်ဆန်းနှင့်၊ မြို့နန်းတည်လို့၊ ထိုစဉ်ကစ၊ သမယကော၊ ကာလနောက်ဝယ်၊ မြို့ဝေသာမှာ၊ ရာဇာကင်းကော၊ သုဉ်ဖျင်းရေလေး။

(၂၂) သုဉ်ဖျင်းပေကော၊ ဤဝယ်တခန်း၊ ရပ်ပြီးခါလျှင်၊ ရှိမှာဆန်းသော်၊ မြို့နန်းဌာန၊ စမ္ဗေဝှက်ကို၊ တည်သည်ကစ၊ သံချိုချိုနှင့်၊ အတိုရုံးကော၊ ကုံးလို့ပြမည်၊ ရာဇာမှန်ကင်း၊ ပြည်တိုင်းဘောင်မှာ၊ ဘုန်းရောင်လင်းကော၊ ငမင်းငတုံး၊ မဟာဆွိလေ၊ သာဂီဘုန်းမှာ၊ စုရုံးများစွာ၊ အတန်တန်ကော၊ မတ်ဝန်များရို့၊ ခစားကာဖြင့်၊ တရာ့ငါးဆယ်၊ ခြောက်ခုကယ်၍၊ ရောက်သည်သက္ကရာဇ်၊ ထိုအခါလေ၊ သိင်္ဂါမြစ်တွင်၊ မြို့သစ်တည်လျှက်၊ တွင်အမည်ကော၊ စမ္ဗေဝှက်မှာ၊ နန်းတက်တုံပြန်၊ မြင့်ရှည်ကြာ၍၊ ခန္ဓာယွန်းကော၊ နတ်နန်းစံသော်၊ တဖန်နန်းတက်၊ ဆက်ခံကာဖြင့်၊ စဉ်လာမြောက်ကော၊ ဆယ့်ခြောက်ဆက်တည်း၊ ရှိတွက်သချာ၊ စကာတည်၍၊ ကြာရှည်လျှားကော၊ မြို့သက်မှာကား၊ သုံးရာကိုးနှင့်၊ သက္ကရာဇ်ကို၊ တွက်စစ်ပြန်သော်၊ လေးရာကျော်၍၊ စွန်းပေါ်ခြောက်ဆယ်၊ ငါးခုကေတွင်၊ ဌာနေကနက်၊ မင်းနီပြည်လေ၊ စမ္ဗေဝှက်မှာ၊ နန်းတက်စံဟိ၊ အဆုံးစွန်တွင်၊ ဘုန်းကံဖျင်းကော၊ မင်းပတိကို၊ သောင်းထိဝီကာ၊ ခြွီရံပါသည်၊ လက်ယာမင်းနန်၊ လက်ရုံးထောင်၍၊ ရအောင်တိုက်ကော၊ သိမ်းပိုက်ပြန်၍၊ အလွန်သာစည်၊ မြို့ပရိန်ဟု၊ အောင်မည်ဆန်းကော၊ ထီးနန်းတည်လို့၊ စံပေကြရာ၊ ထိုမြို့မှာပင်၊ စဉ်ကာစိုးမြောက်၊ မင်းများစွာကို၊ ရှိကာတွက်ကော၊ သျှစ်ဆက်ရောက်၏၊ ထိုနောက်တသွယ်၊ မြို့သက်ဝေကား၊ လေးဆယ့်ကိုးနှစ်၊ ကိန်းသချာလေ၊ အမှန်ဖြစ်လို့၊ သက္ကရာဇ်ငါးရာ၊ တခုမှာတွင်၊ ပြိုကာပျက်ပြုန်း၊ မြို့ပရိန်လေ၊ ရွှေကနက်မှာ၊ မင်းဆက်တုံးဟု၊ ချိုပြုံးမျက်နှာ၊ သိန်းကျော့ဝေလေ၊ လှမေချောမှာ၊ ပြောသောခါလျှင်၊ ဆင်းဝါရူပ၊ ပန်းဖြူအောင်လေ၊ ပျိုမောင်လှက၊ နှမပန်းနွယ်၊ လှဆန်းကြယ်၏၊ ပြောသည်စကား၊ ပေါင်းဖြာဖြာလေ၊ ကြောင်းရာများကို၊ မှတ်သားပြီးလျှင်၊ အဆောင်လယ်မှာ၊ မောင်ကြည်နူးကော၊ ကျေးဇူးတင်ရေ၊ နောက်တွင်တဝ၊ သမိုင်းခံနှင့်၊ မှန်သမျှကို၊ မြွက်ဟချိုသာ၊ သိန်းကျော့ဝေလေ၊ လှမေချောမှာ၊ ဆက်ပြောပါဟု၊ ဝါစာချိုပျား၊ ပျိုနှောင်းစွန်ကို၊ တောင်းပန်ငြားက၊ စကားဆက်ခါ၊ မေအပျိုမှာ၊ မောင်ကိုထပ်လို့၊ ပြောလတ်ရာကား၊ အောင်ချာကြွင့်နန်း၊ မြို့ဌာနီလေ၊ ပရိန်နန်းမှာ၊ သက်တန်းကုန်ခါ၊ ညှိုးမှိန်ပါ၍၊ နောက်မှာတခြား၊ မင်းပုန်းစားလျှင်၊ တည်ထားစံမြောက်၊ ခြိတ်မြို့ဝယ်၌၊ စိုးသည်မင်းကို၊ စာရင်းကောက်လျှင်၊ ထီးအောက်ပျော်ရွှင်၊ ကြိမ်ဖန်ဖန်လေ၊ စံမပျက်ကော၊ ဆယ်ဆက်ပင်တည်း၊ နောက်လျှင်တဖြာ၊ မြို့သက်မှာကား၊ အဌာစာရ၊ နှစ်ကောဇာကို၊ တွက်ခါပြသော်၊ ငါးရာ့ငါးဆယ်၊ နှစ်ခုကယ်တွင်၊ နတ်ပြည်တန်း၊ ခြိတ်မြို့ဝယ်တွင်၊ ထီးစည်ပျက်ကော၊ မင်းဆက်တုံးလို့၊ ပြိုင်နှုန်းမမြင်၊ မင်းရွှေသင်မှာ၊ ဂုဏ်အင်မချို့၊ များအိမ်ခြီနှင့်၊ ပရိမ်မြို့ကို၊ ထပ်လို့တည်ပြန်၊ နန်းဘုံဆောင်မှာ၊

ဘုန်းရောင်ပကော၊ အစစံ၍၊ တဖန်နောက်မှ၊ ငနှလုံးကော၊ အသုံးကျအောင်၊ ရာဇာဆယ်ဆက်၊ စံမြန်းလှုံကော၊ ဂုဏ်မချို့ဘဲ၊ မြို့အသက်ကို၊ ရှိတွက်တုံပေ၊ ခါအညီလေ၊ ကြာသည်ဖြစ်ကော၊ နှစ်ခြောက်ဆယ်လေ၊ တသွယ်မှတ်ပါ။ ရောက်ကောဇာကား၊ ခြောက်ရာတဆယ်၊ နှစ်ခုကယ်တွင်၊ ဂုဏ်ရည်တောက်ထွန်း၊ အောင်ချက်မြီလေ၊ ပရိန်နန်းမှာ၊ ဆုံးခန်းတိုင်ထွေ၊ မင်းရာဇာနှင့်၊ ကင်းကွာပြီးကော၊ ပျက်စီးရေလေး။

(၂၃) ပျက်စီးပါကော၊ ထိုခါကာလ၊ ဘုန်းတော်ရောင်ဖြင့်၊ ပြောင်ပြောင်ပကော၊ မင်းလှရာဇာ၊ မည်သညာမှာ၊ အလော်မာဖြူ၊ လောင်းကြက်ပြည်ကို၊ တည်တုံလတ်ကော၊ နန်းစိုက်ထူလျှက်၊ မင်းမူသည်မှ၊ နောက်ဆက်ခံ၍၊ နန်းစံများကို၊ တွက်ပြောကလျှင်၊ ရာဇနွယ်မြောက်၊ ထီးအောက်ဝယ်၌၊ စံမွှါယ်ခဲ့ကော၊ တဆယ့်ခြောက်တည်း၊ မှတ်လောက်တဖြာ၊ နှစ်ထွေထွေကို၊ စစ်ချေတွက်ကော၊ မြို့သက်မှာကား၊ ရာဇာစောလွန်၊ သူရတန်မှာ၊ နီပြန်သည်ဖြစ်၊ ထိုမှပြန်၍၊ စံနှစ်နှစ်နှင့်၊ ပေါင်းလိုက်မလွဲ၊ တရာကယ်၍၊ ငါးဆယ့်လေးဟု၊ အမြဲမှတ်ပါ။ ရောက်ကောဇာလျှင်၊ ခုနစ်ရာကိုးဆယ်၊ နှစ်ခုဝယ်တွင်၊ ဘုန်းကြွယ်စောမွန်၊ လောင်းကြက်မည်ကော၊ ရွှေပြည်ရပ်ကို၊ စွန့်လွှတ်ပြန်၍၊ ဂုဏ်ဝှန်ကဲမိုး၊ ဆောင်ဘုံပျံနှင့်၊ အလွန်ထူးကော၊ မြောက်ဦးမြို့ကို၊ ဆောက်လို့တည်ပြန်၊ လှတင့်တယ်ကော၊ မြို့သစ်ပြည်မှာ၊ သုံးနှစ်စံလို့၊ နတ်ထံပြောင်းကြွ၊ မင်းဘုန်းသန်ကော၊ စောမွန်ကပင်၊ စ၍ရှိတွက်၊ မင်းတန်တန်လျှင်၊ နန်းစံခဲ့ကော၊ ဆယ့်နှစ်ဆက်တွင်၊ မြို့သစ်မှန်စွာ၊ နှစ်တရာနှင့်၊ ကောဇာသက္ကရာဇ်၊ သျှစ်ရာကယ်၍၊ ကိုးဆယ်နှစ်တွင်၊ တခေတ်ကုန်ဆုံး၊ ရှိဦးစံကော၊ စောမွန်ဆက်မှာ၊ နန်းသက်တုံးလို့၊ ပျက်ပြုန်းသောခါ၊ နောက်တဖြာကော၊ ရာဇာစောထီး၊ ဘုန်းတေဇာနှင့်၊ မင်းဘာကြီးလျှင်၊ နန်းထီးနိုင်ငံ၊ အချုပ်အချာဖြင့်၊ အုပ်ခါမိုးလို့၊ စိုးလတ်ပြန်၍၊ စောမွန်ရာဇာ၊ ရှိဦးဆောင်၍၊ တည်ထောင်ခကော၊ လှပတင့်တယ်၊ နန်းသိင်္ဂါနှင့်၊ ရောင်ဝါမြူးကော၊ မြောက်ဦးပြည်ကို၊ ကြာရှည်နောက်နောင်၊ လွယ်တကူနှင့်၊ ရန်သူဖျက်လို့၊ မပျက်နိုင်အောင်၊ မြင့်ခေါင်ကြီးကျယ်၊ ကျောက်အုင်္ဂခံ၍၊ ရန်မဆိုင်းအောင်၊ တံတိုင်းတည်လို့၊ ပြင်ဝယ်တထပ်၊ ကျုံးတန်တန်ဖြင့်၊ ဝိုင်းရံပတ်၍၊ သေသပ်ခိုင်မာ၊ မြို့နန်းဘုံ၏၊ လုံခြုံမှုကို၊ ပြုပြီးခါတွင်၊ မင်းဘာစောဘုန်း၊ ရှိရာဇာရို့၊ နန်းရာကုန်းကို၊ ပြိုင်နှိုးဖက်ကွာ၊ အဆန်းဖန်၍၊ မွမ်းမံမှုကို၊ ပြုပြီးခါတွင်၊ သိင်္ဂါရွှေနန်း၊ ကိုးအဆောင်မှာ၊ ကိုးခေါင်ယွန်းနှင့်၊ မြီနန်းလွှတ်ထုံး၊ အတွင်းဝန်နှင့်၊ ပြင်ဝန်များကော၊ တရားယုံးက၊ ခွန်ထုံးသပြာ၊ ပေါင်းများစွာကို၊ ရှည်ကြာကောင်းနိုး၊ ထက်အခေါင်မှာ၊ သံနှောင်တွဲကော၊ သရွဲမိုးလို့၊ မင်းမျိုးစံအိမ်၊ မတ်ဝန်အိမ်နှင့်၊ နှောင်အိမ်ချုပ်တန်း၊ ကုန်းအောက်မြီမှာ၊ စီကာတန်းလျှက်၊ မင်းခန်းတန်တန်၊ ကျင့်ဆယ်ဖြာနှင့်၊ မင်းဘာကြီးမှာ၊ နန်းထီးစံ၍၊ နိုင်ငံကောင်းကျိုး၊ သာသနာနှင့်၊ ဘာသာကျိုးကို၊ သယ်ပိုးဆောင်လစ်၊ နန်းသက်ဝေလေ၊ နှစ်ဆယ်နှစ်တွင်၊ စွန့်ပစ်ပြည်ရွာ၊ မင်းရာဇာမှာ၊ ခန္ဓာကာယ၊ ချုပ်ပျက်ပြန်၍၊ နတ်ထံကြွသော်၊ သားလှနန်းပိုင်၊ မြီးမြစ်တိုင်အောင်၊ စဉ်ကာစိုးမြောက်၊ မင်းစနီပါ၊ တွက်ရှိထောက်သော်၊ ကိုးယောက်ရာဇာ၊ မြို့သက်မှာကား၊ တရာခုနှစ်၊ ရက်နှစ်ဆယ်လျှင်၊ လွန်သည်ဖြစ်၏၊ သက္ကရာဇ်ကောဇာ၊ တထောင်မှာတွင်၊ မိုန်ကာဆိတ်သုဉ်း၊ နွယ်မဟာလေ၊ မင်းဘာဆက်မှာ၊ နန်းပျက်ဆုံးသော်၊ တိုင်းလုံးကျော်ပြန်၊ ပညာဉာဏ်နှင့်၊ စွမ်းအင်ပြည့်ဝ၊ ကုသလကော၊ နရပတိ၊ အရာရာတွင်၊ လိမ္မာတတ်ကော၊ မတ်ကဝိကို၊ ဖြူထီးမိုးကာ၊ ဘိသိက်ထူ၍၊ ဆောင်ဘုံအောက်မှာ၊ မင်းမြောက်ကာဖြင့်၊ ပြည်ရွာစိုးလစ်၊ ခုနစ်နှစ်လျှင်၊ မင်းဖြစ်တုံထ၊

နောက်တဖန်လျှင်၊ စိုးပြန်ရကော၊ ဓမ္မရာဇာ၊ နန်းစံမှာလည်း၊ ရှည်ကြာခုနှစ်၊ သက္ကရာဇ်ကို၊ တွက်စစ်ခါဝယ်၊ တထောင်ကယ်၍၊ တဆယ့်လေးခု၊ တိုင်းဌာနီလေ၊ ပြည်မြောက်ဦးတွင်၊ လက်ရှုန်းပညာ၊ ဘုန်းရောင်ဖြာကော၊ စန္ဒသုဓမ္မ၊ ကျက်သရီနှင့်၊ တက်နီကြွသို့၊ ရာဇာဘုရင်၊ ယခုခါတွင်၊ သိင်ဂီနန်းမှာ၊ စံမြန်းရှင်ဟု၊ ပျိုခင်လှနတ်၊ ရာဇဝင်မှာ၊ စာတင်ထုံးကို၊ အဆုံးသတ်လို့၊ တန့်ရပ်ပြီးခါ၊ မောင်ရို့မှာလျှင်၊ လွန်စွာဝီးလှ၊ မြောက်ဦးပြည်က၊ လာပေရ၍၊ တူကွနှစ်ဖြာ၊ ဒြီလက်နာ၍၊ ညောင်းညာလိမ္မည်၊ စက်မွိရာမှာ၊ ကောင်းစွာမှိတ်ကော၊ အိပ်ကြပေဟု၊ ဆိုပေပြီးမှ၊ သိန်းကျော့ဝေနှင့်၊ မငွေလှလည်း၊ ထ၍ပြန်ကာ၊ ကိုယ့်အိပ်ရာမှာ၊ ဝင်မှိတ်မသွေ၊ သန်းခေါင်ယံမှာ၊ အသံတိတ်ကော၊ အိပ်ကတ်တေလေး။

(၂၄) အိပ်ကတ်ပြန်ကော၊ ကုန်လွန်ထိုည၊ နီအရောင်လျှင်၊ ထိန်ပြောင်ဝင်းကော၊ မိုးလင်းမှလျှင်၊ နိုးကြသောခါ၊ ဗျာကယာနှင့်၊ အသာထလိုက်၊ ဆားစိုစိုနှင့်၊ သွားကိုတိုက်လို့၊ သစ်ကြမျက်နှာ၊ သန့်ယှင်းစင်ယောင်၊ ကိုယ်တွင်တိုးကော၊ ရီချိုးကာဖြင့်၊ ညီညာသိမ်းရုံး၊ မြကေဆံကို၊ ဆီကျံထုံးလို့၊ ပိုးတုံးသစ်လွင်၊ ပန်းအထည်ကို၊ ဆန်းကြယ်ငြားအောင်၊ ဝတ်ထားဆင်၍၊ မယ်လျှင်တည်ခင်း၊ ငါးမိစ္ဆာနှင့်၊ ကြိုင်စွာသင်းကော၊ ထမင်းဘတ္တာ၊ ဘောဇနာကို၊ ဝစွာစားမြောက်၊ ပြီးတုံပေသော်၊ မောင်မေများမှာ၊ ဆီးဝါးသောက်လို့၊ ထိုနောက်ပြီးမှ၊ သိန်းကျော့ဝေနှင့်၊ မငွေလှလည်း၊ ခန်းမဆောင်တွင်၊ အသာဝင်၍၊ ဝတ်ဆင်တုံပြီး၊ သဇင်ခိုင်ကို၊ ကြိုင်ကြိုင်မွှီးအောင်၊ ကျံလိမ်းပြုပျင်၊ ပြီးလတ်ကျင်သော်၊ ဆောင်ခွင်ထဲမှ၊ ပျိုကညာရို့၊ ထွက်လာကြ၍၊ အိမ်မှဆင်းငြား၊ တူပျော်ပျော်လေ၊ သိမ်တော်လမ်းကို၊ လှမ်းလို့လားခါ၊ နီးပါးဝန်းကျင်၊ ပန်းသစ်ပင်ရို့၊ ရှုမြင်မဝ၊ ရွက်ဟောင်းဝါလျှင်၊ ကြွီကာကျ၍၊ စိမ်းမြညိုစွာ၊ ပရစ်ဥနှင့်၊ ရွက်နုလာကော၊ ငုံအာပွင့်ဖူး၊ ပန်းပွင့်လယ်မှာ၊ ဝတ်ရည်စားကော၊ ပျားပိတုံးရို့၊ ရုံးရုံးပုံကာ၊ ငှက်များစွာလည်း၊ ဘာသာဘာဝ၊ ဥသြညိုရို့၊ သံချိုမြနှင့်၊ ကျူးကြညိုးညံ၊ ငှက်ဖိုးခေါင်လေ၊ အရောင်စိမ်းကော၊ ကျီးညိုလှရို့၊ ချိုအသံဖြင့်၊ ဟေမန်ကုန်ပြောင်း၊ နွီရာသီလေ၊ ဂိမှန်ပြောင်းကော၊ တပေါင်းမာသ၊ တင့်တယ်ပုံလေ၊ ဟူသမျှကို၊ ဝဝရှုကာ၊ မောင်မယ်ပျိုလေ၊ ထိုလေးယောက်မှာ၊ လမ်းလျှောက်လာ၍၊ ဖြူဝါနီမြန်း၊ လမ်းဘယ်ညာက၊ မာလာပန်းကို၊ လက်လှမ်းဆွတ်ကိုင်၊ စေတနာနှင့်၊ သဒ္ဓါပွား၍၊ လာကြစဉ်တွင်၊ ကတညုတ၊ မြတ်တောင်ဒြီကို၊ ရောက်လီကြ၍၊ ပြုပွဓိသာ၊ မင်းရာဇာရို့၊ စဉ်လာတက်ကော၊ ရှိမျက်နှာက၊ လွန်စွာရှိညွတ်၊ လက်ဦးမျှော်၍၊ တောင်ပေါ်ထက်ကို၊ တက်ကြလတ်၍၊ မြတ်မုနိသျှင်၊ ရှိတော်ပြင်မှာ၊ ပန်းတင်ပြီးမှ၊ အတန်တန်လေ၊ လွန်ကြည်နူးကော၊ (နရက်အောက်ဆိုင်)၊ သုန္ဒရီကို၊ စသည်မြွက်ကော၊ ရီစက်တိုင်ဟု၊ သံပြိုင်ဆိုပြီး၊ ခါသုံးဖန်လေ၊ သံညောင်းညောင်းနှင့်၊ ခေါင်းလောင်းတီး၍၊ ထွန်းညီးရောင်လျှပ်၊ မုနိသျှင်လေ၊ ရင်ပြင်ရပ်မှ၊ လှမ်းထွက်ပြီးသော်၊ ကုန်းထိပ်ပေါ်က၊ ရှုမျှော်ကောင်းရာ၊ နိဂုဏ်းရွာနှင့်၊ ခညာမြို့မ၊ တည်ဟိပြန်ကော၊ ဟူသမျှကို၊ ဒိဌ္ဌတဖန်၊ လက်ညှိုးညွှန်၍၊ မှန်ကန်တိကျ၊ ပန်းဖြူအောင်နှင့်၊ မောင်ထွန်းမြကို၊ အလှုနုနယ်၊ သိန်းကျော့ဝေကာ၊ ပြပေပြီးမှ၊ ရပ်မျက်နှာကို၊ ပတ်ကာလှည့်ကော၊ ကြည့်ရှုကြ၍၊ ထိုမှဉ်မှာ၊ အဖြာဖြာကို၊ လေ့လာပြီးသော်၊ မြတ်ကုန်းပေါ်က၊ ပျော်ပျော်ပါးပါး၊ ရှိသေစွာဖြင့်၊ ဆင်းလာငြား၍၊ စည်ကားသာယာ၊ လွန်တင့်တယ်၍၊ ပျော်ဖွယ်ကောင်းကော၊ ဇီးချောင်းရွာသို့၊ လှည့်လာတုံမြောက်၊ ညချမ်းခါတွင်၊ ပြန်ကာရောက်လို့၊ တန့်ထောက်ပြီးခါ၊ ရီချိုးပါ၍၊ အိမ်မှာတက်ငြား၊ လသာသာနှင့်၊ ညစာစားလို့၊ ဆီးဝါးသောက်လျှက်၊ လပရောင်နှင့်၊ တောင်တန်းဗျင်းကို၊ ထွက်လျှက်တဖန်၊ သပေါက်ဖျာကို၊ ယူကာခင်းကော၊ လီညင်းခံရေ။

(၂၅) လီညင်းခံ၍၊ နီပြန်ကာလ၊ ဇီးချောင်းမည်ကော၊ ရပ်ဒေသက၊ မိမ္မယောက်ျား၊ ကြီးငယ်မဟူ၊ လူအများမှာ၊ လာငြားပြိုင်ပြိုင်၊ လပရောင်နှင့်၊ တောင်တန်းဗျင်းမှာ၊ ဝိုင်းလျှက်ထိုင်၍၊ ယဉ်ကျေးစွာလှ၊ ပန်းဖြူအောင်နှင့်၊ မောင်ထွန်းမြကို၊ ပီယဝါစာ၊ သံချိုချိုနှင့်၊ ဆိုကာမြွက်ကော၊ နှုတ်ဆက်ကာဖြင့်၊ ရသာပြည့်လျှောင်း၊ နှမ်းနိုင်နိုင်နှင့်၊ မွှီးကြိုင်သင်းကော၊ ကောက်ညှင်းပေါင်းကို၊ တောင်းမှခူးပြန်၊ မြပကန်မှာ၊ ကောင်းမွန်ထည့်ကာ၊ ပန်းဖြူအောင်နှင့်၊ မောင်ထွန်းမြကို၊ ကျွေးကြပါသော်၊ ယူကာစားပြီး၊ တောင်တန်းဗျင်းမှာ၊ လုပ်လက်ဆီးလို့၊ အီးအီးသက်သာ၊ ကွမ်းဆီးယာကို၊ တခါစားလတ်၊ ရောက်လာသူကော၊ လူအများနှင့်၊ စကားစပ်လို့၊ မပြတ်တူယှဉ်၊ ပန်းဖြူအောင်လေ၊ ပျိုမောင်ချောမှာ၊ နှီးနှောစဉ်တွင်၊ ပန်းခိုင်တမျှ၊ မြစပါယ်လေ၊ မငွေလှက၊ ဟားဟားလည်းရယ်၊ သွန်းကာလျှောင်၍၊ မောင်ထွန်းမြကို၊ စလတ်တေကား၊ ရောက်တေနိက၊ ခုတိုင်အောင်ပင်၊ ဒေမောင်လှမှာ၊ နှုတ်ကဆိတ်ညံ၊ စကားလှန်၍၊ ခွန်းသံမထုတ်၊ မဆက်ဆံဘဲ၊ ရှက်ပြန်ပြီးကော၊ တေမိလုပ်လို့၊ ငုတ်တုတ်မှိုင်ထွေ၊ ပြုံးစိစိနှင့်၊ ချိန်မပြတ်ကော၊ နီလတ်တေကား၊ ဆူဝေသောင်းသောင်း၊ ကြီးငယ်ဟူကော၊ လူအပေါင်းနှင့်၊ ကျိုးကြောင်းဆက်ဆံ၊ မှားအမှန်ကို၊ ဝေဖန်စစ်ကြော၊ အပြောင်းအပြန်၊ ကြံနှီးနှောလို့၊ မပြောချင်ဘိ၊ မြောက်ဦးပြည်က၊ မောင်တေမိကို၊ ကနိုညခါ၊ တသက်တာတွင်၊ မှတ်ရာတပါး၊ ရှိသူမွန်ရို့၊ ညွှန်စကားကို၊ ပြောကြားလိုက်မည်၊ ရွှေရုပ်ယောင်သို့၊ မောင်တပါးမှာ၊ ထောင်နားတည်ပါ၊ စိန္တေဗုဒ္ဓ၊ အာလုတ်ချီ၍၊ ရွှေဂမုတ်က၊ မြွက်ထုတ်ဟာသည်၊ ဓမ္မမြတ်တော၊ ခုဒ္ဒနိကယ်၊ ကျမ်းအညွှန်းနှင့်၊ လမ်းမှန်ငြားအောင်၊ ပြထားရေကား၊ ဗုဒ္ဓေပူဇံ၊ ကုသလံစ၊ တေဇဝန္တော၊ ရာဇိန္တောဟု၊ မိန့်ဟောကျမ်းလာ၊ အဓိပ္ပါယ်ကို၊ မှတ်လွယ်လှအောင်၊ ယှင်းပြပါမည်၊ ဘဂဝါလူ့ဘာ၊ အတုလကော၊ ဗုဒ္ဓမြတ်စွာ၊ စောသတ္တာကို၊ ဆယ်ဖြာရိုကျိုး၊ ထိပ်ထက်ရုံကော၊ လက်စုံမိုးလို့၊ မြတ်နိုးသဒ္ဒါ၊ ပူဇော်ပါသော်၊ အာဏာတန်ခိုး၊ ဘုန်းတော်ဟိန်လျှင်၊ ထိန်ထိန်ကြိုး၍၊ မင်းစိုးရာဇာ၊ ဇိဝကံလေ၊ မှန်မချွတ်ကော၊ ဖြစ်တတ်ပါဟု၊ ဒေသနာမွန်၊ တရားသံနှင့်၊ ရှိလွန်သူများ၊ မှာစကားကို၊ နားခံပြီးခါ၊ မြတ်ဗုဒ္ဓါနှင့်၊ စန္ဒာသူရိယ၊ ဘုန်းတော်ထိန်ကော၊ ရာဇိန္ဒရို့၊ ပဥ္စလောဟာ၊ ရတနာဖြင့်၊ သွန်းကာလုပ်ဘိ၊ ရောင်ခြောက်သွယ်နှင့်၊ တင့်တယ်လတ်ကော၊ မြတ်မုနိကို၊ ရွှန်းအိစိတ်တွင်၊ မြူးဘဝင်နှင့်၊ ဖူးမြင်ရအောင်၊ အားကြိုးဆောင်၍၊ မောင်ရို့ဌာနေ၊ ရွှေဗဟိုရ်လေ၊ သံချိုကျူးကော၊ မြောက်ဦးပြည်က၊ ကြီးငယ်လူများ၊ ပေါင်းအဖော်ကို၊ နှိုးဆော်ငြား၍၊ ပျိုထွားပန်းတန်၊ တနှစ်မှာလျှင်၊ တခါလောက်ကော၊ ရောက်သင့်တန်ရေ၊ အလွန်ထင်ရှား၊ ဇမ္ဗူဒီမှာ၊ ဤဘုရားကား၊ ရုပ်ပွားထောင်ရာ၊ ကြီးအငယ်နှင့်၊ တိုရှည်များကော၊ ပေါင်းများစွာထက်၊ လွန်ခါကဲပြီး၊ ဘုန်းတော်ရောင်ဖြင့်၊ ဂေါင်ကမိုးကော၊ တန်းခိုးကြီးလို့၊ ကျော်ဟိုးလူ့ခွင်၊ လွန်ထင်ပေါ်လျှက်၊ ကိုယ်တော်စားကော၊ ရုပ်ပွားသျှင်ကို၊ ဖူးမြင်သူအား၊ အပါယ်ရွာတွင်၊ ခါတပါးလျှင်၊ မလားဆိတ်ညံ၊ နတ်ရပ်ထံမှာ၊ ရောင်လျှံထွန်းပ၊ စည်းစိမ်မွန်နှင့်၊ ပျော်စံရဟု၊ ဝယရှွယ်လွန်၊ ရှိသူမွန်ရို့၊ ပြောညွှန်ဟောကြား၊ ပေါရဏာက၊ လာစကားကို၊ မှတ်သားပြီးလျှင်၊ ဝင်းဝင်းပြောင်၍၊ အရောင်ညီးကော၊ မုနိသျှင်ကို၊ ဖူးမြင်ရယောင်၊ တယောက်မောင်မှာ၊ ရောက်အောင်အားစိုက်၊ နှစ်စဉ်လာ၍၊ သဒ္ဓါဖြူးကော၊ ဖူးခလိုက်ဟု၊ သိန်းထိုက်ပျိုမေ၊ ပြုံးရယ်ချိုနှင့်၊ လူပျိုလှကို၊ စလိုက်တေလေး။

(၂၆) စပြောလာကော၊ ထိုခါပြီးမှ၊ ပြုံးရယ်ယောင်သို့၊ မောင်ထွန်းမြမှာ၊ မြွက်ဟနှုတ်ချွေ၊ သံချိုချိုနှင့်၊ ပျိုနှမကို၊ ယှင်းပြရေကား၊ အသရေပြောင်ရွှန်း၊ ပြည်ရခိုင်မှာ၊ နွယ်ယဉ်ဆန်းလို့၊ ခိုင်ပန်းတမျှ၊ မြစပါယ်သို့၊ မငွေလှလေ၊ နားကျစုံယောင်၊ မောင်စကားကို၊ ရွှေနားထောင်ပါ၊ ဘုန်းခေါင်မြတ်စွာ၊ လက်ထက်ခါဝယ်၊ စန္ဒာသူရိယ၊ တွင်မည်ရကော၊ မင်းလှရာဇာ၊ သွန်းခပါကော၊ မဟာမုနိ၊ ခြောက်သွယ်ရောင်ဖြင့်၊ ထွန်းပြောင်ညီးကော၊ တိုင်းသိထင်ရှား၊ လွန်းသပ္ပါယ်ကော၊ ဒေရုပ်ပွားနှင့်၊ တပါးနောက်မူ၊ ဆင်းရဲသူရို့၊ ခုမူကာလ၊ ကျောက်အုဋ္ဌမံ၍၊ ပြည်စွန်နားမှာ၊ တည်ထားကြသည်၊ ဗုဒ္ဓရုပ်ပွား၊ မပေါ်လွင်ကော၊ မထင်ရှားဘဲ၊ ဟိုငြားကြရာ၊ ပေါင်းနှစ်ဖြာတွင်၊ ရာဇာပင်သွန်း၊ ဆင်းရဲသူကော၊ တည်ထုသွန်းလည်း၊ ရှင်လန်းသဒ္ဓါ၊ ပူဇော်ခါတွင်၊ ပူဇာနိယ၊ အကျိုးမူလျှင်၊ တူတကွဖြင့်၊ ရကြမည်သာ၊ ပျိုနုနယ်ကော၊ မယ်တမိမှာ၊ သိအပ်ပါရှေ၊ မြတ်စွာရုပ်ပွား၊ ဆင်းတုဟူကော၊ ဆူဆူများကို၊ စကားမဂဓ၊ ပါဠိလာဖြင့်၊ ညွှန်ကာထုတ်ကော၊ ဥဒ္ဒိသဟု၊ ဆိုကြတုံပြန်၊ ရခိုင်သံဖြင့်၊ ပြန်ကာပြောမည်၊ ကိုးပါးဂုဏ်ကို၊ အာရုံကပ်ကော၊ ရည်မှတ်ဖွယ်တည်း၊ ဤသည်စကား၊ ပါဠိလာကို၊ ထောက်ခါထားလျှင်၊ ရုပ်ပွားဟူက၊ ကြီးအငယ်နှင့်၊ တိုရှည်ကြလည်း၊ ဧကေသညာ၊ ရည်မှတ်ဖွယ်ဟု၊ အတည်ပြုကော၊ တခုသာလျှင်၊ ရပါတုံလတ်၊ ပရမတ်ကို၊ လှနတ်ပျိုစင်၊ ထဲဘဝင်မှာ၊ မြဲစွာစွဲမှတ်၊ ဤကြောင်းရာနှင့်၊ ပေါင်းကာထားကော၊ စကားစပ်တွင်၊ ထပ်၍တသွယ်၊ ခင်ကညာကို၊ သကၠာကင်းအောင်၊ ယှင်းဦးမည်လေ၊ နှုံးဖွယ်မရာ၊ ဘုန်းတေဇာနှင့်၊ မဟာမုနိ၊ ရုပ်ပွားတော်ကို၊ ဖူးမျှော်ဘိသော်၊ ကင်းဝီးပယ်ရှာ၊ ယှောင်သွယ်ကွာ၍၊ ဒေဝါနတ်ထံ၊ ရောက်မည်မှန်ကော၊ ဧကန်ဖြစ်က၊ စင်စစ်ခုဝယ်၊ ဗဟိုညံ၍၊ စည်သံကျူးကော၊ မြောက်ဦးပြည်မှာ၊ တည်ကာလည်းထား၊ ရုပ်ပွားတော်လေ၊ သောင်းကျော်ဘိအောင်၊ ဟိယက်သားကို၊ ညွှတ်တွားကြည်ဖြူ ဖူးမြော်မူလည်း၊ ထိုသူမှန်စွာ၊ ပါယ်လေးရွာက၊ ကင်းကွာပြီးမှ၊ နတ်ရပ်ထံမှာ၊ မှန်မုချကော၊ ခံရမည်ပင်၊ သို့ဖြစ်အင်ကြောင့်၊ ရောင်လွင်ထွန်းပ၊ မုနိသျှင်ကို၊ ဖူးမြင်ရှုယောင်၊ မောင်ကတဖန်၊ ပင်ပန်းခံ၍၊ လာရန်မလို၊ မြောက်ဦးပြည်မှာ၊ တည်ကာထားကော၊ ရုပ်ပွားကိုပင်၊ ဖူးမျှော်ပါမည်၊ စေတနာနှင့်၊ သဒ္ဓါမြတ်သာ၊ လိုအပ်ဖွယ်တည်း၊ နောက်ဝယ်တဖန်၊ ကြွင်းမကျန်အောင်၊ ယှင်းပြန်ဦးမည်၊ ပန်းစပါယ်လေ၊ လှမေနားထောင်၊ ဤလှူဘောင်တွင်၊ ဂုဏ်ရောင်ဝင့်ကြွား၊ မျိုးအစဉ်လေ၊ ရခိုင်များမှာ၊ ပျော်ပါးရှင်မြူး၊ အရာရာသို့၊ လှည့်ကာလားကော၊ ဘုရားဖူးလို့၊ ကြည်နူးကာမျှ၊ ကုသိုလ်ဟုန်လေ၊ ပြည့်စုံလှဟု၊ စိတ်ကမှတ်ခါ၊ မိမိရွာကို၊ ပြန်လာကြငြား၊ ယင်းပိုင်သူလေ၊ လူအများကို၊ ဘုရားမကြိုက်၊ ထပ်မံခါဖြင့်၊ ငါမကြိုက်တည်း၊ ဇာဖြစ်လို့ပေ၊ မီးလတ်ချေသော်၊ ဖြေမည်ငါက၊ သုံးရပ်ဘောင်မှာ၊ အခေါင်ချုပ်ကော၊ မြတ်ဗုဒ္ဓ၏၊ သုံးဝသာသနာ၊ ရှည်မြင့်ကြာအောင်၊ လွန်စွာကြိုးကုတ်၊ များလူသျှင်မှာ၊ အားအင်ထုတ်လို့၊ ပြုလုပ်မှသာ၊ ဖူးမြော်ရာသို့၊ ရောက်ပါလိမ့်မည်၊ ပူဇော်ရုံဖြင့်၊ ချိန်ကုန်လင့်ကော၊ မသင့်ချေပါ၊ ဘုန်းကြွယ်မြတ်စွာ၊ စောသတ္တာကို၊ ဖူးပါသည်ထက်၊ မြတ်ဘုန်းမော်က၊ ထုတ်ဖော်မြွက်ကော၊ နှုတ်ထွက်ဓမ္မာ၊ တရားလာကို၊ များစွာသောင်းသောင်း၊ အကြိမ်ကြိမ်လေ၊ ချိန်မပြတ်ကော၊ ကျင့်အပ်ကောင်းရှေ၊ အကြောင်းတဖြာ၊ ဤအရာတွင်၊ ပမာနှိုင်းဆ၊ ကျမ်းအလာကို၊ ညွှန်ကာပြမည်၊ နှမနားထောင်၊ နှစ်များမြောင်က၊ ဘုန်းခေါင်ဘဂဝါ၊ လက်ထက်ခါဝယ်၊ သညာတွင်ဘိ၊ ရုပ်နှင့်နာမ်ကို၊ မှန်မတွက်ကော၊ ဝက္ကလိမှာ၊ မုနိမြတ်စွာ၊ ရွှေမျက်နှာကို၊ မော်ကာဖူးတုံ၊ ကျောင်းဆောင်ဘုံမှာ၊ ချိန်ကုန်လွန်ဘိ၊ ဘါဝနံလေ၊ ဉာဏ်မထိုးကော၊ ကျိုးမဟိဟု၊ ဣသိထွတ်မျုး၊ မထေရ်သျှင်ကို၊ ပြစ်တင်ဖူး၏၊ ပုံနှုံးစံထား၊ ညွှန်းပမာနှင့်၊ ကျမ်းလာများကို၊ မှတ်သားပြီးသော်၊ ရုပ်ပွားတော်အား၊

ပူဇော်သောခါ၊ ကုသိုလ်မှာလျှင်၊ ကမ္မာဝစရ၊ ကျမ်းသဂြိုဟ်မှာ၊ ဆိုကာပြ၏၊ ဘဝမပြတ်၊ အဝိဇ္ဇာနှင့်၊ တဏှာဝဋ္ဋမှာ၊ မလွတ်နိုင်ပါ၊ ထိုထက်သာ၍၊ မြတ်စွာဗုဒ္ဓ၊ သုံးလူ့ဘ၏၊ ဟောပြလမ်းညွှန်၊ ဓမ္မခန်ကို၊ ကျင့်ကြံမှသာ၊ ဝဋ္ဋတဏှာရို့၊ လွတ်ကွာကင်းပြတ်၊ ရုပ်နှင့်နာမ်မှာ၊ အမှန်တုံးကော၊ အဆုံးသတ်၍၊ အမြတ်နိဗ္ဗာန်၊ လမ်းကြောင်းမှန်ကို၊ အကျွန်ုပ်က၊ အမြဲပင်လျှင်၊ စွဲဝင်နှောကော၊ သဘောကျလို့၊ ကာလပေါ်ငြား၊ လူအများနှင့်၊ ဘုရားဖူးရန်၊ မေန်ိုးဆော်၍၊ ဖိတ်ခေါ်ချက်ကို၊ လက်မခံလေး။

(၂၇) လက်မခံဟု၊ ငြင်းဆန်ပယ်ယှား၊ မောင်လူပျို၏၊ ဆိုစကားကို၊ ပျိုထွားကညာ၊ ခွန်းတုံ့လှန်၍၊ တဖန်ထပ်လို့၊ မီးလတ်ရာကား၊ ကမ္မာဝစရ၊ မြတ်ကုသိုလ်ကို၊ ထိုလူမျှလျှင်၊ ထက်ကြသဒ္ဓါ၊ စိတ်ဖြူစင်၍၊ အားအင်ထုတ်ကော၊ မလုပ်ရာဟု၊ ဗုဒ္ဓါဟောငြား၊ ကျမ်းပိဋကမှာ၊ ဖွံ့ရှာတွိကော၊ ဟိသလားလေ၊ တပါးထိုမှ၊ မြတ်ဗုဒ္ဓကို၊ တုတ်ကြွရိုသေ၊ ဖူးမျှော်ချေသော်၊ အပယ်လားရန်၊ ကျမ်းအညွှန်ကို၊ တွိပြန်သလား၊ မောင့်ဆရာက၊ သင်ကာပြောကော၊ ဟောသလားဟု၊ ဟားဟားလည်းရယ်၊ ပျိုပန်းတန်ကော၊ လှစံသီးမှာ၊ မီးလတ်ချေသော်၊ ရုပ်ရည်လှပ၊ မောင်လူပျိုမှာ၊ သံချိုမြနှင့်၊ ရွှင်ပြမျက်နှာ၊ ပြုံးရယ်ပြန်၍၊ တဖန်ထပ်လို့၊ ယှင်းလတ်ရာကား၊ ရောက်လာသောင်းသောင်း၊ ဇီးချောင်းသူလေ၊ ပျိုဖြူပေါင်းနှင့်၊ နွဲ့နှောင်းယဉ်စ၊ ပျိုနုနယ်ကော၊ မငွေလှလေ၊ ဆုံးစကုန်ယောင်၊ မောင်စကားကို၊ မေနားထောင်ပါ၊ လူ့ဘောင်လူ့ရွာ၊ လူများစွာလျှင်၊ ကမ္မာဝစရ၊ များထိုထိုလေ၊ ကုသိုလ်စုကို၊ မပြုရဟု၊ မောင်ကခုဝယ်၊ ပုလဲသွယ်လေ၊ ပျိုမေချောကို၊ မပြောပေတည်း၊ ထိုသည်ကမ္မ၊ ကုသလလျှင်၊ ဝဋ္ဋမှမလွန်၊ ရုပ်နှင့်နာမ်သည်၊ ကြိမ်ဖန်လည်းဖြစ်၊ ကာမဂုဏ်ဖြင့်၊ ဘုံဆယ့်တစ်မှာ၊ မြူတ်နစ်ရုံသာ၊ ဤထက်လွန်၍၊ နိဗ္ဗာန်မြောက်အောင်၊ မရောက်ပါဟု၊ မှန်စွာအကယ်၊ ဘိဓမ္မာ၏၊ လာသဘောနှင့်၊ မောင်ပြောရေလေ၊ နောက်ဝယ်တခြား၊ မြတ်ဘုရားကို၊ ဖူးငြားသောခါ၊ အပါယ်မှာလျှင်၊ ရောက်ပါမည်လား၊ မီးကာဆိုကော၊ ထိုစကားကို၊ ဖြေကြားဦးမည်၊ လွဲမချော်အောင်၊ တွေးခေါ်ငြားလို့၊ ထောင်နားတည်ပါ၊ ဘုန်းကြွယ်ဗုဒ္ဓ၊ အတုလကို၊ ဦးချရိုသေ၊ ဖူးမျှော်ပေသော်၊ အပါယ်ဂတိ၊ မလားရန်ကို၊ အကျွန်သိရေ၊ နှိုင်းညှိကျမ်းဂန်၊ တရားညွှန်၍၊ သင်ရန်မဟိ၊ စဉ်စားကြံ၍၊ ဝေဖန်နှိုင်းသော်၊ လူတိုင်းသိမည်၊ သို့ဖြစ်ပါလည်း၊ ဇာအခြင်းနှင့်၊ ငြင်းလတ်တေဟု၊ ဆိုချေသောခါ၊ ဤခေတ်မှာလူ၊ များစွာထောင်သောင်း၊ ကြီးငယ်ဟူကော၊ လူအပေါင်းလျှင်၊ ထုံးဟောင်းကိုလွန်၊ လမ်းမမှန်ကော၊ ကျမ်းညွှန်မသိ၊ ကိုယ့်ရိုးရာနှင့်၊ မျိုးဇာတိကို၊ သတိမချပ်၊ ကိုးကွယ်ရာလေ၊ ဘာသာရပ်တွင်၊ မအပ်မရာ၊ တုအယောင်ဖြင့်၊ လုပ်ဆောင်မှုကို၊ ပြုကတ်ပါ၍၊ ဆရာသခင်၊ စာအမြင်နှင့်၊ ဇာပင်ဟောငြား၊ မမှတ်အောင်ဘဲ၊ နတ်ယောင်ဝါးမှာ၊ တိုးပွားအစုံ၊ ကိုးပါးဂုဏ်ကို၊ အာရုံမထား၊ အရွှာရွှာကို၊ လည်ကာလားလို့၊ ဘုရားဖူးယောင်၊ အဟန်ဆောင်၍၊ ကြောင်သတင်းသုံး၊ ရှိအခါက၊ ပမာထုံးသို့၊ ပြုံးပြုံးမျက်နှာ၊ ရွှင်မြူးကာနှင်၊ သီစာသောက်စား၊ တချို့များကား၊ စီးပွားရှာရန်၊ တချို့မှန်ကော၊ ကြွီအံကြိုးထိုး၊ တချို့မှာလျှင်၊ လည်ကာခိုး၍၊ တချို့ရို့ကား၊ အပျင်းပြေဟု၊ စိတ်ဝယ်ထားလျှက်၊ တခြားနောက်မူ၊ တချို့သူမှာ၊ အယူခြားသီး၊ မဟုတ်တန်ကို၊ ကြံဖန်ငြားကော၊ ဘုရားရှိုးလို့၊ ကြီးရေငယ်ရေ၊ မသပ္ပါယ်နှင့်၊ သပ္ပါယ်တသီး၊ ရတနာဖြင့်၊ ရောင်ဝါညီးအောင်၊ မင်းမြီးမင်းသား၊ သွန်းလုပ်ထားကော၊ ဘုရားကိုမှ၊ သဒ္ဓါရွှင်ကော၊ ဖူးချင်ကြလို့၊ နောက်မှတပါး၊ ဆင်းရဲသူလေ၊ လူအများရို့၊ တည်ထားကြကျင်၊ ရုပ်ပွားသျှင်ကို၊ ဖူးမြင်သူကား၊ တိုင်းနိုင်ငံမှာ၊ လွန်နည်းပါး၍၊ ဘုရားကိုသာ၊ ရှိုးချယ်ကာဖြင့်၊

ဖူးလာတုံဘိ၊ တရားကွာ၍၊ မှားကာလုပ်ကော၊ ယုဂ်ကလိတွင်၊ အသိကင်းပ၊ ပြုကြသူလေ၊ ဟူသမျှကို၊ မြင်ရလျှက်ပင်၊ မေနိုးဆော်၍၊ ဖိတ်ခေါ်ရီးကို၊ ကြောက်သွီးဝင်၍၊ မောင်လျှင်ခုဝယ်၊ ကာလပေါ်လေ၊ ဖူးမျှော်ခြင်းကို၊ ငြင်းလတ်တေဟု၊ ဆိုပေပြီးမှ၊ နှမချေကော၊ မငွေလှနှင့်၊ ရောက်ကြသောင်းသောင်း၊ ဇီးချောင်းသူလေ၊ လူအပေါင်းကို၊ ကျိုးကြောင်းဆက်သွယ်၊ ကျမ်းအညွှန်းနှင့်၊ လမ်းမှန်ရအောင်၊ ပြောပြမည်လေး။

(၂၈) ပြောပြမည်လေ၊ ထွေထွေရပ်ရပ်၊ မောင်ကညွှန်၍၊ မှန်အမှားနှင့်၊ စကားရပ်ကို၊ သိကတ်လီယောင်၊ ရောက်လာသူလေ၊ ပျိုဖြူများမှာ၊ ရွှေနားထောင်ပါ၊ ပြည်ဖောင်တလွှား၊ မျိုးအစိုင်ကော၊ ရခိုင်သားရို့၊ သိထားအပ်စွာ၊ အဖိုးတန်၍၊ ကဲလွန်မြင့်ကော၊ ကျင့်ခြောက်ဖြာကား၊ ဦးစွာသိအပ်၊ ကိုးကွယ်ရာသည်၊ ဘာသာရပ်နှင့်၊ နောက်ထပ်တဖြာ၊ လူများစွာရို့၊ ကျမ္မာဖို့ရီး၊ တပ်လိမ္မာကော၊ ပညာရီးတည်း။ တသီးထိုမှ၊ စာရိတ္တနှင့်၊ ဘောဂခန်း၊ များပြည်သူလေ၊ လူထိုမျှမှာ၊ ပြည်ဝရန်ဖြင့်၊ တဖန်နောက်ဆုံး၊ လူအားလုံးလျှင်၊ စည်းလုံးညီညွတ်၊ ကျင့်ခြောက်ထွေလျှင်၊ တည်ကြည်လတ်သော်၊ မချွတ်မှန်စွာ၊ ပြည်မဏ္ဍိုင်မှာ၊ ရခိုင်သားရို့၊ ကြီးပွားလာမည်၊ သို့ဖြစ်သည်ကြောင့်၊ ပြန်လည်တဝ၊ ကျိုင်းမကျယ်ကော၊ အလယ်လတ်ဖြင့်၊ ထပ်ပြောပြမည်၊ ဗုဒ္ဓဘာသာ၊ လူများစွာလျှင်၊ မှတ်ပါတိကျ၊ ကျမ်းအလာကို၊ ညွှန်းပါရမူ၊ စရဏခန်း၊ ပူစိတံဟု၊ ဟောပြန်မယွင်း၊ ဝဋ္ဋတဏှာကို၊ လွတ်ကွာကင်းအောင်၊ ကျင့်ခြင်းတမူ၊ သဒ္ဓါဖြူဖြင့်၊ အလှူပီးခြင်း၊ လက်ဦးမျှော်၍၊ ပူဇော်ခြင်းဟု၊ လိုရင်းသုံးတန်၊ ပရိကံလျှင်၊ ဟိပြန်သော်အား၊ ကျမ်းဆိုညီကော၊ ရှိဖျားအစ၊ ပူဇော်ဟန်လေ၊ မှန်သဖောကို၊ ကျွန်ပြောပြမည်။ သာစွမြိုင်မြိုင်၊ နာမလှိုင်ကော၊ ရခိုင်ပြည်တွင်း၊ အများလူရို့၊ ကြည်ဖြူခြင်းဖြင့်၊ မြို့တွင်းတောရွာ၊ စေတနာနှင့်၊ တည်ခါဟိငြား၊ အစားစားကော၊ ရုပ်ပွားစေတီ၊ မွေသရီကို၊ စုံညီရိုကျိုး၊ နဖူးပြင်မှာ၊ လက်တင်မိုးလို့၊ ရှိခိုးသောခါ၊ ကိုးပါးဂုဏ်ကို၊ အာရုံမှတ်လို့၊ ခိုးအပ်ပါရေ၊ ထောင်ရာများပြား၊ မွေသရီကော၊ စေတီများလျှင်၊ ဗုဒ္ဓမြတ်စွာ၊ သာသနာကို၊ ရှည်ကြာစီမူ၊ သက်ဟိပင်လေ၊ သျှင်ဘုရားကို၊ ကိုယ်စားပြုဟု၊ ညွှန့်နုရှိသေ၊ စိတ်ဘဝင်မှာ၊ ထင်အောင်ပွားကော၊ ထားသင့်ပေရေ။ နောင်ဝယ်တပါး၊ သုံးရပ်ဘုံဝယ်၊ ဂုဏ်ဒြပ်နှင့်၊ အမြတ်ထားကော၊ တရားသံဃာ၊ ထွတ်မြတ်စွာကို၊ ပူဇာဝတ္ထု၊ ဆယ်ချောင်းရုံ၍၊ လက်စုံမိုးကော၊ ရှိခိုးကြလည်း၊ ဓမ္မာ၏ဂုဏ်၊ သံဃာဂုဏ်ကို၊ လှနီဂေလေ၊ ပျိုမေရို့မှာ၊ ရှိခိုးပါနှောင်း။ အရာတရပ်၊ ကျေးဇူဟုန်နှင့်၊ ဂုဏ်ကြီးမြတ်၍၊ အထွတ်တင်ကြ၊ အနန္တဟု၊ မိဘဆရာ၊ နောက်တဖြာလေ၊ သက်ဝါကြီးလတ်၊ သီလဖြူ၍၊ အယူမြတ်နှင့်၊ ဖြောင့်မတ်စိတ်ဝင်၊ သူတော်စင်ကို၊ လူသျှင်အပေါင်း၊ လက်ဆယ်ဖြာကို၊ ထိပ်မှာမိုးကော၊ ရှိခိုးကောင်းရေ။ တကြောင်းမှတ်ဖွယ်၊ ဒါနဟူကော၊ ပီးလှူခြင်းကို၊ ယှင်းဦးမည်လေ။ လှူဖွယ်ဝတ္ထု၊ အစုစုကား၊ အနုဂါမိ၊ မြီအောက်ယံမှာ၊ မြုပ်နှံ့ဟိကော၊ ကြီးဘိရွှေအိုး၊ ပမာဖန်ကော၊ ပုံစံမျိုးသို့၊ ကောင်းကျိုးကြံခိုင်၊ ဘဝကွယ်၍၊ သင်္ချိုင်းခြားလည်း၊ ဖော်စားနိုင်ရေ။ သို့စိုင်ဖြစ်ပြီး၊ စေတနာနှင်၊ သဒ္ဓါဖြိုးမှ၊ အကျိုးကြီးမည်၊ တသီးမှတ်ကြ၊ စွန့်ကြဲလှူကော၊ ဟူသမျှကား၊ ကမ္မာဝါစရ၊ ကျမ်းကပြဆို၊ ထိုကုသိုလ်လျှင်၊ မဂ်ကိုမဆိုက်၊ ကာမဟူကော၊ ဘုံဆယ့်တစ်မှာ၊ ဖတ်ရစ်ခါခါ၊ ရုပ်နှင့်နာမ်လျှင်၊ ဖန်ဖန်ထပ်လို့၊ ဖြစ်တတ်ပါရေ။ သို့ပါသို့ငြား၊ ဒါနဟူကော၊ အလှူများကို၊ ပီးငြားသောခါ၊ သံသရာလျှင်၊ တိုပါစီကြောင်း၊ ပြည်နိဗ္ဗူကို၊ ဆုယူညောင်းလို့၊ တောင်းကတ်ရမည်။ မလွဲရန်ကော၊ နည်းမှန်ကျဖို့၊ ပြောရရေနှောင်း။ နောင်ဝယ်တဝ၊ စရဏကို၊ ပြောပြဦးမည်၊ သတိဆောင်၍၊ မောင်စကားကို၊ ထောင်နားတည်ပါ။ ထွေထွေများများ၊

ကမ္ဘာသူလေ၊ လူအများရို့၊ ကိုးစားအပ်ရာ၊ အဖြာဖြာနှင့်၊ ဘာသာကွဲကြ၊ စိတ်အယူမှာ၊ မတူကြဘဲ၊ ဗုဒ္ဓဟောကြား၊ ဓမ္မခန်နှင့်၊ ကျမ်းဂန်များကို၊ ယုံစားတုံထ၊ တချို့သူလေ၊ လူရို့ကလျှင်၊ ဗုဒ္ဓအယူ၊ တချို့သူမှာ၊ အယူခြားပြန်၊ ခရိယာန်ဟု၊ ဟိပြန်တုံထ၊ ထိုသည်လူရို့၊ ယူအဆကား၊ ထာဝရခေါ်၊ နာမကျော်သည်၊ ပုဂ္ဂိုလ်သခင်၊ ဘုရားသျှင်လျှင်၊ မြီပြင်ကမ္ဘာ၊ အဏ္ဏဝါနှင့်၊ များစွာလူသား၊ လယ်ကွင်းပြင်ကော၊ မြင်းဆင်ကျွားက၊ ကျွဲနွားမကျန်၊ တိရိစ္ဆာန်ကော၊ ပိုးနံ့ကစ၊ ဤကမ္ဘာမှာ၊ မြင်ကာတွိကော၊ ဟိသမျှကို၊ ထာဝရတွင်၊ တန်းခိုးသျှင်က၊ ပြုပျင်ဖန်ဆင်း၊ ကျင့်အယူလေ၊ အမူစောင်းကော၊ မကောင်းခြင်းနှင့်၊ ကောင်းခြင်းအရာ၊ အဖြာဖြာကို၊ သူသာပိုင်မြောက်၊ ပြစ်များဖျင်ကို၊ သူလျှင်ဖျောက်က၊ ပြီးပျောက်တော့သည်၊ ကမ္ဘာပြင်ကို၊ အသျှင်မြတ်မှာ၊ စိုးလတ်တေဟု၊ ယုံကြည်လက်ခံ၊ သက်ဝင်သူရို့၊ အယူမှတ်ကော၊ ဟိကတ်ပြန်ရေ။ တတန်ထိုမှ၊ တချို့လူရို့၊ ယုံကြည်ကြသည်၊ ဗုဒ္ဓဘာသာ၊ စိုင်အလာမှာ၊ ခိုင်မာယူကြ၊ စရဏဟု၊ သိကြတုံလစ်၊ အကျင့်ပင်လျှင်၊ ဘုန်းသျှင်ဖြစ်လို့၊ ကျင့်ထိုက်ကျင့်ရာ၊ ကောင်းမြတ်စွာကို၊ ကိုယ်သာကျင့်က၊ အကျိုးမွန်ကို၊ ကိုယ်ခံရလို့၊ ကိုယ်ကဆိုးပြန်၊ အပြစ်ဒဏ်ကို၊ ကိုယ်ခံစမြဲ၊ ဘုံလောကီလေ၊ ဌာနီထဲမှာ၊ ငရဲပြိတ္တာ၊ သူရကာနှင့်၊ ဒေဝါမနုဿ၊ အရူပကော၊ ရူပတွင်ပြန်၊ အသည်ညံနှင့်၊ နိဗ္ဗာန်သို့တိုင်၊ ခရီးသွင်သို့၊ ဘုန်းသျှင်ရို့က၊ မပို့နိုင်ပါ။ ကျင့်စိုင်မျိုးမျိုး၊ ကောင်းအဆိုးတွင်၊ ကောင်ကျိုးလိုလျှက်၊ လူ့ရပ်ဘောင်မှာ၊ ကောင်းယောင်ကျင့်သော်၊ ကြီးမြင့်ချမ်းသာ၊ အလီလီကော၊ စည်းစိမ်မြတ်ကို၊ ရအပ်ပါရေ။ အရာတချက်၊ အကျိုးပျက်အောင်၊ ဆိုးညှက်လှစွာ၊ ကျင့်သောခါတွင်၊ ဆိုးစွာပြစ်ဒါဏ်၊ ဆိုးကျင့်မူသော်၊ လူခပဲမှာ၊ ဆင်းရဲခံဟု၊ ပြည့်ဆွန်ပြီးထွေ၊ စောဗုဒ္ဓာက၊ မြွတ်ခါကြားကော၊ ဟောထားရေလေး။

(၂၉) ဟောထားမယေတုံငြား၊ ကျင့်အပ်ပါကော၊ ကြောင်းရာများကို၊ ရပ်ထားပြီးမှ၊ ကျမ္မာရန်လေ၊ ဆိုဟန်ခန်းကို၊ ဆန်းလို့ပြမည်။ ရက္ခမဏ္ဍိုင်၊ အနွယ်ယိုင်ကော၊ ရခိုင်မျိုးသား၊ တချို့သူလေ၊ လူအများရို့၊ သိကြားဖြဟ္မာ၊ အသူရာနှင့်၊ ပြည်ရွာစောင့်တတ်၊ မျိုးစိုင်လာလေ၊ ရိုးရာနတ်ကို၊ မချွတ်ဧကန်၊ လူများစွာ၏၊ ကျမ္မာမှုကို၊ ပြုကတ်ပြန်ဟု၊ အကြံလွဲမှား၊ မိစ္ဆာညာဏ်နှင့်၊ မြင်ဟန်များကို၊ ပါယ်ထားပြီးကော၊ အယူမှန်ကို၊ တဖန်လိုက်လို့၊ လုပ်ထိုက်ပေရေ။ အကယ်မုချ၊ ကျမ္မာရန်လေ၊ ရင်းခံများကို၊ ညွှန်ကြားရမူ၊ များလှသူငါ၊ ဤခန္ဓာကို၊ လေးဖြာဓါတ်စု၊ မဖောက်ပြန်အောင်၊ ထောက်ကန်ပြု၍၊ ဥတုအဟာရ၊ အီးအပူလျှင်၊ ညီတူမျှ၍၊ ပေါင်းကြစပ်ခါ၊ ကမ္ဘာသူလေ၊ လူအများမှာ၊ ဖြစ်ပွားလာသော်၊ လိုရာတလီ၊ ပထဝီကို၊ ကူညီနိုင်ထ၊ အဖြာဖြာကော၊ အဟာရနှင့်၊ ပြည့်ဝညီစွာ၊ ဓါတ်အစာကို၊ ချိန်ခါနိုညာ၊ မမုန်းအောင်ပင်၊ သုံးဆောင်ကြ၍၊ ပါစကပူဓါတ်၊ အစာအိမ်တွင်၊ ဖျက်ခြေလတ်သော်၊ အဖတ်ညစ်ကြေ၊ ရောက်တချို့မှာ၊ အောက်သို့လည်လျှက်၊ အရည်ကျန်လစ်၊ ဓါတ်ခိုးပြန်သော်၊ သွီးသန်ဖြစ်လို့၊ သားတစ်ရိုးရီ၊ အခြင်ဆီသို့၊ တူညီသီးသီး၊ ဝါယောမျှောင်၍၊ ပို့ဆောင်ပီးက၊ ထွားကြီးသန်မာ၊ ကိုယ်ခန္ဓာ၏၊ ကျမ္မာမှုသည်၊ မှန်မချွတ်ကော၊ ဖြစ်တတ်ပေရေ။ ဆိုမည်နောက်ထပ်၊ လှစပါယ်လေ၊ ပျိုမေများမှာ၊ ထောင်နားချပ်ပါ၊ စိတ်ဓါတ်ချမ်းသာ၊ ကိုယ်ကျမ္မာအောင်၊ ပြည်ရွာအတွင်း၊ ကျောင်းကန်သိမ်ကော၊ အိမ်ခြံဝင်းနှင့်၊ မြို့တွင်းပြည်ရွာ၊ ကြောင်းဇခ်ါနှင့်၊ နီရာမကြွင်း၊ ရခိုင်ပြည်လေ၊ နယ်စက်ကွင်းမှာ၊ ခပင်းသျှင်လူ၊ မြင့်မြတ်ပြန်ကော၊ ညာဏ်အသိနှင့်၊ သတိမူ၍၊ အတူတကွ၊ သန့်ယှင်းယောင်လျှင်၊ လုပ်ဆောင်ကြသော်၊ မုချအကယ်၊ ဤကြောင်းရာလျှင်၊ ကျမ္မာခြင်းမှာ၊ အရင်းတည်လို့၊ ယှောင်ဖွယ်တတန်၊ အမှည့်လွန်ကော၊ သီးနံ့အများ၊ ထိုအစာကို၊ ပါယ်ခွာယှားလို့၊ မစားအပ်ပါ။

ပုတ်သိုးမှိန်၍၊ ညှိန်အနံ့ကို၊ စွန့်လွှတ်ခွာ၍၊ ဝီးစွာယှောင်ယှား၊ မသန့်ရာမှာ၊ ဖြန့်ကာထားကော၊ ယင်နားအစာ၊ ယှောင်သင့်ပါရေ။ ယင်ကြောင့်သာလျှင်၊ ရောဂါညှက်မှာ၊ ကူးစက်တေနှောင်း။ တသွယ်နောက်မှာ၊ သက်ခန္ဓာလျှင်၊ ရှည်ကြာသမျှ၊ ထဲဘဝင်မှာ၊ စွဲဝင်ကြဖို့၊ ပြောပြဦးမည်၊ သတိဆောင်၍၊ မောင်စကားကို၊ ထောင်နားတည်ပါ။ ကြောက်ဖွယ်တပါး၊ တညောင်ညောင်နှင့်၊ ခြင်ကောင်များလည်း၊ လူသားအန္တရာယ်၊ ခြင်ကိုက်မှုလျှင်၊ အပူများ၍၊ ဖျားတတ်တေဇ၊ ရှိဝယ်ကာလ၊ ပေါရဏဖြင့်၊ ပြောကြတုံလစ်၊ လူများဖျင်ကို၊ ကျားဝင်ကိုက်သော်၊ ပြောင်းလစ်ခန္ဓာ၊ တယောက်သာလျှင်၊ သီကာပျက်ဆုံး၊ ခြင်ကိုက်ချေသော်၊ တပြည်လုံးလျှင်၊ သီဆုံးရသည်၊ သက်ကြီးအိုရို့၊ ဆိုစကားကို၊ မှတ်သားပေနှောင်း။ ဤသည်ကောင်းရပ်၊ ဂုသံခါလျှင်၊ ဆိုကာထားကော၊ စကားရပ်နှင့်၊ ထပ်လို့တသွယ်၊ နားထောင်သူကော၊ လူအများကို၊ ပြောကြားမည်ကား၊ မြင့်ရှည်နှစ်တာ၊ ရှိအခါတွင်၊ သာယာလှပ၊ မြရောင်ဆိုင်း၍၊ တောင်စိုင်ဝိုင်းကော၊ တိုင်းရက္ခတွင်၊ များလှလူသျှင်၊ ထဲဘဝင်မှာ၊ မရွှင်မပျ၊ ပဒုမ္မာလေ၊ ရွှေကြာပန်းကို၊ နီလှမ်းကြယောင်၊ ရှိကတမုံ၊ ခါတဖုံလျှင်၊ မကြုံစဖူး၊ ရာဇဝင်မှာ၊ စာတင်ဟိကော၊ မတွိဖူးဘဲ၊ အကျူးအလွန်၊ ခြင်ဖိီးရန်ကြောင့်၊ သီလွန်ပျက်ပြုန်း၊ မျိုးရခိုင်လေ၊ တစိုင်လုံးပင်၊ ကုန်ဆုံးမတတ်၊ ကြောင်းခြင်းရာကို၊ နောင်လာမှတ်ရန်၊ သိအပ်စင်စစ်၊ ပြက္ခဒိန်မှာ၊ ရက်ချိန်ကိုက်၍၊ သက္ကရာဇ်ကောဇာ၊ ကိန်းသင်္ချာလျှင်၊ ကိုးရာပြည့်လစ်၊ ကြောက်ကောင်းဖွယ်နှင့်၊ ထိုသည်နှစ်တွင်၊ မှောင်မိုက်မဲမှုန်၊ မိုးပစ္စုံကော၊ အဟုန်ပြင်းပြ၊ ခါမကျန်အောင်၊ ရွာသွန်ချ၍၊ တွင်းစကုန်းမြောင်၊ ရီဖောင်ဖောင်နှင့်၊ ဝါခေါင်မာသ၊ ဆန်းစကြိမ်ကော၊ ချိန်ကာလတွင်၊ အစပြုပြန်၊ ခြင်၏ရန်ကြောင့်၊ ရောဂန္တာရ၊ ရခိုင်ပြည်လေ၊ နယ်သီးသီးမှာ၊ ကပ်ကြီးကျလို့၊ ဒုက္ခများစွာ၊ ဖျားကြီးနာကြောင့်၊ သီရွာပြောင်းရ၊ ပျက်စီးသူလေ၊ ဟူသမျှကို၊ ရာဇမင်းသား၊ မတ်များစွာနှင့်၊ ပြည်ရွာလှည့်မြောက်၊ ရွှေပီပြင်မှာ၊ မှတ်တင်သွင်းကော၊ စာရင်းကောက်သော်၊ သီပျောက်သူမှန်၊ တသိန်းလွန်၍၊ ကျော်ပြန်နှစ်သောင်း၊ လေးထောင်ကယ်ကော၊ နှစ်ဆယ်မြောက်၍၊ လေးယောက်ဆောင်းဟု၊ ရှိဟောင်းပီစာ၊ မြဒိုးဝေ၏၊ ရှီးသည့်ကျမ်းမှာ၊ ညွှန်းလို့ပါရေ။ ထိုခါကာလ၊ ဖျားနာသူကော၊ ဟူသမျှ၏၊ ဖြစ်ရတုံလစ်၊ အရင်းခံကော၊ မှန်သနစ်ကို၊ စီးစစ်ရယောင်၊ ပေါ်ထွန်းအောင်ဟု၊ ညာဏ်ရောင်ထွန်းပြီး၊ ဓါတ်ဝိဇ္ဇာလေ၊ ဆရာကြီးကို၊ ခေါ်ပြီးတလီ၊ မင်းရာဇာမှာ၊ အာဏာမှတ်၍၊ စမ်းသပ်စီသော်၊ ဂမ္ဘီသကာ၊ သမားတော်ဟု၊ ကျော်တယောက်ကော၊ ပါမောက္ခလျှင်၊ မြို့ပြတောရွာ၊ အဖြာဖြာတွင်၊ မြတ်စွာပတ်လှည့်၊ ဖျားခြင်းဟန်နှင့်၊ သွီးသံရို့ကို၊ စမ်းလို့ကြည့်လျှင်၊ ပူ၍ဖျားခြင်း၊ ငန်းဖျားခြင်းနှင့်၊ အတွင်းအူရောင်၊ အပူဆောင်၍၊ အာခေါင်ကွဲပြတ်၊ ဓါတ်အာကာလျှင်၊ ပတ်ကာဆီးကော၊ အအီးပတ်လို့၊ ဖျားလတ်ခြင်းသည်၊ ဧကဝုတ်ကော၊ မဟုတ်ချေဘဲ၊ ဤသည်ရောဂါ၊ လက္ခဏာမှာ၊ တဖြာကွဲထ၊ များသောသူကော၊ ဟူသမျှတွင်၊ ဒဟတေဇော၊ တွင်းသဏ္ဍာန်မှာ၊ လွန်ပြန့်ပြော၍၊ အကြောတွန့်ခါ၊ ကိုယ်ခန္ဓာလျှင်၊ လွန်စွာတုန်ပြီး၊ နှလုံးအိမ်မှာ၊ ခံကာထောင်းကော၊ ဂေါင်းလည်းညီးလို့၊ ရှည်ဝီးကြာတင်၊ ရှိဆရာရို့၊ သညာထားကော၊ ငှက်ဖျားတွင်ရေ။ သို့စင်မှန်လှ၊ လက္ခဏာကို၊ ရှာကာတွိကော၊ တိအကျဖြင့်၊ သိရသောခါ၊ သိန်းသောင်းချီ၍၊ ခြင်ရှိမျှားကို၊ ဖမ်းထားပါ၍။ ရောဂါစမ်းသပ်၊ ရက်မယှောင်ဘဲ၊ ခြင်ကောင်များကို၊ ခွဲခြားလတ်သော်၊ မချွတ်မှန်ဘိ၊ သိန်းသောင်းချီ၍၊ ခြင်ရှိမျှားမှာ၊ ငါးမျိုးတွိရေ။ မှတ်သိအပ်ရာ၊ ခြင်ငါးဖြာလျှင်၊ ခြင်ဝါခြင်စောက်၊ ခြင်ပြောက်ခြင်ကျား၊ ခြင်ကုလားဟု၊ ခွဲခြားတုံပြန်၊ ပုံသဏ္ဍာန်နှင့်၊ ကိုက်ပြန်ကာလ၊ ခြင်များစွာ၏၊ သဘာဝကို၊ ဖော်ပြဦးမည်၊ အမျှားခင်မှာ၊ နားဆင်လတ်ကော၊ မှတ်ကတ်ပေနှောင်း။

ဆိုမည်တထောက်၊ ခြင်စောက်ကောင်မှာ၊ နှာရောင်ကောက်လို့၊ ခြီထောက်ကားရှည်၊ သူ့ကိုယ်ထည်မှာ၊ နည်းငယ်ညိုလျှက်၊ ကိုက်လတ်ကျင်သော်၊ နောက်ထင်မြင့်၍၊ ဂေါင်းဖက်နိမ့်ခါ၊ လူများကိုယ်က၊ သွီးကိုနှုတ်၍၊ စုတ်တတ်ပါ၍၊ သူ့မှာပါလတ်၊ ဂေါင်းအောက်ဝယ်တွင်၊ အရည်အိပ်ကော၊ အဆိပ်ဓါတ်ကြောင့်၊ မချွတ်မှန်စွာ၊ ငှက်ဖျားနာလျှင်၊ ဖြစ်ပါရသည်။ လေးဖြာကျန်ကော၊ ခြင်ရန်များကို၊ ပြောကြားမည်နှောင်း။ ကြောက်ဖွယ်ကောင်းစွာ၊ ဖျားအနာကို၊ များစွာဖြစ်တတ်၊ ညင်သာသာနှင့်၊ ခြင်ဝါဟပ်၍၊ ကိုက်လတ်သောခါ၊ သူ့မူရာတွင်၊ ဂေါင်းမှာမြင့်ဘိ၊ ခြီထောက်သွင်ကော၊ နောက်တွင်နိမ့်လို့၊ ကျန်ဟိထိုနောက်၊ လူ့ခန္ဓာမှာ၊ သွီးလာသောက်ကော၊ ခြင်ပြောက်ခြင်ကျား၊ မဲရောင်ထင်ကော၊ ခြင်ကုလားရို့၊ ကိုက်ငြားကြပြန်၊ ဖျားအနာမှာ၊ များစွာခိုက်လို့၊ မဖြစ်တန်လည်း၊ ပူလွန်ကြီးစွာ၊ ငှက်ဖျားပါကော၊ သူနာကိုယ်၌၊ ဂုသံဆိုကော၊ ထိုခြင်ညစ်ရို့၊ လာကိုက်ပြီးနောက်၊ ကျမ္မာသူလေ၊ လူတယောက်ကို၊ ကိုက်ဖောက်သောခါ၊ ငှက်ဖျားနာလျှင်၊ ဖြစ်တတ်ပါရေ။ ကျားထက်ပင်လေ၊ ခြင်ရန်ဖီးမှာ၊ ကြီးလတ်တေဟု၊ ရှိဝယ်အခါ၊ ညာဏ်ရောင်ဝါနှင့်၊ ဆရာပေါ်ထွန်း၊ မင်းဘုရင်ကို၊ လျှောက်တင်ခန်းဝယ်၊ ကျယ်ဝန်းများလွန်၊ ခြင်၏ရန်ကြောင့်၊ ဖျားပြန်ကုန်ကြ၊ လက္ခဏာကို၊ ခွဲကာခြား၍၊ ရှီးသားပြလည်း၊ ရောက်ကြနားခံ၊ မေနှောင်းစွန်ရို့၊ သိတန်သမျှ၊ အနည်းငယ်လျှင်၊ သံခေပဖြင့်၊ ပြောပြလိုက်တေ။ ပေါင်းသဟာလေ၊ လာသမျှရို့၊ မှတ်ကြပေ၍၊ မြဲထွေနိစ္စ၊ ခြင်ဆိုးရန်ကို၊ မကျန်ကြွင်းအောင်၊ နှိမ်နှင်းကြဖို့၊ ရွာစရွာဖျား၊ ရီပုတ်ဆိုင်ကော၊ အင်းအိုင်များနှင့်၊ အိမ်နားဝဲယာ၊ ရီဝတ်ရာကို၊ ညီညာတူကွ၊ လုလ္လသန်၍၊ အားခွန်စိုက်ကော၊ ဖို့ပစ်ရမည်။ ထိုမှတခြား၊ အမှိုက်ပုံနှင့်၊ တောခြုံများလည်း၊ ခြင်ပွားတတ်တေ။ အိမ်တွင်းပြင်ကို၊ သန့်စင်ငြားအောင်၊ လုပ်ထားပေမှ၊ ကုဋေကုဋာ၊ ခြင်များစွာလျှင်၊ မျိုးပါလည်းတုံး၊ ပြည်နိုင်ငံမှာ၊ မကျန်ပြုန်းမှ၊ အားလုံးချမ်းသာ၊ လူတကာလျှင်၊ ကျမ္မာလိမ့်မည်။ ဤကြောင်းရာလေ၊ မှာစကားကို၊ ထားပြီးကေလျှင်၊ နောက်ဝယ်ထပ်မံ၊ လုပ်သင့်ရန်ကို၊ အကျွန်ပြောမည်။ အများသူလေ၊ ဖြူနှမရို့၊ မှတ်ကြပေနှောင်း။ လေးထွေသမုတ်၊ ဓါတ်ခန္ဓာလေ၊ မဟာဘုတ်ရို့၊ ဆောင်ငုတ်ပျက်ခါ၊ ဖြစ်ပွားရာနှင့်၊ သီတာခုလှ၊ အီးတမူကော၊ ပူတဝဖြင့်၊ ပက္ကရဏ၊ ကက္ခလဟု၊ စီးကျယိုစွာ၊ တောင့်တင်းမာသည်၊ ရောဂါထွေပြား၊ ရုပ်ခန္ဓာမှာ၊ ဖြစ်လာငြားသော်၊ မများမလွန်၊ သင့်တော်တန်ရန်၊ စီမံပြုငြား၊ ခြောက်ရသာနှင့်၊ ဩဇာလောင်းကော၊ ဆီကောင်းစားလို့၊ လှဲလားအညီ၊ ဆယ်နှစ်လီကော၊ ရာသီဥတု၊ အာဂန္တုနှင့်၊ အာယုဝယုဏ၊ ဟာယနဟု၊ ကာလရက်တာ၊ ချိန်အခါတွင်၊ လိုရာထောက်ထား၊ ဆီးမရသော်၊ အစာများနှင့်၊ ကုစားကတ်ပါ၊ ကိုယ်ခန္ဓာလျှင်၊ ကျမ္မာလိမ့်မည်၊ ရှိသူမွန်ရို့၊ ကျမ်းဂန်များမှာ၊ ညွှန်းထားရေလေး။

(၃၀) ညွှန်းထားမယေတဖြာ၊ ရှိကိုဆန်းလို့၊ တခဏ်းမှာလျှင်၊ ဝံသာနွယ်ယိုင်၊ မျိုးအစိုင်ကော၊ ရခိုင်ပြည်ဖွား၊ ကြီးအငယ်နှင့်၊ မောင်မယ်များရို့၊ အားထားစရာ၊ တတ်ပညာကို၊ ကြီးစွာလုလ္လ၊ ဇွဲစိတ်ထူ၍၊ သင်ယူကြဖို့၊ မောင်ကပြောမည်။ သဖောနားဝင်၊ ရှိခိုးတွင်ဝယ်၊ အယင်စလတ်၊ အက္ခရာနှင့်၊ စာအတတ်ကို၊ သင်အပ်တော့သည်။ ကြောင်းတမည်ကို၊ နည်းငယ်သွင်းလို့၊ ယှင်းလင်းမည်ကား၊ ပြန့်ကျယ်လှစွာ၊ ဤကမ္ဘာတွင်၊ ပြည်ရွာသတ်မှတ်၊ နီထိုင်သူလေ၊ လူစိတ်ဓါတ်၏၊ အမှတ်သညာ၊ ထိုအရာသည်၊ ရှည်စွာမခံ၊ နှစ်လတာလေ၊ မြင့်ကြာရောက်ကော၊ မိပျောက်ပြန်၍၊ ဖိုးတန်လှစွာ၊ သမိုင်းလာနှင့်၊ ပညာသိပ္ပ၊ အဖုံဖုံလေ၊ ပျောက်ကုန်ဆုံးကော၊ ပျက်ပြုန်းကြလို့၊ သိပ္ပများစွာ၊ အဖြာဖြာကို၊ အက္ခရာတင်ငြား၊ ကျောက်တလီကော၊ ပီတမျိုးဖြင့်၊

ရှိုးထိုးထားသော်၊ ရှည်လျှားကာလ၊ မပျက်နိုင်ဘဲ၊ စိုင်မပြတ်ကော၊ သိမှတ်ရရေ။ သို့ဖြစ်ပေ၍၊ မောင်မေစုံညီ၊ ရှိခိုးချီ၍၊ စာပီပညာ၊ အက္ခရာကို၊ သင်ပါပြီးမှ၊ နောက်မှသာလျှင်၊ ဌာရသဟု၊ သိပွစုံအောင်၊ သင်ကြားဆောင်၍၊ ထိုနောင်ပြီးမှ၊ တတ်ကောင်းရန်ကို၊ အကျွန်ကလျှင်၊ ညွှန်ပြဦးမည်။ ရှိပဝေတွင်၊ ဌာနေရဌာ၊ လွန်ကြီးကျယ်၍၊ အလယ်တိုက်ကော၊ မိစ္ဆိမာတွင်၊ နာလန္ဒဟု၊ တက္ကသီလာ၊ ကျောင်းတော်သာဝယ်၊ ပညာရင်နို့၊ နှစ်များစွာပင်၊ ခါမချို့ဘဲ၊ သောက်စို့တတ်ပွန်၊ ပြည်တော်ပြန်ကော၊ ရွှေညာဏ်ကြီးဘိ၊ တုမဟိကော၊ ကဝိမြဝါ၊ မင်းဆရာလျှင်၊ နောင်လာငယ်ကြီး၊ မှတ်စီချင်၍၊ စီရင်ရှိုးသည်၊ ကျော်ဟီးနာမ၊ တုမမျှကော၊ သုတရတနာ၊ ကျမ်းပီစာတွင်၊ ညွှန်းကာဖော်ပြ၊ တက္ကဗေဒ၊ ထိုနောက်မှလျှင်၊ သတ္တဗေဒ၊ ဘောဂဗိဇ္ဇာ၊ အဖြာဖြာကို၊ လေ့လာပြီးထွေ၊ မျိုးရခိုင်ရို့၊ စိုင်မပြတ်လျှင်၊ သင်ကတ်ပေ၍၊ ကျင်လည်ပြီးမှ၊ သေနင်္ဂနှင့်၊ သကတစတ္တ၊ ပဒုမ္မနှင့်၊ လေးဝဇ္ဇုဟာ၊ စစ်ပညာကော၊ ဒိုင်းကာအတတ်၊ သိုင်းအတတ်နှင့်၊ ဒါးခွတ်လှံထိုး၊ အမျိုးမျိုးလျှင်၊ စက်ကြိုးယန္တရား၊ စိုင်အလာဖြင့်၊ ပညာရပ်ကော၊ အတတ်များနှင့်၊ တခြားပြည်ရွာ၊ လူများစွာ၏၊ ဘာသာစကား၊ အက္ခရာနှင့်၊ ပညာများပါ၊ သင်ကြားအပ်တေ။ တတ်မြောက်ပါသော်၊ ကမ္ဘာရပ်မှာ၊ ဆက်စပ်လွယ်လို့၊ ပေါကြွယ်သုတ၊ အဖုံဖုံနှင့်၊ ပြည့်စုံကြသော်၊ ညာဏပဏ္ဍိ၊ ထက်မြက်စွာဖြင့်၊ ပညာဟိဟု၊ ကဝိမြောက်ပေ၊ စွမ်းဂုဏ်ရည်နှင့်၊ လူငယ်များစွာ၊ ပြည်မဏ္ဍိုင်မှာ၊ စိုင်မပျက်ကော၊ ပေါ်ထွက်လာသော်၊ ကမ္ဘာကျော်ဟိုး၊ အနွယ်ယိုင်သည်၊ ရခိုင်မျိုးမှာ၊ တန်းခိုးအာဏာ၊ တောင်သပြီလေ၊ အောင်မြီကျွန်းမှာ၊ ထွန်းဖို့ရာလေး။

(၃၁) မဟာဂေဝံသ၊ ရွှေရခိုင်လေ၊ ယိုင်နှမရို့၊ သိကြစီရန်၊ စာရိတ္တကို၊ ပြေပြညွှန်မည်။ နားခံမှတ်သား၊ ကြီးငယ်ဟူသော်၊ လူအများရို့၊ ယှောင်ယှားစိုင်ဆက်၊ ပြည်ထိုထိုတွင်၊ လူကိုဖျက်သည်၊ အရက်သီစာ၊ သောက်စားခါဖြင့်၊ မာန်ပါစိတ်ပြင်း၊ ခိုက်ရန်လို၍၊ ဆဲဆိုခြင်းနှင့်၊ ဘိန်းဘင်းသောက်ချူ၊ အပျင်းထူသည်၊ အမူပေ့ါပျက်၊ ဆိုးအညှက်ကော၊ ခိုးဝှက်လိမ်ညာ၊ တချို့မှာလျှင်၊ ဥစ္စာလိုပြီး၊ သူ့တကိုယ်ကို၊ ကောင်းလိုရီးဖြင့်၊ ပြည်ကြီးတိုင်းခွင်၊ များလူသျှင်မှာ၊ ဇာပင်ဖြစ်ငြား၊ တခြားပြည်လေ၊ တနယ်သားထံ၊ ရောင်းစားချင်လို့၊ ဆိုးစိတ်ပို၍၊ သူလျှိုပြုငြား၊ ကျွန်စိတ်ဝင်သည်၊ ဂုဏ်အင်ယုတ်ကော၊ အလုပ်များနှင့်၊ လဘ်စားလဘ်ထိုး၊ အမျိုးမျိုးလျှင်၊ မရိုးမသား၊ ကျိုးမပွားကော၊ ဆိုးဝါးလှစွာ၊ စိတ်ယုတ်မာကို၊ ပါယ်ခွာပြီးမှ၊ တွင်းသဏ္ဍာန်မှာ၊ ကောင်းမွန်စိတ်ကော၊ စာရိတ္တနှင့်၊ ပြည့်ဝညီစွာ၊ ကြီးတသွယ်လေ၊ ငယ်အလတ်ရို့၊ လုပ်အပ်ပါရေ။ အရာတဖုံ၊ သပြာဂုဏ်နှင့်၊ ပြည့်စုံကြဖို့၊ ညွှန်ပြအံ့ဌာ၊ တခဏ်းမှာလျှင်၊ ကျမ်းလာညှိနှိုင်း၊ မယုတ်လွန်ဘဲ၊ ဟုတ်မှန်တိုင်းကို၊ မဆိုင်းခုဝယ်၊ အများမယ်ရို့၊ နားလည်လှယောင်၊ ယှင်းပြပေမူ၊ ရှိဝယ်ပြောကြား၊ အစိုင်အားဖြင့်၊ စကားအလာ၊ လူအများမှာ၊ စီးပွားရှာသော်၊ ကံသာအမိ၊ များအလိုဖြင့်၊ အဆိုဟိလည်း၊ အသိတဝ၊ ကျွန့်အလိုကို၊ ပြောဆိုရမူ၊ ဝိရိယညာဏ်၊ အရင်းခံ၍၊ လုပ်ကြံပြီးမှ၊ ခနဟုံနှင့်၊ ပြည့်စုံကြသော်၊ စောင့်ထရှိကံ၊ ဖယ်မလွဲကော၊ တည်မြဲပြန်ဟု၊ အကျွန်ုပ်က၊ အတန်တန်လျှင်၊ ဝေဖန်နှောကော၊ သဖောရလို့၊ လူ့ဘသခင်၊ သိင်္ဂါလဟု၊ နာမတွင်ကော၊ မထင်မရှား၊ ပျိုနုနယ်နှင့်၊ ရွယ်ကြီးမားကော၊ သဒ္ဒီးသားကို၊ လေးပါးစုံစွာ၊ သမ္ပဒါဟု၊ ခမ္မာချီမော၊ အာလုတ်တော်မာ၊ ထုတ်ဖော်ဟောလို့၊ သဖောခိပ္ပါယ်၊ အသိလွယ်အောင်၊ အကျယ်ဖော်ပြ၊ ရှိဦးစွာကော၊ ဥဌာနဟု၊ လုလ္လကြီးလွန်၊ အားထုတ်ရန်နှင့်၊ တဖန်နောက်မှ၊ သမ္ပဒါကော၊ အာရက္ခဟု၊ ရသမျှသာ၊ များဥစ္စာကို၊ လုံစွာသိမ်းသွင်း၊ ကွဲပျက်ပြို၍၊ မယိုယွင်းအောင်၊ စောင့်ခြင်းတဝ၊

ထိုနောက်မှလျှင်၊ ကလျာဏမိတ္တာ၊ သမ္ပဒါဟု၊ ပညာဟိဂြား၊ ကျင့်တည်ကြည်ကော၊ မိတ်ဆွေများကို၊ ထံပါးနီးလှ၊ အကြောင်းတော်အောင်၊ ပေါင်းဖော်ရ၏။ သမ္မဇီဝိတာ၊ သမ္ပဒါကား၊ လွန်စွာသန့်ယှင်း၊ အပြစ်ကင်းသည်၊ လုပ်ခင်းကိုင်တာ၊ အဖြာဖြာကို၊ အခါမပြတ်၊ တိုးမလွန်ဘဲ၊ ခြိုးခြံငြားကော၊ လုပ်စားအပ်ဟု၊ ကျမ်းမြတ်သုတ္တံ၊ ပါထေယျမှာ၊ ဟောပြည့်ညွှန်လို့၊ ကံကိုဦးစွာ၊ လိုအပ်ပါဟု၊ မြွက်ခါမဟိ၊ သဗ္ဗညာဏ်ကို၊ ကြံလို့သိကော၊ ကဝိပရမ၊ နုတ္တရကော၊ ဗုဒ္ဓသျှင်စော၊ ဝိရိယကို၊ ထုတ်ဖော်ဟောလို့၊ ပြန့်ပြောကြွယ်ဝ၊ ရတနာကော၊ ဥစ္စာရအောင်၊ ဝိရိယညာဏ်၊ အရင်းခံ၍၊ ပြင်းထန်ကြိုးစား၊ အချိန်မှန်၍၊ ကြိမ်ဖန်များလျှင်၊ လုပ်ငြားသောခါ၊ ရခိုင်ပြည်မှာ၊ ပြိုင်ဖွယ်ကင်းအောင်၊ ပြည့်တင်းလာမည်။ အရာတရပ်၊ ကြီးအငယ်ကော၊ ရွယ်အလတ်နှင့်၊ ယုတ်မြတ်မဟူ၊ ရွှေပြည်သူလေ၊ သျှင်လူရဟန်း၊ စည်းလုံးစွာဖြင့်၊ ညီညာခန်းကို၊ ကျယ်ဝန်းမဆို၊ မပိုမိုဘဲ၊ တိုတိုပြောမည်၊ စွဲမြဲစွာဖြင့်၊ မှာစကားကို၊ မှတ်သားပေနှောင်း။ ကြာရှည်မြင့်မား၊ ရွှေရခိုင်မှာ၊ နီထိုင်ငြားကော၊ မခြားမျိုးနွယ်၊ သက်ကြီးရွယ်ကို၊ အငယ်ရှိညွှတ်၊ ကြီးသောသူက၊ ငယ်သူများကို၊ သနားကတ်၍၊ အလတ်ရွယ်တူ၊ ချင်းချင်းမူလေ၊ ကြည်ဖြူလေးစား၊ တဝမ်းမူကော၊ တအူဖွားသို့၊ စကားနူတ်ချို၊ မမုန်းကြဘဲ၊ ဆုမ္မဆိုလို့၊ အစ်ကိုညီလှ၊ မရီးစသည်၊ နှမတသီး၊ ဖကြီးဖိုးဘောင်၊ လိုက်ဖက်ယောင်လေ၊ ခေါ်ဆောင်နူတ်ဆက်၊ ပျားသကာသို့၊ နာသာငြားအောင်၊ စကားမြွက်လို့၊ စုံမက်ကြင်နာ၊ အသဲညှာမှာ၊ စွဲကာရစ်ညောင်း၊ အချစ်ဖြာကော၊ မိတ္တာလောင်းလို့၊ မကောင်းတမုံ၊ အကြောင်းဆုံကော၊ ပေါင်းဆုံစုဝေး၊ အတူမှန်ကော၊ ခံစမြဲဖြင့်၊ ဖယ်လွှဲမပြု၊ ကြီးအကျယ်နှင့်၊ ငြိုးကြွယ်မူလျှင်၊ တခုအမှန်၊ တယောက်ထံမှာ၊ ရောက်ပြန်သောခါ၊ အတူသာလျှင်၊ ယူကာခံစား၊ ကောင်းမကောင်းနှင့်၊ အကြောင်းများကို၊ ပြည်သားပြည်သူ၊ ကြီးတသွယ်လေ၊ ငယ်တခြားကော၊ အများသူရို့၊ အတူလက်တွဲ၊ တမိန့်ခံကော၊ တသံတည်းဖြင့်၊ စုစည်းညီညာ၊ ဇွဲစိတ်မာန်နှင့်၊ အံကိုကိုက်၍၊ လုပ်ထိုက်ပါဟု၊ ကျင့်ရာခြောက်ပါး၊ ကြီးပွားရန်လေ၊ အကြံကောင်းဖြင့်၊ အကြောင်းများကို၊ စကားချိုလှ၊ ကောင်းကျိုးဆောင်၍၊ မောင်ထွန်းမြက၊ ပြောပြစုံယောင်၊ လပရောင်လေ၊ သိုင်ခေါင်ချိန်ရောက်၊ တခဏ်းတုံး၍၊ ပြီးဆုံးမြောက်သော်၊ ထောက်၍တဖန်၊ သိန်းကျော့ဝေလေ၊ ပျိုမေလှမှာ၊ ပြောပြဟန်ကား၊ ယမန်နိညာ၊ မောင်ထွန်းမြကို၊ ငွေလှပျိုမေ၊ သွန်းကာရယ်၍၊ ဆိုသည်မှာကား၊ ရောက်လာသူလေ၊ လူအများနှင့်၊ စကားခွန်းသံ၊ မဆက်ဆံဘဲ၊ ပြန်လှန်မဟိ၊ မြောက်ဦးပြည်က၊ မောင်တေမိဟု၊ ဆိုမိတုံရာ၊ ထိုသူညွှန်းကော၊ တခဏ်းမှာလျှင်၊ ရောင်ဝါထွန်းပ၊ ပါရမီနှင့်၊ ဇာဂီဟိလေ၊ တေမိယကို၊ မွီးဖဘုန်းမို၊ နန်းမညိုက၊ အလိုစမ်းကြ၊ ပမာဆိုကော၊ ထိုအခဏ်းနှင့်၊ တူလွန်းလှရေ။ ဂုကတခါ၊ တောဝနာတွင်၊ မာတာပီတ၊ များပြည်သူလေ၊ ဟူသမျှကို၊ ဓမ္မမြတ်မွန်၊ တရားသံဖြင့်၊ ဟောညွှန်ချွတ်ထ၊ ပမာဆောင်ကော၊ မောင်ထွန်းမြနှင့်၊ တူလှတော့သည်။ သိန်းကျော့ဝေလေ၊ ပျိုမေလှမှာ၊ ပြောပြပေလျှင်၊ ပျိုမေနွဲ့နှောင်း၊ နားထောင်သူလေ၊ လူအပေါင်းမှာ၊ သောင်းသောင်းလည်းရယ်၊ ဆီးကွမ်းယာကို၊ လှမ်းကာစားကော၊ ရပ်နားရေလေး။

(၄င်းမှ ပီခြောက်ရွက်လုံးဝပျက်စီးပါသည်။)

(နိဂုဏ်းချုပ်)

အဆုံးမယေတပုဒ်၊ သာခြင်းစိုင်ကို၊ ယယိုင်သုံးလို့ နိဂုံးချုပ်မည်။ ကျွန်ုပ်မှန်စွာ၊ ဤကဗျာကို၊ သံသာချိုငြား၊ ရှိထုံးအညီ၊ နှုံးမမှီယောင်၊ ကုံးစီထားလည်း၊ ရှည်လျှားနှစ်တာ၊ သမယာဖြင့်၊ ကာလကြာ၍၊ အက္ခရာတိမ်းပါး၊ စပ်ကာရံလျှင်၊ မမှန်ငြားဘဲ၊ ပျက်ပြား၍သာ၊ နောက်နောင်လာကော၊ ပညာဟိရို့၊ တွိသောခါတွင်၊ ပြန်ကာဖာထီး၊ ပြုပျင်ရန်ကို၊ ကျွန်ခွင့်ပီးရေ။ သို့ပြီးမှသာ၊ ဤကဗျာသည်၊ ----------။

(၄င်းမှ စာငါးကြောင်း ဖတ်၍မရ။)

ကောဇာရောက်လစ်၊ သက္ကရာဇ်ကော၊ မှတ်ပိုက်သင်္ချာ၊ တွက်စစ်ခါဝယ်၊ ဇကာဒွယ၊ ခန့်ရူပတွင်၊ မိဿရာသီ၊ ပုဏ္ဏမီကော၊ တိထီရက်စိ၊ -----------။

(ဤအပိုဒ်တွင်လည်း ဤမျှသာ ဖတ်၍ရပါသည်။)

(အဆုံးပီချပ်တွင်)

သက္ကရာဇ် ၁၁၁၆ - ခု၊ ပြာသိုလဆန်း (၁၀) ရက်၊ (၂) လာ စနီ မွန်းလွဲချိန်တွင် ရှီးကူးပြီးသည်။ ရွှေလုံးလက်ရှီး၊ ပုဒိအာနှင့်ပြည့်စုံရပါလို၏။

(မှားယွင်းသည့် သတ်ပုံများကို ထောက်ပြပျင်ဆင်ပီးပါက ကောင်းစွာ ကျေးဇုတင်ပါမည်။ ပုံမနှိပ်ရပါသိမ့်။ ကောင်းစွာသိမ်းဆည်းထားကြပါကုန်။)

## ရခိုင်အောင်လံတော်လင်္ကာ

ကြားပိမ့်ဗိုလ်လူ၊ အံ့ချိမ့်မူလော့
သောင်းယူဇနာ၊ မြီမျက်နှာထက်
မြောက်မှာအာသံ၊ တောင်ရံသီဟိုဠ်
နောက်ကိုလှည့်လည်၊ မရွံပြည်နှင့်
ဥတည်ပိုင်ခြင်း၊ ပင်လယ်ဆင်းအောင်
စိုးမင်းတကာ၊ ဦးညွှတ်ရာသည်
သာယာရွှက်တောင်၊ ရန်တိုင်းအောင်သည်
ဘုန်းခေါင်ဓမ္မရာဇာ၊ ဥက္ကာမုခ်ချိုး
သမုတ်ရိုးလျှင်၊ စံစိုးသောခါ
ရက္ခာပူရ၊ ညေမြို့ကြီး
တိုင်းလုံးထီးကို၊ ပြီးစီးခန့်ရည်
ရွှေနန်းတည်၍၊ အောင်စည်ညံညံ
ဘိသိက်ခံက၊ ကျော်သံသတင်း

သောင်းလုံးချင်းမျှ မြင်းလည်းသိန္ဓဝ
နာဂဆဒ္ဒါန်၊ ရန်မာန်ပါယ်လှယ့်
ခြသေ့်ကေသရီ
အောင်နီအောင်ဖြူ ပဥ္စရူကို
ကြည်ဖြူနှစ်သက်၊ နတ်ရို့ဆက်က
ဘုန်းကျက်သရေ၊ မိုးနှယ်စွယ်၏
ရွှေငွေရတနာ၊ ပဒေသာသီး
ပြီးစီးစီတတ်၊ နတ်သမတ
စောင့်သီလနှင့်၊ ဣန္ဒဝဇီရာ
အလင်္ကာရ၊ အစဖြန့်ချီ
သီရိဓဇ၊ ချိုမြသာယာ
နောက်ပိုက်မှာလည်း၊ မဟာသုဓမ္မ
ရာဇာဂုရု၊ ရုံးကာစု၍
မျက်ရှုခတ်နိုပ်၊ ရွှေတံဆိပ်ကို
စိပ်စိပ်ကြည်နူး၊ ရွှေနန်းဦး၌
ရှင်မြူးကြည်ဖြူ လူတော်မူက
နတ်လူတကာ၊ ကောင်းချိမ့်ညာလျှက်
သာယာမြတ်နိုး၊ မိတ္တာဖြိုး၍
ရီမိုယ်းမှန်စွာ၊ မြီဩဇာလည်း
ရသာပြည့်နှက်၊ အောင်ဆုဆက်၍
ရာသက်တည်ကြောင်း၊ မျိုးသစ်လောင်းသည်
ရိုက်သျှောင်းပွဲတင် ခြိမ့်ခြိမ့်တည်း။

စိန်တင်မြို့စား အမတ်ပညာဟိ
(သီရိမာလ္လာ မိပန်းရံ)

# သိန်ကန်မိန်တွင်ရတု

အပိုဒ် (၁)

သိန်ကန်မိန်တွင်၊ ဆယ့်နှစ်ခွင်ကို၊ လွန်ပင်မြင့်စည်၊ ကြာရှည်တာအကူး၊ တပေါင်းမင်လွင်၊ ရွက်ကျင်တောင်လီမြူးက၊ ပြစ်သွယ်နူးစီးသွယ်ဖြာ၊ မတတ်သာပြီ၊ မှိုင်းလို့ရီကော၊ ကြည့်လီသမ္ဗာသာတည်း။ ပင်တိုင်းမှာညှာရွက်ကြွ၊ လီပြင်းခတ်လိုက်၊ ပရစ်ဝိဝိနယ့်၊ ငှက်ရှိမောင်နှံစုံ၊ လိုင်ချင်းတွဲယှက်၊ ပန်းနုခက်ကို၊ ယူလျက်နှုတ်ဝယ်မုံရယ့်၊ စာခွန့်တုံ့ရှင်နှစ်လို့၊ တထူးထွေလာ၊ ဘာသာလူလို၊ မကိုနှုတ်ဖြင့်တို့ရယ့်၊ ဇးယ်သို့ချစ်ဖွယ်ဆင်။ ရာသီခွင်ဆယ့်နှစ်လမ်း၊ ငြမ်းနှင့်အညီ၊ မိဂသီပင်၊ ရှိယ့်ကမြင်သော်၊ စက်ခွင်မှာယောင်ယမ်းခယ့်။ ထောက်လှမ်းမစာနာ၊ ပညာအထုံ၊ မြတ်သူ့ကြည့်မှန်၊ ကြာလီဟန်မူ၊ သူရတန်ရင်သွီး၊

ဒန်ရမာဇာလီ၊ ဒူရဘီနှင့်၊ ချစ်ညီတူခရီးကို၊ နောက်မီးမလျှောက်လို။ နီလဲ့နှစ်ဆင့်၊ နှစ်ပွင့်စုံညီ၊ မဒ္ဒီရှိယ့်အဟိုရို့၊ တောင်ကျွန်းညိုလောကဓါတ်၊ တိုင်းမိစ္ဆိမာ၊ ယင်းကဖြာကော၊ ရာဇာအမျိုးမြတ်အယ့်။ ဆက်မပြတ်သိမ်းယူပြန်၊ သာကီအဆက်၊ နွယ်မပျက်ကော၊ ကနက်ဖြန့်ကာစံအယ့်။ သျှစ်တန်ပလ္လင်ရိုး၊ ဘိုးကဆက်ခံ၊ ဘနန်းစံကော၊ နန်းရံကိုယ့်အမျိုးတည်း။ ကတိုးနံ့ ဥဒဟို၊ သင်းပျံ့မွှီးကြိုင်၊ သျှစ်ရပ်လှိုင်ကော၊ မဏ္ဍိုင်ချက်မြုပ်သိုထက်၊ ပြည်နဂိုရ်ဝေသာလီ၊ ဓညနှစ်ခန်း၊ နှစ်ပြည်လွှမ်းကော၊ ထီးနန်းအစီရီတည်း။ မျိုးသာကီစိုင်မပျက်၊ နှစ်ပေါင်းရှည်ကြာ၊ မဟာနွယ်မျိုးတက်အယ့်။ မယှက်မနှောပြီ၊ သျှစ်သောင်းအချာ၊ ဆက်ကာစိုးစံ၊ နန်းရံမယ့်ဌာနီသို့၊ ရာသီခွင်မစွန်းခင်၊ အောင်စည်ရွှန်းလို့၊ စက်ပန်းဖြန့်စီချင်ရေ၊ နောက်ခွင်ကြာလွှန်းစွတကားလည်း။

## အပိုဒ် (၂)

နောက်ခွင်ကြာလွှန်း၊ ရာသီစွန်းလျှင်၊ ရစ်သန်းလှည့်ခါ၊ သျှစ်ဖြာအုံးလာကြိုး၊ အာကာတိမ်ညွတ်၊ ပြိုလတ်ဘိသွင်၊ မယ်လျှင်လက်စုံမိုးရယ့်၊ ကြောက်ရွံ့စိုးညှိုးမျက်နှာ၊ လက်ရှိဖြန့်ထား၊ သိကြားကိုလျှောက်ထားပါအယ့်။ တောင်ညာမဟေရင်သွီး၊ နှစ်ပါးမောင်နှံ့စုံ၊ ဘုန်းရိပ်လှုံကော၊ ပဒုံကြာနံ့မွှီးအယ့်။ ချစ်ကြွီးမတင်ခင်၊ ဆယ့်သုံးနှစ်ဝယ်၊ ငယ်ရွယ်စိုင်ကပင်တည့်။ ဘနတ်သျှင်လောင်းဘုရား၊ ခြားဝမ်းမကွာ၊ ရင်းချာမောင်မယ်နှစ်ပါးကို၊ ပီးမြားစုလျားတင်၊ လက်ထပ်ရီသွန်း၊ ဆယ့်နှစ်ခန်းမူ၊ ထူးဆန်းသဘင်ဆင်ရယ့်၊ ချစ်ကြိုးမျှင်သွယ်ရစ်ပတ်၊ နဝရတ်စီ၊ သိင်ဂီအိမ်ရှိယ့်နတ်နှင့်၊ စိန်ခြယ်သတ်အလယ်တွင်၊ မောင်းမများမြောင်၊ တထောင်မက၊ စံကြတုံးကိုပင်တည့်။ သုံးနှစ်ရာသီမှာ၊ ကုလားနီပြန်၊ သူရတန်က၊ အားအန်ပြတုံလာရယ့်၊ ခွန်ဘဏ္ဍာဆက်မသွင်း၊ ဥပရာဇ်သျှင်၊ မယ့်ထိပ်တင်ကို၊ အလျှင်ချီစေလျှင်းဟု၊ သောင်းတွင်းဇမ္ဗူပိုင်၊ အာဏာမိန့်မြွတ်၊ ဘခင်နတ်က၊ အမတ်တထောင်၊ မြားမြောင်လက်နက်ကိုင်နှင့်၊ တောင်မဏ္ဍိုင်ပြိုမခန်း၊ ဆင်မြင်းစစ်ချီ၊ ပွဲတင်ဝီကော၊ ဇေယ်မြီသိမ့်သိမ့်ကျန်းမျှ၊ နန်းအိမ်ရှိသိခင်၊ နံတော်ကမူ၊ စတူရပါဒ်၊ နက္ခတ်အထွန်း၊ ကျီးကန်းတာရာ၊ ဟသ်ာအထွက်၊ စစ်ချီတက်လျှင်တည့်။ နောက်ခွင်မောက်သူဇာ၊ ခရိုင်တလွှား၊ အပိုင်စားကော၊ စံကားသုံးကြိမ်ကြာခယ့်။ တောင်တာကိုချင့်တွက်ပြန်၊ မယ်ရို့စံမြန်း၊ ရွှီဘုံနန်းနှင့်၊ ဂဏန်းသင်္ချာ၊ ယူဇနာမူ၊ နဝါဒသမှန်အယ့်။ အလျှင်အမြန်ပြန်စိယ်ကြောင်း၊ ဆုတောင်းဆုယူ၊ သိမ့်သိမ့်ဆူကော၊ သျှင်လူများအပေါင်းတည့်။ နန်းလောင်းမယ့်သိခင်၊ အောင်ပန်းစိုက်ဆောင်၊ ဘုန်းခေါင်ပြန်စိယ်ချင်ရေ၊ လျှောက်တင်ခါပန်းစွတကားလည်း။

## အပိုဒ် (၃)

လျှောက်တင်ခါပန်း၊ ရာသီဆန်းလျှင်၊ နန်းမြင့်အောင်မြီ၊ ဆယ့်နှစ်လီရစ်သန်းမြူး၊ မောက်သူဇာကော၊ ဒက္ကာဆိပ်ကမ်းဦးက၊ ကျေးဇူးဂုဏ်သျှစ်တန်၊ အမတ်လိမ္မာ၊ ထိုမြို့ရွာတွင်၊ အာဏာသုံးခယ့်ပြန်မှ၊ ပြောင်ဆဒ္ဒန်မာတင်ရိုး၊ ထွက်လျှင်မပြန်၊ မလှန်ရို့မင်းမျိုးတည့်။ ဆိုးကောင်းနှစ်ပါးတွင်၊ ရိပ်ခြည်အမျှင်၊ အသျှင်သိလျှင်းပင်တည့်။ ပညာသျှင်အုပ်ထိန်းမှ၊ မြို့ပြပြည်ရွာ၊ သာယာစည်ကားလှအယ့်။ မင်းယောက်ျား ဓမ္မတာ၊ ပညာမဲ့ကွက်၊ ညာဏ်မစွက်သော်၊ ပြည်ထက်မထားရာတည့်။ ရှိယ့်ကျမ်းလာ ထုံးစာဟောင်း၊ ကျိုးကြောင်းသိပြန်၊

ဘွဲ့မွန်အမတ်ကောင်းကို၊ နောက်တကြောင်းကုလားရွှာ၊ အပိုင်အပ်ပြီး၊ စစ်သူကြီးဟု၊ စောထီးထားခယ့်မှာအယ့်။ ဘရာဇာမိန့်တော်မြတ်၊ ဦးထိပ်ရွက်ပန်၊ နန်းရံအိမ်ရှိယ့်နတ်ကို၊ ရိုညွတ်လျှောက်ထားတင်၊ ရာသီပြောင်းရယ့်၊ မိုးနှောင်းဝါလ၊ ဆောင်းစအကူးတွင်နိုက်၊ မျှားဖျင်စစ်ဗိုလ်ခြီ၊ ထိုမြီတဝက်၊ လက်နက်ထားခယ့်စိယ်ဟု၊ မြောက်လီဖြူးလာလျှင်၊ ဘရာဇာမိန့်မြတ်ထူး၊ ဦးထိပ်ပန်ရွက်ဆင်ရယ့်၊ ရှိယ့်လာလျှင်နောက်လှဲ့ကောင်း၊ ရုံးပေါင်းရှုမျှော်၊ ညာဏ်တော်သာအကြောင်းတည့်။ မင်းလောင်းရာဇာ၊ ကြည်းရီတင်းကျန်း၊ မြစ်လမ်းနှစ်ဘက်မှာလှဲ့၊ နိယ့်မကြာအထပ်ထပ်၊ ရက်စပ်စိယ်ကျွန်၊ ရောက်လတ်ပြန်သော်၊ အမှန်မယုံလတ်ခယ့်။ နောက်ရပ်ပိုင်သိခင်၊ ဟေမန်အကူး၊ ရဲမူးစစ်အောင်မြင်ရေ၊ ရောက်ထင်ကြာနန်း ကတကားလည်။

သုဝဏ္ဏဒေဝီ (စောပြည့်ညို) ရှီးဖွဲ့သည်။

# ရခိုင်ဖားပြုတ်ကေဝဝတ္ထု

ဖားပြုတ်ကေတကောင်၊ အုံးဘောင်စီးလျှက်၊ ဖြားရီတက်တွင်၊ ချောင်းကိုဝင်၍ လာလတ္တံ့။ ထိုရောအခါ၊ ချောင်းကမ်းသာတွင်၊ ပြားဇီးပင်တကိုင်းတွင်နားလျှက်၊ ပန်ဇင်းငှက်က၊ ခင်ပွန်းမိတ်ဆွေ၊ ဖားပြုတ်ကေ၊ ဇာပြည်ဇာရွာ၊ ဇာကလာဟု၊ သေချာစစ်စစ် မီးလတ္တံ့။ ပန်ဇင်းမီးလေ၊ ဖားပြုတ်ကေက၊ တိုင်းပြည်မြို့ရွာ၊ လှည့်လို့လာဟု၊ ဖြေလတ္တံ့။

ထိုသို့ဖြေခါ၊ တိုင်းပြည်မြို့ရွာ၊ ကြားခပါသည်၊ ပဇာသတင်း ထူးသနည်းဟု၊ မီးလတ္တံ့။ ထိုသို့မီးခါ၊ ဖြေသည်မှာကား၊ သမုဒ္ဒရာ၊ သီတာရီမြီ၊ မိုးလီမုန်တိုင်း၊ အုံ့မှိုင်းမှိုင်းနှင့်၊ တော်လဲပဲ့တင်၊ ငလျှင်မြီကြီး လှုပ်လတ္တံ့။ ထိုသို့လှုပ်ခါ၊ ကျွန်းဒီပါမှာ၊ ကမ္ဘာကျောက်ကြီး ကွဲလတ္တံ့။ ထိုသို့ကွဲခါ၊ တွင်းမှာမြောက်တောင့်၊ ခုနှစ်တောင့်လည်း ကျိုးလတ္တံ့။ လူလည်းလေးစု ကွဲလတ္တံ့။

ထိုသို့ဖြေခါ၊ ပန်ဇင်းငှက်က မီးပြန်သည်မှာ၊ အိုအိုမိတ်ဆွေ၊ ဖားပြုတ်ကေ၊ အကယ်စင်စစ်၊ ထိုသို့ဖြစ်မူ၊ ငရို့သူငါ၊ ပဇာပြုလုပ်ရမည်နည်းဟု မီးလတ္တံ့။ ထိုသို့မီးခါ၊ ဖားပြုတ်ကေက၊ အိုအိုမိတ်ဆွေ၊ ပန်ဇင်းငယ်၊ အကယ်စင်စစ်၊ ထိုသို့ဖြစ်မူ၊ ကြီးသူဝမ်းခေါင်း၊ ငယ်သူအောင်း၊ တကြောင်းထိုတွင်၊ ချမ်းသာအင်ကို၊ မြင်လိမ့်မည်ဟု ဖြေလတ္တံ့။ ထိုရောခါဝယ်၊ ပန်ဇင်းငယ်က၊ ကြောက်ဘွယ်စရာ၊ ကြားရပါသည်၊ ညခါတိုင်ပြီး၊ ကြောက်အားကြီး၍၊ ငှက်ကြီးရောင်းရင်၊ အိပ်ရာတွင်၌၊ ဝမ်းတွင်းဝင်မည်၊ ကြံလတ္တံ့။

ကြံစည်ထိုခါ၊ ပြုသောခါတွင်၊ ရောင်းရင်ငှက်ကြီး၊ လန့်အားကြီး၍၊ သံကြီးကျော်ကျော်၊ အော်လတ္တံ့။ သံကြီးကျော်ကျော်၊ မြည်ဟစ်အော်က၊ မျောက်ကျော်မဏ္ဍမှု၊ နီထသစ်ပင်၊ သပြုပင်၌၊ လက်တွင်ကိုင်ပြီး၊ သပြုသီးကို၊ စားမည်ပြုထ၊ လန့်ကြောက်လှ၍၊ လက်မှလွှတ်သော်၊ အောက်တွင်နီထ၊ တောဆတ်မ၏၊ နောက်ကုန်းပေါ်တွင်၊ ကျလတ္တံ့။ ထိုသို့ကျလျှင်၊ နာကြင်လန့်ကြောက်၊ ခြီစုံပေါက်၍၊ လားမြောက်ပြီးခုန်၊ နွယ်ခြုံပေါင်းယှက်၊ တောကြက်သာယာ၊

ဥပေါက်ခါဖြင့်၊ နီရာသိုက်မြို့ ပြစ်ပြစ်ကုန်အောင်၊ နင်းတုံဖြိုဖျက်၊ ထောင်းထောင်းညက်၍၊ တောကြက်မမှာ၊ စိတ်ပူဆာ၍၊ လမ်းမှတွဲဆုံ၊ တောခြအုံကို၊ ပြစ်ပြစ်ကုန်က၊ ပြိုတုံခြပေါင်း၊ ထောင်သောင်းမက၊ တောဝက်မ၏၊ ဝပ်ထနီရာ၊ ရောက်လီပါသော်၊ ဝမ်းမှာရင်ဖတ်၊ မလွတ်နို့သီး၊ ခြကြီးခြငယ်၊ ကိုက်လေကုန်က၊ ပြီးတုံလူးလာ၊ ဝက်မမှာလည်း၊ နာကြင်အီးလတ်၊ ပြီးမလွတ်သော်၊ ဆာမွတ်ဝမ်းစာ၊ တောင်ယာလုပ်ရင်း၊ စပါးခင်းကို၊ ဝင်၍ထိုခါစားလတ္တံ။

ဝင်၍စားလေ၊ နီတုံပေက၊ ယာတွင်ထွင်လုပ်၊ ငမဲတုတ်လျှင်၊ တွိလီမြင်သော်၊ ယာသျှင်တသီး၊ ယာသူကြီးကို၊ အပြီးတိုင်ကြား ပြောလတ္တံ။ အပြီးတိုင်မြောက်၊ ငမဲတုတ်ရောက်က၊ ငမဲတုတ်ကျာ၊ ယာကလာကော၊ ယာမှာစပါး၊ မှည့်ဗျာလားဟု၊ မီးလတ္တံ။ မီးငြားသောခါ၊ မဲတုတ်ကျာက၊ မှည့်ကားမှည့်ယက်၊ အစပတ်လည်၊ မျောက်ဖျက်တော၊ အလယ်တရိုး၊ ဝက်ငယ်တိုးဟု၊ ပြောလီသောခါ၊ တောင်ယာပိုင်နင်း၊ သူကြီးမင်းက၊ ချက်ချင်းမကြာ၊ ယာမှာစားလျှက်၊ ထိုဝက်မကို၊ ဖမ်း၍ယူခီ၊ လားကတ်လီဟု စီလတ္တံ။ ဖမ်း၍ယူခီ၊ လားကတ်လီက၊ ယာတွင်ထွင်လုပ်၊ ငမဲတုတ်က၊ သုတ်သုတ်ပြန်လာ၊ ယာမှာစားထ၊ တောဝက်မကို၊ ကျော့ကွင်းထောင်လျှက်၊ လက်ရဖမ်းယူ၊ ယာမူပိုင်နင်း၊ သူကြီးမင်းကို၊ လျှင်မြန်မနှေး ပီးလတ္တံ။

ပီးအပ်လီကော၊ လုပ်ထွေကိုင်ခင်း၊ ယာပိုင်မင်းက၊ တောတွင်းနီထ၊ တောဝက်မကို၊ ငါသာပိုင်နင်း၊ စပါးခင်းကို၊ ပဇာတွက်ကြောင့်၊ စားသနည်းဟု၊ မီးလတ္တံ။ မီးလီသောခါ၊ ဘာသာဘာဝ၊ ကျွန်ဝက်မသည်၊ အိပ်ထနီရာ၊ ခြများစွာလျှင်၊ ရောက်လာဆိတ်ဆွ ကိုက်ခဲကြ၍၊ ပြီးထယှောင်ခွာ၊ မလွတ်သာကော၊ ရောက်ရာရောက်မိ၊ ဟိစီဘိဟု၊ ပြီးလီသောခါ၊ လမ်းမှာတွိပြီး၊ တောမျောက်ထီးက၊ အဆွေဝက်မ၊ ပဇာကြောင်းကြောင့်၊ ပြီးသနည်းဟု၊ မီးသောကာလ၊ ကျွန်ဝက်မမှာ၊ ခြကိုက်ပါသည်၊ ပြောလီသောခါ၊ တောင်ယာလုပ်ခင်း၊ စပါးခင်းကို၊ ဝင်၍မသွေ၊ စားပါလေဟု၊ ဆိုခြင်းပြုက၊ မချိခန္ဓာ၊ နွမ်းရိပါ၍၊ ဝမ်းမှာဆာမွတ်၊ တွိလတ်အစာ၊ စပါးယာကို၊ ဝင်ကာမသွေ၊ စားမိသည်ဟု၊ ဖြေလတ္တံ။

ဖြေဆိုတုံက၊ စစ်ချက်ရ၍၊ ခြမကိုခေါ်၊ မိန့်ဆိုအာဏာ ပီးလတ္တံ။ ပီးလီသောခါ၊ မကြာခဏ၊ တောခြမနှင့်၊ များလှခြပေါင်း၊ ထောင်သောင်းမက၊ ရောက်လာကြ၍၊ စစ်မမီးခါ၊ ကျွန်မမှာလျှင်၊ များစွာစုပုံ၊ ခြသိုက်အုံကို၊ အကုန်ဖြိုဖျက်၊ တောကြက်ယက်၍၊ ပျက်လီထောင်သောင်း၊ ခြအပေါင်းရို့၊ နီဖို့နီရာ၊ မဟိပါ၍၊ လားပါကုန်က၊ တောဝက်မ၏၊ အိပ်ထနီရာ၊ ရောက်လီပါ၍၊ ကိုက်ရသည်သာ၊ ဖြစ်ပါသည်ဟု၊ ဆိုလတ္တံ။

မှန်ရာကိုပင်၊ စစ်တန်းဝင်၍၊ သို့စင်ဖြစ်ထ၊ တောဝက်မကို၊ အရခေါ်ခီ၊ အပြင်းစီက၊ တောနီကြက်မ၊ ခေါ်ထလာရောက်၊ ရှိတော်မှောက်သို့၊ ရောက်လတ္တံ။ ရှိမှောက်မသွေ၊ ရောက်တုံပေက၊ ဟေတောကြက်မ၊ ခြများနီရာ၊ အုံကိုသာလျှင်၊ ပဇာကြောင်းကြောင့်၊ ယက်သနည်းဟု၊ မီးလတ္တံ။ မီးလီသောခါ၊ တောမှာနီထ၊ တောကြက်မက၊ ကျွန်မမှန်စွာ၊ ကြက်ဘာသာဖြင့်၊ သိုက်မှာဥပေါက်၊ ဥများမြောက်ကို၊ စောင့်ယှောက်နီရာ၊ ဆတ်မလာ၍၊ မညှာမထောက်၊ ခြီကျောက်ကန်လန်၊ မှောက်လှန်အသိုက်၊ ဖျက်ဆီးပစ်က၊ ကျွန်ကြက်မမှာ၊ စိတ်ကပူဆာ၊ မနီသာကော၊ လားလာတွိကြို့ တောခြအုံကို၊ အကုန်ပြစ်ပြစ်၊ ယက်ဖြိုပစ်ဟု၊

ဖြေလတ္တံ့။ ထိုသို့ဖြေခါ၊ တောဆတ်မကို၊ အရဖမ်းခီ၊ ဆင့်လီအာဏာ၊ စီသောခါလျှင်၊ မကြာခဏ၊ တောဆတ်မလျှင်၊ ရှိတော်ပြင်သို့ ရောက်လတ္တံ့။

ရောက်လီသောခါ၊ မီးစစ်ရာတွင်၊ အသင်ဆတ်မ၊ ပဇာကြောင်းကြောင့်၊ ကြက်မနီတုံ၊ ဥသိုက်မြို့ကို၊ အကုန်ပြစ်ပြစ်၊ နင်း၍ပစ်သည်၊ ဖြေရမည်ဟု၊ ဆိုလတ္တံ့။ မီးလီသောခါ၊ ဆတ်ရို့ဘာသာ၊ ညအခါတွင်၊ တောမှာပေါက်ရောက်၊ ကြီးမြောက်သစ်ပင်၊ သပြုပင်အောက်၊ အိပ်မည်ဟုပင်၊ နီလီကျင်သော်၊ သစ်ပင်ထက်က၊ မက္ကဋ္ဌဟု၊ မျောက်ကနီပြီး။ သပြုသီးနှင့်၊ အပြီးထိုခါ၊ ချပစ်ပါသော်၊ ကျွန်တော်မ၏၊ ကျောက်သားနောက်ကုန်း၊ ဘုံးဘုံးကျရာ၊ လန့်ကြောက်ကာဖြင့်၊ ပြီးလာခုန်ထွက်၊ တောကြက်သိုက်မြို့၊ နင်းမိတုံက၊ ပျက်စီးရသည်၊ ဒေါသစိတ်ထွက်၊ နင်းဖျက်သည်သာ၊ မဟုတ်ပါဟု၊ ကြောင်းရာစကား ဖြေလတ္တံ့။ ဖြေပြောလီက၊ မက္ကဋ္ဌကို၊ အရရှိတော်၊ ခေါ်ရမည်ဟု၊ အပြင်းတခါ စီလတ္တံ့။

မျောက်ကိုတဖန်၊ ခေါ်ခီပြန်က၊ မီးမြန်းစစ်ချက်၊ မျောက်ဆိုချက်မှာ၊ ကျွန်တော့်ဘာသာ၊ ညဥ့်အခါတွင်၊ သပြုပင်၌၊ ကိုင်တွင်နီပြီး၊ သပြုသီးကို၊ စားမည်ပြုခါ၊ နီလီပါသော်၊ သံဝါကြီးလှ၊ ရောင်းရင်မက၊ လန့်ကြောက်စရာ၊ ဟစ်အော်ပါက၊ လန့်ကြောက်လှ၍၊ လက်မှာကိုင်ပြီး၊ သပြုသီးလျှင်၊ လက်မှလွတ်ကာ၊ ကျလီပါက၊ နာကြင်ရ၏၊ ဒေါသစိတ်ထွက်၊ ရည်ရွယ်ချက်ကား၊ မဟုတ်ပါဟု၊ ဆိုလတ္တံ့။

ထိုသို့ဆိုခါ၊ တောင်ယာပိုင်သျှင်၊ ယာသခင်က၊ သံလျှင်ကြီးလှ၊ ရောင်းရင်မကို၊ အရခေါ်ခီ၊ စီလတ္တံ့။ ထိုသို့စီခါ၊ သံဝါကြီးလှ၊ ရောင်းရင်မလည်း၊ ယာသျှင်ရှိမှောက်၊ ရောက်လတ္တံ့။ ထိုသို့ရောက်ခါ၊ မီးစစ်ရာတွင်၊ သင်ရောင်းရင်မ၊ ကြီးလှအသံ၊ တောလုံးညံအောင်၊ ပဇာဖြစ်၍၊ အော်သနည်းဟု၊ မီးလတ္တံ့။

ထိုသို့မီးခါ၊ သံဝါကြီးထ၊ ရောင်းရင်မက၊ ငှက်ရို့ဘာသာ၊ သစ်ပင်ထက်မှာ၊ အိပ်ပျော်နီဆိုက်၊ ထိုအခိုက်တွင်၊ ငှက်ငယ်ပန်ဇင်း၊ ကျွန့်ဝမ်းတွင်းသို့၊ ဝင်မည်ဟုပင်၊ ပြုပြင်သောခါ၊ ကြောက်လန့်စွာဖြင့်၊ အော်ရပါသည်၊ သတ္တဝါများမြောင်၊ ကြောက်လန့်အောင်ဟု၊ ကြံဆောင်ခြင်းကား၊ မဟုတ်ပါဟု၊ ဆိုလတ္တံ့။

ထိုသောခါဝယ်၊ ပန်ဇင်းငယ်ကို၊ ရှိတော်မှောက်သို့၊ အရောက်ထိုခါ၊ ခေါ်လတ္တံ့။ ယာသျှင်ရှိမှောက်၊ ပန်ဇင်းရောက်က၊ သင်ပန်ဇင်း၊ ငှက်ရို့ဘာသာ၊ မဟုတ်ပါဘဲ၊ သံဝါကြီးထ၊ ရောင်းရင်မ၏၊ ဝမ်းတွင်းကိုသာ၊ ဝင်ဖို့ရှာသည်၊ ပဇာကြောင်းရင်း၊ ဟိသနည်းဟု၊ မီးလတ္တံ့။ မီးလီသောခါ၊ ဖြေသည်မှာကား၊ ကျွန်တော့်ဘာသာ၊ ချောင်းသာမြစ်နား၊ ဇီးကိုင်းဖျားတွင်၊ နီပါသောခါ၊ ကျွန့်မှာမိတ်ဆွေ၊ ဖားပြုတ်ကေက၊ ဖြားရီတက်မှာ၊ အုံးဘောင်စီးလျှက်၊ ဝင်၍လာကေ၊ အဆွေဖားပြုတ်၊ ဇာပြည်ဇာရွာ၊ ဇာကလာကေ၊ ပဇာသတင်း၊ ထူးသနည်းဟု၊ မီးလီသောခါ၊ ကျွန်တော့်မိတ်ဆွေ၊ ဖားပြုတ်ကေက၊ သမုဒ္ဒရာ၊ သီတာရီမြီ၊ မိုးလီမုန်တိုင်း၊ အုံးမှိုင်းမှိုင်းနှင့်၊ တော်လဲပဲ့တင်၊ လျှင်မြီကြီး လှုပ်လိမ့်မည်။ ထိုသို့လှုပ်ခါ၊ တွင်းမှာမြောက်တောင့်၊ ခုနှစ်တောင့်လည်း၊ ကျိုးလိမ့်မည်။ လူလည်းလေးစု၊ ကွဲလိမ့်မည်။ ကြီးသူဝမ်းခေါင်း၊ ငယ်သူအောင်း၊

တကြောင်းထိုတွင်၊ ချမ်းသာအင်ကို၊ မြင်လိမ့်မည်ဟု၊ ပြောလီသောခါ၊ ကြောက်သည်အားနှင့်၊ ကြီးသူရှာကော၊ ရောင်းရင်ဝမ်းသို့၊ ဝင်ဖို့အမှန်၊ ကြံပါသည်ဟု၊ ဆိုလတ္တံ့။

ထိုသို့ဆိုခါ၊ ယာကိုစိုးနင်း၊ ယာပိုင်မင်းက၊ ဖားပြုတ်မိုက်ကို၊ ခေါ်ရမည်ဟု၊ စီလတ္တံ့။ စီလီသောခါ၊ ဖားပြုတ်ထံသို့၊ တမန်ထိုခါ လားလတ္တံ့။ တမန်ရောက်လစ်၊ ဖားပြုတ်မိုက်က၊ ထိုကိုယောင်ယောင်၊ ဒေယောင်ယာင်နှင့်၊ နီလတ္တံ့။ ထပ်ခါထပ်ခါ၊ ခေါ်များလာ၍၊ မနီသာကော၊ ခုန်ကာစိုက်စိုက်၊ လိုက်၍လည်းလာ၊ ရှိမှာရောက်၍၊ စစ်မီးပါကော၊ မာယာပရိယာယ်၊ လွန်ဆန်းကြွယ်၍၊ ရယ်ဘွယ်စရာ၊ ပြုသည်မှာကား၊ ခြေလက်ပြောင်းပြန်၊ မျက်ဆံသီသုတ်၊ ဖားပြုတ်ကေမှာ၊ လျှာကိုထုတ်လို့၊ သီရုပ်ပျင်ကာ၊ အဖြာဖြာနှင့်၊ မာယာပရိယာယ်၊ ညာဏ်ဆန်းကြွယ်စွာ၊ ပြလီသောခါ၊ ယာကြီးသခင်၊ စပါးသျှင်က၊ အမြင်ကတ်ကော၊ ဖားပြုတ်ကေကို၊ လိမ်လည်ပြောမှု၊ ကျောက်နှင့်ထုဟု၊ ပီးသည့်အာဏာ၊ လက်မရွန့်ရို့၊ ထုပြန်ပါကော၊ ကျောက်နှင့်ထုယင့်၊ ဖားပြုတ်ကေမှာ၊ ကြောတက်ယင့်လည်း၊ တက်လတ္တံ့။

ထိုသည်အခါ၊ ပါးစခံတွင်း၊ ဖားပြုတ်ကေမှာ၊ သွီးဖျင်းဖျင်းနှင့်၊ ခုန်ကာခုန်ကာ၊ လားလီပါကော၊ လမ်းမှာတွိငြား၊ လူအများက၊ အဆွေဖားပြုတ်၊ နီလွန်းလှပါ၊ ဇာကလာဟု၊ မီးခါကာလ၊ သူကြီးမြီတိုင်း၊ ကျေးကိုင်းရွာစား၊ အိမ်သို့လား၍၊ ကွမ်းစားရသည်၊ အိုမိတ်ဆွေဟု၊ ဖားပြုတ်ကေကဆိုလတ္တံ့။

(ဤတွင် ဖားပြုတ်ကေဝတ္ထုဆုံးပါလီ၏)

# ဒေးဝန်းအောင်ကျော်ရှိ၏ကိုယ်တွိရခိုင်ပြည်သိမ်းတိုက်ပွဲမှတ်တမ်း

(ပင်းဝါ၊ မြောက်ဦးသိမ်းတိုက်ပွဲ)

ဇေယျန္တု။ ။ ဗောဓိမည်ရ၊ မုနန္ဒသည်လောကသျှင်၊ သောင်းရပ်ခွင်ဤလူ့မြီ၊ ပွင့်လာဘိသည်၊ မုနိသမ္ဗုဒေ၏၊ သီဒါဝယ်သဲလုံးရှိ၊ ဒွေးပါဒတော်၊ စုံနှစ်ဖော်ကို၊ ကျွန်သာလက်ဦးပီး၍၊ ကြောင်းဦးလျှောက်တင်ပါမည်၊ သောင်းဇမ္ဗူဝယ်၊ သျှင်လူရွှေနားတည်လော့။ မိစ္ဆိမည်နောက်ရပ်သာ၊ အန္ဒိယတိုင်းပြည်မသည်၊ ထက်မှာနတ်ဘုံသာသို့၊ မြစ်ဂင်္ဂါသီတာလည်း၊ သမုဒ္ဒရာ၊ လေးမျက်နှာသည်၊ ပတ်ကာဝန်းလျှက်နီ၏။ ဘိလပ်ပြည်မြို့စက္ကြာ၊ အိမ်ရာစီသည်၊ ပဆာမင်းတုံသော်ကား၊ ထက်ဒေဝါဟန်မပြား၊ လေးယောက်မောင်ပင်၊ ဝေဟန်သျှင်သည်၊ ဘုံခွင်မိုယ်းသကြားသို့၊ သျှင်မင်းများထံတော်ဝယ်၊ တရာ့တစင်း၊ ထီးဆောင်းမင်းရို့၊ မကြွင်းခရိုသေလျှက်၊ ဘဏ္ဍာငွေခန့်ဇနာ၊ အဖူးလက်ဆောင်၊ များမြောင်ဆက်သွင်းပါ၏၊ မင်းမြတ်စွာအဏာနှင့်၊ ကုလီကတ္တာ၊ ရွှေမြို့တော်ဝယ်၊ ဗော်ရော်လာသတ်ကလည်း၊ နှုတ်သံမြအမိန့်တော်၊ ငါစိုးအုပ်သည်၊ အရှိတောင်ဖက်ဝယ်၊ ခေါ်တွင်ကာစစ်တကောင်း၊ မြို့ဝန်အရာ၊ ခန့်အပ်ပါသည်၊ ဝါနေ်ာသပ်ဖလောင်းရို့၊ လျှင်ကြောင်းစီလွှတ်ခါ၊ ဝါနေ်ာသပ်လည်း၊ မင်းမြတ်၏အာဏာနှင့်၊ ချိကြွလှာတုံပေငြား၊ ဆိုက်ရောက်ပါသော်၊ မြို့မှာမူးမတ်များနှင့်၊

မျိုးလေးပါးသူတကာ၊ မိမ္မယောက်ျား၊ တိုင်းပြည်သားမှာ၊ မိဘရောက်ပြန်လာသို့၊ အုပ်ချုပ်ကာ စီရင်ငြား၊ မရမာသည်၊ ဘာသာစပ်တခြားနှင့်၊ လိမ္မငြားတတ်ပွန်သူ၊ အမီးပုဏ္ဏ၊ ပြဿနာကို၊ ကျီအောင်ဖြေမည့်လူဟု၊ တွေးဆယူရှာသောအခါ၊ ပွင့်သစ်ပန်းသွင်၊ မေ့ထိပ်တင်သည်၊ သခင်ကိုတွေးမြော်၏။ ခေါ်တွင်ကာလူအများ၊ သော်တလီမည်၊ အောင်ကျော်ရှိသည်၊ သက်ဝီမေ့ထိပ်ထားကို၊ မြော်မြင်ငြားလူတကာ၊ ရင်၌မွှီးသည်၊ သားကြီးဟန်ပမာသို့၊ မြို့ဝန်သာ ဝေါနေဘ်သတ်၊ မေ့ချစ်မောင်ကို၊ စိတ်တွင်လောဘကပ်လျှက်၊ မပြတ်ငါ့ထံမှာ၊ တိုင်းပြည်ကိစ္စ၊ ဟူသမျှသည်၊ တခုမကျန်ပါအောင်၊ ဆောင်ရွက်ကာနီရမည်၊ စားစရိပ်မှာ၊ တလငွေနှစ်ဆယ်ကို၊ မပြတ်စီပီးမည်သာ၊ အာဏာချသည်၊ ရှိကတောင်းဆုပါ၍၊ သက္ကရာဇ်မှာထောင်ဖြစ်၊ တရာသျှစ်ဆယ်၊ စွန်းဝယ်နှစ်ခုနှစ်ဝယ်၊ အချစ်မေ့သခင်၊ စစ်တကောင်းသည်၊ ဖလောင်းမင်း ရင်ပြင်၌၊ တိုင်းပြည်တွင်မှုကိစ္စ၊ ပေါ်ထွက်ရာကို၊ ဖြီဖျော်မိုးမစက၊ ယင်းမှာနီသူရို့မှာ၊ ရီခမိုးကို၊ ချမ်းချမ်းဖက်နီပါသို့၊ ပျော်ပါးကာအသွယ်သွယ်၊ ချမ်းငြိမ်းလှသည်၊ ထက်မနတ်ဘုံပြည်သို့၊ ရွှင်စမွှါယ်နီကြ၍၊ မေ့ချစ်မောင်ကို၊ နတ်လူသထာ၏လေး။

နတ်လူသထာ၊ နီလျှင်းပါသည်ယင်းခါတွင်၊ ထောင်ကျော်လျှင်သက္ကရာဇ်၊ တရားသျှစ်ဆယ်၊ စွန်းဝယ်ငါးခုနှစ်ဝယ်၊ ခေါ်တွင်လိုက်သျှင်မဖြူ၊ ထိုကျွန်းငယ်မှာ၊ စောင့်နီရဲမက်လူကို၊ အောက်သားမူသျှမ်းရို့သာ၊ ဆိတ်ဖာအိပ်ကို၊ ခေါ်၍သတ်ဖြတ်လာလျှက်၊ အပိုင်သာခံလိုငြား၊ ရန်စရှာသည်၊ ယင်းမှာသျှမ်းအောက်သာရို့၊ ပြုကျင့်ငြားထိုခြင်းရာ၊ (ဆက်) လာသတ်မင်း၏၊ မယွင်းရွှေနားတော်ဝယ်၊ ကြားလီသောထိုခါ၌၊ ကတ်တင်ခေါ်မှတ်၊ ဘေးကာသတ်နှင့်၊ ဝီသတ်ကို စီလွှတ်ကာ၊ လွတ်လွတ်ထွက်ချီကြွလာ၊ စစ်တကောင်းမှာ၊ လျှင်ပြင်းရောက်တုံပါက၊ ရခိုင်မှာမူးမတ်သား၊ အောင်ကျော်ရှိထွီး၊ သော်တလီသည်၊ ပြည်ဆီမှူရီးများကို၊ သိက္ခမ်းငြား ဆောင်ရွက်သူ၊ ဝါနေဘ်သတ်သည်၊ လွတ်လွတ်ပီးအပ်တုံက၊ ကာနယ်မှာသုပိလုင်၊ ဗဲးကာသတ်နှင့်၊ ဝိသတ်ကတ်တင်လည်း၊ ဝမ်းသာရွှင်အားကြီးရ၊ မယ့်ချစ်မောင်ကို၊ ယူဆောင်ချီကြွလားလျှက်၊ ကာသတ်ကပြုစုရာ၊ ဖလောင်းချိတ်မှာ၊ လျှင်စောရောက်လီပါက၊ ဗဲးကတ်သာလူသူများ၊ တထောင်ကျော်ကို၊ ထိုခါစုဆောင်းကြားလျှက်၊ ခေါ်ယူလားချီလီခါ၊ သျှင်မဖြူနှင့်၊ ငတ်မော်ဆိုက်ရောက်ပါက၊ တပ်တောင်တာစွဲကိုင်ငြား၊ မယ့်သက်သျှင်သည်၊ ယင်းတွင် ခြသေ့်လားသို့၊ တသောသောနီကြခါ၊ တလိုင်းအောက်သား၊ သျှမ်းအများသည်၊ ပြီးလားခြံုထဲမှာ၍၊ ပုန်းယှောင်ကာနီလီငြား၊ တုမပြိုင်ဘဲ၊ ရိုင်ရိုင်နောက်ဆုတ်လား၍၊ သျှင်မင်းဖျားလာလတ်မည်၊ မြို့ဝန်ဟူမှတ်၊ ဝေါ်နေဘ်သတ်ကို၊ လွတ်လပ်ခေါ်တွင်ပေလျှက်၊ ကိုယ့်တိုင်းပြည်အထဲမှာ၊ လိမ္မာသော်က၊ တတ်စွမ်းလှသည်၊ ရှိကလောင်းမဟော်သို့၊ ရဲစွမ်းရာဗန္ဓုလ၊ တူသောသူသည်၊ ပြည်တွင်မှူးမတ်ကလည်း၊ ခေါ်တွင်ကြလူတကာ၊ ရာပသိန်သတ်၊ တုလွတ်ဖက်မဲ့သာတည်း၊ အမတ်တော်ချီလားလီ၊ ရန်ဟိရာကို၊ စင်အောင် ထိုးထွင်းလီလော့၊ ရခိုင်ပြည်တရိုးမှာ၊ သျှမ်းအောက်သားသည်၊ ကျားရဲဟန်ပမာသို့၊ စွဲလန်းကာမ္ဘိနှောက်စား၊ လူ့မိစ္ဆာကို၊ ပါယ်ခွာနှင်ထုတ်ငြား၍၊ အင်းဝစားသျှင်ဘုရင်၊ လက်ဝင်ပိုင်ထား၊ တိုင်းပြည်များကို၊ သိမ်းငြားယူခဲ့ကျင်လျှက်၊ ငါ့ထံတွင်ဆက်ရမည်၊ ချတော်ပြု၍၊ ယင်းကစီခန့်ပေသည်၊ တိုင်းပြည်ရခိုင်သို့လေး။

ရခိုင်တိုင်းပြည်၊ ချီလားမည်အမှန်သာ၊ ဇော်နေခေါ်ဟာရီသျှိန်ဗိုလ်ချုပ်ကြီးမှာ၊ ရဲမက်တော်ကို၊ ညီစွာစုရုံးပြီးမှ၊ အမြောက်ကျိုဗုံးစကြာ၊ မီးကျည်တန်းကို၊ လျှင်မြန်ဆောင်ခဲ့ပါ၍၊ ငါ့နောက်တော်လိုက်ရမည်၊ ရာပသိမ်သတ်၊ မင်းမြတ်နှုတ်တော်ဝယ်နှင့်၊ ချခေါ်ပေတုံသောခါ၊ လေးပါးစစ်အင်၊ မွန်းဖျင်ပြည့်မျှပါလျှက်၊ ချီကြွလာတသောသော၊ စစ်တကောင်းမှာ၊ လျှင်ကြောင်းရောက်လာငြားက၊ ဗိုလ်လူများထားခဲ့ပါ၊ ရာပသိမ်သတ်၊ မင်းမြတ်ချီကြွလာလျှက်၊ ငတ်မြစ်မော်သျှင်မဖြူ၊ ကျွန်းတွင်တည်ငြား၊ တပ်အုံများကို၊ မင်းဖျားရှုတော်မူ၍၊ စံပျော်တုံနီသောခါ၊ အောက်သားတမန်၊ နားခံမောင်လုံးလာလျှက်၊ စကားသာပြန်တတ်ငြား၊ အသနာလီကဒီ ထိုကုလားနှင့်၊ အောက်သားများလာ၍သာ၊ သည်တခါကို၊ ကျွန်တော်တို့မိုက်ပါ၏၊ စောင့်ရာနီသူရို့ကို၊ သတ်ဖြတ်ရာဝယ်၊ ချမ်းသာပီးခဆိုလျှက်၊ တပ်တော်ကိုနှုတ်ပါလီ၊ သျှင်မဖြူကို၊ ကျွန်တော်တို့ပိုင်သည်ဟု၊ ခါရံဝယ်တဆိုက်သာ၊ မြန်မာမျိုးသည်၊ ကူး၍မလားပါတည်း။ အမှားသာခံတုံငြား၊ လျှောက်ခြင်းရာကို၊ သခင်နားတော်ကြားက၊ ထင်မှတ်ငြားကယ်ကောင်းသာ၊ ရာပသိမ်သတ်၊ မင်းမြတ်ရွှေနှုတ်ဝါနှင့်၊ တပ်တောင်တာအလုံးကို၊ နှုတ်သိမ်းယူ၍၊ လွယ်ကာချီတက်ဆိုက၊ ကောင်လောင်ဗိုလ်သူပီလုင်၊ ဗိုလ်လုံးသားသည်၊ သောသောပြန်တက်ကျင်၍၊ ပင်းဝါခွင်ဖလောင်းချိတ်၊ ရောက်ကြလှာသည်၊ ကမ္ဘာမြီလုံးထိန့်မျှ၊ စုရုံးပြီးနီကြခါ၊ (ဆက်) ရခိုင်သားသည်၊ တခြားဇာတ်ဘာသာကို၊ သူရဲတော်သွင်းရမည်၊ ပွင့်သစ်ပန်းသွင်၊ မယ့်သက်သျှင်ကို၊ ယင်းတွင်ဆင့်ဆိုပေလျှက်၊ ကတ်တင်ဝယ်ပိန်းကော်သတ်၊ နှစ်ယောက်စုံသည်၊ တိုင်ပင်စုဆောင်းကြပ်၍၊ ခန့်အပ်ဘိ ထား၍ပေ၊ ရာပသိမ်သတ်၊ မင်းမြတ်တက်လားလီ၏။ ရခိုင်ပြည်လူရို့ကို၊ မယ့်သခင်သည်၊ ယင်းတွင်ပြောဟောဆိုလျှက်၊ ကုလားလိုစဖာအိပ်၊ ငါးရာကျော်ကို၊ ထိုခါစုဆောင်းပီးက၊ (----)၊ သေနတ်ခြင်းကို၊ မကြွင်းမကျန်ပါအောင်၊ ပြသကာသင်၍ပေ၊ ကတ်တင်ခေါ်မှတ်၊ ပိန်းကောသတ်လည်း၊ လှည့်ပတ်ကဇာတ်နီသည်၊ ရပ်မြီပင်းဝါကလေး။

ရပ်မြီပင်းဝါ၊ ကဇာတ်ပါ၍နီခါလျှင်၊ ရခိုင်တွင်စောင့်နီငြား၊ အတွင်းဝန်သည်၊ ဇကန်သျှမ်းအောက်သားကား၊ ငယ်နာမမောင်စံသာ၊ အခွန်ဝန်သည်၊ ငအောင်မာန်ခပါနှင့်၊ ရခိုင်မှာဝန်ပြုသူ၊ မောင်စံပျော်လည်း၊ သည်ခါကောင်းမည်ဟူ၏။ နားခံတော်မောင်လုံးခေါ်၊ စွန်းလွန်းဗိုလ်နှင့်၊ နားခံထားလီသတည်း။ စာရွှီးတော်ငဝိုက်ကေ၊ တလိုင်းအောက်သား၊ သျှမ်းကုလားရို့၊ အများစုဆောင်းပေလျှက်၊ ပင်းဝါမြီအရပ်မှာ၊ တိုက်ခိုက်ရသော်၊ ငါတို့နိုင်ရပါအံ့၊ အရှိမှာသျှင်ဘုရင်၊ ကြားလီငြားသော်၊ သူကောင်းပြုမည်ထင်၏။ တိုင်ပင်ကျင်ပြောဟောငြား၊ နောက်မမြင်သည်၊ လူပင်သျှမ်းအောက်သားရို့၊ အမှားမှားသူယုတ်မှာ၊ ဗိုလ်တပ်များနှင့်၊ ကြွလားချီ၍လာက၊ ပုရိန်ရွာကုလားပေ၊ ဗိုလ်ငဖြူလည်း၊ သည်ခါရပါမည်ဟု၊ ကျွန်းအုပ်ဝယ် ရခိုင်သား၊ ငပြီကြီးလည်း၊ လောဘစိတ်ဟိပါများ၍၊ အမ်းစားသားသာကျော်ဝေ၊ ရွှေငွေဒ်ဂါး၊ ကျွဲနွားကျွန်ရမည်ဟု၊ မှတ်၍ပေသုံးယောက်သား၊ ချိတ်ချိတ်ရယ်က၊ ယင်းခါဝမ်းကြီးသာ၍၊ ကခုန်ကာပြီး၍ပေ၊ အောက်သားနောက်သို့၊ ကပ်လျှက်လိုက်လတ်သတည်း။ ပုန်းလျှိုးထွေလာလတ်မြောက်၊ ဝေလာတောင်မှာ၊ မှန်စွာတပ်ရပ်ရောက်က၊ ပါယ်လွှန်မြောက်လားကြခါ၊ ရုတ္တနာသည်၊ ပလ္လင်တပ်ဦးမှာ၍၊ စောင့်နီရာလုတ္တင်သတ်၊ ကတ္တင်ငယ်ကို၊ ယင်းတွင်တိုက်ခွတ်ဖြတ်က၊ ညဥ့်လတ်သန်းခေါင်မှာ၊ ဘက်မမျှ၍၊ ဆုတ်လျှက်လာကြပါ၏။ ပင်းဝါမှာပိန်းကောသတ်၊ တပ်ဟိရာမှာ၊ ပေါင်းကာနီလျှင်းကြပ်က၊ အောက်သားသွတ်တလိုင်းမှာ၊

ကတ်တင်ခေါ်မှတ်၊ ပိန်းကောသတ်ကို၊ လိုက်၍တိုက်ပြန်လာလျှက်၊ (------)၊ ဟိရာရာကို၊ ဖွေရှာဖမ်းဆီးထား၍၊ သတ်ဖြတ်ငြားအလီလီ၊ မီးထင်းတိုက်လောင်၊ ကုန်အောင်ညက်ညက်မှိ၏။ ပင်းဝါမြီဇရပ်တွင်၊ ရာဇာဖက်မှာ၊ တပ်မစွဲလုပ်ကျင်လျှက်၊ နီခါလျှင်တုံကပေ၊ ဟာလဘင်းပင်းဝါ၊ စုက္ကရာနှင့်၊ ငတ်မော်အရပ်မြို့၌၊ ဟိပါသည်လူသူများ၊ ချင်းနှင့်ကယင်၊ မြုံလျှင်ဒိုင်းနက်စသား၊ နှမ်းရွေးသားခွင့်မပီးပေ၊ လင်းကဲပေါင်းစုံ၊ သက်မူသျှမ်းစုသည်တည်း၊ တောင်မြိုငယ်အရိုင်းများ၊ ကုလားမရမာ၊ ပြီး၍လာသည်၊ ကိုယ့်မှာသားမယားနှင့်၊ တသောသောလာကြရာ၊ စစ်တကောင်းသည်၊ ဖလောင်းမင်းနီရာသို့၊ ရောက်ကြလာတုံပြီးမှ၊ ချမ်းငြိမ်းသာယာ၊ ဟိကြပါသည်၊ ထိုခါတဲအုံချ၍၊ ဆိုင်းသော်နီကြခါဝယ်၊ ဝန်တင်ကျွဲနှင့်၊ တိုက်ကျွဲ တောင်းလတ်ပါက၊ စုဆောင်းကာရှာလျှက်ပေ၊ လိုသည့်ဝန်ကို၊ ယင်းမှာပီးဆက်သည်တည်း။ စံရှိဖွေကျွန်းအုပ်ကား၊ ဖလောင်းသျှေသာ၊ ကျီစိုးအရာစား၍၊ ငှဝီငြားပီးလျှက်ပင်၊ ဝန်တင်လှည်းကို၊ အုပ်ချုပ်၍စီရင်၏။ ဗိုလ်ချုပ်လျှင် မာရသျှိန်၊ ဝမ်းကြီးသာ၍၊ ယင်းခါချိမ္ဗမ်းပီးလျှက်၊ ရင်၌မွှီးသားပမာ၊ လုံးလှပွတ်တန်၊ မယ့်သက်နှံကို၊ အမှန်ချစ်နှစ်ပါ၏။ (အဆက်ပြတ်)

ရာပသိမ်သတ်၊ မင်းမြတ်နှုတ်ရွှေစာနှင့်၊ ရခိုင်မှာမူးမတ်ကား၊ အောင်ကျော်ရှိထွီး၊ သော်တလီသည်၊ ငါ့ဆီရောက်စီသောဟု၊ ခေါ်ယူငြားလီသောခါ၊ ပွင့်သစ်ပန်းသွင်၊ မယ့်သက်သျှင်သည်၊ သခင်ရောက်လီပါက၊ ဝမ်းပန်းသာအားကြီးရ၊ ရင်၌မွှီးသည်၊ သားကြီးပင်မကတည်း။ ချစ်မြတ်လှဆိုလျှက်ပေ၊ ခုနှစ်ဆက်သည်၊ ကောင်းမှုဟိဖူးလီ၍၊ တွိကြုံသည်မှန်တည့်တည့်၊ ပွင့်လောင်းလျှာသည်၊ သခင်ဘုန်းကြောင့်တည်းလေး။

ဘုန်းကြောင်ဇကန်၊ တွိကြုံပြန်သည်အမှန်သာ၊ မင်းမြတ်စွာနှုတ်တော်က၊ ကုမ္ဘဏီသည်၊ အသျှင်ရီးကိစ္စ၏၊ လိုသမျှအကုန်ပေ၊ ကြိုးစားဆောင်ကြံလျှက်၊ မှန်မှန်ထမ်းရွက်ပေက၊ ရခိုင်ပြည်ရကာလ၊ စိတ်ဟိရာကို၊ ထိုခါကြံတွေးဆလျှက်၊ လိုသမျှအကုန်ပေ၊ ငါမစ၍၊ သူကောင်းပြုခမည်ဟု၊ ဟာမြွက်ထွေဆိုသောခါ၊ မေ့သခင်သည်၊ ယင်းတွင်ဝမ်းကြီးသာလျှက်၊ နောက်ကိုသာမျှော်ထောက်ထား၊ အခမေးနာ၊ သူကားငွေတပြားမျှ၊ မစားမယူပါ၊ လိုသရိကို၊ ထမ်းပိုးရွက်ဆောင်ပါ၍၊ အရှိမှာရန်ငုမ်ဝယ်၊ ငါးရာလူကို၊ လျှင်လျှင်လွှတ်ချင်သည်ဟု၊ ဟာမြွက်ထွေဆိုလတ်ခါ၊ ကောင်းရာလူကို၊ လွယ်ကူရွီးချယ်ပါလျှက်၊ ငါးရာသာရခိုင်သား၊ မေ့သက်သျှင်သည်၊ ယင်းတွင်ပီးတုံငြားက၊ လီှသဘော်နှစ်စင်းမှာ၊ တင်ယူဆောင်၍၊ လျှင်အောင်လားလီပါ၏၊ ပညာခေါ်လမ်းထွင်သား၊ ငါးရာလူကို၊ လွယ်ကူတောင်းလတ်ငြားလည်း၊ ရခိုင်သားလူငါးရာ၊ ဖောင်သာရှိကို၊ အကြီးခန့်အပ်ပါ၍၊ ဣသျှီကာကာတင်သတ်၊ ဣရာဇီကို၊ အကျွန်လက်တည့်အပ်က၊ လွန်ချစ်မြတ်ဝမ်းကြီးသာ၊ ရခိုင်သားသည်၊ ဘေးကပ် ငါးထောင်ကျော်နှင့်၊ သူရဲတော်ရို့စီးနင်းရန်၊ လှီများအားလုံးစွာကို၊ စုဆောင်းကာ ရှာ၍ပေ၊ ပွင့်သစ်ပန်းဟန်၊ မေ့သက်နှံသည်၊ လျှင်မြန်ပီးအပ်သည်တည့်။ ရခိုင်ပြည်လားဖူးသူ၊ ကုန်းကြောင်းလမ်းနှင့်၊ ရီကြောင်းလမ်းနှစ်ပါးစုံကို၊ ပြနိုင်သူပီးရမည်၊ ရခိုင်ပြည်ခြင်း၊ နီပုံခင်း၍၊ လျှင်ပြင်းခုပြပေလော့၊ ဟာမြွက်ထွေဆိုလတ်ခါ၊ နီပုံခင်း၍၊ ချက်ချင်းပြသပါလျှက်၊ လမ်းသိမှာ ထွန်းပေါ်ဝေ၊ ဖသက်နှံနှင့်၊ ချီးခံသတိုးဝေကို၊ ခေါ်ယူထွေတုံပြီးခါ၊ ကတ်တင်ဟုမှတ်၊ ဒေါင်ရောင်မော်သတ်ကို၊ လွတ်လွတ်ပီးအပ်ပါက၊ ဝမ်းကြီးသာ အားပါးရ၊ သျှင်မင်းကြီးကို၊

ယင်းတွင်ချီမွမ်းကြ၏၊ ခုပြီးမှငါလားမည်၊ ရဲဗိုလ်ပါလည်း၊ မကြာခုစုံစီဟု၊ ဟမြွက်ထိုဆိုသောခါ၊ သိန်းသန်းကုဋီ၊ ဗိုလ်ခြီအများလာလျှက်၊ ခြီရင်းတွင်စုရုံး၍၊ များဗိုလ်ပါသည်၊ မကြာရောက်လာ၏လေး။

ရောက်၍ဧကေန်၊ ချီတက်ပြန်မည်အမှန်သာ၊ မင်းမြတ်စွာနှုတ်တော်က၊ ရောင်ဇနောင်ကို၊ ယင်းတွင်အဏာချ၍၊ သဘော်နှင့်လှီရို့မှာ၊ သူရဲပုံ့သည်၊ အမှန်ရဲမက်တော်လည်း၊ ဂုရာသာစီးရမည်၊ ပြောင်းကြီးဇဝါ၊ ပုံးစကြာကို၊ ယင်းမှာတင်ယူပေလေ့၊ ကုန်းကြောင်းဝယ်တစလား၊ ရထားမြင်းဆင်၊ လှည်းငင်ဝန်တိုက်နွားနှင့်၊ ရဲမက်များ ထောင်သောင်းကို၊ ရခိုင်ဗိုလ်မှတ်၊ ဒေးသျှိန်သတ်သည်၊ မပြတ်တပ်ဦးချီလေ့၊ နောက်ရပ်မြီသူရဲဖော်၊ စပါအိတ်သည်၊ ဟိန္ဒုတ်သားနီသာတည်း။ (------)၊ မြင်းစီးမှာ မောင်းဂွတ်က၊ မီးကျည်တန်ခေါ်၊ လက်နက်တော်ကို၊ လျှင်စွာယူဆောင်ခလေ့၊ သေနပ်နှင့်လှံကမံ၊ လက်နက်များကို၊ ပီးအပ်နှံ၍၊ ကြီးစည်သံဗောမှုတ်ကာ၊ ခရာထွက်သည်၊ တိမ်ထွတ်ထက်အာကာမှ၊ တီးမှုတ်လှာဟန်မပြား၊ သောင်းဇမ္ဗူဝယ်၊ ထိန့်ဆူကျော်နှံ့ကြားမျှ၊ တသောသောချီကြခါ၊ ရာပသိန်သတ်၊ မင်းမြတ်၏နောက်တော်ဝယ်၊ ပွင့်လောင်းလျှာမယ့်ကြင်စ၊ ကပ်၍ပါသည်၊ ဆံမြွာမယွင်းခွတည်း။ မူးမတ်ကားအထဲမှာ၊ ဖွဲ့ဒါကြီးသည်၊ အသောင်းအဒူလာနှင့်၊ အဟောဒါမာတဒိန်၊ အစီရင်ထွေ၊ တိုးအောင်ကြွယ်သည်၊ အကယ်ပါလျှင်းလီ၏၊ တိုင်းရပ်မြီရခိုင်မှာ၊ ဒါးပိုင်ကြီးသည်၊ ရှိကအမတ်တော်၏၊ ရင်တွင်းမျှော်ကျုး၍ဖွား၊ ထိန့်ထိန့်ဆူသည်၊ ဇမ္ဗူကျွန်းလုံးကြား၏၊ သားကြီးကားအမ်းစားသာ၊ မယ့်သက်သျှင်လည်း၊ ယင်းခါနောက်တွင်ပါလျှက်၊ ခေါ်တွင်ကာတိမ်ကြားဗိုလ်၊ မာလုံသတ်သည်၊ ရီကြောင်းချီလီဆိုက၊ နောက်တော်ကိုပါလီငြား၊ သိန်းသန်းဗိုလ်ခြီ၊ အသ်ချီသည်၊ မြီဝယ်မွန်းမျှလား၏၊ ချီတက်ငြားလီကြခါ၊ စစ်တကောင်းသည်၊ မြစ်မကိုကူးပါလျှက်၊ တက်လီသော်လက်ဝဲနား၊ ဘောင်းဒွတ်တောင်ကို၊ ပါယ်ယှော်င်လွန်ခဲ့လားက၊ လက်ယာနားပြင်ကြီးသာ၊ ဖောက်ကျီစျီးကို၊ လွန်၍လားလီပါလျှက်၊ ကန်ရှည်မှာဆိုက်မနား၊ ဟာလဘင်းခေါ်၊ စုက္ကရာကို၊ လျှင်စွာချီတက်လားလည်း၊ ရီကင်းနားဆည်ကြီးသာ၊ ပတ္တလီကို၊ ထိုခါဆိုက်ရောက်ပါ၍၊ ပင်းဝါရွာမရောက်ခင်၊ ရခိုင်ဝန်သာ၊ မောင်စံပျော်သည်၊ ယင်းမှာကြားလီကျင်၏၊ သားမောင်ပင်ငဝိုက်ကေ၊ ငါရို့သက်သည်၊ အခုသီရမည်ဟု၊ ဖက်ယပင်းငိုကြခါ၊ အတွင်းဝန်သည်၊ မှန်မှန်ကြားလီပါ၍၊ ကြောက်ဝှန်ကာတုန်လှုပ်ငြား၊ မိုးဦးခါသည်၊ ဖားသော်မြည်သောလားသို့၊ တသောသောငိုလျှက်သာ၊ တပ်လုံးသားသည်၊ ထွက်လားပြီးလီပါက၊ ဖမ်းဆီးကာရှာမရ၊ တစစ်အောင်သည်၊ ရို့သျှင်ဘုန်းကြောင့်နှင့်တည်း။ ချီတက်ကြွလိုက်လီခါ၊ ဖလောင်းချိတ်မှာ၊ ယင်စွာရောက်တုံပါလည်း၊ တောင်ကိုသာ မျှောင်ကာလား၊ ရဲစုချောင်းလွန်၊ ချီတက်ပြန်သော်၊ အမှန်မတန့်မနားတည်း။ ပန်းမော်ကား လက်ဝဲသာ၊ သင်းပေါင်းချောင်းကို၊ ပါယ်၍လွန်ခဲ့ပါလျှက်၊ မြင်းမျက်နှာတောင်အနား၊ လားလီပါသော်၊ ငတ်မော်ဆိုက်ရောက်ငြားက၊ ရဲမက်များသိန်းဗိုလ်ပါ၊ ညောင်းညာဖြီလျှက်၊ ဆိုင်းငံ့နီရပါသည်၊ မောင်တောတပ်မှာတည်းလေး။

မောင်တောတပ်မှာ၊ ဆိုက်ရောက်ပါသည်ယင်းခါတွင်၊ ဥာဏလျှင်မြို့စာရွီး၊ လက်ဝဲဖက်မှာ၊ တပ်မတော်ကို၊ ဖြိုကာထွက်၍ပြီးလျှက်၊ ကြောက်ဝှန်ကြီးတုန်လှုပ်ကာ၊ အောက်သားပျက်သည်၊ လျှို့ဝှက်နီလီပါက၊ ယင်းသောခါရို့သခင်၊ အနောက်ငယ်ကို၊ လက်ဝယ်သိမ်းယူကျင်၍၊ အစလျှင်ပဌမ၊ နှောင်းဖော်ရှိကို၊ ကျွန်းအုပ်ခန့်ပီးခလျှက်၊ ချီတက်ကြွလားကြခါ၊ အလယ်သညာ၊

ကုလားရွာမှာ၊ လျှင်စွာရောက်လီပါက၊ ယင်းတွင်သာဆိုက်မနား၊ ကျောက်ပန်းစွယ်ကို၊ လက်ယာပါယ်ယှောင်ထားလျှက်၊ တသောသောချီကြခါ၊ ပြည်ထိပ်မှတ်သည်၊ မယူနတ်ကြီးမော်သို့၊ ဆိုက်ရောက်ခါတုံပြီးမှ၊ များဗိုလ်ပါသည်၊ ယင်းတွင်တပ်ကြီးချ၍၊ တန့်ရပ်ကြနီသောခါ၊ (-------)၊ သင့်ရာသားနှင့်၊ မိမ္မသားသူငယ်များ၊ ဥပမာသည်၊ သားလင်ရောက်လာငြားသို့၊ ရှွင်ပျော်ပါးဝမ်းကြီးသာ၊ (ဆက်) အဖူးလက်ဆောင်၊ များမြောင်ပို့ဆက်လှာ၏၊ ချီတက်ကာ တသောသော၊ ဦးရာဇ်တောင်သည်၊ သျှင်ပင်ဓါတ်ရောက်ငြားက၊ အထွတ်ဖျားစေတီမှာ၊ တင်းခွန်ကုက္ကား၊ မုလေးပွားကို၊ လျှင်ငြားပူဇော်ပါလျှက်၊ လားလီကတုံခါပေ၊ ကုလားပုံးကို၊ လက်ဝဲထားခဲ့သည်တည့်။ ဆင်ခံဝယ်ဆိုက်ရောက်က၊ ရို့သခင်သည်၊ ယင်းတွင်တပ်ဦးချလျှက်၊ ကုလားကအပေဟာဒါ၊ မာတဒိန်ကို၊ စာနှင်စီလွှတ်ပါ၏၊ ချောင်းဖလာတပ်ထဲဝယ်၊ တလိုင်းအောက်သား၊ သျှမ်းအများကို၊ လျှင်လျှားထွက်လားစေဟု၊ ကြံကာပေနီသောခါ၊ နင်ရို့များသည်၊ ကျင်းကျင်းအကုန်စွာကို၊ ရဲမက်တော်ဂူရာက၊ သတ်ဖြတ်မည်ဟု၊ အကယ် တည့်တည့်ပြော၍၊ ခုလျှင်လျှားတုတ်နှောင်မည်၊ တမန်လွှတ်လျှက်၊ ခေါ်ဗတ်ပြောတုံပေလည်း၊ နားမလည်အောက်သားမှာ၊ ကောင်းမည်ထင်ဗျာ၊ ယင်းတွင်တွင်းတူးပါလျှက်၊ ကြွက်ဟန်သာ နီတုံငြား၊ စာရေးကြီးသည်၊ ငဝိုက်ကေနှင့်၊ နားခံမောင်လုံးများရို့၊ အမှားမှားနီကြခါ၊ ရို့သခင်သည်၊ ယင်းတွင်မာန်ကြီးပါ၍၊ ဂေါ်မီတော်မော်သတ်နှင့်၊ မောဇော်ကတ်တင်၊ သောက်သတ်လျှင်လည်း၊ ခုပင်ချီလားကြဟု၊ နှုတ်သံမြွချခါဝယ်၊ ရီဗိုလ်ချုပ်သည်၊ လျှင်စောချီတက်လီ၍၊ တိုက်ကြပြီးတုံသောခါ၊ သျှမ်းအောက်သားသည်၊ ပြီးငြားမလွတ်ပါတည်း။ နားခံတော်မောင်လုံးမှာ၊ လက်ဝါးပေါက်လျှက်၊ ပုန်းရှောက်ထွက်ပြီးလီ၏၊ ငဝိုက်ကေစာရှီးမူ အောက်သားများသည်၊ သဲဖျားကြွီလှုပ်တုန်မျှ၊ အငတ်မူမစစ်သာ၊ လင်းကဲအသွင်၊ တောထဲဝင်၍၊ ယင်းတွင်ပြီးလီပါက၊ ချောင်းဖလာတပ်ကြီးကို၊ ဘုန်းတော်အားနှင့်၊ လျှင်လျှားတိုက်ခိုက်ဖြိုသည်၊ ငြိုးသိုစကားကြောင့်လေး။

ငြိုးသိုမှန်စွာ၊ တိုက်ကြပါသည်ယင်းခါတွင်၊ အုန်းတပင်တပ်မမှာ၊ မိုးကောင်းဗိုလ်နှင့်၊ ငချေးကြားလီပါက၊ ကြောက်ဝှန်ကာတုံလှုပ်ငြား၊ တပ်လုံးသူသည်၊ ဆောင်းတွင်ချုပ်ထားငါးသို့၊ သီမိမောအသွယ်သွယ်၊ ကြောက်ဝှန်ကြီး၍၊ ထွက်ပြီးကြလီ၏။ ချီတက်ပေရို့သခင်၊ ကျွဲခြံတောင်မှာ၊ လျှင်စွာဆိုက်ရောက်ကျင်က၊ များလူသျှင်ရဲမက်တော်၊ ကျွဲနွှား တောင်းလတ်ပါသည်၊ ပွင့်လောင်းလျှာမယ့်သခင့်၊ ရခိုင်ပြည်ဝယ်၊ ဟိသည်လူမွန်းဖျင်ကို၊ စုလုံးကျင်ခေါ်သောခါ၊ သလွန်တောင်ကို၊ စီရင်အုပ်ထိန်းပါလျှက်၊ ကျွန်းအုပ်သာငရှောက်ဖွေ၊ တောင်ဖက်ကျွန်းကို၊ ထိမ်းသိမ်းစီရင်ပေ၍၊ ဖော်ရှိသည်ကျွန်းအုပ်ကား၊ ဝမ်းကြီးသာ၍၊ လျှင်စွာရောက်လာငြားတည့်။ မူဇဲကကျွန်းအုပ်သာ၊ ငကြောင်ပြိန်းတော၊ လျှင်စော ရောက်ကြလာလျှက်၊ စစ်တွေမှာကောင်းစံရှိ၊ တောင်ရင်းကျွန်းနီ၊ ပေါ်ထွန်းဝီနှင့်၊ ပြသျှေဝင်းကျွန်းနီ၏၊ ပြားကျွန်းဆီအသက်နှံ၊ ကျိန်းရှိနောက်မှာ၊ ကျွန်းအုပ်မောင်သာကြံလျှင်၊ လာကြပြန်တုံသောခါ၊ ပြည်လုံးသားသည်၊ သောသောရုရုဆာ၍၊ ဆိုက်ရောက်လာတုံပေက၊ မယ့်ချစ်မောင်သည်၊ ယင်းတွင်အားကြီးရ၏၊ လိုသမျှကျွဲနွှားပေ၊ ဆန်ရီစပါး၊ ဆီပျားထောပတ်များကို၊ ယူဆောင်လာဆက်ပီးခါ၊ ချီကြရာတသောသော၊ ပါးတော်တောင်မှာ၊ လျှင်စွာဆိုက်ရောက်ငြားက၊ တောင်ထိပ်ဖျားအထက်မှာ၊ အောက်သားများကို၊ လွှတ်လပ်မျှော်ခီပါက၊ ရခိုင်သားစဖာအိပ်၊ တပ်မင်းမြဖော်၊ သုဗတာနှင့်၊ ဂူရာနှစ်ပါး၊ ဖိလျှက်

တိုက်သတ်ပြီးတုံလီခါ၊ ပုခန်းဗိုလ်သည်၊ နေမျိုးသူရိန်သာတည်း၊ မက္ကရာမြို့သူကြီး၊ မျက်စိပြောင်းပြန်၊ ထိပ်ဆံအသက်ပြီးလျှက်၊ ဟစ်ကြော်ကျွှီးမြည်၍သာ၊ စိုက်စိုက်မတ်မတ်၊ တန်းလျှက်ပြီးလီပါသည်၊ ကိုယ့်ရွာရောက်အောင်တည့်လေး။

ရောက်အောင်ကိုယ့်ရွာ၊ မက္ကရာသို့ပြီးခါတွင်၊ ချီတက်ကျင်လိုက်လီခါ၊ ဇီးဇာပြင်မှာ၊ လျှင်စွာဆိုက်ရောက်ပါက၊ ထိုဖက်မှာမဟာထီး၊ ငါးရကောက်ခေါ်၊ ချောင်းနားမော်ဝယ်၊ ဟိသည်တပ်မကြီးကို၊ မြင်ကတ်ပြီးတုံသောခါ၊ ဗိုလ်ချုပ်မင်းသည်၊ လျှင်ပြင်းချီလားပါ၍၊ သူရဲတော်ဂူရာများ၊ တောင်းလောင်ကျီကို၊ အညီစိုင်သင့်ထားလျှက်၊ လက်ယာနားမြင်းစီးသာ၊ ဟိန္ဒုတ်သာနီ၊ နီသည်လက်ဝဲမှာတည်း။ ရခိုင်သာတပ်ဦးက၊ ကြီးစည်တီးကာ၊ ဗောမှုတ်ပါသည်၊ သံဝါခြိမ်းမောင်းငြာလျှက်၊ ချီလားကြတိုက်လီခါ၊ မဟာထီးမှာ၊ တပ်များကုန်အောင်စွာကို၊ ဖြိုဖျက်ကာလွှင့်လီက၊ ဇေတဗိုလ်သည်၊ ကြံရာရှာမရတည်း။ ပုခန်းကဗိုလ်မင်းသာ၊ သူရဲကြီးမူ၊ တပ်လုံစိုးအုပ်ပါလျှက်၊ ငိုကြရာတသောသော၊ ကျားကိုမြင်သော်၊ သမင်မြိုင်ချောင်တောက၊ ကြောက်ဝှန်ငြားတုန်လှုပ်ကာ၊ အောက်သားများသည်၊ မပြားယင်းပမာသို့၊ ထွက်လားကာ အသွယ်သွယ်၊ တောတောင်ဦးဖျား၊ ပြီးငြားပုန်းယှောင်လီ၏။ ချီကြွပြီးလားလီခါ၊ ပေါင်းတုတ်ပြင်မှာ၊ သခင်ဆိုက်ရောက်ပါက၊ ဆိုင်းရပ်ကာဗိုလ်လူများ၊ တပ်တောင်တာကို၊ ထိုခါကြည့်ရှုငြားက၊ မြို့အနားတောင်ရို့မှာ၊ အောက်သားများသည်၊ မည်းမည်းပြုတ်ပြုတ် ဆာလျှက်၊ ကွန်းစီးခေါ်ပေါင်းဝဝယ်၊ ရခိုင်ဝန်သာ၊ မောင်စံပျော်နှင့်၊ နားခံကျွတ်ကေတည်း။ ငဝိုက်ကေစာရွှီးတော်၊ မြို့သူကြီးကား၊ ကြီးကြပ်အုပ်ပြုပါ၏။ ပန်းဒလေဝန်ဟောင်းသာ၊ ပေါင်းကာစု၍၊ သောသောရုရုဆာလျှက်၊ တပ်စွဲရာမြီကတုတ်၊ တောင်ထိပ်ထက်တွင်၊ တောမျောက်သွင်သို့၊ ပေါင်လျှင်မဲပုတ်ပုတ်နှင့်၊ ဆစ္ဆိရုပ်ကြောက်ရွံ့ဖွယ်၊ အသားမည်းမည်း၊ သွားကြဲကြဲသည်၊ ဂေါင်းလည်းစုတ်ချွန်းသွယ်တည်း။ ခွတ်သတ်မည် အဟန်ယောင်၊ စာရွှီးကြီးထွေ၊ ငဝိုက်ကေလည်း၊ လက်ခုပ်တဖောင်ဖောင်နှင့်၊ ပုဏ္ဏားတောင်အထိပ်မှာ၊ ခေါ်တွင်ကြသည်၊ ညာဏအောက်သားသော်ကား၊ တပ်နှင့်သာစီး၍ပေ၊ လီသာတောင်သည်၊ မြင့်ခေါင်အထိပ်ဝယ်၌၊ ဗိုလ်လုပ်သည့်မြို့အုပ်သာ၊ မောင်ဗျဲဟူငြား၊ သျှမ်းအောက်သားနှင့်၊ ငပွင့်တပ်ဟိပါလျှက်၊ ကခုန်ကာတသောသော၊ သတ်မည်ယောင်သည်၊ ဟန်ဆောင်တကားကားနှင့်၊ ဗိုလ်ချုပ်ကား အတွင်းဝန်၊ ငမောင်စသည်၊ နောက်ကပုန်းနီပြန်၏။ ကြောက်ခြင်းဟန်ပြင်မထုတ်၊ ဝသဲဖက်မှာ၊ ပုန်းယှောင်ပါ၍၊ ထိုခါဥပါယ်ပြုလျှက်၊ စစ်မှုစီရင်၊ ကြောက်ဟန်ကြီး၍၊ ကြောင်းလမ်း ခုတ်ထွင်ပြန်၏။ ငကျော်ဇံမုတ်ဆိတ်ရှည်၊ ပြည်လုံးသားကို၊ မ္ဘိလျှက်ဂုံးတိုက်သည်ကား၊ သတ်ရမည်ရခိုင်ကို၊ နိမပျက်သာ၊ တိုးတိုးချပ်ချပ်ဆိုလျှက်၊ မျှက်နှာလိုခံ၍ပေ၊ မြို့ဝင်းထဲတွင်၊ ပုန်းလျှက်ဝင်ကာနီသည်၊ မှန်မှန်ပြီးလို၍လေး။

ပြီးမည်ဧကန်၊ နီကြပြန်သည်အမှန်သာ၊ ယင်းသောခါရို့သခင်၊ ရာပသိန်သတ်၊ မင်းမြတ်နှုတ်ရွှေစင်နှင့်၊ တောင်ထိပ်တွင်တပ်များကို၊ ခဏချင်းနှင့်၊ လျှင်စောတိုက်ကြဆိုလျှက်၊ အာဏာကိုပီးသောခါ၊ ဇော်နော်ဟူပြီ၊ မာရိသျှိန်သည်၊ ခြိမ်းမဲတိုက်မောင်းကြော်၍၊ ဝမ်းကြီးသာအားကြီးရ၊ ရဲမက်တော်ကို၊ စိုင်ကာအသင့်ချလျှက်၊ တီးမှုတ်ကြအသွယ်သွယ်၊ ပုလီစောင်းညှင်း၊ ကြီးနင်းစည်ပုတ်ကေနှင့်၊ ခရာသည်နှဲသံကောက်၊ စည်ကြီးတီးကာ၊ ဗောမှုတ်ပါသည်၊ ပြည်ရွာထိန့်လန့်ချောက်မျှ၊ တယောက်တစစီ၊ အောက်သားတပ်ကို၊

နှင်း၍တိုက်သတ်လီ၏။ လက်နက်ဝယ်ဗုံးစကြာ၊ တချက်ပစ်သော်၊ ထွတ်ဖျားထက်အာဏာသို့၊ တက်လီပါတုံပြီးမှ၊ သက်လတ်ပါသည်၊ အာကာမိုးပေါက်ကျသို့၊ ဆင်မြင်းကလူသူမှာ၊ မှန်သရိကို၊ ထုံးပုံ၏ဟန်ပမာသို့၊ ကြို့မွကာသီဆုံးပျောက်၊ မီးကျည်တန်သည်၊ အမှန်ထိုလက်နက်ကို၊ တချက်လွှတ်သောခါ၊ တိမ်ကိုခွဲ၍၊ ဝဲလျှက်တက်လီပါ၏။ ထက်အာကာမိုးကြိုးသံ၊ သက်လှာကျ၍၊ မွှီလျှက်သတ်ခြင်းဟန်ကား၊ ခုန်လွှားပျံ့ဝဲကာကာ၊ ချောက်မြောင်တောင်ကြား၊ ပုန်းလျှိုးငြားလည်း၊ ပြီးလားမလွတ်ပါတည်း။ သုံးရက်သာဝီဝင်းဝင်း၊ တိုက်ကြပါသည်၊ တောတောင်မြိုလုံးလင်းမျှ၊ တိုင်ပင်ငြားတနည်းမှာ၊ လီသာတောင်ကို၊ ဦးအောင်နှင်းကြပါဟု၊ ချလတ်ခါတုံပေကာ၊ ဇော်နော်ခေါ်မှတ်၊ ဇီရိသတ်သာ၊ လွတ်လွတ်ချိလျှင်းပါလျှက်၊ ဂူရာသည်ရှိဦးတပ်၊ တောင်လောင်ကျိလည်း၊ ယင်းခါနောက်ထပ်ကပ်၍၊ ညဥ့်တလပ်သန်းခေါင်တွင်၊ လီသာတောင်ကို၊ လျှင်အောင်တက်တိုက်ကျင်က၊ မျက်တောင်ပင်မခတ်မှီ၊ မြို့အုပ်ခေါ်ထွေ၊ ငမောင်ဗျေသည်၊ လွယ်လွယ်ပြီးလားလီ၏။ ပုဏ္ဏားဆီတောင်ထိပ်မှာ၊ ခေါ်တွင်ကြသည်၊ ဥာဏ အောက်သားသော်ကား၊ ကြောက်ဝှန်ကာတုန်လှုပ်ငြား၊ ပြီးလားလီသည်၊ အိမ်မှာသားမယားကို၊ စောင်းလှည့်ငြားမကြည့်ခင်၊ ကိုယ့်အသက်ကို၊ လွတ်ကြောင်းပြီးလီကျင်၏။ ကွန်းစီးလျှင် ပေါင်းဝမှာ၊ တပ်တွင်ဟိငြား၊ သျှမ်းအောက်သားသည်၊ သောသောရုရုဆာလျှက်၊ ပြီးလီခါတုံကပေ၊ မောင်စံပျော်နှင့်၊ နားခံငကျက်ကေတည်း။ ငဝိုက်ကေမောင်ရဲသာ၊ လေးယောက်စုံသည်၊ ပူးတုံဖက်ကြပါလျှက်၊ ငိုကြရာတသျှုတ်သျှုတ်၊ ကြက်သိမ်းဝှန်သည်၊ လိပ်ပြာ ထွက်လုတ်လုတ်တည်း။ ဆစ္ဆိစုတ်မျောက်ရိုင်န်၊ သူငယ်သားကို၊ ဖမ်းစားသည့်ဟန်သို့၊ မျက်ဆန်သာခပြူးပြူး၊ ဆံပင်ဖားရား၊ ဝမ်းဖားဖားသည်၊ ခြီကိုကားရားပြုလျှက်၊ ဖားပြုတ်အသွင်၊ သျှမ်းအောက်သားရို့၊ ပြီးငြားကျင်သည်၊ ငွေတောင်ပေါက်ဝကလေး။

ငွေတောင်ပေါက်က၊ ပြီးလားကြသည်ယင်းမှသာ၊ ဗိုလ်ချုပ်ခေါ်တွင်၊ ဝန်ငမင်သည်၊ သဲဖျားကြသိမ်းဝှန်၍၊ အကြံကိုရှာမရ၊ ပြီးလားကြသည်၊ ဘီလူးမတန်းခါးမှတည့်။ ပန်းစျီးမြောင်းကိုလွှန်၊ မိုးကြိုးဂျိုင်ကို၊ စိုင်ကာလားလီပါလျှက်၊ ဝက်ချောင်းသာပယ်လွှန်ငြား၊ တက်လီပါသော်၊ ချင်းရွာတောင်ခြီနားက၊ ပုန်းလျှိုးငြားကုတ်ရှုတ်ကာ၊ ဗိုလ်ချုပ်ဧကေန်၊ အတွင်းဝန်သည်၊ အမှန်ပြီးလီပါက၊ ရှာကြရာတသောသော၊ ဂျီဒရယ်သည်၊ ဆတ်ငယ်ကိုယ်အလားသို့၊ လမ်းစပ်ကြားခြုံထဲမှာ၊ မြို့သူကြီးကို၊ အလျှင်ဖမ်းမိပါ၏၊ သက္ကရာဇ်မှာတထောင်ဖြစ်၊ တရာ့သျှစ်ဆယ်၊ စွန်းဝယ်သျှစ်ခုနှစ်က၊ တန်းခူး၏လဆန်းမှာ၊ ဆယ့်လေးရက်သည်၊ သောက်ကြာနိတွင်သာတည်း။ တပိုဝ်ကျော်နီထွက်ဝယ်၊ ရန်ခပ်သိမ်းကို၊ ပျောက်ငြိမ်းအောင်မြင်ပေက၊ ဝမ်းသာထွေအားရကျင်၊ ဧညဝတီ၊ ရခိုင်ပြည်ကြီးတွင်၌၊ ပုရိန်ပြင်အထဲမှာ၊ မြသွင်နတ်ကို၊ ပသပူဇော်ပါလျှက်၊ ကောင်းသည့်ခါနိရက်ဝယ်၊ ရဲမက်ဗိုလ်ပါ၊ လူတကာကို၊ ယင်းမာစုရုံးစီ၍၊ ရခိုင်ပြည်မြို့ထဲမှာ၊ ဘာသာလျှောက်၊ ပြောင်းမီးပေါက်သို့၊ ပစ်မြှောက်ပူဇော်ပါလျှက်၊ အောက်သားသာပိုင်ကာလ၊ သျှင်ဘုရင်မှာ၊ နန်းသက်ဖော်၍၊ ရွှေဂူစေတီမဟု၊ ခေါ်တွင်ထလူတကာ၊ တိုက်ဝန်မင်းသည်၊ တည်ရင်းစေတီတော်ကို၊ ဖြိုဖျက်ကာပစ်လျှက်ပေ၊ ယင်းတောင်ထိပ်မှာ၊ အိမ်ကြီးဆောက်လုပ်စီ၏၊ ရို့ပြည်ဝယ်သျှင်မင်းကြီး၊ ကောလိယရာဇာ၊ တည်လုပ်ပါသည်၊ သျှင်တော်မဟာထီးကို၊ ချိုးဖွဲ့ပြီးလွှင့်ပစ်ကာ၊ စောမွန်တည်ပြု၊ မင်းဗာလုပ်သည်၊ တံတိုင်းမြို့ဝင်းတော်ကို၊ ဖြိုဖျက်ကာပစ်၍ပေ၊ သိုက်စာထွက်ကို၊ သျှမ်းအောက်သားသည်၊ လိုက်လျှင်းပြုကြသည်တည်း။ နောင်ခါဝယ်တုံပြီးမှ၊

မယ့်သက်သျှင်ကို၊ ယင်းတွင်အာဏာချလျှက်၊ ဂူရာနှင့်မြင်းစီးသာ၊ စဖာအိတ်သည်၊ နီဖို့လိုင်းအိမ်တော်ကို၊ ဆောက်လုပ်ကာပီးရမည်၊ တောင်းလတ်ပါသော်၊ လွတ်လပ်ခန့်ခွဲပေလျှက်၊ ဝါးသက်ကေကြိမ်သစ်ပင်၊ ဗဲကပ်သားနှင့်၊ လျှင်စောဆောက်လုပ်ကျင်၏။ ရာထောင်ပင်အိမ်မကၤ လုပ်ရပါသည်၊ ယင်းခါတဌာနတည်း။ ခေါ်တွင်ကြလူတကာ၊ ရာပသိန်သတ်၊ မင်းမြတ်နူတ်ရွှေဝါနှင့်၊ ဟမ္ဗြက်ကာချလတ်သည်၊ ရမ်းပြည့်မြို့နှင့်၊ သံတွဲမာန်အောင်ဝယ်၌၊ ဟိနီသည့်အောက်သားကို၊ ဇော်နေဟုမှတ်၊ မယ်ကာရီသတ်သည်၊ လွတ်လပ်တိုက်ခီဆိုက၊ ကတ်တင်ဗိုလ်မေဇော်သတ်၊ သဘော်ာစီးကာ၊ ချီကြပါသည်၊ မြစ်မှာစင်းချင်းစပ်မျှ၊ လွတ်လပ်သာချီလား၍၊ မာန်အောင်မြို့မှာ၊ လျှင်စောရောက်လီ၏လေး။

ရောက်ကြဇကေန်၊ တိုက်ကြပြန်သည်အမှန်သာ၊ ယင်းသောခါမြို့ဝန်ကား၊ ရဲစက်ကေသည်၊ ထိုဝယ်သျှမ်းအောက်သားလည်း၊ ကြောက်ဝှန်ငြားမကြံသာ၊ ကိုယ့်မယားကို၊ လက်ဖျားဆွဲကိုင်ကျင်လျှက်၊ များတကာဖော်မရ၊ နှစ်ယောက်တည်းပင်၊ တောထဲဝင်၍၊ ခြုံတွင်ပုန်းလျှိုးကြလျှက်၊ တခဏနီသောခါ၊ ဇော်နော်ခေါ်မှတ်၊ မယ်ကာရီသတ်သည်၊ ဝန်းပတ်ထားလျှင်းပါ၏၊ ဖမ်းဆီးကာယူ၍ပေ၊ နှစ်ယောက်စုံကို၊ လွယ်ကူရလီသည်တည့်။ သဘော်ာတွင်ဆောင်ပြီးခါ၊ ကုလီကတ္တာ၊ ရွှေမြို့တော်မှာ၊ လျှင်စွာပို့လီပါ၏၊ ရမ်းပြည့်မှာဝန်ပြုသူ၊ မောင်ယံကလည်း၊ အကယ်ကြားလီတုံက၊ မောင်ဗဲ့မူအခွန်ဝန်၊ နှစ်ယောက်လူသည်၊ တိုင်ပင်ပြုကြပြန်၏၊ အသတ်ခံနီးသောခါ၊ ငါတို့သက်သည်၊ ဆုံးပျက်မည်ခန္ဓာတည်း။ သူရို့သာမရောက်ခင်၊ မြို့ကြီးကိုလွှတ်ကျင်လျှက်၊ ထွက်၍ပြီးကြကျင်အံ့။ ပြောတိုင်ပင်ပြုပြီးခါ၊ အောက်သားမိုက်သည်၊ ထွက်လားပြီလီပါ၏၊ သံတွဲမှာတဌာန၊ မြို့သူကြီးဟာန်၊ ငပန်းစံကို၊ လျှင်မြန်ခွတ်ထစ်ကြ၏။ မြို့ဝန်ကားရွှေမန်းသာ၊ အောက်သားများသည်၊ သောသောရုရုဆာလျှက်၊ တောင်ရိုးသာစီး၍ပေ၊ ပြီးလားငြားသည်၊ အရှိုနိုင်ငံပြည်သို့၊ ဖမ်းဆီးဖွေရှာမရ၊ သုံးမြို့စုံကို၊ လက်ဝယ်သိမ်းရုံးရ၏။ ပိုးလောက်မျှတကောင်ပင်၊ သျှမ်းအောက်သားကို၊ ငေါက်ငေါက်ထောင်၍မမြင်တည်း။ ရခိုင်တွင်မြို့ကြီးမှာ၊ ရာပသိမ်သတ်၊ မင်းမြတ်နူတ်ရွှေဝါနှင့်၊ ရို့ပြည်ရွာကျွန်းများဝယ်၊ တန်သည့်သူကို၊ အရာခန့်အပ်မည်ဟု၊ ဟမ္ဗြက်ထွေဆိုပြီးခါ၊ အသီးသီးသည်၊ ကိုင်းချောင်းကျွန်းများစွာကို၊ ကျွန်းအုပ်သာချောင်းစားခန့်၊ ပရနဝါ၊ ထိုခါပီးဆင့်အပ်၏။ နောက်တထပ်အမိန့်တော်၊ ရခိုင်သားသည်၊ အများမြို့ကျွန်းရွာ၌၊ ဟိနီကျင်လူရို့မှာ၊ အောင်ကျော်ရွှိထွီး၊ သော်တလီကို၊ နှိုင်းယှဉ်ဖက်မဲ့သာတည်း။ ငါ့ထံမှာမြဲခစား၊ အကျိုးတော်ကို၊ ပြီးအောင်ဆောင်ရွက်ငြား၏၊ ပီကျွန်းနှင့်ယိုးကျွန်းပေ၊ ဦးရစ်တောင်လည်း၊ ယင်းတွင်ပါလီစီလော့။ ပီချောင်းဝယ်လေးမြို့သာ၊ ယိုးချောင်းနယ်လည်း၊ ထိုခါထည့်လိုက်ပါ၍၊ ကျွန်းအုပ်သာခန့်၍ပေ၊ သားစိုင်မြီးဆက်၊ မပျက်စားရလီအံ့၊ ဟမ္ဗြက်ထွီဆိုသောခါ၊ ဖွဲ့ဒါးကြီးသည်၊ လျှင်စောရွှီးတုံပါလျှက်၊ ပရနဝါဆပ်ကြီးခတ်၊ ငါးရွက်စာကို၊ ထိုခါချက်ချင်းအပ်က၊ မယ့်သက်မှတ်ပွင့်လောင်းလျှာ၊ ကျွန်းချောင်းဖျားကို၊ သိမ်းငြားပြုစုပါ၍၊ သင့်ရာရာအလုံးကို၊ ချမ်းငြိမ်းသာယာ၊ မစပါသည်၊ ကိုယ့်မှာသားရင်းလိုသို့၊ ရှိပြုကျိုးကုသိုလ်ကံ၊ မိဘရပ်မြီရခိုင်ပြည်မှာ၊ လွယ်လွယ်ရောက်လာပြန်၍၊ ပျော်စံပါးတသောသော၊ မွီးမိခင်သည်၊ နို့သျှင်ချွေးမများကို၊ မခြားဆံတမျှင်၊ နှံ့သည်သက်ကို၊ တရက်မကွာချင်ဘဲ၊ နွဲ့ပျော်ရွှင်နီကြ၏၊ ရှိသဘ်ာသည်၊ ကြမ္မာဘုန်းကြောင့်တည့်လေး။

ဘုန်းကြောင်းဇကန်၊ နီကြပြန်သည်အမှန်သာ၊ ယင်းသောခါရို့သခင်၊ ရာပသိန်သတ်၊ မင်းမြတ်နှုတ်ရွှေစင်နှင့်၊ ဟာမွှက်ကျင်ပြောလတ်သည်၊ ရခိုင်ပြည်တွင်၊ ဇင်ပတ္တင်ကို၊ မြို့ဝန်ခန့်ခမည်တည်း။ ရမ်းပြည့်ဝယ်ငါလားခါ၊ ဖွဲ့ဒါကြီးလည်း၊ မပြတ်နောက်တော်မှာ၌၊ ချီလားရာပါရမည်၊ အောင်ကျော်ရွှီထွီး၊ သော်တလီသည်၊ ငါ့ဆီလိုက်ရမည်ဟု၊ ဟာမွှက်ထွေဆိုပြီးခါ၊ ပတ္တင်သတ်ကို၊ မြို့တွင်ထားခဲ့ပါ၍၊ မိုးဃ်းပွဲသော်နောက်ခါဝယ်၊ စစ်တွေကျွန်းကို၊ မြို့ကြီးတည်လုပ်လီဟု၊ ပြောဆိုထွေယင်းနောက်မှ၊ သဘော်လှီတွင်၊ ဝန်ဆန်ပျင်၍၊ အလျှင်ချီကြွက၊ မေ့ချစ်စယင်းသောခါ၊ မနီရသည်၊ မင်းကြီး၏အာဏာကြောင့်၊ မွှီးမည်တော်ရွှေနို့သျှင်၊ အလျှင်မွှီးသည်၊ သမီးလှပန်းသွင်နှင့်၊ သားဦးလျှင်ထွန်းအောင်ကျော်၊ ထွန်းပမယ်ကို၊ ဖခင်အောက်မိကာနှင့်၊ နောက်တော်လားပါလီရာ၊ လားလျှင်းပါသော်၊ ထိုမှဝံဘိုဝ၌၊ ဆိုက်ရောက်ကြလီသောအခါ၊ လီသင်းခုန်းသည်၊ မုန်တိုင်းဟာန်ပမာသို့၊ ထလတ်ရာတုံပေငြား၊ ရွှေနို့သျှင်သည်၊ မိခင်ချွေးမများကို၊ အောက်မိငြားတကာကာ၊ တဆတ်ဆတ်သည်၊ မပြတ်လားလီပါ၍၊ ရမ်းပြည့်သာမြို့သာဝယ်၊ များမကြာသည်၊ ယင်းတွင် ဆိုက်ရောက်လီက၊ မာန်အောင်ဝယ်သံတွဲမှာ၊ ဟိသမျှသည်၊ လူကြီးလူငယ်သော်ကား၊ ဝမ်းကြီးသာအားပါးရ၊ လာကြပါသည်၊ သကြိန်ပွဲမကတည့်။ ရိုတုတ်ကွအသွယ်သွယ်၊ ရို့သခင်သည်၊ အသျှင်ထံတော်ဝယ်၌၊ ခယထွေနီကြခါ၊ တန်သည်သူကို၊ ယင်းတွင်ရွှီးစီပါလျှက်၊ ကျွန်းချောင်းမှာအသီသီး၊ သူကြီးအရာ၊ ခန့်အပ်ပါသည်၊ ယင်းမှာဆတ်ခပ်ပြီးလျှင်၊ လွန်ချမ်းငြိမ်းသာယာစွာ၊ လေးမြို့စုံကို၊ ညီအောင်ပြုလျှင်းပါ၍၊ အရှိမှာအင်းဝပြည်၊ သျှင်ဘုရာင်ကို၊ ငါပင်တိုက်ချီမည်ဟု၊ နောက်တော်ဝယ်မြဲမကွာ၊ အောင်ကျော်ရွှီနှင့်၊ ဖွဲ့ဒါလိုက်ရပါအံ့၊ ဟာမွှက်ကာဆို၍ပေ၊ သုံးပင်တိုင်သည်၊ လှီယာဉ်သဘော်ဝယ်၌၊ လက်နက်ထွေပြောင်းဇဝါ၊ သေနပ်များနှင့်၊ ခဲယမ်းပုံးစက္ကာကို၊ စုံအောင်သာယူ၍ပေ၊ မိငုံသတ်သည်၊ ယင်းခါပါလျှင်းလီ၏။ အေသျှိမ်သော်ရာသတ်၊ သျှင်ဘုရင်မှာ၊ မြတ်ရာစီခန့်လွှတ်သည်၊ ဗေတင်တတ်ပုဏ္ဏားတော်၊ နံဒရင်နှင့်၊ အမှာတော်ရွှီးသားသာတည်း၊ နားခံမှာငအုတ်ကေ၊ သားမယားနှင့်၊ မကြွင်းယူလီသည်တည့်၊ ချီတက်မည်တုံသောအခါ၊ မေ့ချစ်စသည်၊ နွမ်းလျစိတ်ဗျာပါနှင့်၊ မွှီးမည်တော်ရွှေနို့သျှင်၊ အိုယိုမစွမ်းနှင့်၊ သားကိုတရုကျင်၍၊ လွမ်းပူပင်တလျှက်ပေ၊ ရောဂါစီး၍၊ မချိဟိလတ်မည်ကို၊ စိတ်တွင်ဝယ်တွက်လျှက်သာ၊ မွှီးမိခင်ကို၊ မမြင်ရခဲ့ပါ၍၊ စီးဖြိုင်ကာမျက်ရည်ကျ၊ စိတ်ဆာဝီသည်၊ လီပွီမုန်တိုင်းထသို့၊ တမ်းရုတအောင့်မိကာ၊ လှီသဘော်တွင်၊ ကျွန်ရို့နောက်တွင်ပါ၏၊ ချီလားရာယင်းကပင်၊ သီတာမြစ်ကို၊ လွှင့်ငြားတက်လားလီသည်၊ ရန်ငုမ်မြို့ရွာသို့လေး။

ရန်ငုမ်မြို့ရွာ၊ ထွက်လားပါသည်ယင်းခါတွင်၊ ကမ်းမမြင်သီတာမှာ၊ လိပ်ကျောက်ငါးမန်း၊ ပွှန်းပွှန်းပေါ်ပြန်လှာက၊ ငါးဆင်သာရောက်လတ်မှ၊ ငါးတောက်သူလည်း၊ ရီတွင်ဖြိုထိုးကြ၏၊ လင်းသျှူကပေါ်ကာကာ၊ ရီမီးကျောင်းလည်း၊ ကိုက်မည်ချည်းသာရှာလျှက်၊ ပြင်သာမှာတဌာန၊ ပတ်ကာဝန်းကာ၊ ရစ်ကြပါသည်။ ထိုမှာလိပ်ငါးမန်းကို၊ ဆောင်းရှားကားပျံရုပ်ဟန်၊ ငါးဒရှည်မှာ၊ ရီတွင်ခုန်လွှားပြန်လျှက်၊ ကဇတ်ဟန်သူ့ဘာသာ၊ ငါးသဘင်ကို၊ ယင်းတွင်မြင်ရပါ၏၊ ဝေဘူမှာစိုက်ကာမျော၊ တင်းကျိန်ငယ်လည်း၊ ရီတွင်ငုတ်ကာစားလျှက်၊ ဇင်ယော်ကနားပင်းသာ၊ မြစ်လယ်ကြောဝယ်၊ သောသောပျံဝဲကာနှင့်၊ ကြိုးကြာမှာတဌာန၊ အခြီစင်းစင်း၊ လိုင်ကြင်းကြင်းနှင့်၊ ခုန်ဆင်းခုန်ဆင်း၏၊ ရီငှက်မဟာသ်မှာ၊ မောင်နှံနှစ်ပါး၊ တူစုံလား၍၊

တောင်ဖျားယှက်ခြုံကာနှင့်၊ အစာသာခွန့်ကြွလျှက်၊ လိုင်ချင်းယှက်တင်၊ မြူးပျော်ရွှင်သည်၊ ရီတွင်သဘင်ငှက်ရို့ကို၊ မေ့ချစ်သက်မြင်သောခါ၊ သားဦမိခင်၊ ငယ်ကျွမ်းဝင်သည်၊ ယင်းတွင်မမြင်လှာတည်း။ မြစ်သီတာလွှင့်ကာလား၊ ဖီးဖိုးစိုင်လာ၊ ရံခါမရောက်ငြားဘဲ၊ တလိုင်းများတိုင်းပြည်သာ၊ ရန်ကုန်မြို့တွင်၊ လျှင်စွာရောက်လီပါက၊ သူ့ပြည်ရွာဌာနဝယ်၊ ရီလည်းမတူ၊ စားမူရွှံ့ရှာဖွယ်ကြောင့်၊ ကျွန်နောက်ဝယ်ပါသူများ၊ စာကိုင်ခေါ်ထွေ၊ နားပေါက်ကယ်နှင့်၊ ဖောင်ရှိမှာခိုင်းစသာ၊ တိုက်စိုးကားတိုးအောင်ကြွယ်၊ အိုးဖောက်ကယ်သာ၊ စံရှိဖော်နှင့်၊ တွင်ခေါ်ကြွင်းယေတည်း၊ ကုလားဝယ်မုန်သီးသာ၊ ဖွဲ့ဒါကြီးမှာ၊ ယောက်ဖတော်တုံပါလျှက်၊ ကာလနာလိုက်၍ပေ၊ တနိတည်းမှာ၊ ကျင်းကျင်းစုတေ့သီ၏၊ အစံယေပျာဒါကား၊ လမ်းလားရာမှာ၊ ခန္ဓာစုတေ့ငြားလျှက်၊ ခေါ်တွင်ထားလူတကာ၊ ကျီးပင်းရှည်မှာ၊ အကယ်ကျွန်းအုပ်သော်ကား၊ (------)၊ ဒလဖက်မှာ၊ ဟိသည်တလိုင်းစုဝယ်၊ ရွှင်ပျော်မြူးစားကာကာ၊ လင်နှင့်မယား၊ သမီးသားသည်၊ ပျော်ပါးနီခြင်းရာကို၊ မျှော်ချေမိတုံကာဝယ်၊ ပန်းသွင်မိခင်၊ ငယ်ကျွန်းဝင်နှင့်၊ နို့သျှင်ချွေးမငယ်ကို၊ အောင့်မိချေတုံသောခါ၊ ကိုယ်တွင်အသက်၊ ထိပ်သို့တက်၍၊ ဇောသွီးပြန်လတ်ပါလျှက်၊ ကာလနာယှဉ်း၍ပေ၊ အသက်လိပ်ပြာ၊ သူ့ခန္ဓာသည်၊ ယင်းခါထွက်လုဖွယ်တည့်၊ ဖြစ်လတ်ပေတုံသောအခါ၊ အနိစ္စနှင့်ဘုရားသာမပါဟု၊ တိုင်တန်းကာကိုးကွယ်မူ၊ ဖီးခပ်သိမ်းသည်၊ ပျောက်ငြိမ်းချင်းချင်းကုန်က၊ မြို့ရန်ငုမ်ရပ်ကိုဝယ်၊ ပါယ်ယှော်ခ၍၊ ချီတက်လားကြလီသည်၊ အင်းဝမြို့တော်သို့လေး။

အင်းဝမြို့တော်၊ တက်လားပါသည်ယင်းခါလျှင်၊ လက်ဝဲတွင်ဒလပေ၊ သရက်တပင်၊ ထိပ်ဝတွင်၌၊ လျှင်လျှင်ဆိုက်ရောက်လီက၊ ကြွချီတက်လီသောခါ၊ လက်ယာနားမှာ၊ ရန်ကင်းစံရာသာတည်း၊ ခေါ်တွင်ကာခနေ့ဖြူ၊ ပါယ်ယှော်၍ချီကြွလားလီမူကား၊ လက်ဝဲတွင်ဟသ်တ၊ ထို့နောက်ပံ့အောင်၊ ပါယ်ယှော်ဆန်တက်လား၍၊ လက်ယာနားကမ်းဝဝယ်၊ ညောင်ဇရဲဟန်၊ နာမရန်နှင့်၊ ရွှေတောင်မြို့ရောက်လီ၍၊ လက်ဝဲနီမြစ်နားမှာ၊ ပုတောင်းမြို့ကို၊ လျှင်စောရောက်လီပါက၊ တလိုင်းသာသျှမ်းအောက်သား၊ ကုတ်ကာရှုတ်ကာ၊ ပုန်း၍လာသည်၊ ညဉ့်ခါသူခိုးလားသို့၊ လမ်းစပ်ကြားခရီးမှာ၊ ခိုးလျှက်သတ်မည်၊ ဒရပ်လာတုံပါက၊ ချောင်းမြောင်းတောင်ကြား၊ သီပျောက်များသည်၊ ရွံ့ငြားမရပါတည်း၊ ထွက်၍လျှင်ပြီးလီခါ၊ ရို့သခင်သည်၊ လျှင်လျှင်ချီတက်လာလျှက်၊ ပြည်မြို့သာရောက်လီက၊ ကိုးသောင်းဗိုလ်နှင့်၊ ယင်းတွင်တွိကြကုန်၏၊ ခေါ်တွင်ထလူတကာ၊ ကြက်တောင်ဗိုလ်ဟု၊ နာမဟိုးဟိုးကျော်လျှက်၊ ဇော်နေသာကမ်ရိသတ်၊ ဗိုလ်ချုပ်ကြီးနှင့်၊ တိုင်ပင်ပြောဟောကြပ်လျှက်၊ နှုတ်ကွမ်းဆက်နီသောခါ၊ မျက်မှန်ဗိုလ်ဟု၊ နာမည်ကျော်ဇောပါ၏၊ မေဇော်သာဇောသျှိန်သတ်၊ တပ်ဦးဗိုလ်လည်း၊ ယင်းတွင်ရောက်ပြန်လတ်က၊ စားသောက်ကြအလှီလှီ၊ ပျော်မှုဆင်၍၊ ယင်းမှာနီကြပေသည်၊ ပြည်မြို့ရပ်ဝယ်တည့်လေး။

ပြည်မြို့ရပ်မှာ၊ နီကြပါသည်ယင်းခါတွင်၊ တလိုင်းလျှင်သျှမ်းအောက်သား၊ မိမ္မဗိုလ်သည်၊ ယင်းတွင်ရောက်လာငြား၍၊ ပြည်မြို့ပါးအနီးမှာ၊ ရသေ့မြို့တွင်၊ တပ်မူစွဲငြားလာလျှက်၊ လက်ဝဲမှာနဝင်းတပ်၊ ဝက်ထီးကန်ဝယ်၊ မှန်စွာတပ်ကြီးရပ်၏၊ ကမ်းပါးစပ်မြစ်နားမှာ၊ ဖိုးဦးတောင်သည်၊ မြင့်ခေါင်အထွတ်ချာ၌၊ တပ်တောင်တာစွဲကာပေ၊ မြေထဲမြို့မှာ၊ တတပ်တည်လျှက်နီ၏၊ ကခုန်သည်တသောသော၊ ဟစ်မောင်းကြော်၍၊ သံဝါခြိမ့်သဲအော်လျှက်၊

အမှားမှားအောက်သားမှာ၊ ကောင်းမည်ထင်လျှက်၊ ယင်းတွင်နီကြပါသည်၊ ကိုးသောင်းသာဗိုလ်ချုပ်ကြီး၊ တပ်ဦးဗိုလ်ကို၊ ယင်းတွင်အာဏာပေး၏၊ မြို့အနီးသျှမ်းတပ်ကို၊ လက်ဝဲကြောင်းသာ၊ တပ်ဦးချီလီဆိုလျှက်၊ လက်ယာကိုင်ါတက်မည်၊ မြင်းစီးများမှာ၊ တောကပုန်း၍နီလေ့၊ ပြောကြပြီးတုံသောခါ၊ ရဲမက်များနှင့်၊ လျှင်စောချီတက်ပါ၍၊ တပိုကျော်နီထွက်ဝယ်၊ သျှမ်းတပ်ကြီးကို၊ နင်းလျှက်တိုက်ကြလီက၊ ဂူရာသည်စာဖာအိတ်၊ မြင်းစီးများသာ၊ ခွတ်ကြပါသည်၊ လယ်မှာစပါးရိတ်သို့၊ သျှမ်းမကြီးဗိုလ်လုပ်သူ၊ မိသျှင်သဲသည်၊ နိစ္စခန္ဓာကုန်၏၊ နီဝင်မူတပ်ရို့မှာ၊ အောက်သားမိုက်သည်၊ ပြီး၍မလွတ်ပါတည်း။ ရဲမက်တော်ဂူရာများ၊ အသွယ်သွယ်သည်၊ ရှာဖွေတိုက်သတ်ငြားက၊ ဝက်ထီးနားတပ်ထဲနီ၊ အောက်သားမိုက်သည်၊ ကျင်းကျင်းမြုတ်လျှက်သီ၏၊ မိုးဦးဝယ်တောင်ထိပ်မှာ၊ ဗုံးစက္ကာကို၊ ဆင့်ကာလွှတ်လိုက်ပါက၊ ပြီးယှောင်ကာပုန်းမလွတ်၊ တောင်ကြားချောက်မြောင်၊ နှံ့အောင်ဖြန့်လျှက်သတ်၏၊ မြေထဲရပ်တပ်ကိုပေ၊ ဂူရာများသည်၊ ပြီးလွှားတိုက်ကတ်လီက၊ ကြောက်ဝှန်သည်မခံချိ၊ တပ်လုံးသူသည်၊ အလျှင်ထွက်ပျာပြီး၏၊ ရန်တစိမပေါ်လှာ၊ တပ်အများကို၊ လျှင်စောနိုင်နင်းပါသည်၊ ဘုန်းတော်အကြောင်းနှင့်လေး။

အကြောင်းဘုန်းတော်၊ နိုင်နင်းပါသည်ယင်းခါလျှင်၊ ပြည်မြို့တွင်စေတီကြီး၊ ရွှေဆံတော်ကို၊ ယင်းမှာပူဇော်ပြီးမှ၊ အသီးသီးချီကြခါ၊ မီးသင်္ဘောသည်၊ ရီကြောင်းဆန်တက်ပါ၏၊ ကုန်းကြောင်းမှာတစလား၊ နဲ့ပြီခရာ၊ ဗောမှုတ်ပါသည်၊ ပတ်သာအငြိမ့်များနှင့်၊ ဆင်မြင်းကား ရထားသာ၊ အနန္တသည်၊ ရွှိတွက်မရပါတည်း။ သူရဲတော်သိန်းကုဋေ၊ လေးပါးစစ်အင်၊ မွန်းဖျင်ပြည်ထဲချီ၏၊ လားကြလီတုံသောခါ၊ ကာမမြို့ကို၊ လက်ဝဲထားခဲ့ပါလျှက်၊ လက်ယာမှာ ဆင်ပေါင်ဝဲ၊ သရက်မြို့သာ၊ လက်ဝဲမှာကို၊ ပါယ်ခွာယှောင်ထားခဲ့လျှက်၊ တသဲသဲချီတက်ခါ၊ ပဌနဂို၊ တွင်ဆိုမြို့ရောက်ပါက၊ ဆိုင်းရပ်ကာတပ်ကြီးချ၊ များဗိုလ်ပါသည်၊ ယင်းမှာစုရုံးကြ၏၊ နောက်ဖက်ကမြစ်နားမှာ၊ မလွန်မြို့ဝယ်၊ အောက်သားတပ်ဟိပါလျှက်၊ ပခင်းသာမင်းမြတ်ဖူး၊ ပသချင်လျှင်၊ သျှင်ဘုရင်မှာ၊ ညီတော်အထွီးဆုံးတည်း၊ ဗိုလ်မှူးကြီးယင်းတပ်မှာ၊ ကျီဝန်မင်းကို၊ အကြီးပြုပါလျှက်၊ ကောလင်းသာမင်းကြီးပေ၊ တပ်မှူးရာကို၊ ယင်းတွင်ပြုလုပ်သည်တည့်။ အာသံဝယ်တိုက်ချီသူ၊ သီလဝသည်၊ စစ်ကဲပြုရတုံလျှက်၊ နားခံမူယင်းသောခါ၊ ဇေတဗိုလ်သည်၊ မှန်မှန်ပြုလုပ်ပါ၏၊ စကားသာပြန်တတ်ငြား၊ ဒါဝိုက်ကေကို၊ အမှန်တည့်တည့်ထားလျှက်၊ သူရဲကားယင်းတွင်သာ၊ တပ်သုံးတပ်မှာ၊ ငါးသောင်းလောက်ဟိပါ၏၊ နီကြခါတုံပေ၊ မလွန်တပ်ကို၊ နင်း၍တိုက်ယူမည်ဟု၊ ကြံကြသည်တခါတွင်၊ မင်းမြတ်ဖူးက၊ တမန်စီလွှတ်ကျင်၏၊ တပ်ကိုလျှင်ဆိုင်းရပ်ပါ၊ အမီးပုစ္ဆာ၊ ပြဿနာကို၊ ပြီးအောင်ဖြေကြပါအံ့။ ပြောတုံလာသောခါပေ၊ မြစ်လယ်ကြောတွင်၊ လှီဖောင်ဖွဲ့လုပ်နီ၏၊ အောက်သားဝယ်ကျီဝန်ကြီး၊ ကောလင်းမင်းသား၊ လျှင်စောလာတုံငြားက၊ ဗိုလ်ချုပ်ကြီး ကြက်တောင်ဖန်၊ ရာပသိန်သတ်၊ မင်းမြတ်လားမည်ကြံက၊ ကြည့်မျက်မှန်တပ်ဦးကို၊ ဇောသျှိန်းသတ်သည်၊ နောက်ထပ်လိုက်မည်ဆို၍၊ သုံးပါးဗိုလ်ပေါင်းပြီးခါ၊ မြစ်လယ်ဖောင်မှာ၊ လျှင်အောင်လားလီပါလျှက်၊ နှစ်ဖက်သာမင်းစပ်ကြား၊ ဒါဝိုက်ကေသည်၊ ထိုဝယ်ပြန်၍ပြော၏၊ မြန်မာများကူး၍ပေ၊ ငတ်မော်ရပ်က၊ အထက်ဖမ်းယူလီသည်၊ ရဲမက်ငယ်စဖာအိတ်၊ အမိရိကာ၊ ထိုမှာအင်္ဂလိပ်ကို၊ ယူဆောင်ပြီးပီးပါမည်၊ ဆယ့်ငါးရက်နှင့်၊ လိုသည်စရစ်ကို၊ ပြေလည်အောင်ပီးဆက်က၊ ရန်ကုန်မြို့သို့လျှင်၊ လျှင်စောဆုတ်လားကြလေ့၊ ကျုပ်တို့ကားနောင်တခါ၊ ခိုက်ရန်များမပြုလုပ်ပါဟု၊ ပြောဆိုရာနှစ်ဖက်သား၊ လက်ဝါးရိုက်ကာ၊

စာချုပ်ပါလျှက်၊ မှန်စွာကတိထား၍၊ ပုဏ္ဏားကားဆရာတော်၊ နံဒရင်မှာ၊ အမှာတော်ရှီးသာတည်း။ နားခံမှာငအုပ်ကော၊ အကုန်သူကို၊ ယင်းတွင်လွှတ်လိုက်ပေလျှက်၊ များဗိုလ်ခြီရဲမက်တော်၊ ဆယ့်ငါးရက်ကို၊ ဆိုင်းငံစောင့်နီပါသည်၊ ဥစ္စာကတိနှင့်လေး။

ကတိသစ္စာ၊ စောင့်နီပါသည်ယင်းခါတွင်၊ (ပီပျောက်)

ဆင်မြင်းသာလူသူက၊ တချက်မှန်သော်၊ ဧကန်မရဏာတည်း၊ မီးကျည်ကားလက်နက်တော်၊ တချက်ပစ်သော်၊ ထွတ်ဖျားထက်အာကာသို့၊ ပျံဝဲကာတက်လီငြား၊ သက်လတ်ပါသော်၊ တပ်မှာမြီခေါင်းများ၌၊ ရှာတုံငြားမွှီ၍သာ၊ သတ်လတ်ငြားသည်၊ လူ၏ဟန်ပမာသို့၊ ဂူရာသာရဲမက်ကား၊ ဇေရာဝတီ၊ ခေါ်သည်ထိုမြစ်ဖျားကို၊ ကူးလားငြားလိုက်၍ပေ၊ အောက်သားတပ်ကို၊ ဝင်လျှက်ခွတ်ကတ်လီ၏၊ ညီတော်သည်မင်းမြဖုံး၊ ကျီဝန်ကြီးသာ၊ ထိုခါတောမှာပုန်း၍၊ တပ်ပြတ်လုံးအောက်သားမှာ၊ ကိုးကွယ်မရ၊ လွန်ကြောက်လှ၍၊ လျှင်စောပြီးလီပါက၊ တိုက်ကြရာတခဏ၊ သုံးတပ်စုံကို၊ လွယ်ကူချက်ချင်းရ၏။ ချီတက်လားကြလီခါ၊ မကွေးမြို့တွင်၊ လျှင်ပြင်းရောက်လီသော်ကား၊ နောက်တော်ပါဖွဲ့ဒါကြီး၊ အသောင်းဒူလာ၊ ထိုမှာရောဂါစီး၍၊ မချီယင်းမြို့တွင်၊ မရဏာသည်၊ နိစ္စရောက်လီကျင်၏။ လားလီလျှင်ဝက်မစွတ်၊ ရေနံချောင်းကို၊ ပါယ်ခွာချီတက်လတ်မှ၊ လက်ယာမှာစလေမြို့၊ လက်ဝဲဖက်ကမ်း၊ ဆင်ဖြူကျွန်းနှင့်၊ ကျားဗင်းဆိပ်ကမ်းရို့က၊ တသောင်းလောက် အောက်သားလျှင်၊ စလင်းမြို့တွင်၊ တပ်နှင့်စောင့်နီကျင်လျှက်၊ ယင်းရပ်တွင်ဗိုလ်ချုပ်မူ၊ မိဖုရားမှာ၊ မောင်ရင်းတော်သည်ဟူ၏။ ဇာတိမူထောင်မှူးသား၊ ယောက်ဖတော်ကို၊ သခင်ကြီးဘုရားဟု၊ နာမည်ကားမောင်အိုသာ၊ အောက်သားမိုက်သည်၊ မိမ္မဟန်ပမာသို့၊ သတင်းသာကြားကာမျှ၊ စစ်မရောက်ခင်၊ အလျှင်ထွက်ပြီးကြ၏။ နှမနှင့်ယောက်ဖသာ၊ ထံရင်းတော်ပါး၊ ရောက်လီငြားသော်၊ ကြောင်းလျားလျှောက်ခြင်းရာကား၊ ယှိုက်မက်ကာငို၍ပေ၊ ပြူးတူးကြွက်တက်၊ အောင့်လျှက်ထိုသည်နှယ်သို့၊ တုန်လှုပ်ကာစီးယိုကျ၊ ရှုံ့တွမျက်နှာ၊ ပြောလတ်ပါသည်၊ လျှင်စွာပြီးလီတော့လား၊ တိုက်သတ်ကြဆိုင်သောခါ၊ ပြီးမလွတ်ဘဲ၊ မချွတ်သီမည်သာဟု၊ တိုးတိုးသာချပ်ချပ်ပြော၊ ချီးယိုပါသည်၊ အောက်ပေါ်ဒေါ်လျားများ၏။ လူးလဲငြားဝမ်းခဲကွန်၊ ခုချက်ချင်းသည်၊ ကာလနာလိုက်သည့်ဟန်သို့၊ ပြုလုပ်ပြန်ဥပါယ်သာ၊ ကြောက်ဝှန်ကြီး၍၊ ယင်းမှာနီလျှင်းပါသည်၊ နှမထံမှာတည့်လေး။

နှမထံမှာ၊ နီလီပါသည်ယင်းခါလျှင်၊ ချီတက်ကျင်လားလီငြား၊ လက်ယာဖက်မှာ၊ အနန္ဒာဘုရားတည်း။ လက်ဝဲနားကမ်းစမှာ၊ တင်းကျီတောင်ဟု၊ ခေါ်ဆောင်ဘုရားသာတည်း၊ လက်ယာမှာပုဂံမြို့၊ ဆိုက်ရောက်သောခါ၊ ယင်းမှာအောက်သားရို့က၊ ဘုန်းတော်တိုးအာမခံ၊ ငွေခွက်စွဲ၍၊ တပ်စွဲလျှက်နီပြန်၏။ ဂူရာပျံရဲမက်တော်၊ မြင်းစီးများသည်၊ လိုက်၍တိုက်ကြပါက၊ တသောင်းကျော်လူမက၊ သီပျက်ပါသည်၊ မြန်မာအောက်သားကတည်း။ ထွက်ပြီးကြလီသောခါ၊ ညောင်ဦးမြို့တွင်၊ လျှင်စောရောက်လီပါက၊ လက်ဝဲမှာမြစ်ဆိပ်ကမ်း၊ ပုခန်းကြီးခေါ်၊ မြို့ကိုသာလျှင်၊ ပါယ်ကာချီလားဘိက၊ အောက်သားလျှင်သီလဝ၊ ကူး၍လာကာ၊ ပြောဆိုလာသည်၊ မြင်းသာပြိုင်ကတ်စွဟု၊ အရှိကမြင်းကိုသာ၊ စိုင်း၍ပြီးသော်၊ ငှက်သွင်လျှင်လှပါ၏။ အနောက်မှာမြင်းတို့ဝယ်၊ ပြီးမလျှင်သည်၊ နောက်ဖင်ကားရားနီ၏။

ထိုခါထွေတုံပေက၊ မျက်မှန်ဗိုလ်သည်၊ ယင်းတွင်မာန်ကြီးထလျှက်၊ ခုလျှင်စောမြင်းယူခီ၊ ပြိုင်၍ယှုံးသော်၊ မြင်းကိုယူကြမည်ဟု၊ လက်ဝါးသည်ရိုက်ပြီးမှ၊ ငါးစီးမြင်းကို၊ အောက်သားမှာယူကြလျှက်၊ သူရို့ကမြင်းစီးသာ၊ ကသည်းမျိုးကို၊ အစီးအပ်လျှင်းပါ၏။ ယင်းသောခါမျက်မှန်ဗိုလ်၊ အိမ်ရာဇီသည်၊ ကတ်တင်ဖလောင်းပျိုကို၊ ခေါ်၍ဆိုမြင်းအပ်ကာ၊ နှစ်ပါးစုံသည်၊ အတူရပ်ကြပါက၊ သိန်းဗိုလ်ပါလူသူများ၊ ရှုကြည့်ရာသည်၊ သဘင်ပွဲအလားတည်း။ မြင်းနှစ်ပါးစိုင်းကြခါ၊ အိမ်ရာဇီသည်၊ အသျှင်မြင်းတုံသော်ကား၊ ထက်အာကာငှက်ပျံဟန်၊ အောက်သားမြင်းသည်၊ နွားလား၏သဏ္ဍာန်သို့၊ ပြောင်းကာပြန်နောက်ကသာ၊ သုံးခါစိုင်းသော်၊ တချက်မမှီပါတည်း။ တစီးသာယှုံးတုံက၊ နောက်ထပ်ပါသည်၊ ထိုခါတစီးပြ၏။ စိုင်းပြန်ကြလီသောခါ၊ သုံးခေါက်လုံးကို၊ တချက်မနိုင်ပါတည်း။ သောင်းသောင်းကြော် လက်ခုပ်ခတ်၊ ယှုံးသည့်မြင်းကို၊ သိမ်း၍ယူတုံလတ်က၊ အောက်သားသွတ်အရှူးသာ၊ သီလဝသည်၊ ရှက်၍ပြန်လားပါလျှက်၊ စာချုပ်ရာကတိရက်၊ စိရောက်သောခါ၊ ငွေတော်မပီးဆက်၍၊ ကြန့်ကြာလျှက်ကျူးလွန်ခါ၊ ရာပသိန်သတ်၊ မင်းမြတ်ရွှေနူတ်ဝါနှင့်၊ အောက်သားသာ သျှမ်းမိုက်များ၊ ကတိမမှန်၊ လင်းပြန်လူပျက်သားကို၊ တပ်ဦးကမျက်မှန်ဗိုလ်၊ (----)၊ အောင်ကျော်ရှိလည်း၊ ယင်းမှာလားခီဆိုလျှက်၊ ကိုးသောင်းဗိုလ်ကြက်တောင်ဖံ၊ ရဲမက်များနှင့်၊ အသင့်စောင့်နီပြန်ဟု၊ ချလတ်ဟန်တုံသောခါ၊ မျက်မှန်ဗိုလ်နှင့်၊ အကျွန်ရို့အလုံးသော်ကား၊ လားကြရာတုံကပေ၊ မလွန်တပ်မှာ၊ လျှင်စောရောက်လီသည်တည်း။ အောက်သားဝယ်ကျီဝန်ကြီး၊ ကောလင်းမင်းကို၊ အယင်စကားမီး၏။ ထက်ကတိစာချုပ်မှာ၊ ပါသရိကို၊ အခုပီးအပ်ပါလော့။ မပီးသော်နက်ဖန်ဝယ်၊ နီတပိုတွင်၊ အမှန်တိုက်လာမည်တည်း။ ပြောဆိုပေတုံသောခါ၊ ကျီဝန်မင်းသည်၊ ချက်ချင်းတုန်လှုပ်ပါ၍၊ ကြောက်ဝှန်ကာမခံချိ၊ ငါးရက်ဆီကို၊ ငံ့တော်ပြုပါဖိလော့။ ထက်ကတိ ဟိတိုင်းကို၊ ပြည့်စုံအောင်သည်၊ ကျွန်တို့ပီးမည်ဆိုက၊ မနာလိုငြင်း၍သာ၊ မျက်မှန်ဗိုလ်နှင့်အကျွန်ရို့ပြန်လာလျှက်၊ လျှောက်ကြလှာသောခါဝယ်၊ နက်ဖန်ရက်မှာ၊ လျှင်စောတိုက်ကြမည်ဟု၊ လက်နက်ဝယ်ဗုံးစကြာ၊ မီးကျည်တန်းနှင့်၊ ရဲမက်များဗိုလ်ပါကို၊ အသင့်သာစီမံ၍၊ ထားလျှင်းပါသည်၊ တိုက်မည်အမှန်တည့်လေး။

တိုက်မည်မှန်စွာ၊ မိုးသောက်ပါ၍ယင်းခါတွင်၊ တပိုလျှင်နီတက်ခါ၊ ဗုံးလက်နက်ကို၊ တချက်လွှတ်လိုက်ပါက၊ ထက်အာကာဝတိန်၌၊ ဝရဇိန်အဟိန်၊ မိုးကြိုးထစ်သို့၊ ကျတုံလစ် ယင်းတပ်မှာ၊ လယ်စပါးကို၊ ကြဲ၍ပစ်ခြင်းရာသို့၊ (ပီပျောက်)

## (ရန်တပိုစာချုပ်အကြောင်း)

ချင်းတွင်းမြစ်တွိခါ၊ လက်ယာနားမှာ၊ တရုတ်မြို့ဟိပါ၏။ ချီတက်သော်တုံကပေ၊ ရန်တပိုမှာ၊ လျှင်စွာဆိုက်ရောက်လီက၊ ယင်းတွင်သာတပ်မချ၊ မျက်မှန်ဗိုလ်မှာ၊ လျှင်စွာချီတက်ကြွလျှက်၊ နီကြပေတုံသောခါ၊ သျှင်ဘုရင်မှာ၊ ကျွန်ရင်းအမတ်သော်ကား၊ လယ်ကိုင်းသားမြို့စားပေ၊ မင်းကြီးမဟာ၊ မင်းလှသာလျှင်၊ ကျော်ထင်ဘွဲ့နာမည်တည်း။ အတွင်းဝယ်ဝန်ကြီးသာ၊ ရွှေခွန်ဝန်မှာ၊ နာမည်ဘွဲ့တုံသော်လည်း၊ မင်းမဟာမင်းလှပေ၊ သီဟသူဟု၊ ယင်းမှာ ခေါ်ကြသည်တည်း။ နန်းတော်ဝယ်၊ မောင်ရှင်သာသံတော်ဆင့်လည်း၊ ယင်းခါပါလျှင်းပါ၏။ ဆရာတော်ပါဒလီ၊ ဇိန်သတ်ကိုပေ၊ ရှိနီပြုလုပ်ပြီးလျှက်၊ ခေါ်ယူပြီးလာ၍သာ၊ မလွန်တပ်ဝယ်၊

အထက်စာချုပ်ပါကို၊ ဂုယူပါပြော၍ပေ၊ ရွှေငွေဒ်ဂါး၊ အများလက်ဆောင်ဝယ်နှင့်၊ ဖမ်းလီသည် ဆာဖာအိပ်၊ အမိရိကာ၊ မှန်စွာအင်္ဂလိပ်ကို၊ အပ်ဆက်ပြီးပီးမှသာ၊ နှစ်ဖက်သားသည်၊ လက်ဝါးရိုက်ပြီးခါမှ၊ စာချုပ်ပါကြလတ်သည်။ အက္ကဗတ်ထို၊ ဝေသာလီနှင့်၊ အာသံမြို့လျှင်ပေတည်း။ မဏိပူရမှာ၊ ရှိမင်းဟောင်းသည်၊ ဂဘိရသျှိန်သော်လည်း၊ ပြန်လျှက်သာ မင်းပြုက၊ သျှင်ဘုရင်မှာ၊ ခိုက်ရန်မရှာရတည်း။ ထားဝယ်နှင့်ရဲမြို့ဝယ်၊ တနင်္သာရီ၊ ခေါ်သည်ဗိတ်မြို့ဝယ်နှင့်၊ သံရှင်ဝယ်မြစ်ကိုမူ၊ နယ်ခြား၍သာ၊ ပိုင်လျှက်ယူကြတုံအံ့။ ရခိုင်ဟူမြို့ခြေ၊ ဒွါရာဝတီ၊ ခေါ်သည်သံတွဲစသား၊ ရမ်းပြည့်နှင့်မာန်အောင်သာ၊ ဆယ့်နှစ်မြို့ကို၊ ပိုင်ခြားသိမ်းယူပါအံ့။ ကျန်ကြွင်းရာမြို့ကိုပေ၊ သျှင်ဘုရင်ကို၊ ငါရို့ပီးခမည်တည်း။ စရစ်ငွေအတွက်မှာ၊ တကုဋိကို၊ အမှန်ပီးရပါအံ့။ လေးပုံသာတပုံကား၊ ရန်တပိုဝယ်၊ ခုပင်ပီးအပ်လော့ဟု၊ တပုံကားရန်ငုမ်မှာ၊ အဂုနိက၊ ရက်ပေါင်းရှိတရာတွင်၊ ပီးတုံကျင်သောခါဝယ်၊ တနှစ်တွင်းမှာ၊ တပုံသွင်းရမည်တည်း။ တပုံငွေနောက်ပီးက၊ ရန်ပုန္ဓာကို၊ နောင်မရှာရဟု၊ နှစ်ဖက်ကမင်းရို့သာ၊ ကတိထား၍၊ ယင်းမှာပြောကြပါသည်၊ တပ်မဟိရာတည့်လေ။

တပ်မဟိရာ၊ ပြောကြပါသည်ယင်းခါတွင်၊ ခွဲဝိကျင်လီကြခါ၊ ရခိုင်တိုင်းပြည်၊ သံတွဲနယ်ကို၊ ခေါ်ထွေလူတကာရို့၊ တောင်ခွင်သာမော်ရုံထိ၊ ရခိုင်မင်းသာတည်လုပ်ပါသည်၊ မဟာစေတီကြီးကို၊ မသိမကြားကွန်၊ လယ်ကိုင်စားနှင့်၊ ကျီဝန်ရို့ပြောကြပြန်၏။ ပုသိမ်ဝန်စီရင်စု၊ သံတွဲနယ်သည်၊ အကယ်ပင်မဟုတ်တည်း။ မပီးအပ်ပါ၊ ငြင်းခုံလတ်သော်၊ ကျွန်ုပ်ပြောလျှင်းပါ၏။ လေးဆယ်သာ ခြောက်ခုက၊ ရခိုင်ပြည်ကို၊ အောက်သားပိုင်လှာလည်း၊ ပုသိမ်ကမရပါ၊ စေတီကြီးလည်း၊ ရခိုင်မင်းရာဇာက၊ တည်လုပ်ပါသည်၊ နယ်နမိတ်ဖြစ်ခြင်းဟန်ကို၊ အကျွန်ပြောလတ်ပါ၏။ စေတီထိနယ်ကိုပေ၊ ရခိုင်ပြည်က၊ အပိုင်ရလျှင်းစီတည်း။ အရှိပြည်အင်းဝမှာ၊ စဖာအိပ်သည်၊ သူရဲငါးကျိတ်ကျော်နှင့်၊ ကတ်တင်သာအိမ်ရာဇီ၊ ဗိုလ်တယောက်လည်း၊ စောင့်၍နီအံ့။ ကုမ္ပဏီမြို့တော်မှာ၊ ထားလိုက်ငြားသော်၊ အောက်သား ငါးကျိတ်ကျော်ကို၊ မပြတ်သာစောင့်နီလီ၊ စစ်ရန်များကို၊ မပြုလုပ်စီဟု၊ သက္ကရာဇ်သည် တထောင်ဖြစ်၊ တရာ့သျှစ်ဆယ်၊ ခုနှစ်ကယ်က၊ တပေါင်းလပြည့်ကျော် (၄) ရက်နိသည်၊ တပိုအချိန်မှာဝယ်၊ နှစ်ဖက်ကားမင်းများပေ၊ စာချုပ်ထား၍၊ လက်မှတ်ချကြသည်တည်း။ ဘာသာဝယ်သူ့စရိုက်၊ ပြောင်းဇဝါကို၊ ထိုခါသံဆင့်ပစ်လျှက်၊ လက်နက်၌ဗုံးစကြာ၊ မီးကျည့်တန်းကို၊ အာကာမြောက်လိုက်ပါ၍၊ ကျူးရစ်ကာပစ်တုံငြား၊ ထိန့်ထိန့်ဆူသည်၊ ဇမ္ဗူကျွန်းလုံးကြားမျှ၊ ပျော်ရွှင်ငြားအောင်ပွဲသာ၊ ဗင်တုတ်ရုတ်မှာ၊ ကတ်တင်ဗိုလ်မင်းသော်ကား၊ ခေါ်တွင်ကာသူ့နာမ၊ လောဗောသျှိန်တိန် အိမ်ရာဇီကို၊ ယင်းခါစီလွှတ်ကလည်း၊ ကတ်တင်နှင့် နှစ်ယောက်သာ၊ အင်းဝမြို့မှာ၊ လျှင်စောရောက်လီပါ၏။ နန်းတော်သာရောက်လီက၊ သျှင်ဘုရင်မှာ၊ နီရာတိုင်းကြီးမ၌၊ တံဆိပ်နှင့်ခတ်နှိပ်ပြီးခါ၊ အပိုင်ခံ၍၊ လျှင်စွာပြန်လျှက်လာသည်၊ တပ်မဟိရာသို့လေ။

တပ်မဟိရာ၊ ပြန်လျှက်လာ၍ရောက်ခါလျှင်၊ ဝမ်းသာရွှင်ပျော်ပါးကာ၊ ရာပသိမ်သတ်၊ မင်းမြတ်နှုတ်ရွှေဝါနှင့်၊ များဗိုလ်ပါရဲမက်ကား၊ ဂုလျှင်စွာသည်၊ ပြန်ကာဆုတ်၍လားလော့၊ ချဆိုငြားတုံသောခါ၊ ဗိုလ်လုံးသားသည်၊ ပြန်လျှက်ဆုတ်လီပါ၍၊ ပုဂံသာရောက်ပြီးက၊ ရွှေစည်းခုံသည်၊ သျှင်ပင်စေတီမကို၊ ပူဇော်ကြလီသောခါ၊ အောက်သားမသည်၊

ရှုကြကြည့်တုံလှာ၏။ မြင်ခီသော်ရွှံ့ဖွယ်တိ၊ အခြီစင်းစင်း၊ လက်ကျင်းကျင်းသည်၊ ဝတ်ခြင်းပင်ရင်မစိတည်း။ မွီးသည်မိအသရီ၊ ပြင်ကိုထုတ်လျှက်၊ မရှက်ပြနီ၏။ လက်ယာခြီ ဒူးဆစ်မှာ၊ ခြည်မျှင်မဲကို၊ ပတ်၍ချိုင်ထားပါလျှက်၊ သားမြွတ်မှာချက်ရှိထိ၊ အသားမဲမဲ၊ သွားကြဲကြဲသည်၊ ဂေါင်းလည်းခပိပိနှင့်၊ မျက်စိလည်းပြူးတူးသာ၊ ဆံကိုဖြတ်၍၊ မျက်နှာဖုံးထားပါလျှက်၊ ရှုးခြင်းရာဟန်မပြား၊ တချက်မြင်သော်၊ ကြောက်ချင်ဖွယ်များခဲ့၊ မောင့်သက်ထားမျိုးအိမ်သူ၊ နို့သျှင်ချွေးမ၊ သက်လုံးမျှကို၊ စိတ်ဖြင့်နိုင်းယှဉ်သော်ဖက်မမျှ၊ မြော်မြင်သသူ၊ စိတ်ဝမ်းပူသည်၊ နတ်ဘုံသူမကတည်း။ ယင်းဌာနသူ့ရပ်မှာ၊ တပေါင်းမင်းလွင်၊ ရွက်ကျင်တောင်လီလာက၊ ဥသြသာဖိုးခေါင်ကျူး၊ နှီပေါက်သံဝါ၊ ငှက်တကာသည်၊ မြူးပျော်ကဇာတ်ပြုက၊ ထက်အောက်ချုပ်မှိုင်းဝီကာ၊ မြုံထောင်းထောင်းသည်၊ (-----)၊ လွှင့်လွှတ်ပါတုံပေက၊ သားဦးမိခင်၊ ငယ်ကျွမ်းဝင်ကို၊ ကျွန်လျှင်အောက်မိလှ၍၊ တမ်းတရ မကြံသာ၊ ဟာလာအသက်၊ ပြင်ထွက်ဟန်ပမာသို့၊ ဖိုမောကာသွယ်ပြိုက်ကျ၊ စိတ်ပူဆာသည်၊ မယ်တော်သျှင်ချွေးမကြောင့်၊ ဆွတ်မျှတ၍သာ၊ တဆတ်ဆတ်သည်၊ ပြန်လျှက် ချီကြွလာလျှက်၊ ပြည်မြို့သာဆိုက်ရောက်က၊ များဗိုလ်ပါသည်၊ ယင်းမှာတပ်ကြီးချလျှက်၊ ဆိုင်းငံကြနီခါဝယ်၊ စျီးတန်းပြင်မှာ၊ ကျွန်လျှင်မြင်ခီသည်ကား၊ သားသူငယ်မိထံမှာ၊ မပီတွတွ၊ ပီတွတွသည်၊ အဘကိုသာခေါ်လျှက်၊ လူးလဲကာငို၍ပေ၊ ငါ့ဘခင်ကို၊ ခုပင်ပီးရမည်ဟု၊ တွလျှက်ပေ တောင်းလတ်ခါ၊ မွီးဘခင်သည်၊ လျှင်လျှင်ပြီး၍လာလျှက်၊ ဖက်နမ်းကာသားကိုရွက်၊ မွီးမိခင်လည်း၊ ယင်းတွင်တစဖက်၏။ ရယ်နှုတ်ဆက်အလှယ်လှယ်၊ လင်မယားသား၊ နှစ်ပါးပျော်ကြသည်ကို၊ မျှော်ခီပေတုံသောခါ၊ ကျွန့်သဲအူကို၊ နှုတ်ယူဟန်ပမာသို့၊ ဟမြွက်ကာ မျက်ရည်ကျ၊ သားမောင်ငယ်ကြောင့်၊ ဘခင်လွမ်းရတ၍၊ လွန်ပျောင်းပျမကြံသာ၊ ကြာပဒုံကို၊ နီပူလှမ်းပမာသို့၊ မွီးမယ်တော်မင်းချွေးမ၊ ချီ၍လာခါ၊ ဂမ္ဘာသာလျှင်၊ ဝမ်းမှာသန္ဓေနှင့်တည်း။ စွဲရင်းလှဟိလိုက်သည်၊ ဖွားမြင်ကြောင်းကို၊ ကျွန်လျှင်မမြင်ပေ၍၊ သားမောင်ငယ်ကြီးခြင်းရာ၊ သည်ကိုတွက်၍၊ အကျွန့်သဲအူဆာလျှက်၊ စိတ်မှာသာမျှော်နိုင်းနိုင်း၊ စားသောက်မဝင်၊ ပူပင်လွမ်းဝှမ်သဲ၍၊ ခွီပျောင်းချိတလျှက်သာ၊ ရန်ငုမ်မြို့ရွာ၊ ကြွချီလားလီပါသည်၊ မကြာရောက်လာ၏လေ။

ရန်ငုမ်မြို့ရွာ၊ ရောက်လတ်ပါသည်ယင်းခါလျှင်၊ ဆိုင်းငံကျင်နီသောခါ၊ ရာပသိမ်သတ်၊ မင်းမြတ်ရွှေနှုတ်ဝါနှင့်၊ ဟမြွက်ကာပြောလတ်သည်၊ ကုလိကုတ္တာ၊ ရှိုပြည်ရွာမှာ၊ ငါသာချီလားနှင့်ပြီ၊ ရန်ငုမ်ဝယ်နီလိုက်ကြ၊ ဇောသျှိန်သတ်ဆို၊ မျက်မှတ်ဗိုလ်သည်၊ လျှင်စွာပို့တုံကြအံ့။ ရောက်လီရရခိုင်မှာ၊ ကျွန်းချောင်းများသည်၊ ငါကပီးအပ်ရာကို၊ သားစိုင်မှာမြီးဆက်ပေ၊ မျှင်မပြတ်သည်၊ မပျက်စားရလီအံ့။ အရာဝယ်အထူးသာ၊ ကြီးမားစွာကို၊ ယင်းမှာ ရတုံပါ၏။ ဟမြွက်ကာပြောလျှက်ပေ၊ ကိုးသောင်းဗိုလ်နှင့်၊ အကုန်ချီလီသည်တည်း။ ရန်ငုမ်ဝယ်မြို့တွင်းသာ၊ ကျွန်ုပ်ရှိသည်၊ ယင်းမှာကျန်လိုက်ပါက၊ တန်းခူးသာဆန်းလတ်မှ၊ တာသကြာန်သည်၊ ကျပြန်တုံလတ်ကလည်း၊ ယင်းဌာနသူရှိမှာ၊ ပေါက်ပေါက်ပန်းမှန်၊ တင်းခွန်ဆီမီးဝါနှင့်၊ ဆင်ယင်ကာအသွယ်သွယ်၊ လင်နှင့်မယား၊ သမီးသားသည်၊ ပျော်ပါးလားကြပေ၍၊ ရောက်ပါလီတုံပြီးခါ၊ ရွှေတိဂုံသည်၊ သျှင်ပင်စေတီတော်၌၊ ပန်းမှန်သာ ပေါက်ပေါက်များ၊ ဆီမီးဝါကို၊ လျှင်စွာညှိတင်ဌြားက၊ လင်မယားမောင်နှံပေ၊ တူစုံထိုင်လျှက်၊ သျှင်ပင်ရှိတော်ဝယ်၌၊ အတူသည်ဖြစ်ရအောင်၊ မယားဝတ်သည့်၊ ကိုယ်တွင် တံဘက်စောင်ကို၊

လင်ယူဆောင်ကိုင်ထားကာ၊ လင်ဝတ်ပါသည်၊ ကိုယ်မှာအင်းကျီပါးကို၊ မယားကဆွဲကိုင်ကာ၊ အသားချင်းသာ၊ ဟပ်၍ဆုတောင်းပါ၏။ ဖြစ်လီရာဘဝကို၊ ဂုအဟန်သာ၊ တူစုံဖြစ်ရလို၏။ သားမောင်ကိုနံပါးထား၊ ဖူးကြပါသည်၊ သျှင်တော်မြတ်ဘုရားကို၊ တခြားကပွဲများဖျင်၊ လှီကဇာတ်သည်၊ မြစ်၏ပြည့်မွန်းဖျင်မျှ၊ လက်ပွဲလျှင်သတ်ကြရာ၊ ပတ်ဆိုင်းတီး၍၊ ထလျှက်ကကြပါ၏။ ရှုကြည့်ရာလင်မယား၊ လာကြပါသည်၊ ယင်းမှာ တသောသောတည်း၊ ထိုင်တုံငြားလာခါပေ၊ လင်နံပါးမှာ၊ မယားဝန်းရံနီလျှက်၊ တယောက်သည်မယားမှာ၊ ရီဖလားကို၊ ကမ်းလျှက်ပီးနီပါ၏။ တယောက်သာမယားက၊ ကွမ်းနုယာကို၊ ယူကာကိုင်၍ထားလျှက်၊ တယောက်ကားဆီးလိပ်သာ၊ ညှို၍ပီးသော်၊ ယူလျှက်သောက်ကာကာတည်း။ တယောက်မှာ ယပ်နှင့်ဝယ်၊ ပူသည်မြင်သော်၊ ခတ်ကာနီ၏။ ချွေးယိုထွေစီးကျကာ၊ မယားကြီးမှာ၊ ကိုယ်ဝတ်ပိုးခါသာနှင့်၊ တို့ကာတို့ကာ၊ တံဘက်စွန်ကို၊ ရင်တွင်အသာအုပ်၍၊ သားမောင်ပု မိထံမှာ၊ အဘပေါင်တွင်လာလျှက်၊ လဲလျောင်းကာ ကဇာတ်သည်၊ တခါထ၍၊ မိထိပါလားလီ၏။ လက်ညှိုးငယ်ပြကာကာ၊ ထိုမှာကိုမီး၊ မှာကိုမီးသည်၊ ရင်သွီးဘမျက်ဖျော်တည်း။ ပြုံးရယ်ကာပျော်ကဇာတ်၊ ပွဲသဘင်ဝယ်၊ တူစုံရှုခင်းများကို၊ မျှော်ချေငြားတုံသောခါ၊ ကိုယ့်သားရွှေရောင်၊ ခြောက်ယောက်မောင်သည်၊ ပူလောင်မခံသာ၍၊ သလွန်တော်မွိရာထဲဝယ်၊ စီးမြိုက်သွယ်သည်၊ မျက်ရည်တရွဲရွဲနှင့်၊ အသဲကွဲလုဖွယ်၊ ကြံမတတ်သည်၊ ဆီးသတ်ငါးအနှယ်သို့၊ ဟိ၍ပေလွန်မိမော၊ ရွှေနို့သျှင်သည်၊ မိခင်ချွေးမများကြောင့်၊ ဖြစ်ခြင်းရာအဟန်ကို၊ သူဇာလင်ရင်း၊ သိကြားမင်းသည်၊ လျှင်ပြင်းမပါဆိုလျှက်၊ နတ်များကိုတိုင်၍သာ၊ ကိုယ့်ဌာနသို့၊ လျှင်စောပြန်ချင်ပါသည်၊ ရန်ငုမ်မြို့မှာတည့်လေ။

# (နောက်ဆုံးပိုင်း)

ရန်ငုမ်မြို့က၊ ပြန်ချင်လှ၍နီကြခါ၊ သားနိုးသာကံ့ကော်ပန်း၊ အဝေယာသည်၊ ကြိုင်စွာပင်လုံးမွှမ်းမျှ မလေးပန်းနှင်းပွင့်သာ၊ စပါယ်စံကား၊ ချရားဇီသဝါကို၊ ယင်းပြည်ရွာဌာနသား၊ ခူး၍ဆွတ်ကာ၊ လှရာရာကို၊ ထိုခါရွီးချယ်ငြားလျှက်၊ ထွားပြာညက်လှဆင်းဝါ၊ ကိုယ့်မယားကို၊ လက်ဖြင့် ဆင်ကြပါ၍၊ အရှုသာကြည့်လျှက်ပေ၊ ကွမ်းနုယာကို၊ လှမ်းကာပီးကြသည်တည်း။ အသွယ်သွယ်ပျော်ခြင်းရာ၊ သည်ကိုမြင်သော်၊ ကျွန်လျှင်သဲအူဆာ၍၊ ညှိုးဝီကာထပ်ဆင့်ပွား၊ မွီးမိခင်သည်၊ နို့သျှင်ချွေးမများကြောင့်၊ တရငြားနီသောခါ၊ ဂြိုးတခုသည်၊ လွမ်းမှုပြုပြန်လာက၊ ငှက်ရွှေဝါသံဆင့်ခတ်၊ ရောက်ပျာရောက်ပျာ၊ တြင်းဆော်သည်၊ သံဝါတတွတ်တွတ်နှင့်၊ မြည်တုံလတ်သောခါဝယ်၊ သားဦးမိခင်၊ ငယ်ကျွမ်းဝင်နှင့်၊ နို့သျှင်ချွေးမငယ်ကို၊ စီးပြိုက်ထွေယိုရွှဲကာ၊ မောင်ကြောင့်တရူ၊ မွီးသူမအိပ်ပါဘဲ၊ ပန်းဘုံသာမွိရာထဲ၊ စက်မပျော်သည်၊ ဗျာပါလွန်ကြီကွဲနှင့်၊ အသဲပြိုလုကာ၊ ပြန်လာနည်းနည်း၊ မျက်စိထဲတွင်၊ ပြန်လျှက် တမ်းရှာကြလိမ့်မည်။ သည်ကိုတွက်၍၊ သဲဖျားလွမ်းဝှန်ကဲနှင့်၊ သားမောင်ငယ် ထွန်းဦးကား၊ မျှော်သည်သူ့ကို၊ 'အဘာ' ရောက်ပျာလားဟု၊ မီးတုံငြားမူကြခါ၊ ငါ့ဘခင်ကို၊ ခုပင်ပြပါလတ်ဟု၊ ငိုကျွီးကျော်တောင်း၍ပေ၊ ဘရင်၌သည်၊ သားချစ်ဟိလိမ့်မည်ကို၊ စိတ်တွင်ဝယ်တွက်၍သာ၊ အသဲလောင်သည်၊ ယာတောင်မီးတိုက်ပါသို့၊ ငှက်ပမာဟန်မပြား၊ ပျံရောက်ချင်သည်၊ မယ်တော်ထံရင်းပါး၌၊ ကြာမြင့်ငြားတနှစ်ကျော်၊ သူ့ဌာနမှာ၊ ဝန်းလျားစိတ်ဗျာပါနှင့်၊ နီကြရာတုံခါဝယ်၊ မြန်မာများသည်၊ လျှင်စောလာကြပေလျှက်၊ တပုံငွေဘဏ္ဍာတော်၊ မြို့ရန်ငုမ်မှာ၊

ယင်စွာဆက်သွင်းပါက၊ ခေါ်ကြကာမျက်မှန်ဗိုလ်၊ ဇော်သျှိန်သတ်သည်၊ ပြန်၍လားမည်ဆိုလျှက်၊
ငါးရာဗိုလ်လူထဲတွင်၊ ကျန်သည်သူကို၊ ယင်းခါခေါ်ငြားပါက၊ ကျွန်ုပ်မှာတဌာန၊ ပါသည်သူကို၊
ကြည့်ဆောင်ခေါ်ယူကြလျှက်၊ စုပေါင်းကြ၍ပေ၊ လှီသဘော်တွင်၊ လျှင်စောစီးကြလီ၍၊
မေဇော်သည်ဇော်သျှိန်သတ်၊ တပ်ဦးဗိုလ်နှင့်အတူ၊ ပြန်လာကြလျှက်၊ တဆတ်ဆတ်လွှင့်လတ်ခါ၊
မာန်အောင်မြို့တွင်၊ လျှင်စောဆိုက်ရောက်ပါက၊ ဝမ်းကြီးသာလွန်အားရ၊ ဥပမာသည်၊
ရီတွင်ငါးကိုချသို့၊ ထားခဲ့ကြ၍ပေ၊ မျက်မှန်ဗိုလ်လည်း၊ လွှင့်ချီလားလီသည်၊ မြို့ဝယ်ဌာနသို့လေး။

ဌာနမြို့မှာ၊ သူ့ပြည်ရှာသို့လားခါပေ၊ ကျွန်ုပ်ရို့သည်ယင်းခါက၊ ပျော်ပါးရွှင်ကာ၊ ချီ၍လာသည်၊
ထိုမှာတန်းချောင်းဝ၌၊ ဆိုက်ရောက်လီသောခါ၊ ရမ်းဗြဲသားသည်၊ သောသောရုရုဆာလျှက်၊
လာ၍ပါမီးတုံက၊ ကြောင်းခြင်းရာကို၊ ယင်းမှာပြောပေခလျှက်၊ ရယ်နှုတ်ဆက်လားလီခါ၊
ကိုယ့်ဌာနသည်၊ ရခိုင်ပြည်ကြီးမှာ၌၊ သက္ကရာဇ်မှာတထောင်ဖြစ်၊ တရာ့သျှစ်ဆယ်၊
စွန်းဝယ်ခုနှစ်နှစ်တည်း။ မာဃဖြစ်လဆန်းသာ၊ ငါးရက်နိသည်၊ နီထွက်တဗိုလ်ကျော်တွင်၊
မြို့ဝန်လျှင်ပတ်တင်သတ်၊ ကတ်တင်ဟူမှတ်၊ ဒေသျှိန်သတ်နှင့်၊ တိုင်ပင်ကြည့်ရှုလတ်၍၊
စစ်တွေရပ်မြစ်နားမှာ၊ ကောင်းသည်ခါဝယ်၊ မြို့ရွာတည်လုပ်ပါလျှက်၊ ရခိုင်သာမှူးမတ်များ၊
ကျွန်းအုပ်ကြီးသူ၊ အောက်ကျီမူလည်း၊ ဆောင်ယူသားမယားနှင့်၊ တသောသောလာကြခါ၊
ပုလီစောင်းညှင်း၊ ကြီးနင်းမောင်းခရာတည်း။ နတ်မနော်အာသာခ၊ ကိန္နရာသည်၊
ဝဲကာပျံ၍ကျသို့၊ စင်ထက်က ကခြင်းဟန်၊ ယိုးဒယားနှင့်၊ သဘင်ဇာတ်ကြီးခံလျှက်၊
မြူးပျော်စံနီ၍သာ၊ မြို့ချာတိုင်ကို၊ သခင်တည်ခြင်းရာကား၊ လေးမျက်နှာသံကြိုးခတ်၊
မြင့်ခြင်းရာသည်၊ သုံးပုံ၏အဆင့်တည်း။ မိုးထက်သားအချိန်ခါ၊ ထက်ကြိုးသွယ်မျှင်၊ ဆွဲကာငင်၍၊
တိုင်တွင်အထွတ်ချာ၌၊ တင်းခွန်သာလွှင့်ကာထား၊ ကာသရီဟု၊ ယုံးတော်ဆောက်လုပ်ငြားလျှက်၊
လိုင်းအိမ်များသုတ်သလာ၊ သူရဲတန်းနှင့်၊ ကြောင်းလမ်းမြို့ဇင်းခါဝယ်၊ ဆင်မြင်းသာရထား၊
ကျွဲနွားအိမ်ရာစီသည်၊ ကတ်တင်မင်းအများရို့၊ စီးလားငြားအသွယ်သွယ်၊ ဖြူနုထွတ်သည်၊
နတ်ဘုံသူအနွယ်တည်း။ မိုးထက်ဝယ်ညဥ့်မပြတ်၊ စည်ကြီးတီးခါ၊ ဗောမှုတ်ပါသည်၊
သံဝါတတွတ်တွတ်နှင့်၊ ပြောင်းသေနတ်အခြင်းသာ၊ နှဲမပြတ်သည်၊ ကဇာတ်ပျော်ကြပါ၏။
အင်းဖက်သာတန်းခါးမ၊ ရွက်ကြီးပြိုင်ပြိုင်၊ သုံးပင်တိုင်သည်၊ လှီယာဉ်သဘော်လှနှင့်၊ ဗောက်တီက
ဂေါ်တူသာ၊ မီးငူမြစ်မှာ၊ ပြည့်မျှဝင်းလင်းပါ၏။ ရောင်းဝယ်ရာတသောသော၊ နီကြပါသည်၊
မြို့ရွာဆိပ်ကမ်းနား၌၊ ရခိုင်များမြန်မာပေ၊ ဟိန္ဒူတ်သာနီ၊ ဗရင်ဂျီနှင့်၊ ပသီကုလားသည်တည်း၊
ကသည်းနွယ်သျှမ်းရို့များ၊ စရိုက်ဘာသာ၊ နီကြပါသည်၊ မြို့ရွာထူထပ်ပေါ၏။ ထက်မြင့်ဖျား
နတ်ဘုံသွင်၊ မြို့ချမ်းသာကို၊ သခင်တည်လုပ်ပါ၏။ လာလတ်လျှင်ထံရင်းတော်၊ ဖူးမျှော်ချင်၍၊
ခဏသွင်းလီခါဝယ်၊ မင်းကြီးသာဟိန္ဒူတ်သတ်၊ ဆိုက်ရောက်ဟိခါ၊ ကျွန်သာခရိုညွှတ်၍၊
လျှောက်တင်မှတ်ပြောပြီးခါ၊ တဆတ်ဆတ်သည်၊ မပြတ်လားလီပါက၊ မင်းကန်ခေါ်ပလီဝ၊
သျှင်ပင်စေတီမကို၊ ရိုညွှတ်ခပူဇော်ခါ၊ စိုးမင်းမြတ်သာ၊ ချီတက်လားလီပါက၊ လက်ဝဲမှာယိုးငုံဝ၊
အုန်းကျွန်းလက်ယာ၊ ဖွဲဒါရွာကို၊ မျှော်ကာ ချီလားကြလည်း၊ ကျောက်တော်မ စေတီသာ၊
မြတ်သျှင်ချစ်ကို၊ ယင်းတွင်ပူဇော်ပါလျှက်၊ နာမသာကုလားတန်၊ မြစ်ကိုစောင့်၍၊
ကူးလျှက်လားလီပြန်က၊ နတ်ဗိမှာန်ဘုံအလား၊ ပီကျွန်းမြို့ကို၊ အညာဟုတွင်ငြား၏။
ချိုဆိမ့်ခါးအရသာ၊ လိုသမျှသည်၊ တခုမကျန်ပါတည်း။ ချမ်းအီးစွာဝပြောငြား၊ ကုလားမရမာ၊
နီကြပါသည်၊ ကျွန်းရွာထူထပ်ပေါ၏။ ကျောင်းဘုရား စေတီသာ၊ မသိတ်ဗလီ၊ ပြည့်လျှက်နီသည်၊

ဖောက်ကျီခေါင်းတကာရို့၊ နော်မာသာ ဖတ်တုံငြား၊ သူ့ဘာသာသည်၊ ကုသိုလ်ကောင်းမှုများနှင့်၊ ရပ်တခြားသူရို့မှာ၊ ကုန်စည်လာလား၊ ရောင်းဝယ်များ၍၊ မယားသားကိုသော်မျှ၊ မိလျော့ကာပျော်၍ပေ၊ နီတုံငြားသည်၊ ဌာနမြို့ရွာနယ်သို့၊ ယင်းရပ်မြီရောက်လီက၊ ရွှေနို့သျှင်သည်၊ မိခင်ထံရင်းစဦ၊ ရိုတုတ်ကွ ပူဇော်ကာ၊ ခရိုညွတ်၍၊ မပြတ်နီလျှင်းပါသည်၊ ပီကျွန်းရပ်မှာတည့်လေး။

ပီကျွန်းရပ်မှာ၊ နီလျှင်းပါသည်ယင်းခါတွင်၊ သားမောင်ပင်မိသဲချာ၊ ဘရင်ဦသည်၊ သားချစ်ပြီး၍လာလျှက်၊ ကျွန်ထံမှာပျော်ကဇာတ်၊ နတ်ဒေဝါသည်၊ ယင်းခါသင်ပြငြားသို့၊ ရင်ခွင်ပါးထိုင်၍သာ၊ လိုင်ကိုဆွဲ၍၊ တွလျှက်နီတုံလာ၏။ မှီးမည်တော်မင်းချွေးမ၊ သားဦးမိခင်၊ ငယ်ကျွမ်းဝင်သည်၊ သက်လျှင်မောင့်ချစ်စနှင့်၊ မိချွေးမအလုံးပေ၊ ခြောက်ပြစ်လွတ်သည်၊ မိုးနတ်သူဇာနှယ်သို့၊ ရိုညွတ်ထွေဦးလျှင်ချ၊ ရှင်ဝမ်းသာသည်၊ ဒေဝါနတ်မမျှတည်း။ ချမ်းငြိမ်းလှသာယာစွာ၊ ပျော်ပွဲဆင်၍၊ ကဇာတ်နီကြရာဝယ်၊ ရခိုင်မှာမြို့ဝန်မင်း၊ ဟိန္ဒူတ်သတ်သာ၊ လျှင်စွာခေါ်လတ်လျှင်က၊ မယွင်းလားခါပေ၊ မင်းချွေးမကို၊ တချက်မျှော်ခီသော်က၊ ထက်အာကာ ဝတိန်ဖျား၊ သုဇတာသည်၊ ဟသ်ာဟန်မပြားတည်း။ နွဲ့သည်ခါးနှစ်ညိုကျော်၊ မျက်မှောင်ကွရုံ၊ နားဖန်စမုံမှာလည်း၊ ဝင်းပေါ်သည်မထင်လှ၊ ဆိုက်မရံပေ၊ ကျောက်မှန်မာခလျှနှင့်၊ ညှာစိမ်းမြပန်းနှယ်ပင်၊ မိုးကောင်းခင်ဝယ်၊ ရောင်ထင်လျှပ်နီပြက်သို့၊ ဖြူညှံ့သက်တကိုယ်လုံး၊ မွှီးမျိုးစုံသည်၊ ပန်းပုံကတိုးထုံးသို့၊ သျှောင်ဦးလုံးဆံကေသာ၊ နတ်မယ်ကျော့သည်၊ အာပေါ်၏ခံတွင်းက၊ ကြာညိုဆင်းပန်းရောင်သာ၊ သန္တာချောညက်၊ ဆယ်ဖြာလက်မှာ၊ စွဲလျှက်ဒန်းနီလာနှင့်၊ နှုတ်သီးသာကျီးအဆင်း၊ အကြောစိမ်းရှင်၊ မှန်သွင်အရောင်ချင်း၏။ တောက်ချင်းလင်းသည်ဝင်းဝါလတ်၊ ရွှေပန်းခက်ရုံ၊ ပန်းတံဦးထိပ်ချပ်၍၊ ခြောက်ပြစ်လွတ် နတ်ဆင်းဝါ၊ မောင့်ချစ်စကို၊ မျှော်သူအံ့မောဟ၏။ ယူဆောင်လားလီငြားခါ၊ မင်းနီရာသည်၊ စစ်တွေမြို့ရောက်ငြားလည်း၊ အထက်ကလုပ်ဆောင်သူ၊ ရခိုင်ပြည်ကိုထိမ်းသိမ်းသူ၏၊ မြို့ဝန်မှုပတ်တင်သတ်၊ မင်းနှစ်ပါးသည်၊ တိုင်ပင်ပြုလုပ်ကြပ်လျှက်၊ တိုင်းပြည်ရပ်ရခိုင်မှာ၊ ရီမြီစသည်၊ ရှိကထုံးဟိရာကို၊ သက္ကရာဇ်တထောင်ဖြစ်၊ တရာ့သျှစ်ဆယ်၊ စွန်းသည်ကိုးခုနှစ်ဝယ်၊ ကိုယ့်ပြည်၏ဘဏ္ဍာတော်၊ ငွေနှစ်သိန်းကို၊ ယင်းခါစည်းကြပ်ပါလျှက်၊ တိုင်းပြည်ရွာအလုံးဝယ်၊ မယ့်ချစ်စကို၊ 'ဒေးဝန်း' ခန့်အပ်သည်တည်း။ တလစီမင်းမေးနာ၊ ငွေတရာကို၊ မပြတ်ပီးတုံပါလျှက်၊ အသျှင်သာဟိန္ဒူသတ်၊ သားပမာသည်၊ မှန်စွာချစ်လေးမြတ်၍၊ (ပီပျောက်)

မှတ်ချက်။ ။ ဆရာမှာ ပီမူမှတဆင့်စက္ကူပြုထားသည်။ ပီမူ၏အင်္ဂါစိုင်အက္ခရာတိကို ကြွက်ကိုက်ထားသဖြင့် အစီအစိုင်ချရသည်။ စက္ကူမူလက်ရှီးမှာ ထွန်းကျော်စိန်၏ လက်ရှီးဖြစ်ပါသည်။ မစုံသိမ့်။ ၄င်းစက္ကူမှတဆင့်ရှီးကူးယူသည်။

စံကျော်ထွန်း
(9/5/63)

မိုးထက် (၉) နာရီ၊ (၃၈) မိနိ။
၁၃၂၅ - ခု၊ ကဆုန်လပြည့်ကျော် (၂) ရက်

ကြာသားပတီးနိ။

ခေတ္တ - မြင်းစိုင်းပြင်၊ တောင်ရပ်ရွာ
မြောက်ဦးမြို့ဟောင်း။
(29/10/93) နိတွင် လက်နှိပ်စက်ဖြင့် ထပ်မံကူးရိုက်ပြီးသည်။

(ဆရာဟူသည် ပဏ္ဍိတ်ဆရာကြီးဦးသာထွန်းဖြစ်ပါသည်။ စံကျော်ထွန်းဆိုသည်မှာ (AIO) အတွင်းရေးမှူး ချင်းတောင်တန်း၌ကျဆုံးလားသော ဆရာစံကျော်ထွန်းဖြစ်ပါသည်။)

(ပထမမူကြမ်း)
နောက်ထပ်မူပွားများနှင့်ညှိနှိုင်း၍ အမှန်ဆုံးဖြစ်အောင် တည်းဖြတ်သုတ်သင်ကြပါကုန်။

# (နောက်ဆက်တွဲ)

ဇေယန္တုသဗ္ဗမင်္ဂလံ

(၁) ဝံသဟိန္ဒွ၊ မျိုးမမှန်သည်၊ လင်းပြန်မသား၊ သင်ရို့မှာတရုရု၊ မစားတတ်ကာ၊ ခိုက်ရန်ရှာသည်၊ ခွီးမှာသားရိုးလုသို့၊ တိုင်ပင်မှုစားသောက်ကာ၊ ကုသလယှား၊ ပါပပွားသည်၊ မိုက်မှားလူမိစ္ဆာတည်း။ ကျောင်းတကာရံဖော်သည်၊ မြို့ထဲခဲပစ်၊ ဆန္ဒညစ်နှင့်၊ စင်စစ်လင်းတငယ်သို့၊ သတ်စားမည်ကြောင်းအလား၊ လင်းနို့ပမာ၊ တူလှပါသည်၊ မှန်စွာမထူးပြားတည်း၊ (-------)၊ နှုတ်မှာချိုပျား၊ ဝမ်းမှာမျှားတည်း၊ ဟုတ်ငြားမှိုနှောက်ကာ၊ ရဟန်းသဃ်ာ၊ မျိုးလေးဖြာရို့၊ မှန်စွာမလွတ်ပါတည်း။ ထောင်းသတ်ကာချုပ်၍ထား၊ ဒဂ်ါးရွှေငွေ၊ ပီးနိုင်ပေမှ၊ ငြိမ်းထွေချမ်းသာရ၏။ စိတ်ဒုက္ခများသျှင်လူ၊ ဆာပူထပ်ထပ်၊ ကြံမတတ်သည်၊ ဆီးသတ်ငါးနှယ်တူလိမ့်။ စွဲလမ်းယူမှိုနှောက်စား၊ သူမိုက်ရို့မှာ၊ လွန်ဝမ်းသာလျှက်၊ များစွာအားကြီးရ၍၊ စားသောက်ကြလူဗာလာ၊ တိုင်းမြတ်ရက္ခ၊ မြို့ညေတွင်၊ ရပ်ရွာချောက်ချားပါ၏၊ လူမိစ္ဆာတကျိပ်ခြောက်၊ ပေါင်းမြောက်ညီညာ၊ လူတကာရို့၊ များစွာစွဲလမ်းနှောက်၍၊ တယောက်တလုံးဆိုကာ၊ ကျန်ကြွင်းသောသူ၊ ထိုမျှလူရို့၊ ပြုမူသက်သီပါတည်း။ ကျမ်းစွဲကာမုသားပြော၊ မဟုတ်မမှန်၊ သက်သီခံသည်၊ ဇကန်တံစိုးစား၍၊ ပြောဆိုငြားတုံသောခါ၊ ဓမ္မာယွင်းချွတ်၊ ဒေးချိန်သတ်နှင့်၊ ဝါသတ်မင်းရို့မှာလည်း၊ ရွှင်ဝမ်းသာလွန်အားရ၊ သုံးလုထွတ်ချာ၊ မြတ်ဓမ္မာကို၊ မျှော်ကာမရှုကြဘဲ၊ မတွေးဆမစာနာ၊ အငြိုးဒေါသ၊ မာန်မာနကို၊ များလှသိုထားပါလျှက်၊ စိတ်ဟိရာထိုမင်းများ၊ မဟုတ်မမှန်၊ မုသာလျံကို၊ လုပ်ကြံပြုရွှီးသားလျှက်၊ ထိုရုံးမှာစီရင်ငှား၊ ဝန်ကြီးမှန်စွာ၊ မင်းလေးဖြာရို့၊ မှန်စွာမရှုငြားဘဲ၊ စာမုသားရို့ကိုသာ၊ ဟုတ်စွာမှန်လှ၊ အယူရ၍၊ ဖြစ်ထကေကောင်းသာဟု၊ မှတ်ခြင်းရာထင်မိမှား၊ ပညာနှင့်ညာဏ်၊ မြတ်ကျမ်းကန်ကို၊ တတ်ပွန်မကျွမ်းငြားဘဲ၊ တဖက်နားမုသားသာ၊ ပြုကာလုပ်မှတ်၊ ဒေးသျှိန်သတ်နှင့်၊ ဝါသတ်ရွှီးသောစာကို၊ ယူပြီးခါစာတရား၊ စီရင်သောခါ၊ ကျွန်ုပ်မှာကာ၊ ကြင်ရာသားမယားနှင့်၊ ဆွီသားမျိုးတကာ၊

ဥစ္စာကျွဲနွား၊ စိုးပိုင်ငြားလည်း၊ လေကားကျွန်းရပ်ရွာကို၊ စွန့်၍သာရှိကမ္ဘ၊ လားရတုံသည်၊ မိစ္ဆိမေဟု၊ သူ့ပြည်နောက်ဒေသ၊ ကိုယ့်မိဘအစိုင်လာ၊ ရံခါဆန်းထူး၊ မရောက်ဘူးသည်၊ ဝီးကျူးကုလားရွာသို့၊ ရှိကမ္ဘာထိုဘဝ၊ ဒါနပီးလှူ တောင်းဆုယူခါ၊ စိတ်မူမသန့်ခ၍၊ ဤလောကပုညမှာ၊ ကြံရကြိုးစား၊ ရန်သူများရို့၊ တင်ငြားဖျက်ဆီးလာလျှက်၊ ဘော်မပါတကာယ၊ ဒုက္ခပူဆာ၊ မင်းအာဏာကြောင့်၊ နာဝါခေါ်သင်္ဘောမ၌၊ စီးတက်ကြရွက်ဖြန့်ကာ၊ လီသာပြန့်ပြော၊ တပဟောဟောနှင့်၊ မြစ်ကြောယမုံနာကို၊ ရွှင့်လာခါသမုဒ္ဒရ၊ လှိုင်းယက်လည်းဆူ၊ တအူအူသည်၊ ဥဖြူလှိုင်းယက်ထ၍၊ မှိုင်းပျပျကြောက်ဖွယ်သာ၊ သီတာဟူကျင်၊ ကမ်းမမြင်သည်၊ မြစ်ခွင်သမုဒ္ဒာကို၊ ကူးသန်းကာတိုက်လာကြ၊ အလှရှိတူ၊ သဲအူသားနှစ်ဝကို၊ လွန်ရုတပျောင်းစိတ်ဆာ၊ ကျွန့်ကိုယ်သာချည်း၊ တယောက်တည်းသည်၊ ဖော်ကွဲငှက်ပမာသို့၊ မူးမှိုင်ကာကျမတတ်၊ ကြာပဒုမ္မာ၊ ပန်းခတ္တာကို၊ ပြင်းစွာနီပူခတ်သို့၊ အူသဲပြတ်လွန်လောင်ဆာ၊ တောင်ကျွတ်ငှက်လား၊ ရီမွဲငါးသို့၊ ညှိုးငြားစိတ်ဗျာပါနှင့်၊ သူ့ရပ်ရွာလူတချို့၊ ကုလိကတ္တာ၊ ဆိုက်ရောက်လာသည်၊ မိစ္ဆာကုလားမြို့လေး။

(၂) ကုလားမြို့ရွာ၊ မိစ္ဆိမာသို့ရောက်လာသည်၊ နောက်ရပ်မြီသူ့ဌာန၊ ပုပ္ပပုညံ၊ ရှိမမှန်သည်၊ ကမ္ဘမကောင်းလှ၍၊ စိတ်ဒုက္ခညှိုးပူဆာ၊ မယားကိုလွမ်း၊ သားကိုတမ်းလျှက်၊ ညှိုးနွမ်းစိတ်ဗျာပါနှင့်၊ မျက်စိရှာလွန်ဆကဲ၊ နှမသူဇာ၊ မောင့်ကြင်ရာကို၊ ငိုကာမျက်ရည်ရွဲနှင့်၊ ဗိမှာန်ထဲဟိလိမ့်မည်၊ တမ်းကာမျှော်လျှက်၊ သည်ကိုတွက်၍၊ မောင်လှသဲကျက်သည်တည်း။ စိတ်မတည်လွန်ရုတ၊ နီကြသောခါ၊ ငြိုးလင်းပြာသည်၊ သံသာတမြမြနှင့်၊ ဘိုမနှစ်ကောင်လျှင်၊ သစ်ပင်မြင့်ဖျား၊ တူစုံနား၍၊ တွန်ငြားမြည်လာကျင်လျှက်၊ လူအသွင်ဟန်မပြား၊ ငှက်ရို့ဘာသာ၊ ချစ်ကြင်နာသည်၊ မာယာပျူတများ၍၊ ဝဲပျံလားတူမကွာ၊ လင်းပြာငြိုးလှ၊ စာခွန့်ကြသည်၊ ရုတထိုခြင်းရာကို၊ ကျွန်ုပ်သာမြင်လတ်က၊ အလှနတ်တူ၊ မျိုးအိမ်သူသည်၊ အဖြူမောင်နှမနှင့်၊ သားပုတ္တာစီတရာ၊ သဲချာနှစ်ပါး၊ နောင်ကြီးအားနှင့်၊ ဆွိသားမျိုးတကာကို၊ လွန်တရှာမြင်ချင်ငြား၊ ပျံလားရောက်ချင်၊ စားမဝင်သည်၊ ပူပင်ယိုစီးကျလျှက်၊ သူ့ဌာနတိုင်းရပ်ခွင်၊ သံသရာဟောင်း၊ ရှိကံကြောင်းနှင့်၊ မကောင်းဖြစ်ရပါဟု၊ တွက်၍သာလွန်ပျောင်းပျ၊ သားလှသဲအူ၊ ရဲဘော်သူကြောင့်၊ ဆယ်ယူကြံမရဘဲ၊ လွန်ရုတနီသောခါ၊ ဥသြဖိုးခေါင်၊ ကုက္ကလောင်ရို့၊ မြောက်တောင်ပျံဝဲကာနှင့်၊ ကျူးသံဝါညံမစဲ၊ ပွင့်သစ်ပန်းမှာန်၊ ကျွန်ုပ်ကျွန်လည်း၊ ထပ်ပြန်လွန်ဆကဲ၍၊ အူအသဲကြွီလုဘွယ်၊ ခြောက်ပါးလွတ်စင်၊ မျိုးအိမ်သျှင်နှင့်၊ ဆွိလျှင်သားနှစ်သွယ်ကို၊ ရင်ခွင်ဝယ်ထားချင်ငြား၊ အောင့်မိတမ်းကာ၊ မျက်စိရှာသည်၊ ခန္ဓာလွန်ချောက်ချား၍၊ နတ်ရို့အားတိုင်တန်းကာ၊ ရက္ခပူရ၊ မြို့ဓညကို၊ လျှင်ဆွရောက်အံ့သာတည်း။ ဘသဲချာသားပုတ္တာ၊ သုံးပါးအခေါင်၊ (ဖျားကိုယှောင်သော်)၊ ကုန်အောင်ပင်မရဟု၊ ပဏ္ဍိတရှိဆရာ၊ မိန့်မှာခဲ့ငြား၊ ထိုစကားကို၊ ချစ်သားမြဲမှတ်ပါလော့။ လူတကာထံရင်းပါး၊ ဝတ်တွားကျိုးနွံ၊ ထိုပုံစံကို၊ နားခံမှတ်ယူထား၍၊ လေးပါးမျိုးရို့ကိုသာ၊ ရို့သေတုတ်ကွ၊ ဦးနှိမ်ချ၍၊ မာနဝမ်းထဲမသိုနှင့်။ ရန်မလိုလူအများ၊ သနားချစ်အောင်၊ ကျင့်လုပ်ဆောင်လျှက်၊ သားမောင်နီနှင့်ငြားလော့။ သဲမခြားနောင်ရင်းမှာ၊ သဲချာနှစ်ပါး၊ ကျွန်ုပ်သားကို၊ ပါယ်ယှားမပစ်ပါနှင့်။ နောင်ကြီးမှာဝမ်းထက်ဖွား၊ မပြားထို့တူ၊ ကျွန့်သဲအူကို၊ ရှာယူကျွေးမွီးထားလော့။ ကျွန့်သက်ထားမျိုးအိမ်သူ၊ အဖြူအလှ၊ မေနှမလည်း၊ ဒါနမပြတ်လှူလျှက်၊ သင်းပုံးမူရီချမ်းလောင်း၊ နတ်ပေါင်းရို့ထံ၊ သနားခံ၍၊ မည်ံဆုယူတောင်းလော့။ ကောင်းကောင်းနီနှင့်ပါ၊ သစ္စာမပြား၊ ကျင့်တရားကို၊ မမှား

ထိမ်းသိမ်းပါလော့။ ကျွန်ုပ်မှာသစ္စာအား၊ ထက်များနတ်ရွာ၊ ဝတ္တိသာက၊ သူဇာမိုးသိကြားလျှင်၊ မလာငြားကန်တော့ခါ၊ နှစ်သက္ကသည်၊ ကုန်တမဟိချာဘဲ၊ များမကြာ စောလျှင်လျား၊ ယောက်ျားလုံ့လ၊ ဝီရိယနှင့်၊ ညာဏပညာအားဖြင့်၊ လွန်ကြိုးစားကြံစည်ခါ၊ ကောဇာမကူး၊ တာမကျူးခင်၊ စုံဖူးရမည်သာတည်း။ မေရို့မှာဆံခြည်မျှ၊ ကြောင်းကြစိုးရိမ်၊ အူနာလိမ်၍၊ ညှိုးပိန်မဟိကြနှင့်။ မြတ်သီလစောင့်သုံးကာ၊ မိတ္တာကမ္မဋ္ဌာန်း၊ နိဗ္ဗာန်လမ်းကို၊ မယွန်းဆောက်တည်ပါဟု၊ မျိုးကြင်ရာထံပါးသို့၊ ရှိုးသားလက်ာ၊ သီကုံးမှာသည်၊ လျှင်စွာရောက်လာဖို့လေး။

(၃) ရောက်တုံပေမန်၊ ရာသီပြန်၍အချမ်းဝှမ်သည်၊ စိတ်မတည်လွမ်းလောင်မှု၊ မောင်ကြောင့်တရူ၊ မျိုးအိမ်သူလည်း၊ အဖြူမအိပ်မူးတည်း။ လဲလျှောင်းအုံးမွိရာ၊ မေတော်တူမ၊ မောင့်သက်မျှရို့၊ ညံ့သက်ညောင်စောင်းသာ၍၊ စက်မွိရာထိုခန၊ ကစ္ဆပနဒီ၊ ခေါ်တွင်ညီသည်၊ မြောက်ဆီဟေဝန္တာက၊ သွန်ကျလာသည်စုံလီပြင်း၊ စိမ့်စိမ့်ချမ်းကာ၊ အီးလှပါသည်၊ မွိရာသလွန်တွင်းက၊ မေလုံးချင်းစက်မပျော်၊ ကြင်ရာသက်ထား၊ လင်ယောက်ျားလည်း၊ နံပါးဟိလာသွင်သို့၊ ထင်မိကာစိတ်ယောင်ယမ်း၊ ပန်းပုံမွိရာ၊ သလွန်သာဝယ်၊ ထကာမ္ဓိ၍စမ်းက၊ ငယ်ကြင်ကျွမ်းမောင့်ကိုသာ၊ စက်ရာတူစုံ၊ ပျော်ကြတုံသည်၊ စက်ဘုံညောင်စောင်းသာ၍၊ စမ်း၍ရှာသော်မောင့်ကိုယ်ငွိ၊ မတွိသောခါ၊ မယ်ရို့မှာလည်း၊ ထိုခါတချဲချဲနှင့်၊ တန္ခွဲန္ခွဲကြက်သီးဝှမ်၊ ပူပန်ပျောင်းပျ၊ မောင့်ကိုတ၍၊ အလှရာသက်နှံ့ရို့၊ မိုးသောက်ပြန်ထတုံသောခါ၊ ဗိမှာန်အိမ်နား၊ ပန်းစံကားသည်၊ သစ်ဖျားပင်ထက်မှာတည်း၊ ငှက်ရှိဝါကေတတွတ်တွတ်၊ မပြားအသံ၊ လူသဏ္ဍာန်သို့၊ နှောင်းစွန်ကြားလီပါက၊ အကောင့်သာဟုတ်စနိုး၊ ချစ်မျိုးစုံလင်၊ ရာသက်ကြင်သည်၊ ငယ်လင်ရောက်ပါဖို့ဟု၊ လွန်နှလုံးဝမ်းသာရွှင်၊ အလျှင်အဆွ၊ မေအလှရို့၊ ချိုကြွပျင်ထကျင်က၊ ပြုပ္ပါလျှင်ဒက္ခိဏ၊ ဥတ္တရဒိပေ၊ မိစ္ဆိမေဟု၊ လေးထွေရပ်ဒေသကို၊ ရှုမျှော်ကြကြည့်သောခါ၊ မေ့မှာထိပ်ထား၊ လင်ဘုရားကို၊ ထွေပြားမမြင်ပါက၊ မျက်စိရှာတမ်းရှိုရွတ်၊ လှထွတ်ဝင်းပြောင်၊ နတ်ဆင်းယောင်ရို့၊ အိမ်မျှောင်မြီးတူးပြတ်သို့၊ ကြံမတတ်စိတ်ဖြစ်ကာ၊ ဒီပါမြင့်ူ၊ သောင်းဇမ္ဗူတွင်၊ သျှင်လူများတကာရို့၊ ပျော်ကြရာခါရတု၊ ဝါကျွတ်သကြံန်၊ သဘင်ခံသည်၊ ရောင်လျှံမီးပွဲမှုကို၊ မကြည့်ရှုဝံ့ကြပါ။ ဖြူပြာနုထွတ်၊ ခြောက်ပြစ်လွတ်သည်၊ နီဝပ်ပန်းပမာသို့၊ ဆံကေသာကျော့မထုံး၊ ပန်းကုံးမဆင်၊ ဟိသောသွင်သို့၊ မရွှင်စိတ်နှလုံးကား၊ ကြိမ်မီးအုံးထို့ပမာ၊ ကွမ်းယာထမင်း၊ ရီဆီဟင်းကို၊ စားခြင်းမဟိပါတည်း။ အုံးမွိရာသလွန်ထက်၊ စက်လည်းမပျော်၊ မောင့်ကိုမျှော်လျှက်၊ စစ်ခေါ်တသက်သက်နှင့်၊ ညဥ့်လုံးပြတ်အိပ်မပျော်၊ ငယ်လင်လူလှ၊ သားဦးဘကို၊ ရုတလွမ်းရို့ပင်တည်း။ မေရို့လျှင်လွန်ပျောင်းအိ၊ မောင်ကြောင့်လွမ်းဆောင်၊ အသဲလောင်သည်၊ ယာတောင်မီးတိုက်ဘိသို့၊ ကိုယ်မချိညှိုးစိတ်ဆာ၊ ရှိဦးဖွားမြော်၊ သားရဲဘော်လည်း၊ အဘနိတိုင်းခေါ်လျှက်၊ ရှာတမ်းမျှော်သားပုလဲ၊ လက်ဝဲလက်ယာ၊ သျှစ်မျက်နှာကို၊ ပတ်ကာဝန်း၍ကြည့်က၊ ဘကိုလည်းမမြင်ခါ၊ ဟစ်အော်လူးလဲ၊ မိရင်ထဲဝယ်၊ ငိုကြွေးတစာစာနှင့်၊ မိကိုသာတတွတ်တွတ်၊ ကျွန့်ကိုများကြင်၊ မွိးဘခင်ကို၊ ခုပင်ပြပါလတ်ဟု၊ တမ်းရှိုရွတ်သားသဲချာ၊ မပီတခွန်း၊ ပီတခွန်းနှင့်၊ ဖက်ရမ်းမီးပြန်လတ်က၊ ပြောစရာဆိုမတတ်၊ ခြောက်ပြစ်လွတ်စင်၊ မိနတ်သျှင်မှာ၊ ရင်ကိုထုထောင်းသတ်၍၊ သက်လုံးပြတ်မောင့်ကိုရှာ၊ မျှော်ကာယောင်ယမ်း၊ တရုလွမ်းလျှက်၊ ညှိုးနွမ်းစိတ်ဗျာပါနှင့်၊ ဆင်းကလျာမေအလှ၊ ယိုကျမျက်ရည်၊ စီးထွေထွေနှင့်၊ ပင်လယ်သမုဒ္ဒရာသို့၊

သွန်ကျလာသည်ဆယ်မနိုင်၊ ကယိုင်ကပါး၊ ဖြူညက်ထွားသည်၊ လျှောက်ကြားနတ်ကိုတိုင်၍၊ လေးကျွန်းပိုင်အိုသိကြား၊ နဂါးဖြဟ္မာ၊ အသူရာသည်၊ ဒေဝါသျှင်နတ်များနှင့်၊ မြတ်ဘုရားကူမပါ၊ ကျွမ်းဝင်ငယ်လင်၊ မေ့ထိပ်တင်ကို၊ ခုပင်နှင်းအပ်ပါဟု၊ ဆယ်လက်ဖြာဂေါင်းမှာထား၊ တိုင်ကြြားလျှောက်ကာ၊ နတ်တကာလည်း၊ ကြင်နာလွန်သနား၍၊ လွန်ကြိုးစားညီညာကာ၊ အလျင်တဆွ၊ မေနှမကြောင့်၊ အလှမောင့်ကိုသာလျှင်၊ ဆောင်ယူကာသျှင်နတ်ရို့၊ ယခုမကြာ၊ ပို့ရောက်လာသည်၊ နီရာမေ့ထံသို့လေး။

(၄) သုံးဆယ်တဘုံ၊ အလုံးစုံသည်အကုန်သာ၊ အနိစ္စသည်သခ်ါရ၊ ကမ္မဝိညာဉ်၊ လောကခံကို၊ နိဗ္ဗာန်မမှတ်ရဟု၊ စိန္တေယသုံးလုချာ၊ ဓမ္မတရား၊ ဟိလျှက်သားကို၊ တွက်စားမပြုပါဘဲ၊ စိတ်ဟိရာကျင့်တုံငြား၊ ဒေါသရန်ငြိ၊ ဝမ်းထဲသို၍၊ ငွေကိုတန်စိုးစားလျှက်၊ လူမိုက်မှားယခုသာ၊ ကြံရာအမှုတ်၊ အကျွန်ုပ်ကို၊ မဟုတ်ပြစ်မဲ့သာလျှင်၊ ဖျက်ဆီးရာလူဆယ့်ခြောက်၊ ဦးစောက်လင်းပြန်၊ မျိုးမမှန်သည်၊ သူ့ကျွန်စားပိုးလောက်ရို့၊ ပြမ္ဗိန္နောက်တုံပြီးခါ၊ သျှင်လူအများ၊ ဆင်းရဲသားကို၊ စွဲငြားနှိပ်စက်ပါ၏။ လူမိစ္ဆာအယူမှား၊ မဟုတ်မမှန်၊ မုသားကံကို၊ လုပ်ကြံကျမ်းစွဲငြားက၊ မတရားပြုသောခါ၊ ဣန္ဒာသဣာ၊ ပုရိန္ဒသည်၊ ဌာနကိုယ့်နီရာက၊ ကြည့်ခီသော်လွန်ဆန်းပြား၊ မကောင်းသောသူ၊ မတော်လူရို့၊ အယူအကျင့်မှား၍၊ တရား၌မတည်ကြည်၊ ပြုကျင့်ရာကို၊ သူဇာသိကြားပြည်က၊ မြင်တုံလီထိုသောခါ၊ ရှိဆက်ကျူးလွန်၊ ပစ္စုပ္ပန်သည်၊ အမှန်မကောင်းပါတည်း။ နတ်တကာမနာလို၊ ဓမ္မာချွင်းယွတ်၊ ဒေးသျှိန်သတ်နှင့်၊ ဝါသတ်မင်းရို့ကိုကား၊ နှင်လွှတ်ဖြိုရာထူးချ၊ ဒုက္ခပူပန်၊ တိုင်ရောက်မှန်သည်၊ နိုင်ငံမိစ္ဆိမာ၌၊ မနီရပြောင်းရွှိဆို၊ ကုသိုလ်ကယှား၊ ပါပပွားသည်၊ မင်းများသူမိုက်ကိုလျှင်၊ ဖြိုထုတ်နှင်ဘိလပ်သို့၊ လျှင်စွာမကြာ၊ ပို့လီပါသည်၊ မှန်စွာနီရာမြို့လည်း။ မနှစ်လို့လူတကာ၊ တုပ္ပါနှင့်ပစ်၊ သူ့အပြစ်ကြောင့်၊ လူမိုက်လားရပါ၏။ သင်းပေါင်းဖော်လူ့ဗာလ၊ ဝံသဟိန္နာ၊ လွန်ယုတ်မာသည်၊ မိစ္ဆာလူဗာလရို့၊ မည်နာမစံရွှိဖွေ၊ လျှောက်ဖွေဟူငြား၊ အောင်ကုလားနှင့်၊ ဟယားငပုဝေရို့၊ မြီကြီးမျိုတွင်းဆုံးကျ၊ ခုမျက်မှောက်ပင်၊ လောကတွင်၌၊ ကျွန်လျှင်မြင်လိုရ၏။ တာပန္နသိမ်းစိုးယူ၊ မဟာတာပန္န၊ ရောရုဝရို့၊ စိုးကြပိုင်တော်မူသား၊ ငရဲသားသူရို့အသျှင်၊ သီရိကုတ္တာ၊ ယမလဟု၊ ခေါ်ကြနာမည်တွင်လျှက်၊ စိုးအုပ်ကျင်နတ်အများ၊ ကျွန့်မှာရန်သူ၊ ထိုသည့်သူကို၊ သတ်မူလက်နက်ဓါးနှင့်၊ ခုတ်သတ်ငြားချက်ပြုတ်ကာ၊ ကမ္ဘာရှည်လျှား၊ ကြိမ်ဖန်များ၌၊ မပြားထားကြပါလေ့။ တိုင်တန်းကာသက်သီပြု၊ လူမိုက်လင်းပြန်၊ မျိုးမမှန်သည်၊ ဟိန္နံထိုလူစုကို၊ ကိုင်ထောင်းထုချိုင်နှောင်ကာ၊ ဓါးလှံသံလျှက်၊ ဒုတ်လက်နက်နှင့်၊ ခွဲဖျက်ရင်ဖွင့်ပါဟု၊ ကျွန်ုပ်သာများဘဝ၊ သတ်ရပါလို၊ သင်ရို့ကိုလည်း၊ ယွင်းယိုမဟိရတည်း။ ဘုမ္မိယကြီးမြင့်သူ၊ ပထဝီအာပေါ၊ မီးတေဇောဟု၊ ဝါယောဓါတ်လေးဆူရို့၊ စောင့်ထိမ်းသူသျှင်နတ်မင်း၊ သိကြစီလို၊ နတ်ရို့ကိုလျှင်၊ ကျိမ်ဆိုထိပ်ပန်လျှင်း၍၊ အောက်ဟင်းလင်းဝိစိရွှာ၊ ဒုက္ခမျိုးစုံ၊ ငရဲဘုံကို၊ လုံးချုံစိုးပိုင်ပါသား၊ နတ်တကာယမမင်း၊ မိန့်သတ်ခေါ်ဆို၊ ဒိဋ္ဌိကိုလည်း၊ နင်းဖြိုဖျက်ဆီးလျှင်းလေ့။ သင့်သဲတွင်းချစ်သောသူ၊ သဲအူမယား၊ သမီးသားကို၊ သံဖက်စုန်းနတ်မူလည်း၊ သတ်နှင့်ယူလတ္တံလေ့။ တပါးရပ်ရွှာ၊ မြစ်များစွာသည်၊ သီတာပင်လယ်ခြား၍၊ ဆုံးပျက်ငြားဟိလီစီ။ လက်စုံဦးထား၊ နတ်အများကို၊ တိုင်းကြားလျှောက်ဆိုချိ၍၊ ရီတွင်နီစိုးပိုင်ခြင်း၊ ဒဠှရဠ၊ ကုဝေရဟု၊ နာမခေါ်တွင်လျှင်းသား၊ နဂါးမင်းနတ်တကာ၊ ကုလားမိစ္ဆာ၊ ငပုသာကို၊ မှန်စွာဖျက်ဆီးပါလေ့။ သင်ရို့မှာဖိးသျှစ်ပါး၊ ဆယ်ပါးသောဒါဏ်၊

ကြွင်းမကျန်သည်၊ ရန်မျိုးငါးပါးလည်း၊ ခုရောက်ငြားတွိကြုံစီ၊ ချိုင်နှောင်တရပ်၊ ခြီချင်းခတ်၍၊ မပြတ်ထောင်ထဲနီ၍၊ ချုပ်အင်ထွိအဆက်ဆက်၊ သင်၌အိမ်ထောင်၊ များကုန်အောင်ကို၊ ယူဆောင်မင်းကဖျက်၍၊ ကြီဆုံးပျက်ဟိလီစီ။ ကိုးကွယ်မရ၊ ဝဋ္ဋဒုက္ခနှင့်၊ နိစ္စပြောင်းလီစီတည်း။ နိရိယေဝိစိလား၊ ကြိမ်များဖန်ဖန်၊ ဆင်းရဲခံ၍၊ သီပြန်ပျက်စီးငြားလျှက်၊ သင့်မယားသက်နှံ့ဝီ၊ တော်ရာစပ်ထ၊ ဟူသမျှလည်း၊ ကြီွမွပြုန်းတီးစီလော့။ ကျိမ်ဆိုသည်နိမပြတ်၊ မြကျွန်းသပြီ၊ လေးရပ်မြိုကို၊ စောင့်နီသျှင်နတ်မြတ်ရို့၊ ကြားသိမှတ်တိုင်သက်သီ၊ ကျွန်ု့ကိုတခါ၊ ခုဖျက်လာသည်၊ ဆယ်ခါပျက်လီစီတည်း။ သက်နှံ့ဝီသင့်သဲပွတ်၊ ကျားရဲခုတ်ငင်၊ တောင်တိုင်းတင်၍၊ နတ်လျှင်သံဖက်ခတ်လော့။ ပေါက်ပေါက်ခွတ်တန်းကျင်လျှို၊ အရှင်လတ်လတ်၊ ဖမ်းငင်သတ်၍၊ တရပ်မြိုကြီးမျိုလျှက်၊ မြင်ရလိုကျွန်ု့မျက်မှောက်၊ အမြောက်ဓါးလှံ၊ လှံကမ်နှင့်၊ ဝါးချွန်သေနပ်ကျောက်လည်း၊ ခုရောက်ငြားသင့်ကိုယ်တွင်၊ ထိပါးသီဆုံး၊ မျိုးစိုင်တုန်းအောင်၊ ပျက်ပြုန်းနတ်စီရင်လော့။ အောက်ရပ်ခွင်ဘုမ္မစိုး၊ သူမိုက်ဟိန္ဒီ၊ ဦးဂါရှိကို၊ စုံစီလက်နက်မျိုးဖြင့်၊ ခွတ်ထစ်ထိုးသတ်ကြပါ၊ ရိုသေဝပ်တွား၊ နတ်ရို့အားကို၊ တိုင်ကြားလျှောက်ပန်ထွာ၍၊ ဝိဒေဟာကျွန်းဇမ္ဗူ ဦးတင်ဂုရု၊ ပညတ်ပြုသည်၊ နောက်စုဂေါယန်ဟူကား၊ လေးကျွန်းမူအဓိသ်မှတ်၊ လေးရပ်ရုက္ခာ၊ သစ်လေးဖြာကို၊ စောင့်ကာသျှင်နတ်မြတ်ရို့၊ သောင်းလေးရပ်ကျွန်းကမ္ဘာ၊ ဒီပါယူကျုံး၊ လေးပါးလုံးကို၊ သိမ်းရုံးစောင့်ထိမ်းပါသား၊ နတ်တကာသျှင်ဒေဝ၊ သူယုတ်လင်းပြန်၊ ရင်ရန်ရို့၊ တဖန်တိုးအောင်စသား၊ လူဗာလသင်ရို့မှာ၊ နှာခေါင်းနားရွက်၊ ကိုယ်ခြီလက်ဟု၊ တချက်ပျက်စီးစီသာတည်း။ ကျိုးပဲ့ကာတိုနာစား၊ များပြားရောဂါ၊ သင်ရို့မှာလျှင်၊ မှန်စွာစွဲရောက်ငြား၍၊ ထလာလားမတတ်နိုင်၊ မထိုင်မထ၊ စိတ်ဒုက္ခနှင့်၊ မြင်လှဆင်းရဲတိုင်၍၊ စမ်းလက်ကိုင်ရှာမရ၊ ကြီမွခန္ဓာ၊ သင်ရို့မှာလည်း၊ များစွာဖိးကြီးကျလျှက်၊ သီဆုံးကြဟိလီစီ။ ရိုသေဝတ်တွား၊ နတ်အများကို၊ တိုင်းကြားလျှောက်ဆိုချီ၏။ ချစ်သက်ဝီသားမယား၊ ကျွဲနွားကျေးကျွန်၊ စပါးဆန်နှင့်၊ ဓနံရှိဒင်္ဂါးလည်း၊ ဆုံးပျောက်ငြားများခိုးသူ၊ ဗဟုတန္တ၊ ဓါးမြရို့၊ သတ်ကြထောင်းထုယူ၊ ဖွဲပြာမူထိုအလား၊ ထိပါးခန္ဓာ၊ သင့်ကာယာလည်း၊ ရီမှာပျောက်ဆုံးငြားလျှက်၊ မျိုးပါလားလီသောခါ၊ မီးကျောင်းလိပ်ငါး၊ မြွှေဟောက်ဖားရို့၊ ကိုက်စားသတ်ဖြတ်ပါလော့။ သင်ရို့မှာကြံမမြောက်၊ ချောင်းကြီးသီတာ၊ ယမုန္နာတွင်၊ နာဝါလှိုသားမှောက်သို့၊ သီဆုံးပျောက်ဟိလီစီ။ ကမ္ဘံအသစ်၊ တဖန်ဖြစ်လည်း၊ (------)၊ ငါးရာဝဲလျင်းလက်နှင့်၊ (ပေကျွန်တရစ်၊ သစ်ဖြစ်၍သာ)၊ သင့်ခန္ဓာကို၊ မှန်စွာပေါက်ကာခွတ်လျှက်၊ ခုတ်ထစ်သတ်ပါရစီ။ ကြိမ်များဖန်ဖန်၊ သင်ရို့ကံလည်း၊ အကျွန်လက်ဆုံးစီဟု၊ ကျိမ်ဆိုသည် နတ်ရို့အား၊ တိုင်ကြားဦးတင်၊ လျှောက်ဆိုကျင်သည်၊ အောက်ခွင်ဘုံတလွှားလေး။

(၅) အောက်ခွင်တလွှား၊ စောင့်နီငြားသည့်၊ နတ်များရို့ကိုတိုင်တန်းကား၊ ဤရပ်ရွာဘုံတလွှား၊ စိုးချုပ်ပိုင်ကာ၊ စောင့်ထိမ်းပါသည်၊ ဒေဝါနတ်ရို့အားလည်း၊ ထိပ်တင်ကြားလျှောက်ပါမည်။ လူ့ရွာစိုးငြား၊ သျှင်နတ်များရို့၊ မှတ်သားရှိနားတည်လော့။ ကျွန်ုပ်သည်ပြစ်ဆံရှိ၊ မဟိမှန်စွာ၊ ခုသံသာတွင်၊ တင်ကာဖျက်လာဘိသား၊ လူဒိဋ္ဌိငပုသာ၊ ဟိန္ဒာသွီးသား၊ အောင်ကုလားနှင့်၊ ကုလားရှိလုံးသာတည်း။ စံရဲဘော်တလင်းသား၊ ဟယားမျိုးနွယ်၊ ငပုဝေကား၊ ရှောက်ဖွေ ဒုံးကုလားနှင့်၊ သံချီသားဒိုးအောင်ရွှေ၊ လူလောင်ဟူဘိ၊ ပါတလိသည်၊ ဒိဋ္ဌိဘိယေနှင့်၊ သက်နှံ့ဝေကျွန်မသား၊ ကုလားလင်းပြန်၊ ရင်ရန်ဟု၊ လူလွှန်သျှမ်းအောက်သားနှင့်၊ တို့စကား ပြောမကျို၊ ဟိန္ဒီစင်စစ်၊ သီအောင်မိုက်သည်၊ လူညစ်ဥဂါရှိတည်း။ တိုင်ပင်ညီတန်စိုးစား၊

ဆယ့်ခြောက်ယောက်လူ၊ ကျွန်ရန်သူကို၊ စွဲယူကျမ်းမှသားတည်း။ မတရားသင်ရို့မှာ၊ မဟုတ်မလျှား၊ ကျွန်ုပ်အားဝယ်၊ ဖျက်ငြားပြုခြင်းရာကို၊ စီရင်ပါမြတ်ဘုရား။ နဂါးဂဠုံ၊ တန်းခိုးစုံသည်၊ အကုန်ရန်ခိုက်များနှင့်၊ ခုနှစ်အိုင်မဟာ၊ ကြီးစွာမည်မှတ်၊ နဝဒတ်ဟု၊ အရပ်ဆယ်မျက်နှာကို၊ စောင့်ထိမ်းရာသျှင်နတ်မင်း၊ အစိရဝတီ၊ ပညတ်ညီသည်၊ မဟီမြစ်ငါးစင်းကို၊ စောင့်နီငြားမြမကွာ၊ ဒေဝါပူရိ၊ ခေါ်တွင်ဘိသည်၊ မဏိမေခလာနှင့်၊ မြစ်သီတာပင်လယ်ချောင်း၊ စောင့်ကြပ်ပြုပျင်၊ အုပ်ထိမ်းကျင်သည်၊ သခင်နတ်အပေါင်းရို့၊ ကျွန်ရန်သူဟောင်းရို့ကို၊ နှင်းဖြိုခုတ်သတ်၊ ရင်ကိုခွတ်၍၊ လိုင်ဖြတ်တန်းကျင်လျှိုလျှက်၊ များထိုထိုဆက်မပြတ်၊ သင်ရို့သဲအူ၊ ချစ်သောသူကို၊ ငင်ယူခွဲခွင်းသတ်လော့။ ဖီးသျှစ်ပါး ရန်သူသာ၊ ဆိုက်ရောက်လာသင်ရို့အား၊ တွိကြကြုံစီ၊ ဆုံးပျက်လီဟု၊ နတ်ဆီ တိုင်တန်းကြား၏။ မီးကျောင်းကျားသစ်ဝံမြွီ၊ ရောဂန္တရ၊ ဒုဗ္ဘိက္ခဟု၊ ရောက်ထကပ်သုံးလီလည်း၊ သင်ရို့ဆီဆက်မပြတ်၊ ရောက်ငြားလာပုံ၊ ဖျားနာအုံ၍၊ အကုန်ဝန်းရံကပ်လျှက်၊ ထိုးခွတ်သတ်ဖြတ်ပါလီစီ။ သုံးမည်လူ့ဘာ၊ မုနိန္ဒကို၊ ရှိခလျှောက်တင်ချီ၏။ ဤလူ့မြီခေါ်တွင်၍၊ တန်းခိုးမည်ကော၊ သူရကယ်ဟု၊ ဆိုသည်နတ်တမျိုးတည်း။ ရက္ခစိုးနတ်များသာ၊ သူရဿတီ၊ ကြေးစန္ဒီဟု၊ ဒေဝီနတ်မဟာနှင့်၊ လူ့ခန္ဓာကိုယ်ကာယ၊ စောင့်ကြပါသည်၊ ဒေဝါနတ်ဒွါဒရို့၊ ရှုမျှော်သကြည့်ပြီးခါ၊ လက်ကိုင်ထိမ်းမြား၊ ငယ်မယားသည်၊ သဘောသင်ရို့မှာလည်း၊ လက်ကိုင်ပင်ရှာမရ၊ ရာဇမင်းမူ သိမ်းဖျက်ယူသော်၊ ပြည်သူအားကြီးရလျှက်၊ ဟိလီကြလူများစွာ၊ ခြိုင့်လှောင်ငှက်လား၊ ရီမဲ့ငါးသို့၊ ညှိုးပါးစိတ်ဝိဆာနှင့်၊ ဝိစိရွာမှောင်တိုက်ထဲ၊ သင်ရို့ကမ္ဘ၊ ဆက်မကျန်သည်၊ ပူပန်မပြတ်စွဲ၍၊ မြင့်ကြာမြဟိလီစီ။ သက်သီပြုထား၊ စာရှီးသားလျှက်၊ နတ်အားတိုင်ကြားချီ၏။ ကိုန်ဆိုသည်နိမပြတ်၊ သတ္တရဘန်၊ မေယုဂန်ဟု၊ တောင်ရံခုနှစ်ထပ်ကို၊ စောင့်တုံမှတ်နတ်သက်သီ၊ ကျွန်ကပူပန်၊ ခုတဖန်မှာ၊ ဆယ်ပြန်ကုန်လီစီတည်း။ သုံးလုဆို့ မြတ်ဘုရား၊ ရုပ်ပွါးသျှင်တော်၊ ဆင်းထုတော်ဟု၊ မြတ်ရာစေတီများကို၊ စောင့်ထိမ်းငြားနတ်တကာ၊ ကျွန်မှာပြစ်မဲ့၊ မဟုတ်ပဲ့ကို၊ တည့်တည့်ဖျက်ဆီးလာသား၊ လုမိစ္ဆာသင်ရို့အား၊ သေနပ်ကားမှန်၊ ဝါးသစ်ချွန်ဟု၊ ဒါးလှံလက်နက်အားဖြင့်၊ စွဲကိုင်ငြားတုံပြီးခါ၊ မှန်စွာမပျက်၊ အဆက်ဆက်ကို၊ ကျွန်လက်နှင့်ပင်သာလျှင်၊ ဖန်ငါးရာသတ်ရကြောင်း၊ နတ်ပေါင်းရို့ထံ၊ နိမကျန်အောင်၊ အကျွန်ဆုယူတောင်း၏။ သျှင်နတ်ပေါင်းဖျက်ကြပါ၊ မဟာဗောဓိ၊ တုမဟိသည်၊ မုနိပလ္လင်တော်၌၊ မြမကွာဘေးရင်းဟပ်၊ စောင့်ကြပ်ရံကာ၊ ထိမ်းကြပါသည်၊ ဒေဝါသျှင်နတ်မြတ်ရို့၊ ကြားသိမှတ် တိုင်ဆိုကာ၊ (-------)၊ အလှမောင့်ကြင်ရာနှင့်၊ ခနသာကွဲရမည်ပါ။ ခုဆိုသည်လူ၊ ကျွန်ရန်သူမှာ၊ ချစ်သူဟူသမျှနှင့်၊ ကင်းရလိမ့်မည်သာတည့်။ သုံးလုမြတ်မွန်၊ ဟောကြားညွှန်သည်၊ ဓမ္မမယွင်းပါတည်း၊ မြောက်ဟေမာရဂုံနတ်ရို့၊ တွိမှတ်ဖျက်ဆီးကာ၊ ထီးနန်းပြည်သာ၊ မင်းရာဇာနှင့်၊ ရပ်ရွာမြို့များစွာကို၊ စောင့်တုံပါနတ်ခပင်း၊ ဟေမဝန်တောင်၊ များသုံးထောင်ကို၊ ကုန်အောင်စိုးပိုင်လျှင်းသား၊ သျှင်နတ်မင်းသိပါလီစီ။ ဟိန္ဒီမျိုးဟူ၊ ကျွန်ရန်သူကို၊ လုဘုံကျွန်းရပ်မြီက၊ နှင်ထုတ်လီရပ်တခြား၊ မယားသားညီ၊ သင့်မျိုးဆွီက၊ တော်သည် အားလုံးများလည်း၊ သီဆုံးငြားပြုန်းတီးကာ၊ လက်ကိုင်မရ၊ ခုခနတွင်၊ ကြီမွဖွဲ့နှင့်ပြာသို့၊ ပြုကာပင်မှန်မချွတ်၊ သုံးလုထွတ်ချာ၊ သာသနာကို၊ မြဲစွာထံပါးကပ်၍၊ စောင့်နီလတ်နတ်များစွာ၊ စွယ်တော်လေးချောင်း၊ ဆံတော်တွက်ရှိ၊ ကိုးကုဋီနှင့်၊ ကိုးလီသွားတော်ပေါင်းကို၊ စောင့်တုံလျှောင်း နတ်တကာ၊ ကျွန်တော့်ရန်သူ၊ ထိုသည်သူကို၊ ရှာယူဖမ်းသတ်ပါလော့။ သင်ရို့မှာစုံတခု၊ ကောင်းမှုကုသိုလ်၊ နောင်ဖို့ဆို၍၊ လိုစီအကြောင်းပြုလည်း၊ မြီထုရှိသချာ၊ နှစ်သိန်းသျှစ်သောင်း၊

မြီအပေါင်းကို၊ ထိမ်းကျောင်းစိုးအုပ်ပါသား၊ နတ်ဒေဝါသုန္ဒြီ၊ အညီအညွတ်၊ သင့်လျှဝတ်ကို၊ မချွတ်စောင့်ပစ်လီလော့။ များစုံစီသျှစ်စရွတ်၊ သုံးလုထွတ်ချာ၊ သမ္ဗုဒ္ဓာ၏၊ မြတ်စွာဘုရားဓါတ်ကို၊ စောင်ရံမှတ်နတ်ဒေဝါ၊ ဝိဇ္ဇာထိုရ်ရှ၊ တောအောင်းကြသည်၊ မြတ်လှရသေ့ကျော်ရို့၊ စောင့်တုံပါနတ်ဒေဝ၊ ကျွန့်၏ရန်သူ၊ ထိုမျှလူကို၊ ရှာယူဖျက်ကြပါလော့။ နှစ်ရက်လဗိဇနာ၊ သျှစ်သောင်းလေးထောင်၊ အစောက်ဆောင်သည်၊ များမြောင်ကျမ်းပီစာနှင့်၊ သုံးပုံစာပိဋကတ်၊ လေးရပ်ဗေဒင်၊ စောင့်ထိမ်းကျင်သည်၊ များဖျင်ထိုနတ်မြတ်ကို၊ ကျိမ်ဆိုမှတ်တိုင်တန်းကာ၊ ဗုဒ္ဓေပစ္စ၊ စိန္တေယျသည်၊ လုဘရို့မြတ်စွာနှင့်၊ ရိစ်ပျော်ဉပဂုတ်၊ မဂ္ဂဖလ်၊ သယ်ာမွန်ကို၊ အကျွန်ရိုခတုတ်၍၊ သက်သီလုပ်ရှိခိုးကာ၊ ဟတ္တာစုပေါင်း၊ လက်ဆယ်ချောင်းကို၊ ပေါင်း၍လျှောက်ပန်ထွာ၏။ နတ်တကာမြတ်ရို့အား၊ ကြောင်းလျှားစိစုံ၊ တိုင်ကြားကုန်သည်၊ လုဘုံရပ်မြီသားလေး။

(၆) သုံးခွင်ပိုင်စိုး၊ နတ်မျိုးရို့ကိုရှိခိုးကာ၊ နတ်ဒေဝါများသိန်းသောင်း၊ ရက္ခသာစည်၊ ရခိုင်ပြည်သို့၊ ပြန်လည်လားရကြောင်းကို၊ နတ်အပေါင်းကယ်မပါ။ သုံးဆွီလုဘာ၊ မုနိန္ဒကို၊ ရိုခလျှောက်ပန်ထွာ၏။ သမ္ဗုဒ္ဓါသုံးလုထွတ်၊ ညှပ်ရိုးနှစ်ဖြာ၊ သွားစွယ်တော်ကို၊ စောင့်ကာသျှင်နတ်မြတ်နှင့်၊ သျှစ်စရွတ်သည် သွားတော်ပေါင်း၊ ဆံမြတ်တွက်ရှီ၊ ကိုးကုဋီကို၊ ရောက်စီဆုပန်တောင်း၏။ သျှစ်သောင်းမွှီးရင်တော်၊ သုံးပုံမည်မှတ်၊ ပိဋကတ်ဟု၊ လေးရပ်ဗေဒင်စာနှင့်၊ (-----)၊ သျှစ်သောင်းလေးထောင်၊ အမြင့်ဆောင်သည်၊ မြင့်ခေါင်စေတီများကို၊ စောင့်တုံငြားနတ်တကာ၊ ရက္ခပူရ၊ မြို့ညေဟု၊ ဌာနကိုယ့်မြို့ရွာသို့၊ ဆောင်ပို့ပါလျှင်တဆွ။ သတ္တရာဘန်၊ တောင်ယုဂံဟု၊ တောင်ရံခုနှစ်ထပ်ကို၊ စောင့်တုံလတ်နတ်ဒေဝါ၊ မဟေသာရ၊ ဝရုဏနှင့်၊ ဖြဟ္မာအသူရာရို့၊ လက်ဆယ်ဖြာစုံစွာပေါင်း၊ သားဦးဘခင်၊ မျိုးအိမ်သျှင်နှင့်၊ တူပင်စံရကြောင်းကို၊ နတ်အပေါင်း ကယ်မပါ။ အဋ္ဌဝီသတိ၊ တုမဟိသည်၊ မုနိမြတ်ငါးဖြာနှင့်၊ ပစ္စေကာသျှင်ဗုဒ္ဓ၊ နက္ခတ္တာဂြိုဟ်သတာ၊ စန္ဒရာသည်ကြယ်နီလကို၊ ဦးနှိမ်ချလျှောက်ဆိုတင်၊ နတ်သွင်ရုပ်တူ၊ ကျွန့်ကြင်သူသည်၊ အဖြူမျိုးအိမ်သျှင်နှင့်၊ စံပျော်ရွှင်တူတကွ၊ ပုတ္တစီတာ၊ သားချစ်စွာသည်၊ သဲချာရင်သွီးလှကို၊ ယုယကာနီရစီ။ လူ့ဆွီဘုရား၊ ရင့်ဆယ်ပါးနှင့်၊ နှဖွားငါးရာလီကို၊ တိုင်တည်သည်နိမပြတ်၊ မိုးထက်အာကာ၊ ဝတ္တိသာဝယ်၊ စူဠာမုနိဓါတ်နှင့်၊ ရသေ့မြတ်ထိုရ်ဝိဇ္ဇာ၊ တောကြီးကိုမှီ၊ တပသီဟု၊ ယောဂီမြတ်ရို့ကိုလည်း၊ တောင်းပန်ဆိုတုပ်ဝပ်စင်း၊ နိုရိယေဟုတုံ၊ ငရဲဘုံကို၊ လုံးချုံပိုင်နှိပ်နင်းသား၊ ယမမင်းဖုတ်ပြိတ္တာ၊ ယက္ခာဘီလူး၊ မျှောင်ခြောက်ပူးသည်၊ နတ်ရှူးဖုတ်မိစ္ဆာနှင့်၊ တထွေအိမ်စောင့်နတ်ရို့၊ ညီညွတ်ကြတုံပြီးခါ၊ တသကြိုးကုတ်၊ အကျွန်ုပ်ကို၊ ချွတ်နှုတ်ကယ်မပါလော့။ တိုင်တန်းကာလျှောက်ပန်ကြား၊ သျှစ်သောင်းလေးထောင်၊ နှစ်ပြန်ဆောင်သည်၊ မြင့်ခေါင်မြင့်မိုရ်ဖျား၌၊ စောင့်နီငြားနတ်တကာ၊ သီတာလေးစင်း၊ ကြီးကျယ်ခြင်းသည်၊ အိုင်မင်းခုနှစ်ဖြာနှင့်၊ မြစ်ကြီးသာသွယ်ငါးပါး၊ မြစ်ငယ်ငါးရာ၊ ချောင်းလဟာဟု၊ ဖြာဖြာမြစ်ငယ်များနှင့်၊ ကျွန်းလေးပါးကြီးမဟာ၊ ငယ်စွာဒီပ၊ နှစ်ထောင်မျှကို၊ စောင့်ကြနတ်တကာရို့၊ ကျွန့်ကိုသာလျှင်၊ ခုပင်လျှင်ဆွ၊ မိဘဌာနီ၊ ညေမြို၌၊ မျိုးဆွီထံရင်းစသို့၊ ဆောင်ယူကြပို့ကြပါ၊ ဆယ်ဖြာလက်ဖျား၊ ဝေါင်းထက်ထား၍၊ တိုင်ကြားလျှောက်ဆိုပါ၏။။ ရိစ်ပျော်နဂါးမင်း၊ အစီရဝတီ၊ ခေါ်တွင်ညီသည်၊ မဟီမြစ်ခပင်းကို၊ စောင့်နီခြင်းမေခလာ၊ ပမာတူပြီး၊ နတ်သမီးသည်၊ ပြောင်ညီးသုဇာတာနှင့်၊ သုနန္ဒာနတ်မေဃ၊ သူရဿတီ၊ သုန္ဒရီဟု၊ ဒေဝီနတ်မိမ္မရို့၊ မိတ္တမျှကူမပါ။ ထီးနန်းပြည်တော်၊ များရပ်ရွာကို၊ စိုးတုံပါသျှင်နတ်မင်း၊

အပြင်းယူဆောင်၊ ကျွန်ုပ်မောင်ကို၊ ရောက်အောင်မေ့ထံရင်းသို့၊ ပို့ပါလျှင်းလျှောက်ပန်ထွာ၊ နောင်လာသျှစ်သောင်း၊ ဘုရားလောင်းနှင့်၊ ရီကြောင်းကိန်းအောင်းပါသား၊ ရဟန္တာဥပဂုတ်၊ မဂ္ဂဖလံ၊ သံဃာမွန်ကို၊ အကျွန်ရိုတုတ်ခ၍၊ လက်ဦးချဂေါင်းတင်ချီ၊ စန္ဒြီမာသာ၊ နှစ်ကောဇာသည်၊ ဒိဏ္ဏာရက်တီထီကို၊ စောင့်ထိမ်းပြီးနတ်ဒေဝါ၊ ဟောဝန်သုံးဆောင်၊ လွန်များမြောင်သည်၊ မြင့်ခေါင်ပဗ္ဗတကို၊ စောင့်တုံကြနတ်တကာ၊ သက်လုံးမျှကြင်၊ ခြောက်ပြစ်စင်သည်၊ နတ်သွင်ထံရင်းမှာသို့၊ ခုပို့ပါကူညီကြ၊ အဆင်းရှိတူ၊ မျိုးအိမ်သူသည်၊အဖြူမောင်နှမနှင့်၊ တူတကွစံလျှက်သာ၊ သဲချာနှစ်ပါး၊ သမီးသားကို၊ နံပါးထားပြီးခါမှ၊ တိုင်းရက္ခာကိုယ့်ဌာန၊ နှမနှင့်မောင်၊ ပြည်တည်ထောင်၍၊ အိုအောင်မယွင်းခွဘဲ၊ နီထိုင်ကြရပါစီ။ လက်ရှိဦးထား၊ ကျွန်လျှောက်ပြား၍၊ နတ်အားတိုင်ကြားချီ၏။ အောက်ရပ်မြိဘုမ္မစိုး၊ တန်ခိုးပြင်းထန်၊ ကြီးမားသန်သည်၊ နတ်မွန်ပိဿနိုးနှင့်၊ ရုက္ခစိုးနတ်များစွာ၊ သဒ္ဓါကြိုးကုတ်၊ အကျွန်ုပ်ကို၊ ချွတ်နှုတ်ကယ်မပါလော့။ နတ်ခြောက်ရာတုဘက်ကင်း၊ တန်ခိုးပြင်းထိန်၊ အသူရိန်ဟု၊ ဒေဝိန်ထိုနတ်မင်းနှင့်၊ မာန်နတ်မင်းကိန္နရာ၊ ပရမီသွာရ၊ နတ်ဒေဝဟု၊ ဝဿဝရောသာတည်း။ ချစ်သဒ္ဓါမိတ္တာဌ၊ ရှိဝတ်လည်းဆူ၊ ဤအပူကို၊ ကယ်ယူချွတ်နှုတ်ကြ၍၊ ကျွန့်ဌာနကိုယ့်ရပ်ရွာ၊ ကြင်ရာသက်ထား၊ သားမယားနှင့်၊ နီပြားတိုင်းရက္ခာသို့၊ ပို့ဆောင်ပါကျွန့်ကိုတည်း။ မြင့်မိုရ်ထိပ်ချာ၊ ဝတ္တိသာက၊ ဣန္ဒာသိကြားကြည့်လော့။ ပတ်ကာလှည့်ဖလ်စက္ကြာ၊ လေးကျွန်းရောင်ချင်း၊ စက်ဟိန်ပြင်းသည်၊ နီမင်းသူရိယာနှင့်၊ လီဝေါယောမိုးနတ်သား၊ ပဥ္စခန္ဓာ၊ လူတကာကို၊ စောင့်ရာသျှင်နတ်များရို့၊ ချစ်သနားကယ်မပါ။ အာကာသစိုး၊ ကျော်ဟိန့်ကြိုးသည်၊ နတ်မျိုးရို့တကာနှင့်၊ နတ်မဟာခြောက်ဘုံထွတ်၊ ဗြဟ္မာနှစ်ဆယ်၊ မင်လေးသွယ်ကို၊ စောင့်ပေသျှင်နတ်မြတ်ရို့၊ ညီညာကြတုံပြီးခါ၊ ပူဆာဆင်းရဲ၊ ဤဝဋ်မှီးက၊ ချွတ်၍ကယ်တင်ပါလော့။ သားပုတ္တစီတရံ၊ အလှနတ်သွင်၊ ရာသက်ကြင်သည်၊ မျိုးသျှင်ထံရင်းစသို့၊ ပို့ကြပါလျှောက်ဦးတင်၊ ပလ္လင်ရက္ခိ၊ တုမဟိသည်၊ ဗောဓိပြိုင်ညောင်ပင်၌၊ စောင့်ထိမ်းကျင်ရံခပင်း၊ ရက္ခဂုမ္ဘာန်၊ တန်ခိုးသန်သည်၊ နတ်မွန်ဂဠုန်မင်းနှင့်၊ တိုင်းရက္ခာမြို့ခြေ၊ စောင့်ကြတုံပါ၊ (----)၊ ဒေဝါမြောက်ဦးစသား၊ နတ်ဆယ်ဝရင်ရဲကန်၊ လက်ပံဝသဲ၊ တန်ခိုးကဲသည်၊ ရီထဲနတ်မြတ်မွန်နှင့်၊ တဖန်နတ်မယူသျှင်၊ ယောင်ငုံမုံကျား၊ ကျော်ထင်ရှားသည်၊ ဗုဒ္ဓေါဇိနဟူသား၊ ရာထောင်မူ နတ်ပေါင်းသား၊ တခြားနတ်တကာ၊ သုံးဆယ့်တဘုံ၊ စောင့်ကြပ်တုံသည်၊ အကုန်နတ်များစွာနှင့်၊ သုံးလုချာမြတ်ဘုရား၊ ကိုယ်စားတူပြီး၊ မဟာထီးကို၊ ဦးနှိမ်ထိပ်ထက်ထား၍၊ ရှိထံပါးလက်ဆယ်ဖြာ၊ ပူဇော်ရိုညွတ်၊ နိမပြတ်လျှင်၊ တိုင်မှတ်လျှောက်ဆိုကျင်သည်၊ သုံးခွင်ရပ်ဆီအားလေး။

(၇) သုံးခွင်နတ်အား၊ ဦးထိပ်ထား၍တိုင်ကြားကာ၊ နတ်ဒေဝါများသိန်းသောင်း၊ နတ်ပေါင်းတကာ၊ သားပမာသို့၊ မိတ္တာဝိဋ္ဌလောင်းလျှက်၊ နတ်အပေါင်းမင်းရာဇာ၊ စစ်မီးရာထိုခန၊ ဆံမျှင်တမွှာ၊ ကျွန်ုပ်မှာလည်း၊ ပြစ်သာမဟိကြ၍၊ မိန့်တော်ဟလွှတ်ပြီးခါ၊ လွန်စွာတဆွ၊ မကြာရဘဲ၊ ဌာနတိုင်းရပ်ရွာသို့၊ ပြန်လားခါအကြောင်းရင်း၊ အမိန့်တော်စာ၊ ကျွန်ုပ်မှာသို့၊ အာဏာရှီး၍ပီးက၊ မြတ်လေးဦးတင်ကာ၊ ရက္ခသာစည်၊ ရခိုင်ပြည်သို့၊ ပြန်လည်လားကြခါလျှင်၊ လွန်ဝမ်းသာရွှင်အားရ၊ အလှမောင်သာ၊ လှီနာဝါ၌၊ လျှင်စွာစီးတက်ကြ၍၊ ကျူးသံမြမောင်းခရာ၊ ဗုံသာလင်းခွင်း၊ စည်မောင်းညှင်းသည်၊ သာခြင်းဧကဗျာနှင့်၊ တီးမှုတ်ကာတသောသော၊ ကျယ်လှုကြီးစွာ၊ မြစ်ဂင်္ဂါကို၊ နောက်မှာပါယ်လှပ်ထား၍၊ ရွှင်ပျော်ပါးစားသောက်ကာ၊ ကြော်ငြာဟစ်ဟဲ၊ တသဲသဲသည်၊ အောင်ပွဲခံကာကာနှင့်၊ ဖြားသင့်ရာလီသင့်လိုက်၊ သမုဒ္ဒရာ၊

ယုမုန္နာဟု၊ သီတာပင်လယ်မြစ်ကို၊ ရွက်ဖြူတိုက်ကူးခတ်ကာ၊ လှိုင်းယက်လည်းဟူ၊ ရီများဆူ၍၊ ဦးဖြူဆောင်းကာကာတည်း။ တောင်ပမာလှိုင်းကြီးထ၊ ကမ်းကိုမမြင်၊ ကျယ်ဝန်းကျင်သည်၊ မြစ်ခွင်ပင်လယ်မ၌၊ (----)၊ မဲနယ်ဟုဆို၊ စိမ်းစိမ်းညိုသည်၊ မြစ်ကိုမဲနက်ပါ၏။ ကြည့်ခီသော်ကြောက်ဖွယ်တည်း။ ငါးကြီးငါးဆင်၊ ငါးမန်းကျင်လည်း၊ များဖျင်အပုံဟိနှင့်၊ ရွှင့်တုံပြီးလာကြခါ၊ ရက္ခပူရ၊ မြို့ဥည၏၊ ဒေသနယ်ဝင်လာက၊ ရီရှိ့မှာဖြူဆွဆွ၊ ဆီးနှင်းစုံစီ၊ မှိုင်းမှိုင်းဝီသည်၊ တောင်ခြီကမ်းနားစကို၊ မြင်လတ်ကြတုံသောခါ၊ ဝမ်းသာအားရ၊ စားသောက်ကြ၍၊ လျှင်ဆွခတ်လာပါက၊ မြေငုံမှာဆံတော်ခါတ်၊ အဝီးကပင်၊ မှိုင်းမှိုင်းမြင်သော်၊ ကျွန်လျှင်ရှိခညွှတ်၍၊ ပူဇော်မှတ်တုံသောခါ၊ သောင်းသောင်းထိမ့်ဆူ၊ ဖွေးဖွေးဖြူသည်၊ နတ်လူသာထုခေါ် ၏။ ဖြားရီပေါ်ရွက်ဖြန့်တိုက်၊ မြေငုံဟုခေါ်၊ ထိုကျွန်းမော်ကို၊ ဟစ်ကြော်လီသင့်လိုက်၍၊ ပတ်ခါရစ်ခတ်ကြခါ၊ အင်းဝဟူတုံ၊ ထိုသဲခုံကို၊ ဖြားဆုံဝင်ကြပါ၍၊ ခုံဝမှာကျွန်းအလွတ်၊ နာမခေါ်ဆောင်၊ လီသျှိုင်းတောင်ကို၊ နံမျှောင်ဖယ်ခယ့်လွှတ်လျှက်၊ ကြော်ငြာကြခတ်လာခါ၊ ရှုကာမျှော်လျှက်၊ လက်ဝဲဖက်ကို၊ တချက်ကြည့်ခီပါက၊ မြို့စစ်တွေမှာအခိသ်မှတ်၊ အာကျပ်တော်လျှင်၊ ငါးမည်စင်သည်၊ သျှင်ပင်ဘုရားခါတ်နှင့်၊ ဗုဒ္ဓေါနတ်ရှိ့ကိုသာ၊ အဆင်းရွှီရောင်၊ ဝင်းဝင်းပြောင်သည်၊ မေ့မောင်မြင်ပါလတ်က၊ ဦးနှိမ်ချရှိ့ညွှတ်ခါ၊ ဖြီးချပ်ခေါ်ဆောင်၊ ပွဲကြည့်တောင်ဟု၊ မြင့်ခေါင်ပဗ္ဗတ၏၊ ဇွေထိပ်မအလယ်ပေါ်၊ မုတ်ဆိတ်တော်ခါတ်၊ သျှင်တော်မြတ်ကို၊ တန့်ရပ်ရှိဝယ်မျှော်က၊ ရှိပူဇော်ရှိညွှတ်တွား၊ လက်ဝဲဖက်မှာ၊ မြို့ချမ်းသာကို၊ မျှော်ကာကြည့်လတ်ငြားက၊ ဘုရားကျောင်းစေတီသာ၊ ဇင်းခါယူမှန်း၊ စျီးကြောင်းလမ်းနှင့်၊ ဆိပ်ကမ်းတန်းထားမှာလည်း၊ အံ့ဖွယ်သာရွှီမရ၊ ဆိုင်နှင့်ဒုက္ကံ၊ အိမ်ဗိမာန်လည်း၊ ကြက်ပျံပင်မကျတည်း။ ရောင်းဝယ်ကြများလူသျှင်၊ (----)၊ ဖွေးဖွေးဖြူသည်၊ ပြည်သူများဗိုလ်ပါနှင့်၊ ကျွန်ုပ်သာစိုက်ပျိုးငြား၊ ကွမ်းသီးအုံးပင်၊ ပိန္နဲပင်ဟု၊ ထန်းပင်သရက်များနှင့်၊ လွန်ဆန်းပြားသစ်တကာ၊ ဗိမာန်သာမော၊ ဥယျာဉ်တောကို၊ ထင်ရှားမြင်လတ်ပါက၊ ရွှင်ဝမ်းသာလွန်အားရ၊ ဌာနရပ်ရွာ၊ မြို့ချမ်းသာသည်၊ အိမ်မှာဆိုက်ရောက်ကြ၏။ ကျောက်ချကြ တုံပြီးခါ၊ အလျင်တဆွ၊ မောင်အလှကား၊ ချီကြွတက်လတ်ပါလျှက်၊ မေ့ထံမှာ ရောက်လတ်က၊ နှမချစ်စွာ၊ မောင့်ကြင်ရာသည်၊ သူဇာမနော်မသို့၊ ရိုတုတ်ကွမောင့်ထံမှာ၊ ထိုင်ကြဝန်းရုံ၊ ခြီတော်ခုံကို၊ ယူတုံကိုင်မပါလျှက်၊ ဂေါင်းထက်မှာယှက်တင်ထား၊ ဝတ်တွားရိုသေ၊ ကန်တော့ပေသည်၊ ရှုဖွယ်နတ်မပြားတည်း။ ဖြူညွှတ်တွားဆင်းကလျာ၊ ဆီးလိပ်ကွမ်းယာ၊ အဖြာဖြာကို၊ ထိုခါပီးကမ်းလာ၍၊ ကျွန်ုပ်မှာလူချစ်ရီး၊ နှမသူဇာ၊ လှကလျာက၊ ရွှီရင်ကျူး၍မွီးသား၊ ချစ်သားကြီးမောင်ရဲဘော်၊ ကြာဇံသမီး၊ ရှုမငြီးရို့၊ လျင်ပြီးခုန်ကာလာ၍၊ မွီးဘသာထံရင်းပါး၊ ချစ်သဲဟူသည်၊ သားနှစ်ထွေရို့၊ ဖက်လိုင်ဆွဲလာငြား၏။ မျိုးဆွီဝါးညာတိကာ၊ ပြည်သားရွာသူ၊ ဖွေးဖွေးဖြူမျှ၊ သျှင်လူများတကာလည်း၊ ရောက်ပေလာမောင်ကစ၊ ပုတီးမိတ္တာ၊ ဘာဝနာကို၊ များစွာသွန်းလောင်းကြ၍၊ ဦးလျှင်ချကန်တော့ခါ၊ အဖူးလက်ဆောင်၊ သိန်းသောင်းထောင်ဟု၊ များမြောင်ပီးဆက်လာ၏။ နတ်ဩဇာချိုမယွင်း၊ မွှီးခြင်းကြိုင်စွာ၊ အရသာသည်၊ ဂဏ္ဍာနို့ထမင်းဟု၊ ငါးဟင်းများတကာ၊ များစွာချက်ပြီး၊ သားသမီးနှင့်၊ မညီးဝန်းရံကာလျှက်၊ စားသောက်ခါတသောသော၊ ဖော်များခြံရံ၊ ပျော်မြူးစံသည်၊ မေ့ထံတော်ရင်းပါးလေး။

(၈) သုဝဏ္ဏပူရ၊ အယုဇ္ဇသည်ရမ္မာသာ၊ တိုင်းရက္ခာမြို့ဥည၊ ဗုဒ္ဓလေးဆူ၊ ပွင့်တော်မူသည်၊ လွယ်ကူဗျာဒိတ်ရသား၊ ဂစ္ဆပနဒီ၊ ရှိဆီအနောက်ဖက်၌၊ ထီးနန်းဆက်သည်၊ မပျက်အလီလီတည်း။

ပြည်ပူရီမည်သမုဒ်၊ ဒွေးဒသဟာ၊ မြို့နှစ်ရာတွင်၊ မှန်စွာနှစ်မျိုးဟုတ်သား၊ တည်ထောင်လုပ်ထိုစိုင်ခါ၊ စစ်တွေဒေသ၊ နဂရဟု၊ ရက္ခတိုင်းရပ်ရွာ၌၊ လူများစွာရွှင်ပျော်ပါး၊ မြို့ကစစ်တွေ၊ တိုင်းရပ်ပြည်တွင်၊ ကြင်သွယ်ငယ်မျောက်သားနှင့်၊ တူပျော်ပါးမောင်နှံ့စုံ၊ ရင်သွီးသဲကြား၊ သမီးသားကို၊ ရွက်ငြားချီမိုးရုံ၍၊ သလွန်ဘုံညောင်စောင်းထက်၊ နီလျှက်သာရွှင်၊ ဆွဲရစ်ကြင်သည်၊ ပုံသွင်ငှက်ဟသ်ာသို့၊ လွန်နှစ်သက်ရို့နှစ်ဖြာ၊ သဲချာဟူပြီး၊ သားအကြီးကို၊ ရည်မှီးနိဗ္ဗာန်ငှာလျှင်၊ သံသရာဖို့အကြောင်း၊ သျှင်သာမဏေ၊ ပြုတုံပေသည်၊ များထွေလူသိန်းသောင်းနှင့်။ သဃ်ာပေါင်းလူများဖျင်၊ ကြည်လင်ရွှင်လန်း၊ ရီစင်ဖြန်း၍၊ ထူးဆန်းသဘင်ဆင်လျှက်၊ တီးမှုတ်ကျင်တသောင်းသောင်း၊ စည်မောင်းခရာ၊ ဗောဒုဗ္ဗာသည်၊ သံသာတညောင်းညောင်းနှင့်၊ ဆွမ်းလောင်းလျှုဒါန်းကာ၊ ကျွန့်မှာသက်စု၊ သားမောင်ပုကို၊ သျှင်ပြုပီးလျှုပါက၊ နတ်တကာသျှင်လူများ၊ ကောင်းချီးပျော်ပျော်၊ သာထုခေါ်သည်၊ နှံ့ကျော်တိုင်းလုံးကြား၏။ ရွှင်ပျော်ပါးလွန်ဝမ်းသာ၊ မိတ္တာဆပွား၊ ရပ်လုံးသားရို့၊ သနားဂရုဏာနှင့်၊ ရိုညွတ်ခါရို့နှစ်ပါး၊ ချီကြွလက်ကိုင်၊ နံချင်းယှဉ်၍၊ တူပြိုင်မပြတ်လားလျှက်၊ ဥယျာဉ်တောလှည့်လည်ကာ၊ ရာမချရား၊ ပန်းစံကားသည်၊ ဆပ်သွားဇီသဝါနှင့်၊ ကြွက်နားသာပန်းထင်ရှား၊ ဒေါနအီးလှိုင်၊ မွှီးပျံ့ကြိုင်သည်၊ သီးခိုင်ပန်းများစွာကို၊ ရွီးချယ်ငြားကြိုက်ရာရာ၊ မောင်သာကိုင်ညွတ်၊ မေကဆွတ်၍၊ မပြတ်နိတိုင်းသာလျှင်၊ ကုံးသီကာတူတကွ၊ နှမနှင့်မောင်၊ ချစ်ပန်းဆောင်၍၊ ဦးသျှောင်ဂေါင်းပြည့်မျှလျှက်၊ ဖလှဲကာဆောင်းလျှက်သား၊ ဘုံညိုညောင်းစောင်း၊ သလွန်ကောင်းမှာ၊ လဲလျှောင်းတူစုံသာလျှင်၊ ဖော်များစွာခြံရံကြ၊ ဇေယျမင်္ဂလံ၊ အောင်ပွဲခံသည်၊ ဗုံသံတမြမြနှင့်၊ ဆင်ဝတ်ကြတူတန်းဆာ၊ ကြင်ရာသက်ထား၊ သားမယားနှင့်၊ ပျော်ပါးနီခြင်းရာကို၊ မြို့ရမ္မာကျွန်းမေခ၊ ဒွါရဝတီ၊ ငါးအင်ညီသည်၊ ပူရီမြို့ဧဟု၊ တိုင်းရက္ခကိုယ့်ရပ်ရွာ၊ ကြော်ငြာသတင်း၊ ပြည်လုံးချင်းသည်၊ မကွဲင်းကြားနှံ့ပါ၏။ မြို့ချမ်းသာနဂါရ၊ နီကြပါသည်၊ လျှုဒါရှိပုညလေး။

(၉) ပုညလျှုဆောင်၊ မေနှင့်မောင်သည်အိုအောင်သာ၊ ဆံတမ္ဘာမယွင်းခွ၊ သားလှသဲချာ၊ ချစ်လှစွာကို၊ ရှိကသံသရာတည်း။ ချီလားကြကြံစည်ကာ၊ ရထားဆင်မြင်း၊ ယာဉ်ခပင်းကို၊ စီးနင်းဆောင်ယူပါ၍၊ မောင့်ကြင်ရာသက်လုံးမျှ၊ ခြောက်ပြစ်လွတ်စင်၊ နတ်အသွင်သို့၊ ငါးအင်ညီညွတ်လှသား၊ အသခနတ်မနော်၊ သူဇာမပြား၊ ပမာလားသို့၊ နုထွားဆင်းရုပ်ဝါတည်း။ မေသဲချာငယ်မျောက်သား၊ လက်ဖျားကိုင်ယူ၊ ချီကြွထူ၍၊ အတူနံပါးထားလျှက်၊ သမီးသားပွားများစွာ၊ ဝန်းကာခြံရံ၊ ဖောင်လှီပျံနှင့်၊ လျှင်မြန်စီးတက်ပါ၍၊ တူရိယာစည်စောင်းညှင်း၊ သာခြင်းကဗျာ၊ မောင်းဒုပ္ပါနှင့်၊ ခရာဗုံလင်းခွင်းကို၊ ညံမကင်းတီးမှုတ်ကာ၊ နဒီမည်ရ၊ ဂင်္ဂါပကို၊ ဆန်ကြွခတ်လားပါက၊ လက်ဝဲမှာဆတ်ရိုးကျ၊ မင်းကုန်ပလီ၊ ကျွန်းငပြီကို၊ နောက်ဆီပါယ်လွန်ခ၍၊ သုံးလုဘမြတ်မွီတော်၊ ဦးရစ်တော်ခါတ်၊ စေတီမြတ်ကို၊ တရပ်ရှိဝယ်မျှော်ကာ၊ ရှိပူဇော်ရိုညွတ်ခ၊ ဖြားလည်းတက်ထွေ၊ လီသင့်ပေ၍၊ ခတ်လေတုံပြီးမှလျှင်၊ ရပ်ဒေသပြားကျွန်းသာ၊ လက်ပံပြားမော်၊ ကျွန်းခရော်ဟု၊ ဟစ်အော်သောင်းသောင်းငြာ၍၊ မောင်းခရာဗုံလင်းခွင်း၊ သာခြင်းဧသံ၊ တီးမှုတ်ပြန်သည်၊ ရွှီကျံလှီဝင်းဝင်းနှင့်၊ လှီတက်ခြင်းဆိုကာကာ၊ ဝမ်းသာပျော်ပါး၊ ခြံရံများနှင့်၊ သောက်စားတက်လားပါက၊ လက်ဝဲမှာ ကုလားပုန်း၊ ကျွန်းလုံးပတ်လွန်၊ ရွာဆင်ခြံကို၊ ကျူးလွန်ပါယ်ခယ့်တုံမှ၊ တအုံးအုံးခတ်ကြခါ၊ သူငယ်တော်ကျွန်း၊ ကျွဲခြံကမ်းကို၊ ဖြောင့်တန်းခတ်လားပါလျှက်၊ မင်းကန်သာ ဝင်လီမြောက်၊ စိမ်းမြညိုရောင်၊

ငါးခူးတောင်ကို၊ မေ့မောင်နိချင်းရောက်က၊ ပန်းပေါက်ပေါက် စွဲကိုင်ကာ၊ ကြင်ရာမျောက်သား၊ ငယ်မယားနှင့်၊ ချီကြွတက်လားပါက၊ မြတ်သျှင်တော်ငါးခူဓါတ်၊ များများမကွာ၊ တတိုင်သာတွင်၊ ပါးတော်စေတီမြတ်ကို၊ ပူဇော်ညွတ်တုံပြီးခါ၊ သေလာတလျှောက်၊ ဖြားရီရောက်သော်၊ ဝမ်းမြောက်ရွှင်မြူးကာနှင့်၊ ရီထဲသာနဒီမြစ်၊ ကူးလိုက်ခတ်ကာ၊ ရှိပြုပွါဝယ်၊ ကျွန်းမှာဌာနဖြစ်သား၊ ဟုတ်စင်စစ်ယုဂံချောင်၊ ကျိုန်းတောင်ညိုညို၊ ရွှန်းစိုစိုသည်၊ မိုမိုထွတ်မြင့်ခေါင်၌၊ သုံးလုဘောင် နှိုင်းတုလွတ်၊ ဓမ္မသဘင်၊ ကျိုန်းတော်ရှင်သည်၊ သျှင်ပင်စေတီမြတ်ကို၊ မျှော်မြင်လတ်တုံသောခါ၊ သဒ္ဓါပီတိ၊ ဂွမ်းဆီထိသို့၊ ပီဘိမြင်ကြခါမှ၊ ရို့နှစ်ဖြာမောင်နှမ၊ ဟတ္တဆယ်ဖြာ၊ ပဒုံကြာကို၊ ဂေါင်းမှာတင်ထားကြလျှက်၊ ဦးနှိမ်ချရိုညွတ်ကာ၊ ကျွန်းသာလှီထက်၊ မြစ်တဖက်က၊ နှစ်သက်ရှိပူဇော်၍၊ တီးမှုတ်ကာခြွီရံပေါင်း၊ ဒေသဌာနီ၊ ကျက်သရီဟု၊ ရွာမြီထိုသည်ချောင်းကို၊ တသောင်းသောင်းဟစ်ကြော်ငြာ၊ လျှင်စွာခတ်မြောက်၊ အိမ်တော်ရောက်က၊ ချောက်ချောက် ကျွန်းလုံးကျော်၏။ ရွှင်ဝမ်းသာသျှင်လူများ၊ ဆွိသားညာတကာ၊ မောင့်ထံမှာ၌၊ များစွာရောက်လာငြား၍၊ သွန်းလောင်းချဘာဝနာ၊ မိတ္တာဖြောင့်မှတ်၊ ရိုခညွတ်လျှက်၊ လုပ်ဝပ်ရှိခိုးလာ၏။ ဖူးဘဏ္ဍာဆက်သွင်းကြ၊ ဒါနဒီနံ၊ နိမကျန်အောင်၊ ညံညံအောင်ပွဲပြလျှက်၊ ပြည့်စုံထငါးအင်ညီ၊ ဝတ္တိမည်မှန်း၊ ကျိုန်းမြို့ကျွန်းဝယ်၊ မီးပန်းများစုံစီကို၊ ကြည့်တုံပြီမောင်နှမ၊ နီကြပါသည်၊ ကျိုန်းသာနာဂရလေး။

(၁၀) နဂရပူရံ၊ တောင်ယုဂန်သည်နောက်မှန်သာ၊ ထိုရပ်ရွာကျိုန်းဒေသ၊ စိမ်းမြညိုရောင်၊ ကျိုန်းမြင့်တောင်သည်၊ မြင့်ခေါင်ပဗ္ဗတကို၊ ကြည့်ခီကြတုံသောခါ၊ ဩဇာနရွဲ၊ ပင်ပိန္နဲနှင့်၊ ခမောင်းထောက်ကြာ၊ တောဗလာသည်၊ ဖာလာသစ်မှင်တောင်းနှင့်၊ ကြသောင်းဝါးကြခတ်သာ၊ မညင်းမှင်းကူ၊ သီးပွင့်ဟူသည်၊ ထန်းမူပိတ္တကာတည်း။ နန္ဒြာပင်မျောက်လှူပ်၊ သစ်ပုတ်နွယ်ချို ဇာတိဖိုဟု၊ ရှောက်ချိုချဉ်သပြုတ်နှင့်၊ သစ်ခလုတ်လက်ပံသာ၊ တမာရင်ခတ်၊ သစ်ကဝတ်သည်၊ သပွတ်သံဖရာတည်း။ မကျည်းသားအုံးလေညှင်း၊ ဒူးရင်းသပြီ၊ ပင်ညောင်ရီနှင့်၊ များထွိ သစ်အညင်းတည်း။ သစ်ပင်ချင်းစိုင်ကာကာ၊ သစ်ကနစိုး၊ သစ်ကတိုးဟု၊ ရဲရိုးပိတောက်မှာလည်း၊ ပွင့်ငုံအာလွန်ဆန်းပြား၊ သျှသျှားပြိုင်းစင်၊ ပြိုင်းကန်းကျင်ဟု၊ ပီပင်သဖန်းများနှင့်၊ ပင်ဆောင်းရှား သီးချိုချဉ်၊ ညောင်ချဉ်ဗောထီး၊ ချိုလှအီးသည်၊ ဓနိရီအုံးစသား။ အသီးခိုင် အလွန်လှ၊ ဝရစ်လွန်ပင်၊ နပျိုးပင်ဟု၊ ခေါ်တွင်ဝချိုင့်စသား၊ ချိုအီးမြသီးတကာ၊ သီးကပွားပုံ၊ ပင်မျိုးစုံသည်၊ ရဂုံပပ္ပတတည်း။ ရှုခီသော်စားဖွယ်တည်း၊ ပွင့်သီးတကာ၊ ပင်ရို့မှာလည်း၊ ယှဉ်ကာအကုန်ညှိသို့၊ သီးပွင့်ဖြာဖြာ၊ ရာသီဥတု၊ ချိန်ကိုလှု၍၊ မျှော်ရှုမင့်ပါတည်း။ သုံးလုချာမြတ်ဘုရား၊ ကိုယ်စားဓါတ်လျှင်၊ ကျိုန်းတော်ရှင်သည်၊ သျှင်ပင်တန်းခိုးအားကြောင့်၊ သီးပွင့်ငြားပင်တကာ၊ သူတော်အလောင်း၊ နီဖွယ်ကောင်းသည်၊ ချမ်းဆောင်းရိပ်သာယာနှင့်၊ မျိုးလေးဖြာသျှင်လူများ၊ ရောက်ငြားပျော်ရွှင်၊ ကိုယ့်ရပ်ခွင်ကို၊ ပြန်ချင်ပင်မဟိငြားတည်း။ လွန်ဆန်းပြားများသျှင်လူ၊ ရီမူသောက်ချိုး၊ အီးမြနိုးသည်၊ သွီးရိုးနို့နှင့်တူ၏။ နှိုင်းခိုင်းယူဂန္ဓဗ္ဗ၊ စိတ္တရကေလာ၊ ကုသိန္နာဟု၊ ပမာယွင်းခွတည်း။ ရွှင်လန်းကြလူတကာ၊ ပန်းနံ့သာလိမ်းကျံငြား၊ ဝတ်စားတန်းဆာ၊ ကြိုက်သည့်ငှာကို၊ ယူကာဆင်ဝတ်စား၍၊ လင်မယားမောင်နှံစုံ၊ သားနှင့်သမီး၊ ချစ်မညီးကို၊ ပွေ့ပြီးချီရွက်တုံလျှက်၊ များဗိုလ်ပုံတသောသော၊ လှီပွဲကျင်ကျင်၊ ပျော်မှုဆင်သည်၊ သဘင်လက်ပွဲများကို၊ ရှုကြည့်ငြားတုံသောခါ၊ ပိတောက်ပန်းမှာန်၊ ထီးတန်းခွန်နှင့်၊ ကျောင်းကန် လားကြပါလျှက်၊ လူများဖျင်ရီကစား၊ သောင်းကျွန်းဇမ္ဗူ မြရိပ်ငူဝယ်၊ ထိမ့်ဆူကျော်နှံ့ကြား၏။

ဖျိုးကြွယ်ပွားရတနာ၊ လိုရာသမျှ၊ ချင်တိုင်းရသည်၊ မာဃဝတ္တိသာသို့၊ ပြည့်စုံစွာလွန်ဆန်းပြား၊ မြောက်ခွင်ရင်မှာ၊ ပဒေသာတွင်၊ ဆွတ်ကာယူ၍စားသို့၊ ရွှင်ပျော်ပါးကျိန်းမြို့မြီ၊ ဘုမ္မိနက်သန်၊ မြီမျိုးမှန်သည်၊ ဂါမံကျက်သရီနှင့်၊ မျိုးကြင်ဆွိမေအလှ၊ နှမချစ်စွာ၊ ဆင်းကလျာနှင့်၊ လျှုဒါပီးစွန့်ငှလျှက်၊ နောက်ပုညနောင်သံသာ၊ ဆံမွှာမပြား၊ တူနှစ်ပါးသည်၊ ဖြစ်ငြားရလိုပါဟု၊ သမ္ဗုဒ္ဓါစိန္တေယျ၊ လူ့ဘချစ်သျှင်၊ ကျိန်းတော်ရှင်သည်၊ ဓါတ်လျှင်ရှိမုဒ်ဝဲ၌၊ ဦးနှိမ်ချပန်းပွင့်တင်၊ ကြည်လင်ရွှင်လန်း၊ ရွှိသက်န်းကို၊ ရက်ကန်းကပ်လှူကျင်လျှက်၊ နိတိုင်းပင်ရက်မပြတ်၊ ဒါနကုသိုလ်၊ မင်္ဂဖိုလ်လို၍၊ ကြည်ညိုအလှူဝတ်ကို၊ ပီးစောင့်မှတ်မောင်နှံ့စုံ၊ ရပ်ဘုံနဂရ၊ ကျိန်းဒေသဝယ်၊ သုခလွန်ပွါးပုံနှင့်၊ ပျော်ရွှင်တုံမောင်နှမ၊ နီကြပါသည်၊ ရပ်ရွာကိုယ့်ဌာနလေး။

(၁၁) ဌာနကျက်သရီ၊ ကျိန်းမြို့မြီသည်အံ့ဘွယ်သာ၊ ညာတိကာမိနှင့်ဘ၊ အလှနတ်သွင်၊ ရာသက်ကြင်သည်၊ ယင်းတွင်ဖွားမြော်ကြ၏။ ထိုဒေသတောင်ကိုပေ၊ ကျွန့်မှာသက်ထား၊ ငယ်မျောက်သားနှင့်၊ ချီလားကြည့်လည်ပါက၊ အံ့ဩဖွယ်လွန်ဆန်းပြား၊ သီးကားပွားပုံ၊ ပန်းမျိုးစုံသည်၊ ရဂုံထိုတောင်ဖျား၌၊ ဆပ်သွားဖူးအဝေယာ၊ ကြိုင်စွာကျက်ရုံး၊ သီးမျှော်ကုံးသည်၊ ဂမုံးကြိုင်အီးစွာနှင့်၊ ပန်းနော်နာပန်းထင်ရှား၊ ကွမ်းဖဲဆင်းဝီ၊ ငုံးရွှိပန်းချရားနှင့်၊ ပန်းဒေါန ချပ်တရာ၊ ခဝါထိုပန်း၊ ပွင့်နီလွန်းသည်၊ ခေါက်ရမ်းဇီသဝါနှင့်၊ ပန်းရွှိကြာမိုးစီပန်း၊ နှင်းပန်းသရဖီ၊ ဇော်ဂျီသည်ပန်းစံကား၊ ပန်းဒေါနသည်၊ ထူးစွကောက်စရီနှင့်၊ ပန်းနှင်းဇီအင်္ဂရင်း၊ ပုန်းညှင်းရွှိတူ၊ မဥ္ဇူပန်းခပင်းရို့၊ အပင်ချင်းမှီကာကာ၊ ရမာငုံးပန်း၊ ကြိုင်အီးချမ်းသည်၊ မွှီးလွန်းစလတ္တာနှင့်၊ ပင်မြင့်မှာသဇင်ပန်း၊ မြိုင်ပန်းလည်းဟူ၊ မအူညာစိမ်းပန်းတည်း။ ပေါက်ပန်းပွင့်ဖြူအနီ၊ စုံစိမရိုး၊ ပန်းတမျိုးသည်၊ မညိုးပွင့်ဝီဝီနှင့်၊ ကြာနီသည်ပန်းမြစ်ကိုင်း၊ ပင်တိုင်းသာကြည်၊ ပန်းစပယ်ဟု၊ ပွင့်သည်ဖြူမှိုင်းမှိုင်းတည်း။ ပန်းမြင်တိုင်းရှုဖွယ်သာ၊ မဟာလှေကာ၊ မြတ်လေးစသည်၊ ဖြူဆွပဒုံကြာနှင့်၊ ကြွက်နားသာပန်းခဝဲ၊ ပန်းရင်းများဟူ၊ မွှီးပျံ့ကြူသည်၊ ကြာဖြူစွယ်တော်ပန်းတည်း၊ ပွင့်လန်းလန်းပင်တကာ၊ သဲတော်ရင်ခတ်၊ သစ်ကဝတ်နှင့်၊ ပန်းမြတ်ပုန်းညှက်သာတည်း။ သင်းပုန်းခေါ်ကြိုင်အီးအီး၊ မုဂ္ဂါသနီ၊ လှမျိုးညီသည်၊ ဒန်းညီပင်ချင်းစီး၍၊ ပွင့်တုံပြီးရှုဖွယ်သာ၊ ကြာပုဏ္ဏရိတ်၊ ကြာတံဆိတ်သည်၊ လှုံမြိတ်ရောင်ဝင်းဝါနှင့်၊ ဆူးပန်းသာကြာခေါင်းလောင်း၊ ပန်းကောင်းခေါ်ဆို၊ အောက်မဲညိုဟု၊ ခေါ်ဆိုထိုပန်းပေါင်းရို့၊ ပွင့်တုံသျှောင်းစိမ်းညိုပြာ၊ ရွှမ်းရွှမ်းစိုသည်၊ နှစ်လိုရှုဖွယ်သာတည်း။ ရဲနီစွာတောင်ကြက်မောက်၊ ပွင့်မြောက်တုံပါ၊ ပန်းတကာသည်၊ ချိန်ခါဥတုရောက်က၊ ပြည်ရွာများ အီးကြိုင်ကြိုင်၊ ဂနိုင်သာမော၊ ကျိန်းတောင်တောဝယ်၊ ဖျင်ပွားခက်ချင်းဆိုင်၍၊ ပင်ချင်းရိုင်ရွှိမရ၊ ပွင့်ကြများစွာ၊ တောင်မြတ်သာ၌၊ သင်္ချာအနန္တတည်း။ ကုံးသီထားနည်းအတူ၊ ရာသီပြောင်းကြွ၊ ချိန်ကာလဟု၊ မာသအားကိုယူ၍၊ ပွင့်ကြမူထိုတောင်ပါး၊ မကွာတူပြိုင်၊ နံ့ချင်းယှဉ်လျှက်၊ ညွှတ်ကိုင်ဆွတ်ယူငြား၍၊ မြတ်ဘုရားကျိန်းတော်သျှင်၊ သျှင်ပင်ဗုဒ္ဓ၊ ထံရင်းခသည်၊ ဂူဝထဲသို့ဝင်လျှက်၊ ဂေါင်းထက်တင်ရိုတုတ်ကွ၊ ပုညကမ္မာ၊ နောင်သံသာဝယ်၊ ကျင်လည်ရာရာဘဝ၌၊ တူတကွမောင်နှံ့စုံ လူ့ဘုံနတ်ရွာ၊ ဆက်များစွာဝယ်၊ ချမ်းသာသုခဘုံနှင့်၊ စံကြတုံမောင်နှမ၊ ဖြစ်ရပါလို၊ စိတ်ကြည်ညိုဖြင့်၊ ပန်ဆိုဆုတောင်းကြ၍၊ ရီစက်ချတုံပြီးခါ၊ သက်သီပြုထား၊ နတ်ရို့အားလျှင်၊ တိုင်ကြားပြုခယ့်ပါမှ၊ ခြံရံကာဖော်ရွှိများ၊ သန်လျားထမ်းစင်၊ မြင်းနှင့်ဆင်ကို၊ ယာဉ်ရှင်စီးတက်ငြား၍၊ ရွှင်ပျော်ပါးတီးမှုတ်ကာ၊ ဌာနရည်မှန်၊ အိမ်ဗိမှာန်သို့၊ လှည့်ပြန်လာလတ်ပါလျှက်၊ ဆိုက်ရောက်ခါရွှာဂါမ၊ ပျော်ပွဲသဘင်၊ ပွဲကြီးဆင်၍၊

နိပင်မကင်းကြတည်း။ ဝသန္တပစ္စုန်လွန်၊ သီလစောင့်မှတ်၊ ဝါလကျွတ်သည်၊ ဆန်းထရောက်လတ်ပြန်က၊ ထီးတန်းခွန်မုလေးပွါး၊ ဘုရားလက်ဆောင်၊ ထမင်းထောင်နှင့်၊ များမြောင်အဖြာဖြာကို၊ ကိုင်ယူငြားလာသောခါ၊ ငယ်လင်မယား၊ သမီးသားနှင့်၊ ဝတ်စားဆင်ယင်ပါ၍၊ တူစုံသာရွှင်ပျော်ပါး၊ တရားကုသိုလ်၊ ဆည်းပူးလို၍၊ ကြည်ညိုလွန်ဆပွားကာ၊ ဆီမီးတန်းဆောင်၊ သုံးလုဘောင်ဝယ်၊ ပြောင်ပြောင်ညှိထွန်းပါလျှက်၊ သာထုခေါ် ဝါလည်းကျွတ်၊ ဧသံသီကာ၊ လသာသာတွင်၊ ကြော်ငြာလက်ခုပ်ခတ်၍၊ ညဥ့်လုံးပြတ် မအိပ်ပါ၊ သျှင်လူအများ၊ ကျိန်းမြို့သားရို့၊ သောသောရုရုဆာလျှက်၊ တူရိယာ အသွယ်သွယ်၊ ဗောပ္ပီလင်းခွင်း၊ စည်မောင်းညှင်းကို၊ တီးခြင်းအံ့သြဖွယ်တည်း။ ရခိုင်ပြည်အလယ်ဆိပ်၊ စိမ်းမြညိုရောင်၊ ကျိန်းမြင့်တောင်ဝယ်၊ ခါတ်ရောင်လျှံမြိတ်မြိတ်နှင့်၊ ပြည်မွှန်ဆိပ်ရိပ်သာယာ၊ သူတော်သူကောင်း၊ သူမြတ်လောင်းရို့၊ ကိန်းအောင်းမွှိပျော်ပါသား၊ ကျိန်းမြို့ရွာကျိန်းဒေသ၊ နာမဂါမီ၊ ကျက်သရီဟု၊ အောင်မြီတိုင်းရက္ခာတည်း၊ ထို့ဌာနများသျှင်လူ၊ ဆာပူကင်းပျောက်၊ ချမ်းသာရောက်သည်၊ စွဲမြောက်သီလယူ၍၊ ကျွန်ုပ်မူမောင်နှမ၊ ပြည့်လှငါးအင်၊ လွန်များဖျင်သည်၊ လိုချင်တတိုင်းရ၍၊ တူတကွမြူးရွှင်စံ၊ သလွန်ဘုံထဲ၊ လိုင်ချင်းတွဲ၍၊ ရစ်နွဲ့ရာသက်နှံ့နှင့်၊ တပွင့်ဆံမယွင်းခွ၊ အလှကြင်ရာ၊ မေချစ်စွာနှင့်၊ ချစ်ခင်ကြတူမကွာ၊ သဲချာနှစ်ပါး၊ သမီးသားနှင့်၊ ပျော်ပါးနီကြပါသည်၊ မြို့ရွာကျိန်းဒေသမှာတည်းလေး။

## မဟာဝိဟိံက ရခိုင်ရာဇဝင်လင်္ကာ
### (ဒွါရာဝတီ လမုချောင်းဆရာကျော်မဲ)

နမောတဿ ဘဂဝတော အာရဟတော သမ္မာသမ္ဗုဒ္ဓဿတိ

(၁) ဇေယျံအောင်ထွန်း၊ ဤတောင်ကျွန်း၌၊ ဦးစွန်းလုထွတ်၊ သုံးလုနတ်လျှင်၊ ကိုးရပ်နဝဂုဏ်၊ ထက်အောက်ချုံ၍၊ ဆန်တုံတက်လှစ်၊ ဇာတိခေတ်ဟု၊ စင်စစ်တည်လျှောင်း၊ တိုက်တသောင်းကို၊ လင်းကြောင်းထွန်းလျှံ၊ ညာဏ်တော်သန်သား၊ ဆရံသိတော်၊ ခြောက်ရောင်ကျော်သည်၊ သျှင်တော်လုဆွေ၊ သမ္ဗုဒ္ဓေကို၊ ဖြိုးဝေပန်ဆင်၊ ဦးထိပ်တင်လျှက်၊ သုံးခွင်လုဘ၊ မုနိန္ဒ၏၊ ဟောထဓမ္မကွန်၊ တရားမှန်ကို၊ မကျန်လုံးချုံ၊ ပူဇော်ကုမ်၍၊ ကြည်ယုံစေတနာ၊ ပြုကုမ်ပါ၏။ မဂ္ဂဖလ၊ သင်္ခါစသည့်၊ ပွားပြည့်များစွာ၊ အရိယာသာဝါ၊ ရဟန္တာကို၊ သဂါရဝေ၊ ဝန္ဒိတေဖြင့်၊ ကြီးထွေဂရုဏ၊ မိနှင့်ဘကို၊ ထပ်ကာပန်ထွာ၊ ရှိခိုးပါ၏။ ငယ်ခါသင်ထ၊ ဆရာစသား၊ များလှပဏ္ဍိ၊ ပညာဟိအား၊ ဦးရှိကြည်နူး၊ ပူဇော်ကျူးမှ၊ ပေါ် ဦးကျွန်းချာ၊ ဤကမ္ဘာထက်၊ ရက္ခပူရ၊ မည်နာမဖြင့်၊ ဓညဝတီ၊ လေးဌာနီနှင့်၊ ဤရခိုင်ပြည်၊ တိုင်းရပ်စည်၌၊ ဖြစ်သည်ထင်ရှား၊ မင်းအများအား၊ မှတ်သားစီချင်၊ ရာဇဝင်ကို၊ ဆင်သွယ်နိဒါန်း၊ လင်္ကာညွှန်းအံ့၊ ရဟန်းပုဏ္ဏား၊ မျိုးလေးပါးရို့၊ သင်ကြားစိမ့်ငှာ၊ ထုတ်ဆိုမှာသည်၊ နောင်လာလူရို့တတ်လိမ့်တည်း။

(၂) တတ်လိမ့်သောသူ၊ မှတ်စိမ့်ယူ၍၊ နောင်မူပဏ္ဍိ၊ သိကုမ်ဘိလော့။ အဂ္ဂဥဒ၊ ဝါတပဟု၊ လောကသုံးပါး၊ ပျက်ဖန်များလျှက်၊ တခြားမှန်လှ၊ တေဇောတဖြင့်၊ ပဌမသုံးရွာ၊ မိုးဗြဟ္မာ၏၊ ဘုံသာတိုင်းအောင်၊ မီးဖြင့်ဆောင်၍၊ လောင်သောအခါ၊ သတ္တဝါရို့၊ ကြမ္မာဖန်ထွေ၊ မိုးကြီးစွေ၍၊

ကုဋေတသိန်း၊ ကျော်လွန်ဟိန်းလျှက်၊ ရီကိန်းစကြာဋ္ဌာ၊ ပေါ်သောခါ၌၊ စိုင်ကာဘုန်းကောင်း၊ ရှိတွက်လျှောင်းက၊ အပေါင်းရှုပ၊ သောဠသတွင်၊ နာမပညတ်၊ အတ္တပွတ်ဖြင့်၊ ဥပ္ပါဒ်တင်ပြ၊ ဖြစ်ကုမ်ကြသော်၊ ကမ္ဘကပ္ပဒ္ဓိ၊ တန်ခိုးဟိ၍၊ များဘိကိုယ်ရောင်၊ တပြောင်ပြောင်လျှင်၊ မိုက်မှောင်ပျောက်ကွယ်၊ ကောင်းခင်လယ်၌၊ ငှက်နှယ်ဝဲပျံ၊ ကွန့်မြူးစံ၏။ မိုးယံထက်မှ၊ သက်လာကျမူ၊ ရှိတွက်မယွန်း၊ သင်္ချာမှန်းသော်၊ ခြောက်သန်းသုံးသိန်း၊ မှန်မယိမ်းလျှင်၊ တွက်ကိန်းဗြဟ္မာ၊ ရောက်ကုန်လာ၏။ ဒီပါစတု၊ ကျွန်းလေးခုဝယ်၊ ခေါ်မှုတွင်ညီ၊ လက်ယာနီသည်၊ သပြီဇမ္ဗူ၊ ငါးဆူလှလှ၊ ကုမုဒ္ဒကို၊ ဆွတ်ကြလျှင်စွာ၊ ယူပြီးခါမှ၊ ဗြဟ္မာသက်ရှည်၊ ဇာနည်သည်ရို့၊ မှတ်ရည်ကုန်ကြ၊ ဤကပ္ပကား၊ ဗုဒ္ဓငါးဆူ၊ ပွင့်တော်မူအံ့။ ယူတုံနမိတ်၊ တြင်းတိတ်ဖြင့်၊ တံဆိပ်ခတ်ကာ၊ ဘွဲ့နာမာမူ၊ မဟာဘဒ္ဒ၊ ကမ္ဘာမဟု၊ မှည့်ကြပြီးခါ၊ မိုးရပ်ချာသို့၊ ထွက်ခွါလုံးချို၊ ပြန်လျှင်းကုမ်သည်၊ လုဘုံဌာနဖြစ်စိမ့်တည်း။

(၃) ဖြစ်စိမ့်ဌာန၊ အာဘဿဟု၊ မိုးဝဘုံမှ၊ သက်လာကျသည်၊ ကမ္ဘဥတကာ၊ ဩဘာသက၊ ဥတုဇဟု၊ တိက္ခကဿိ၊ အမည်ဟိသား၊ ခေါ်ဘိတွင်မြောက်၊ အရောင်တောက်သည့်၊ လေးယောက်ဗြဟ္မာ၊ ကျွန်းဒီပါကို၊ လေးဖြာဝိစု၊ အပိုင်ပြု၍၊ ကြီးထုမှန်စွာ၊ မြီဩဇာနှင့်၊ ရသာနွယ်ချို၊ ဆိမ့်မျိုးကိုလျှင်၊ နှစ်လိုသောတိ၊ ဖြစ်ပြန်ဘိ၍၊ သာလိပတ္တာ၊ လွှရှုရှုကို၊ စားကြသော်အား၊ ရန်မက်ပွား၍၊ ကိုယ်သားရောင်ဝါ၊ ဟိသောခါ၌၊ ကမ္ဘာဦးသူ၊ မှောင်မိုက်ထူလျှက်၊ အူအူသောင်းသောင်း၊ လင်းဆုတောင်းသော်၊ လူပေါင်းပုညာ၊ ကုသလကြောင့်၊ သက္ကရာဇာ၊ သတ္တိသာဟု၊ ဦးစွာတည်မှ၊ တပေါင်းလသည်၊ ပြည့်ထတိထိ၊ ပုဏ္ဏမိဝယ်၊ သောရီဒိဝါ၊ နိမြတ်စွာ၌၊ ရတ္တိယာခေါ်၊ သန်းခေါင်ကျော်၍၊ စွန်းပေါ်ခါမှိ၊ တရီရီသည်၊ အညီရောက်က၊ ထိုကာလ၌၊ သူရိယစန္ဒာ၊ ကြယ်တာရာရို့၊ ပေါ်လာထွန်းတက်၊ တပြိုင်နက်လျှင်၊ ပြက်ပြက်ထင်၍၊ ကောင်းခင်ထက်က၊ သက်ကျင်ကြမူ၊ ရှင်ပသာယာ၊ ဟိသောခါ၌၊ ဗြဟ္မာလေးပါး၊ လောဘအားကြောင့်၊ အများစည်းဝေး၊ ကွပ်အုပ်ကဲသော်၊ ခပဲများလူ၊ ကမ္ဘာသူရို့၊ ငြင်းမူသကန်၊ မလွတ်ပြန်ဘဲ၊ ဧကန်မုက္ခ၊ နီကုမ်ရသည်၊ ခြင်းထမကျန်နှစ်သိမ့်တည်း။

(၄) နှစ်သိမ့်မကျန်၊ ခိုက်ရန်ပူဆာ၊ ဖြစ်ကြရာတွင်၊ ဗြဟ္မာအဘသ်၊ သရနတ်ရို့၊ ရောက်လတ်သောခါ၊ လုခန္ဓာလျှင်၊ နဝါအသစ်၊ အမှန်ဖြစ်၏။ ပြုလစ်မယွန်း၊ တွက်စစ်ထွန်းသော်၊ တကျွန်းကိုးယောက်၊
ဆိုကုမ်မြောက်၏။ အထောက်သင့်ကြိန်၊ ဣတိလိင်နှင့်၊ ပုလ္လိင်ပေါ်က၊ သံဝါသသည်၊ ပေါင်းကြပြုမြောက်၊ ဒွေးစုံရောက်၍၊ လေးယောက်ဗြဟ္မာ၊ မျိုးလေးဖြာဟု၊ မည်သာခံကြ၊ ပြုပြီးမှလျှင်၊ လှပသာယာ၊ မြို့များစွာကို၊ ကုသာဝတီ၊ ပြည်ပူရီ၌၊ အညီအညာ၊ တည်ကုမ်ပါ၏။ သစ္စာပွင့်ထန်၊ ကက္ကုသံဟု၊ ဘုန်းလျှံအလောင်း၊ နတ်မင်းကောင်းလျှင်၊ လျှင်ကြောင်းမကြာ၊ သက်တုံလာ၍၊ ကျင့်ရာစုံစီ၊ ပါရမီကို၊ အညီမှန်စွာ၊ ဖြည့်အံ့ငှာဟု၊ ရောက်လာဖြစ်ထ၊ ပုရိသရို့၊ ရာဇဘိသေ၊ ခံတုံပေမှ၊ ညာဏ်ဝေသမ္ဘာ၊ ဘုန်းတေဇာနှင့်၊ မဟာသမတ၊ ခေါ်တွင်ကြချင့်။ မြတ်လှရသေ့၊ ကျင့်ချမ်းမြေ့စွာ၊ ဖြစ်သည့်အားဖြင့်၊ တပါးသောသူ၊ ရသေ့မူ၍၊ လူဟူသစ်ပင်၊ ဖြစ်ကြောင်းထင်နှင့်၊ ခေါ်တွင်သတ္တဝါ၊ မည်ရေမှာကို၊ ကမ္ဘာစောင့်နတ်၊ ရသေ့မြတ်က၊ ဟောရပ်သာယာ၊ ဆိုကုမ်ပါ၏။ အခါကာလ၊ ဟူသမျှလည်း၊ ဝရဘူပတိ၊ ခေါ်တွင်ဘိသား၊ မင်းဟိတိုင်းဘောင်၊ သိကြားဆောင်၍၊ ထို့နောင်တဖန်၊ စျာန်နှင့်ပျံသည်၊ ဂဝမ္ပတိ၊

ထေရ်ဘုန်းဟိလျှင်၊ ဣသိသျှစ်သောင်း၊ လေးထောင်ပေါင်းနှင့်၊ ကျမ်းဟောင်းဗေဒင်၊ လှည့်လည်ပျင်ကာ၊ များဖျင်သူအား၊ ကျိုးစီးပွါးကို၊ လျှင်လျားဆောင်ထွေ၊ နှစ်ရှိပေသော်၊ ကုဋ္ဌေကိုးသန်း၊ မကထွန်းတည်း၊ မယွန်းလှည့်လည်၊ လုသက်ပေကား၊ ကိုးကုဋ္ဌေသကြစ်၊ မြင့်ကြာဖြစ်သည်၊ ကျော်လှစ်မင်းနှယ်သက်ရောက်တည်း။

(၅) သက်ရောက်မင်းနှယ်၊ ထိုခါဝယ်၌၊ ဘုန်းကြွယ်သမ္ဘာ၊ မင်းသားလျှာမူ၊ မဟာဘူပတိ၊ ဖြစ်တုံဘိ၍၊ နွယ်ဟိစိုင်လာ၊ သည်နောက်မှာကား၊ သဲချာဘူပတိ၊ ဖြစ်တုံဘိ၏။ ထွန်းညီးသာလှ၊ ကြီးတေဇဖြင့်၊ ဝရဘူပတိ၊ စိုးအုပ်ပြီးခါ၊ ဘုန်းဟိမင်းလှ၊ သုဝဏ္ဏနှင့်၊ ဝရသုဝဏ္ဏ၊ တေဇနက၊ ဝရတေဇနာ၊ ဆက်ပြန်လာ၏။ မည်သာခေါ်ထွေ၊ သုန္ဒရေတွင်၊ ဖွားပေမျက်နှာ၊ မြင်တုံပါသား၊ ဥက္ကရာဇ်နွယ်၊ သားပုတ္တေကို၊ မဟေသရာ၊ နတ်ဒေဝါ၏၊ သဲချာစံသီး၊ ချစ်သမီးဟု၊ ထွန်းညီးရောင်မြ၊ နာမရမူ၊ သုဝဏ္ဏသမ္ဘာ၊ နှင့်သင့်ရာဝယ်၊ တေဇာကြီးဘိ၊ တန်ခိုးဟိသည့်၊ သမုတ္တိဒေဝ၊ သားတော်လှကို၊ ဖွားထပြီးသော်၊ ပရမီသွာ၊ နတ်ရာဇာ၏၊ စိတာသမီး၊ ထိန်ညီးသာလှ၊ သုဂန္ဓကလျာ၊ မိဒေဝါနှင့်၊ ဃာရာဝါသ၊ အိမ်ထောင်ချ များလှခြံရွေ၊ မင်းပြုပေသော်၊ မဟေသရာ၊ နတ်မြတ်စွာနှင့်၊ တေဇာထွန်းဘိ၊ ကြီးဣဒ္ဓိဖြင့်၊ ပရမီသွာ၊ နှစ်ယောက်လာ၍၊ ဒွါရာဝတီ၊ မြို့သိင်ဂီကို၊ စုံညီပြည့်ထ၊ သမုတ်ချကာ၊ ညေဝတီ၊ ဝေသာလီဟု၊ ခေါ်ညီထင်ပေါ်၊ ဟိုးဟိုးကျော်သား၊ မြို့တော်ရမ္မာ၊ ပူရာစသည်၊ ၄၁နသာစည်၊ လေးမြို့တည်၏။ ပတ်လည်တချို့၊ လေးထောင်ရို့ကား၊ ရာကိုးဆယ့်သျှစ်၊ ဖြစ်တုံလှစ်ကာ၊ တလှစ်ပြင်မြို့၊ လေးထောင်ရို့ကို၊ လုပ်ဖို့နတ်များ၊ ရောက်လာအားသည်၊ မင်းဖျားဘုန်းတော်တောက်ထွန်းတည်း။

(၆) ထွန်းတောက်ဘုန်းတော်၊ တန်ခိုးကျော်သား၊ ပြိုင်ဘော်မဲ့ငြား၊ ရန်မျိုးယှားသည်၊ မင်းဖျားဘူပါလ၊ သားတော်လှကား၊ ဝရဘူပါလ၊ နရိန္ဒတည်း။ ဝရနရိန္ဒာ၊ စိုးပြန်လာမူ၊ သမ္ဘာရင်ထိန်၊ ချမ်းရိပ်ငြိမ်ပြီး၊ မဟိပတိ၊ ဆက်ပြန်ဘိ၏။ ဘုမ္မိတွင်ထ၊ သားမင်းလှမူ၊ ဝရဘုမ္မိဇေယျ၊ မင်းမြတ်လှတည်း။ ဣဝလောကာ၊ ဤလုရွာ၌၊ ကမ္ဘာစောင့်နတ်၊ ရသေ့မြတ်ရို့၊ မိန့်လတ်သရော၊ ဖော်ထုတ်ဟော၏။ ခတ္တိယောတိ၊ အမည်ဟိသား၊ ဘုမ္မိပါလာ၊ စိုင်ဆက်ကာဖြင့်၊ နရဒိပ္ပ၊ နရိန္ဒဟု၊ ခေါ်ထထင်ရှား၊ လေးမည်အားကို၊ မှတ်သားမုက္ခ၊ ခံကုန်ကြလျှက်၊ ရှိကများစွာ၊ မင်းတကာရို့၊ ဒိဌာနုဂ္ဂတိ၊ အစဟိသား၊ ကျင့်ဘိတရား၊ သင်ဆိုကြားမှ၊ တိုင်းကားပြည်ရွာ၊ ခွန်ဘဏ္ဍာမူ၊ တရွာတခု၊ ကောက်ယူမှုဖြင့်၊ ပြုစုကျွေမွီး၊ သားမြီးအသွင်၊ ချစ်ကြခင်လျှက်၊ ကျင့်စင်တရား၊ ဆယ်ပါးအားကို၊ မမှားစောင့်ယှောက်၊ ဖြစ်တုံမြောက်၏။ ထိုနောက်မှလျှင်၊ ဘိဇ္ဇောသရ၊ မင်းပြုကလည်း၊ မြတ်လှထေရ်ပုံ၊ တန်းခိုးထန်သည်၊ ဂဝမ္ပတိ၊ ဈာန်ဣဒ္ဓိဖြင့်၊ ဣသိသျှစ်သောင်း၊ လေးထောင်ပေါင်းနှင့်၊ နတ်ကောင်းစန္ဒိ၊ သုန္ဒရီဟု၊ ပရမီသွာ၊ တတ်ပညာနှင့်၊ ဝိဇ္ဇာဂျော်ဂျီ၊ ကျမ်းဗာဟီဖြင့်၊ ပါဒ်ဗိဇနာ၊ ပြန်ခရာလျှင်၊ ပိဿာစိုက်မှောင်း၊ လုပ်တုံလျှောင်း၏။ အပေါင်းသိရစ်၊ ကောင်းခြင်းဖြစ်သည်၊ လက်သစ်အင်္ဂုလော၊ နန်းမယောတည်း။ ပြန့်ပြောထိုမှ၊ နာဂရဟု၊ မြို့ပြပစွင်၊ ထိုမင်းတွင်ကား၊ သတင်းညာကြီ၊ ကျွန်းသပြေ၌၊ သုန္ဒရီနတ်၊ ခေါ်တွင်မှတ်သား၊ မြတ်မိဘုရား၊ တွင်ဆပွားသည်၊ မင်းသားတကျိတ်ခြောက်ယောက်တည်း။

(၇) တကျိတ်ခြောက်ယောက်၊ မင်းသားမြောက်တွင်၊ ကျော်ချောက်ဝှန့်ဝှန့်၊ ကျွန်းလုံးနှံ့သိ၊ သမုတ္တိဒေဝ၊ သားတော်လှကို၊ ရမ္မဝတီ၊ ပီးနှင်းလီ၏။ သိင်ဂီရောင်လျှပ်၊ ဗြဟ္မဒတ်အား၊

မည်မှတ်အောင်ချာ၊ ပြည်သာယာမူ၊ ဗာရာဏသီ၊ ပီးတုံလီ၏။ ခေါ်ညီတွင်ဘိ၊ သမာဓိအား၊ နှံ့သိကြော်ငြာ၊ ထင်ရှားစွာသည်၊ ကုသဝတီ၊ ပြည်ပူရီတည်း။ နောင်ညီထွန်းလှာ၊ မင်းသားမှာကား၊ သမဝတ္တာ၊ ပြည်ပူရမူ၊ သာလှနဂိုရ်၊ ရာဇဂြိုဟ်တည်း။ ဘုန်းပျိုထွန်းပ၊ သမ္ဘဝကား၊ ပြည်မိတိလာ။ သာခနောကား၊ အယုဇ္ဈပူရ၊ စိုးပိုင်သ၏။ သုဝဏ္ဏတွင်ဘိ၊ သားဘုန်းဟိကား၊ ဟတိဗလ။ သုဒ္ဓိယမူ၊ အဇ္ဈရဝတီ၊ ပြည်ပူရီကို၊ စိုးပြီးအုပ်ထ၊ သူဘာဝမူ၊ ဧကစက္ခု၊ မှတ်ကြပြုလော့။ ပျိုနုရွယ်လှ၊ သုဂန္ဓလည်း၊ စိုးရအညီ၊ ကောသမ္ဘီတည်း။ ထိုပြီးမှန်စွာ၊ ဖလဝါကား၊ ဂန္ဓာကောဇ္ဈ။ အဌရမူ၊ ခေါ်ကြဗိုလ်လူ၊ သိနှံ့ဟူသည်၊ ရာဇပြည်သာ။ သဥ္စဘာကား၊ စမ္ပာနဂရ။ သူဘာဝမူ၊ တက္ကသီလာ။ မန္ဒပ္ပါလည်း၊ ကုသန္နာရ။ သူရန္ဒကား၊ သတ္တိလတည်း။ ရှိထတုံမြောက်၊ တကျိတ်ခြောက်ကို၊ တယောက်တပြည်၊ ပီးကြသည်တည်း။ ပတ်လည်ဝန်းလှည့်၊ ရှိတွက်ခယ့်သော်၊ သျှစ်ဆယ့်ငါးသွယ်၊ မြို့ရို့ဝယ်နှင့်၊ ပေါင်းလွယ်ဇေ့ဌ၊ ရောနှောကြသော်၊ တရာ့တမြို့၊ အင်မချို့သည်၊ မင်းရို့ပြည်ရွာ တည်မြောက်တည်း။

(၈) တည်မြောက်ထိုသို့၊ သားများရို့တွင်၊ ပြည်မြို့အရာ၊ ပျော်ဖွယ်သာသည်၊ ရမ္မာဝတီ၊ ပြည်သိင်ဂီကို၊ ခေါ်ညီတွင်ဘိ၊ အမည်ဟိသား၊ သမုတ္တိဒေဝ၊ ရာဇညဟု၊ မင်းလှသားကြီး၊ ဆောင်းရှိထီးနှင့်၊ စိုးပြီးထိုခါ၊ဘုမ္မိပါလ၊ ကျော်လျှက်ပြသော်၊ ဝရဘုမ္မိပါလ၊ နရိန္ဒတည်း။ ဝရနရိန္ဒ၊ စိုးပြီးမှလျှင်၊ မဟိန္ဒပတိ၊ ရာဇတိဟု၊ ဘုန်းဟိလွန်မှ၊ ရှိနန်းမဥ္ဇ၊ ဝရမဟိန္ဒပတိ၊ စောသီရိသည်၊ ဘုန်းဟိရသေ့၊ ကျင့်ချမ်းမြေ့ဘိ၊ နတ်ကိုတွိသော်၊ မန္တရအောင်၊ ပင့်ချီဆောင်မှ၊ နောက်နောင်လူများ၊ မျိုးလေးပါးရို့၊ မှတ်သားဝိခြမ်း၊ ဆံခြည်နှမ်းက၊ တနန်းမုယော၊ အင်္ဂုလောတိ၊ မုဒ္ဒေါအထွာ၊ အတောင်သာနှင့်၊ ရှည်စွာအလျား၊ နွားလားဥဿဘ၊ တွန်သံခသား၊ ဂါဝယူဇနာ၊ ဤသင်္ချာကို၊ ရှိကာများမြောင်၊ ချင့်တွက်ဆောင်၍၊ မင်းခေါင်နရိန္ဒ၊ ကျင့်ရိုးပြသား၊ ရှိကဖြစ်ငြား၊ မင်းအများလျှင်၊ ပုဏ္ဏားအကျင့်၊ ထိုကိုချင့်၍၊ မသင့်အပ်စွာ၊ ယှောင်ပယ်ခွာလျှက်၊ ဆယ်ဖြာတရား၊ စောင့်တုံငြားမှ၊ လေးပါးဂတိ၊ ဖြောင့်မတ်သိ၏။ ရဘိယာဥ်ရှင်၊ ငါးပါးပင်တည်း၊ စိုးကျင်လီရ၊ ထိုမင်းကသည်၊ စ၍ရှိလျှင်၊ အစိုင်ပင်တည်း၊ ကျင့်အင်မြဲမြဲ၊ မချွတ်လွဲဘဲ၊ ဆကဲတထွေ၊ အသင်္ချေလျှင်၊ ကုဋေချင့်မှန်း၊ ကိုးသိန်းထွန်းကာ၊ ထီးနန်းစိုးမှန်၊ မင်းများလွန်သည်၊ ဆယ်ပြန်အစိုင်ရိုး၏တည်း။

(၉) ရိုး၏အစိုင်၊ နန်းသက်ယှဉ်၍၊ ကောင်းယိုင်အမှန်၊ မင်းများလွန်မှ၊ ပြည်မွန်ပူရ၊ ဗာရဏဥ္ဇ၊ ရာဇဝံသာ၊ အန္ဒယ်လာသည်၊ မဟာသာဝနာ၊ မင်းရာဇာလျှင်၊ ဒိပ္ပတောင်ငူ၊ ကျွန်းဇမ္ဗူနှင့်၊ ချင့်ယူမှတ်ဖွယ်၊ တွက်ကျုံးသွယ်သော်၊ ကျွန်းငယ်ငါးရာ၊ အရံပါသား၊ များစွာရပ်ရွာ၊ ဘဏ္ဍာသိမ်းယူ၊ စိုးတော်မူ၏။ ဘုန်းထူးမင်းမြတ်၊ သားသဲပွတ်ကား၊ မည်မှတ်တွင်ထ၊ ခေါ်ဝေါ်ကြသည်၊ ဥတ္တမသာခနေ၊ ဖြစ်ပြီးမှလျှင်၊ ဝရသာခနော၊ ဆက်ပြန်လာသည်။ ဝရဗြဟ္မတ၊ သုသိလာတည်း။ ဝရသုသိလာ၊ မင်းမြတ်ခါ၌၊ မြတ်စွာဘုန်းဝှန်၊ ကကဿန်ဟု၊ လုထံကျော်ချောက်၊ ဘုရားပေါက်၍၊ မင်းမြောက်အပေါင်း၊ ရှိတွက်လျှောင်းသော်၊ သျှစ်သောင်းလေးထောင်၊ ပြန့်ပွားဆောင်၏။ ထို့နောင်ပြီးမှ၊ ကျွန်းဒီပဝယ်၊ သမန္တစက္ခု၊ နီလတုသို့၊ ပြိုင်တုမရ၊ သုဝဏ္ဏတည်း။ ဝရသုဝဏ္ဏ၊ သြရသကား၊ ဘူပါလရာဇ၊ ဖြစ်ပြန်မှတည်း၊ ဝရဘူပါလရာဇာ၊ မင်းမြတ်စွာကို၊ ဆက်ကာစိုးဘိ၊ ဘူပတိတည်း။ ထွန်းညီးတေဇ၊ လက်ရုံးပသား၊

မဟိန္ဒရာဇာ၊ စိုးစံပါမှ၊ ဝရမိန္ဒလ၊ ဖြစ်ထွန်းပ၏။ ဝရဘူပတိ၊ သားဘုန်းဟိကား၊ ခေါ်ဘိဂန္ဓဗ္ဗ၊ ဝလျာဏနှင့်၊ ဝရဝလျာ၊ မန္ဓတ်သာလျှင်၊ စကြာလေးကျွန်း စိုး၏တည်း။

(၁၀) စိုး၏လေးကျွန်း၊ နီလထွန်းသို့၊ စက်ဝန်းဒေသ၊ အုပ်ချုပ်ရသည်၊ ရန်မျိုးသွယ်သား၊ ဘုန်းစည်မန္ဓတ်၊ စောမင်းမြတ်ကား၊ ကြည်ညွတ်သဒ္ဓါ၊ သံသရာက၊ လျှုဒါစိမျိုး၊ ရှိကောင်းကျိုးကြောင့်၊ ပြည့်ဖြိုးများစွာ၊ ရတနာသည်၊ လိုရာမတ၊ ပြည့်စုံလှ၏။ ခနေသဒ္ဓိ၊ ပြီးစီးဘိလျှက်၊ စက်တိရတနာ၊ ရထားသာနှင့်၊ ဝေလာဟက၊ သိန္ဓဝဖြင့်၊ သာလှညက်ညော၊ ဖြူစင်ချောသည်၊ ဥပေါသထ၊ သတ္တိစသား၊ ခဂ္ဂမည်သာ၊ ဖြစ်တုံပါ အာကာကောင်းခင်၊ ပျံနိုင်ကျင်သား၊ ဆင်မြင်းလုံခါး၊ ဤငါးပါးကို၊ နတ်များဒေဝါ၊ ဆက်သလာသော်၊ ထက်မှာဒေဝိန်၊ တာဝတိနှင့်၊ နှိုင်းယှဉ်မှန်စွာ၊ အသူရာက၊ အောက်မှတလည်၊ နဂါးပြည်ကို၊ ဘုန်းစည်မင်းမြတ်၊ အာဏာလွှတ်သား၊ မန္ဓတ်ရာဇာ၊ မင်းမြတ်စွာလျှင်၊ လူရွာကပ်ဆက်၊ နှစ်ကိုတွက်မူ၊ အသက်သင်္ချေ၊ နီတုံပေ၏။ များထွေကျေးဇူး၊ ဆိုသော်မူအံ့၊ အထူးမြင့်ရှည်၊ ကျယ်မြင့်တည်ကာ၊ ငြိမ်ရည်စေသား၊ ထိုမင်းများ၌၊ မိဖရားလှစွာ၊ ဂုရုသာ၏၊ ပုတ္တာဖြစ်ထ၊ ဩရသမူ၊ သူရိယသောတ၊ သားမင်းလှကို၊ မြန်စွမြင်းကောင်း၊ ပီးတုံလျှောင်းမှ၊ တသောင်းယူဇနာ၊ ကျွန်းဒီပါဝယ်၊ အဓါဓိပဓိ၊ ခေါ်ဘိမှန်စွာ၊ မိတ္ထိမာ၌၊ ပဌမနဂိုရ်၊ ပြည်ဗဟိုရ်မူ၊ ပြောဆိုသချာ၊ ယူဇနာကား၊ ကိုးရာအဝန်း၊ အကျယ်ထွန်း၏။ တခန်းထိုမှ၊ ဖော်ထုတ်ပြမူ၊ စန္ဒသောတာ၊ သားတော်မှာကို၊ များစွာဆင်ကောင်း၊ ပီးတုံလျှောင်းမှ၊ တသောင်းဒီပါ၊ ဇမ္ဗူချာဝယ်၊ ကြေငြာကျော်ထ၊ သမုတ်ကြသည့်၊ ဇေဌဓိပတိ၊ မင်းဘုန်းဟိကား၊ ခေါ်ဘိနာမ၊ မှည့်ပြီးမှလျှင်၊ ပဥ္စပူရာ၊ ပြည်အောင်ချာလည်း၊ ကိုးရာအဝန်း၊ ဖြစ်တုံထွန်း၏။ ထွန်းသည်ဖိတ်ဖိတ်၊ အောင်နမိတ်ဖြင့်၊ အာဒိစ္စဝင်၊ တပြည်လျှင်တည်း၊ ထိုတွင်ကျော်သိ၊ အမည်ဟိသား၊ မဏိသုဘာဝ၊ ရာဇလှကို၊ များကြလူပေါင်း၊ ပီးတုံလျှောင်းမှ၊ တသောင်းဒီပ၊ နှံမ့်သိကြသား၊ နရဓိပတိ၊ သမုတ်ဟိလျှင်၊ ခေါ်ဘိတခန်း၊ ရှိတွက်ညွှန်းကာ၊ အဝန်းကိုးရာ၊ ဖြစ်တုံပါလျှက်၊ ရမ္မာပူရ၊ ကျော်ဇောကြသည့်၊ ပြည်မဌာနီ၊ ကျွန်းသပြေ၌၊ သုံးလီသုံးပါး၊ သားတော်များလျှင်၊ ပိုင်းခြားယူဇနာ၊ ခြောက်ထောင်တာကို၊ အာဏာမိုးလီစိုး၏တည်း။

(၁၁) စိုး၍မိုးလီ၊ ကျွန်းသပြေကို၊ ရစ်ခွဲပတ်ကြိုး၊ အာဏာဖြိုး၍၊ တန်ခိုးထန်ပြင်း၊ မန္ဓတ်မင်း၏၊ နွယ်ရင်းဝံသ၊ ဖြစ်ကုမ်ကြသား၊ သုဝဏ္ဏပဘာ၊ သားတော်မှာကို၊ ရာဇာကံမြင်၊ မည်ပီးကျင်မှ၊ အလျှင်ဦးစ၊ ပထမမူ၊ ခေါ်ထတွင်ဘိ၊ အမည်ဟိသည်၊ သမုတ္တိဒေဝ၊ ထီးနန်းချ၍၊ ရမ္မာဝတီ၊ မြို့ဌာနီဟု၊ ခေါ်ညီပြီးမှ၊ စိုးပိုင်သသည်၊ ဝရရာဇညာ၊ မင်း၌သာလျှင်၊ သဲချာစီတရ၊ သမီးလှမူ၊ သုဝဏ္ဏကလျှာ၊ ဆင်းရုပ်ဝါနှင့်၊ မကွာစီချင့်၊ အိမ်ထောင်သင့်၍၊ ရှည်မြင့်ကာလ၊ စိုးအုပ်ရအောင်၊ ဥပရာဇာ၊ အိမ်ရှိရာကို၊ များစွာနီထ၊ တည်ပြီးမှတည်း၊ ဝရရာဇညာ၊ ထိုမင်းမှာကား၊ မဟာရာဇညာ၊ သားတော်မှာကို၊ ဒွါရာဝတီ၊ မြို့သိင်ဂီနှင့်၊ စုံညီပြည့်ဝ၊ ဓညဝတီ၊ ဝေသာလီဟု၊ ဌာနီရဌ်၊ သုံးမြို့ခြီ၍၊ တည်ဘိအမှန်၊ မင်းမြတ်လွန်မှ၊ ဘုန်းလျှံထွန်းဖြာ၊ ဥပရာဟု၊ မည်သာခေါ်ဘိ၊ ကျော်နှံ့သိသား၊ ဘုမ္မိပါလ၊ မဟိသျှသည်၊ သာလှပြောစည်၊ ကံမြင့်ပြည်ကို၊ သက်ရှည်ဖြစ်လို၊ မင်းမြောက်ဆို၏။ ဘကိုရိပ္ပတ်၊ တောင်းပန်လတ်သော်၊ သားမြတ်သုံးပါး၊ အခြားခြားဖြင့်၊ ပိုင်းခြားသည်မှာ၊ ဤပြည်သာလည်း၊ မှန်စွာစင်စစ်၊ လက်ဝင်ဖြစ်ဟု၊ တထစ်တရံ၊ မှတ်သားကြံမှ၊ ကျိုးနွံခယ၊ လျှောက်ပေကမူ၊ အဿကရာဇာ၊ မင်းနရာရို့၊ သချာခြားပြီ၊

တသောင်းစီကို၊ အညီယူမျှ၊ ဝိကုန်ကြသော်၊ ဖြစ်ထမှန်စွာ၊ ယူဇနာမူ၊ ကိုးရာအဝန်း၊ အဖြောင့်သန်း၏။ ခြင်းမှန်အခင်း၊ သုံးရာတွင်းလျှင်၊ မယွင်းမှန်ညီ၊ ဖို့ဝီအမျှ၊ ပီးပြီးမှတည်း၊ မိုးဝတိမ်ယံ၊ ဈာန်နှင့်ပျံသည်၊ ဂဝမ္ပတိ၊ ထေရ်မဏိနှင့်၊ ပါရမီသွာ၊ နတ်ဝိဇ္ဇာက၊ ဒေဝါသိကြား၊ ဟူးရားများကို၊ ပိုင်းခြားတုန့်ပြိုင်၊ တုရင်းတိုင်နှင့်၊ နမိတ်တိုင်မြောက်၊ ကျောက်တိုင်ဆောက်၍၊ အံ့လောက်ကျေးကျွန်၊ ရှိထက်လွန်သည်၊ ပြည်မွန်ဆက်တတိုး၏တည်း။

(၁၂) တိုး၏ဆတက်၊ ထိုမင်းထက်ဝယ်၊ သက်နှင့်ချင်းမြို၊ မစောင်းဆို၏။ သာချိုမြရိပ်၊ ချောနှင့်ကျိတ်တည်း။ မဖိတ်မှန်ပင်၊ သျှမ်းတူးလျှင်တည်း။ ဆိုလျှင်းလည်းပြု၊ မူဒူရှုလော့၊ ပျူဟုခံပြီ၊ မည်ခလီနှင့်၊ စုံစိမှတ်ဖွယ်၊ ဆက်ကာသွယ်လျှင်၊ ဇင်းမယ်ခေါ်တွင်၊ လင်းဟုကျင်သား၊ တန်းတင်သရေ၊ ဖြစ်ကျင်ပေ၏။ အမည်တွင်ပြီ၊ ဘဂ်လီဟု၊ အညီသည်နောင်း၊ လင်းကဲစောင်း၍၊ တကြောင်းတတန်၊ ကသည်းခံ၏၊ ကမ်းယံတမူ၊ သထုံဟူသား၊ အယူရိုင်းစိုင်း၊ မြန်တလိုင်းနှင့်၊ ပည်လှိုင်းသိပ်သည်း၊ စုရုံးစည်းလျှက်၊ ကံတည်းမှန်းကြုံ၊ သည်နောက်မူက၊ ကမ်းမြုံကမ်းတူး၊ စုံဖက်ပူး၏။ တခုတန်းတိုက်၊ မည်သမိုက်သည်၊ လဝိုက်လကွန်း၊ ခေါ်ကြမှန်း၏၊ စည်ထွန်းရပ်ရွာ၊ ရှိတွက်ပါသော်၊ ဘာသာကွဲပြား၊ နှစ်ဆယ့်ငါးလျှင်၊ မင်းဖျားညီနောင်၊ သည်နည်းအောင်၏။ လေးမြှောင်လေးမင်း၊ ပေါင်းလတ်လျှင်းက၊ တွင်ခြင်းမှန်ထ၊ မည်နာမမူ၊ တရာ့တဘာသာ၊ ဖြစ်တုံပါ၏။ အဿကစ၊ နကရမြင်း၊ ရွာရိုးတွင်း၌၊ စည်ပင်ပြန့်ပွား၊ အခြားခြားဖြင့်၊ မင်းသားတသီး၊ မင်းသမီးကို၊ တွက်ပြီးတသိန်း၊ အိမ်ထောင်ငြိမ်း၍၊ မြို့သိမ်ဇေယျာ၊ ကျွန်းနှံ့ပါသည်၊ ထိုခါပြည့်ထမျိုးရိုးတည်း။

(၁၃) မျိုးရိုးပြည့်လျှင်း၊ မြို့ခပင်းအား၊ မကြွင်းစိမ့်ငှာ၊ ဖော်ပြမှာအံ့။ ဂန္ဓလရာဇ်၊ ဂုရုရဇ်ပေ၊ ဝိဒေဟရဇ်၊ တလှစ်ပဥ္စာ၊ ကာသိန်ကာနှင့်၊ စေတာကတာ၊ သိသာတွင်စွာ၊ အာသာမေရ၊ ကုတ္တာကမ္ဗာ၊ သီလာမဇ္ဇုရ၊ မတ္တရင်္ဂ၊ ဘာသတာနှင့်၊ ဘာလာမြို့ဖြစ်၊ ကရာဇ်ထိုထို၊ တည်၏ဆိုက၊ ပေါင်းလိုန္တောလှစ်၊ ဆယ်ခုနှစ်ဟု၊

ဖြစ်သည်မှန်ငြား၊ သားတော်စား၏။ မင်းဖျားထိုထက်၊ နှော့စိုင်ဆက်မူ၊ တိုးတက်ပြန့်ပွား၊ ကျော်ထင်ရှားသည်၊ သားဇောကံမြင်၊ မင်းမြတ်တွင်လျှင်၊ စည်ပင်ဆကဲ၊ တသဲသဲတည်း၊ ဝဲဝဲလားလား၊ ပြန့်နှံ့ပြားလျှက်၊ ဂေါဏဂုဏ်ဘုရား၊ ဖြစ်ထွန်းငြား၍၊ ရှည်လျှားစိုင်ဆက်၊ နွယ်မပျက်တည်း၊ ကျော်ချက်ဇမ္ဗူဒိ၊ တကျွန်းခြိ၏။ လောကိစည်းစိမ်၊ အကြိမ်ကြိမ်လျှင်၊ ရိပ်ငြိမ်စိုးဆောင်၊ ရန်မျိုးအောင်၏။ မင်းခေါင်ကံမြင်၊ ဇမ္ဗူပြင်၌၊ စိုးကျင်မြို့ဝယ်၊ တွက်ကျုံးသွယ်သော်၊ တွင်ကျယ်ရမ္မာ၊ ဝတီသာတည်း။ ပွင့်လာဗွက်ဘုန်း၊ ဖြန့်ကြုံးဖြစ်ဖြစ်၊ နှစ်ကိုစစ်သော်၊ သက္ကရာဇ်ကောဇာ၊ ဖြိုကာကာဖြင့်၊ သင်္ချာသင်္ချေ၊ ကုဋေသျှစ်သိန်း၊ မင်းများငြိမ်းမှ၊ မုနိသကျ၊ ကဿပ၏၊ တည်ထသာသနာ၊ ထွန်းသောခါ၌၊ ဥတ္တရမည်၊ ထိုသည်ပြည်ကို၊ အရှည်ဝံသ၊ စိုးအုပ်ထသည်၊ ဒေဝသာဂရ၊ လွန်ပြီးမှတည့်၊ နန်းမဘုံသာ၊ ဆက်ပြန်လာသည်၊ မဟာသာရ၊ သည်နောက်မှမူ၊ သာဂရနှင့်၊ ဥပသာဂရ၊ ဖြစ်ကုန်ကြ၏။ ခေါ်ထမှန်ဘိ၊ ရပ်သီရိမူ၊ အသိတဥ္စန၊ ထိုပြည်မ၌၊ ဒေဝက်သ၊ လွန်ပြီးမှတုံ၊ ပုတ္တာမှန်စွာ၊ ဆက်ပြန်လာသည်၊ မဟာကသ်၊ ရှိနန်းရ၏။ ကသ်တွင်ထ၊ သားတော်လှနှင့်၊ ဥပကသ်၊ ဖြစ်ကုန်ကြချင့်။ ရင်းစသဲချာ၊ နှမမှာမူ၊ ဒီပါကျော်ဟိုး၊ သိန့်ကြိုး၍၊ နွယ်မျိုးမည်ရ၊ ဒေဝကမ္ဗာ၊ ခေါ်တွင်ပါသည်၊ ကလျာယောင်းလှမိမြတ်တည်း။

(၁၄) မိမြတ်ယောင်းလှ၊ နန်းသိင်္ဂဝယ်၊ များလှရံကာ၊ စံသောခါ၌၊ ပုတ္တရမဓူရ၊ ရှိပြည်မကို၊ သာဂရမင်း၊ စိုးအုပ်လျှင်း၊ ညီရင်းဥပ္ပ၊ သာဂရလည်း၊ ကြောက်လှသော်အား၊ ပြီးထွက်လားသော်၊ ရပ်ခြားဘုမ္မိ၊ သာယာဘိသား၊ အသိတိဥ္စန၊ ထိုပြည်မကို၊ စိုးထနိုပ်နှင်း၊ ကသ်မင်း၏၊ ထံရင်းတော်ပါး၊ ဝင်လီငြား၏။ ခစားခိုကိုး၊ နှံ့ရိုကျိုးကာ၊ နှမ်းညှိုးပူဆာ၊ ဟိသောခါ၌၊ ကြမ္မာဆော်ပန်၊ ရောက်လတ်ပြန်က၊ ကျော်ဝှန်သတင်း၊ တန်းခိုးပြင်းသည့်၊ ထိုမင်းနှမ၊ ဒေဝဂမ္ဘာ၊ မည်သာခေါ်ညီ၊ မဟေသီနှင့်၊ ကြုံလီထိုတွင်၊ အိမ်ထောင်ကျင်သော်၊ အလျှင်ဦးစ၊ ပထမမူ၊ ဘုမ္မရဒေဝီ၊ ဆင်းရှိစံသီး၊ ချစ်းသမီးကို၊ အပြီးထိုခါ၊ ဖွားမြင်ပါ၏။ သို့ပါသို့ငြား၊ သမီးအားလျှင်၊ ဖွားပြီးတုံမြောက်၊ ကံမထောက်ဘဲ၊ သီပျောက်လားသော်၊ သားတော်မျက်ရှု၊ ဘုန်းပေါင်းစုသား၊ ဝါသုဒေဝ၊ ဖွားတုံထ၏။ ဗလဒေဝ၊ သူရိယဒေဝ၊ စန္ဒာဒေဝ၊ ဆက်ကြစိုင်ဘိ၊ အဂ္ဂိဒေဝ၊ အဇ္ဇုနနှင့်၊ ဂရုဏပေ၊ ရောဟနေယျ၊ ယဋ္ဌပဏ္ဍိတ၊ အင်္ဂုရဟု၊ နာမတွင်ငြား၊ တကျိတ်သားကို၊ မခြားထိုတွင်၊ ဖွားမြင်ပြီးမှ၊ မာဂဓဖြင့်၊ ဒသဘာတိက၊ ခေါ်ကုမ်ကြ၏။ တေဇထွန်းပြောင်၊ လက်ရုံးထောင်သား၊ ညီနောင်တကျိတ်၊ ဇမ္ဗူဒိတ်မှာ၊ ဟိုးဟိုးငြာ၍၊ နောင်မှာဖွားထ၊ သမီးလှဟု၊ အဥ္စနဒေဝီ၊ ဆင်းသိင်ဂီကို၊ ထိမ်းချီစုပြု၊ သောသောအုံသည်၊ ရှိဘုံနန်းသူခဝပ်တည်း။

(၁၅) ခဝပ်နန်းသူ၊ သောသောဆူပြီး၊ ရှိတူတမျှ၊ ရောင်ထွန်းပသည်၊ အဥ္စနဒေဝီ၊ ဆင်းသိင်ဂီကို၊ ချီချမြွက်ခေါ်၊ ရံဘော်ခြောက်ကျိတ်၊ ဝန်းရံပိတ်လျှက်၊ ကျုံးဆိတ်မည်၊ တကြုံကြုံလျှင်၊ အသံပြိုင်ပြု၊ နန်းရတုနှင့်၊ ပျော်မှုအမြဲ၊ ဧယင်လွှဲ၏။ သဲသဲရုံးစု၊ ခြံရံပြုလျှက်၊ ဝါသုဒေဝ၊ အင်္ဂုရကို၊ ဗလစွမ်းရောက်၊ အားကြီးမြောက်က၊ ပြိုင်ထောက်မမြင်၊ မိုးရပ်ခွင်ကို၊ စိုးကျင်တုံငြား၊ နတ်သိကြားလည်း၊ ဘုန်းအားလက်နက်၊ ပို့၍ဆက်၏။ ယူလျှက်ဆောင်နှင်း၊ ပီးအပ်လျှင်းသော်၊ ရန်ခင်းဟိရာ၊ ရအောင်ရှာ၍၊ မကြာကုန်အောင်၊ သတ်ပြီးနှောင်မှ၊ ပြည်ဘောင်အတွင်း၊ အမင်းမင်းကို၊ နှိပ်နှင်းပိုင်မူ၊ အခွန်ယူ၍၊ ဇမ္ဗူသောင်းပတ်၊ လားလာလတ်သော်၊ တွင်မှတ်သညာ၊

ဟိုးဟိုးပြောသည်၊ ဒွါရာဝတီ၊ လေးအင်ညီသား၊ သိင်ဂီရောင်လျှံ၊ မြို့ရှင်ပျံကို၊ လုပ်ကြံကြိုးစား၊ တိုက်လတ်ပြောသည်၊ သျှစ်ပါးဒိသာရံပတ်တည်း။

(၁၆) ရံပတ်ဒိသာ၊ သျှစ်မျက်နှာ၌၊ တပ်တာတည်ထ၊ နီကုမ်ကြပြီး၊ များလှဗိုလ်ပါ၊ တိုက်ကြရာဝယ်၊ ပြည်သာစိုးထ၊ ဘီလူးမလည်း၊ ခနမကြာ၊ မှန်ရောင်ဝါဖြင့်၊ ကောင်းခင်လမ်းသို့၊ ပျံသန်းလားလျှင်၊ လွန်ဘိကျင်မှ၊ ထက်ခွင်ပျံဝဲ၊ ပန်းဆိုင်ဆွဲသို့၊ မလွဲတူစွာ၊ နီလီပါသော်၊ ထိုခါပြိုင်ဆိုင်၊ တုမနိုင်ဘဲ၊ ဝိုင်းရိုင်ရုံးလှည့်၊ ဆုတ်ခွာခယ့်မှ၊ မြို့၏ရှိဘက်၊ နတ်မျက်စိမြော်၊ ဈာန်ယာဉ်ပျော်သား၊ မည်တော်နာမ၊ ခေါ်ဝေါ်ကြသည်၊ ဂဏ္ဍာဒီပါယန၊ မြတ်ဓမ္မနှင့်၊ သီလသည်းခံ၊ ရသေ့ပျံကို၊ ဘုန်းလျှံတေဇ၊ တန်ခိုးပသည်၊ ဒသဘာတက၊ ညီနှောင်လှရို့၊ ညွှန့်ခကြောင်းရှီး၊ ဖော်ပြီးမီးက၊ ပျံ့မွှီးသီလ၊ ပြည့်စုံလှသည်၊ ဂဏ္ဍာဒီပါယန၊ ရသေ့ကလည်း၊ မုသာဝါဒ၊ ဝေရာမဏီ၊ ယှောင်ကြည်ဘိ၍၊ မသိသူအား၊ သိအောင်ကြားအံ့၊ မှတ်သားစီလို့၊ ဟုတ်တိုင်းဆို၏။ ရွယ်ပျိုကျိုင်းထွား၊ မင်းသားများရို့၊ ကြိုးစားစောင့်ထ၊ ဘီလူးမကို၊ ချိုမြရသာ၊ ပျားသကာနှင့်၊ သြဇာချိုအီး၊ ကျွေးမွှီးပြုစု၊ ဦးချကော်ရော်၊ တောင်းပန်သော်က၊ စည်ထသာမို့၊ ကျော်သည့်မြို့ကို၊ နှစ်လို့ရှင်ပ၊ ဖော်၍ပြလိမ့်၊ များလှလူသျှင်၊ မြင်လီကျင်မူ၊ ခုပင်အပြီး၊ ထိုမြို့ကြီးကို၊ ခြားဆီးလှီးဖြတ်၊ သံမှိုခတ်၍၊ မချွတ်ကူးလျှက်၊ မြို့ပေါင်ဖျက်မှ၊ မြို့ချက်အမြဲ၊ သံနှင့်တွဲသော်၊ ပျံဝဲပြုကျင်၊ ထက်ကောင်းခင်သို့၊ ခုံပင်ကြွ၍၊ မပျံဝဲတည်း။ ကျန်းမြဲခိုင်ထ၊ မြို့ကိုရအံ့၊ ထွန်းပတန်းခိုး၊ လူထိပ်မိုးသား၊ ဟိုးဟိုးကျော်ကြား၊ ထိုမင်းအားလျှင်၊ မထားလျှင်စီ၊ ပြောပါလီဟု၊ မိန့်ချီသံမြ၊ ဆိုမြွက်ဟသည်၊ စောင့်ထသစ္စာမချွတ်တည်း။

(၁၇) မချွတ်သစ္စာ၊ စောင့်နီပါက၊ ဂဏ္ဍာဒီပါယန၊ တာပတလျှင်၊ မိန့်ဟစကား၊ အကြောင်းများကို၊ မထားထိုခါ၊ လျှောက်လီပါသော်၊ နာနာရှုပ၊ ဘီလူးမအား၊ ချိုလှရသာ၊ ပျားသကာကို၊ အစာသိုထဲ၊ ဝစွာကျွေးက၊ ပြည်ရေးစောင့်ရ၊ ဘီလူးမလည်း၊ လောဘဆိုးလျှင်၊ စားလီကျင်သော်၊ များဖျင်ဗိုလ်ပါ၊ လူတကာရို့၊ ဒွါရာဝတီ၊ မြို့သိင်ဂီကို၊ အသိများမြောင်၊ အားကြိုးထောင်၍။ အတောင်လိုင်ပင်း၊ တပြိုင်ချင်းဖြင့်၊ ပေါင်ရင်းကိုဖြတ်၊ တူးဖြိုလတ်သော်၊ မြို့မြတ်နယ်ကွက်၊ အလယ်ချက်ကို၊ ရိုက်နှက်ဆတ်ဆတ်၊ သံမှိုခတ်မှ၊ မချွတ်မလွဲ၊ သံဖြင့်တွဲလျှက်၊ အမြဲစောင့်မှတ်၊ ရံဝန်းပတ်၍၊ ထားလတ်သောခါ၊ မြို့ဒွါရာလည်း၊ အာကာတိမ်ယံ၊ မပျံနိုင်ဘဲ၊ နီတိုင်းမြဲ၏။ မလွဲမှန်ထ၊ မြို့ကိုရလျှင်၊ နာမသညာ၊ သံတွယ်ရာကို၊ သိသာမည်ထင်၊ သံတွဲတွင်၏။ ဘုရင်မင်းဖျား၊ ဘုန်းတော်အားလျှင်၊ သိကြားရီနတ်၊ ဒေဝါမြတ်ရို့၊ ရိုက်ခတ်ထားကျင်၊ သံမြို့ရှင်ကို၊ မြီပြင်ကိုခွဲ၊ တောင်ကမ်းကွဲမျှ၊ မိုးထဲတိမ်ဖျား၊ လွှင့်လိုက်ပြောမူ၊ သံသားလွှင့်သံ၊ တော်လဲဟန်သို့၊ တဖန်ပျံလိုက်၊ ဂေါ်တူမြစ်တွင်၊ စင်စစ်ရောက်မှ၊ သံကြိုးကျမူ၊ မြစ်ဝကျိုက်ဆူ၊ ရီလုံးပူ၏။ ရီသူအများ၊ နီရာယှား၍ လိပ်ငါးငမန်း၊ ရီလုံးပွန်းမျှ၊ ပြီးသန်းကူးရ၊ ဖြစ်ပြီးမှလျှင်၊ သိကြထိုခါ၊ ကြီးအာဏာနှင့်၊ ရာဇာဒသ၊ ဘာတကရို့၊ မုချတန်းတိုက်၊ မင်းပြုရစ်သည်၊ ရန်စစ်ခပ်သိမ်းရိုညွှတ်တည်း။

(၁၈) ရိုညွှတ်ခတ်သိမ်း၊ ရန်စစ်ငြိမ်း၍၊ မုဒိမ်းမြေ၊ ခိုးသူစသည်၊ လန့်ထကြောက်ကျင်၊ ရန်မျိုးစင်မှ၊ သောင်းခွင်ကျော်ကြား၊ ထိုမင်းများရို့၊ ပျော်ပါးမြူးစံ၊ မြို့ရှင်ပျံ၌၊ ခြွီရံများဖျင်၊ များလူသျှင်နှင့်၊ နီကျင်ပေါင်းရုံး၊ ဇမ္ဗူလုံးကို၊ သိမ်းကျုံးဆယ်စု၊ အဖို့ပြု၏။ တခုမကြွင်း၊

တုတ်ခွန်သွင်းလျှက်၊ စံခြင်းများစွာ၊ ထိုအခါ၌၊ မည်သာခေါ်ထ၊ ကုဏ္ဍလဟု၊ အိုင်မဥ္ဇဝယ်၊ ကြောက်မက်ဖွယ်သား၊ ကြီးကျယ်သာလှ၊ ကက္ကဋ္ဌကို၊ ပွပွသမ္ဘာ၊ ဖူးငုံပါ၍၊ ပွင့်သာဘုန်းဟိ၊ ဆင်ဟတ္တိလျှင်၊ နင်းဘိအင်ကိုး၊ ရွှတ်ရွှတ်ချိုးက၊ စည်ကျိုးဘိန္န၊ မြစ်သို့ကျသော်၊ လက်မအစုံ၊ မျောလီတုံက၊ ကြိုက်ကြုံထိုခါ၊ အသူရာရို့၊ မဟာသမုဒ်၊ လှိုင်းခတ်ပုတ်၍၊ နစ်မြုတ်ရီကြောင်း၊ ဝင်လီလျှောင်းသော်၊ တချောင်းအကယ်၊ ဆည်ရပေ၏။ မြဲထွေသာလှ၊ ဝှန်ပေါပြသား၊ စည်မစည်ကြီး၊ စည်ဘေရီးဟု၊ ပြုပြီးတုံမှ၊ ဝါသဝနှင့်၊ တွိကြရန်မွှိ၊ နတ်စစ်မြိဳ၌၊ ယှုံးလီရကား၊ စွန့်ပစ်ငြားသော်၊ သိကြားတမူ၊ ရလီယူ၏။ ထိမ့်ဆူကျော်ကြ၊ အမွလဟု၊ တွင်ထအမည်၊ သိနားလည်လော့။ ထိုစည်အမျိုး၊ အတူကျိုး၍၊ ရီရိုးဖလာ၊ မျိုးကြရာတွင်၊ ဂင်္ဂါမြစ်ကြောင်း၊ ပါလီလျှောင်း၏။ တချောင်းတမူ၊ ကျွန်းဇမ္ဗူဝယ်၊ ရိပ်ဖြူဆောင်းဆောင်း၊ တကျိတ်ပေါင်းသား၊ မင်းကောင်းဒသ၊ ဘာတကရို့၊ ဒွါရာဝတီ၊ မြို့တောင်ဆီဝယ်၊ နဒီမြစ်ယိုင်၊ ကမြူးစိုင်၌၊ ဝှဲရိုင်ချမ်းမြစ်၊ ဆည်ဘိလိုက်ကာ၊ ထိမ့်ရစ်မြည်လျှက်၊ မြောက်စည်ကြက်၍၊ မပျက်တီးကာ၊ သံဝှမ့်ဖြာသည်၊ ဒီပါဇမ္ဗူလွှန်ပတ်တည်း။

(၁၉) လွှန်ပတ်ဇမ္ဗူ ထိမ့်ရစ်ဆူ၍၊ ခွန်ယူသိမ်းကျုံး၊ လက်ရုံးရှင်ပ၊ ပျော်ပါးကြသော်၊ ကာလလွဲဖောက်၊ ကိန်းခန်းရောက်မှ၊ မွှိနှောက်ချောက်ချား၊ ဟိတုံငြား၍၊ တိုင်းကားပြည်ရွာ၊ ပျက်ကိန်းသာလျှင်၊ ဖြစ်ခါနီးလတ်၊ ကပ်ဥပါဒ်ကြောင့်၊ ယွင်းချွတ်မူခါ၊ အခမ္မာကို၊ ကျင့်ပါတခြား၊ မင်းသားများရို့၊ တရားသိမှတ်၊ ရသေ့မြတ်ကို၊ ယွင်းချွတ်စိတ်တွင်၊ ပြစ်မှားကျင်၍၊ အကြင်ယောက်ကျား၊ သူတပါးကို၊ ဟိငြားကိုယ်ဝန်၊ ပဋိသန်လျှင်၊ အဟန်ပြုထွေ၊ ဆောင်ယူလေပြီး၊ သန္ဓေတည်ငြား၊ ထိုယောကျ်ားမူ၊ လများအကယ်၊ မည်သည်နိတွင်၊ ဖွားမြင်မည်နည်း။ မီးလှည့်ထိုခါ၊ ပညာမြင်မြော်၊ ရသေ့ကျော်လည်း၊ လူဝယ်ဒသ၊ ဘာတကရို့၊ ကာလမရှည်၊ ပျက်လတ်မည်ကို၊ အခြေသိထင်၊ ထို့နှယ်မြင်၍၊ ဆင်ခြင်ညာဏ်ဖြာ၊ ကြည့်ရှုရာသော်၊ ကိုယ့်မှာတုံလည်း၊ ကြိုက်ကြုံပြန်ရာ၊ ဤနှယ်သာဟု၊ မှန်စွာတပ်တပ်၊ စိတ်ဝယ်မှတ်၍၊ မချွတ်မမှား၊ ဤယောက်ျားလျှင်၊ ဆန့်တားရွှိတွက်၊ ခုနှစ်ရက်၌၊ တချက်မမှား၊ ရှားတုံးဖွားအံ့။ ထိုရှားပျက်က၊ သာဂရဟု၊ ရာဇမင်းနွယ်၊ ဇမ္ဗူလယ်၌၊ အကယ်ကျင်းကျင်း၊ ပျက်လတ်လျှင်းအံ့။ သံညှင်းမြွက်ဟ၊ ဆိုပေကလျှင်၊ ခနမကြာ၊ လူများစွာရို့၊ ထိုခါလက်ထောက်၊ ဒုတ်အုတ်ကျောက်ဖြင့်၊ တယောက်တချက်၊ ရိုက်ခတ်နှက်သော်၊ ညက်ညက်ကြီကြီ၊ ရသေ့သီ၏။ တလီမင်းပေါင်း၊ ကြားလတ်လျှောင်းသော်၊ လျှင်ကြောင်းထိုခါ၊ သင်းဂြိုဟ်လာပြီး၊ မှာရေစကား၊ မီးလတ်ငြားမူ၊ မမှားထိုထို၊ ရသေ့ဆိုဟန်၊ လျှောက်ကြားပန်က၊ လျှင်မြန်ဖမ်းငြား၊ ထိုယောက်ျားကို၊ မထားမလွှတ်၊ ခြီချင်းခတ်၍၊ ရံပတ်ဝန်းလျှား၊ လူအများနှင့်၊ ထံပါးမြဲနီ၊ စောင့်ယှောက်စီသည်၊ ကြည်ထွေညီနောင်မင်းမြတ်တည်း။

(၂၀) မင်းမြတ်ညီနောင်၊ ကြိုးစားဆောင်၍။ များမြောင်ခြံရံ၊ စောင့်ယှောက်ပြန်သော်၊ အမှန်ကွက်ကွက်၊ ခုနှစ်ရက်သည်၊ ရွှိတွက်ကြုံခါ၊ ဤလူ့ရွာ၌၊ တခါရံထူး၊ မကြားဖူးတည်း၊ အထူးဆန်းပြား၊ လူယောက်ျားလျှင်၊ ခေါ်ငြားမရ၊ လူမိမ္မသို့၊ ဖြစ်ထလီငြား၊ ရှားတုံးဖွား၏။ လူများတကာ၊ ကြောက်လန့်ပါ၍၊ လျှင်စွာပစ်ခါ၊ လှိုင်းသာလွှတ်ချောက်၊ ကမ်းသို့ရောက်၍၊ မထောက်တင်ရစ်၊ ရှားပင်ဖြစ်၏။ အနှစ်များစွာ၊ မြင့်ရှည်ကြာ၍၊ ရာဇာဒသ၊ ဘာတကရို့၊ ငြိမ်းမျှသံသာ၊ ပဥ္စင်္ဂါနှင့်၊ မဟာသမဖွဲ့၊ သဘင်ခံကာ၊ တင့်စံသာလှ၊ တပေါင်းလဝယ်၊ ရွှင်ပပျော်ပါး၊

ရီကစားသော်၊ တက်ကြွေးထိုခါ၊ ဖြားရောက်ရာ၌၊ သီစာသောက်ထ၊ မိပျော်ကြလျှက်၊ ယစ်ဝကိုင်ငင်၊ လုံးထွီးကျင်၏။ မြူးရွှင်ကြီစား၊ စိုက်ရန်ပွားသော်၊ ယူကြွေးထစ်ထစ်၊ မျှားနှင့်ပစ်က၊ စင်စစ်ဧကန်၊ မျှားလင်းကန်လျှင်၊ အမှန်ထိုတွင်၊ ဖြစ်လတ်ကျင်၏။ နာကြင်မိထ၊ မာန်မာနဖြင့်၊ ရန်စခြုတ်ခြေ၊ ဒေါသသွယ်လျှက်၊ မတွယ်မညှာ၊ ထိုးခွတ်ပါသော်၊ မျှားစွာမိုက်လူ၊ ကျက်ကျက်ဆူလျှက်၊ ကွပ်မှုမနိုင်၊ တိမ်းယိမ်းယိုင်၏။ တပြိုင်နက်ပင်၊ ပြုလတ်ကျင်က၊ ယူငင်မသာ၊ သူ့ထက်ငါလျှင်၊ ရေရာမရ၊ ထိုးသတ်ကြသော်၊ မင်းကမလွတ်၊ ဒေဝီထွတ်နှင့်၊ မူးမတ်အနွယ်၊ မျိုးကိုးသွယ်ရို့၊ ထိုဝယ်ကျင်းကျင်း၊ သီတုံလျှင်းသည်၊ ပြည်တွင်းပြည်မမလွတ်တည်း။

(၂၁) မလွတ်ပြည်မ၊ ပြည်တွင်းစသား၊ မျှားလှရုံးစု၊ ထိုးခွတ်ပြုသော်၊ ဝါသုဒေဝ၊ စောမင်းကလည်း၊ ဗလဒေဝ၊ ညီမင်းလှနှင့်၊ အဥ္စနဒေဝီ၊ သိင်ဂီရှိဘော်၊ နှမတော်ကို၊ ခေါ်တော်မူပြီး၊ ပရောဟိလည်း၊ ပါဘိကိုယ်ကြပ်၊ လက်ချင်းစပ်၍၊ မြောက်ရပ်တူရူ၊ လားတော်မူ၏။ နှံ့ဆူကျော်ကြား၊ မင်းနှစ်ပါးရို့၊ ရှည်လျှားရှိခါ၊ သံသရာက၊ ကြမ္မာစိုင်ဆိုက်၊ ဝိပါက်လိုက်၍၊ ရန်ခိုက်နှင့်တွိ၊ ခန္ဓာရှိလျှက်၊ စုတိဘဝင်၊ ချုပ်လီကျင်မူ၊ ဆင်းအင်ပြည့်လှ၊ အဥ္စနနှင့်၊ ဖြဟ္မဏတွင်ဘိ၊ ပရောဟိရို့၊ ပေါင်းမိမသွယ်၊ လားကြပေသော်၊ ကျော်ဝယ်နှံ့သိ၊ ဝေသာလိဟု၊ ခေါ်ဘိတင်မြောက်၊ ပြည်သို့ရောက်၏။ ဘုန်းတောက်သနင်း၊ ထိုပြည်မင်းလည်း၊ ဖြစ်ခြင်းရောဂါ၊ ဝေဒနာကြောင့်၊ မကြာလျှင်လျှား၊ စုတိကြွေးသော်၊ သားနှင့်မြီးမြစ်၊ မကျန်ရစ်၍၊ ပြည်၌မျှားစွာ၊ မူးမတ်ရာရို့၊ ညီညာကြိုးစား၊ ပြုသောအားဖြင့်၊ ပုဏ္ဏားသာလှ၊ ဖြဟ္မဏနှင့်၊ အဥ္စနဒေဝီ၊ ဆင်းလှရှိကို၊ သိင်ဂီဥကင်၊ ထီးနန်းတင်၏။ သာရွှင်ဝမ်းမြောက်၊ ဘိက်သိက်မြှောက်၍၊ ငြိမ်းလှောက်သာယာ၊ စံပြီးခါမှ၊ ပုတ္တာသားလှ၊ ဖြဟ္မသုန္ဒရာ၊ စောသတ္တာသည်၊ ဝေသာလီက၊ ပြောင်းပြီးမှလျှင်၊ မျှားဖျင်အလေး၊ ဗိုလ်စည်းဝေးနှင့်၊ ငခွေးသင်းတောင်၊ မြို့တည်ထောင်၏။ ထို့နောင်စိုးထွေ၊ ခြောက်နှစ်ပေတည်း။ ရှည်ရှည်လျှားလျှား၊ မြို့စိုင်မျှားနှင့်၊ ပုဏ္ဏားမျိုးနွယ်၊ မိုးထက်ကြယ်သို့၊ ဆက်သွယ်မျှားစွာ၊ စိုးကြွေးပါသော်၊ ရီသာစိမ်းမြ၊ ဂစ္ဆပ၏၊ ဒက္ခိဏဂါမာ၊ ကမ်းပါးသာ၌၊ နဝါနဝ၊ နာမဘွဲ့မည်၊ ကိုးဆယ်ကိုးမြို့၊ မချို့အင်္ဂါ၊ ကိန်းသချာမူ၊ နှစ်ရာပြည့်လုတ်၊ နှစ်ပါးယုဂ်၏။ အဟုတ်မင်းပေါင်း၊ စိုးအုပ်လျှောင်း၍၊ ပြန်ပြောင်းတည်ထ၊ ပြုကုန်ကြလျှက်၊ နာမသမိုက်၊ ထီးနန်းစိုက်သည်၊ မှတ်ပိုက်တံဆိပ်ခတ်လတ်တည်း။

(၂၂) ခတ်လတ်တံဆိပ်၊ ရန်မျိုးနှိပ်၍၊ ဘုန်းရိပ်ထွန်းပ၊ ရာဇညရို့၊ ဂစ္ဆပနဒီ၊ မြစ်ဆီလက်ယာ၊ ရှိပြုဗ္ဗာက၊ တည်လာအစ၊ ပထမမူ၊ ဒွါရဝတီ၊ ဌာနီသမိုက်၊ ထီးနန်းစိုက်မှ၊ ပဏ္ဏဝတီ၊ သဗ္ဗလီတည်း။ မင်းသမီးပြင်၊ မင်းသားပြင်နှင့်၊ သက်တင်ဝန်းချုံး၊ ဆင်ကုန်းတကြောင်း၊ ပေါင်းလောင်းပင်တိုင်၊ တိုင်ချိုင်မည်ဆောင်၊ ကာဝန်းတောင်ပြိုင်၊ စိမ်းညှင်းအိုင်ပြင်၊ ရထိန်တွင်လျှောင်း၊ ကျွန်းပေါင်းလောင်းက၊ အင်းချောင်းတည်ထောင်၊ နန္ဒင်းတောင်လျှင်၊ သောက်ရှုးပြင်ခေါင်၊ စည်ဘောင်တောင်ရဲ၊ ပုလဲတောင်လျှင်၊ ဂင်္ဂါပြင်ဟူ၊ တောင်ဖြူတောင်ပင်၊ ထီးဝန်းတင်ပေ၊ မုစ္စရေဟု၊ ဝေလုပဗ္ဗတ၊ နာမခေါ်ထူး၊ ထင်းရှူးတောင်ခန်း၊ ငန်းတောင်ဝန်းနှင့်၊ ရီချမ်းအိုင်ကောင်း၊ ရှိပန်းတောင်းသာ၊ ပဥ္စာမည်လျှောင်း၊ ကျောက်ပန်းတောင်းဟုတ်၊ သီရိဂုတ်က၊ ဓညဝတီ၊ သိင်ဂီမျိုးမြင့်၊ ကံသုံးဆင့်နှင့်၊ အဇ္ဇရဝတီ၊ သီရိမာဝတီ၊ ခေါ်ညီတွင်ဆို၊ ရာဇဂြိုဟ်က၊ ရဏ္ဏဝတီ၊ ဝေသာလီမှ၊ တလီမုက္ခ၊ ကုမ္ဘဝတီ၊ တချီတွင်ထ၊ ဘရဝဏ၊ သုဝဏ္ဏဂီရိ၊ ဆိုဘိမယွင်း၊ လီညှင်းတောင်က၊ စန္ဒနနှင့်၊ ပါသိဝဆိုင်း၊ သဝင်ကိုင်းက၊ ပြိုင်းတိုင်မည်နှင်း၊ ငခွေးသင်းတောင်၊

ငါးရီတောင်မှန်၊ ငဆဒ္ဒါန်ပေ၊ ကျက်သရေတောင်လျှင်၊ စည်သဘင်တောင်ကောင်း၊ ငရုံချောင်းထက်၊ စမ္ပဝက်တောင်၊ မောင်ပုံတောင်ကိုင်း၊ ပြိုင်းတိုင်တောင်ဖြူ၊ ကိန်းသာဟူပြန်၊ သလွန်တောင်ကောင်း၊ ပိန္နဲချောင်းဟူ၊ ဆင်ဖြူကျွန်းသာ၊ တခါအမှန်၊ ကာတန်တောင်ဆက်၊ ပုသင်တက်ပါ၊ သေလာတွင်ဘိ၊ ရင်ကတိသာ၊ သမ္မာဝတီ၊ စုံညီသာမို့၊ ပရိန်မြို့ထောင်၊ မာန်အောင်တဖြာ၊ ကျွန်းနံ့သာနှင့်၊ ပန်းနံ့သာက၊ ကက္ခရပဗ္ဗတ၊ နာမဂဏန်းတောင်၊ ထို့နောင်တသုံး၊ လုံရုံးသဖွယ်၊ တောင်သုံးဆယ်မှန်၊ သရာဘန်ဆိုင်၊ နဂါးအိုင်နှင့်၊ တပင်တိုင်ဟူ၊ တောင်ဖြူတောင်သာ၊ နီလာတောင်မျိုး၊ လွန်ရိုးတောင်ဟုတ်၊ ဂုတ်မြို့ခေါ်ထို၊ လင်းဟုဆိုထ၊ ကမ္ဗလဝက်၊ သရက်တောင်ပြီး၊ မနီးမယွင်း၊ စစ်တလင်းထား၊ ကျောက်လှေကားဟူ၊ မှန်ကူတချို့၊ လင်းမြို့မှန်ထ၊ မြေမြို့သချည်း၊ နေရဉ္စရာ၊ ကုသဝဒီ၊ ခေါ်ညီသာယာ၊ စမ္ပာဝတီ၊ စုံညီသာစွာ၊ လက်ယာဘက်မှာ၊ ဆက်ကာစိုင်၍၊ ရှိတွက်ခယ့်သော်၊ ကိုးဆယ့်ကိုးမြို့၊ အစို့စို့ကို၊ မင်းရို့ထီးနန်းတည်လတ်တည်း။

(၂၃) တည်လတ်ထီးနန်း၊ တစိုင်ထွန်း၍၊ ဆိပ်ကမ်းသာလှ၊ ဂစ္ဆပ၏၊ ပစ္ဆေမဒေသာ၊ နောက်မျက်နှာ၌၊ တည်လာအစ၊ ပထမမူ၊ ကျီးမသရော့၊ ခေါ်ပေထင်ရှား၊ ကုလားပန်းဇင်း၊ မယွင်းပြုပွာ၊ ဂန္ဓာမစ္ဆိမ၊ ပဘာဂ်လျှင်၊ ဂဇင်ကလ၊ သန္တလရာဇ်၊ ဖြစ်သည်တဖြာ၊ စေကာကရာဇ်၊ သေတာရာဇ်မှ၊ ပပ္ပတရာဇ်၊ စုလရာဇ်သာ၊ ကာလကရာဇ်၊ တလှစ်မှန်စွာ၊ ပဋ္ဌိကာလ၊ တည်ထနဒီ၊ အညီမှတ်ကြ၊ ပဥ္စကာမဝတီ၊ တလီထိုမှ၊ တဥ္စရဥ္စရာ၊ တခါဆိုဟူ၊ အစ္စန္တုဘာ၊ သုဝဏ္ဏဂီရိ၊ မည်ဟိခေါ်ပြု၊ ဝေဠုရတ၊ နာမတွင်ဘိ၊ ပဋ္ဌိကရာနာဂရ၊ လောရမ္မနှင့်၊ ပဋမနဂိုရ်၊ ထိုထိုသာယာ၊ ရမ္မာပူရ၊ လောက္ကရက၊ သမ္မာပူရ၊ လောကခ္ခရတ၊ စက္ကဝဏ္ဏ၊ သမ္မာဝါရာ၊ ဝေသာပန်းတောင်း၊ တကြောင်းထိုမှ၊ တက္ကရမှန်၊ ငတန်သူရဲ၊ မလွဲတဆစ်၊ မလ္လရာဇ်က၊ ယက္ခဂန္ဓ၊ သမ္မဂီရိ၊ ခေါ်ဘိမှန်စွာ၊ ဂန္ဓဂီရိ၊ စတုရိနှင့်၊ ပုလိန္ဒရာဇ်၊ စိုင်ဆိုက်မှတ်ကြ၊ အဝိန္ဒတ၊ ကေကကရာဇ်၊ ဖြစ်သည်မယွင်း၊ ဆားတလင်းကြုန်း၊ ခမောင်းတုန်းဆိုင်၊ သရက်အိုင်ဆောင်၊ ငကြေးတောင်လျှင်၊ ဘုန်းပြင်ခေါ်ဆောင်၊ သပိတ်တောင်နှင့်၊ ယင်ပေါင်တောင်မင်း၊ အင်ကြင်းတောင်မွန်၊ ရှိစကြံန်ပေ၊ ဆင်သေတဖန်၊ ဆဒ္ဒန်အိုင်မှန်း၊ သဝင်ကျွန်းနှင့်၊ စစ်တန်းတင်ဘက်၊ သမက်ခေါ်ထ၊ ယောက္ခမတည်း။ ဆံထုံးဖွေးဟူ၊ သလူတောင်စပ်၊ တပ်မြို့မည်မှန်း၊ တောင်ကျွန်းခေါ်ဆောင်၊ ကျက်တောတောင်မှ၊ ကာသုရတုံ၊ ထောက်ဆုံမလွဲ၊ တဲလမုချောင်း၊ တကြောင်းသည်နောက်၊ ပီတကောက်မှန်း၊ ပီကျွန်းသမန္ဒရာဇ်၊ စစ်စစ်မှန်သော၊ ပတကောလျှင်၊ တင်တိုင်းသင်တောင်၊ ခြသေ့်တောင်နှင့်၊ မြင်းသီတောင်ဖြစ်၊ ဘန္တရာဇ်ဆိုင်၊ ကင်းမိအိုင်ဆုံ၊ မထုံခေါ်မြို့၊ ရဲရို့ပင်တိုင်၊ ကျန်းခိုင်မောက်မောက်၊ သီမသောက်ဆို၊ သားပျိုငိုငြား၊ ကျောက်တန်းခါးဟုတ်၊ တရုပ်ကာညီ၊ ခွီးသီမှန်လတ်၊ ဥဒေါင်းဝတ်လျှင်၊ သက်ကျမ်းပြင်က၊ ခေါ်တွင်မှန်စွာ၊ မြို့သာယာနှင့်၊ မလ္လာမည်ဝင်၊ မြင်းသီပြင်လျှင်၊ အောင်သာပြင်က၊ နီလာပြင်မြောက်၊ ငကျိုင်တောက်ဟူ၊ ဆင်ဖြူတောင်ကျော်၊ ကံ့ကော်တောင်ကောင်း၊ ညောင်ချောင်းတွင်ငြား၊ စိမ်းညှင်းပြားဟူ၊ ပျားသားယူက၊ ဩရမဟု၊ စည်ကြမျှားပေ၊ ရှိတွက်ချေသော်၊ ကိုးဆယ်ကိုးမြို့၊ အစို့စို့ကို၊ မင်းရို့တည်ထ၊ ထီးနန်းချသည်၊ နာမသမိုက်မည်လတ်တည်း။

(၂၄) မည်လတ်သမိုက်၊ ထီးနန်းစိုက်၍၊ ဘုန်းမြိုက်ထွန်းပ၊ ပြဟ္မဏ၏၊ စိုးထတိုးစည်၊ ဆက်ကာသွယ်လျှက်၊ အနွယ်များစွာ၊ ဖြစ်ခြင်းရာကို၊ ရှီးကာဖော်ညွှန်း၊ ပိုကျယ်ဝန်း၍၊ စိစေ့ဆိုထ၊

ရုံး၍ပြအံ့၊ တရာ့ကိုးဆယ်၊ သျှစ်မြို့ဝယ်တွင်၊ အနွယ်ပုဏ္ဏား၊ နောင်ဖျားဆုံးစွန်၊ သရဘန်ဟု၊ ကျော်လွန်သတင်း၊ ထိုသည်မင်းလျှင်၊ ဆင်မြင်းရထား၊ ခြီသည်များနှင့်၊ တည်ထားပြောင်းရွှေ၊ ဝေသာလိဟု၊ ဘုမ္မိနက်သန်၊ မြီကြန်ညီညွတ်၊ မြို့မြတ်တည်လျှက်၊ ဆယ့်ခြောက်ဆက်တွင်၊ မြောက်ဖက်ရပ်မှာ၊ ဟေဝန္တာ၏၊ ရိသာညိုမြ၊ ဂစ္ဆပတွင်၊ ပစ္စုံသျှင်မိုး၊ ရွာသွန်းဖြိုးက၊ ဟိုးဟိုးများစွာ၊ စီးကျလာလျှင်၊ ထိုတွင်နီထ၊ ဆတ်မကမူ၊ ကြောက်လှကြီးကျင်၊ ညောင်ကြပ်ပင်ကို၊ ခုံမင်ကြွကြွ၊ အရကိုးလျှက်၊ ခိုမှီတက်၏။ တချက်ထိုထို၊ မျောက်ဖိုကလည်း၊ စိမ်းမြည္ဆန့်ရှင်၊ သဖန်းပင်ဝယ်၊ ခုံမင်တက်မူ၊ နီကုန်ပြု၏။ ရိထုများလှ၊ ပြည့်လတ်ကလျှင်၊ ဆတ်မမျောက်ထီး၊ အပြီးထိုခါ၊ မျောလီပါသော်၊ သေလာဂီရိ၊ အမည်ဟိသား၊ များသိန့်ဆောင်၊ ကျောက်တော်တောင်သို့၊ ရီကြောင်းပို့ကျင်၊ ရောက်လီလျှင်သော်၊ တူပင်မပြား၊ နီတုံငြားက၊ နှစ်ပါးဆုံထ၊ ပေါင်းဖော်ကြသည်၊ နှစ်လရက်ကြာနီလတ်တည်း။

(၂၅) နှစ်လရက်ကြာ၊ နီသောခါ၌၊ တိရိစ္ဆာန၊ ထိုဆတ်မသည်၊ ပုပ္ပနမိတ်၊ အကြောင်းဟိတ်ကြောင့်၊ သုံးကျိတ်နှစ်ယောက်၊ တွက်ရှိမြောက်သား၊ အံ့လှောက်ထွေပြား၊ သားကိုဖွား၏။ ထိုသားရို့တွင်၊ တချို့သားကား၊ ငှက်ဖြစ်ငြား၍၊ ပျံလားတုံမြောက်၊ ဥပွားပေါက်၏။ တချို့သားကား၊ မှန်ငြားစင်စစ်၊ လူလျှင်ဖြစ်က၊ လူ၌ဝင်ပြီး၊ ပေါင်းဖော်မှီး၏။ သားကြီးဖြစ်ထ၊ အားဗလနှင့်၊ နာမတွင်ပြန်၊ ငဆဒ္ဒါန်လျှင်၊ တဖန်ခေါ်ဘိ၊ ပက္ခမိနှင့်၊ ထိုပြီးတလှစ်၊ ငရဲခိုက်တည်း၊ စင်စစ်မှန်ညီ၊ ရက္ခနီဟူ၊ တူပြီးယှဉ်ထ၊ ဘီလူးမနှင့်၊ သင့်တင့်ပေါင်းမူ၊ ငရဟုတည်း၊ ဆွိစုမျိုးချည်း၊ ငပါးသဲလျှင်၊ နက်မဲအရုပ်၊ ငလကုတ်ရို့၊ ကြမ်းကြုတ်မိုက်မူး၊ စွယ်ပြူးပြူးနှင့်၊ ဘီလူးမသား၊ ဖြစ်ငြားတုံမြောက်၊ ခုနစ်ယောက်တည်း။ မှီနောက်တုံထ၊ မောင်နှမရို့၊ ဖိုမကာမေ၊ နီကုန်ပေ၏။ ဖွေဖွေရှာရှာ၊ ရပ်ဒီသာကို၊ လှည့်ကာပတ်လျှက်၊ မိုးထဆိုင်းဆာ၊ ညဆိုင်းဆာကို၊ ဝေသာလိမည်၊ ထိုသည်ပြည်၌၊ နီသည်မယှား၊ လူအများကို၊ ဖမ်းငြား၍သာ၊ စားကြပါသော်၊ ပြည်သာစိုးခြင်း၊ ထိုသည်မင်းလည်း၊ ဆင်မြင်းရထား၊ ခြီသည်များနှင့်၊ လူသားစားကြူး၊ တောဘီလူးနှင့်၊ နှစ်ဦးပူးဆိုင်၊ စစ်ရေးပြိုင်သော်၊ ကြီးခိုင်အားအန်၊ ငဆဒ္ဒါန်လျှင်၊ ဆင်ဟန်ဖန်ဆင်း၊ လိုက်လီလျှင်း၍၊ အတင်းဖမ်းငြား၊ မင်းကိုစားက၊ ပုဏ္ဏားမျိုးနွယ်၊ ပျက်ကိန်းသွယ်သည်၊ ပြီးဖယ်လူများကြောက်ရွံ့တည်း။

(၂၆) ကြောက်ရွံ့လူများ၊ ပြီးယှောင်လား၍၊ ထင်ရှားခေါ်ဘိ၊ ဝေသာလိဟု၊ တွင်ဘိအမည်၊ ထို့ရှိပြည်ကို၊ ပတ်လည်ရံငြား၊ ဘီလူးစားက၊ တိုင်းကားပြည်ရွာ၊ ချောက်ချားခါ၌၊ မဟာနာဂရ၊ ကပ္ပိလကို၊ အဇ္ဈနမင်း၊ ဖယ်ခွာလျှင်း၍၊ သီတင်းသုံးရာ၊ ရှိုကြမ္မာကြောင့်၊ တောအောင်းနီထ၊ ထိုဆတ်မနှင့်၊ သံဝါကိစ္စ၊ တွိဆုံကြခါ၊ ဣန္ဒြမာယု၊ ခေါ်ကြပြုငြား၊ သားကိုဖွား၏။ လူလားမြောက်ခါ၊ တေဇာကြီးထု၊ မာရယုကား၊ စစ်ပြုဆိုင်တိုက်၊ ငရက္ခိုက်ဟု၊ ဝန်းဝိုက်နီငြား၊ ဘီလူးများကို၊ ထွားထွားညက်ညက်၊ အကုန်ဖျက်မှ၊ အောင်ချဉာန၊ ထိုကစ၍၊ တွင်သနွယ်ရိုး၊ ရခိုင်မျိုးဟု၊ ပတ်ဟိုးနှံ့သိ၊ ကျော်ဇောဘိ၏။ မှတ်သိခေါ်ပြု၊ မာရယုဟု၊ ကြီးထုတေဇာ၊ မင်းမဟာလျှင်၊ တည်လာအစ၊ ပထမသည်၊ ဓညဝတီ၊ မြို့ဌာနီ၌၊ လောကီစျာန်ဖြစ်၊ ဆယ့်ခြောက်နှစ်တည်း။ သားချစ်သားငယ်၊ မာရဇေကား၊ ရွှီပြည်စိုးလှစ်၊ သုံးဆယ့်နှစ်တည်း။ တရစ်စိုးတုံ၊ မာရအုံကား၊ ရွှီဘုံနန်းမှာ၊ တိပဥ္စာတည်း။ မာရရွှယ်လျှင်၊ စိုးသည်မှန်ဖြစ်၊ လေးဆယ့်သျှစ်တည်း။ သားချစ်ခေါ်တွင်၊ မာရကင်ကား၊ စံရွှင်ပျော်ပါး၊ ငါးဆယ့်ငါးတည်း။ နွယ်များမတိမ်၊ မာရဇိန်မူ၊ ရွှီယူတွက်ကျုံး၊ သုံးဆယ့်သုံးတည်း။ ပြိုင်နှုန်းမမြင်၊ မာရတင်ကား၊

နန်းခွင်စံပြိမ်း၊ ဒွေးတရိန်းတည်း။ စိုးသိမ်းပျော်လျှက်၊ ခုနှစ်ဆက်တွင်၊ ကျက်ကျက်ရန်ငြိုး ငဆတ်အိုသည်၊ ကြည်ညိုမဟိ၊ ပုန်ကန်ဘိ၍၊ ဧကဝိသာ၊ နှစ်သင်္ချာတွင်၊ ခန္ဓာငါးတန်၊ ပြတ်လီပြန်မှ၊ နန်းရံမင်းစစ်၊ သျှစ်ဆက်ဖြစ်၏။ နှစ်ကိုပေါင်းကာ၊ တွက်ရှိုပါက၊ သုံးရာသုံးဆယ်၊ ခြောက်နှစ်ဝယ်လျှင်၊ အကယ်မှန်စွာ၊ ဖြစ်လီပါသည်၊ တခါနန်းရိုးဆက်ပြန်တည်း။

(၂၇) ဆက်ပြန်နန်းရိုး၊ ရှိထီးမိုး၍၊ နွယ်မျိုးသန့်စင်၊ မာရတင်ဟု၊ မည်ပင်တွင်ခြင်း၊ ထိုသည်မင်း၏၊ သားရင်းဖြစ်ထ၊ ကြီးတေဇနှင့်၊ ဒွါလစန္ဒြား၊ နန်းတက်ငြားခါ၊ နှစ်မှာလေးဆယ်၊ ချမ်းသာပေစွ၊ ဆိုကုန်ကြ၏။ သောလစန္ဒြား၊ ထိုမင်းဖျားမူ၊ တွက်ငြားရှိုကျုံး၊ သုံးဆယ့်သုံးတည်း။ လက်ရုံးကြီးထ၊ နီနှင့်လသို့၊ သူရိယစန္ဒြား၊ မင်းမြတ်ကားမူ၊ စံစားသုံးဆယ်၊ ခုနှစ်ဝယ်တည်း။ ဘုန်းကြွယ်ထွန်းပ၊ တုမမျှသည်၊ ကာလစန္ဒြား၊ လေးဆယ်စား၏။ သားတဥ္စစန္ဒြား၊ ခြွေရံများနှင့်၊ စံငြားတုံဖြစ်၊ သုံးဆယ့်တစ်တည်း။ တန်းထစ်ရှိုမူ၊ မှတ်တော်ပြုလော့၊ မဓုစန္ဒြား၊ နှစ်ဆယ်အားဖြင့်၊ စံစားပြီးမှ၊ ရန်မျိုးခ၏။ ဇေယျစန္ဒြား၊ အောင်ဆုပွား၍၊ စိုးငြားအုပ်ခါ၊ လေးဆယ်သာတည်း။ မောက္ခစန္ဒြား၊ မှူးမတ်များနှင့်၊ ထင်ရှားကျော်ချောက်၊ နှစ်ဆယ့်ခြောက်တည်း။ တယောက်မှန်ထ၊ သားပုတ္တမူ၊ ဂုဏာစန္ဒြား၊ ရှိနန်းအားကို၊ သိမ်းငြားစိုးထ၊ ဒွါဒသတည်း၊ ဒိပ္ပကျော်ကြား၊ စန္ဒြားကို၊ မြိုမတ်သုံးယောက်၊ ပုန်ကန်မြောက်၍၊ လွဲဖောက်လီငြား၊ မတ်သုံးပါးတွင်၊ ရှိဖျားအမတ်၊ စိုးအုပ်ကွပ်သော်၊ ရက်မှတ်သတ္တာ၊ တယောက်မှာကား၊ မှန်စွာသုံးလ၊ တယောက်ကမူ၊ သျှစ်လဟူ၏။ စိုးယူသိမ်းမြန်း၊ အောင်ခန်းထိန်လင်း၊ ကိုးဆက်မင်းရို့၊ စိုးလျှင်းသောခါ၊ နှစ်ပေါင်းမှာမူ၊ နှစ်ရာ့သျှစ်ဆယ်၊ မှန်ပေထစ်ထစ်၊ စိုင်ဆက်ဖြစ်သည်၊ ထောင်လှစ်ထီးနန်းထပ်မံတည်း။

(၂၈) ထပ်မံထီးနန်း၊ တည်လတ်ထွန်း၍၊ တန်းခိုးကြီးလှ၊ နီနှယ်ပသည်၊ ဂုဏာစန္ဒြား၊ ထိုမင်းဖျား၏၊ ဖွားထပုတ္တာ၊ ကံရာဇာကြီး၊ စိုးပြီးအုပ်ကာ၊ လေးဆယ်မှာဝယ်၊ စွန်းပါတနှစ်၊ ဖြစ်တုံရစ်၏။ ညီချစ်ကနိဋ္ဌာ၊ လောင်းပွင့်လျှာမူ၊ ကံရာဇာငယ်၊ တင့်တယ်ထွန်းပ၊ ဆတ္တိံသတည်း။ ဣန္ဒသူရိယာ၊ ပံတိသာနှင့်၊ ဆက်ကာရိပ်ငြိမ်၊ အသူရိန္ဒ၊ သူရိယလျှင်၊ စိုးထသက္က၊ သုံးဆယ်ပြ၏။ သာရမိတ္တာ၊ စိုးအုပ်ပသည်၊ အဋ္ဌဝီသ၊ သူရိယမူ၊ ဧကတရိန်း၊ ဖြစ်တုံပြီးမှ၊ မင်းထီးမင်းပါ၊ နှစ်ပါးမှာကား၊ ဓမ္မဝီသ၊ အညီမျှ၏။ သည်ပထိုနောင်၊ မင်းစည်ပေါင်ကား၊ တွက်ငြားရှိုစစ်၊ နှစ်ဆယ့်သျှစ်တည်း။ ညီချစ်အရင်း၊ တံတိုင်းသင်းနှင့်၊ ပွင့်လင်းစည်ပင်၊ ကျော်ခေါင်စင်ဟု၊ ဖြစ်ကျင်တုံငြား၊ မင်းနှစ်ပါးရို့၊ မခြားစိုးရစ်၊ သုံးဆယ့်တစ်စီ၊ ခတ်လစ်တံဆိတ်၊ စန္ဒမိတ်ကား၊ စိုးငြားတုံရစ်၊ နှစ်ဆယ့်တစ်တည်း။ ဖြစ်သည်စိုင်လျှက်၊ ဆယ့်နှစ်ဆက်လျှင်၊ ရှိုတွက်စစ်ခါ၊ နှစ်ဝါသာကား၊ သုံးရာ့ငါးဆယ်၊ ခြောက်နှစ်သွယ်သည်၊ စံပယ်ရွှင်ပနတ်ဟန်တည်း။

(၂၉) နတ်ဟန်ရွှင်ပ၊ အနန္ဒဟု၊ အဘယရာဇာ၊ အတ္တိံသာတည်း၊ လက်ယာစည်သူ၊ ဒွတ္တိံဟူ၏။ မြင့်မူစိုးရသီဟကလည်း၊ ရှိထမှန်ကျုံး၊ လေးဆယ့်သုံးတည်း။ ပတ်ကုန်းဝန်းရံ၊ မင်းဘုန်းသန်ကား၊ ပျော်စံတုံရစ်၊ သုံးဆယ့်တစ်တည်း။ တထစ်စံသီး၊ သက္ကမ္ဘီးက၊ နဝစတ္တာ၊ အုပ်ချုပ်ပါ၏။ ဇေယျနန္ဒသူ၊ ဘုန်းညွန့်လူသည်၊ ရိပ်ဖြူဖြန့်လှစ်၊ ငါးဆယ့်တစ်တည်း။ တလှစ်တုံမူ၊ တက္ကသူကား၊ ရှိယူချီမြောက်၊ လေးဆယ့်ခြောက်တည်း။ ကျော်ချောက်ကြေငြာ၊ လက္ခဏာကား၊ သတ္တာတရိ၊ စိုးစံဘိ၏။ မှတ်သိတုံလှစ်၊ ဂုဏရာဇ်ကား၊ သျှစ်နှစ်လေးဆယ်၊ အသိလွယ်တည်း။ နီနှယ်ထွန်းသစ်၊

သီဝရာဇ်ကား၊ အက်နှစ်တရိ၊ စိုးစံဘိ၏။ မည်ဟိကျော်ဟီး၊ မင်းလှမွီးကား၊ စံစားတုံဖြစ်၊ သုံးဆယ့်တစ်တည်း။ တလှစ်ထိုမှ၊ ပူရိန္ဒလျှင်၊ ဓမ္မဆဋ္ဌ၊ စိုးပိုင်သ၏။ သိဒ္ဓတကုမ္မာ၊ ဒွေးဝိသာနှင့်၊ စိုင်ကာဆက်ပြီး၊ မင်းလှကြီးကား၊ ရှိထီးဖြန့်ထ၊ သတ္တစာလိ၊ ဖြစ်တုံဘိ၏။ ဘုန်းဟိသာစည်၊ မင်းလှငယ်ကား၊ နှစ်ဆယ့်လေးနှစ်၊ စည်းစိမ်ဖြစ်၏။ ရှိစစ်နှစ်မှာ၊ တွက်ခြစ်ပါမူ၊ ပဉ္စာနဝ၊ ပညာသတည်း။ ရာဇဘုန်းမိုး၊ ရှိနန်းစိုးသား၊ နွယ်ရိုးဝံသ၊ စိုင်၍ပြသော်၊ ဖြစ်ထတုံငြား၊ တဆယ့်ငါးသည်၊ ထင်ရှားမင်းဆက်အမှန်တည်း။

(၃၀) အမှန်မင်းဆက်၊ စိုင်မပျက်သည်၊ ထီးချက်ဖြန့်လှစ်၊ စေတရာဇ်ကား၊ အနှစ်သုံးဆယ်၊ ပျော်စံပေ၏။ ဘုန်းကြွယ်လျှံထွန်း၊ မျက်နှာဝန်းမူ၊ ရွှင်လန်းစံဖြစ်၊ သုံးဆယ့်တစ်တည်း။ နှစ်ရှည်ကြာပြီး၊ လက်ရုံးကြီးကား၊ သတ်ဒွိးယူဘိ၊ မှတ်ကုန်ဘိလော့။ သီရိကမ္မသုန္ဒ၊ အတ္တိံသတည်း။ နန္ဒကောဘယ၊ စောမင်းလှမူ၊ စိုးထစံလှစ်၊ သတ်ဒွေးဖြစ်၏။ သားချစ်တမူ၊ မင်းနံဖြူကား၊ နှစ်ဆယ်ဟူ၏။ မင်းနံလှမူ၊ အဠဝီသ၊ စံထဖြစ်ပေ၊ မင်းခေါင်ငယ်ကား၊ တဆယ့်ကိုးနှစ်။ တက်သစ်ဘုန်းရောင်၊ လက်ရုံးထောင်သား၊ လောက်ခေါင်ရာဇာ၊ လေးဆယ်သာလျှင်။ ရာဇာမင်းငယ်၊ ပျော်လှစည်ကား၊ စိုးသည်မှန်မြောက်၊ ခြောက်နှစ်ရောက်၏။ ထွန်းတောက်ဘုန်းသမ္ဘာ၊ သာယာလှသား၊ ဧဝတီ၊ မြို့သိင်ဂီသည်၊ တလီကျိန်းခန်း၊ မကောင်းထွန်း၍၊ ထီးနန်းသိမ်းထ၊ ပြောင်းပြီးမှလျှင်၊ ရန္ဓဝန္ဒာ၊ မြစ်ညာဆီ၏၊ မြနီလာစက်၊ လက်ယာဘက်၌၊ အောင်ချဌာန၊ ထီးနန်းချသော်၊ နှစ်လရက်လျှင်၊ မမြင့်ခင်၌၊ တိုင်ပင်ညီငြား၊ မတ်သုံးပါးရို့၊ ပုန်စားပြီးလျှင်၊ မင်းပြုကျင်၏။ သိထင်ကျော်ချောက်၊ နှစ်နှစ်မြောက်၏။ နောက်မင်းလေးနှစ်၊ ဆက်ကာဖြစ်၏။ မကောင်းခိုက်ရန်၊ ဒေါသမာန်ဖြင့်၊ ပုန်ကန်ပြုလျှက်၊ ကျွန်သုံးဆက်ရို့၊ နှိပ်စက်လှုပ်လျှား၊ မင်းပြုငြားသော်၊ စကားနှုတ်ပွင့်၊ အစိုင်သင့်ဖြင့်၊ ကံသုံးဆင့်မြို့၊ သမိုက်စို့လျှက်၊ လူရို့များဖျင်၊ ခေါ်ကြကျင်သည်။ နှစ်လျှင်တွက်စစ်၊ နှစ်ရာဖြစ်လျှက်၊ စွန်းရက်ခုနှစ်ဆယ်၊ အနွယ်ရောယှက်၊ ဆယ့်သုံးဆက်လျှင်၊ အပျက်အကျပ်၊ ရောထွီးလတ်သည်၊ မှတ်လော့မကြွင်းမကျန်တည်း။

(၃၁) မကျန်မကြွင်း၊ ပြည်ခပင်းကို၊ ရုန်းရင်းပြုမြောက်၊ မတ်သုံးယောက်ရို့၊ ရှိနောက်ဘယ်ညာ၊ ဖျက်ဆီးခါမှ၊ ပဉ္စာလရာဇ်၊ တိုင်းသနစ်ဟု၊ ဖြစ်သည်သာစည်၊ သင်းတွဲပြည်ကို၊ ဆက်ရှည်စိုးဘိ၊ နာမဟိသား၊ အဘိရာဇာ၊ သားသဲချာမူ၊ ကံရာဇာကြီး၊ ချီလာပြီးမှ၊ တိမ်နီမိုးဆောင်း၊ ကျောက်ပန်းတောင်း၌၊ မြို့ကောင်းတည်ခယ့်၊ ရန်မျိုးဖယ့်လျှက်၊ နှစ်ဆယ့်လေးနှစ်၊ စိုးသည်ဖြစ်မှ၊ တလှစ်ဖော်ထုတ်၊ သီရိဂုတ်၌၊ အဟုတ်မှန်စွာ၊ မြို့တည်ပါသော်၊ မြင့်ကြာမရ၊ လေးလမျှလျှင်၊ ခွါရတုံငြား၊ ပြောင်း၍လားသော်၊ သိကြားမာယ၊ ညွှန်လာပြသား၊ ဧဝတီ၊ မြို့ဌာနီကို၊ တလီတွက်စစ်၊ သက္ကရာဇ်ကောဇာ၊ ရူပကာတွင်၊ တည်လာပြုလှစ်၊ ထီးနန်းစိုက်၍၊ ဟိုးရိုက်ကျော်ထ၊ ပုတ္တိံသတည်း။ ဥပရာဇ၊ အိမ်ရှိရသား၊ သီလရာဇာ၊ ဆက်ပြန်လာ၍၊ အဌာပေတ၊ နှစ်ပေါင်းရ၏။ ဝါသုရရာဇာ၊ နန်းဘုံသာ၌၊ ဧကောရာမ၊ စိုးအုပ်သချင့်။ နန္ဒဝိဘူရ၊ စာလိသဖြင့်၊ ပုဏ္ဏသူရိယာ၊ ထိုမင်းမှာကား၊ ဓမ္မတရိ၊ ဖြစ်တုံဘိ၏။ သိရိနန္ဒာ၊ သဉ္ဇာနှစ်တိ၊ သိလိုဘိမူ၊ တရိဝီသာ၊ စန္ဒိမာကား၊ ဆက်လာပြန်ခယ့်၊ သုံးဆယ့်ခုနှစ်၊ စိုးသည်ဖြစ်၏။ သားချစ်မည်ဟိ၊ သီရိနန္ဒာ၊ နှစ်စာလီသ၊ စံစားရ၏။ မင်းလှဘုန်းသန်၊ သီဟရံကား၊ နိုင်ငံကျော်ချောက်၊ လေးဆယ့်ခြောက်တည်း။ ထွန်းတောက်နီတု၊ သီဟနုကား၊ စိုးပြုမှန်ထ၊

နှစ်ဆယ်ပြူ။ ပရတရာဇ၊ စိုးရတုံလစ်၊ သုံးဆယ့်တစ်လျှင်၊ ဘုန်းသစ်ပွင့်ညက်၊ နီလဂုဏ်ကား၊ ရောင်ဟုန်ထွန်းပ၊ ပါဒသဍ်၊ ဧကတိသုံ၊ သီရိဂုဏ်ကား၊ ရှိဘုံစိုးရ၊ ဇောဗီသတည်း။ နှစ်ရအစု၊ ရှိတွက်ပြုသော်၊ စတုအဌ၊ ဧကပြ၏။ ရာဇဝင်ရေး၊ တဆယ့်လေးသည်၊ စည်းဝေးဗိုလ်ထုများစွာတည်း။

(၃၂) များစွာဗိုလ်ထု၊ စည်းဝေးပြု၍၊ နိုင်တုမဲ့စွာ၊ သမံဇာမူ၊ ပဥ္စာတိသ၊ စိုးအုပ်ပ၏။ သုဝဏ္ဏကုမ္မာ၊ မင်းမြတ်စွာကား၊ ဘုံသာဥကင်၊ ဆယ်နှစ်ရှင်၏။ သက်တင်ဖြူမှာ၊ လေးဆယ်လာ၏။ တေဇာဘုန်းထူး၊ သက်တင်ဦးကား၊ ရှင်မြူးစံပ၊ ဒွေးပေတတည်း။ ဇေတဝန်မင်း၊ ဆတ္တိရင်းတည်း။ မယွင်းမှန်စွာ၊ မုဥ္စယာကား၊ ပေတာရာမ၊ ရှင်စံပ၏။ ကုမ္မာရဝိသုဒ္ဓိ၊ မင်းဘုန်းဟိကား၊ ရှည်ဘိအာယု၊ သျှစ်ဆယ်ပြု၍၊ စွန်းမှုခုနှစ်၊ စိုးတုံရစ်၏။ သားချစ်သားစု၊ ပျိုရွယ်နုသည်၊ ဝါသုမ္ဂလ၊ မင်းမတ်လှမူ၊ ရှင်ပနန်းထဲ၊ သုံးဆယ့်လေးတည်း။ ရှိသဲယောင်းလှ၊ သုရိန္ဒကား၊ ဧကတိသာ၊ စိုးအုပ်ပါ၏။ ရာလမာယု၊ ပျော်မှုစံကာ၊ ဒွတ္တိံသာတည်း။ နာလမာယု၊ အတ္တိံပြု၏။ ပြိုင်တုကင်းကုန်၊ ဝိရတဂုဏ်ကား၊ ရှိဘုန်နန်းစိုက်၊ နှစ်ဆယ့်နှစ်တည်း။ သားချစ်မျက်ရှု၊ ဝိသုရာဇာ၊ အတ္တိံသာတည်း။ သီရိရာဇာ၊ စောမင်းလျှာကား၊ ပဥ္စတိသံ၊ နန်းဘုံစံ၏။ ကုလံဝံသ၊ နရိန္ဒရို့၊ စိုးထနန်းထက်၊ ဆယ့်လေးဆက်တည်း၊ တွက်ချလီခါ၊ နှစ်ဝါသာမူ၊ လေးရာကျော်လှစ်၊ ကိုးဆယ်ဖြစ်၍၊ တထစ်မယွန်း၊ အစိုင်ထွန်းသည်၊ ရှိနန်းသိင်္ဂါအောင်ချာတည်း။

(၃၃) အောင်ချာသိင်္ဂ်၊ စိုးစံပသည်၊ သူရိယစန္ဒာ၊ မင်းမြတ်စွာကား၊ မဟာမုနိ၊ ဆရံသိဖြင့်၊ ထွန်းညီးရောင်တော်၊ ရုပ်ရှင်တော်ကို၊ သုံးဘော်သနင်း၊ တရားမင်းအား၊ ဝပ်စင်းပြုထ၊ တောင်းပန်ခ၍၊ ဓညဝတီ၊ မြို့ဌာနီတွင်၊ သိင်ဂီမောက်မောက်၊ ကျောင်းတော်ဆောက်ကာ၊ ဝမ်းမြောက်စိတ်ဖြူ လှူတော်မူ၏။ ဘုန်းထူးမြတ်စွာ၊ သာသနာလည်း၊ ရောင်ဝါတောက်ထွန်း၊ နိညထွန်း၏။ ပွင့်လန်းသာယာ၊ ထိုရာဇာကား၊ စိုးငြားမှန်ပေ၊ နှစ်ငါးဆယ်နှင့်၊ စွန်းဝယ်နှစ်နှစ်၊ အမှန်ဖြစ်၏။ သားချစ်ရာဇာ၊ ဥပရာမူ၊ သူရိယဓိပတိ၊ စောဘုန်းဟိကား၊ မှန်ဘိစိုးထ၊ တိပဥ္စတည်း။ သူရိယရူပ၊ ပန္နရဖြင့်၊ သူရိယာစန္ဒလ၊ ဒွေးဆတ္တနှင့်၊ သူရိယာစက္က၊ စိုးထမနေ့း၊ လေးဆယ့်လေးတည်း။ သူရိယာနာထ၊ သိင်္ဂ်နန်းရံ၊ လေးဆယ်စံ၏။ ပုတ္တံသားလှ၊ နာမမည်ဟိ၊ သူရိယဝံသာ၊ ကိုးနှစ်ကြာ၍၊ သူရိယာဝန္ဒ၊ ခြောက်နှစ်ပြ၏။ သူရိယကလျာ၊ ဘုန်းသမ္ဘာနှင့်၊ အဌာရသ၊ စိုးပြီးမှလျှင်၊ သူရိယမုခ၊ ဆဗ္ဗိသတည်း။ သူရိယဇေတ၊ စိုးထတုံလှစ်၊ သုံးဆယ့်တစ်တည်း။ ဖြစ်သည်စိုင်လျှက်၊ ဆယ့်နှစ်ဆက်ရို့၊ နန်းထက်စိုးကာ၊ နှစ်ပေါင်းမှာမူ၊ သုံးရာကျော်လစ်၊ ကိုးဆယ်ဖြစ်၏။ ကြွင်းရစ်စွန်းလွန်၊ သျှစ်နှစ်မှန်သည်၊ ဧကန်မှတ်ကြသင့်စွာတည်း။

(၃၄) သင့်စွာမှတ်ကြ၊ ထီးဖြူလှနှင့်၊ သူရိယပုညာ၊ သျှစ်နှစ်သာတည်း။ သူရိယာကုလ၊ တိဝိသဟု၊ သူရိယပဘာ၊ ပဥ္စမ္မာဖြင့်၊ သူရိယာစိတြ၊ ဆယ့်သျှစ်မျှလျှင်၊ သူရိယဇေ့ဌ၊ ဒွေးဝီသတည်း။ သူရိယာဝိမလ၊ သျှစ်နှစ်ပြ၏။ သူရိယယေနု၊ ဒွေးဒွေးပြု၏။ သူရိယကံသ၊ ဆယ့်ခြောက်ရ၏။ သူရိယသကျာ၊ သျှစ်နှစ်ကြာ၏။ သူရိယသီရိ၊ ဝီသတိတည်း။ သူရိယကေသိ၊ ကိုးနှစ်ဟိ၏။ သူရိယကုမ္မ၊ တိမ္ဗေတည်း။ သူရိယကေတု၊ စိုးပြုစံပ၊ ဒွေးပေတတည်း။ ရာဇဝံသာ၊ မင်းဆက်မှာကား၊ ရှိကာတွက်ကျုံး၊ တဆယ့်သုံးတည်း။ စုရုံးနှစ်မှာ၊ ပေါင်းနှောပါသော်၊

နှစ်ရာ့လေးဆယ်၊ လေးနှစ်ပေတည်း။ အနွယ်စိုင်ထ၊ သူရိယဟု၊ ခေါ်ကြသချည်း၊ ဆက်ကာတည်းလျှင်၊ ကမ္ပည်းသိထင်၊ မော်ကွန်းတင်သည်၊ ဝန်းကျင်သျှစ်ရပ်ဒီသာတည်း။

(၃၅) ဒိသာသျှစ်ရပ်၊ ကြားနှံ့စပ်သား၊ နတ်မျိုးနွယ်လာ၊ မဟာတဥ္စစန္ဒြား၊ မည်ထင်ရှားသား၊ ကျော်ကြားဘုန်းထူး၊ အောင်စည်ကျူး၍၊ ရောင်မြူးတောက်ထွန်း၊ ရွှီဘုံနန်းကို၊ စိုးမြန်းတနှစ်၊ ပြီးတုံရစ်မှ၊ ခုနှစ်အင်္ဂါ၊ ပြည့်စုံပါသား၊ မဟာဗလ၊ နဂရဟု၊ ဓညဝတီ၊ မြို့ဌာနီသည်၊ တလီကျိန်းခန်း၊ မကောင်းထွန်း၍၊ ထီးနန်းစိုက်သင့်၊ ကံသုံးဆင့်ကို၊ ရှည်မြင့်စိမ့်ငှာ၊ တည်လီပါလည်း၊ မကြာမတင်၊ တနှစ်တွင်ဝယ်၊ ပျက်ကျင်ပေမှ၊ ထိုမြို့ကသည်၊ ခွာထပြောင်းဘိ၊ ဝေသာလိဟု၊ တွင်သိနိုင်းဆ၊ မြို့သာလှကို၊ ရွှီတွက်သချ်ာ၊ နှစ်ကောဇာမူ၊ တရာ့ငါးဆယ်၊ နှစ်နှစ်ဝယ်တွင်၊ ဘုန်းကြွယ်မင်းမွန်၊ တည်လာပြန်၍၊ တဖန်စိုးရစ်၊ နှစ်ဆယ့်နှစ်တည်း။ တက်သစ်နီလ၊ ကောင်းခြင်းပသည်၊ သူရိယစန္ဒြား၊ ထိုမင်းဖျားကား၊ ဆန်းပြားအံ့ဖွယ်၊ နန်းဘုံလယ်၌၊ စံပေဇေကန်၊ နှစ်ဆယ်မှန်၏။ နိုင်ငံကျယ်ပြော၊ ဇမ္ဗူကြောဝယ်၊ မောလစန္ဒြား၊ လက်ရုံးအားနှင့်၊ စံစားအုပ်စိုး၊ တဆယ့်ကိုးတည်း။ ပြည့်ဖြိုးပညာ၊ ကုသလကြောင့်၊ ပေါလစန္ဒြား၊ ခေါင်ထွတ်ဖျားကား၊ ဝန်းလျားခြံရံ၊ တင့်စိုးစံပ၊ ဆဗ္ဗိသတည်း။ ကာလစန္ဒြား၊ ကိုးနှစ်စား၏။ မခြားဝံသ၊ စိုင်ဖြစ်ကြသည့်၊ ထူလစန္ဒြား၊ ကျော်နှံ့ကြားသား၊ မင်းဖျားပရမေ၊ စောဘုန်းကြွယ်လည်း၊ ခြွေရံရံကာ၊ နန်းဘုံသာ၌၊ နဝါအတ္တိ၊ စံစားဘိ၏။ သီရိစန္ဒြား၊ ဥကင်ဖျားဝယ်၊ ကြယ်များရံကာ၊ လပမာသို့၊ ချမ်းသာစံရ၊ ဒွတ္တိံသတည်း။ သိင်္ဂစန္ဒြား၊ မင်းဖျားထွတ်ခေါင်၊ နန်းတောင်ညာထက်၊ သောဠသတည်း။ စူဠစန္ဒြား၊ ထိုမင်းဖျားကား၊ စိုးငြားအုပ်ကာ၊ ခြောက်နှစ်ကြာ၏။ စိုင်လာမပျက်၊ အဆက်ဆက်လျှင်၊ သောင်းကျက်ကျော်ကြား၊ စန္ဒြားရို့၊ သိကြားပီးဆက်၊ လုံ့လက်နက်ဖြင့်၊ အုပ်ကြက်လွှမ်းမိုး၊ ထိန်ဟိန့်ကြိုးသည်၊ လူမျိုးရိုခညွှတ်လာတည်း။

(၃၆) ညွှတ်လာရိုခ၊ ဘုန်းတေဇကြောင့်၊ နဝရတနာ၊ ပြည့်စုံပါသား၊ ပြည်သာပူရိ၊ ဝေသာလိ၌၊ ဆန္ဒြရူပ၊ တရိန္ဒဟု၊ ရွှီထအစစ်၊ သက္ကရာဇ်သည်၊ ရောက်လစ်မှန်စွာ၊ နှစ်ကောဇာတွင်၊ စိုင်ကာခြားပြု၊ မိလက္ခဟု၊ ခေါ်မူသိတုံ၊ အမြတ်ုံမူ၊ နန်းဘုံသတ္တာ၊ စံပြီးမှတည်း၊ သားငလှပ်ပျူ၊ မြောက်ဦးထူ၍၊ သိမ်းယူစိုးရစ်၊ တဆယ့်နှစ်မှ၊ တလှစ်ထိုနှောင်၊ သပိတ်တောင်ကို၊ တည်ထောင်ပြန်ဖြစ်၊ တဆယ့်သျှစ်တည်း။ သက္ကရာဇ်မှာ၊ တွက်ရှိပါသော်၊ သုံးရာငါးဆယ်၊ ခြောက်ခုဝယ်၌၊ စင်စစ်ထင်ရှား၊ စန္ဒြား၏၊ သားရင်းမှန်ပင်၊ သက်မည်တွင်သား၊ ငမင်းငတုံး၊ တေဇာဘုန်းနှင့်၊ လက်ရုံးမြန်းကြက်၊ စမ္ပဝက်ကို၊ တည်လျှက်စိုးလာ၊ ဇောဗိသာတည်း။ ရွှီကာပေါင်းထ၊ နှစ်အရကား၊ ဧကဆဋ္ဌာ၊ မင်းစိုင်မှာမူ၊ အောင်ချာနဂိုရ်၊ သုံးဆက်ဆိုသည်၊ ဗဟိုရွှီစည်ရစ်မွန်းတည်း။

(၃၇) ရစ်မွန်းရွှီစည်၊ ဗဟိုလယ်၌၊ ငါးမည်အင်္ဂါ၊ ပြည့်စုံပါ၍၊ ပဥ္စာခေါ်ထ၊ မြို့သိင်္ဂကို၊ သက္ကရာဇ်မှာ၊ ခတ်အတ္တာနှင့်၊ တိံသာရောက်လျှင်၊ ခေတ္တာသင်သည်၊ မှန်ပင်ဆယ်နှစ်၊ စိုးသည်ဖြစ်မှ၊ ညီချစ်အရင်း၊ စန္ဒသင်းသည်၊ ပွင့်လင်းဘုံသာ၊ နန်းအောင်ချာဝယ်၊ ဧကာဒသ၊ စံရွှင်ပ၏။ ထိုမှတမူ၊ မင်းရင်ဖြူကား၊ ခွန်ယူသိမ်းမိုး၊ ဆယ်နှစ်စိုး၏။ နွယ်ရိုးမှန်ထ၊ နာဂသူရိယ၊ သုံးနှစ်ပြ၏။ သူရိယရာဇာ၊ နှစ်နှစ်သာတည်း။ ဆက်ကာထိုမှ၊ ပုဏ္ဏကလည်း၊ စိုးထကြည်ဖြူ

လေးနှစ်ဟူ၏။ မင်းဖြူကြီးလျှင်၊ နှစ်နှစ်ရှင်မှ၊ စည်သဘင်အမတ်၊ တနှစ်မှတ်လေ့။ မင်းမြတ်တမူ၊ မင်းနန်းသူလျှင်၊ ရိပ်ဖြူဖြန့်ကာ၊ ငါးနှစ်ကြာ၏။ မင်းလာတော်ကား၊ ခြောက်နှစ်စား၏။ မင်းကုလားနှင့်၊ မင်းဘီလူးရို့၊ နှစ်ဦးညီကာ၊ သုံးနှစ်လာ၏။ သင်္ချာရေး၊ တဆယ့်လေးတည်း။ ပုတ္တေးမင်းသန်၊ သျှစ်နှစ်စံ၏။ တဖန်မင်းပတိ၊ တရိသုံးနှစ်၊ စိုးစံဖြစ်၏။ စင်စစ်မှန်စွာ၊ နှစ်ပေါင်းမှာကား၊ ပဉ္စာအင္ဒ၊ သိကုန်ကြလေ့။ ဝံသစိုင်လာ၊ မင်းဆက်မှာမူ၊ ပန္နရသာ၊ ဖြစ်ကုန်ပါသည်၊ သိင်္ဂါစံဘုံ့ရှိနန်းတည်း။

(၃၈) ရှိနန်းစံဘုံ၊ စိုးအုပ်တုံ၍၊ ပြည့်စုံအင်္ဂါ၊ မင်းလက်ယာမူ၊ ပဥ္စအင္ဒ၊ စတုကဟု၊ သက္ကရာဇ်ကောဇာ၊ ရောက်သောခါ၌၊ တည်လာအဆက်၊ မြို့လောင်းကြက်ကို၊ ဖြူရွက်ဖြန့်မိုး၊ သုံးနှစ်စိုး၏။ ကောင်းကျိုးမဟိ၊ ဖြစ်တုံဘိ၍၊ အဋ္ဌိအဋ္ဌာ၊ စတုရာဟု၊ ကောဇာရောက်ချိန်၊ ပရိန်မြို့သစ်၊ တည်ထောင်လှစ်၏။ သုံးနှစ်စံကာ၊ လွန်ပြီးခါမှ၊ သီဟဗမင်း၊ တနှစ်လျှင်းတည်း။ တွင်ခြင်းကျော်ဟီး၊ ရာဇာကြီးလျှင်၊ စံပြီးဒွယာ၊ သည်နောက်မှာကား၊ သာကီဝင်ကြီး၊ တရိခါတွင်၊ သုံးနှစ်လျှင်တည်း။ သာကီဝင်ငယ်၊ ဘုံနန်းလယ်တွင်၊ တဆယ်သျှစ်နှစ်၊ စည်းစိမ်ဖြစ်၏။ တထစ်မှတ်ကြ၊ ဂေါရိလနှင့်၊ ကောလိယမူ၊ ဝီသဟူ၏။ တမူစိုးလာ၊ ဒသာရာဇာကား၊ ဒွါသစိုးစံ၊ လွန်ခယ့်ပြန်သော်၊ အနန္တသီရိ၊ စိုးဘိနှစ်နှစ်၊ တလှစ်တွက်ပြု၊ နှစ်ပေါင်းစုကား၊ စတုဆတိ၊ ဖြစ်တုံဘိ၏။ မှတ်သိတုံထ၊ နွယ်ဝံသမူ၊ အဋ္ဌမှန်စွာ၊ သျှစ်ဆက်လာသည်၊ အောင်သာမြို့မကြငှန်းတည်း။

(၃၉) ကြငှန်းအောင်ချာ၊ ခြိတ်မြို့သာကို၊ ကောဇာနှစ်ရေ၊ ဖော်ပြပေအံ့၊ နောဒွေပဥ္စာ၊ ရောက်သောခါ၌၊ တေဇာတက်ဖျား၊ မင်းဘုန်းစားသည်၊ တည်ထားပြီးမှ၊ မြို့နန်းချ၍၊ စိုးထအုပ်လစ်၊ ခုနှစ်နှစ်တွင်၊ စွန့်လစ်ခန္ဓာ၊ လွန်ပြီးသော်က၊ ပဥ္စကာလ၊ သံဝစ္ဆမူ၊ ဓမ္မဖြစ်ထ၊ သိကုန်ကြလေ့။ ဂန္ဓရူပေါ်၊ သုံးနှစ်ကျော်မူ၊ မြို့တော်ကျိန်းခန်း၊ မကောင်းထွန်း၍၊ ထီးနန်းကနက်၊ အသစ်ဆက်လျှက်၊ စမ္ပဝက်မှာ၊ တည်တုံလာသော်၊ မြင့်ကြာမမြောက်၊ ခြောက်လရောက်တွင်၊ ခြိမ်းခြောက်ပြုလတ်၊ ဒေါသမှတ်၍၊ အမတ်စလင်ဗိုလ်၊ လူဝန်တိုလျှင်၊ ငြိုငြင်ထဲမှတ်၊ ပုန်ကန်လတ်၍၊ အကျပ်ပျက်ကို၊ ခြောက်လဆို၏။ နှစ်ကိုပေါင်းက၊ တေရသလျှင်၊ ရာဇဝင်မှာ၊ လေးဆယ်သာတည့်၊ စိုင်လာဖြစ်ကြ၊ ဆိုမြွက်ဟသည်၊ ပြဟ္မာထိပ်ခေါင်ဦးစွန်းတည်း။

(၄၀) ဦးစွန်းပြဟ္မာ၊ ဘုန်းညွန့်ဖြာသား၊ တေဇာထွန်းလင်း၊ မဥ္စူသင်းသည်၊ ကောင်းခြင်းသာစွာ၊ မြို့ပဥ္စာကို၊ ငါးရာကျော်လစ်၊ လေးဆယ့်နှစ်ဟု၊ သက္ကရာဇ်မှာ၊ တည်တုံပါ၍၊ ဧကောဧကော၊ စံပြီးမှလျှင်၊ သားလှရေမွှန်၊ ငပုဂ္ဂံရို့၊ စိုးစံအညီ၊ နှစ်နှစ်စီတည်း။ သည်ပြီးရက္ခိုင်၊ ငကြုံဆိုင်ရို့၊ နန်းထိုင်သုံးနှစ်၊ အညီဖြစ်၏။ တလှစ်ငဆူ၊ လေးနှစ်ဟူ၏။ သိမ်းယူခွန်ဖျင်း၊ ငစွေသင်းနှင့်၊ ခေါ်ခြင်းမည်သီး၊ မင်းခေါင်ကြီးဟု၊ တွင်ပြီးတသွယ်၊ မင်းခေါင်ငယ်နှင့်၊ ဆက်နွယ်စိုင်လာ၊ ကမ္ဘာလောင်ကြီး၊ မည်သီးတဖြာ၊ ကမ္ဘာလောင်ငယ်၊ ငါးဆက်ဝယ်ကား၊ စံပယ်အညီ၊ တနှစ်စီတည်း။ တလီတွင်သီး၊ လက်ယာကြီးမူ၊ စိုးပြီးအုပ်ကာ၊ သျှစ်နှစ်ကြာ၏။ လက်ယာဝင်ငယ်၊ စိုးသည်ဆယ့်တစ်၊ တလှစ်မယွင်း၊ သနပင်းကား၊ စိုးခြင်းအကယ်၊ သုံးနှစ်ပေတည်း၊ ငနယ်သိမ်မူ၊ ဒွေးချိန်မှတ်ထုံး၊ ငနုလုံးကား၊ သုံးနှစ်စား၏။ မှတ်သားတဖြာ၊ နှစ်ပေါင်းမှာကား၊ သတ်ပဥ္စတာ၊ သောဠသာစစ်၊ မင်းမျိုးဖြစ်သည်၊ အသစ်မြို့ရွာကျိန်းဝပ်တည်း။

(၄၁) ကျိန်းခန်းအသစ်၊ ရှာဖွေလစ်၍၊ မင်းစစ်မှန်စွာ၊ အလောမာသည်၊ ပဥ္စာတွင်ထ၊ မြို့ပူရကို၊ တေဇတက်ဖြိုး၊ နှစ်နှစ်စိုးမှ၊ ရန်မျိုးမပွက်၊ မြို့လောင်းကြက်ကို၊ ရှိတွက်သက္ကရာဇ်၊ ခြောက်ရာနှစ်တွင်၊ အသစ်တည်ထ၊ ထီးနန်းချလျှက်၊ စိုးထခြောက်နှစ်၊ လွန်ပြီးရစ်မှ၊ သားချစ်ရှိတူ၊ ရာဇသူနှင့်၊ ရှိယူနှစ်ဦး၊ မင်းစောလူးမူ၊ ရှင်မြူးပဥ္စာ၊ ဥစ္စနာသည်၊ နဝါဇော်၊ ကိုးနှစ်မှန်၏။ စောမွန်အဌ၊ မင်းနန်းကျမူ၊ နာမတထူး၊ မင်းဘီလူးရို့၊ မကျူးအညီ၊ လေးနှစ်စီတည်း။ ဘုန်းရှိနန်းရပ်၊ အပျက်ကျပ်သည်၊ မတ်စည်သဘင်၊ သုံးနှစ်ပင်တည်း။ ခေါ်တွင်အံ့ချီး၊ တန်းခိုးကြီးသား၊ မင်းထီးရာဇာ၊ မြင့်ရှည်ကြာသည်၊ တရာခြောက်နှစ်၊ နန်းစံဖြစ်၏။ သားချစ်ဥစ္စနာ၊ နှစ်နှစ်သာတည်း။ ဆက်ကာသီဝရာဇ်၊ သုံးနှစ်ဖြစ်၏။ တလှစ်သိဥ္စည်း၊ လေးနှစ်မြဲ၏။ ကျော်သဲရာဇသူ၊ တနှစ်ဟူသား။ နွယ်မူခြားကျင်၊ စည်သဘင်ကား၊ နန်းခွင်တက်ပိုင်၊ နှစ်နှစ်ဆိုင်လျှက်၊ မြင့်စိုင်ငါးလ၊ ချော၍ကျသော်၊ မင်းလှဘုန်းတူ၊ ရာဇသူလည်း၊ ထီးဖြူဆောင်းမိုး၊ လေးနှစ်စိုး၏။ နန်းရိုးဆက်ယူ၊ သိင်္ခသူသည်၊ ရိပ်ဖြူသုံးတန်၊ မင်းစောမွန်ကား၊ အမှန်ဒွယာ၊ နှစ်ပေါင်းမှာမူ၊ တရာ့ခြောက်ဆယ်၊ ကိုးနှစ်ပေတည်း၊ အနွယ်မျိုးစပ်၊ စိုင်မလပ်ဘဲ၊ အကျပ်အပျက်၊ ဆယ့်သျှစ်ဆက်တွင်၊ ရက္ခအောင်မြီ၊ ပျက်ကိန်းမှီသည်၊ အနီမလှတိမ်းယွန်းတည်း။

(၄၂) တိမ်းယွန်းမလှ၊ ဖြစ်လီရမူ၊ သာစွမို့မို့၊ လောင်းကြက်မြို့ကို၊ မချို့ရန်ပွား၊ တိုင်းကားနိုင်ငံ၊ ပြည်ပုဂ္ဂံက၊ နန်းစံစိုးပေ၊ မြန်မင်းဆွေလျှင်၊ ဗိုလ်ခြေများစွာ၊ ချီ၍လာလျှက်၊ ဘယ်ညာဝန်းလစ်၊ တိုက်လှန်ဖြစ်မှ၊ သက္ကရာဇ်အဌ၊ ဆသတ္တတွင်၊ မည်သာတွင်ငြား၊ မြင်စိုင်းစားနှင့်၊ စောင့်စားနီမူ၊ တနှစ်ဟူ၏။ အယူရိုင်းစိုင်း၊ တလိုင်းမောင်ခွင်၊ တနှစ်ပင်တည်း။ ရှိခွင်အောက်သား၊ ဖောင်းကစားမှာ၊ သုံးနှစ်သာတည်း။ ကျော်စွာစောင့်ထား၊ နှစ်နှစ်စား၏။ နောင်ကားငခွေး၊ ကလေးကျေးတောင်ညို၊ တလဆို၏။ နှစ်ကိုပေါင်းထ၊ ရှိတွက်ဆသော်၊ ဝိသာပြည့်ယုဂ်၊ ငါးလဆုတ်၏။ အယုတ်မုက္ခ၊ ဖြစ်ကုမ်ကြ၏။ ဆူပွချောက်ချောက်၊ ဤခြောက်ယောက်ပေ၊ အောက်သားတလိုင်း၊ အယူရိုင်းရို့၊ ပြိုင်ခိုင်းတိုက်ခါ၊ ဟိသောခါ၌၊ ရာဇာစောမွန်၊ ရောက်လာပြန်သော်၊ တဖန်လောင်းကြက်၊ တည်လာဆက်သည်၊ နီထွက်လနှယ် တောက်ထွန်းတည်း။

(၄၃) ထွန်းတောက်လနှယ်၊ ရန်မျိုးပယ်၍၊ ဘုန်းကြွယ်ညွန့်သန်၊ မင်းစောမွန်ကား၊ အမှန်မပျက်၊ မြို့လောင်းကြက်ကို၊ ကနက်စိုက်ဆောက်၊ စိုးအုပ်မြောက်သော်၊ ထွန်းတောက်နန်းမ၊ ဥကင်သကို၊ မိုထပ်နှစ်နှစ်၊ စိုးသည်ဖြစ်မှ၊ တလှစ်ယင်းက၊ သိကြားပြသား၊ မိုးဝရောင်ရှူး၊ သော်တာမြူးသို့၊ မြောက်ဦးမည်သာ၊ မြို့အောင်ချာကို၊ တည်လာပြုလစ်၊ စိုးစံဖြစ်သည်၊ သက္ကရာဇ်မှာ၊ ဒွေးဖြစ်နဝါ၊ သတ္တသာတည်း။ စံကာလေးနှစ်၊ စိုးသည်ဖြစ်မှ၊ စင်စစ်မှန်ညီ၊ မင်းခရီကား၊ သိင်ဂီရှိနန်း၊ စိုးစံမြန်းသည်၊ မယွန်းနှစ်မှာ၊ ပဥ္စာဝီသ၊ ဖြစ်ကြရချင့်။ တေဇဘုန်းထူ၊ ဘစောဖြူကား၊ ရှိယူတွက်ကျုံး၊ နှစ်ဆယ့်သုံးတည်း။ လက်ရုံးဖြန့်ကာ၊ မင်းဒေါလျှာမူ၊ စိုးလာဆယ်နှစ်၊ အမှန်ဖြစ်၏။ ကျစ်လစ်ရွယ်ပျို၊ ဘစောညိုကား၊ ပြည်ကိုစိုးချုပ်၊ နှစ်နှစ်ဟုတ်၏။ မယုဂ်ဘုန်းခေါင်၊ မင်းရန်အောင်မူ၊ စိုးဆောင်နီထ၊ ခြောက်လမျှတည်း။ စလင်္ကာသူ၊ သတ္တဟူ၏။ ထိန့်ဆူကျော်ငြာ၊ မင်းရာဇာမူ၊ ဓမ္မဝီသ၊ မှတ်ကုန်ကြလော့။ ဂဇာပတိ၊ နှစ်နှစ်ဟိ၏။ ဘုန်းတိမပို၊ မင်းစောအိုမှာ၊ ခြောက်လသာတည်း။ သဇာတမင်း၊ ခြောက်နှစ်လျှင်းနှင့်၊ ရှိခြင်းအမှန်၊ မင်းဆက်စံဖြစ်၊

တဆယ့်တစ်တည်း။ နှစ်ကိုတွက်ဆ၊ ရှိပေကသော်၊ ဧကေသတ္တာ၊ ဖြစ်လီပါသည်၊ စိုင်လာမင်းဆက်အနွယ်တည်း။

(၄၄) အနွယ်မင်းဆက်၊ စိုင်မပျက်လျှင်၊ ရှိစက်ဖြန့်ကာ၊ နန်းအောင်ချာဝယ်၊ ရာဇာမင်းပင်၊ ထွန်းလင်းကျင်သော်၊ ခေါ်တွင်မည်သာ၊ နှစ်ကောဇာမူ၊ ရာမာန၀၊ ဘသျှူးစသာ၊ သိင်္ဂါရောင်ဝင်း၊ စောမင်းစံမြဲ၊ ဒွေးဒွေးမှတ်ပါ၊ မင်းတိက္ခာလျှင်၊ ဓမ္မာဟူပြီး၊ မင်းစောကြီးမူ၊ တလူထီးနန်း၊ သုံးနှစ်မြန်း၏။ ထွန်းတောက်ရောင်ဝါ၊ မင်းစကြာမူ၊ သတ္တာလည်ကောင်း။ မင်းဖလောင်းကား၊ မစောင်းမလှစ်၊ ဆယ့်နှစ်နှစ်တည်း။ သားချစ်မှန်စွာ၊ မင်းရာဇာမူ၊ န၀ါဒသ၊ စိုးစံပ၏။ တေဇကျော်သောင်း၊ မင်းခမောင်းကား၊ ထီးဆောင်းဖြန့်လှစ်၊ ဆယ့်နှစ်နှစ်တည်း။ တရစ်မှတ်လီ၊ ဟရိရာဇ၊ သောဠသနှင့်၊ စိုးထဘုန်းရှို၊ မင်းစနီကား၊ သပြီအောင်ချာ၊ နန်းဘုံသာဝယ်၊ အဋ္ဌာဝီသ၊ ရက်ဒိနနှင့်၊ ဝံသစိုင်လာ၊ ကိုးဆက်သာတည်း။ သံဝစ္ဆရ၊ နှစ်အရမူ၊ သတ္တသတ္တာ၊ မှတ်ကြပါလေ့၊ ဆိုရာတခန်းတသွယ်တည်း။

(၄၅) တသွယ်တခန်း၊ ဆိုပြည့်ွန်းအံ့၊ ရှိနန်းဘုံသာ၊ မြို့သိင်္ဂါဋ္ဌ၊ ကောဇာထောင်ပြည့်၊ ရောက်တုံလှည့်မူ၊ မည်ဘွဲ့ကုသ၊ နရပတိကြီး၊ ရှိထီးဆောင်းမိုး၊ သုံးနှစ်စိုး၏။ သတိုးဓမ္မ၊ သတ္တသာတည်း။ ဆက်ကာစိုးပြု၊ စန္ဒသုကား၊ အတုမဲ့စွာ၊ ဗာဝီသာနှင့်။ ဥက္ကာဗလ၊ သားပုတ္တမူ၊ နာမတွင်ဘိ၊ သီရိသူရိယ၊ ဧကေတ္တတည်း။ ဝရဓမ္မရာဇာ၊ သတ္တကြာမှ၊ ဗိုလ်ပါစုံညီ၊ နန်းချလီ၏။ တချီရုံးစု၊ မဏိသုကို၊ မင်းပြုတင်ကြ၊ တခဏတည်း။ ဝရဓမ္မာ၊ မင်းကိုသာလျှင်၊ ထပ်ကာမယွင်း၊ ထီးနန်းနှင်းမူ၊ ချက်ချင်းမကြာ၊ နန်းဘုံသာက၊ ချပြီးမှတည့်၊ တေဇထွန်းရှူ၊ မဏိသုကို၊ လုရ်၍တဖန်၊ နန်းတင်ပြန်၏။ အမှန်မှတ်သိ၊ တနှစ်ဟိမူ၊ မဏိသုအား၊ နန်းချထားမှ၊ ဝရဓမ္မာ၊ မင်းရာဇာသည်၊ ဘုံချာနန်းယံ၊ စိုးအုပ်စံ၏။ နိုင်ငံပြည်သူ၊ မကြိုက်မူက၊ မင်းဝရကို၊ နန်းမှချပြု၊ မဏိသုအား၊ နန်းတင်ထားပြီး၊ ဘွဲ့ဆောင်နာမ၊ သူရိယကို၊ တင်ကြထိုခါ၊ သုံးနှစ်သာတည်း။ ချကာနန်းမှ၊ မင်းဝရကို၊ တင်ကြတဖန်၊ သုံးနှစ်မှန်၏။ တဖန်ထိုမှ၊ သူရိယသည်၊ ဒွယမှန်စွာ၊ စိုးတုံပါ၏။ ငတုံးမှာကား၊ နော်ရထာစောဟု၊ ခံပြီးသောမူ၊ ထီးဖြူနန်းထက်၊ ဆယ့်ငါးရက်တည်း။ ဖြန့်ကြက်စိုးအုပ်၊ မာရုပ္ပိယ၊ တနှစ်ပြ၏။ ကာလမန္ဓာတ်၊ တနှစ်မှတ်လေ့။ မချွတ်ဗိုလ်လူ၊ မင်းစောဖြူကို၊ ဘွဲ့မူနရာဓိပတိ၊ တင်ဘိသုံးနှစ်၊ မကြာရစ်ခင်၊ အားအင်လည်းပြု၊ ထီးနန်းလုရ်၍၊ စန္ဒသုဓမ္မာ၊ မင်းကိုသာလျှင်၊ တင်ပါနန်းထက်၊ ဆယ့်လေးရက်တည်း။ တချက်မကြာ၊ နရာဒိပ္ပ၊ ထိုမင်းလှအား၊ ပင့်ငြားတင်ကြ၊ နှစ်ဒွယနှင့်။ ထိုကတခါ၊ ကျော်သိင်္ဂါလျှင်၊ စန္ဒာဝိမလ၊ ဘွဲ့နာမဖြင့်၊ စိုးထခြောက်နှစ်၊ အမှန်ဖြစ်၏။ တလှစ်သတိုးလှ၊ စန္ဒသူရိယာ၊ လေးနှစ်သာချင့်။ ဓမ္မာသတ္တ၊ နှစ်ဝဿနှင့်၊ စွန်းပအကယ်၊ တဆယ်လေးရက်၊ ရှိတွက်သင်္ချာ၊ ချိန်အခါတည်း၊ အာဏာစက္က၊ တည်မကျဘဲ၊ လောကထွတ်တင်၊ ပြည်သခင်ဟု၊ အသျှင်ရာဇ၊ မင်းကိုမျှလျှင်၊ နန်းချနန်းတင်၊ ပြုလတ်ကျင်သည်၊ များဖျင်သူပုန်ထိုဝယ်တည်း။

(၄၆) ထိုဝယ်သူပုန်၊ ပြည်ကိုချုံ၍၊ မွှိတုံလှုပ်လျှား၊ ပြုသည်များကို၊ ယောက်ျားမှန်ထ၊ ဘုန်းတေဇနှင့်၊ တန္တဗိုလ်မင်း၊ အကုန်ခွင်းမှ၊ တွင်ခြင်းနာမ၊ ဝိဇယနှင့်၊ စိုးထအုပ်လစ်၊ သက္ကရာဇ်သည်၊ ဒွေးသတ်အာဇံ၊ နန်းစံနှစ်ကား၊ အက်နှင့်ဝီသ၊ သူရိယမူ၊ သိင်္ဂဘုံမှာ၊ သုံးနှစ်သာတည်း။ နရာဓိပတိ၊ တနှစ်ဟိက၊ နရပဝရ၊ နှစ်နှစ်ပြ၏။ ဝိဇယမင်း၊ သျှစ်နှစ်တွင်းဝယ်၊

ခေါ်ခြင်းနွယ်ပြား၊ ဘာသာခြားသည်၊ ကုလားကုကျာ၊ ပုန်ကန်လာ၍၊ ကာလသူရတန်း၊ အမည်ဆန်းဖြင့်၊ သိမ်းမြန်းယူကာ၊ သုံးရက်သာတွင်၊ ယှောင်ခွာပယ်ပစ်၊ မဒရာဇ်ကား၊ ငါးနှစ်စိုးမှု၊ နရအဘယ၊ နဝဇေကု၊ သီရိသုမူ၊ မင်းပြုသုံးလ၊ ပရမကား၊ စံစားတိရိ၊ ဖြစ်ဘိမှလျှင်၊ အဘယရာဇာ၊ ကိုးနှစ်လာ၏။ စန္ဒသုမန၊ လေးနှစ်ပြ၏။ ဝိမလသည်၊ ရက်လေးဆယ်တည်း။ စမ္ပယ်ထွန်းပ၊ သတိဿကား၊ နောင်မှဓမ္မရာဇ်၊ ငါးနှစ်ဖြစ်ကာ၊ မဟာသမတ၊ နာမသဘော၊ ဘွဲ့သညောမူ၊ အဂ္ဂေါပုည၊ ခေါ်ကြတမူ၊ နှစ်နှစ်ဟူ၏။ ဆက်ယူစံလျှက်၊ အပျက်အကျပ်၊ ပေါင်းယှဉ်အပ်ကာ၊ မျိုးစပ်နွယ်ခြား၊ မင်းအများကို၊ တွက်ငြားချေသော်၊ တကျိတ်ကျော်၍၊ စွန်းပေါ်ငါးယောက်၊ ဖြစ်တုံမြောက်ပြီး၊ နောက်ဆုံးနှစ်မှတ်၊ စတုသတ်တွင်၊ ပြည်မြတ်ရခိုင်၊ ထီးနန်းယိုင်သည်၊ ပယ်လှိုင်ဆိုရေးအံ့ဖွယ်တည်း။

(၄၇) အံ့ဖွယ်ဆိုလိမ့်၊ ဟိတုံသိမ့်၏။ ကောင်းချိမ့်ဗိုလ်ပုံ၊ များဉဿုံရို့၊ ရှိဘုံနဂရ၊ ပျက်ကိန်းကျ၍၊ သက္ကရာဇ်မှာ၊ ဆပေတာနှင့်၊ ဇကောဇေ၊ ထိုကာလ၌၊ အင်းဝခေါ်ထ၊ ပြည်ဌာနက၊ ဒေါသရန်ပွား၊ ပျူအောက်သားရို့၊ ခိုက်ပွားရန်ရှာ၊ တိုက်ဖျက်လာ၍၊ ဗိုလ်ပါအားထု၊ ပြည်ကိုလုကာ၊ မင်းပြုအစ၊ ပထမမူ၊ နန္ဒပကျန်၊ လေးနှစ်မှန်၏။ တိုက်ဝန်မလွဲ၊ နှစ်နှစ်မြဲချင့်။ မင်းရဲသီဟသု၊ တနှစ်ပြု၍၊ အာယုဆန်ထ၊ သည်နောက်မှမူ၊ အာကာကျော်ထင်၊ နှစ်နှစ်ပင်တည်း။ လှည့်ကျင်လီက၊ မောင်ကျော်လှကို၊ မင်းလှရာဇာ၊ ခေါ်မည်သာနှင့်၊ ဆက်ကာစောင့်ပြီး၊ နှစ်ရေဒွိးမှ၊ မင်းကြီးကျော်ထင်၊ သျှစ်နှစ်လျှင်တည်း။ နီကျင်မြင့်ကြာ၊ နော်ရထာမူ၊ ထပ်ကာအုပ်မိုး၊ ခြောက်နှစ်စိုးမှ၊ ကြာရိုးမင်းလုပ်၊ နှစ်နှစ်ဟုတ်၏။ တရုပ်ဝန်ခေါ်၊ မောင်စံပျော်ကို၊ ထိုရော်တွင်ပြီး၊ မင်းကြီးကျော်စွာ၊ သုံးနှစ်သာနှင့်။ ရက္ခပူရ၊ ရှိပြည်မတွင်၊ ဌာနကွဲပြား၊ အမျိုးခြားသည့်၊ အောက်သားကိုးဆက်၊ စိုင်မပျက်ဘဲ၊ ရောယှက်ပေါင်းကာ၊ နှစ်သင်္ချာမူ၊ စတ္တာလီသ၊ ဖြစ်လီရ၍၊ နီထတုံငြား၊ ပြည်သူများကို၊ အောက်သားရို့က၊ နှိပ်စက်ကြလျှက်၊ ဒေါသပြုကာ၊ အမှုရှာသည်၊ နောင်လာမတာ မတွယ်တည်း။

(31/05/99) နိတွင် အကြမ်းတည်းဖြတ်သုတ်သင်ပြီးစီးသည်။
အပိုဒ် (၄၇) မှ နောက်ထပ် ရာဇဝင်လင်္ကာအပိုဒ်များစွာ ကျန်ပါသိမ့်သည်။ ဆက်လက်၍ ပုံနှိပ်ကြပါကုန်။

# မဟာဝိဟိံ ကမော်ကွန်းလင်္ကာ
(အဆက်)

မဟိရန်သူ၊ ဖက်မပြုသား၊ သုံးလူထွတ်ထား၊ မြတ်ဘုရား၏၊ ကိုယ်စားရုပ်ဝါ၊ ခြောက်ရောင်ဖြာ၍၊ မဟာမုနိ၊ ဘုရားကြီးကို၊ ညွှတ်ပြီးကော်ရော်၊ ရှိပူဇော်၍၊ ပင့်ခေါ်ပြီးမှ၊ ရက္ခပူရ၊ နန်းမဒေဝီ၊ မဟေသီနှင့်၊ အညီယဿ၊ ရံမောင်းမကို၊ ယူကြစုချိ၊ ဆောင်ယူလီ၏။ သင့်နိဋ္ဌာန၊ ရပ်ဒေသ၌၊ စောင့်ထပြီးခိုင်၊ လက်နက်ကိုင်ရို့၊ အနိုင်ပြုလျှင်း၊ ရဲမက်ချင်း၏၊ မြို့တွင်းမှန်သား၊ မြို့ပြင်များနှင့်၊ တိုင်းကားရပ်ငှ၊ နာဂရံဟု၊ နိုင်ငံအပေါင်း၊ တောမြို့ကောင်း၌၊ ပုန်းအောင်းနီငြား၊ ရခိုင်သားကို၊ ယောက်ျားမိမ္မ၊ မလွတ်ရအောင်၊ ချိုင်နှောင်တန်းလန်း၊ ကွဲနွှားဖမ်းသို့၊ လိုင်ဂုတ်ကိုဖြတ်၊

အသီသတ်၏၊ ချောမွတ်ရူပ၊ မိမ္မလှကို၊ ပဥ္စအာရုံ၊ ကာမဂုဏ်ဖြင့်၊ မြူးတူးစိမ့်ငှာ၊ ယူကြပါ၏။ သူနာသူအို၊ ကျိုးကန်းကိုကား၊ မလိုပိတ်ထား၊ တိုက်လုပ်ငြား၍၊ သွင်းထားအပြည့်၊ ယမ်းဆီးထည့်လျှက်၊ မြွေမြွေညက်ကြိ၊ မီးတိုက်စီ၏၊ သီလီမကြွင်း၊ လူခပင်းရို့၊ ချင်းချင်းနှီးနှီး၊ ကနိမ့်ွီးသား၊ သားထွီးသားငယ်၊ နုနုငယ်ရို့၊ ပြို့ရယ်ရွှင်ဘိ၊ မယ်မသိကို၊ မွီးမိထံမှ၊ ယူပြီးမှလျှင်၊ လက်နှင့်ကိုင်မြှောက်၊ ကောင်းခင်ရောက်က၊ အောက်ကတဖန်၊ လှံကိုလှန်၍၊ ခံပြန်ပြီးခါ၊ ပြုသည်မှာကြောင့်၊ ကျကာမလွဲ၊ ရဲရဲသွီးစက်၊ အအူထွက်၏၊ တချက်မြို၌၊ လှံကိုစိုက်၍၊ ခံလိုက်တံကျင်၊ ဖင်ကဝင်၏၊ ချစ်ကြင်ပျော်ပါး၊ လင်မယားကို၊ ပေါင်းကြအတူ၊ မထားမူဘဲ၊ ဆွဲယူသတ်ဖြတ်၊ နားကြိုးတပ်လျှက်၊ ပူးပြွတ်ချိုင်နှောင်၊ ကြက်ကိုလှောင်သို့၊ ပုံဆောင်ပမာ၊ ယူကြပါ၏၊ များစွာခွတ်ထစ်၊ သတ်၍ပစ်လျှက်၊ အချစ်ဝါသနာ၊ မဟိပါငြား၊ ပျူအောက်သားသည်၊ စကားမုသာဝါဒီတည်း။

ပုံဘိတောင်နှယ်၊ ကောင်ပုတ်ဝယ်ကား၊ လူငယ်တသောင်း၊ လူကြီးပေါင်းမူ၊ သျှစ်သောင်းအစွန်း၊ တသိန်းမွှမ်း၏၊ မယွန်းထိုခါ၊ သီကုမ်ပါ၏။ သိမ်းကာယူထ၊ ပြည်အင်းဝသို့၊ ပါရလီငြား၊ လူယောက်ျားနှင့်၊ မပြားမှန်ထ၊ လူမိမ္မကို၊ ရှိကြည့်ခီသော်၊ နှစ်သိန်းကျော်၏။ ကြားသော်မြင်ခါ၊ ကြောက်ဖွယ်သာတည်း။ ဒွါရာသံတွဲ၊ မြို့ရမ်းဗြဲနှင့်၊ မြစ်တဲဝန်းမြောင်၊ ကျွန်းမာန်အောင်၌၊ ဖမ်းနှောင်ချိုင်လျှင်း၊ ယူလီခြင်းကို၊ သတင်းစကား၊ နားသာကြား၏။ မှတ်သားတထစ်၊ ရှိတွက်စစ်၍၊ တစ်နှစ်သုံးလေး၊ စာနှင့်ရေးပြီး၊ ပီးသူမဟိ၊ ဖြစ်လီဘိခြင်း၊ ဇီဝိကၡ်၊ ယုံမှားစွာဖြင့်၊ ဆိုရာစကား၊ ကျယ်ဝန်းများ၏။ သီကြအကောင်၊ ဖူးဖူးရောင်၍၊ ပုတ်ပောင်နံစွာ၊ ရုပ်ခန္ဓာကို၊ ကာကာငှင်းတ၊ သိန်းစွန်မှသည်၊ ခွီးကစလျှက်၊ ကျားသစ်ဝက်ရို့၊ လုယက်ဖန်ဖန်၊ စားကြဟန်ကို၊ ကျန်လူအများ၊ မြင်လီငြားမူ၊ ဘုရားတရား၊ သံဃာများကို၊ အားကိုးပြီးခါ၊ မြည်တမ်းပါ၍၊ ငိုခါရှိုရွှတ်၊ နဖူးသတ်သည်၊ ရင်ဖတ်လက်တင်ခတ်တီးတည်း။

# ရခိုင်ရာဇဝင်လင်္ကာ

(ရမ္မာဝတီ ဝါးကျောင်းဆရာကေတု)

(က) ရင်

၁။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿတိ။ တိရံတိဠတု

၂။ သဒ္ဓမ္မေ သဒ္ဓမ္မော၊ ဘုရားမုက္ခပါတ်၊ ပိဋကတ်သုံးပုံ၊ အလုံးစုံသော သူတော်ကောင်း

၃။ တရားသည် စီရံစီရကာလံ၊ မြင့်ရှည်စွာသော၊ သာသနာငါးထောင်စိအောင်ပတ်လုံး၊

၄။ တိဠာတု၊ မယုတ်မပျက်၊ ထွန်းလျှက်ပတ်လည်၊ တည်ပါစီသတည်း။

၅။ မြတ်မင်္ဂလာ၊ မြတ်ကြောင်းရှာလျှက်၊ မြတ်စွာဘုရား၊ အပါးပါးရို့၊ တရားကိုယ်ကျင့်၊

၆။ သမ္ဘာရင့်၍၊ ညာဏ်ပွင့်ကြရာ၊ ယူဇနာမူ၊ သင်္ချာသောင်းမြို၊

၇။ ကျွန်းသပြီထက်၊ တောဟီဝန်တောင်၊ ဂနိုင်ချောင်မှ၊ ရီမြောင်ဆင်းစီး၊

(ကာ) ကြော

၁။ ခရီးဝီးဆန့်၊ ရှည်အထွန့်ဖြင့်၊ လိမ်တွန့်မော်ဖြစ်၊ ပတ်ရစ်ဆက်သွယ်၊ ကျယ်ထက်ကျယ်လျှင်၊ ပင်လယ်သို့ပေါက်၊ သမုဒ်ရောက်အောင်၊ ကမ်းလျှောက်သစ်စိုင်၊
၂။ စပ်ယှဉ်ပေါင်းမြက်၊ ချောင်းတက်ကြီးငယ်၊ ကွင်းလယ်ပြင်ဝှန်း၊ ကိုင်းကျွန်းသာလှ၊ ဂစ္ဆဘဟု၊ မြစ်မကမ်းလျှောက်၊ ရွှေနန်းဆောက်လျှက်၊ မင်းမြောက်ထီးဆောင်း၊ ဘုရင်ပေါင်းရို့၊ သင့်ကြောင်းခွန်ထုပ်၊
၃။ ကောက်ခံအုပ်လျှက်၊ သိမ်းချုပ်နတ်တူ၊ စံကြမူသော်၊ ဇမ္ဗူပတ်ကုံမ်း၊ လူအားလုံမ်းလည်း၊ မှီသုံးစွဲစား၊ ဆန်စပါးကြောင့်၊ အခြားတိုင်းမှည်၊ ထိုထိုပြည်မှ၊ ရောက်သည်သဘော်၊
၄။ ရီကြောထွက်ဝင်၊ သယ်တင်မနိုင်၊ ပုတ်ရိုင်ကျိုပြည့်၊ သွင်းထည့်ထားရာ၊ မဟာဝိဟိက၊ နာမသတင်း၊ ကောင်းနံမ့်သင်း၍၊ ခပင်းနွယ်ရိုး၊
၅။ အမျိုးမျိုးရို့၊ မှီကိုးသီးသီး၊ ပျော်မညီးသည်၊ တိုင်းကြီးရခိုင်ပြည်လျှင်တည်း။ ။ ရခိုင်နာမည်၊ ဤရွှေပြည်၌၊ ဦးတည်မည်ဟိ၊ သမုတ္တိဟု၊ ဘုမ္မိသခင်၊
၆။ တန်ခိုးထင်သည်၊ ဗုဒ္ဓင်္ဂရ၊ လောကခေါင်ချာ၊ မဟာသမတ်၊ မင်းမြတ်ပုတ္တော၊ ဝရောစခေါ်၊ သားတော်ဆက်စိုး၊ အမျိုးစိုင်ကာ၊ ကုသာနာမ၊ ဘာရာဏရို့၊ ရာဇဂြိုဟ်မည်၊
၇။ မြို့ပြည်တည်လျှက်၊ ထိုသည်ကဖြန့်၊ နယ်ခြားကန့်၍၊ ပွားဆန့်ထီးဆောင်း၊ မင်းအပေါင်းရို့၊ ရောင်မောင်းလင်းထိန်၊ နန်းရွှေအိမ်ထက်၊ စည်းစိမ်ခံကြ၊ ခတ္တိယတွင်၊ ဧကစက္ကျ၊
၈။ နာမည်ပြုလျှက်၊ ပြည်ဟုမော်ကွန်း၊ တည်ထွန်းမြောက်ပြီး၊ ထိုမင်းကြီး၏၊ သမီးတော်လှ၊ ဒေဝဂမ္ဘာ၊ ရတနာသည်၊ သညာမည်ဟိ၊ အသိတဥ္စန၊ နဂရကို၊ စိုးရသနင်း

(ကာ) ရင်
၁။ ထိုသည်မင်း၏၊ သားရင်းအဟုတ်၊ ဥပ္ပသာဂရ မင်းပျော်လှနှင့်၊ သင့်ကြသော်အား၊ ယောကျ်ားတဆယ်၊ နှောင်းငယ်သမီး၊ ဖွား၍ပြီးသော်၊ သားကြီးညီနောင်၊ လက်ရုံးထောင်လျှက်
၂။ ကြံဆောင်ပတ်ကုံမ်း၊ ဇမ္ဗူလုံမ်းကို၊ ခွန်ကျုံးရလျှင်၊ တန်းခိုးထင်သား၊ မြို့ရှင်ကျော်ညာ၊ ဒွါရာဝတီ၊ ပြည်ပူရီဟု၊ ရံမှီလက်ပြ၊ ဝဲပုံနီခြင်း၊ သတင်းအလျှောက်၊ ချီလာရောက်သော်၊
၃။ မြို့ပျောက်လီက၊ စုံစမ်းကြမူ၊ တောရချမ်းမြေ၊ ရသေ့အမြွက်၊ ဆိုချက်ဝေဝုတ်၊ စကားငုတ်ကြောင့်၊ ကြံလုတ်မှတ်စွဲ၊ သံဖြင့်တွဲလျှက်၊ အမြဲလေးထောင့်၊
၄။ မြို့စောင့်နီကြ၊ ယက္ခလေးကောင်၊ တန်းခိုးထောင်အား၊ သန်းခေါင်ယံတွင်၊ စားဖွယ်ဆင်သော်၊ ပျော်ရွှင်အားကြိုက်၊ မှိပျော်ခိုက်ကို၊ ခရိုက်အားနှိတ်၊
၅။ သံကွင်းချိတ်က၊ မြဲကြိတ်လက်ကျ၊ မြို့ကိုရ၍၊ ထိုမှစသည်၊ ကာလရှည်အောင်၊ နာမည်ဖောက်လွှဲ၊ မြို့သံတွဲဟု၊ မှတ်စွဲလုခွင်၊ ခုတိုင်တွင်သည်၊
၆။ ဘုရင်ရာဇဌာနီတည်း။ ။ ရာဇဌာနီ၊ နန်းသိင်ဂီမှ၊ ခွန်းဆီဇမ္ဗူ ကျွန်းလုံမ်းယူလျှက်၊ မင်းမူတော်ပြု၊ အောင်ဇေယုဖြင့်၊ ဝါသုဒေဝ၊ မင်းလှလက်ထက်၊ မြို့ပြည်ပျက်၍၊
၇။ ပြီးထွက်ကြသော်၊ နှမတော်ဟု၊ နတ်လျှော်ရူပ၊ အဥ္စနနှင့်၊ ဖြဟ္မသုန္ဒြီ၊ တူညီမကွာ၊ ဆရာပါ၏။ လမ်းမှာဘေးတွိ၊ မင်းစုတိသော်၊ နောက်ရှိယှဉ်မှီး၊ မင်းသမီးကို၊
၈။ ခရီးအတူ၊ ပုဏ္ဏားယူ၍၊ လားမူနိခြား၊ ဒလက်ဖျား၌၊ တန့်နားနီသော်၊ ထိုသရော်၌၊ တိုင်းတော်ခရိုင်၊ နန်းပိုင်သာမိ၊ ဝေသာလိတွင်၊ မဟိဖောက်ပြန်၊ နတ်ရွာစံမူ၊

(ကိ) ကြော

၁။ ဆက်ခံမင်းလောင်း၊ သားကောင်းမဖြစ်၊ သမီးစစ်သာ၊ ကျိန်းရစ်သဖြင့်၊ ထီးနှင့်တန်သည်၊ မတန်သည်ကို၊ တိုင်းပြည်စက္ခု၊ မတ်တစုရို့၊ ကြည့်ရှုအတွင်း၊ သတင်းစကား၊ ကြားသိငြားသော်၊ ပင့်ခေါ်ထောက်လှန်း၊
၂။ စုံစမ်းကြရာ၊ ပညာမြော်မြင်၊ ဘုန်းကံသျှင်ဟု၊ နန်းတင်လီက၊ ပြဟ္မဏလည်း၊ တူကွနောက်ပါ၊ နတ်ဆင်းဝါနှင့်၊ ဝေသာမြို့ကြီး၊ မင်းသမီးကို၊ ဆောင်သီးရာထား၊ မိဖုရားဟု၊
၃။ မြောက်စားတင့်တယ်၊ ပျော်စမွယ်၍၊ နန်းနွယ်ဆက်စိုး၊ ထိုမင်းမျိုးမူ၊ ထီးရိုးခံကြ၊ ဂစ္ဆဘနဒီ၊ မြစ်ဆီလက်ယာ၊ မြို့ရာတည်ချဲ့၊ ဘုံနန်းဖွဲ့သား၊ ကိုးဆယ့်ကိုးမြို့၊ လက်ဝဲသို့လျှင်၊ မချို့လည်ကောင်း၊ မြို့အပေါင်း၌၊
၄။ ထီးဆောင်းကြိမ်ကြိမ်၊ အသမ္ဘိန်ဟု၊ ဇနိန္ဒရာဇ်၊ စိုင်ကာဖြစ်သည်၊ နွယ်သစ်ဆက်ကာဆက်ကာတည်း။ ။ နွယ်သစ်စိုင်လျှောက်၊ ဖြစ်မြောက်များမြောင်၊
၅။ ပြည်တည်ထောင်သော်၊ ထို့နောင်ဆက်မှီး၊ မြို့ကပွီးမှ၊ အဖွဲ့နသည်၊ တရားနှစ်သက်၊ တောသို့ထွက်၍၊ မြိုင်နက်စိမ်းစို၊ ရဂုံခိုလျှက်၊
၆။ ထိုထိုပြောင်းလွှဲ၊ မမြဲနေရာ၊ ဤမြစ်ညာသို့၊ ရောက်လာလတ်ကျင်၊ ပြိုင်ညောင်ပင်ကို၊ မှီကျင်နီထ၊ ထိုကာလ၌၊ သက်မနှင့်မူ၊ အတူနှစ်သက်၊ ရှိအထက်က၊ မိတ်ဖက်အစစ်၊
၇။ ခင်ပွန်းဖြစ်၍၊ ကြင်ချစ်သဖြင့်၊ သင့်တင့်ခြင်းကြောင့်၊ ဆုံကြပေါင်းသော်၊ မင်းလောင်းသန္ဓေ၊ ထိုမှာတည်၏။ မိုးစွေထန်ပြင်း၊ လီခတ်ခြင်းကြောင့်၊ မြစ်ရင်းမှပြတ်၊
၈။ ပင်လုံးကျွတ်က၊ ထိုသက်မကြီး၊ တက်ကာစီးလျှက်၊ ခရီးရှည်စွာ၊ မျှူးတိုင်းပါက၊ ကိုင်းမှာငြိတင်၊ ထိုတွင်သားဖွာ၊ ဘုန်းကံအားကြောင့်၊

(ကိ) ရင်

၁။ တောလားရှာမှီး၊ သင်းကြီးအောင်လာ၊ မြို့တွဲလာ၍၊ ယူကာပိုက်ထွီး၊ သားပြုမွီးက၊ လူရီးသတ္တိ၊ မြောက်သည်ဟိမူ၊ မိမိရင်တွင်း၊ သမီးရင်းနှင့်၊ ဆောက်နှင်းတုံပြု၊ မာရယုဟု၊ ဝန်းစုခစား၊ စွမ်းအားထင်ပေါ်၊
၂။ ပညာကျော်၏။ ထိုရော်အခါ၊ ပြည်မှာဖီးများ၊ ဘီလူးစား၍၊ ပျက်ပြားလီဘိ၊ မင်းမဟိကြောင့်၊ ဝေးရိစောင်မာန်၊ ဘီလူးရန်ကို၊ ပါယ်လှန်အောင်မြင်၊ ရှိဘုရင်၏၊
၃။ နန်းတွင်ရှိထ၊ သမီးလှနှင့်၊ ရာဇဘိသိက်၊ ဆတ်တံဆိပ်ဖြင့်၊ ဖြူရိပ်ဆောင်းကာ၊ သီရိမာ၏၊ မြစ်ညာဒေသ၊ မြို့ရာချလျှက်၊ ဓညဝတီ၊ အောင်ခန်းချီ၍၊ သိင်ဂီဝင်းတောက်၊ ရွှေနန်းဆောက်သည်၊
၄။ မင်းမြောက်အောင်စည်ရိုက်ခြိမ့်တည်း။ ။ အောင်စည်ထစ်ကြိုး၊ ဘုန်းတော်တိုးလျှက်၊ တန်ခိုးအနှံမို့၊ ထိုထိုပြန့်၍၊ ရန်ညွှန့်မပေါ်၊ ရွှေနန်းတော်ထက်၊ စံပျော်မင်းပြု၊
၅။ မာရယုသည်၊ ပြောင်းစုတိနောက်၊ သားမျိုးလျှောက်လျှက်၊ ထီးအောက်စမွယ်၊ ငါးဆယ်မက၊ လေးယောက်ကျမှာ၊ ကံရာဇာသည်၊ ဖြစ်လှာနွယ်မြောက်၊ နှစ်ဆယ်ခြောက်တည့်။
၆။ ထို့နောက်နှံမ့်သိ၊ ဘုန်းတော်ဟိသည့်၊ သီရိရာဇာ၊ မင်းမဟာ၏၊ တောင်ညာနန်းစံ၊ ကုမ္မာရံဟု၊ နာမံဒေဝီ၊ မဟေသီ၌၊ တိထီမာသ၊ ပြာသိုလ၏၊ ပြည့်ထနိတွင်၊ နီဝင်လုဆဲ၊
၇။ ရဲရဲရောင်ဖြာ၊ စန္ဒရာသည်၊ ပေါ်လာထွက်တုံ၊ လဘုံနီအိမ်၊ ထွန်းပချိန်ကို၊ ချမ်းငြိမ်လွယ်ကူ၊ ဖွားတော်မူ၍၊ သူရိယာစန္ဒ၊ အမည်ရလျှက်၊ တေဇဘုန်းလိုင်၊ ဘရာထိုင်မူ၊ ဂနိုင်သာမော၊ ဟောဝန်တောမှ၊

၈။ ကောင်းသောငွေတူ၊ ဆင်ဖြူကိုးစီး၊ သီးသီးရောက်လာ၊ မူးမတ်မှာလည်း၊ များစွာတွက်ကိန်း၊ တသိန်းမြောက်ပေ၊ ရှုံ့ခြွေရွှေတည့်၊ နန်းနေမြို့သျှင်၊ များဘုရင်ရို့၊ ခဝင်ကျိုးနွံ့၊ ကျွန်တော်ခံသား၊

(ကီ) ကြော

၁။ ဘုန်းကံကြီးခြင်း၊ ထိုသည်မင်းလျှင်၊ နန်းတွင်းစံပျော်၊ မူခါသော်၌၊ ပြိုင်ဖော်မပဟိ၊ သမ္မောဓိလည်း၊ များဘိသယ်ာ၊ ထေရ်ငါးရာနှင့်၊ အာကာခရီး၊ ယာဉ်ရှင်စီးလျှက်၊ ပြည်ကြီးသမိုင်း၊ ရခိုင်တိုင်းသို့၊

၂။ ဆိုင်းဆိုင်းမတ်မတ်၊ ကြွတုံလတ်၍၊ ပညတ်သညာ၊ သေလာဂီရိ၊ မည်ဟိတောင်ညွှန့်၊ ကိုယ်တော်တန့်သည်၊ ရောင်ကွန့်ခြောက်သွယ်ထိန်ညီးတည်း။ ။ ညီးညီးပြောင်ပြောင်

၃။ ခြောက်မည်ရောင်ဖြင့်၊ ထိုတောင်ထိပ်ဖျား၊ ရပ်တန့်နားလျှက်၊ ဘုရားစိုင်လာ၊ ဓမ္မတာဖြင့်၊ ဒိသာဝန်းလှည့်၊ ရှုကြည့်လတ်လျှင်၊ ယခင်ရှိကျူး၊ ဖြစ်ဖူးဌာန၊ ဒေသမှိုင်းညို့၊ အရပ်ရို့ကို၊

၄။ သို့သို့ဆင်ခြင်၊ သိမြင်တူရှု၊ ပြုံ့တော်မူက၊ လေးဆူဒန္တ၊ စွယ်တော်မှသည်၊ တာလသဖွယ်၊ ထန်းလုံးနှယ်လျှင်၊ ရောင်သွယ်လက်လက်၊ ပြီးထွက်လတ်ခါ၊

၅။ အာနန္ဒာသည်၊ သိသာခြေငံ၊ လျှောက်တောင်းပန်က၊ မိန့်သံကျူးကျော်၊ ဤသို့ဖော်၏၊ ညီတော်မှတ်တည်၊ ဤတိုင်းပြည်မူ၊ ပတ်လည်ထူးဆန်း၊ ရွှေဘုံနန်းရို့၊

၆။ မြောက်ထွန်းသမိုင်း၊ ကျွန်းကိုင်းဝှန်းကျယ်၊ ကွင်းပြင်လယ်ဖြင့်၊ ဆန်းကြည်သာမော၊ စာရီပေါအံ့၊ ရောနှောမစွက်၊ ဆန်သက်သက်ရို့၊ မြိန်ယှက်သြဇာ၊ ဖြစ်ခြင်းရာကြောင့်၊

၇။ မြတ်စွာအများ၊ ရှိဘုရားရို့၊ စကားမိန့်ညွှန်း၊ ချီးမွမ်းကုမ်ကြ၊ ဧညဝတီ၊ မည်ခယ့်ပြီတည်း၊ ငါ့ညီထေရ်မွန်၊ သျှင်အာနန်လေ၊ ရှိလွန်သောခါ၊ ငါမြတ်စွာသည်၊ ဝေသာလိတွင်၊ ဂုဏ်တင်နှံမ့်သိ၊

၈။ ပရောဟိဟု၊ ပဏ္ဍိအင်ပြည့်၊ တပည့်ခြောက်သောင်း၊ ရွှေဖော်ပေါင်းနှင့်၊ သူကောင်းတဇစ်၊ ထိုမှာဖြစ်၍၊ ပြေပြစ်ပုံစံ၊ ငါ့သဏ္ဍာန်နှင့်၊ တဆံမယုတ်၊

(ကီ) ရင်

၁။ သွန်းလုပ်ပြီးခါ၊ မဟာမုနိ၊ မည်ဟိထင်ရှား၊ ငါ့ကိုယ်စားလျှင်၊ တည်ထားလတ်အံ့။ ရပ်တန့်ခါမှီ၊ အခုနီသား၊ ဖြိုးဝီမောက်စွာ၊ သေလာဂီရိ၊ မြင့်ဘိညို့မှောင်၊

၂။ ဤသည်တောင်၌၊ ယခေါင်ရှိဇာတ်၊ ပန်းပွတ်သမား၊ ဖြစ်ခယ့်ငြား၍၊ နောက်ကားနိဗ္ဗာန်၊ ငါလွန်သောခါ၊ ငါ့ခန္ဓာမှ၊ ခြောက်ဖြာရောင်လွှတ်၊ ကျောက်ရိုးဓါတ်သည်၊ တည်လတ်ထင်ပေါ်၊

၃။ ကျောက်တော်စေတီ၊ ခေါ်ညီအနှံမ့်၊ တွင်လတ္တံ့ဟု၊ မိန့်ညွှန့်ဖော်ပြ၊ ထိုမှစ၍၊ ဒေသပတ်လည်၊ ဤတိုင်းပြည်၌၊ ကျင်လည်တော်ဖူး၊ ထူးထူးအရပ်၊ ကိန်းဝပ်အံ့သည်၊

၄။ ဓါတ်မည်မည်ကို၊ နှုတ်ခြည်စကား၊ ဗျာဒိတ်ကြားက၊ ဘုရားတန်းခိုး၊ ဘုန်းတော်တိုးလျှက်၊ ထစ်ကြိုးပဲ့တင်၊ ငယင်သိမ့်သိမ့်၊ တော်ကြိမ့်ကြိမ့်နှင့်၊ ငြိမ့်ငြိမ့်သံခြိမ်း၊

၅။ ဒိသာဟိန်းသည်၊ ကြောက်ကြီးဘနန်းဖြစ်သတည်း။ ။ ကြောက်ဖွယ်သောတိတ်၊ ထိုနမိတ်ကြောင့်၊ လန့်ထိတ်အုံမ်းအုံမ်း၊ တရုံမ်းရုံမ်းလျှင်၊ ပြည်လုံမ်းရှိက၊

၆။ နရသခင်၊ ရွှေပြည်သျှင်လည်း၊ ဗေဒင်မြင်သိ၊ ပရောဟိနှင့်၊ ပဏ္ဍိမြောက်စား၊ မူးမတ်များကို၊ ကြောင်းလျှားသိရီး၊ စီးစစ်မီးသော်၊ ကွာဝီးခရီး၊ နတ်ယာဉ်စီးလျှက်၊ ဘုန်းကြီးမုနိန်၊

၇။ မာရဇိန်သည်၊ မြပဟိန်ညို့မှောင်၊ သေလာတောင်၌၊ များမြောင်သယ်ာ၊ ရဟန္တာနှင့်၊ ကြွလာသောတိတ်၊ နမိတ်မှန်ကြောင်း၊ လျှောက်လီသျှောင်းသော်၊ အကြောင်းစကား၊ မြတ်ဘုရားဟု၊ ကြားသော်ခန၊
၈။ ထိုမင်းလှသည်၊ ထကြွလျှင်ပင်၊ ဖူးမြင်ချင်ကြောင့်၊ ဆင်မြင်းမစီး၊ ဖြူထီးမဆောင်း၊ မူးမတ်ပေါင်းနှင့်၊ ပန်းကောင်းနံ့သာ၊ လက်စွဲကာဖြင့်၊ လျှင်စွာလှမ်းကြွား၊ ချီကြွလားသော်၊

(ကု) ကြော
၁။ ကိုယ်အားပင်ပန်း၊ ခန္ဓာနွမ်းက၊ စခန်းချရည်၊ ပွဲတော်တည်မူ၊ စားသည်ထမင်း၊ ရောက်ချင်ပြင်း၍၊ မဲပဟင်းတစ်၊ မစားမိတည်း။ သတိဆောင်ကာ၊ လားသည်ခါတွင်၊ ဗိုလ်ပါချင်းစပ်၊ ထူထပ်ညံညံ၊
၂။ အသံမစဲ၊ သဲသဲအုမ်းအုမ်း၊ တရုမ်းရုမ်းနှင့်၊ ပြင်လုမ်းပွန်းပွန်း၊ ပြည့်တင်းကျန်းကြောင့်၊ မြေလွှမ်းဖုံမ်းအုပ်၊ မြူမှုန့်ချုပ်က၊ ကဲဆုပ်မပေါက်၊ တောင်မြောက်ဝန်းကျင်၊ မမြင်တုံက၊ လမ်းမရသော်၊ ဗုဒ္ဓသို့ရှုယ်၊ ရှိကိုးကွယ်မူ၊
၃။ ဘုန်းကြွယ်ခေါင်ထွတ်၊ ဘုရားမြတ်သည်၊ ရောင်လွှတ်ခါတုံ၊ အကုန်လင်းဘိ၊ လမ်းစမ်းသိလျှက်၊ ရွှင်ဘိလျင်ပြင်း၊ လားလီလျှင်းသော်၊ ဒြီရင်းတော်၌၊ ဦးဂေါင်းဆိုက်၍၊ လက်ခိုက်ရှိကျိုး၊
၄။ လွန်မြတ်နိုးလျှက်၊ ရှိခိုးဝမ်းမြောက်၊ ပန်းပေါက်ပေါက်ဖြင့်၊ ချီမြောက်ပူဇော်၊ ပြုကြသော်လျှင်၊ မိန့်တော်မြွက်ဟ၊ တရားပြသည်၊ ဓမ္မရစီသောကြောင့်တည်း။ ။
၅။ ဓမ္မရဇေ၊ အစိန္တေလျှင်၊ ဟောပေမိန့်ကြား၊ ထိုတရားကို၊ ချမ်းနားဝင်ထ၊ ပီတိဝ၍၊ နရသခင်၊ ထိုပြည်သျှင်သည်၊ ဦးတင်တဖန်၊ လျှောက်တောင်းပန်၏။ အကျွန်ုပ်သည်၊
၆။ မြတ်သုံးမည်ကို၊ ကြည်ကြည်ညိုညို၊ ဆွမ်းလှူလို၍၊ ပုဂ္ဂိုလ်ထိပ်စု၊ သပ္ပညသည်၊ ယခုနောက်ပါ၊ ရဟန္တာနှင့်၊ မဟာဘုန်းထွန်း၊ ကျွန်ုပ်နန်းသို့၊ ကြွမြန်းတော်မူ၊ သယမ္ဘူဟု၊ ကြည်ဖြူသောစိတ်၊ ပင့်ဖိတ်ခယ့်ပြီး၊
၇။ မင်းကြီးအလျှင်၊ မြို့တော်ဝင်က၊ မြတ်သျှင်လူ့ထွတ်၊ နတ်ထက်နတ်လျှင်၊ ပြဿဒ်ယာဉ်ဆောင်၊ ညီးပြောင်ပြောင်နှင့်၊ ခြောက်ရောင်တော်လင်း၊ သုံးလူ့မင်းသည်၊ ဖြောင့်စင်းကြွယွန်း၊ လီသာနန်း၌၊
၈။ တောက်ထွန်းရောင်မြစ်၊ ရွှေစက်ဆိုက်က၊ အလိုက်သိခြင်း၊ ပြည်သျှင်မင်းလျှင်၊ မြတ်ခြင်းနီရာ၊ ဆန်းကြည်စွာကို၊ ပျင်ကာထားပြီး၊

(ကု) ရင်
၁။ မြတ်စောထီးလည်း၊ သီးသီးထေရ်ပျံ၊ အရဟံနှင့်၊ ကောင်းမွန်ဣန္ဒြေ၊ ငြိမ်သက်နေ၏။ ရွှေပြည်သခင်၊ ထီးနန်းသျှင်လည်း၊ စီရင်ကောင်းမွန်၊ သလေးဆန်၌၊ နို့သွန်လောင်းဖြည့်၊ မထည့်ရီစက်၊ နို့သက်သက်တိ၊
၂။ လောင်းချက်ဂဏ္ဍာ၊ ထိုသြဇာနှင့်၊ ရသာထူးခြား၊ အပြားပြားကို၊ ရွှင်အားနှစ်သက်၊ မိမိလက်ဖြင့်၊ ကပ်လျှက်မြတ်လေး၊ ဆွမ်းလုပ်ကျွေး၏။ စည်းဝေးနောက်ပါ၊ အရိယာကို၊
၃။ မတ်ရာရာရှိ၊ အစို့စို့မူ၊ နှစ်လို့ကြည်ဖြူ လုပ်ကျွေးလှူ၏။ နတ်လူရှိထီး၊ ဘုန်းပီးပြီးသော်၊ မင်းကြီးကစ၊ ထိုမှမူးမတ်၊ ပရိဿတ်အား၊ လျှောက်ပတ်သာမော၊ တရားဟော၏။

၄။ မင်းစောမဟာ၊ ထိုရာဇာလည်း၊ သဒ္ဒါလွန်ကဲ၊ မရောင့်ရဲသည်၊ ဝမ်းထဲပီတိစိမ့်သတည်း။ ။ ဝမ်းထဲပီတိ၊ နှစ်သက်ဘိ၍၊

၅။ သူရိယစန္ဒာ၊ မင်းမဟာမူ၊ ထိပ်မှာလက်မြှောက်၊ ဤသို့လျှောက်၏၊ နှစ်ယောက်မတွင်၊ ဘုံသုံးခွင်ဝယ်၊ မမြင်ဖက်တု၊ သပ္ပညုဟု၊ ယခုကျွန်ုပ်၊ မြတ်ခေါင်ချုပ်အား၊

၆။ လက်အုပ်ဖော်ဖော်၊ ပူဇော်ဝန္ဒနာ၊ ဖူးတွဲရသည်၊ မဝမှတ်စွဲ၊ မရောင့်ရဲခယ့်၊ အမ့်အဲမနိုင်၊ နိဗ္ဗာန်ပိုင်သည်၊ ခရိုင်နီပြား၊ တိုင်းတပါးသို့၊ ကြွလားပေမူ၊ သောကထူလိမ့်၊ အယူစိတ်ကြည်၊

၇။ သတိတည်အောင်၊ သုံးမည်လူ့ဖျား၊ မြတ်ဘုရားနှင့်၊ မပြားမယွင်း၊ ရုပ်တော်ဆင်းဟု၊ ခပင်းပတ်ကုံမ်း၊ လူအားလုံမ်းရို့၊ စုရုံမ်းဦးချ၊ ကိုးကွယ်ရအောင်၊ ဗုဒ္ဓထွတ်ခေါင်၊ ငါးမာရ်အောင်သည်၊

၈။ လူ့ဘောင်ကြီးမား၊ ကျွန်ုပ်အားကို၊ သနားသဖြင့်၊ ထားသင့်ပါကြောင်း၊ အခွင့်တောင်းသော်၊ ရောင်မောင်းလင်းထိန်၊ မာရဇိန်လည်း၊ ချင့်ချိန်ညာဏ်တော်၊ ကြည့်ရှုမျှော်မူ၊ နောင်သော်ရှည်ကြာ၊ သာသနာသည်၊

(ကူ) ကြော

၁။ မြင့်စွာအခွန့်၊ တည်လတ္တံ့ကြောင်း၊ ကောင်းအံမ့်မိန့်သံ၊ ပဋိညာဉ်ဖြင့်၊ ဝန်ခံလီက၊ ရှင်ဇောဆူ၍၊ နရသာမိ၊ မင်းဘုန်းဟိသည်၊ များဘိဥစ္စာ၊ ရတနာရေ၊ ကိုးကုဋေကို၊ ယူစေပြီးတုံ၊ စုပျာပုံလျှက်၊ သုံးပုံမှန်ကင်း၊

၂။ တရားမင်းအား၊ လျှောက်တင်ကြားသော်၊ ဘုရားမြတ်စွာ၊ သမ္ဗုဒ္ဓါလည်း၊ ဒေဝါမည်ခြင်း၊ သိကြားမင်းကို၊ ထံရင်းသို့ယူ၊ ခေါ်တော်မူလျှက်၊ ငါ့တူပုံပြု၊ ငါ့ရုပ်ထုလျှင်၊ ပေါင်းစုပစ္စည်း၊

၃။ ဤမှတည်းဖြင့်၊ ငါ့နည်းဖြစ်စီ၊ သွန်းလုပ်လီဟု၊ လုဆွိသျှင်ချစ်၊ ခုနှစ်လက်ခုပ်၊ ကိုင်အုပ်ကာလုံမ်း၊ ယူကျုံးပြီးသော်၊ မိုးနတ်ကျော်အား၊ အပ်တော်မူက၊ ဝါသဝလည်း၊ ဝင်းပရောင်မောင်း၊

၄။ ရွှေပန်းတောင်းဖြင့်၊ ညွတ်ပျောင်းခံတုံ၊ ဝိသကြုံနှင့်၊ တူစုံလွယ်ကူ၊ မြတ်ဆင်ဖြူထက်၊ တင်ယူဆင့်တိုး၊ ထီးဖြူမိုးလျှက်၊ မြတ်နိုးဒေသ၊ ရှုကုမ်ကြ၍၊ ဧညဝတီ၊ မြို့ဆီမဖြောင့်၊

၅။ ရှိတောင်ထောင့်ဝယ်၊ နတ်စောင့်ဘုမ္မိ၊ သီရိဂုတ်တောင်၊ ဗွီခေါင်ထိပ်ထက်၊ တည်ရာတွက်လျှက်၊ ပြိုးပြက်ရောင်လွှတ်၊ မဏ္ဍပ်စီရင်၊

၆။ တန်းဆာဆင်သည်၊ ထွက်ဝင်လူပုံနတ်ပေါင်းတည်း။ ။ လူပုံနတ်ပေါင်း၊ သောင်းသောင်းသဲသဲ၊ နတ်ပွဲပြုလုပ်၊ တီးမှုတ်ငြိမ့်ငြိမ့်၊ ပဲ့တင်ထိန့်မျှ၊ ခြိမ့်ခြိမ့်အုမ်းအုမ်း၊ တရုံမ်းရုံမ်းနှင့်၊ ခြုံမ်းခြုံမ်းသံမြည်၊ လူနတ်စည်ရို့၊ ပတ်လည်သံထွက်၊ ခုနှစ်ရက်တိုင်၊

၇။ အဆိုင်ဆိုင်လျှင်၊ မြိုင်မြိုင်သီက၊ ငါးဝပဥ္စင်၊ တီးသံလွင်ဖြင့်၊ ပျော်ရွှင်သီးသီး၊ ပွဲကြီးခင်းခင်း၊ သွန်းစိုင်တွင်းဝယ်၊ မင်းထက်မင်းဖျား၊ မြတ်ဘုရားအား၊ လျှောက်ကြားပေလျှင်၊

၈။ သုံးလူ့သျှင်လည်း၊ ရွှေရင်တော်ငွေ့၊ ယူပွေ့လက်ခုပ်၊ ထိုမှာအုပ်လျှက်၊ ငါ့ရုပ်တော်ကြီး၊ အပြီးငါ့နှယ်၊ တင့်တယ်ပြေပြစ်၊ ယခုဖြစ်၍၊ အနှစ်မြင့်ရှည်၊ တည်ရစ်ပေဟု၊ မိန့်ပေလတ်မူ၊

(ကူ) ရင်

၁။ သယမ္ဘူနှင့်၊ ပုံတူသဏ္ဍာန်၊ တဆံမယိမ်း၊ မတိမ်းညီညာ၊ စုံအင်္ဂါဖြင့်၊ ကောဇာရောက်ထ၊ တရာ့လေးဆယ်၊ စွန်းဝယ်ခုနှစ်၊ ကြိုးထစ်သံပြု၊ မိုးဥတုသည်၊ ကုန်လုခါနီး၊ ထွန်းညီးရောင်လွှတ်၊

၂။ နက္ခတ်လျှံနိပြာ၊ ကြတ္တိကာသည်၊ ရောင်ဝါတောက်ပ၊ တန်းဆောင်လ၏၊ ဆန်းစတက်သစ်၊ ခုနှစ်ရက်မှာ၊ နိဗ္ဗိဝါတွင်၊ မြတ်စွာဘုရား၊ ကိုယ်စားရုပ်ကြီး၊ သွန်းလုပ်ပြီးမူ၊ ညီးညီးပြောင်ပြောင်၊ အရောင်လှပ်လှပ်၊ တန်းခိုးလွှတ်သော်၊

၃။ များနတ်ပြဟ္မာ၊ စုရုံမ်းလာ၍၊ မြတ်စွာထွတ်တင်၊ ဗောဓိပင်၌၊ ညာဏ်မြင်ခါသို့၊ နတ်လူရို့မူ၊ နှစ်လို့ဖူးမျှော်၊ ပူဇော်သောင်းသဲ၊ ဖြန့်ကြဲဖြောက်ဖြောက်၊ ပေါက်ပေါက်ပြည့်လျှန်း၊ နတ်ပန်းဖြိုးဖြိုး၊ ရွာသည့်မိုးသို့၊

၄။ မှုတ်ကြိုးသံညောင်း၊ နတ်စည်စောင်းနှင့်၊ လူပေါင်းအားကြီး၊ သီးသီးထိုက်ထိုက်၊ ကျွီးကြော်ခိုက်ကို၊ သောင်းထိုက်ဖြုတ်ဖြုတ်၊ ငယင်လှုပ်သည်၊ အုပ်အုပ်ပဲ့တင်နမိတ်တည်း။ ။

၅။ နမိတ်ဦးဦး၊ ထူးထူးပြလာ၊ ဗျာဒိဟာရို့၊ ရာဇဘုရင်၊ တက်တက်မြင်က၊ မြတ်သျှင်မကိုင်မ္ဗု၊ ခြီတော်၌ပင်၊ ဦးခိုက်ဝပ်စင်း၊ သဒ္ဓါပြင်း၍၊ ဖြစ်ခြင်းပီတိ၊

၆။ ဂွမ်းဆီထိသို့၊ ပျောင်းအိဖိန့်ဖိန့်၊ ကိုယ်လုံးစိမ့်လျှက်၊ ငြိမ့်ကာမိန့်မော၊ ဘဝင်ဇောဖြင့်၊ ဟိသောခါသည်၊ သတိတည်၍၊ စိတ်ကြည်လတ်သော်၊ ရုပ်ထုတော်ကို၊ ပူဇော်နှစ်သက်၊ ပလ္လင်ထက်သို့၊

၇။ တင်လျှက်ထားကာ၊ ရတနာရောင်၊ လင်းပြောင်ညီးညီး၊ သိမ်တော်ကြီးဟု၊ လုပ်ပြီးပြေပြစ်၊ စုလစ်မွန်းချွန်၊ စီမွန်လုံမ်းချို၊ တန်းဆာစုံလျှက်၊ ဘုံအဆင့်ဆင့်၊ လှတင့်ထူးမြတ်၊ ကျောင်းပြဿဒ်နှင့်၊

၈။ လျှောက်ပတ်စီသား၊ လျှုတည်ထား၍၊ ဘုရားမြတ်သျှင်၊ ကြွစီချင်ဟု၊ လျှောက်တင်ပြန်သော်၊ မြတ်ဖိနော်သည်၊ ကြွတော်မူခါ၊ မင်းရာဇာလည်း၊ တန်းဆာဆင်ပြီး၊ လမ်းခရီးဖြင့်၊ ထွန်းညီးရောင်ရွှန်း၊

(ကေ) ကြော

၁။ မြီတော်ဆန်းလျှက်၊ ဆန့်တန်းရှုမျှော်၊ ကြည့်လတ်သော်လျှင်၊ ရုပ်တော်မုနိ၊ သက်ဟိသဖွယ်၊ ဝိညာဉ်တွယ်သို့၊ ဘုန်းကြွယ်ထွတ်ထား၊ နောင်ဘုရားကို၊ လား၍ရှိဆီး၊ ခရီးဦးကြို၊ ဆိုလိုသောယောင်၊

၂။ မြတ်ဘုန်းခေါင်၏၊ ဂုဏ်ဆောင်တေဇော်၊ တန်းခိုးတော်ကြောင့်၊ ရှုမျှော်ခုခု၊ ထလုထချင်၊ ထိုအသွင်ကို၊ မြင်လတ်တုံသော်၊ စိန္တေယော်သည်၊ ခြီတော်ရပ်တန့်၊ လက်တော်ဆန့်လျှက်၊ တားဟန့်မြစ်တော်မူလတ်တည်း။ ။

၃။ တားဟန့်မြစ်တော်၊ မူလတ်သောခါ၊ ရတနာကောင်း၊ များစွာပေါင်းလျှက်၊ သွန်းလောင်းပုံစံ၊ သိကြားဖန်၍၊ ငါ့ဟန်ရုပ်တော်၊ လွန်သင့်လျှော်သည်၊ ညီတော်ရောင်ညီး၊ မြတ်မုနိဟု၊ ဂုဏ်ဟိနှံမ့်ကြား၊ ငါဘုရားသည်၊

၄။ သက်အားသျှစ်ဆယ်၊ အရွယ်ရောက်လာ၊ များမကြာလျှင်၊ နိဗ္ဗာန်ဝင်လိမ့်၊ ငါ့သွင်ပုံထား၊ ငါ့ကိုယ်စားသည်၊ ထင်ရှားရောင်လွှတ်၊ လူနတ်ဆုရွယ်၊ အကိုးကွယ်ကို၊ ငါ့နှယ်ခံကာ၊

၅။ သာသနာသည်၊ မြင့်ကြာများမြောင်၊ နှစ်ငါးထောင်သည်၊ ရှည်အောင်တည်ရစ်၊ ငါ့ညီစစ်ဟု၊ ဖွင့်လှစ်သံတော်၊ ဗျာဒိတ်ဖော်၍၊ ထိုရော်အခါ၊ သူရိယစန္ဒ၊ ဝမ်းမြောက်လှ၍၊

၆။ နရသခင်၊ ဇောရှင်ကြည်ဖြူ၊ ဆွမ်းကပ်လှူသော်၊ နတ်လူရို့ထီး၊ ဘုန်းပီးပြီးခါ၊ မိစ္ဆိမာဝယ်၊ သာဝတ္ထိပြည်၊ စိုးသည်ရာဇ၊ ကောသလသည်၊ ဗုဒ္ဓကိုယ်စား၊ တည်ထားသင့်ကြောင်း၊

၇။ လျှောက်တောင်းပန်မူ၊ စန္ဒကူဟု၊ မွှီးကြူနံ့ထွက်၊ သရက်ခွံသစ်၊ အနှစ်ဖြင့်ထူး၊ ရုပ်ဆင်းထုကို၊ ပြုပြီးသောခါ၊ ဒေသနာနှင့်၊ ခြင်းရာမပြား၊ ထူးမခြားပင်၊ ဘုရားသျှင်စော၊ တရားဟောက၊ နာသောလူနတ်၊ ပရိသတ်ရို့၊
၈။ အကျွတ်ဓမ္မ၊ ရကုန်ကြ၏။ များထနတ်လူ၊ တိုင်းပြည်သူလည်း၊ နှစ်ဆူဘုရား၊ ဖြစ်သည်ကားတည်း၊ ကိုယ်စားအားလျှင်၊ ဤပင်သတ္တု၊ သပ္ပညုဟု၊ ကြည့်ရှုနိုင်းရှို၊ မှန်းမသိအောင်၊ ညီးပြောင်ပြောင်တည့်။

(ကေ) ရင်

၁။ လူ့ဘောင်တင့်တယ်၊ အံ့ဖွယ်သူရဲ၊ မြတ်စွဲရတုံ၊ ပြောမကုန်ဟု၊ လူပုံနှစ်သက်၊ ရွှင်အားတက်သည်၊ ဖူးလျှက်ရှုမျှော်မညီးတည်း။ ။ ရှုမျှော်မညီး၊ အသီးသီးလျှင်၊ ပြည်ကြီးအတွင်း၊ လူခပင်းရို့၊
၂။ ဝပ်စင်းဦးတင်၊ ဖူးစိုင်တွင်ဝယ်၊ များသဃ်ာပုံ၊ အရဟံနှင့်၊ ရောင်လျှံပြိုးပြက်၊ နတ်ယာဉ်ထက်သို့၊ တက်စီးပြီးခါ၊ ဘဂဝါသည်၊ ဒွါရာဝတီ၊ ပြည်ဆီသို့ဖယ်၊ ကြွတုံလေ၏။ ကြီးတေဇာသံ၊ ဘုန်းကံတော်လင်း၊ ဇမ္ဗူချင်းသား၊
၃။ မင်းဓိပတိ၊ သူရိယစန္ဒ၊ သာသနဒါယကာ၊ ထိုရာဇာသည်၊ မဟာမုနိ၊ ထွန်းညီးပြောင်လွှတ်၊ ဆင်းထုမြတ်ကို၊ ဖြည့်ဝတ်နိုည်ဥ၊ ဓလေ့ပြုပြု၊ ကောင်းမူထပ်လောင်း၊ ဆုတော်တောင်းလျှက်၊
၄။ အပေါင်းပြည်သား၊ ပုညပွားအောင်၊ တရားသဖြင့်၊ သဂြိုဟ်ပင့်လျှက်၊ မင်းကျင့်မမှား၊ ပျော်စံစား၍၊ ဖြောင့်သောတသီး၊ နတ်ရွာမှီးမူ၊ သားကြီးနာမ၊ သူရိယဓိပတိ၊ အမည်ဟိလျှက်၊ ဘုမ္မိပြည်ပိုင်၊
၅။ ဘရာထိုင်၍၊ ရိပ်မြိုင်စမ္ပယ်၊ သားမြီးထွေလျှက်၊ ဆက်နွယ်စိုင်လာ၊ သူရိယကေတု၊ မင်းဟုသက္က၊ ခတ္တိယရို့၊ ဓညဝတီ၊ မြို့ဌာနီ၌၊ လီလီမင်းကား၊ နှစ်ဆယ်ငါးတည်း၊
၆။ စံစားရှည်ကြာ၊ ခုနှစ်ရာဆယ်၊ ခြောက်နှစ်ကယ်၏။ နောက်ဝယ်နှံမ့်သိ၊ ဝေသာလိတွင်၊ သူရိယတဇ္ဇန္ဒရား၊ စသောအားဖြင့်၊ နောက်ကားပဲဖြူ၊ မင်းမူနောက်နှောင်း၊ ယိုးချောင်းနံယောင်၊
၇။ သပိတ်တောင်၌၊ တန်းဆောင်သမုဒ်၊ စန္ဒဂုတ်ဟု၊ မင်းလုပ်သည်ဖြစ်၊ တဆယ့်သျှစ်နှင့်၊ တွက်စစ်ရှိပြ၊ နန်းစံချမူ၊ လေးရာ့သုံးဆယ်၊ စွန်းသည်သုံးနှစ်၊ ပေါင်းဖြစ်မြို့သက်၊ မင်းဆယ်ဆက်ရို့၊ တလုစ်စံလျှက်၊
၈။ စမ္ပဝက်၌၊ မင်းဆက်ပြလျှင်၊ ငမင်းငတုံ၊ အစရုံလျှက်၊ နောက်တုံမည်ဟိ၊ မင်းပတိရောက်၊ ထီးအောက်စံစား၊ ဆယ့်ငါးမင်းဆက်၊ မြို့သက်မှာမူ၊ စရာနဝ၊ အက်လျှင်ကျ၏။ ထိုမှနန်းအိမ်၊

(ကဲ) ကြော

၁။ ပရိန်မြို့မှာ၊ လက်ယာမင်းနန်၊ အစစံ၍၊ အနန္ဒသီရိ၊ သို့ထီးသျှစ်ယောက်၊ အသက်ထောက်က၊ တရာ့ခုနှစ်ဆယ်၊ သျှစ်နှစ်ကယ်သည်၊ နန်းဝယ်စံကြမြို့သက်တည်း။ ။ စံကြစို့စို့၊
၂။ ဝေမို့မို့နှင့်၊ ခြိတ်မြို့ဦးဖျား၊ မင်းဘုန်းစားမှ၊ ပြန်ပွားနောက်ဆုံး၊ ငနုလုံးတိုင်၊ လက်ရုံမ်းဆိုင်လျှက်၊ စိုးပိုင်မင်းကား၊ ဆယ့်ငါးဖြစ်ပေ၊ စံသည်နေဒ္ဓါ၊ မြို့ဇီဝါတည်း။ အလောမာဖြူ၊ မင်းမူတုံလျှက်၊
၃။ မြို့လောင်းကြက်တွင်၊ နန်းဆက်နောက်စံ၊ စောမွန်သို့ရောက်၊ စိုင်လျှောက်ကာဖြစ်၊ ဆယ်ခုနှစ်တည့်။ ရန်စစ်ထောင်လာ၊ မြမ္မာတလိုင်း၊ ပြည်တိုင်းကိုလု၊ စစ်မက်တုလျှက်၊

၄။ မင်းပြုခါဖြစ်၊ နှစ်ဆယ့်တစ်နှင့်၊ တွက်စစ်အတတ်ပိသည်၊ ဒွေတိည်ဤသို့၊ နှစ်ပေါင်းရို့တွင်၊ ရွှေမြို့မြောက်ဦး၊ တည်ကူးသင်္ချာ၊ ကောဇာစွဲမှတ်၊ ဒွိနောသတ်ဖြင့်၊
၅။ ပညတ်ကာပြု၊ ယခုရောက်ဖြစ်၊ သက္ကရာဇ်တိုင်၊ သျှင်ချစ်ရောင်လင်း၊ ရုပ်တော်ဆင်းကို၊ သွန်းရင်းကောဇာ၊ ထိုသင်္ချာနှင့်၊ ရှိကာချင့်ချိန်၊
၆။ မြို့ကြိမ်ကြိမ်တွင်၊ ဇနိန္ဒဆို၊ မင်းထိုထို၏၊ ထီးကိုရိပ်ဆောင်း၊ စံလီကြောင်းဖြင့်၊ ရုံးပေါင်းသောခါ၊ သာသနာနှင့်၊ ညီလာသည်ဖြစ်၊ ဤသို့စစ်လျှက်၊ သနစ်ကြည်ဖြူ၊ နောင်သျှင်လူရို့၊ အယူမပြား၊
၇။ သတိထား၍၊ မှတ်သားစိမ့်ငှာ၊ အမြွက်မှာသည်၊ လက်ာသံချိုနားငြိမ့်တည်း။ ။ သံချိုငြိမ့်ငြိမ့်၊ နားကိုစိမ့်အောင်၊ ကြားပိမ့်တိလင်း၊ စကားချင်းအံ့၊ သွန်းရင်းမူလ၊ ထိုမှစ၍၊ ဓညဝတီ၊ ဝေသာလီက၊
၈။ နောက်ပြီးမြို့ကွက်၊ စမွဝက်နှင့်၊ နောက်ဆက်ဘုံအိမ်၊ ပုရိန်ခြိတ်မြို့၊ မင်းရို့ပညတ်၊ လောင်းကြက်မြောက်ဦး၊ မည်ထူးနာမ၊ ခြောက်ဌာနတွင်၊ ဇိဝမြို့သက်၊ နှစ်ကိုတွက်လျှင်၊

(ကဲ) ရင်

၁။ ရောက်ထွက်ကောဇာ၊ သင်္ချာတွက်စစ်၊ သက္ကရာဇ်တိုင်၊ စီးစစ်ဖွေရှာ၊ သာသနာနှင့်၊ နှိုင်းကာချင့်ထောက်၊ ပို၍မောက်ခယ်၊ နောက်သို့မဆုတ်၊ မယုတ်အလျှဉ်၊ မင်းစိုင်နန်းသက်၊
၂။ ဟိပါလျှက်ကို၊ ယွင်းကွက်အယူ၊ တချို့လူရို့၊ နည်းယူမတွို့၊ စုံစိကျမ်းတွင်၊ ရာဇဝင်က၊ ယခင်ထုံးဟောင်း၊ အကြောင်းသဘော၊ နှီးနှောမဟိ၊ ပြောမိပြောရာ၊ ဝါသနာဖြင့်၊ မဟာမုနိ၊
၃။ တည်ဟိကိုယ်စား၊ ရုပ်တော်ပွားကို၊ ဘုရားနိဗ္ဗာန်၊ လွန်သည်နောက်မှ၊ သွန်းလုပ်ကြ၏၊ ဗုဒ္ဓလက်ထက်၊ သွန်းစက်မဟုတ်၊ ဧကဝုစ်ဟု၊ ဖော်ထုတ်ပြောခါ၊ မလိမ္မာရို့၊ ခြင်းရာစကား၊ ငြင်းခုံများ၍
၄။ လေးပါးပါယ်ဘုံ၊ မယုံစိတ်နေ၊ ဖြစ်တုံပေမူ၊ ဗုဒ္ဓက္ခ်တိ၊ အစဟိသား၊ ပါဠိအလာ၊ ကျမ်းမှာစကား၊ ပြောင့်ငါးစင်းတွင်၊ တချောင်းဝင်လိမ့်၊
၅။ အထင်ယွင်းချွတ်၊ သို့မမှတ်လင့်၊ တရားချင့်လော့၊ မသင့်စကား၊ ဤသို့ကြား၍၊ ဘုရားမူထမ်း၊ မြတ်ရာလှမ်းသား၊ မင်္ဂလမ်းတီထွင်၊ များသဃ်ာထဲ၊ ကြီးကဲဖြစ်မြောက်၊ ပါမောက္ခမည်၊
၇။ တည်ကြည်သိက္ခာ၊ ဂုဏာစရိယ၊ နာမတွင်လျှောင်း၊ သံချောင်းဟုကျော်၊ ဆရာတော်လျှင်၊ နှိုးဆော်ညှိနှိုင်း၊ အလုပ်ခိုင်း၍၊ ဆန်းဂိုဏ်းဆင်ခြင်၊ ရာဇဝင်ဖြင့်၊ နည်းဝင်ရုံးစု၊ စီကုံးပြုသည်၊ ဝေဠုဝိဟာ၊
၈။ ကျော်ဇောစွာသား၊ ဆရာလူထွက်၊ လက်ာဆက်သည်၊ ဝိတက်ငြိမ်းစီသောကြောင့်တည်း။ ။ မှတ်သားလူသျှင်၊ ရွှေနားတင်လော့၊ သုံးခွင်ထိပ်စု၊ သပ္ပညု၏၊ ရုပ်ထုတော်ဖြစ်၊

(ကော) ကြော

၁။ သွန်းသည့်နှစ်နှင့်၊ တွက်စစ်ကြည့်ရာ၊ သာသနာနှင့်၊ များစွာမြို့သက်၊ ညီပေလျှက်တည်း၊ မင်းဆက်ရို့တွင်၊ သို့ဆင်ခြင်လော့၊ အကြင်မင်းတုံ၊ ခန္ဓာကုန်အောင်၊ လုံမ်းစုံနှစ်လျှောက်၊
၂။ နန်းစံမြောက်၏။ တယောက်မင်းပြု၊ ထိုခုသက္ကရာဇ်၊ အစဖြစ်ဟု၊ တွက်စစ်စုရုံမ်း၊ သီဆုံးနှစ်ပင်၊ နန်းနီဝင်၏။ သီရှင်နှစ်ရပ်၊ ခုချင်းထပ်၏။ မှတ်အပ်သတိ၊ ဤသို့ဟိလော့၊ သူရိယစန္ဒ၊ မင်းဖြစ်စက၊ ဗုဒ္ဓမရောက်၊

၃။ မည်မျှလောက်မှ၊ ကြွမြောက်လာသည်၊ ရုပ်ပွားတည်ဟု၊ အရှည်အတို၊ နှစ်ကိုချင့်ရှု၊ မင်းအာယု၌၊ စိငုသင့်ရာ၊ တိုင်းပြည်မှာလည်း၊ ရာဇာမင်းမြတ်၊ နှစ်လတ်ဟိသင့်၊ မဟိသင့်ဟု၊ ထောက်ချင့်စုံစမ်း၊
၄။ ဤသို့မှန်းလော့၊ ဂဏန်းပေါက်လှဲ၊ နန်းသက်ထဲတွင်၊ ကွဲလွဲသတတ်၊ အရေးချွတ်လို့၊ အမှတ်ရချင်၊ ရာဇဝင်ကို၊ သိမြင်လွယ်အောင်၊ အစောင်စောင်နှင့်၊ ဖက်မျှောင်တိုက်ဆိုင်၊
၅။ စာချင်းပြိုင်လျှက်၊ မထ္တိုင်အတူ၊ များရာယူလော့၊ စိတ်ခြူသောခါ၊ နည်းနာနှင့်ချင်း၊ ပညာလင်းအံ့၊ ကံငြင်းသည်ဟိတ်၊ နှလုံးပိတ်လျှက်၊ ကြည်စိတ်ဖြစ်မှ၊ ကုသိုလ်ရသည်၊
၆။ သုခရလွယ်မင်္ဂိုလ်တည်း။ ။ မင်္ဂိုလ်ရှွယ်ရှု၊ အိုပြည်သူရို့၊ အယူသတိ၊ ဤသို့ဟိလော့၊ များဘိလူ့စည်၊ ငါရို့ပြည်၌၊ ခွန့်ရှည်မြင့်ကြာ၊ သာသနာနှင့်၊ မြတ်စွာကိုယ်စား၊ ရုပ်တော်ပွားကို၊
၇။ တည်ထားခယ့်ခြင်း၊ တရားမင်းကား၊ ခပင်းသျှင်လူ၊ ခပ်သိမ်းသူကို၊ သားတူပမာ၊ ရာဟုလာသို့၊ မိတ္တာတော်ပွား၊ လွန်သနားလျှက်၊ နောင်ကားချမ်းငြိမ်၊ လူ့စည်းစိမ်နှင့်၊ နတ်အိမ်ဗိမှာန်၊
၈။ နိဗ္ဗာန်မင်္ဂိုလ်၊ ရစီလို၏။ ကုသိုလ်ဖြစ်မှု၊ ဤသို့ရှုလော့၊ ဆင်းထုရောင်ဖြာ၊ မဟာမုနိ၊ မည်ဟိထင်ရှား၊ ကိုယ်တော်စားကို၊ ရို့ကားကြုံကြိုက်၊ ဖူးတွိထိုက်၍၊ ဦးတိုက်ရသည်၊

(ကော) ရင်

၁။ တိုင်းပြည်အထဲ၊ အယူလွဲနှင့်၊ စိတ်စွဲမဟိ၊ သတိညံန့်ပျော့၊ ပေါ့လျော့သောသူ၊ ထိုသူအားလုံမ်း၊ ဘဝယှုံးသည်၊ ကျွန်းဆုံးမြီခြား၊ ဝီးရပ်သားလည်း၊ အင်အားမခိုင်၊
၂။ မရောက်နိုင်ခယ့်။ ကံဆိုင်၍တုံ၊ ငါရို့ကြုံဟု၊ ကြည်ယုံဇောနူး၊ ဘုရားထူးကို၊ စိတ်ကူးဖြောင့်ဖြောင့်၊ သတိစောင့်လော့။ ကြုံခေါင့်ကြုံခဲ၊ လူ့ဘုံပွဲဝယ်၊ အမ့်အဲမနိုင်၊ နှိုင်းပြိုင်မဟိ၊ မြတ်မုနိကို၊
၃။ မျက်စိထင်ထင်၊ ဖူးမြင်ရှုမျှော်၊ ပူဇော်ရှုပြီ၊ မသီခင်၌၊ ဦးတိုက်ရကြောင်း၊ ရို့ကံကောင်းဟု၊ ဆုတောင်းဆုယူ၊ ပြုသောသူကား၊ ဤလူ့ဘဝ၊ စုတိကြသော်၊ လေးဝအပါယ်၊
၄။ မတွယ်တဆစ်၊ အရပ်ပြစ်သို့၊ မဖြစ်တုံခြင်း၊ ဖီးရန်ကင်း၍၊ သန့်ချင်းမြတ်ရာ၊ နတ်ရွာလူ့ပြည်၊ ကျင်လည်ခေါက်ခေါက်၊ ရောင်တောက်ညီးညီး၊ ဗိမှာန်ကြီး၌၊ မှုတ်တီးသောင်းသဲ၊
၅။ အောင်ပွဲခံခံ၊ မနောစံလျှက်၊ ဖန်ဖန်လီလီ၊ လောကီအာရုဏ်၊ ကာမဂုဏ်ကို၊ ရိပ်မြုံပြည့်ဖြိုး၊ ဆင့်ဆင့်တိုး၍၊ ကောင်းကျိုးကြီးစွာ၊ ရပြီးခါမှ၊
၆။ နောင်လာသျှင်ပင်၊ ထံတော်တွင်၌၊ ဦးတင်ဓမ္မ၊ ကြားနာရလျှင်၊ သုခခေါင်အုပ်၊ မင်္ဂိုချုပ်သား၊ လောကုတ္တရာ၊ ခေမာနိဗ္ဗာန်၊ ရွှေပြည်မွန်သို့၊ ဇကန်ရလွယ်၊ အဓိပ္ပါယ်သည်
၇။ ကျမ်းဝယ်ထင်ရှားဟိ၏တည်း။ ။ ဇာတိညာဏ်ရောင်၊ ထိန်လင်းပြောင်သား၊ အခေါင်မြတ်မုနိန်၊ မာရဇိန်လည်း၊ အစိန္တေယ၊ တုမရသည်၊ လောကထွတ်ထား၊ မြတ်ဘုရား၏၊ ကိုယ်စားမှန်ဘိ၊
၈။ ခြောက်ရောင်ဟိသား၊ မုနိမဟာ၊ ဗျာဒိဟာနှင့်၊ ကျိမ်းလာဂုလှိုင်၊ ရက္ခတိုင်းဟု၊ သမိုင်းနာမည်၊ ဓညပြည်တွင်၊ ရီကြည်မြမြ၊ ချမ်းအီးလှသား၊ ဂစ္ဆာဘနဒီ၊ မှိုင်းရီရီလျှင်၊

(ကော်) ကြော

၁။ မြစ်ဆီလက်ယာ၊ ရှိမျက်နှာဝယ်၊ ပြည်သာမဏ္ဍိုင်၊ ချက်ခရိုင်ဟု၊ ရခိုင်ညွှန့်ဖူး၊ မြို့မြောက်ဦးတွင်၊ မည်ထူးသမုတ်၊ တီထွင်ခုတ်လျှက်၊ တည်လုပ်သည့်နှစ်၊ သက္ကရာဇ်မူ၊ ရာခုနှစ်ခု၊
၂။ ကိုးဆယ်ပြုသား၊ နှစ်ခုထင်စွန်း၊ ထီးနန်းအစ၊ ကြငှန်းချလျှက်၊ မင်းလှစောမွန်၊ သုံးနှစ်စံ၍၊ လွန်သည်နောက်တွင်၊ အလီခင်ဟု၊ ညီလျှင်ဖြစ်ထား၊ တဆယ့်ငါးတည်း၊ ကုလမသျှာ၊ ဘအရာကို၊ ပိုင်ကာတွက်ကျုံး၊ နှစ်ဆယ့်သုံးတည်း၊
၃။ သိမ်းရုံမ်းမားမား၊ သားဒေါလျှားမူ၊ စံစားနန်းတွင်၊ ဆယ်နှစ်ပင်တည်း၊ အလီခင်သား၊ (---ဆို)၊ ဘစောညိုသည်၊ နန်းရိုးစိုင်ကာ၊ နှစ်နှစ်ကြာက၊ ဒေါလျှာသားမောင်၊ ရွှေနန်းဆောင်မှာ၊
၄။ ရန်အောင်ခုနှစ်၊ နီထွက်သစ်သို့၊ ဖြစ်ပေတုံပြီး၊ လူ့ပြည်ညီးမှ၊ ဝရီးစလင်းသူ၊ ခုနှစ်ဟူလျှက်၊ မင်းမူလွန်ခါ၊ ဘပမာသို့၊ ရာဇာပတိ၊ ဆယ့်ငါးစိသား၊ ဖြစ်ဘိတုံပြီး၊ နန်းစိုင်မှီးလျှက်၊
၅။ စိုးကြီးသိမ်းချုပ်၊ နှစ်နှစ်အုပ်က၊ တသုတ်သည့်ပြင်၊ ခြောက်လလျှင်တည်း၊ စလင်းညီဖြူ၊ မင်းခေါင်ဟူသား၊ သီရိသုမည်၊ ထို့နောက်သည်တုံ၊ တလေဒေါလျှာ၊
၆။ သားပုတ္တာဟု၊ သုဇတာမင်း၊ ခြောက်နှစ်လျှင်းတည်း။ စံခြင်းရိပ်ငြိမ်၊ နန်းရွှေအိမ်၌၊ မွေ့သိမ်စံပျော်၊ များရုံဘော်နှင့်၊ သားတော်မြီးဆက်၊ ဆယ့်တဆက်သည်၊
၇။ နွယ်လျှက်ဖြစ်ကြကုန်ဘိတည်း။ ။ နွယ်လျှက်ဖြစ်မြောက်၊ ဆယ့်တယောက်ဝယ်၊ နောက်မှတခါ၊ ဖြစ်တုံလာသည်၊ ရာဇာပတိ၊ ကျော်ကတ္တိနွယ်၊ မည်ဟိတွင်ခြင်း၊ ထိုသည်မင်း၏၊
၈။ သားရင်းမင်းပါ၊ နန်းဘုံသာဝယ်၊ တြိယာနဝ၊ အဌတွက်စစ်၊ သက္ကရာဇ်တွင်၊ တက်သစ်နီဟန်၊ ဘိသိက်ခံ၍၊ ရန်လုံပိတ်ဆို့၊ အင်မချို့အောင်၊ မြို့ကရိယာ၊ ကျောက်တိသာလျှင်၊

(ကော်) ရင်
၁။ ပတ်ကာဝိုက်ဆိုင်း၊ ညှိသမှိုင်း၍၊ တံတိုင်းကျုံးမြောင်း၊ ဂူတန်းဆောင်းနှင့်၊ သျှစ်သောင်းဘုရား၊ ကန်တွင်းများဖြင့်၊ တည်ထားယတ္တရာ၊ ထိုထိုမှာ၍၊ သင့်ရာပြုပျင်၊
၂။ ထိုဘုရင်သည်၊ စံကျင်တွက်ကျုံး၊ နှစ်ဆယ့်သုံးမှ၊ ရွှေဘုန်းတောက်ပ၊ သားတိက္ခလည်း၊ နန်းရမင်းဖြစ်၊ နှစ်ဆယ့်နှစ်တည်း။ သားချစ်ပုတ္တော၊ စွယ်ခေါ်ခေါ်နှင်၊ မင်းစောနန်းထိုင်၊ သျှစ်နှစ်တိုင်လျှင်၊
၃။ စိုးပိုင်နောက်ယူ၊ စက်ရာဟူသား၊ ညီဖြူဖြစ်လာ၊ နှစ်သတ္တာတွင်၊ မင်းဘာသားနှောင်း၊ မင်းဖလောင်းဟု၊ ထီးဆောင်းနှစ်ဆယ်၊ နှစ်နှစ်ဝယ်တည်း၊ လွှဲခယ့်တခါ၊ သားပုတ္တာဟု၊ မင်းရာဇာကြီး၊
၄။ နန်းစိုင်မှီးလျှက်၊ ဆောင်းထီးပျော်မွိ၊ ဆယ့်ကိုးစိတွင်၊ ရှိလီတုံသျှောင်း၊ ဘရာလောင်းလျှက်၊ ခမောင်းရွှေနန်း၊
၅။ ဆယ်နှစ်မြန်း၍၊ လွန်တော်မူပြု၊ သားမျက်ရှုဟု၊ သီရိသုဓမ္မာ၊ သောဌသာတွင်၊ နတ်ရွာပျော်လည်၊ သားသက်ဝေသည်၊ စံသည်နန်းသက်၊ ဒွေးအဌရက်တည်း။
၆။ မင်းဆက်စိုင်လျှောက်၊ ဆယ့်ကိုးယောက်ပင်၊ မြောက်ထရွှေအိမ်၊ နန်းစည်းစိမ်ကို၊ ရိပ်ငြိမ်စံကြကုန်ပြီတည်း။ စံကြလေလေ၊ မင်းရှိ့နွယ်ကို၊ ဖြစ်ပေတုံက၊ ညာဏ်စွမ်းပြလျှက်၊
၇။ နရပတိ၊ မည်တွင်ဘိလျှက်၊ နန်းဟိသက်စစ်၊ ခုနှစ်နှစ်လျှင်၊ ဖြစ်ခယ့်တလီ၊ နန်းရိုးမှီအောင်၊ ညီညာအုပ်စိုး၊ ထီးဖြူမိုးလျှက်၊ သတိုးဓမ္မရာဇာ၊ နှစ်သတ္တာတွင်၊ ခန္ဓာကွဲပြား၊ ဘရာငြား၍၊
၈။ စန္ဒာသုတွင်၊ ထိုဘုရင်လျှင်၊ ပလ္လင်ဆန်းကြယ်၊ ဆောင်ကုန်လေ၍၊ သုံးဆယ်စိလှာ၊ သားပုတ္တာသည်၊ ဥဂ္ဂါဗလ၊ လေးနှစ်မှတည်း၊ ဝရဓမ္မမည်ခေါ်၊ နှစ်နှစ်ပေါ်၍၊ လွန်သော်နောက်ဟု၊

(ကံ) ကြော

၁။ သားဆက်ပြုသည်၊ မဏိသုမင်း၊ နှစ်နှစ်တင်းတွင်၊ လွန်လျှင်သားမောင်၊ သတိုးအောင်မူ၊ ရွှေဆောင်နန်းထံ၊ နှစ်နှစ်စံမှ၊ လွန်လီသီဆုံး၊ သားငတုံးဟု၊ သူ့ဘုန်းကံမြဲ၊ ထီးဖွေးဖွေးနှင့်၊ ဆယ့်လေးစံတုံ၊ ဘရာလှုံလျှက်၊

၂။ မရွံ့ဝိယ၊ ခြောက်နှစ်မှလျှင်၊ ကာလမန္ဒာတ်၊ မျိုးကိုဖြတ်၍၊ အလွတ်တိုင်လာ၊ သားပုတ္တာလည်း၊ နရာဒိပ္ပ၊ နှစ်ဆက်ကျတွင်၊ အဘခြောက်နှစ်၊ သားနှစ်နှစ်တည်း၊ ဖြစ်ခဲ့ယ်ထိုရော်၊ ဗိမှာန်ပေါ်ဝယ်၊

၃။ မင်းကျော်သိင်ဂီဏိ၊ ခြောက်နှစ်ဟိက၊ စိုးဘိနောက်သည်၊ သတိုးမည်သား၊ မရှည်နန်းသက်၊ နှစ်နှစ်ထက်တွင်၊ လွန်တုံကျင်သော်၊ မြို့တွင်းနန်းသုန်း၊ ကြာမြင်မြိုးမှ၊ လက်ရုမ်းထောင်ပြ၊ ဝိဇယဟု၊

၄။ ဖြစ်ထဖြိုးမောက်၊ ရွှေနန်းဆောက်လျှက်၊ ထီးအောက်ဆန်းကြယ်၊ ပလ္လင်လယ်မှာ၊ နှစ်ဆယ်မက၊ ခါလည်ရမူ၊ သူရိယာသမက်၊ သုံးနှစ်ဆက်၍၊ သမက်ဖြစ်လာ၊ သားဟုသာလျှင်၊

၅။ နရာဓိပတိ၊ ခါလည်ဟိသော်၊ ညာတိခြားက၊ ပဝရသည်၊ လွန်ခဲ့ယ်ကြွမူ၊ ဧကဝသံ၊ နောက်ထလွန်တုံ၊ သားမွန်ဝိဇလာ၊ နှစ်ခွဲကြာသည်၊ ဆက်ကာညီချစ်၊ ဓမ္မရာဇ်လည်း၊ ဖြစ်လတ်သရော်၊

၆။ ဦးရီးတော်ဟု၊ နန်းပေါ်ရိပ်မိုး၊ တဆယ့်ကိုးတည်း။ သတိုးအဘယ၊ လွန်ခဲ့ယ်ကြွမူ၊ ပုတ္တရင်နု၊ သီရိသုလျှင်၊ ပြုတုံနန်းထဲ၊ ဒွေးလခွဲ၌၊ လွှဲကာညီလှ၊ ပရမသည်၊ ဖြစ်ထပျော်မွှဲ၊ သုံးနှစ်စိသော်၊ နန်း၏မဟာ၊

၇။ ရာဇာဟူသား၊ ခါတပါး၌၊ စက်မက်တိုက်၍၊ ထိခိုက်စွင့်စွင့်၊ (ကိုးနှစ်နှင့်ပင်၊ ဆယ်ခွင့်ရဟု)၊ တဖန်လု၍၊ မင်းသုမန၊ သုံးနှစ်မျှပင်၊ ဝိမလက်ဆက်၊ ရွှေနန်းတက်၍၊ ရက်လေးဆယ်ဖြစ်၊ တရံနှစ်ဟု၊ ဓမ္မရာဇ်ဟိန်း၊

(ကံ) ရင်

၁။ သူ့ခေတ်ကျိန်းကြောင့်၊ ပိုင်သိမ်းဆုံဟိတ်၊ အောင်နမိတ်ဖြင့်၊ ဘိသိက်စံနန်း၊ ခြောက်နှစ်မြန်း၍၊ နတ်လမ်းကြွက၊ သမတဟု၊ ဖြစ်ထစိုးပိုင်၊ သုံးနှစ်ထိုင်လျှင်၊ မဏ္ဍိုင်မို့မို့၊ မြောက်ဦးမြို့၊ မင်းရို့ကိုပေါင်း၊

၂။ ရှိတုံလျှောင်းသော်၊ ထီးဆောင်းအစစ်၊ လေးဆယ့်သျှစ်သည်၊ ဖြစ်ပြီးဧကံမလွဲတည်း။ ။ အဌစတု၊ မင်းပေါင်းစုတွင်၊ နောက်ဆုံးအစ၊ သမတဟု၊ ရာဇဘုရင်၊ လက်ထက်တွင်၌၊ တိုင်းခွင်သျှင်လူ၊ မီးသို့ပူခယ့်၊ ပြည်သူမူးမတ်၊ အကျင့်ချွတ်၍၊

၃။ သတ်ဖြတ်ရန်စစ်၊ လီလီဖြစ်ခယ့်၊ သက္ကရာဇ်ကောဇာ၊ ဆစရာနှင့်၊ ဧကောဧကေ၊ ထိုကာလဝယ်၊ ညန့်ထကိန်းခန်း၊ သိုက်နိဒါန်းကြောင့်၊ ထီးနန်းညှိုးခိုက်၊ ထိုခါကြိုက်၍၊ ရှိဌတရိုး၊ အာဏာမိုးသည်၊

၄။ အမျိုးမြမ္မာ၊ များဗိုလ်ပါနှင့်၊ ရက္ခာပတ်ကုမ်း၊ နိုင်ငံလုမ်းကို၊ သိမ်းရုမ်းဖျက်ဆီး၊ ဘုရာကြီးကို၊ ပင့်ပြီးတုံငြား၊ ဝန်ခံထားသည်၊ ရှိဖျားအစ၊ မည်နာမကား၊ နန္ဒပကျန်၊ နောက်တိုက်ဝန်လျှင်၊

၅။ လာပြန်ရိပ်ငြိမ်၊ ခေါက်တကြိမ်တည်း။ ပုသိမ်ရောက်ထ၊ မောင်ကျော်လှဟု၊ နောက်မှတိုင်းဒါး၊ ဆင့်ဆင့်ပွား၍၊ ဖွားဖွားမြစ်ယှက်၊ ညောင်လျှင်ကြက်သို့၊ ငါးဆက်ကကျူး၊ ဝန်ရာထူးနှင့်၊

၆။ စိန်ပူးလက်ထက်၊ နှစ်ကိုတွက်သော်၊ တထောင်ပေါ်၍၊ ကျော်သည်တရာ၊ ခြောက်ဆယ်မှာပင်၊ ညီညာဖြဖြ၊ ချင်းပြန်ထ၍၊ မရနိုင်ဘိ၊ သူ့ခေတ်ဟိ၍၊ တရိသတ္တ၊ ဧကဧကစ်၊ သက္ကရာဇ်တွင်၊ ဖြစ်အောင်စင်ဖြူ ချင်းပြန်လူလည်း၊
၇။ ထူ၍မနိုင်၊ သံကျောက်တိုင်သို့၊ ခိုင်သည်ထိုရော်၊ တရံသော်တုံ၊ အနော်ရထာ၊ ဘွဲ့သညာနှင့်၊ မောင်ကြာရိုးဆုပ်၊ တဖန်အုပ်၍၊ တရုတ်ဝန်ရောက်၊ စိကိုးယောက်တွင်၊ အနောက်ခြားဟူ၊ သျှင်မဖြူကြောင့်၊

(ကား) ရင်
၁။ ရန်မူကြတုံ၊ ကျိန်းခိုက်ကြံ၍၊ နောက်ဟုန်တလွှား၊ ရခိုင်များနှင့်၊ ညွန်လားခရီး၊ ကြံစည်ပီး၍၊ တိုက်ပြီးတွန်းလှန်၊ ဆော်ရမ်းပြန်က၊ ယမ်းပုံမီးလျှို့၊ ပမာသို့လျှင်၊ ပိတ်ဆို့မမြ၊ ဗုံးနှင့်ကြံသော်၊ ညောင်လဲသို့ထုံး၊ မြမ္မာယုံမ်း၏။ သိမ်းရုံမ်းမြို့တွင်း၊
၂။ ကုလားမင်းလည်း၊ ခင်းသည်ကောဇာ၊ ဆအဌာနှင့်၊ ဧကောဧကော၊ တန်းခူးလတွင်၊ မိဿရာသီ၊ မကုန်မှီတည့်၊ တိုင်းဆီခရိုင်၊ ခုထက်တိုင်လျှင်၊
၃။ ပိုင်ပိုင်ကားကား၊ လေးမြို့စားဟု၊ ကုလားပညတ်၊ ပတ်တင်သတ်ကို၊ ခန့်အပ်ဟိသည်၊ ထိုရွှေပြည်မြို့၊ မျိုးမည်ကွဲသျှောင်း၊
၄။ အကြောင်းကြောင်းဖြင့်၊ ဖလောင်းမြမ္မာ၊ စီရင်ရာကို၊ ခံကာနီရ၊ ရှည်မြင့်စွတည်း။ နောက်မှမဏ္ဍိုင်၊ အုပ်စိုးပိုင်၍၊ ရခိုင်မင်းလောင်း၊
၅။ ထီးဖြူဆောင်းလျှက်၊ မင်းပေါင်းဦးနှိမ်၊ အကြိမ်ကြိမ်လျှင်၊ လှံ့ရိန္ဒမာ၊ နတ်စက္ကြာနှင့်၊ ရာဇမင်းဖျား၊ မင်းဘုရားဟု၊ ကားကားလှံ့ရောင်၊
၆။ မှန်ကင်းထောင်သို့၊ ကြံဆောင်ယူကျုံမ်း၊ ဇမ္ဗူလုံမ်းကို၊ ရွှေဘုန်းပဒေ၊ မိုးကြီးစွေသို့၊ နီနှယ်ပွင့်တူ၊ ဖြစ်လိမ့်ဟူသည်၊
၇။ သူဇာသိကြားသဖွယ်တည်း။ သက္ကရာဇ် ၁၂၄၃ - ခု၊ တန်းခူးလဆန်း (၁၀)ရက်၊

နောက် (ပီခံ) အဖုံးတရွက်တွင်

၁၂၄၃ တပေါင်းလဆန်း ၂ ရက် စနီ
နီထွက်တပိုအချိန်လောက်တွင် ပြီးပြည့်စုံပါသည်။
မောင်သာစိန် လက်ရှီးဖြစ်ပါသည်ဘုရား - ဟုပါသည်။

ဤပီစောင်သည် ရမ်းဗြဲမြို့ သရက်ချောင်းတွင်ဟိပါသည်။
၁၃၄၈ - ခု၊ နံယုံလပြည့်ကျော် (၁၀) ရက်၊ **(02/07/86)** နိ ညဇာ (၄) ချက်တီးကျော်မှာ ကူးယူခပါသည်။ အသျှင် (ရခိုင်ပြည်)

ဤစာမူအားလည်း နောက်ထပ်မူပွားများနှင့်ညှိနှိုင်း၍ အမှန်ဆုံးဖြစ်အောင် ဆောင်ရွက်ကတ်ပါလီ။

စာလုံးမပေါ်သဖြင့် ‘သိင်ဂီ’ ဟု သတ်ပုံပြောင်းရွီးထားပါသည်။ စာလုံးသတ်ပုံတချို့ကို အကောင်းဆုံးဖြစ်အောင် ပြုပျင်ထားပါသည်။ (ကွင်း) ပြထားသည့် စာပိုဒ်များ၌ အဓိပ္ပါယ် ကောင်းကောင်းမယှင်းပါ။ မူပွားများနှင့် ညှိနှိုင်းတိုက်ဆိုင်ဖို့ လိုအပ်ပါသည်။

# ရခိုင်သာစွလေလင်္ကာ

(၁)

အိုလေပြည်သူ၊ အိုများလူရို့၊ ရွှေနားခံခံ၊ သာစွသံဖြင့်၊ ကျံကျံရင့်ကျူး၊ ဝမ်းနူးစဘွယ်၊ နိဒါန်းသွယ်ပိန့်၊ မည်ကြည်ဘဒ္ဒ၊ ဤကပ္ပဝယ်၊ ငါးဝသျှင်နည်း၊ ပွင့်မည်ချည်းတွင်၊ ကျော်သဲဘုန်းဝှန်၊ ကက္ကုသံက၊ သျှင်မွန်ဂေါန၊ ကဿပနှင့်၊ ဂေါတမမည်၊ ထွန်းဘုန်းစည်ရို့၊ ကြည်ကြည်မိန့်ခွန်း၊ ဗျာဒိတ်ညွှန်းသည်၊ တောင်ကျွန်းမဏ္ဍိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၂)

ညွှန်းသည့်ဗျာဒိတ်၊ လေးရပ်မိတ်ကြောင့်၊ နမိတ်ဥတ္တ၊ ဓညဝတီ၊ ပြည်သိင်ဂီဟု၊ ကျူးချီချောက်မတ်၊ ရို့ပြည်မြတ်ကား၊ ငတ်မွတ်ရီဆန်၊ တရံမဟိ၊ နတ်ဘုံရှိလျှင်၊ သာယိသာယာ၊ အပြောစွာ၏၊ ခါခါစွေဖြိုး၊ ရွှေငွေမိုးသည်၊ ဖြိုးဖြိုးသွန်ချ၊ ရွာနီကျကြောင့်၊ သုံးဝကပ်ဖိး၊ မကပ်ဝီးသည်၊ ချမ်းအီးမဏ္ဍိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၃)

ဝီးသည်မကပ်၊ ဖိးမျိုးလွတ်သား၊ အောင်ရပ်မဏ္ဍိုင်၊ ပြည်ရခိုင်ဝယ်၊ ယှဉ်ပြိုင်စီးကျ၊ ဂင်္ဂါပလျှင်၊ မြစ်မနဒီ၊ ဖြားဦးချီသား၊ သိင်ဂီအောင်မို့၊ ဝတီမြို့သို့၊ နှစ်လို့သာစွ၊ မြို့ဓညကို၊ သကျနွယ်ဖွား၊ သက်မသားဟု၊ အဇ္ဈုနသွီး၊ ဆင်းငြိမ်းအီးလျှင်၊ ရန်ဖိးလည်းချိုး၊ ထီးနန်းပျိုးသည်၊ သောင်းမိုးမဏ္ဍိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၄)

ပျိုးသည့်ထီးနန်း၊ နွယ်မျိုးထွန်းလျှက်၊ ဘုန်းပန်းပွင့်လင်း၊ ထိုသည်မင်းမှ၊ ဆင်းသက်ငါးဆယ်၊ လေးဆက်ကွယ်က၊ နီနွယ်ရင်းချာ၊ ကံရာဇာလျှင်၊ ပဉ္စာနရီ၊ နတ်ဒေဝီနှင့်၊ တိမ်နီမြင့်ဆောင်း၊ ကျောက်ပန်းတောင်းဝယ်၊ မြို့ဟောင်းတည်ခယ့်၊ ရန်မျိုးမယ့်၍၊ နှစ်ဆယ့်လေးနှစ်၊ စိုးသည်ဖြစ်မှ၊ စွန့်ပစ်ယှောင်သွယ်၊ မြို့ရှာဖွေသည်၊ ရွှေပြည်မဏ္ဍိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၅)

ဖွေသည့်မြို့ရှာ၊ လားတုံခါ၌၊ သိမ်ရာသမုဒ်၊ သီရိဂုတ်ကို၊ ကြိုးကုတ်မြို့တည်၊ မဖြစ်သည်ကြောင့်၊ ရွှေရည်လျှံဝင်း၊ ရှိရှိမင်းရို့၊ စရင်း၌ာန၊ မြို့ဓညကို၊ သက္ကပြည္ညွန်၊ တည်လတ်ပြန်မှ၊ သားမွန်မြီးညှောက်၊ စိုင်မကောက်ဘဲ၊ သျှစ်ယောက်နှစ်ကျိပ်၊ စောရန်နှိပ်ရို့၊ ဘုန်းရိပ်ဝင်းဝင်း၊

တေဇာလင်းသည်၊ သောင်းတွင်းမင်္ဂိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၆)

လင်းသည့်တေဇာ၊ လူ့ထွတ်ချာသို့၊ ကွပ်ခါပြီးမှ၊ မြို့ဧည၀ယ်၊ စန္ဒသူရိယာ၊ မင်းသဒ္ဒါဟု၊ ရာဇာဘုန်းမြတ်၊ သမုဒ်နတ်လျှင်၊ စောမြတ်ဘုန်းဟိ၊ မြတ်မုနိဟု၊ ကြီးဘိတေဇော်၊ ရုပ်ရှင်တော်ကို၊ ၀ှန်ကျော်ထုတ်လျှောက်၊ ဘ၀ဂ်ရောက်မျှ၊ သွန်းမြောက်လီငြား၊ ပူဇော်ထားသော်၊ သုံးပါးနတ်လူ၊ ကိုးရာမူသည်၊ ဇမ္ဗူမင်္ဂိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၇)

မူသည်ကိုးရာ၊ သျှင်မဟာကို၊ သွန်းရာတည်ငြား၊ ထိုမင်းသား၏၊ တသားထင်မှ၊ သူရိယဟု၊ တွင်ကြတလီ၊ စောဘုန်းဝီရို့၊ ပဉ်ဗိသမှတ်၊ လွန်ကြလတ်သော်၊ မင်းမြတ်ရန်ဖျား၊ စန္ဒြားလျှင်၊ ခွာငြားယှော်လွင့်၊ ကန်သုံးဆင့်၀ယ်၊ ထီးပွင့်တနှစ်၊ စံမဖြစ်က၊ တလှစ်စွန့်ကာ၊ မြို့နန်းရှာသည်၊ ပြည်သာမင်္ဂိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၈)

ရှာသည်မြို့နန်း၊ စောရန်ထွန်းကား၊ ပြည်ညွှန်းကြည်ဖြူ၊ သိကြားကူသည်၊ ၀ှန်ဆူနှုန်းသိ၊ ဝေသာလိဟု၊ ပူရိသာခေါင်၊ မြို့များနောင်ကို၊ တည်ထောင်နန်းချ၊ စိုးလီကလျှင်၊ ဇ၀ဇီရာ၊ လုံ့စကြာနှင့်၊ ဒီပါပါတ်ကုန်း၊ သောင်းခွန်ကျုံး၍၊ ရစ်ချုံးတေဇာ၊ ဘုန်းညွှန့်ဖြာလျှက်၊ ရာဇာစန္ဒြား၊ ကိုးဆက်စားသည်၊ မင်းဖျားမင်္ဂိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၉)

စားသည်ကိုးဆက်၊ စိုင်မပျက်ဘဲ၊ တောက်ထွက်ထိပ်ပန်၊ နောင်မင်းလွန်၍၊ ပြည်မွန်ပူရိ၊ ဝေသာလိ၀ယ်၊ ဆန္ဒြမေယု၊ ငြိုဟ်စုယာမ၊ သက္ကရာဇာ၊ ရောက်သောခါ၌၊ ဘာသာမတူ၊ ခမီးလူစု၊ မြိုတုမြိုပျက်၊ ထီးနန်းတက်၍၊ ဆက်၍လျှင်ပျူး၊ မြောက်ဦးထူးလျှက်၊ ရွှင်မြူးနန်းမှာ၊ ဆယ်နှစ်ကြာသည်၊ အောင်ချာမင်္ဂိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၁၀)

ကြာသည်ဆယ်နှစ်၊ လွန်ပြီးရစ်မှ၊ တလှစ်ခွာယှောင်၊ သပိတ်တောင်ကို၊ တည်ထောင်စိုးမြောက်၊ လျှင်ပြီးနောက်၀ယ်၊ ဘုန်းမောက်မားမား၊ စန္ဒြားသွီး၊ ဆင်းငြိမ်းအီးလျှင်း၊ ငမင်းငတုန်း၊ လူထိပ်ဘုန်းကား၊ ရှိထုံးမပျက်၊ စမ္ပ၀က်ကို၊ သက္ကစ်သချာ၊ သုံးရာငါးဆယ်၊ ခြောက်ခု၀ယ်၌၊ နီနွယ်ဘုန်းစွင့်၊ ထီးနန်းဖွင့်သည်၊ မြို့မြင့်မင်္ဂိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၁၁)
ဖွင့်သည်ထီးနန်း၊ လူ့ထိပ်ပန်းကား၊ ဘုန်းထွန်းစံပ၊ ဇောဗီသတည်း၊ ထိုကလွတ်လျှင်၊ ခေတ္တသင်သည်၊ ဘခင်ငါးရာ၊ ဖြည့်တင်းရာကြောင့်၊ ပဥ္စာခေါ်တွင်၊ မြို့ရွှေစင်ကို၊ တည်ထွင်စိုးမြောက်၊ ဆယ်မင်းနောက်၌၊ ဘန်းတောက်လျှံမြူး၊ မင်းဘီလူးအား၊ ကြံထူးသတ်လျှက်၊ မတ်မျိုးတက်၍၊ သုံးဆက်တိုင်အောင်၊ မတ်မျိုးထောင်သည်၊ သာခေါင်မင်္ဂိုင်၊ ရခိုင်သာယောင့်၊ သာလီစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၁၂)
ထောင်သည်ထီးနန်း၊ မတ်မျိုးထွန်းသော်၊ ဂုဏ်ပန်းပွင့်သံ၊ ပြည်ပေါက်ကံက၊ မင်းနန်လက်ယာ၊ မျိုးသက်ျာကို၊ ရာဇာစည်သူ၊ ပန့်ထောက်ကူ၍၊ ပြုနှင့်တလိုင်း၊ သိမ်းစီးလှိုင်းလျှက်၊ မုန်တိုင်းလျှင်၊ တော်လေးအင်သို့၊ မြေပြင်သွက်ခါ၊ ပည်သချာနှင့်၊ ဆဌစတု၊ ကောဇာခုတွင်၊ ရန်သုသုတ်သင်၊ ရွှေနန်းတင်သည်၊ သောင်းခွင်မင်္ဂိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၁၃)
တင်သည်ရွှေနန်း၊ လူထိပ်ထွန်းဟု၊ နတ်နန်းဘုံသာ၊ မင်းလက်ယာလျှင်၊ စွန့်ခွာယှောင်ထွက်၊ မြို့လောင်းကြက်ဝယ်၊ ဖျူရွက်ဖြန့်မိုး၊ သုံးနှစ်စိုးသည်၊ ကောင်းကျိုးမဟိ၊ ဖြစ်လတ်ဘိက၊ အဌဆဌာ၊ စတုရာမူ၊ ကောဇာရောက်ကြိမ်၊ ခါရံချိန်ဝယ်၊ ပုရိမ်မြို့သစ်၊ ထောင်ကာလှစ်၍၊ သုံးနှစ်စံသော်၊ နတ်ထံပျော်သည်၊ ပြည်တော်မင်္ဂိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၁၄)
ပျော်သည့်နတ်ထံ၊ ထိုမင်းလွန်က၊ ငါးတန်ထီးစိုက်၊ နောက်ဆုံးနှစ်ဝယ်၊ သောင်းထိုက်ထွန်းပ၊ ကောလိယဟု၊ လူ့ဘရာဇာ၊ မင်းမဟာလျှင်၊ အဥ္စနနဒီ၊ နောက်ကမ်းမှီ၍၊ သိင်ဂီပြိုးပြက်၊ ခြောက်ရောင်ထွက်သား၊ တုဘက်ကင်းပြီး၊ မဟာထီးကို၊ ကောင်းချီးနုဘော်၊ နတ်လူကြော်လျှက်၊ အံမော်အံမူး၊ တည်ထားဖူးသည်၊ သောင်းဦးမင်္ဂိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၁၅)
ဖူးသည်တည်ထား၊ ထိုမင်းသားကား၊ သိကြားဆက်သ၊ လှံပုံမကို၊ လက်ရရန်မှီ၊ ဆယ်ခါကြိမ်၍၊ ဂုဏ်သိမ်ဘွဲ့မ၊ ချီကျူးကြသား၊ ဒသရာဇာ၊ လူ့ထိပ်ချာလျှင်၊ မဟာမုဏိ၊ ထွတ်သီရိကို၊ ပင့်ဘိယယု၊ အဂ္ဂညုဝယ်၊ ပြောင်းပြုတည်ငြား၊ ပူဇော်ထားက၊ သုံးပါးသံငေါ်၊ ကောင်းချီးကြော်သည်၊ ပြည်တော်မင်္ဂိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၁၆)

ကြော်သည်ကောင်းချီး၊ ထိုးမင်းကြီးမှ၊ ပွားစီးတဆက်၊ လွန်ကပျက်သော်၊ သက္ကစ်သချ်ာ၊ နောဒွေးယာနှင့်၊ ပဥ္စာရောက်ငြား၊ မင်းဖုန်းစားသည်၊ စွန့်လားဖွေရှာ၊ မြိတ်မြို့သာကို၊ တည်ကာနန်းဆောက်၊ စိုးအုပ်မြောက်ဝယ်၊ တထောက်နှစ်တန်၊ မင်းများလွန်သော်၊ ဝန်တိုကျင့်ချွတ်၊ စလင်းမတ်လျှင်၊ မျိုးမြတ်လုယက်၊ ထီးနန်းတက်သည်၊ တောက်ထွတ်မဏ္ဍိုင်၊ ရခိုင်သာယောင့်၊ သာလီစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၁၇)

တက်သည်ထီးနန်း၊ အမတ်သွန်းအား၊ ဘုန်းပန်းပွင့်လင်း၊ မဥ္ဇူသင်းလျှင်၊ အတင်းသတ်ဖြတ်၊ သုတ်သင်လတ်မှ၊ တင့်မြတ်သာယာ၊ မြို့ပဥ္စာကို၊ ငါးရာကျော်လစ်၊ လေးဆယ်နှစ်ဟု၊ တွက်စစ်ကိန်းတွင်း၊ တည်ဖန်ဆင်း၏၊ ထိုမင်းပြီးနောက်၊ ဆယ့်ငါးယောက်လျှင်၊ မဖောက်မပြန်၊ ဘုန်းမျိုးလွန်၍၊ ဘုန်းသံကျော်ဟိုး၊ စံကြစိုးသည်၊ သောင်းမိုးမဏ္ဍိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၁၈)

အပိုဒ်ပျောက်

(၁၉)

ဟူသည်ငဆင်၊ ထိုမင်းလျှင်ကား၊ နန်းခွင်သုံးနှစ်၊ စိုးတံလှစ်မှ၊ ဘုန်းသစ်ညီးညီး၊ မင်းမင်းထီးလျှင်၊ မကြီးဝယ၊ သတ္တမ္ဘတည်း၊ သက္ကတွက်ချက်၊ ခြောက်ရာကွက်တွင်၊ စွန်းထွက်လေးဆယ်၊ သုံးနှစ်ဝယ်၌၊ နန်းလယ်စံတင့်၊ ရန်မျိုးလွှင့်က၊ နတ်နှင့်တနိုင်း၊ ငါရို့တိုင်းဝယ်၊ ပည်လှိုင်းသုကျွဲ၊ ဝပြောစည်သည်၊ ဒီပေမဏ္ဍိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၂၀)

စည်သည်ဝပြော၊ ရို့ပြည်ကြောဝယ်၊ မင်းစောထိပ်ချယ်၊ စိုးခါဝယ်၌၊ နယ်ပြည်သတ်မှတ်၊ ပိုင်သည့်ရပ်ကား၊ မြစ်မြတ်ဘာဂရနဒီ၊ ဝဲယာမှီသား၊ ဂဇီရာဒါကာ၊ မောက်သူဇာနှင့်၊ ဗျူလ္လာစမ္မာယ်၊ ဆယ့်နှစ်သွယ်လျှင်၊ ပြောကျယ်ဘုညာ၊ မူရာဘာဒြင်၊ သျှူနာကင်ဟု၊ ရင်ဂါမတီ၊ ဇော်ဂီတယာ၊ အမည်သာသည်၊ ပြည်ချာမဏ္ဍိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၂၁)

သာသည်အမည်၊ မြုံမင်းပြည်က၊ သက်ပြည်တသီး၊ သောင်းတီးဟတ္တိယာ၊ ဘက္ကလာဟု၊ သျှူသျှာစန္ဒြိဖုတ်၊ သီရိဂုတ်ကလနာ၊ ဗက္ကလာကတ္တူရေ၊ တထွေဧကရော၊ တကြောအဿရောင်၊ နယ်ကုန်အောင်တည်း၊ ရှိဘောင်မြန်မာ၊ စိုးသည်မှာလည်း၊ မိစ္ဆာဂီရိ၊ သရက်ထိလျှင်၊ ထွန်းညိုဝန်းပြောင်၊ ဘုန်းမီးလောင်သည်၊ သောင်းခေါင်မဏ္ဍိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၂၂)

လောင်သည့်ဘုန်းမီး၊ ဟုန်းဟုန်းညီးလျှင်၊ ပြည်ကြီးသာလှ၊ မစ္ဆိမကို၊ လက်ရစိုးပိုင်၊ မျိုးရခိုင်သည်၊ ဦးကိုင်ထိပ်သီး၊ ထိုမင်းထီးကား၊ အံ့ချီးစံမြောက်၊ တရာ့ခြောက်တည့်၊ ပိုင်ထောက်စိုးကာ၊ လွန်ပြီးခါမှ၊ နန်းညာလေးခက်၊ ကျွံလွန်ပျက်သော်၊ နှစ်ဆက်အမတ်၊ အကျင့်ချွတ်၍၊ မလွတ်အတင်း၊ အာဏာခွင်းသည်၊ သောင်းတွင်းမဏ္ဍိုင်၊ ရခိုင်သာယောင့်၊ သာလီစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၂၃)

ခွင်းသည့်အာဏာ၊ မတ်နှစ်ဖြာကို၊ ကွယ်ခါမပျက်၊ မြို့လောင်းကြက်ဝယ်၊ ဘုန်းတက်ညွန့်လူ၊ ရာဇသူလျှင်၊ ဆက်ယူရွှေထီး၊ လွန်လတ်ပြီးသော်၊ တသီးဆင့်ထောက်၊ နှစ်ဆက်မြောက်ဝယ်၊ မပေါက်ဘုန်းမီး၊ မကြီးအားသန်၊ မင်းစောမွန်ကြောင့်၊ နှစ်မွန်တွက်စစ်၊ သက္ကစ်အဌ၊ ဆသတ္တတွင်၊ ဓညအောင်မြို၊ အနီမလှ၊ ပျက်ကိန်းကျသည်၊ ရက္ခမဏ္ဍိုင်၊ ရခိုင်သာယောင့်၊ သာလီစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၂၄)

ကျသည်ပျက်ကိန်း၊ အူသံဖိန်းမျှ၊ အထိန်းမဟိ၊ ဆူဘိပွက်ပွက်၊ တချက်မြန်မာ၊ တခါတလိုင်း၊ သူငါပိုင်းလျှက်၊ ယှဉ်ပြိုင်းစစ်ဘက်၊ တခြက်ခြက်လျှင်၊ မသက်မသာ၊ နီကြခါ၌၊ ရာဇာစောမွန်၊ ရောက်လာပြန်၍၊ တဖန်လောင်းကြက်၊ တည်လာဆက်သော်၊ ရန်ဘက်ခပ်သိမ်း၊ ကင်းငြိမ်းပျောက်လွင့်၊ ထီးနန်းဖွင့်သည်၊ သောင်းခွင့်မဏ္ဍိုင်၊ ရခိုင်သာယောင့်၊ သာလီစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၂၅)

စွင့်သည်ထီးဖြူ၊ ဆက်ကာထူလျှက်၊ နီမူနှစ်နှစ်၊ ကျိုးမဖြစ်သော်၊ တလုစ်ယင်းက၊ သိကြားပြသား၊ မိုးဝရောင်မြူး၊ ကြယ်သောက်ရှူးသို့၊ မြောက်ဦးမည်သာ၊ မြို့အောင်ချာကို၊ တည်ကာစင်စစ်၊ သီမည်ဖြစ်လည်း၊ မြီးမြစ်စိုင်ဆက်၊ ဘုန်းညွှန့်တက်လျှက်၊ မပျက်ပွားစည်၊ ရှည်လတ်မည်ကို၊ မြင်သည်အမှန်၊ အဆုံးခံသည်၊ သောင်းစွန်မဏ္ဍိုင်၊ ရခိုင်သာယောင့်၊ သာလီစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၂၆)

ခံသည်အဆုံး၊ ကိုယ်တော်လုံးနှင့်၊ ရွှင်ပြုံးသာကြည်၊ မလွယ်တည်သည်၊ ဂုဏ်ရည်လျှံဖြာ၊ သတ္တသာတည်း၊ စံကာသုံးဆောင်း၊ နတ်ရွာပြောင်းသော်၊ မင်းကောင်းဆယ်ပြန်၊ ကွယ်လွန်လတ်ဘိ၊ ပြည်ပူရိဝယ်၊ ဆိပ်ဟိထန်ပြင်း၊ နဂါးမင်းလျှင်၊ ဝင်းဝင်းဘုန်းရောင်၊ ထွန်းလင်းပြောင်သည်၊ သောင်းခေါင်မဏ္ဍိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၂၇)

ပြောင်သည်ကျွန်းလုံး၊ တေဇာချုံးလျှက်၊ တွက်ကျုံးသင်္ချာ၊ မာယာဆီခြုံ၊ ဗသျှူးကြုံက၊ ရွှေဘုံနန်းထက်၊ နဂါးတက်သော်၊ ဘုန်းစက်ဝှန်ဝါ၊ မစ္ဆိမာဌ်၊ အာဏာထန်ပြင်း၊ ကုလားမင်းလည်း၊ မတင်းဝန့်ထီ၊ စက်အောက်ခို၍၊ တလီစံစိုး၊ ရွှေထီးမိုးသော်၊ နှုန်းကိုးမနိုင်၊ ပြိုင်သည်ကင်းဝီး၊ သတင်းမွှီးသည်၊ ချမ်းအီးမကျွိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(၂၈)

မွှီးသည်သတင်း၊ နဂါးမင်းဟု၊ တုကင်းမင်းဗင်၊ လွန်ပြီးလျှင်လည်း၊ တိုင်းခွင်ရွှေသူ၊ ဘုန်းညွန့်လူလျှက်၊ ရှိယူခုနှစ်၊ နှောင်းစွဖြစ်သား၊ နွယ်စစ်သာဂီ၊ မင်းဟရီတွင်၊ ဒေဝီညာပျော်၊ ကျင့်မတော်၍၊ ပေါင်းဖော်ယှဉ်ပါး၊ လောင်းကြက်စားနှင့်၊ တရားမသိ၊ သက်ရောက်ငြိက၊ ဇာတိမပြတ်၊ လင်ကိုသတ်သည်၊ သောင်းထွတ်မကျွိုင်၊ ရခိုင်သာယောင့်၊ သာလီစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ။

(အပိုဒ်များစွာကျန်ပါသိမ့်သည်။ နောက်ထပ်ရှာဖွေဖြည့်စွက်ကြပါ။)
စာလုံးကောင်းကောင်းမပေါ်သဖြင့် သိင်ဂီ ဟူ၍ ပြောင်းရွှီးထားပါသည်။

# ရခိုင်ကဗျာသစ်ပျိုးခင်း

## အလှစစ်

လုံးဝမသိ၊ မသိသည်ကို
သိသည်သို့နှယ်၊ စကားကြွယ်၏။

အမှန်မဟိ၊ မဟိသည်ကို
ဟိသည်အလား၊ လိမ်လှည့်ဖျား၏။

အကယ်စင်စစ်၊ မဖြစ်သည်ကို
ဖြစ်သည်လိုလို၊ အပြောချို၏။

သေချာအဟုတ်၊ မဟုတ်သည်ကို
ဟုတ်သည်ယောင်ယောင်၊ အကွန်ဆောင်၏။

မုက္ခဇေကန်၊ မမှန်သည်ကို
မှန်သည့်ပမာ၊ လိမ်လည်ဝါ၏။

လူရို့ဆုံကြ၊ ဤလောကဝယ်
လိမ်ကြဝါကြ၊ ဟန်ဆောင်ကြသည့်
ဘဝအတု၊ ဟန်ဆောင်မှုကို
ယခုလက်ငြင်း၊ သင့်ကိုယ်တွင်းက
ပါယ်ယှင်းပစ်လျှင်၊ သင့်အသွင်သည်
ပီပြင်ပိုလှလာလိမ့်တကား။

(မင်းပြားငွေထွန်း)

## နည်းလမ်း

ဖိနှိပ်က တွန်းကန်
သိပ္ပံ၏တရား --။

ပြဿနာသိ အဖြေညှိ
ညာဏ်၏စွမ်းပကား --။

မောင်လုလင် (မင်းပြား)

## ကလောင်သစ်၏ဆန္ဒ

စာပီစိတ်နန့်၊ အသိပြန့်ဖို့
မတွန့်မဆုတ်၊ လုံ့လထုတ်ကာ
တပုဒ်ကဗျာ ပို့လိုက်တေ --။

ပယ်ပြီးခေါက်ထား၊ မစဉ်းစားလည်း
မှားမှားမှန်မှန်၊ အားမာန်အပြည့်
ခြီလှမ်းဖြည့်ဗျာ၊ အလင်္ကာလမ်း
အရောက်လှမ်းမည်၊ မှန်းရွယ်ရှိဆက်
ငါချီတက်ကေ
တရက်အောင်မြင်ရလိမ့်မည် --။

ကျိန်းညွန့် (မင်းပြား)

## ဆုံးဖြတ်ချက်

ဇာသူခြောက်ခြောက်
ငါမကြောက် --။

ဇာသူမြှောက်မြှောက်
ငါမမြောက် --။

ဇာသူချော့ချော့
ငါမပျော့ --။

စိတ်ခါတ်ခိုင်မာ၊ ပြတ်သားစွာနန့်
လိုရာပန်းဖူး၊ ရအောင်ခူးမည်
ရှူးရေဆိုလည်း ဆိုလီဖိ --။

(ပြည်ခိုင်စိုး)

## အတ္တ၏အလင်းတန်း

ငါ - ဇာအကောင်လဲ
ဝေခွဲမသိ မာန်တက်၏ --။

ငါ - ဇာအကောင်လဲ
ဝေခွဲတွင်းသိ မာန်ကင်း၏ --။

ပကတိတရား၊ သတိထားပြီး
မှန်မှားဆင်ခြင်၊ အသိဝင်မှ
ဘဝင်ငြိမ်းအီးရလိမ့်တကား --။

(အရိုင်း)

## ဆံတော်ရှင်ဘုရား ဖူးဇောင်လား

သဇင်ပန်းခိုင်၊ တမြိုင်မြိုင်ကော၊ နံ့ကြိုင်ထုံမွှီး
လနတ်တော်လေ၊ သဇင်သင်းကော၊ နှင်းအီးအီးနန့်
စိုးမဲကျီလေ၊ တောင်ခြီရွာစပ်၊ တအောင့်ရပ်ပျာယ်
တောင်ကြောကိုကျော်၊ ဆံတော်ရှင်လေ၊ သျှင်ကျော်ဘုရား
ဖူးဇောင်လားမည်၊ သာစွလေ။
သာယာအီးလေ၊ သာစွလေ။

(ရှင်) ကို (Rhun) ဟုဖတ်ပါ။

(မောင်ကောက်စံ)

# ဦးရာဇ်တော်ကို ဖူးပါခလိုက်

(၁)
ရက္ခပူရီ၊ တိုင်းဌာနီမှာ
ဇာတိပုထိုး၊ အမျိုးမျိုးလျှင်
ပြည့်ဖြိုးစုံညီ၊ ဟိပါလီငြား
အများလူသျှင်၊ ဦးထိပ်တင်ကေ
သျှင်ပင်ဦးရာဇ်၊ ဓါတ်တော်စစ်ကို
သစ္စာတိုင်တည်၊ နိဗ္ဗာန်ရွယ်၍
ကြည်ညိုပူဇာ၊ စေတနာနှင့်
သဒ္ဒါယိုဖိတ်
အကျိုးလိုကေ၊ ကုသိုလ်စိတ်ဖြင့်
တောင်ထိပ်ချာမှာ၊ မဟာမင်းကောင်း
ဖလောင်းရာဇာ၊ တည်ခပါကေ
မြင်သာလေးရပ်
လွန်ထင်ပေါ်ကော၊ ဓါတ်တော်မြတ်ကို
ရှိညွှတ်ဦးတင်၊ မသီခင်လျှင်
အယင်လာလို့ ဖူးပါခလိုက်။

(၂)
တောင်ထိပ်ချာက၊ ကြည့်ပါလီတိုင်း
မှိုင်းမှိုင်းဝီဝီ၊ လီလည်းဖြူးဖြူး
လှိုင်းအူမြူးလို့၊ ဝမ်းနူးစဖွယ်
မြစ်ပင်လယ်နှင့်၊ ကြီးငယ်လှီလောင်း

သောင်းသောင်းညံ့ညံ့
ဘဲဟသ်ာမှာ၊ ဝဲကာပျံလို့
တကြော်ကြော်၊ ခေါ်သံလည်းကျူး
ကြည်နူးစရာ
အသံနားမှာ၊ ကြားရပါသော်
သာယာပျံ့ပျူး၊ ရွှင်ပျော်မြူးရေ
သာယာအီးလေ၊ သာစွလေ
သာယာစွလေ၊ သာစွလေ။

(၃)
တောင်ထိပ်ချာက၊ ကြည့်ပါလီတိုင်း
မှိုင်းမှိုင်းညို့ညို့၊ မို့မို့တောတောင်
ပြင်လယ်ဂေါင်မှာ၊ မိုးမှောင်ဝန်းဝိုက်
စိတ်ဆန်းကြယ်ကော၊ လွမ်းဖွယ်ဖြစ်လို့
နှစ်သက်ကြည်လင်၊ မျက်ဝါးထင်ကေ
မြင်ရပါသော်၊ ရင်မှာအီးချမ်း
စိတ်လည်းဝမ်းသာ၊ သာခုခေါ်ရေ
သာယာအီးလေ၊ သာစွလေ
သာယာစွလေ၊ သာစွလေ။

(ခေညဦး)

## ပတ္တနာ

လေ -- အာရက္ခတည့်
ရိုးမမဟာ၊ မားမတ်စွာလျှင်
အာကာမှီဆိုင်း၊ ပြိုင်းပြိုင်းရံကြွ
မြရောင်ဝီဆာ၊ ဤနီရာကား
မဟာမုနိ၊ တုမဟိက
ထွန်းညှိသာသနာ၊ ပွင့်လန်းဖြာ၍
သစ္စာလေးလီ၊ ဦးထိပ်ချီကေ
ဝတီလေးရပ်၊ ပေါင်းစပ်မြမြံ
နတ်ဌာန်ဘုံသာ၊ တုသီတာပိုင်
သာယာချမ်းမြ သာစွလေ။

လေ -- အာရက္ခတည့်

မြအဏ္ဏဝါ၊ ကျယ်ပြောစွာလျှင်
လဟာနက်ယှိုင်း၊ ရီတံတိုင်းနှင့်
ဝိုက်သိုင်းကျွန်းညို၊ ထိုထိုနဒီ
ချောင်းလီလီနှင့်၊ စုံညီမှန်စွာ
သျှစ်ဖြာအံ့ဖွယ်၊ ဤပင်လယ်ကား
သျှစ်ဖွယ်ဂုဏ်ဝါ၊ သာသနာပိုင်
သာယာချမ်းမြ သာစွလေ။

လေ -- အာရက္ခတည့်
မြအဏ္ဏဝါ၊ မဟာရိုးမ
စောင့်လျှောက်ကြရာ၊ မဟာဝိဟိုက
ရက္ခပူရီ၊ မြတ်ဌာနီအား
ရှီမြဲဘဏ္ဍာ၊ သယံဇာနှင့်
ဘာသာစာပီ၊ တိုးစီတက်စီ
ဖွံ့ဖြိုးစီဌာ၊ ပတ္တနာ၏
သာယာချမ်းမြ သာစွလေ။
သာစီသောဝ်လေ သာစွလေ။

(အောင်စုံ)
ပတ္တနာ=ဆုတောင်းခြင်း

# အာသျှနီဝန်း သျှင်ရဟန်း

နယ်ချဲ့သူရို့
လုယူအုပ်စိုး၊ ခါးမိုးဖြိမ်းခြောက်
အကြောက်တရား၊ တုပ်နှောင်ထားလို့
ပြားပြားဝပ်ဝပ်၊ ဖြစ်နီကတ်ချိန်။

နယ်ချဲ့သူရို့
မင်းမူအားသုံး၊ အမှောင်ဖုံးလို့
လူလုံးမလှ၊ ယူကျုံးမရ
ဘဝလူဖြစ်ယှုံးကတ်ချိန်။

နယ်ချဲ့သူရို့
ကလူနှိပ်စက်၊ လက်နက်အားကိုး
မစိုးဓမ္မ၊ အာသျှတခွင်

ဝန်းကျင်အားလုံး၊ အမှောင်ဖုံးလို့
အဆုံးခရီး၊ အမြင်ဝီးချိန်။

ညဥ့်သိုင်ခေါင်၏
အမှောင်ကိုခွင်း၊ အလင်းပြုထွက်
တက်စနီဝန်း၊ သျှင်ရဟန်းလေ
လမ်းစည္တန်ပြခလီရေ။

အမျိုးသားရေး
စကားလည်းပြော၊ တရာဟောဗျာယ်
တကြောအာသျှ၊ လွတ်လမ်းရဖို့
ဘဝကိုပီး၊ တော်လှန်ပြီးကေ
ခရီးကြမ်းကိုနှင်ခရေ။

ရဟန်းဆိုစွာ
ကိုယ်ကျိုးကိုထက်၊ များကျိုးတွက်ကို
တွယ်ဖက်ခံယူ၊ နမူနာပြ
ဘဝစွန့်လား၊ အသျှင်ကားမူ
ဘုရားလောင်းထုံး၊ နှလုံးမူလျက်
ဆောင်ရွက်ကြိုးပမ်းခလီရေ။

အသျှင်ဦးဥတ္တမ၊ ရခိုင်ပြည်က
အာရှနီဝန်း၊ သျှင်ရဟန်းလေ --။

(သန္တာမောင်မောင်)

## ဆင်နာ

ဒါဏ်ရာက လက်တဆစ်
ကျွီးလိုက်စွာက မိုးကြိုးပစ် --။

ခန္ဓာကိုယ်အကြီးမသန်
အစွယ်လံပြတ်နန့်
ကိုယ့်ဦးစီးကိုယ်ပြန်သတ်
ကိုယ့်တပ်ကိုယ်ပြန်နင်း
တိုက်ပွဲသွင်းခီမိစွာက

(သြော်) မှားခလီခြင်း --။

(နောင်အေး)

## ဆင် (နန့်) ချပိုး

အရောင်ချင်းတူကေလဲ့
အကောင်းချင်းကမတူ --။

(သာလှဦး)

## ပန်းတိုင်သို့

လမ်း
ကြမ်းချင်ကြမ်းမည် --။

ခရီး
ဝီးချင်ဝီးမည်
အရေးမကြီး --။

လုံးချင်းကျန်လည်း
အလံမလှဲ
လက်တွဲထားခိုင်ခိုင် --။

(ရခိုင့်စာပီတော်လှန်ရေး ခရီးပန်းတိုင်ဆီသို့)

မောင်လှမှိုင်း (မြေပုံ)

## ဆက်ခံခြင်း

ပန်းဆိုကေ
နွမ်းတတ်တေ --။

စမ်းဆိုကေ
ခမ်းတတ်တေ --။

တပွင့်ပန်းမှာ
နွမ်းခြောက်ပါလည်း
အရာပန်းပေါင်း
ထောင်သောင်းများစွာ လန်းလိမ့်မည် --။

တခုစမ်းမှာ
ခမ်းပျောက်ပါလည်း
အရာစမ်းပေါင်း
သိန်းသန်းများစွာ ထွန်းလိမ့်မည် --။

(အောင်ဇံ)
(June 28, 2006)

## မရှိုးဖြစ်ခသော ကဗျာတပုဒ်

အဝီးဆုံးကို လျော်ခတ်လားကေလဲ့
ခုန်းတိုင်က ကြိုးမဆုံးနိုင်ပါ --။

ထွက်ပေါက် ပြီးပေါက်
လွတ်ပေါက်အထင်လည်း
အလွမ်းသင့်စွာပိုင် ဖြစ်တတ်ယင့် --။

ခရီးဦးကြိုသူ
နီပူထဲက မျက်နှာ
မိကြာဖြူ
သူချစ်တေ လူတယောက်ပါ --။

ဟောင်းနွမ်းဒိုင်ယာရီထဲက
အပြင်းထန်ဆုံး တွန်းအားတခု
အလှဆုံး နိသစ်ပျိုးဖို့
နီညိုညို ပုဇွန်ဆီရောင်မသန်းခင်
(သူ့ကိုအားပီးယင်း)
စာဆိုကို ဆက်တွေးခွင့်ပြုပါ --။

မရှိုးဖြစ်ခရေ ကဗျာတပုဒ်
အခန်းအနားဆုံး ခံစားဖွဲ့စီဖို့ --။

(ပုဏ္ဏားကျွန်းဇူးဝေ)

## ငပိလိုလား ဆားလိုလား

မောင်းမောင်ရို့ တိုက်စွာ
လီလား --။

မောင်းမောင်ရို့ တိုက်စွာ
ကြမ်းလား --။

မောင်းမောင်ရို့ တိုက်စွာ
ပြောင်းလား --။

မောင်းမောင်ရို့ ဖောက်စွာ
ဝါးပြောက်လား --။

ထားလိုက်ပါ မောင်းမောင်
ယင်းစကား
အလကား နားခါးရေ --။

ငပိလိုလား ဆားလိုလား
(ပြော) --။

(ယောက်မတုံးချေ)

## လူနှစ်မျိုး

ဆွဲချတွဲချ
ဆွဲခေါ်တွဲခေါ်။

ခိုင်ကြီး (ကနေဒါ)

# ရခိုင်ကဗျာစာတမ်း

အကျနု်ပ်ရို့သည် ရခိုင်စကားကိုပြောသည်။ ရခိုင်ကဗျာကိုဖတ်သည်။ ရခိုင်ကဗျာကိုရွီးသည်။ အကျနု်ပ်ရို့၏မိဘများနှင့် သူငယ်ချင်းများ၊ ညီအစ်ကိုမောင်နှမများနှင့် ရခိုင်ကောင်းခင်အောက်က ရပ်ထဲရွာထဲ တောထဲတောင်ထဲ၌ ပြောသောစကားများကိုရာ အကျနု်ပ်ရို့ကဗျာထဲ၌ တွိရပါမည်။ အကျနု်ပ်ရို့ပါးစက ထွက်သည်ကိုရာ ရွီးပါသည်။ အကျနု်ပ်ရို့ရင်ထဲက ခံစားနီရစွာကိုရာ ရွီးပါသည်။ အကျနု်ပ်ရို့ရင်ထဲ၌ ဖြစ်တည်နီစွာကိုရာ ရွီးပါသည်။ အကျနု်ပ်ရို့ မပြောစွာကို မရွီးပါ။ မခံစားစွာကို မရွီးပါ။ ရင်ထဲမှာ မဟိမတည်စွာကို မရွီးပါ။ ဟိုးသစ္စာ။

ပင်လယ်နှင့်ရိုးမသည် အကျနု်ပ်ရို့၏အမိနှင့်အဖဖြစ်ပါသည်။ အကျနု်ပ်ရို့၏နှလုံးသား၊ အကျနု်ပ်ရို့၏နဖူး၊ လက်ဖဝါးခြီဖဝါးရို့၌ ရခိုင်တံဆိပ်ခတ်နှိပ်ပြီးသားဖြစ်ပါသည်။ အကျနု်ပ်ရို့သည် ရခိုင်စကားကိုပြောသည်။ အကျနု်ပ်ရို့ရခိုင်စကားဖြင့် အကျနု်ပ်ရို့ ရခိုင်ကဗျာရွီးသည်။ ကျေးဇူးသိလျှင်မငြင်းပါကဲ့။ ကဗျာဟူသည် ဘာသာစကား၏ အညွှန့်အဖူးဖြစ်ပါသည်။ ကဗျာဟူသည် နက်လျှိုင်းသိမ်မွိပြီး စူးယှပြင်းထန်သော အနုပညာ ဖြစ်ပါသည်။ ရခိုင်ကဗျာသည် ရိုးမတောင်ခြီ၌ပွင့်သော ပန်းပေါင်းအရာအထောင်ထဲက တော်ဝင်သဇင်ဖြစ်ပါသည်။

ရခိုင်ကဗျာသည် ကိုယ်ရို့ရခိုင်ဘာသာစကားဝေါဟာရများကို လုံလုံခြုံခြုံ ထိန်းသိမ်းထားသည့် ရတနာတေတ္တာတလုံးဖြစ်ပါသည်။ ကဗျာအလုပ်ဟူသည် သမိုင်းပီးတာဝန် ကိစ္စတရပ်ဖြစ်ပါသည်။ ရခိုင်ကဗျာသည် ရခိုင်ရို့၏ခေတ်ပြိုင်ရင်ခုန်သံကို စွန့်ပစ်ငြင်းဆန်လိမ့်မည်မဟုတ်ပါ။ သစ္စာစကားဖြစ်ပါသည်။ ရခိုင်ကဗျာ၌ သမက်တက်ကြော်ငြာ၊ ဘုရားပွဲကြော်ငြာ၊ ငံ့ဝါဒကြော်ငြာ၊ ထိုချင့်ဒေချင့်ကြော်ငြာများကို မမျှော်လင့်ပါကဲ့။ ရခိုင်ကဗျာသည် အိန်တာနတ်၊ အီးမေးလ်ကို ပျောကြည့်မျှော်ဇပ်ပြီး လျှာရည်ကျရေနီသည့် အကောင်မဟုတ်ပါ။ အကြွမ်းဖက်မှု၊ ဓါတုလက်နက်၊ ဇီဝလက်နက်များကိုမုန်းသည့်လူသားဖြစ်ပါသည်။ လင်သီမဆာမချေက တယောက်တည်းသားကိုချစ်တေပိုင် ငြိမ်းချမ်းရေးကိုချစ်ပါသည်။

ရခိုင်ကဗျာမှာ ဂေါင်းဆောင်မဟိ။ တပည့်မဟိ။ နောက်လိုက်မဟိပါ။ ရွီးသည့်ကဗျာဆရာနှင့် ကဗျာချစ်သောပြည်သူများရာ ဟိပါသည်။ အေနိမျက်မှောက်ခေတ် ရခိုင်ကဗျာပုံသဏ္ဍာန်ကို ချမှတ်၍မရနိုင်ပါ။ ပုံသဏ္ဍာန်သည် ဘဝကဆင်းသက်လာပါသည်။ ခေတ်နှင့် လူ့အဖွဲ့အစည်းသည် မိမိလိုချင်သည်နှင့်ညီအောင် ပုံသဏ္ဍာန်ကို ညှိပီးတတ်ပါသည်။ ပြုပျင်ပီးတတ်ပါသည်။ ပြောင်းလဲပီးတတ်ပါသည်။

လူသားရို့၏တသီးပုဂ္ဂလဖြစ်တည်မှုကိုတန်ဖိုးထားသော ရခိုင်ကဗျာ၌ ပုံသဏ္ဍာန်အမျိုးမျိုး၊ ဟန်အမျိုးမျိုးရို့ကို လက်ခုပ်တီးကြိုဆိုရပါလိမ့်မည်။ ယေဘုယျအားဖြင့် ရခိုင်ကဗျာမှာ သီးခြားပုံသဏ္ဍာန်မဟိပါ။ ဘာသာစကားရာ ဟိပါသည်။ အကောင်းဆုံးသောဘာသာစကားသည်

သဘာဝကလာပါသည်။ ဘဝနှင့်ကင်းလျှင် ဘာသာစကားပျောက်သည်။ ဘာသာစကားမဟိလျှင် ဘဝမဟိနိုင်ပါ။ ရခိုင်ကဗျာဆရာများ၏ပီတိသုခ၊ ကြီကွဲနာကြင်ခြင်းများနှင့် ရခိုင် လူ့အဖွဲ့အစည်း၏ပီတိသုခ၊ ကြီကွဲနာကြင်ခြင်းများသည် ခြီသန်းကသွီးနှင့် ငယ်ထိပ်က သွီးကဲ့သို့ ဖြစ်ပါသည်။ ယင်းဝေဒနာများကို အေနိခေတ်သုံး လူထုသုံး ဘာသာစကားနှင့် ရွီးကတ်ကွီးကတ်ပါမည်။

အေနိခေတ်၌ ကဗျာများသည် အပြောလီသံဖက်သို့ပါးလာလတ်ပါသည်။ အပြောလီသံနှင့် အရွီးလီသံ ထပ်လာလတ်ပါသည်။ အပြောလီသံဆိုသည်မှာ အများပြည်သူသုံး ဘာသာစကားကိုညွှန်းပါသည်။ ရခိုင်ဝေါဟာရကို မသုံး၊ ရခိုင်လီသံ၊ ရခိုင်ကာရံမပါလျှင် ရခိုင်ကဗျာမဟုတ်။ ရခိုင်ကဗျာမဖြစ်။ ရခိုင်ကဗျာလို့ လုံးဝမသတ်မှတ်နိုင်ပါ။ ကဗျာဆရာတယောက်က စကာလုံးရှာခြင်းသည် စိန်ကောင်းကျောက်ကောင်း ရှာသည်နှင့်တူသည်။ ယူရေနီယမ်တူးခြင်းဖြစ်ပါသည်။ ကိုယ်ရို့ဘာသာစကားထဲက ရင်ထဲ၊ သွီးထဲ၊ ဦးနှောက်ထဲ၊ အာရုံထဲသို့စူးဝင်ပြီး ဖြိန်းကနန်းကြက်သီးထလားနိုင်သောစကားလုံးများကို ရွီးစပ်ရခြင်းဖြစ်ပါသည်။ ရှာရခြင်းဖြစ်ပါသည်။ တွေးရခြင်းဖြစ်ပါသည်။ ပဇာလူသားပင်ဖြစ်ဖြစ် စွမ်းအားမြင့်ပြီးတန်ဖိုးဟိသော ဂီတနှင့်ကဗျာကို ကိုယ့်အမိဘာသာစကားနှင့်ရာ ရွီးလို့ရပါသည်။ ရခိုင်သားတယောက် ရခိုင်ကဗျာဆရာဖြစ်လာလျှင် သိသိမသိသိ၊ ဆန္ဒဟိဟိမဟိဟိ၊ သူသည် ရခိုင်စကားတည်တံ့ရေး၊ ဖွံ့ဖြိုးရေးကို တာဝန်ထမ်းဆောင်နီခြင်းဖြစ်ပါသည်။ ရခိုင်သား ကဗျာဆရာ၊ ရခိုင်သမကဗျာဆရာများ ရခိုင်ကဗျာများများ ရွီးစပ်နိုင်ကတ်ပါစီ။ ရခိုင်ဘာသာစကား ဖွံ့ဖြိုးနိုင်ပါစီ။ ရခိုင်ကဗျာ ဖွံ့ဖြိုးပါစီ။

(မောင်ခိုင်အောင်)